

# ရှုကွက် ဝိပဿနာ

## အခြေခံ၊ တရား၊ အနှစ်သာရ နှင့် ရှုပွားနည်း

ဦးကံညွန့်

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော် ဘုရားကြီးဦးဝိမလပုံတော်




# မိုးကုတ် ဝိပဿနာ

## အခြေခံ၊တရား၊အနှစ်သာရ

နှင့်

## ရှုပွားနည်း

ပူဇော်သူ

**ဦးထံညွန့်**

---

ဖြန့်ချိရေး "အင်ကြင်းညွန့်" စာပေ

တိုက် (၂၉၁/၅)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်မြို့၊ ☎ ၅၅၆၄၉၉

ဘာသာရေးဆိုင်ရာ
စာမူခွင့်ပြုချက်အမှတ် – [ ၈ / ၉၇ (၄)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၈ / ၉၇ (၅)]
ပုံနှိပ်ခြင်း – ပထမအကြိမ် ၁၉၉၇ ခု၊ ဧပြီလ
အုပ်ရေ
တန်ဖိုး
မျက်နှာဖုံးရိုက် – ဒေါ်ခသေနး (၀၁၉၇၂)
ဆယ်သန်းပုံနှိပ်တိုက်
၁၆၅/ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ရန်ကုန်မြို့။
ထုတ်ဝေသူ – ဦးရဲမြင့်(၀၁၀၄၉)
တက်လမ်းစာပေ၊
၉၆၇၊ ပဒေသာရပ်၊
စော်ဘွားကြီးကုန်း၊အင်းစိန်။
ပုံနှိပ်သူ – ဦးအောင်မျိုး (၀၅၁၃၁)
ဆုလာဘ်ပြည့်
အော့ဖ်ဆက်ပုံနှိပ်တိုက်
အမှတ် ၇ ၊ ၁၀၆ လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဓမ္မမိတ်ဆွေ

ဤစာအုပ်ပါ **"နိဒါန်း"** ကို သေသေချာချာ

ဖတ်ရှုပါလျှင်

# "မိုးကုတ်ဝိပဿနာ"

၏

တန်ဖိုးမဖြတ်နိုင်ပုံကို ပို၍ သိရှိနိုင်သည့်အပြင်

## "ဝိပဿနာ"

အကြောင်းကိုလည်း ပို၍ရှင်းလင်းစွာ

သိလာပါလိမ့်မည်။

**လယ်တီဆရာတော်ဘုရားကြီး၏**

**ပဋိစ္စသမုပ္ပါဒဒီပနီ**

တွင်

**ပဋိစ္စသမုပ္ပါဒ်ကိုသိသောဉာဏ်သည်**

**ဆေးကြီးမည်၏**

ထိုဆေးကြီး၏ အချက်အရာ အနာဆိုး ရောဂါဆိုးကား

**(ဒိဋ္ဌိတရား)**

ဖြစ်၍

“သူ့အနာနှင့်သူ့ဆေး” နေရာကျအောင်ပေးလျှင်

**ဝိနိပါတံ သံသာရံ**

ရောက်မိရောက်ရာဘေးမှလွတ်စေပြီး၊ရင်တွင်းနှစ်လုံးတွင်းမှ

**သက္ကာယဒိဋ္ဌိ** မီးငြိမ်းစေကြောင်း ဟောကြား

ထားပါသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | [က–(အ–၂)] |


## အပိုင်း (၁)

## (အခြေခံ)

| | | |
| --- | --- | --- |
| ၂။ | ဝိပဿနာဆိုသည်သည်မှာ | ၁ |
| ၃။ | သတိပဋ္ဌာန်ဆိုသည်မှာ | ၂ |
| ၄။ | သတိပဋ္ဌာန်တရားလေးပါး | ၂ |
| ၅။ | သတိပဋ္ဌာန်နှင့်ဝိပဿနာ | ၃ |
| ၆။ | လူဖြစ်ကျိုးနပ်သည့်တရား | ၃ |
| ၇။ | သတိပဋ္ဌာန်တရား၏အကျိုး | ၄ |
| ၈။ | ပရမတ္ထတရားလေးပါး | ၅ |
| ၉။ | ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါး | ၅ |
| ၁၀။ | ခန္ဓာငါးပါးသင်္ခါရတရား | ၆ |
| ၁၁။ | အာယတန (၁၂) ပါး | ၇ |
| ၁၂။ | ဓာတ် (၁၈) ပါး | ၈ |
| ၁၃။ | သစ္စာလေးပါး | ၁၀ |
| ၁၄။ | ပရိညာသုံးပါး | ၁၂ |
| ၁၅။ | ဉာတပရိညာဖြင့် သိရမည့်အသိ | ၁၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၅။ | မနောပေါက်ကဝိပဿနာရှုနည်း တရားတော် | ၂၈၀ |
| ၄၆။ | သမ္မာဒိဋ္ဌိနှစ်မျိုးတရားတော် | ၃၀၀ |
| ၄၇။ | နိဗ္ဗာန်ကို ခန္ဓာဖုံးပုံတရားတော် | ၃၁၁ |

## အပိုင်း (၃)

## (တရားအနှစ်သာရ)

| | | |
|---|---|---|
| ၄၈။ | နိဗ္ဗာန်ချမ်းသာ | ၃၃၂ |
| ၄၉။ | အာသဝကုန်ချင်ရင် | ၃၃၆ |
| ၅၀။ | အချိန်ကောင်းရတုန်း ဝိပဿနာလုပ်ကြ | ၃၃၈ |
| ၅၁။ | သမ္မာဒိဋ္ဌိသုံးမျိုး | ၃၄၁ |
| ၅၂။ | သင်္ခါရတရား | ၃၄၄ |
| ၅၃။ | ဖြစ်ပေါ်လာတာသင်္ခါရ ပျက်သွားတာ အနိစ္စ | ၃၄၉ |
| ၅၄။ | နိဗ္ဗာန်လိုချင်ရင်အလုပ်နှစ်လုပ်ပဲလုပ်ပါ | ၃၅၃ |
| ၅၅။ | နှလုံးသွင်းတည့်ရမယ် | ၃၅၆ |
| ၅၆။ | သစ္စာသိအောင်လုပ်ကြပါ | ၃၅၈ |
| ၅၇။ | ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ ကိုက်ပါ | ၃၆၀ |
| ၅၈။ | သစ္စာလေးချက်ပေါ်လျက်ပေါ်လျက် | ၃၆၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | သစ္စာရယ်၊ သိတာရယ် နှစ်မျိုးကွဲပါစေ၊ | ၃၆၆ |
| ၆၀။ | နိဗ္ဗာန်ရောက်တဲ့အမြင်မျိုးဆိုတာ | ၃၆၇ |
| ၆၁။ | ဉာဏ်နဲ့မြင်တဲ့အမြင်မျိုးဖြစ်ပါစေ | ၃၆၉ |
| ၆၂။ | ဒီဉာဏ်ရရင် ဒီဘဝကိစ္စပြီးနိုင်တယ် | ၃၇၀ |
| ၆၃။ | သောတာပန်အမြန်တည်တဲ့နည်းဟာ (စိတ္တာနုပဿနာသတိပဋ္ဌာန်) | ၃၇၂ |
| ၆၄။ | သက္ကာယဒိဋ္ဌိကွာချင်ရင် | ၃၇၄ |
| ၆၅။ | ဒိဋ္ဌိနဲ့ဝိကိစ္ဆာကို ခွာကြဦး | ၃၈၁ |
| ၆၆။ | ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို အသိနဲ့အရင်ဖြုတ်ပါ | ၃၈၂ |
| ၆၇။ | ကံကို အတ္တလုပ်ပြီး အားမကိုးသင့်ပုံ | ၃၈၅ |
| ၆၈။ | ပင့်ကူပမာတရားရှာ | ၃၈၈ |
| ၆၉။ | အမှန်မြင်အောင်ရှု | ၃၉၆ |
| ၇၀။ | ခန္ဓာမရှိတာသိရမယ် | ၃၉၇ |
| ၇၁။ | ခန္ဓာဖြစ်စဉ်က အသေချင်းဆက်နေတယ် | ၄၀၄ |
| ၇၂။ | ကိုယ့်မသာကိုယ်လိုက်ပို့ကြ | ၄၀၆ |
| ၇၃။ | ဒုက္ခနောက်က မဂ္ဂသစ္စာလိုက်ပါ | ၄၀၈ |
| ၇၄။ | ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ကူးပုံ | ၄၀၉ |
| ၇၅။ | မဂ္ဂင် ငါးပါးနဲ့ရှုရမှာ | ၄၁၁ |
| ၇၆။ | အရှုခံပေါ်ခိုက် ရှုဉာဏ်မပေါ်နိုင် | ၄၁[illegible] |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၇။ | ရှေ့ပိုင်းကသိရုံမျှနောက်ပိုင်းကျမှ ဝိပဿနာ | ၄၁၄ |
| ၇၈။ | ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း သိတာယူ | ၄၁၆ |


## အပိုင်း(၄)

## (ရှုပွားနည်း)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉။ | စိတ္တာနုပဿနာရှုပုံ | ၄၁၈ |
| ၈၀။ | ဝိပဿနာရှုပွားနည်း အလုပ်ပေး တရားတော် | ၄၄၀ |
| ၈၁။ | စိတ္တာနုပဿနာရှုပွားနည်း (အပြင်ဒြေ့သည်ငါးယောက်ဆိုတာ) | ၄၅၃ |
| ၈၂။ | အတွင်းဒြေ့သည်ခြောက်ယောက်ဆိုတာ | ၄၅၄ |
| ၈၃။ | အိမ်သည်စိတ်နှစ်မျိုးဆိုတာ | ၄၅၅ |
| ၈၄။ | နာမ်ရုပ်ကို ခွဲခြားသိတဲ့ နာမရူပ ပရိစ္ဆေဒ | ၄၅၆ |
| ၈၅။ | အကြောင်းနဲ့အကျိုးခွဲခြားစိတ်ဖြာ | ၄၅၈ |
| ၈၆။ | ညတပရိညာနဲ့ဒိဋ္ဌိ ဝိစိကိစ္ဆာခွာပုံ | ၄၅၉ |
| ၈၇။ | စောင့်ပြီးဉာဏ်နဲ့ဖမ်းယူပါ | ၄၆၀ |
| ၈၈။ | စောင့်ပြီး ဖမ်းတာဝိပဿနာ | ၄၆၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၉။ | ဖမ်းတိုင်းအသေလေးတွေချည်းမိ | ၄၆၃ |
| ၉၀။ | အသေကို အရှင်နဲ့ကြည့်တာ ဝိပဿနာ | ၄၆၄ |
| ၉၁။ | ကမ္မဋ္ဌာန်းကျောင်းက ကိုယ့်ခန္ဓာမှာ | ၄၆၅ |
| ၉၂။ | စိတ်ကိုသိရမှာမဟုတ်စိတ်ရဲ့ အပျက်ကိုသိရမှာ | ၄၆၇ |
| ၉၃။ | ဝိပဿနာရှုပုံအစစ်အမှန်က | ၄၆၈ |
| ၉၄။ | သမုဒယ ဝယဓမ္မာနုပဿီဝါ | ၄၇၀ |
| ၉၅။ | ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သည် | ၄၇၂ |
| ၉၆။ | ဒုက္ခနိရောဓကို ရုပ်ရှင်ကြည့်ရ သလိုမှတ်ပါ | ၄၇၃ |
| ၉၇။ | ဆရာကြီး ဦးသံဒိုင်ရှင်းလင်းပြောပြသော စိတ္တာနုပဿနာရှုပွားနည်း | ၄၅၅ |
| ၉၈။ | စိတ္တာနုပဿနာရှုနည်းပွားနည်းပုံစံ | ၄၉၄ |

အပိုင်း(၅)

**(နောက်ဆက်တွဲသိမှတ်စရာများ)**

| | | |
|---|---|---|
| ၉၉။ | ဝေဒနာကျော်တယ်ဆိုတာ | ၄၉၅ |
| ၁၀၀။ | သေရမှာမကြောက်သူ(၄)ဦး | ၄၉၆ |
| ၁၀၁။ | သေခါနီးမှာ မဂ္ဂသစ္စာနဲ့နေပါ | ၄၉၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၂။ | ဗေဒနာကို ကျော်အောင်ကြိုးစား | ၄၉၈ |
| ၁၀၃။ | ဝေဒနာက တစ်ခြားအနိစ္စကတစ်ခြားပဲ | ၅၀၀ |
| ၁၀၄။ | ပုဂ္ဂိုလ်(၄)မျိုး | ၅၀၁ |
| ၁၀၅။ | ဉာဏ်စဉ်များ | ၅၀၂ |
| ၁၀၆။ | ဝိပဿနာဉာဏ် (၁၀)ပါးအတိုချုံးပုံ | ၅၀၃ |
| ၁၀၇။ | သောတာပန်အကြောင်း | ၅၀၃ |
| ၁၀၈။ | သောတာပန်အမျိုးအစား | ၅၀၃ |
| ၁၀၉။ | သောတာပန်လေးပါး | ၅၀၅ |
| ၁၁၀။ | သောတာပတ္တိမဂ်ရကြောင်း<br>အင်္ဂါလေးပါး | ၅၀၆ |
| ၁၁၁။ | ပုထုဇဉ်နှင့်သောတာပန်ကွာခြားပုံ<br>၇ - ချက်ဆိုတာ | ၅၀၈ |
| ၁၁၂။ | တရားလက်ဆောင်မွန် | ၅၁၀ |
| ၁၁၃။ | ကျမ်းကိုးစာရင်း | ၅၁၄ |

# နိဒါန်း

## "နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဗုဒ္ဓဘာသာဝင်တိုင်း၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရလိုကြပါသည်၊ နိဗ္ဗာန်ချမ်းသာကို ရလိုကြပါလျှင် နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်သော "ဝိပဿနာတရား" ကို အားထုတ်ကြမှသာ ရနိုင်ကြမည် ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ရောက်ကြောင်းတရားသည် "ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ" ဖြစ်တဲ့ (သစ္စာ) ဆိုသောအမှန်တရားဖြစ်တယ်၊ဒုက္ခနိရောဓကဒုက္ခချုပ်ရာ(နိဗ္ဗာန်) ဂါမိနိပဋိပဒါက ဒုက္ခချုပ်ရာရောက်ရာ အကျင့်မှန်တရားပဲ၊ တရားကိုယ်ကတော့ "မဂ္ဂင်ရှစ်ပါး" ဖြစ်တယ်။ ဒီ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ အကျင့်တရားဟာ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ အကျင့်တရား၊ အမှန်ကန်ဆုံးတရား ဖြစ်တယ်"

ဒုက္ခချုပ်ရာ "နိဗ္ဗာန်" ဟာ "မဂ္ဂင်" အကျင့်နဲ့ ရမယ်၊ "မဂ္ဂသစ္စာ"အကျင့်ဆိုဒါ "မဂ္ဂ"က နိဗ္ဗာန်သွားရာလမ်းကြောင်း၊ "သစ္စာ"က အမှန် ဖြစ်သောကြောင့် "မဂ္ဂသစ္စာ" (အကျင့်မှန်) ဆိုသည်မှာ နိဗ္ဗာန်သွားရာလမ်း အမှန်ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

"သတိပဋ္ဌာနသုတ်" တွင် မြတ်စွာဘုရား ဟောကြားခဲ့သည့်မှာလည်း "ကောယနေ့ာအယံဘိက္ခဝေမဂ္ဂေါ" ပါဠိတော်မှာ လာသည့်အတိုင်း နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ တစ်ကြောင်းတည်းသောလမ်းသည် "မဂ္ဂင်" အကျင့်တရားဟု ပါရှိသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက "မဂ္ဂင်" အကျင့်ကို ဘာကြောင့်အကျင့်မှန်လို့ဆိုရသလဲဆိုရင် "ပဋိစ္စသမုပ္ပါဒ်" ပြတ်လို့ မှတ်ကြ၊ ကိုယ့်ခန္ဓာမှာ အဆက်ဆက်ဖြစ်နေတဲ့ ဒုက္ခစက်ကြီး၊ ဒုက္ခခန္ဓာကြီး၊ ဒုက္ခသစ္စာကြီး အကြွင်းမဲ့ ပြတ်သွားတဲ့ အကျင့်တရား ဖြစ်လို့ အကျင့်မှန်လို့ဆိုရတာပဲ၊ ဒီဒုက္ခခန္ဓာ အဆက်ဆက်ဖြစ်နေတာ ပြတ်အောင် "ဝိပဿနာ" ရှုမှ ပြတ်မှာ၊ မရှုရင် မပြတ်ဘူးလို့ မှတ်ကြပါ။

နိဗ္ဗာန်သွားရာလမ်းကြောင်း "မဂ္ဂင်"အကျင့်ကို ပွားယူမှ ရမယ်၊ မြတ်စွာဘုရားက "ဘာဝေတဗ္ဗ" တဲ့၊ ရုပ်နာမ်တို့ရဲ့ ဖြစ်တာ ပျက်တာကို ပွားများရမယ်၊ ရုပ်နာမ်ဖြစ်ပျက်ကို ပွားနေရင် (ဝိပဿနာ) ရှုနေရင် ကြာတော့ ရုပ်နာမ်ဖြစ်ပျက်တွေကို မုန်းလာရော၊ မုန်းတာဆုံးသွားတော့ နိဗ္ဗာန်ရတာမှတ်ကြပါ။

ပွားယူမှ ရမယ်ဆိုတာ "ဝိပဿနာရှုရမယ်" ခန္ဓာအစုတွေ ဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ခန္ဓာငါးပါး ထဲက ကြိုက်တာကို ဝိပဿနာရှုကြပါ။

လွယ်ကူအောင် သောတာပန် အမြန်ဆုံး တည်တဲ့ နည်းက

တော့ ဝိညာဏ်(စိတ်) ကို ရှုရင် အားလုံးအကုန်ပါတယ်၊ ဘာကြောင့်လည်းဆိုရင် (ဝိညာဏက္ခန္ဓာ) ပြဋ္ဌာန်းလို့ပဲ မှတ်ကြပါ။

"မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာ မနောမာယာ" လို့ ဓမ္မပဒပါဠိတော်မှာ မြတ်စွာဘုရားဟောကြားတော်မူ လို့ပါပဲ၊ ဘုရားရှင်နဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်တို့က မိမိစိတ်ကို မိမိအကဲခတ်ရခြင်းသည်သူတစ်ပါးစိတ်ကိုအကဲခတ်ရခြင်းထက် အမှန်ဆုံးဖြစ်နိုင်သည်။ မိမိစိတ်ကို မိမိအသိဆုံး ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် ဝိပဿနာရှုရင် "စိတ်ကိုရှုတဲ့ ဝိပဿနာ" (စိတ္တာနုပဿနာ)ကို ရှုရတယ်၊ ဘာကြောင့် ရှုရသလဲ ဆိုရင် (သက္ကာယဒိဋ္ဌိ)သဘောဟာ စိတ်မှာသာရှိတယ်။

ပထမမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်က ဒိဋ္ဌိခွာဖို့လိုတော့ (သက္ကာယဒိဋ္ဌိ)ပါယ်နိုင်ဖို့ရာ၊ (သောတာပန်)ဖြစ်ဖို့ရာ စိတ်ကို ရှုမှ ရမှာပဲဆိုတာ (ပေဋကောပဒေသ ပါဠိတော်၊ သမ္မောအဋ္ဌကထာ ပါဠိတော်မှာ ဒီအတိုင်းလာပါတယ်)။

(စိတ္တာနုပဿနာရှုပွားနည်း) ဆိုတာ မိမိစိတ်ကို မိမိအကဲခတ်ခြင်းပါပဲ၊ အကဲခတ်ခြင်းဆိုသည်မှာလည်း၊ မိမိသန္တာန်မှာ စိတ်အမျိုးမျိုး ဖြစ်ပေါ်လျှက်ရှိတဲ့အတွက် ၊ ဘာစိတ်ပေါ်ပေါ်၊ ပေါ်လာတဲ့ စိတ်ကလေးကို နောက်စိတ်ကလေးနဲ့ရှု၊ မရှိ စောင့်ကြည့်ခြင်းလို့ မှတ်ကြပါ။

စောင့်ကြည့်ခြင်း၊ အကဲခတ်နည်းက (၁) စိတ်ကို (၂) စိတ်နဲ့အကဲခတ်တာပါပဲ၊ ပေါ်လာတဲ့ စိတ်ကလေးကို (သတိ ထား၊ ဝီရိယစိုက်ပြီး၊ ပညာနဲ့ရှုခြင်း) စောင့်ကြည့်နေခြင်းသည် ဝိပဿနာပွားနေခြင်း (ဝါ) မဂ္ဂင်အလုပ်ကို လုပ်နေခြင်းဖြစ် တယ်။

မိမိသန္တာန်မှာ ပေါ်လာတဲ့ စိတ်တစ်ခု၊ ဖြစ်လာတဲ့ ရှေ့ (၁) စိတ်ကို နောက်က (၂) စိတ်နဲ့ အကဲခတ်တာပါပဲ၊ ရှေ့က ဖြစ်သောတဲ့ (၁) စိတ်ကအရှုခံ၊ နောက်အကဲခတ်တဲ့ (၂) စိတ်က ရှုဉာဏ်၊ရှေ့(၁)စိတ်ကို အကဲခတ်တဲ့နောက် (၂) စိတ်ရှုဉာဏ်က (မဂ်) ပဲ။

ဒီလို အကဲခတ်တဲ့စိတ်က (မဂ်) ဖြစ်တော့ အဲဒီစိတ် ဟာ (မဂ္ဂင်) ဖြစ်တာပါပဲ၊ အဲဒီလိုအကဲခတ်ရမယ် ဆိုကာ မြတ်စွာဘုရားရှင်ကလည်းဟောပါတယ်၊ ရှင်သာရိပုတ္တရာ က လည်းဟောပါတယ်၊ ပေါ်လာတဲ့ အရှုခံ (၁) စိတ်ကို နောက်က ရှုဉာဏ် (၂) စိတ်နဲ့ အကဲခတ်နေတဲ့အခါမှာ စိတ်ကလေးတွေ ဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်ဆိုတာ တဖြည်း ဖြည်း တွေ့လာမယ်။

ပထမခပ်ကျဲကျဲ တွေ့ရာကနေ၊ နောက်ခပ်စိပ်စိပ် တွေ့ လာမယ်၊ ဖြစ်လာလိုက်၊ ပျက်သွားလိုက်နဲ့၊ ဖြစ်လိုက်ပျက် လိုက်နေတဲ့ စိတ် (ဖြစ်ပျက်) ကို ရှုဖန်များတော့ ဖြစ်တာက

(သင်္ခါရ)၊ ပျက်တာက (အနိစ္စ)၊ ဖြစ်တာလည်း ပျက်မလို့ ဖြစ်တော့ ဖြစ်တာက ဒုက္ခ၊ ပျက်တာကအနိစ္စ။

ဒုက္ခသည်လည်း အနိစ္စ၊ အနိစ္စသည်လည်း အနတ္တ၊ ဖြစ်ပြီးပျက်သွားသည့် အနိစ္စတရားသည် "သုခ" မဟုတ် "ဒုက္ခ" တရားတွေပဲလို့ ဖြစ်ပျက်ကို စိတ်စိတ်မြင်ပြီးတဲ့နောက် ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင်သိလာတဲ့ အခါကျတော့ ဒုက္ခချုပ်ဆုံးတဲ့ ဒုက္ခနိရောဓ (နိဗ္ဗာန်)ကို မျက်မှောက် ပြုတာမှတ်ကြဟု ဟောကြားခဲ့ပါသည်။

နိဗ္ဗာန်မြင်တယ်ဆိုတာကတော့ အသက်မသေခင် ခန္ဓာရှိစဉ်မှာမြင်တဲ့ "သဉပါဒိသေသ" နိဗ္ဗာန်ပါပဲ၊ ဘုရား ရဟန္တာတို့ အသက်ရှိစဉ်ကမြင်တဲ့ နိဗ္ဗာန်ပါပဲ၊ မဂ်လေးတန် ဖိုလ်လေးတန်မှာ ပထမမဂ်ဖြစ်တဲ့ သောတာပန်တို့ မြင်တဲ့ နိဗ္ဗာန်ပါပဲ။

မိုးကုတ်ဆရာတော်ဘုရားကြီးကသေပြီးမှရတဲ့ "အနုပါဒိသေသ" နိဗ္ဗာန်ကို အသာထားအုံး၊ မသေခင်မှာ လက်ငင်းရတဲ့ သောတာပန်တို့ရတဲ့ "သဉပါဒိသေသ" နိဗ္ဗာန်ကိုရအောင် အမြန်ဆုံး ဝိပဿနာရှုကြ၊ မသေခင် ဒီနိဗ္ဗာန်ကို ရထားမှ သေပြီးမှရတဲ့ နိဗ္ဗာန်ကို စိတ်ချရမှာ ဖြစ်တယ်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ပါအတိုင်းဝိပဿနာရှုရင် "ဒိဋ္ဌိ"ကို အသိနဲ့ခွာပြီးမှ ဝိပဿနာ ရှုကြပါ၊ ဒိဋ္ဌိကိုအသိနဲ့ ခွာနိုင်အောင်အတွက် ပဋိစ္စသမုပ္ပါဒ် တရား(ဝါ) ခန္ဓာပဋိစ္စ

သမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်)ကို နားလည်အောင် လုပ်ကြပါ၊ ဒီအချက်ဟာ အလွန်အရေးကြီးပါတယ်။

သံဃာယနာတင်ကျမ်းမှာ လာတယ်ဆိုတာ မှတ်ကြပါ၊ ဘုရားက သေသေချာချာ ဟောပါတယ်၊ ဒိဋ္ဌိကိုအသိနဲ့ ခွာနိုင်အောင် ပထမ ခန္ဓာပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) သိမှုအပိုင်းကို အရင်လုပ်ပါ၊ ပထမသိမှုက (ဉာတပရိညာ) ခေါ်တယ်၊ ဒုတိယ ဝိပဿနာပွားမှု (တီရဏပရိညာ)ကို လုပ်ရမယ်၊ ပွားတော့မှ တတိယပါယ်မှု (မဟာနပရိညာ) ဖြစ်နိုင်တယ်၊ သိမှပွား ပွားမှ ပါယ်နိုင်တယ်။

ဒါကြောင့် ဝိပဿနာ အလုပ်စဉ်မှာ (ဉာတ၊ တီရဏ ပဟာန) သုံးဝပရိညာဆိုပြီး မြတ်စွာဘုရားဟောထားခဲ့တာကို လေးလေးစားစား မှတ်ကြပါ၊ ဘုရားဟောခဲ့တဲ့ တရားစဉ်ကို ကျော်လုပ်လို့ မဖြစ်ဘူးဆိုတာ မှတ်ကြပါ။

ပထမ သိမှုမရှိရင် ကျင့်မှုလွဲမယ်၊ ကျင့်မှုလွဲရင်ပါယ်မှုဆိုတာ မဖြစ်နိုင်တော့ဘူး၊ ပါယ်ရမည့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို မပါယ်နိုင်ရင် ဘယ်တော့မှ သောတာပန်မတည်နိုင်ဘူး၊ သောတာပတ္တိမဂ်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါယ်တဲ့ မဂ်ဖြစ်တာကိုလည်း မသိလို့မဖြစ်ဘူး၊ မှတ်ထားရမယ်ဟု ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားစဉ်ကို ကျော်မလုပ်မိကြစေရန်၊ ဒိဋ္ဌိကို အသိနှင့်ခွာပြီးမှ ဝိပဿနာရှုကြ

ရန်၊ ဒိဋ္ဌိကို အသိနှင့်ခွာနိုင်အောင်အတွက် ပဋိစ္စသမုပ္ပါဒ်တရား ကို အရင်သိအောင်၊ နားလည်အောင်လုပ်ရန်၊ သိမှုမရှိရင် ကျင့်မှု လွဲမည်ဟု အတန်တန်မှာကြားခဲ့သော မိုးကုတ်ဆရာတော် ဘုရားကြီး၏ဟောကြားချက်ကို နားမလည်ကြသူများ၊ ဉာဏ်မမှီ ကြသေးသူများအတွက် အနည်းငယ် ရှင်းပြလိုပါသည်။

"ဒိဋ္ဌိ" ဆိုသည်မှာ "အယူ" ၊"အမြင်" ကို ခေါ်ပါသည်၊ ဘုရားလက်ထက်က (မိစ္ဆာ) ယုတ်ညံ့သော အယူ၊ အမြင်ရှိကြ သည့်သူများအား (မိစ္ဆာဒိဋ္ဌိ) ကြီးတွေဟု ခေါ်ဝေါ်ကြပါသည်။

ထိုမိစ္ဆာဒိဋ္ဌိကြီးများအား ဘုရားက ကောင်းတာ လုပ်ရင် ကောင်းကျိုးရမည်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရသည့် ကံကံ၏ တရားကို ယုံကြည်စေသော (ကမ္မသကတာ သမ္မာ ဒိဋ္ဌိ) တရားကို ဟောတော့မှ ဒိဋ္ဌိကြီးများသည် ဘုရားရဲ့တရား ကို နာကြားရလို့၊ သိရလို့၊ ဒိဋ္ဌိကြီးတို့ရဲ့မိစ္ဆာဒိဋ္ဌိ (မိစ္ဆာအမြင်) များကို စွန့်လွှတ်လိုက်ကြပြီး မြတ်စွာဘုရား၏ တရားကို ယုံ ကြည်ကြသော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါသည်။

(မိစ္ဆာဒိဋ္ဌိ) ယုတ်ညံ့သော အယူအမြင်များကို စွန့် လွှတ်နိုင်ကြခြင်း၊မိစ္ဆာဒိဋ္ဌိအမြင်မျိုးနှင့် မမြင်တတ်ကြတော့ခြင်း၊ မိစ္ဆာအမြင် မရှိတော့ခြင်းသည် မိစ္ဆာဒိဋ္ဌိကို ခွာနိုင်ကြခြင်း ဖြစ် ပါသည် (ဝါ) ဒိဋ္ဌိကို အသိနှင့် ခွာသည်ဟု ဆိုလိုပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်းသည် (ကမ္မသကတာသမ္မာဒိဋ္ဌိ) အ

မြင်ရှိကြပါသည်။ ကမ္မသကတာ = ကံ ကံ၏ တရားကို ယုံကြည်သော၊ သမ္မာ = မှန်သော၊ ဒိဋ္ဌိ=အမြင်၊ ကံ ကံ၏ တရားအမှန်ကို သိမြင်ကြသော ကလျာဏ ပုထုဇဉ်များသည် ဘုရားသွား၊ ကျောင်းတက်၊ ဒါနပြု၊ သီလ ဆောက်တည်ကြသည့်ကောင်းမှု ကုသိုလ်ဖြင့် လူချမ်းသာ နတ်ချမ်းသာကို ရရှိခံစားနိုင်ကြပါသည်။

လူချမ်းသာ၊ နတ်ချမ်းသာမှာ ချမ်းသာအစစ်၊ ချမ်းသာအမှန် မဟုတ်ကြောင်း သိကြသူများသည် နိဗ္ဗာန်ချမ်းသာဖြင့် သံသရာမှ လွတ်မြောက်နိုင်သည့် သောတာပန် အရိယာ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာထိဖြစ်နိုင်အောင် ဝိပဿနာတရားကို အားထုတ် ကြရပါသည်။

“ဝိပဿနာတရား” အားထုတ်ကြမည့် ပုထုဇဉ်များသည် လောကအမြင် (ဝါ) လောကီအမြင်များသာ ရှိကြပါသည်၊ လောက အမြင်ထက်လွန်သော၊ လောကသားတို့နှင့် မဆက်ဆံသော လောကုတ္တရာအမြင် (ဝါ) (အရိယာသစ္စာအမြင်) (ဝါ) အမြင်မှန်ကို မသိကြသေးပါ။

ပုထုဇဉ်များ၏လောကီ အမြင်တွင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသော (ပညတ်)အမြင်နှင့် (သက္ကာယဒိဋ္ဌိ)များ ရှိနေကြသည့်(အဝိဇ္ဇာ) အမြင်များသာရှိကြပါသည်၊ ပုထုဇဉ်အမြင်က ငါကုသိုလ်လုပ်ရင် ငါ နတ်ပြည် ရောက်မယ်၊

ငါဘာလုပ်ရင် ငါဘာဖြစ်မယ် စသည့်ဖြင့် ငါတွေ၊ ဘုံဘဝတွေ ပါနေသည့် သက္ကာယဒိဋ္ဌိနှင့် (ပညတ်) အမြင်သာ ရှိကြပါသည်၊ ငါ့ဘဝက ခိုင်တယ်၊ မြဲတယ်လို့ ဘုံဘဝနှင့် ယူထားကြသည် (သဿတဒိဋ္ဌိ) ရှိကြသူများနှင့် ငါ့ဘဝက သေပြီးရင် ပြတ်တယ်၊ ဘာမှမဖြစ်တော့ဘူးဟုယူဆထားကြသည့်(ဥစ္ဆေဒဒိဋ္ဌိ) အမြင်ရှိကြသူများဖြစ်ကြပါသည်။ (ပညတ်) အမြင်ဖြင့် အယူမှား၊ အသိမှား အမှတ်မှားနေကြသည့် အမြင် (ဒိဋ္ဌိ)များသည့် ပုထုဇဉ်များတွင် ရှိနေကြပါသည်။

အရိယာများ၏ အမြင်သည် မြတ်စွာဘုရား ဟောကြားထားသည့် သစ္စာလေးပါးတရားအမြင်၊ ပဋိစ္စသမုပ္ပါဒ် အမြင်ဖြစ်သည့် အရိယာသစ္စာတရားအမြင်၊ အမှန်မြင်သော (စိတ်၊ စေတသိက် ရုပ်၊ နိဗ္ဗာန်) ပရမတ္ထသစ္စာ အမြင်သာရှိကြပေရာ (စိတ်+ စေတသိက်၊ ရုပ်) ဖြစ်သော (ရုပ်နာမ်) အမြင်(ဝါ) ခန္ဓာငါးပါး အမြင် ရုပ်နာမ် (ဒုက္ခသစ္စာ) နှင့် ရုပ်နာမ်ဖြစ်ကြောင်း (သမုဒယသစ္စာ) ရုပ်နာမ်ချုပ်ကြောင်း (နိရောဓသစ္စာ) နိဗ္ဗာန်နှင့် ရုပ်နာမ်ချုပ်ကြောင်း အကျင့်(ဝါ) အလုပ်ဖြစ်သော (မဂ္ဂသစ္စာ) ဖြစ်သည့် သစ္စာလေးပါး အမြင်ဖြင့် (မဂ္ဂသမ္မာဒိဋ္ဌိ) ကို ရပြီး သံသရာမှ လွတ်မြောက်နိုင်ကြသော အမြင်ရှိကြသူများ ဖြစ်၍ပုထုဇဉ်အမြင်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး များစွာခြားနားနေပါသည်။

ဗုဒ္ဓဘာသာဝင် ပုထုဇဉ်များက မိစ္ဆာ ဒိဋ္ဌိရှိကြသူများကို

(မိစ္ဆာဒိဋ္ဌိကြီး)တွေဟု ခေါ်စမှတ်ပြုကြသလို အရိယာနွယ်ဝင်သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများက ပုထုဇဉ်များအား (သက္ကာယဒိဋ္ဌိကြီး)တွေ (အဝိဇ္ဇာကြီး)တွေဟု မခေါ်ကြပေမယ့်၊ ခေါ်လိုစိတ်မရှိကြပေမဲ့၊ ခေါ်မည်ဆိုလျှင် ခေါ်လို့ရနိုင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ပုထုဇဉ်တို့၏ ဘဝမှာ ဂဘား "ပုထုဇ္ဇနော ဥမ္မတကော" ပုထုဇဉ်များဟာ အရူးချည်းပဲလို့ မြတ်စွာဘုရားဟောကြားခဲ့သောကြောင့် အရိယာများက ပုထုဇဉ်များအား (သက္ကာယဒိဋ္ဌိကြီး) တွေ (အဝိဇ္ဇာကြီး) တွေဟု ခေါ်မည်ဆိုလျှင် ခေါ်နိုင်ခြင်း ဖြစ်ပေသည်။

နိဗ္ဗာန် ရောက်အောင် "ဝိပဿနာ" အားထုတ်ကြမည့် ပုထုဇဉ်(သက္ကာယဒိဋ္ဌိကြီး) များသည် အယူမှား အမြင်မှားဒိဋ္ဌိများကို စွန့်လွှတ်နိုင်ကြရန် (ဝါ) ဒိဋ္ဌိကို အသိနှင့် ခွာနိုင်ရန် အတွက် အရိယာဖြစ်ကြောင်း အသိ (ဝါ) အရိယာတို့၏ အမှန်မြင် (သမ္မာဒိဋ္ဌိ) သစ္စာတရားအသိ ( Knowledge ) ရှိထားဖို့လိုအပ်ပါသည်၊အရိယာတို့၏ အမှန်မြင်(သမ္မာဒိဋ္ဌိ) အသိတရားကို ရထားစေဖို့နှင့် ပုထုဇဉ်တို့တွင် ရှိနေသော နိဗ္ဗာန် မမြင်နိုင်သည့် အမှားအမြင်(သက္ကာယဒိဋ္ဌိ)ကိုစွန့်လွှတ်နိုင်ဖို့အတွက်(ဝါ) ဒိဋ္ဌိကိုအသိနှင့် ခွာနိုင်ဖို့အတွက်၊အရိယာ သစ္စာတရားကို ဖော်ပြသည့်(ဝါ)သစ္စာလေးပါး အသိဉာဏ်ပေးသည့် "ပဋိစ္စသမုပ္ပါဒ်တရား"ကို အရင်သိအောင်လုပ်ကြပါ၊နားလည်အောင် လုပ်ကြပါဟု မိုးကုတ်ဆရာတော် ဘုရားကြီးက အတန်တန် ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

ဒိဋ္ဌိကို အသိနှင့် ခွာနိုင်အောင် အတွက် ပဋိစ္စသမုပ္ပါဒ် တရား (ဝါ) ခန္ဓာပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) ကို နားလည်အောင် (သိမှု) အပိုင်းကို အရင်လုပ်ကြပါ၊ ပထမသိမှု၊ ဒုတိယဝိပဿနာပွားမှု၊သိမှုပွားတတ်မယ်၊ ပွားတတ်မှ ပါယ်တတ်မယ် ဟု ဟောကြားရခြင်း မှာ ပဋိစ္စသမုပ္ပါဒ်တရားသည် အနုလောမအားဖြင့် ခန္ဓာဖြစ်ကြောင်း (ဝါ) ခန္ဓာဖြစ်စဉ် (သမုဒယသစ္စာ) နှင့် ဒုက္ခခန္ဓသ (ဒုက္ခသစ္စာ) ကိုသိနိုင်၍၊ ပဋိလောမအားဖြင့် ခန္ဓာချုပ်ကြောင်း (နိရောဓသစ္စာ) နှင့်ခန္ဓာချုပ်ကြောင်း အကျင့် (မဂ္ဂသစ္စာ)ကို သိရှိနိုင်၍ ဖြစ်ပါသည်။ (တစ်နည်းဆိုသော်) ပဋိစ္စသမုပ္ပါဒ်သည် (သစ္စာ)ကို ပြသည့် တရားဖြစ်သည့်အတွက် (သစ္စာ)မသိပဲ (ဝါ) ခန္ဓာဖြစ်စဉ်မှ မသိပဲ ဝိပဿနာအားထုတ်ကြပါလျှင် (ပရမတ္ထသစ္စာ) အမြင် (သမ္မာ ဒိဋ္ဌိ) အမှန် (ဒုက္ခသစ္စာ) အစစ်အမှန်ကို မတွေ့နိုင်သောကြောင့်ဖြစ်ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သည်မှာလည်း "ဒွေဟေတူ ဒွေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ"သာဝက ပါရမီဉာဏ် ရဖို့ အကြောင်းအချက် နှစ်ချက်ပဲ ရှိပါတယ်။ (၁) "ပရတောစဃောသော သစ္စာနုသန္ဓိ"၊ (သစ္စာ တရားနာကြားရမယ် (ဝါ)သစ္စာဆိုသော အမှန်တရားကို သိမြင်ရမယ်)၊ (၂) "အဇ္ဈတ္တဉ္စ ယောနိသော မနသိကာရော"၊ (အဇ္ဈတ္တ ခန္ဓာမှာ နှလုံးသွင်းမှန်ရမယ်) သံသရာမရှည်ချင်သူများ ဒီအကြောင်း နှစ်ချက်ပဲ ကြိုးစားရင် နိဗ္ဗာန်ရပါတယ်၊ (ပေဋကော ပဒေသ ပါဠိတော်) မှာ မြတ်စွာဘုရားဟောကြားထားခဲ့သည်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက ထပ်မံ ဟောကြားခဲ့ရပါသည်။

ပေးမှု၊ (သစ္စာတရား)နာကြားရမှု၊ ပဉ္စဝဂ္ဂီငါးဦးတို့ (သစ္စာသိ) မှု၊သောတာပန်တည်ကြရသည့် (ဓမ္မစကြာတရား) သက်သေ သာဓက ရှိထားရာ၊ယခုခေတ်တတိယတန်းစား (နေယျ)ပုဂ္ဂိုလ် များနှင့်စတုတ္ထတန်းစား(ပဒပရမ)ပုထုဇဉ် ပုဂ္ဂိုလ်များအတွက် မည်မျှအထိ (သစ္စာတရား)သိဖို့ လိုအပ်ကြောင်း၊သိရုံ နှင့်မပြီး ခန္ဓာဉာဏ်ရောက်ထိုးထွင်းသိဖို့မည်မျှထိလိုအပ်ကြောင်း(သစ္စာ) မသိပဲ တည်ကြည်မှုသက်သက် (သမာဓိ)ကောင်းယုံဖြင့် (သမ္မာ ဒိဋ္ဌိ)မဖြစ်နိုင်ကြောင်း၊ခန္ဓာဖြစ်ကြောင်းသိထားမှ ခန္ဓာရဲ့ အမှန် မြင် (သမ္မာဒိဋ္ဌိ) ဖြစ်နိုင်ကြောင်း ဝိပဿနာတရား အားထုတ်သူ တို့ သဘောပေါက်ဘို့လိုပါသည်။

ပဋိစ္စသမုပ္ပါဒ်တရားသည် ခန္ဓာဖြစ်ကြောင်း၊ ခန္ဓာဖြစ်စဉ် အကြောင်းအကျိုးဖြစ်ပုံပြသော (ဝါ) သစ္စာလေးပါးကို အကျယ် ပြသော တရားဖြစ်၍ ယခုခေတ် တတိယတန်းစား (နေယျ) ပုဂ္ဂိုလ်များအတွက် အလွန်အားထားရသော တရားဖြစ်နေ၍ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ် တရားကို အဓိကထားပြီး ဟောကြားပေးရခြင်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်တရားမှာ အတိတ်အကြောင်း သမုဒယ သစ္စာကို (အဝိဇ္ဇာ၊ သင်္ခါရ) အင်္ဂါ ၂ ပါးဖြင့် ဟောပြပါသည်၊ ပစ္စုပ္ပန်အကျိုးဒုက္ခသစ္စာကို (ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ) အင်္ဂါ ၅ ပါးဖြင့် ဟောပြပါသည်။ တဖန်ပစ္စုပ္ပန် အကြောင်း သမုဒယသစ္စာကို (တဏှာ၊ ဥပါဒါန်၊ ဘဝ) အင်္ဂါ ၃ ပါးနှင့် ဟောပြပါသည်။ အနာဂတ် အကျိုး ဒုက္ခသစ္စာ ကို

(ဇာတိ၊ ဇရာ မရဏ) အင်္ဂါ ၂ ပါးဖြင့် ဟောပြပါသဖြင့် ပဋိစ္စ သမုပ္ပါဒ်တရားသည် အကြောင်းအကျိုးအင်္ဂါ(၁၂)ပါးအထိဟော ပြထားပါသောကြောင့် သစ္စာလေးပါးတရားကို အကျယ် ပြနိုင် သော တရားဖြစ်နေပါသည်၊ ပဋိစ္စသမုပ္ပါဒ်တရားကို သိပါလျှင် ခန္ဓာဖြစ်ကြောင်း (သမုဒယသစ္စာ)၊ ဒုက္ခခန္ဓသ (ဒုက္ခသစ္စာ)၊ ဒုက္ခချုပ်ကြောင်း (နိရောဓသစ္စာ)နှင့် ဒုက္ခချုပ်ကြောင့် အကျင့် (မဂ္ဂသစ္စာ)ကို သိနိုင်ပါသည်။

ပဋိစ္စသမုပ္ပါဒ်တရား (ဝါ)ခန္ဓာ ဖြစ်စဉ်ကို သိနားလည်မှ ပရမတ္ထသစ္စာတရားအသိ အမြင်မှန် (သမ္မာဒိဋ္ဌိ) ဉာဏ်ကိုရပြီး ပုထုဇဉ်တို့၏ အသိမှား အမြင်မှားများ ဖြစ်နေသည့် (ဒိဋ္ဌိ) များကိုအသိဖြင့်ခွာစေနိုင်ပါသည်။

"(ယောပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သောဓမ္မံပဿတိ)"ဟု (မူလပဏ္ဏာသပါဠိတော်ကြီး)တွင် မြတ်စွာဘုရားဟောကြားထား သည့် အဓိပ္ပါယ်မှာ ပဋိစ္စသမုပ္ပါဒ်ကိုသိတဲ့သူသည် တရားသိတဲ့ သူပါပဲတဲ့၊ ဒီလို ပရမတ္ထတရား သိတဲ့သူဖြစ်ပြီးမှ ဝိပဿနာ တရားအားထုတ်ပါလျှင် ပုထုဇဉ်များ၏ အမြင်မှား (ဒိဋ္ဌိ) ကွာ ပြီး အမြင်မှန် (သမ္မာဒိဋ္ဌိ) ကိုရစေပါသည်။ အမြင်မှန် (သမ္မာ ဒိဋ္ဌိမဂ္ဂင်) ပညာမဂ္ဂင်ကို ရပြီးမှ ဝိပဿနာတရား အားထုတ် ပါလျှင် (ဝိပဿနာသမ္မာဒိဋ္ဌိ)ရ၍ ထိုမှတစ်ဆင့်(မဂ္ဂသမ္မာဒိဋ္ဌိ) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားကို ရနိုင်ရောက်နိုင်ကြ မည်ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးက ဟောကြားရခြင်းဖြစ် ပါသည်။

သစ္စာလေးပါးတရားအသိ(ဝါ) (အဝိဇ္ဇာ)မှ (ဝိဇ္ဇာဉာဏ်) အလင်းရစေသည့်အသိ (ဝါ)ပဋိစ္စသမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်) တရားအသိ (Knowledge) မရှိသော ပုထုဇဉ်သည် ပရမတ္ထသစ္စာ တရားအသိ (ဝါ) အရိယာသစ္စာတရားအသိကို ဘယ်နည်းနှင့်မှ မသိနိုင်ပါ၊ ပရမတ္ထသစ္စာတရား အသိအမြင်မရှိသည့် ပုထုဇဉ်သည်ဝိပဿနာတရားအားထုတ်ပါလျှင်ငှင်းမြင်နေကြ (ပညတ်) အမြင်မှလွှဲ၍ ဘယ်လိုမှ (သစ္စာ)အမြင် (ပရမတ္ထ အမြင်) ကို မမြင်တတ်လို့ ပရမတ္ထ(နိဗ္ဗာန်)ကို မြင်ရန် အကြောင်းမရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် (သစ္စာ) မသိပဲ ဖြစ်လာသည့်ဘုရား၊ ရဟန္တာ၊ သောတာပန်ရယ်လို့ မရှိကောင်း ၍ ဖြစ်ပါသည်။

သစ္စာလေးပါးကို(ခန္ဓာဖြစ်စဉ်)ပဋိစ္စသမုပ္ပါဒ်ဖြင့် ပရမတ္ထ သစ္စာတရားအမြင် (သမ္မာဒိဋ္ဌိ) မရှိပဲ ဝိပဿနာ တရား အားထုတ် သူတို့၏အမြင်သည် ပုထုဇဉ်တို့၏သဘာဝ၊ အရိုးစွဲ အောင်မြင်ခဲ့ကြသည့် (သက္ကာယဒိဋ္ဌိ) အမြင် (ပညတ်) အမြင်သာ ဖြစ်နေ၍ (ပညတ်) အခံရှိသူက (ပညတ်)အမြင်နှင့် (ပညတ်) အပေါ်မှာ သမာဓိ ထူထောင်ပြီး ဝိပဿနာအားထုတ်ရုံ ဖြင့် ပရမတ္ထသစ္စာအမြင် (ဝိပဿနာ သမ္မာဒိဋ္ဌိ) နှင့် (မဂ္ဂသမ္မာ ဒိဋ္ဌိ) တို့ကိုမရ နိုင်ပါ၊ အကြောင်းမှာ “ဝ” မရှိပဲ “ဝိ” မဖြစ်နိုင် သောကြောင့် ဖြစ်ပါသည်၊ ဝိပဿနာဉာဏ် (ဝိပဿနာ သမ္မာ ဒိဋ္ဌိ) ကိုပင် မရ နိုင်၍၊ နိဗ္ဗာန်အမြင် (မဂ္ဂသမ္မာဒိဋ္ဌိ)ကို ဘယ်လို မှ မရနိုင်ကြောင်း (COMMON SENCE) နှင့်ပင် သိနိုင်ကြပါ

သည်။ (INTELLECT) စဉ်းစားဉာဏ်၊ ကိုယ်ပိုင်ဉာဏ်ရှိ သူတို့ ပိုပြီး သိနိုင်ကြပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး (အင်္ဂုတ္တုရ်ပါဠိတော်လာ ခေါဝကသုတ်)၌ ဟောကြားထားသည်မှာ (ပညတ်) အမြင် (သက္ကာယဒိဋ္ဌိ) ရှိလျှက်နှင့် ဝိပဿနာရှုလျှင် (သမ္မာဒိဋ္ဌိ) မဖြစ်ကြောင်း။ (သမ္မာဒိဋ္ဌိမဂ္ဂင်)သည် ထွက်ပြေး နေသည်ဟု အထင်အရှား ဟောကြားထားပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ပဋိစ္စသမုပ္ပါဒ်တရားသိလို့ ခန္ဓာဖြစ်စဉ်ပေါ်တာကိုသိတဲ့ သိမှုဟာ ဒိဋ္ဌိကို အသိနဲ့ ခွာမှုဖြစ်စေတော့၊ ခန္ဓာဖြစ်စဉ်မသိရင် (ဒိဋ္ဌိ)ကို အသိနဲ့ မခွာနိုင်ပါဘူး။

ဝိပဿနာရှုတဲ့ နေရာမှာလည်း (ဒိဋ္ဌိ)ကို အပွားနဲ့ ပြုတ်အောင်လုပ်ရတဲ့ အလုပ်ဖြစ်လေတော့ ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) ပေါ်မှန်း မသိပြန်ရင်လည်း အပွားနဲ့ မပြုတ်ပြန်ဘူး။

သက္ကာယဒိဋ္ဌိကို အသိနဲ့ပြုတ်ပြီးမှ ဒီအသိပေါ်မှာတည်မှီတဲ့ အပွားဉာဏ် (ဝိပဿနာ)နဲ့ပြုတ်တယ်၊ မဂ်ဉာဏ်ရတော့မှ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပါယ်တဲ့ အပါယ်ဉာဏ်နဲ့ ပြုတ်သွားတဲ့ (သောတာပန်) တည်တယ်ဟု ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားသိလို့ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ (နာမ်ရုပ်)၊(အဝိဇ္ဇာ၊ သင်္ခါရ)

ကြောင့် ဒုက္ခရလာတဲ့ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးသည် အကြောင်းအကျိုးပြုပြီး ခန္ဓာဖြစ်စဉ်တွေ ဖြစ်လိုက်ပျက်လိုက် ရှိနေသည့် ခန္ဓာဖြစ်စဉ်တွေနှင့် သံသရာလည်နေကြသည့် အဖြစ်သနစ်ကို သိသွားကြသည့်အခါမှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ယူဆနေကြသည့် အမြင် (ဒိဋ္ဌိ) တွေ ဆိတ်သုဉ်း ပေပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ် တရားဖြင့် ရုပ်နာမ်တို့၏ အကြောင်းအကျိုးသိရလို့လည်း ကိစ္စာ)ကို ကွာစေတဲ့တရားလို့မှတ်ပါ။ (သစ္စာ)သိစေတဲ့ တရားလို့လည်း မှတ်ပါဟု ဟောကြားခဲ့ပါသည်။

ထို့ကြောင့် (ပညတ်) အမြင် (သက္ကာယဒိဋ္ဌိ) ပျောက်ရန် ဒိဋ္ဌိခွာရန် ပဋိစ္စသမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်)ကို သိရပါမည်၊ (အဝိဇ္ဇာ) ပျောက်ရန်မှာလည်း ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်)ကို သိနားလည်ရပါမည်။

အဋ္ဌကထာကြီးများကလည်း " (သစ္စာနုလောမိက ဉာဏန္တိ ဝိပဿနာဉာဏံ)"ဟု ဖွင့်ပြထားရာ၊ အဓိပ္ပာယ်မှာ ဝိပဿနာဉာဏ်ဆိုသည်မှာ တစ်ခြားမဟုတ် "(သစ္စာ)"သိသောဉာဏ်ပါပဲဟု ပြဆိုထားသည့်အတွက် ဝိပဿနာဉာဏ်ရဘို့ "သစ္စာ" သိစေသော ပဋိစ္စသမုပ္ပါဒ်တရားသိထားဘို့ လိုရင်း ဖြစ်သည်မှာ ခိုင်လုံလောက်ပါပြီ။

မြတ်စွာဘုရားသည်ပင်လျှင် ဗောဓိပင်ရင်းမှာ ပဋိစ္စ သမုပ္ပါဒ်တရားကို သိမြင်လာပြီး ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းနိုင် တော့မှ (အဝိဇ္ဇာ နိရောဓါ အသာဝနိရောဓေါ) ဖြစ်သည့် အတိုင်း အသဝေါတရားကင်းကွာသည့် အာသဝက္ခယဉာဏ် (အရဟတ္တ မဂ်ဉာဏ်)ကို ရပြီးတစ်ဆက်တည်းမှာပင် ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ရပါသည်။

မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ၊ အရဟတ္တမဂ်ဉာဏ် မရမီ၊ သောတာပန်မှတဆင့် ဉာဏ်တော်တက်လာရာ (ပဋိစ္စ သမုပ္ပါဒ်) သည် မြတ်စွာဘုရား၏ ဝိပဿနာဟုပင် အထကထာ ကြီးများက ဆိုကြပါသည်။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ဖြင့် ဒိဋ္ဌိကို ခွာနိုင် သည့် သောတာပန်မှစ၍ အရဟတ္တမဂ်မှ တဆင့်ဘုရားအဖြစ် သို့ရောက်တော်မူရာ ဘုရားဖြစ်စေသည့်တရား၊သောတာပန်ဖြစ် စေသည့်တရားသည် ပဋိစ္စသမုပ္ပါဒ်တရားဖြစ်၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည့်နေ့မှာလည်း မြတ်စွာဘုရား၏ ပထမဦးဆုံး သောစကား၊ နုတ်တော်မှ ဥဒါန်းကျူးသည့် စကားပင်လျှင် ပဋိစ္စ သမုပ္ပါဒ် တရားဖြစ်နေကြောင်းသိသာနိုင်ကြပါသည်။

ထို့နောက်မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး ပထမ(၇) ရက်၌ နိဗ္ဗာန် ချမ်းသာဖြင့်နေတော်မူပြီး ဒုတိယ(၇)ရက်၌ ပဋိစ္စ သမုပ္ပါဒ်ကို အနုလုံ၊ ပဋိလုံ၊ အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပုံကို

လည်း ပထမပေါဓိဝင်၊ ဒုတိယပေါဓိဝင်၊ တတိယပေါဓိဝင်တို့၌ တွေ့မြင်နိုင်ကြပါသည်။

မြတ်စွာဘုရားသည် ပုထုဇဉ်တို့၏ ဒိဋ္ဌိကို ခွာနိုင်ရေးအတွက်ပဋိစ္စသမုပ္ပါဒ်တရားကို ပုဂ္ဂိုလ်အလိုက်၊ နေရာအလိုက် ဟောကြားခဲ့ပုံများကို အဘိဓမ္မာ၊ သုတ္တန်၊ နိကာယ်ငါးရပ်နှင့် ဝိနည်းများ၌ပင် တွေ့ရှိ နိုင်ကြပါသည်။

မြတ်စွာဘုရားသည်ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားခဲ့သည့် ဓမ္မစကြာတရားတော်တွင်လည်း ဒုက္ခဖြစ်ကြောင်း၊ သမုဒယ(တဏှာ)ကို ဟောကြားရာတွင် ခန္ဓာငါးပါးကို အတ္တငါလို့ယူသော (သက္ကာယဒိဋ္ဌိ) ကြောင့် တဏှာဖြစ်ရပုံကို ဟောကြားရာ၌

"သေယျထိဒံ ကာမတဏှာ

ဘဝတဏှာ၊ ဝိဘဝတဏှာ"

၎င်း တဏှာသည် အဘယ်နည်း...

- ကာမအာရုံတို့၌ ခုံမင် တပ်မက်၍ အတ္တအရင်းခံသော (ကာမတဏှာ)၊
- (အတ္တ) နှင့် မြဲသည်ဟု အယူရှိ၍ "သဿတဒိဋ္ဌိ" နှင့် ယှဉ်သော (ဘဝတဏှာ)၊
- မမြဲဟု အယူရှိ၍ " ဥစ္ဆေဒဒိဋ္ဌိ"နှင့်ယှဉ်သော (ဝိဘဝတဏှာ) ဟူ၍ ဒိဋ္ဌိခွာနိုင်ရေးအတွက် ကိုပင်ထည့်သွင်း ဟောကြားခဲ့ပုံများ ကိုသိရှိနိုင်ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက်ရှင်ဆန္နကို ဒိဋ္ဌိကွာစေရန်အတွက် ရှင်အာနန္ဒာက ဟောကြားရသော ဒိဋ္ဌိခွာတရားသည်လည်း ပဋိစ္စသမုပ္ပါဒ် တရားပင်ဖြစ်ကြောင်း (သံယုတ်ပါဠိတော်လာ ကစ္စာယနဂေါတ္တသုတ်) ၌ အတိအလင်း ပြဆိုထားပါသည်။

ဝိပဿနာတရား အားထုတ်ဘို့အတွက် "(သစ္စာ)" သိသော "သစ္စာနုလောမိကဉာဏ်" (ဝါ) "သစ္စာနုလောမိက သမ္မာဒိဋ္ဌိ" ဖြစ်သော ဝိပဿနာရှုရမည့် ပညာပိုင်းဆိုင်ရာ မဂ္ဂင် (ဝါ) ပညာမဂ္ဂင်ဖြစ်သော (သမ္မာဒိဋ္ဌိမဂ္ဂင်) ကို ရဘို့လိုပါသည်။ ထို (သမ္မာဒိဋ္ဌိမဂ္ဂင်) အမြင်မှန်ရဘို့လည်း ပဋိစ္စသမုပ္ပါဒ်တရားသိမှ ရနိုင်ပါသည်။

ထို(သမ္မာဒိဋ္ဌိမဂ္ဂင်)သည်(ပရမတ္ထသစ္စာတရား)အပေါ်၌သာ တည်မှီသော မဂ္ဂင်ဖြစ်ရာ ထိုပရမတ္ထတရားပေါ်၌သာတည်မှီသော(ပညာမဂ္ဂင်)နှင့် ရှုမှသာလျှင် (ဝိပဿနာ သမ္မာဒိဋ္ဌိ) ဖြစ်ပေါ်စေပါသည်။ ဝိပဿနာရှုရာ၌ ပညာမဂ္ဂင်ဖြစ်သည့် (သမ္မာဒိဋ္ဌိ)နှင့် ဝိပဿနာရှုမှသာလျှင် ဝိပဿနာဉာဏ် (ဖြစ်ပျက်)ကို တွေ့နိုင်ပြီး ထိုဝိပဿနာဉာဏ်၏ ကျေးဇူးပြုမှုဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် (သဉပါဒိသေသ နိဗ္ဗာန်) ကို ရနိုင် မြင်နိုင်စေသောကြောင့်သစ္စာတရားသိဖို့လိုရင်းဖြစ်ကြောင်း ခိုင်လုံလောက်ပါပြီ

မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း နိဗ္ဗာန် ရောက်

တရားသည် သစ္စာသိဖို့ ဉာဏ်မပါရင် ဘယ်တော့မှ မရောက်ဘူးလို့ မှတ်ကြ၊ ဘုရားသာဝကပါရမီဉာဏ်အရာမှာ (သစ္စာ) တရားနာပြီး သစ္စာသိလို့၊ ခန္ဓာမှာ နှလုံးသွင်း တည့်သွားလို့ သစ္စာတွေ့ သွားရင် သောတာပန်ဖြစ်ပြီလို့ မဇ္ဈိမ၊ ပဏ္ဏာသနဲ့ အင်္ဂုတ္တုရ်မှာ ဟောကြားထားတယ်။

ဝိပဿနာမှာ ခန္ဓာကို ဉာဏ်နဲ့ကြည့်ပေးဖို့အလုပ်က မခက်ဘူး၊ ပေါ်လာတဲ့ခမ္မအပေါ်မှာ နှလုံးသွင်းတည့်ဖို့က အရေးအကြီးဆုံးပဲ၊ ရှေ့က ယောနိသောမနသိကာရဖြစ်မှ (ဝါ) ခန္ဓာအရှိကို အသိနဲ့ကိုက်မှ နောက်က ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်တယ်လို့ ဟောကြားခဲ့ပါသည်။

ဝိပဿနာသည် (သံသာရဒုက္ခ) ဟုခေါ်ဆိုအပ်သည့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ဒုက္ခသံသရာဖြတ်သည့် အလုပ်ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်တရား(ဝါ) ခန္ဓာဖြစ်စဉ်သိမှ ဒုက္ခသံသရာကို ဖြတ်တတ်သော ဝိပဿနာ အလုပ်ကို လုပ်တတ်ပါမည်။ ဒုက္ခ ဆိုသည်မှာလည်း ခန္ဓာဖြစ်စဉ်တွင် (သင်္ခါရဒုက္ခ)ဟု ခေါ်ဆိုအပ်သည့် (ဖြစ်ဒုက္ခ) နှင့် (ဝိပရိဏာမဒုက္ခ)ဟု ခေါ်ဆိုအပ်သည့် (ပျက်ဒုက္ခ) ကိုသိရပါမည်။ (ဖြစ်ပျက်) ဒုက္ခသည် ခန္ဓာဖြစ်စဉ်မှ သိမြင်ရသည့်ဒုက္ခ ဖြစ်ရာ–

| | | |
|---|---|---|
| ပဋိစ္စသမုပ္ပါဒ်တရားမသိလျှင် | – | ခန္ဓာဖြစ်စဉ်မသိ၊ |
| ခန္ဓာဖြစ်စဉ်မသိလျှင် | – | ဒုက္ခမသိ၊ |
| ဒုက္ခမသိလျှင် | – | ဒုက္ခချုပ်ရာ (ဒုက္ခ |

နိရောဓ) နိဗ္ဗာန်ကို
မရနိုင်ပါ။

အရှင်သာရိပုတ္တရာလောင်းလျာအား ပဉ္စဝဂ္ဂီငါးဦးမှ ရှင်အဿဇိ ပြန်လည် ဟောကြားလိုက်သော တရားသည်ပင်လျှင် ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းကို သိရှိနိုင်ကြပါသည်။

ယေဓမ္မာ ဟေတု ပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓေါ၊
ဧဝံ ဝါဒီ မဟာသမဏော ။

(အကြင်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အကြောင်းကြောင့်ဖြစ်ကုန်၏၊ အကြောင်းဖြစ်ရင်အကျိုးဖြစ်၏၊ တဏှာဟူသောအကြောင်းရင်းမူလများကသံသရာဖြစ်ပေါ်အောင် ပြုလုပ်ကြ၏၊အကြောင်းရင်းမူလများပျောက်ကွယ်လျှင် သံသရာလည်းပျောက်ကွယ်ကြောင်း ကျွန်ုပ်တို့ဆရာ ရဟန်းမြတ်က ဤသို့ဟောကြားပါသည်။) ဟု ပဋိစ္စသမုပ္ပါဒ်အကျဉ်း ဥဒ္ဒေသ စကား (သစ္စာ) အကြောင်းအကျိုးဟောရုံဖြင့် ရှင်သာရိပုတ္တရာလောင်းလျာ တရားရခဲ့ခြင်းသည် ပဋိစ္စသမုပ္ပါဒ်တရားပါ၍ ဖြစ်ပါသည်။

မိုးကုတ် ဆရာတော် ဘုရားကြီး စက်ဝိုင်း ဒေသနာ နှင့် ဟောကြားပြသပေးသည် ပဋိစ္စသမုပ္ပါဒ် တရားသည်ပင်လျှင် ထို ဥဒ္ဒေသ (စကား)၏ အကျယ်ဖြစ်သည်ကို ဤစာအုပ်၌ တွေ့ရှိနိုင်ကြပါသည်။

ဒုက္ခသံသရာလယ်စေတာက(အဝိဇ္ဇာ၊တဏှာ)အကြောင်းခံရသောကြောင့်ဖြစ်ဟု ပဋိစ္စသမုပ္ပါဒ်တွင်မြတ်စွာဘုရား ဟောကြားထားပါသည်။ (အဝိဇ္ဇာ) ဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်၍ (တဏှာ) ဖြစ်ပေါ်စေပါတော့သည်။

(အဝိဇ္ဇာ) မသိမှုကြောင့် ခန္ဓာငါးပါး သက္ကာယကို (ငါ) လို့ ယူသော (ဒိဋ္ဌိ) ကြောင့် (သက္ကာယဒိဋ္ဌိ) ဖြစ်ပေါ်ရပါသည်၊ (ငါ) အတ္တအကြောင်းခံရှိလျှင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက် ခန္ဓာဖြစ်စဉ်အရ (တဏှာ) ဖြစ်ပေါ်ပါသည်၊(ငါ) ရှိလျှင် တဏှာလာပါသည်၊ ထိုနည်းတူ (တဏှာ၊မာန၊ဒိဋ္ဌိ) သည်လည်း (ငါ) ဖြစ်နေကြောင်း တွေ့ရှိနိုင်ပါသည်။

(၁) ဧတံမမ = တဏှာ၊ ငါ့ကိုယ် (ငါ)
(၂) ဧသောဟမသ္မိ = မာန၊ ငါ့ဟာ (ငါ)
(၃) ဧသောမေအတ္တာ = ဒိဋ္ဌိ၊ ငါ့ဥစ္စာ(ငါ)ပင်ဖြစ်နေပါသည်။

ဒါနပြုခိုက်၊သီလဆောက်တည်ခိုက်၊(သမာဓိ) ရအောင် သမထဘာဝနာ အားထုတ်နေခိုက်မှာပင် ထို (ငါ) သုံး မျိုးနှင့် မလွတ်ကြပဲ ကြုံနေကြရပါသည်၊ နေရိုးနေစဉ်အချိန်မျိုး၌ ဆိုလျှင် ပြောဘွယ်ရာ မရှိအောင် (နိဗ္ဗာန်) နှင့် ဝေးသည့် သက္ကာယ ဒိဋ္ဌိ(ငါ)ပညတ် (ငါ)တွေသည် ဖွက်ထ၍ နေပါတော့သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်မသိပဲထို(ငါ)ဒိဋ္ဌိ အခံနှင့် ဝိပဿနာ အားထုတ်၍ မရနိုင်ကြောင်း သဘောပေါက်လောက်ပါပြီ။

ထို (ငါ) မှ လွတ်ရန် ပဋိစ္စသမုပ္ပါဒ်တရားကို သိထားမှ

လွတ်ပါမည်။ (ဝိပဿနာ) ကို အားထုတ်ကြရာ၌ ပဋိစ္စသမုပ္ပါဒ် (သစ္စာ) သိပြီးမှ (ဝိပဿနာ) အားထုတ် ကြပါလျှင် (ရှုဉာဏ်) မှလွဲ၍ မသိလိုက်သည့်စိတ်(ကိလေသာ) ကြားမခိုပါလျှင် (ည) အားထုတ် (မနက်) သောတာပန်တည်နိုင်ပါသည်၊ (မနက်) အားထုတ်လျှင် (ည) သောတာပန် တည်နိုင်သည်ဟု ဘုရားရှင် ကိုယ်တော်တိုင် ဗောဓိရာဇကုမာရ မင်းသားကို ဟောကြားခဲ့ ပါသည်။

ဝိပဿနာ အားထုတ်ချိန်ကလည်း နည်းပါးပြီး ၊ အခြား အချိန်များမှာလည်း (ငါ) (ဒိဋ္ဌိ)နှင့် နေပါလျှင် သောတာပန် ဖြစ်ဘို့ကြန့်ကြာ နိုင်ပါသည်၊ သို့ဖြစ်၍ ဝိပဿနာ အားထုတ် ချိန်ကလည်းများဘို့လိုပါသည်၊ဝိပဿနာအားထုတ်ရာမှာလည်း ကိလေသာ ကြားမခိုအောင်အားထုတ်ပါ၊ သာမာန် အချိန်နေရိုး နေစဉ်အချိန်များမှာလည်း (ငါ)နှင့်မနေပဲ(ဉာဏ်)နှင့် နေရန်လို အပ်ပါသည်၊(ဉာဏ်)သာလျှင် နိဗ္ဗာန်ကို မြင်နိုင်၍ ဖြစ်ပါသည်။

(ဉာဏ်) နှင့်နေခြင်းဆိုသည်မှာ(ရှုဉာဏ်)နှင့် နေခြင်းမျိုး ကို ဆိုလိုပါသည်၊ သို့မှသာ (ဒိဋ္ဌိ) (ငါ) ကိလေသာနှင့်(ဉာဏ်) မဂ္ဂင်တို့သည် မီးများ မီးနိုင်၊ ရေများ ရေနိုင်ဆိုသလို (ဉာဏ်) ကနိုင်ပါလျှင် (သောတာပန်) ဇန်းတိုင်က နီးနေပါသည်။

(ငါ) (ဒိဋ္ဌိ)မီး (ကိလေသာမီး) က မနိုင်အောင် ယောနိ သော မနသိကာရ၊ နှလုံးသွင်းမှန်မှု (ဉာဏ်) က နိုင်အောင် သတိဖြင့် အသိလိုက် ပေးနေလျှင် မဂ္ဂင်ဖြစ်နေပါသည်၊ နေထိုင်

သွားလာရာ ၊စားသောက် လေရာတို့၌ (ငါ) ကိလေသာနှင့် မနေပဲ ပရမတ္ထသစ္စာ (စိတ်) ဖြစ်မှုပျက်မှု တို့ကို ရှုကြည့် သော (ဉာဏ်)(ဝါ) (စိတ်)ကို စောင့်ကြည့် အကဲ ခတ်နေသော (ဉာဏ်) အသိနှင့် နေနိုင်ပါလျှင် သောတာပန် (ပန်းတိုင်) သည် နီးပါသည်။

ခန္ဓာငါးပါးကို (ငါ) ထင်ပြီး သက္ကာယဒိဋ္ဌိ (ငါ)နှင့် နေမှု နှင့် ပတ်သတ်၍ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့ သော ဒိဋ္ဌိခွာတရားတော်တွင် အဇာတသတ် မင်းသား သူ့ဖခင် ကို သတ်ရာ မှာ သူ့ကိုယ်သူ အတ္တသညာ (ငါ)ပဲ ဆိုတဲ့ ပုဂ္ဂိုလ် စွဲရှိနေတော့ (ငါ) အသက်ကြီးမှ ထီးမွေနန်းမွေ ရမယ် ဆိုရင် (ငါ့) အတွက် အလကားပေါ့၊ ခံစားချိန် မရှိဘူးဆိုပြီး (အတ္တ) သညာကနေ အတ္တဒိဋ္ဌိ (ငါ) စွဲနဲ့ အဖ သတ်တဲ့ ကံကျူးလွန် လိုက်တာပါပဲ၊ ငါ (ဒိဋ္ဌိ) ကနေ ဒိဋ္ဌု ပါဒါန် လုပ်တာ မနောကံ ကစပြီး ဖြစ်ပေါ်ခဲ့လို့ ဝစီကံနဲ့ဖခင်ကို သတ်ခိုင်းလိုက်တော့ လောဟကုမ္ဘီဆိုတဲ့ အပါယ်ငရဲကျ တာပါပဲ၊ အဖ သတ်လို့သာ ငရဲကျတယ် လို့ဆိုရတယ်၊ စင်စစ်တော့ အဖ သတ်အောင် တိုက်တွန်း တာက (ငါ) ဆိုသော (သက္ကာယဒိဋ္ဌိ) ပါပဲ၊ မိဘက ဗုဒ္ဓဘာသာ၊ သူက ဗုဒ္ဓဘာသာ (သက္ကာယ ဒိဋ္ဌိ) ၊ ဒိဋ္ဌိ ဘယ်က လာသတုံးဆို တော့ (အတ္တသညာ) ကလာ တယ်၊ အတ္တ သညာ ဆိုတာ ခန္ဓာငါးပါးကို အတ္တ (ငါ) ထင်တာပဲလို့ ဟောပါသည်၊ ခန္ဓာငါးပါးကို (ငါ)လို့ယူသော သက္ကာယဒိဋ္ဌိ (ငါ)နှင့် နေ ခြင်းဖြစ်ပါသည်။

(ငါ) ထင်တဲ့ (ဒိဋ္ဌိ) ရှိနေပါလျှင် ဘုရားအလောင်း ပင်လျှင် ရှောင်လွဲလို့မရခဲ့ပါ၊ (ဒိဋ္ဌိ) မခွာနိုင်သည့်ဘဝများမှာ နဂါးမင်း၊ မျောက်မင်း၊ ငုံးမင်း အစရှိတဲ့ အပါယ်မှာဖြစ် ရပါသည်၊ အကျင့်သီလကောင်းပါသော်လည်း (ဒိဋ္ဌိ) ရှိနေပါလျှင် အပါယ်စိတ်မချရပါ၊ သန်း ၇ ရက် ဖြစ်ရသည့် တိဿရဟန်း ကြီးကိုကြည့်ပါ၊ (ဒိဋ္ဌိ)ခွာတတ်မှုသည် အပါယ်မလားရာ ဖြစ်ပါသည်။

(ငါ)ဆိုသော (သက္ကာယဒိဋ္ဌိ) ဖြစ်ပေါ်ခွင့်ရအောင် ဘယ်သူ လုပ်ပေးပါသလဲ၊ (ငါ) ဆိုသော သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ခွင့်ရအောင် လုပ်ပေးသူမှာ (မောဟ) ပင်ဖြစ်ပါသည်၊ ဒီ (ငါ)ဟာ (မောဟ)ကလာပါသည်၊(ငါ)မလာစေချင်လျှင် (မောဟ) မလာအောင်လုပ်ရပါမည်၊မောဟ(အဝိဇ္ဇာ)မလာမှ(ငါ) ပြုတ်ပါမည်၊ (အဝိဇ္ဇာ)အကြောင်းသိရန်မှာလည်း ပဋိစ္စသမုပ္ပါဒ်ကိုသိရပါမည်။

(ငါ) ပြုတ်အောင် (အမောဟ) ဝိဇ္ဇာဉာဏ် (ဝါ) အသိ (ဉာဏ်)နှင့် နေရပေမည်။ (မောဟ) ဆိုသည်မှာ ပကတိအမှန်အတိုင်းဆိုလျှင် (မသိမှု)ကို ခေါ်ပါသည်။

ပကတိ အမှန်အတိုင်းမသိလျှင် (ဝါ)သစ္စာမသိလျှင်(ဝါ) ပဋိစ္စသမုပ္ပါဒ်နားမလည်လျှင်အမှားအလွဲကိုသာ သိပါတော့မည်၊ အမှားသိနေမှုကို (မောဟ) အဝိဇ္ဇာ ဖြစ်နေသည်ဟု ဆိုပါသည် အမှားသိနေခိုက်မှာ (ငါ) (သက္ကာယဒိဋ္ဌိ) ဝင်နေပါတော့သည်။

(ငါ) ဝင်လာလျှင် ပကတိအမှန် (သစ္စာ) သဘောတွေ ကွယ်ပါတော့သည်၊ ပကတိအမှန် (သစ္စာ) သဘောတွေကွယ်နေ

လျှင် (သက္ကာယဒိဋ္ဌိ) ဖြစ်နေပါတော့သည်၊ (ဒိဋ္ဌိ)ကို မခွာနိုင်ပဲ၊ (ဒိဋ္ဌိ) မကွာပဲဖြစ်နေပါတော့သည်။

(တဏှာ၊ မာန၊ ဒိဋ္ဌိ) ဟု ဆိုအပ်သော (၃) သုံးမျိုး သက္ကာယဒိဋ္ဌိ ကွာချင်ပါလျှင် (ဒိဋ္ဌိ) ၏ လက်သည် တရားခံဖြစ်သည့် (မောဟ) မသိမှု (အဝိဇ္ဇာ) ကို ကွာအောင်လုပ်ရပါမည်၊ (မောဟ) ခွာဘို့ အရင် လိုပါသည်၊ (မောဟ) ကွာလျှင် (၃) လည်း ကွာပြီးဖြစ်ပါတော့သည်။

မောဟ = အဝိဇ္ဇာ၊ မသိမှု (ပညတ်)၊ကိလေသာအာရုံ (၃)
အမောဟ= ဝိဇ္ဇာ ၊ သိမှု ၊ သမ္မာဉာဏ် (ဉာဏ်)၊

(အဝိဇ္ဇာ) ဖြစ်သည့် (မောဟ) ကို အရင်ခွာနိုင်အောင် (အဝိဇ္ဇာ ပစ္စယာသင်္ခါရာ) အစချီသည့် ခန္ဓာဖြစ်စဉ်ပဋိစ္စသမုပ္ပါဒ် သိအောင် အရင်လုပ်ပါ၊ သိပြီးမှ ဝိပဿနာအားထုတ်ပါ။

နေရိုးနေစဉ်အချိန်များမှာ ပရမတ် (ဉာဏ်)နှင့် နေတတ်အောင် မတွေးပါနှင့်၊ တွေးလျှင်မောဟဖြစ်နေပြီး (ပညတ်) ကိလေသာကိုသာ တွေ့နေပါမည်၊ ကိလေသာဖြစ်နေပါမည်။ (စိတ်) ပေါ်တာကို သိနေသော ပကတိ သဘောအသိ (ပရမတ်) ဉာဏ်နှင့် နေပါလျှင် (မောဟ) ကွာနေခြင်းကြောင့် (၃) ဒိဋ္ဌိလည်းကွာနေပြီးဖြစ်၍ အခါခပ်သိမ်း (ဉာဏ်) (ပရမတ်)နှင့် ဒိဋ္ဌိခွာပြီး နေတတ်ပါလိမ့်မည်။

(စိတ်) ၏ ပကတိသဘောကိုဉာဏ်ဝမှာ သိလာပေါ်လာ

ခိုက် (သက္ကာယဒိဋ္ဌိ) ကွာချိန် ဖြစ်နေပါသည်၊ အခါခပ်သိမ်း (စိတ်) ကို အကဲခတ်နေခြင်း၊ စောင့်ကြည့်နေခြင်းသည် အပွား ဉာဏ်နှင့်နေခြင်း (ဝါ) (ဉာဏ်)နှင့် နေခြင်းဖြစ်ပါ၍ (ဒိဋ္ဌိ) ကွာနေပါတော့သည်။

(ပညတ်) အာရုံများဖြင့်(ကိလေသာ)ဖွက်ထနေသူတို့မှာ (စိတ်) ၏ ပကတိသဘောကို စောင့်မကြည့်တတ်ကြသူများဖြစ် ပါသည်၊ ထိုသို့ စောင့်မကြည့်တတ်သေးသမျှ ကာလပတ်လုံး ကိလေသာ (၁၀) ပါး၏ လှည့်စားမှုကို ခံကြရပေမည်၊ (ငါ) ဒိဋ္ဌိ တောထနေ၍ အပါယ် အရောက်များကြပေမည်၊ သေခါ နီးမှာ အဖြေပေါ်ကြပေမည်၊ ထို(ငါ)နှင့်နေသော ပုထုဇဉ် တို့သည် ကိလေသာ အမြင်မျိုး ဖြစ်သော (ပညတ်) အမြင်၊ ပညက် အတွေ့၊ ပညတ်အသိ မျိုးဖြင့် မြင်တွေ့သိနေရပေတော့မည်၊ (ဝါ) ပုထုဇဉ်တို့ မြင်နေကျ ငါ ၊ သူ၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါ စသည့် အသ် များ ဖြစ်နေကြပါတော့မည်၊ ထို အမြင်မျိုးသည် (သောတာပန်) အရိယာတို့အသိနှင့် (နိဗ္ဗာန်) အမြင်နှင့် ဆန့်ကျင်နေကြပါလိမ့် မည်။

ပဋိစ္စသမုပ္ပါဒ်တရားအသိကို သိသွားပြီး စိတ်ကို ရှုရ သည့် ဝိပဿနာ၊ စိတ္တာနုပဿနာကိုသိပါလျှင် (ငါ) (ပညတ်) ကို အသိနှင့် ဖယ်ပြီး (ဉာဏ်) (ပရမတ်) ကို ရစေပါသည်။

(ဝိပဿနာ) အားထုတ်ချိန်မှလွဲ၍ အိမ်မှာလည်း သာမန် နေရိုး နေစဉ် အချိန်များ၌လည်း (ငါ)နှင့် မနေပဲ (ဉာဏ်)နှင့်

နှလုံးသွင်း မှန်စွာ နေတတ်သွားသည့်အခါ တကယ်တမ်း (ဝိပဿနာ)အားထုတ် ချိန်၌ ပို၍ ခရီးရောက်နိုင်ပါတော့သည်၊ (သစ္စာ)ကိုလည်း သိလျှင်၊ သစ္စာကိုလည်း မြင်လျှင် ငါ(ဒိဋ္ဌိ)ကို လည်း ခွာတတ်လျှင် ဝိပဿနာ ရှုပွားရာ၌ ဗလဝ အားကြီး သည့် ဝိပဿနာဖြစ်တော့မည်ကို သဘောပေါက်ပါလေ။

ထိုသို့ မနေတတ်ပါလျှင် တရားရိပ်သာမှာ ဝိပဿနာ အားထုတ်စဉ်က အဟုတ်သားပဲ၊ အိမ်ရောက်မှ (ငါ)နဲ့နေရင်းနဲ့ မဟန်လို့ စိတ်ညစ်ရလို့ တရားရိပ်သာပြန်ပြေးရ၊ တရားရိပ်သာ မှ အိမ်၊ အိမ်မှ တရားရိပ်သာ၊ ပြန်ချီပြေးချီနဲ့ မိမိအားထုတ် သော ဝိပဿနာ အခြေအနေမှာ ဒုံရင်း၊ ဒုံရင်း မဖြစ်ရ လေ အောင် သတိပြုပါလေ၊

အိမ်မှာနေလျှင် (ငါ) နှင့်မနေပဲ (ဉာဏ်)နှင့်နေခြင်းမျိုး ကမခက်ပါ၊ ဈေးထဲမှာ ဟင်းချက်စရာဝယ်ရင်း ဒီနေ့ဘာချက် မယ်၊ဘာဖြင့် ဘယ်လောက်သားဝယ်မှ ပိုက်ဆံလောက်မယ်၊ ဘာကို ဘယ်လိုဝယ်ပြီး ဘာလေးနဲ့ရောလိုက်မယ် စသည်ဖြင့် ဆုံနေသည့်ဈေးထဲမှာပင် (စိတ်) အလုပ်ပေးတရားရနေကြပါ လျှင်၊ အိမ်မှာ(ရှုဉာဏ်) နှင့်နေရသည်မှာ ဈေးထဲမှာလိုစိတ်တွက် လည်းမပါပါ၊ ဦးနှောက်လည်း မခြောက်ရပါ၊ စိတ်ကိုလည်း အားမထည့်ပေးရပါ၊

အိမ်မှာနေရင်းထိုင်ရင်း (ဉာဏ်)နှင့် နေခြင်းမျိုးမှာ သက် သက်သာသာလေးဖြင့် (စိတ်) ပေါ်ရာကို ရှုဉာဏ် ဖြင့် အသိ

လိုက်ပေးရုံမျှသာဖြစ်ပါသည်၊ ရှေးဦးစွာ လေဝင်တာသိ၊ ထွက်တာသိလုပ်ပါ၊သတိမြဲလာအောင်လုပ်နိုင်သည့်အခါ(စိတ်)ပေါ်ရာကိုအသိလိုက်ပေးပါ။(စိတ်)ကို ရှုရသည့်ဝိပဿနာသည် တရားဂုဏ်တော် ၆ ပါးနှင့်လည်း ညီညွတ်ပါပေသည်။

သံဒိဋ္ဌိကော စိတ်ပေါ်သည်ကို ကိုယ်တိုင်အမြင်ဖြစ်နေပါသည်၊ အကာလိကော၊ အချိန်မရွေး ကိုယ့်စိတ် ကိုယ်သိ နေ၍ရှုနိုင်ပါသည်၊ (စိတ်) ကလေးကလည်း ဧဟိလာ လှည့်၊ ပဿရှုပါဟုခေါ်နေသည်ကိုကိုယ်တိုင်ရှုဘို့သာလိုပါတော့သည်။

(စိတ်)ကို ရှုရင်းနဲ့ စိတ်ကလေးတွေပေါ်ပေါ်လာပြီးပျက်ပျက်သွားသည် (စိတ်)၏ ပကတိ (ဖြစ်ပျက်)ကိုတွေ့ပြီးဖြစ်ပျက်တွေ့ရာက မုန်းလာရော၊နောက် ဖြစ်ပျက်ဆုံးသွားတော့ (နိဗ္ဗာန်) ရတာမှတ်ကြပါဟု မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့ပါသည်၊ အကျယ်ကိုဤစာအုပ်ပါ(ရှုပွားနည်း)၌ ကြည့်ပါလေ။

စိတ် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်ဆုံးတာနဲ့ (နိဗ္ဗာန်) ဘယ်လိုရပါသလဲဆိုပါလျှင် စိတ်ခန္ဓာတွေဖြစ်ဖို့ (သင်္ခါရ) တရားက ပြုပြင်ဖန်တီးပေးလျှက်ရှိပါတယ်၊ (စိတ်) ကလေးတွေ တစ်ခုပြီးတစ်ခု ဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်ပျက်နေတာသံသရာလို့ ခေါ်ပါတယ်၊ဒီသံသရာလည်အောင် လုပ်ပေး နေတာက (သင်္ခါရ)ပါပဲ။

မောဟာဆိုတဲ့ မသိလိုက်၊ မသိဘာသာ၊မသိမှု (အဝိဇ္ဇာ) နဲ့နေတဲ့အခါ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာ

ဏ်)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ် (သိစိတ်) ဖြစ်တာပါပဲ။

(အဝိဇ္ဇာ)ကြောင့်(သင်္ခါရ)တို့က ဖြစ်ခွင့်ကြုံရင်ဝိညာဏ် (သိစိတ်)တွင် မရပ်တော့ဘူး၊ နာမရူပ၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ကံတရားတွေဖြစ်ပေါ်၊ ဒီကံတွေနဲ့သေသည်၏အခြားမဲ့မှာလည်း ကမ္မဘဝပစ္စယာဇာတိ၊ ဇရာမရဏ(၁၁)ဘုံမှာဘဝတွေ ပြောင်းဖြစ်တဲ့(သင်္ခါရ)ကလုပ်တဲ့ သံသရာဟာ ဘယ်တော့မှ မဆုံးတော့ပါဘူး၊ (အသေးစိတ်သိလို ပါလျှင် စာရေးသူ၏ ပဋိစ္စ သမုပ္ပါဒ် အဖွင့်မှာ ကြည့်ပါလေ)။

ဒါကြောင့် (စိတ်)ကို ဖြစ်ပေါ်စေတာ (သင်္ခါရ) (စိတ်) သည်လည်း(သင်္ခါရ) ဖြစ်လို့၊ သင်္ခါရ (စိတ်) ကိုအရင် သိမြင် အောင်၊ သင်္ခါရ (စိတ်) ဖြစ်ပျက် သိမြင်အောင်၊ ဖြစ်ပျက် မုန်း အောင်၊ ဖြစ်ပျက်ဆုံးအောင်၊(သင်္ခါရ)ဒုက္ခသံသရာကုန်ပျောက် အောင်၊ (သင်္ခါရ) ဖြစ်ပျက်ဒုက္ခ ဖြစ်ခွင့် ပေါ်ခွင့် မရအောင်၊ မသိ မှု အဝိဇ္ဇာပြုတ်ပြီး (သိ)နေသော လောကီ (မဂ်) သိလုံး ကလေး များ အားကြီးမှုဖြင့် (သင်္ခါရ) ချုပ်ဆုံးအောင် (မဂ္ဂင်) အလုပ် လုပ်ခြင်းဖြင့် လောကုတ္တရာ (မဂ်ညာဏ်ကြီး) ရလာပြီး (သင်္ခါရ) ချုပ်ငြိမ်းရာ၊ သင်္ခါရ ဒုက္ခ မဖြစ်ရာ၊ မပျက်ရာ၊ ဒုက္ခ ချုပ်ငြိမ်းရာ (အသင်္ခတ)(နိဗ္ဗာန်) ပေါ်ခြင်းဖြစ်ပါတယ်၊ ပဋိစ္စ သမုပ္ပါဒ် နားမလည်လျှင်မသိနိုင်ပါ၊(ငါ) ဒိဋ္ဌိခံနေလျှင်လည်း မရနိုင်ပါ။

(ငါ) (ဒိဋ္ဌိ) (အဝိဇ္ဇာ) ကားမနောဒွါရမှ ဝင်လာကြပါ သည်။ ငါ (ဒိဋ္ဌိ) သည် စိတ်မှာသာ ခိုကပ်ကြပါသည်၊ (ငါ) ဆိုသော (သက္ကာယဒိဋ္ဌိ) သည် ခန္ဓာငါးပါးဖြစ်သော ရုပ်၊

ဝေဒနာ၊ သညာ၊ သင်္ခါရ ၊ ဝိညာဏ်တို့ အနက် ဝိညာဏ် (စိတ်) မှာသာ ဖြစ်ပေါ်လာသောကြောင့် (ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ) ပါယ်သည့် သောတာပတ္တိမဂ်ရဘို့ရာ (ဝါ) သောတာပန် ဖြစ်ဘို့ရာ (စိတ်) ပရမတ်နှင့်သာ အသက်ဆိုင်ဆုံးဖြစ်ပါသဖြင့် (စိတ်)ကိုရှုရသောဝိပဿနာသည်သာ (သောတာပန်)နှင့် အနီးဆုံး၊ (ပရမတ်) ရှုကြရာ၌ (စိတ်) ပရမတ်သည်သာတွေ့ရန် လွယ်ကူပြီး နိဗ္ဗာန်နှင့် ဖြောင့်တန်းနေသည်ကို သဘောပေါက်ပါလေ။

"မိုးကုတ် ဝိပဿနာ"သည် ဘုရားဟော (ပေဋကောပဒေသပါဠိတော်)၊(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာပါဠိတော်) တို့၌လာသည့် အတိုင်း (စိတ်)ကို ဝိပဿနာရှုရသည့် စိတ္တာနုပဿနာတရားပင် ဖြစ်ပါသည်။

ထို့အပြင်"မိုးကုတ်ဝိပဿနာ"သည်(ပေဋကော ပဒေသ ပါဠိတော်ကြီး) တွင် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် "ဒူဝေ ဟေတူ ဒူဝေ ပစ္စယာ သာဝကဿသမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ" ဟူသော သာဝကပါရမီ ဉာဏ်ရဘို့အကြောင်း ၂ ချက်ကိုပဲ မြတ်စွာဘုရားဟောကြားခဲ့သည့်အတိုင်း လိုက်နာကျင့်သုံးသည့် ဝိပဿနာဖြစ်ပါသည်၊ ထိုအကြောင်းအချက် (၂) ချက်ကို လိုက်နာကျင့်သုံးရာမှာ....

(၁) (ပရတောဃောသောသစ္စာနုသန္ဓိ) သစ္စာဆိုသော သစ္စာတရား နာကြားရမယ်၊ သိရမယ် ၊ ဆိုသည့် အချက်ကို ပြည့်စုံအောင် မိုးကုတ်ဆရာတော် ဘုရားကြီးသည်မြန်မာပြည်

တဝှမ်းတရားဟောကြားရာ၌ ဒကာ၊ဒကာမ များအား ဝိပဿနာ တရားအားမထုတ်မီ (သစ္စာ)သိဘို့အတွက် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရား၊သစ္စာ လေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်တရား ကို ဒွန်တွဲဟောပြသည့် တရားတော်များဖြင့် (သစ္စာ) သိအောင် (ပရမတ္ထတရား) သိအောင်၊ သိမှ ဝိပဿနာပွားတတ်အောင် ပွားတတ်မှ ပါယ်တတ်အောင် ဂရုဏာရှေ့ထားပြီး (သစ္စာ) အကျယ်ပြသည့် တရားအမျိုးမျိုးကိုယခုခေတ်ပုထုဇဉ်များ နား လည်အောင် ဉာဏ်မှီအောင် ဟောကြား ပြသပေးခဲ့ပါသည်၊ (သမ္မာ ဒိဋ္ဌိ) ပညာမဂ္ဂင်ရအောင် ပေးခဲ့ပါသည်။

(၂) (အဇ္ဈတ္တဥ္စယောနိသော မနသိကရော)၊အဇ္ဈတ္တခန္ဓာ (စိတ်) (ပရမတ်) မှာ နှလုံးသွင်းမှန်စွာ ဝိပဿနာတရားကို အား ထုတ်တတ်အောင် ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်၊ ဖြစ်ပျက်နှင့် မဂ်ကိုက်အောင် ၊ ခန္ဓာဉာဏ် ရောက်ဖြစ်သည်အထိ၊ ဝိပဿနာ အလုပ်မှန် ကျင့်စဉ်မှန်ကို လုပ်တတ်အောင် ၊ (ဝိပဿနာအလုပ် ပေးတရား) အလုပ်စဉ်များကိုနားမလည်မရှိအောင် အပေါ်ရံက အဟောမျိုးမဟုတ်ပဲ၊ နှစ်နှစ်ကာကာကြီး ဘာဝနာမယဉာဏ်နှင့် ပဋိဝေဒ ဆိုက်အောင် နှလုံးသွင်းမှန်မှုရစေအောင်၊ နှလုံး သွင်းမှန်တရားကို အဓိကထားပြီးဟောကြား ပြသပေးခဲ့ပါသည်။

"မိုးကုတ်ဝိပဿနာ"သည်ဝိပဿနာတရားအားထုတ်ရာ ၌ အစ အလယ် အဆုံး မြတ်စွာဘုရားဟောနှင့် ညီညွတ်ပါပေ သည်၊ ဝိပဿနာအားမထုတ်မီ (သမ္မာဒိဋ္ဌိ) ဖြစ်အောင်(သစ္စာ) တရားအသိကို ရှေးဦးစွာ ရယူရသည့်အပြင် ဝိပဿနာတရား

အားထုတ် ဘို့စပြီး တရားထိုင်ရာ၌လည်း ရှေးဦးစွာ သမ္မာဓိ ထူထောင်ရာမှာလည်း (ပညတ်)အပေါ်မှာ သမာဓိ ထူထောင်ခြင်း မျိုး မဟုတ်ပဲ၊ (ပရမတ်) ဖြစ်သော (စိတ်) ကြောင့်ဖြစ်သောလေဝင်မှန်းသိသည့်(စိတ်)၊ထွက်မှန်းသိသည့်(စိတ်)ပရမတ်ကိုသာ(သတိ)ဖြင့် (သမ္မာသမာဓိ)ဖြစ်စေသည့် (ပရမတ်သမာဓိ) ထူထောင်ရခြင်းမျိုး ဖြစ်၍ (သမာဓိ)နှင့် (ပညာ)တစ်တွဲတည်း၊ တစ်ဆက်တည်း ဖြစ်ပါသည်။ (စိတ်) ပရမတ်ကို ရှုရသည့်အတွက် (ပညတ်၊ ပရမတ်) ခွဲရသည့် ပြဿနာနှင့် (ပညတ်)ဘက် လွဲချော်သွားသည့် ပြဿနာမရှိပါ။

ဝိပဿနာရှုပွားရာမှာလည်း(စိတ်)၁၃ မျိုးကို(သတိထား၊ ဝိရိယစိုက်၊ ပညာနှင့်ရှု) ရသော ဝိပဿနာအမှန်ဖြစ် လေသောကြောင့် "မိုးကုတ်ဝိပဿနာတရားကို ကောင်းစွာ သဘောပေါက်နားလည် ကြပါစေရန်အတွက် ကျွန်ုပ်သည် ဤစာအုပ်ကိုပြုစုရာ၌(မာတိကာ) ပါအတိုင်း မိုးကုတ်ဝိပဿနာတရား ကို အခြေခံကျကျ၊ တရား အနှစ်သာရရှိရှိ၊ ရှုပွားနည်းနာ နိဿရည်းများပါ မကျန် အကုန်အစုံ သိရှိနားလည်ကြပါစေရန် စေတနာမေတ္တာရှေ့ထားပြီး တန်ဘိုး မဖြတ် နိုင်သော မိုးကုတ် ဝိပဿနာ ၊ အခြေခံ တရား၊ အနှစ်သာရနှင့် ရှုပွားနည်း ဤတရားစာအုပ်ကို ရွေးထုတ်ပူဇော်လိုက်ရပါတော့သည်။

ဦးကံညွန့်

(အငြိမ်းစားဗိုလ်မှူး)

၁၉၉၇၊ ဖေဖော်ဝါရီ (၁၈) ရက်

ရန်ကုန်မြို့

# ကိုယ့်စိတ်ကို မသိသေးလျှင် ပုထုဇဉ်

တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံနပ္ပဇာနာတိ၊
တသ္မာ အဿုတဝတောပုထုဇ္ဇနဿ စိတ္တဘာဝနာ
နတ္ထိတိ ဝဒါမိ။

( အင်္ဂုတ္တရပါဠိတော် - ၉)

အရိယာတို့၏ အမှန်မြင် အသိတရား ဖြစ်သော (စိတ်) ပရမတ်၏ ပကတိအမှန်သဘောကို သိအောင်မပွားများတတ်သေးသမျှ (ဝါ) စောင့် မကြည့်တတ်သေးသမျှ ကာလပါတ်လုံး (ပုထုဇဉ်) သာ ဖြစ်နေပါတော့မည်။

(စိတ်) သည် ကြိုက်တာနှင့် တွေ့လျှင် (လောဘ) စိတ်ဖြစ်၏၊ မကြိုက်တာနှင့်တွေ့လျှင် (ဒေါသ) စိတ်ဖြစ်၏၊ (စိတ်) ကို မသိလျှင် (မောဟ)စိတ် (အဝိဇ္ဇာ) ဖြစ်နေတော့၏။ (လောဘ၊ ဒေါသ၊ မောဟ)သည် (အဝိဇ္ဇာ၊ တဏှာ)ဖြစ်၍ (၃၁) ဘုံ ကျင်လည်ရာဖြစ်သော်လည်း အပါယ်အရောက်များကြရ၏။

(စိတ်)ကို တကယ်သိသွားလျှင် (စိတ်)၏ လွှမ်းမိုးမှု၊ ချယ်လှယ်မှု၊ နှိပ်စက်မှုတို့မှလွတ်၍ အရိယာတို့၏(စိတ်)အတိုင်း ငြိမ်းချမ်းလေတော့၏၊ စိတ်ကိုသိရခြင်းသည် လောကီ၊ လောကုတ္တရာ အကျိုးရှိ၍ (စိတ်)ကို ရှုရသော (ဝိပဿနာ)သည် (နိဗ္ဗာန်) နှင့် အနီးဆုံးဖြစ်လေတော့၏။

# ဝိပဿနာဆိုသည်မှာ

"ခန္ဓာဒိသင်္ခတဓမ္မေ၊ အနိစ္စာဒိဝိဝိဓာကာရေနပဿတီတိ ဝိပဿနာ"

"နိစ္စာဒိဝိဝိဓာကာရတော၊ ဒဿနဋ္ဌေနဝိပဿနာ"

"ပညတ္တိံ ဌပေတွာ အနိစ္စဒိကာရေန ဝိဝိဓံပဿတီတိ-ဝိပဿနာ"

ခန္ဓာငါးပါးတွင် အဖန်ဖန် ဖြစ်ပေါ်နေသော သင်္ခါရတရား၊ ဖြစ်ပေါ်ပြီးပျက်စီးသွားကြသည့်အနိစ္စတရားစသော ဖြစ်မှု ပျက်မှု အထူးထူးအပြားပြားတို့ကိုရှုကြည့်ခြင်းသည်ဝိပဿနာ မည်၏။

(တစ်နည်းဆိုသော်) ရုပ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဝေဒနာကို ဖြစ်စေ၊ ဓမ္မကို ဖြစ်စေ တစ်ခုခုတို့၏ ဖြစ်မှု ပျက်မှုတို့ကို စောင့်ကြည့်ခြင်း၊ ရှုကြည့်ခြင်းသည် ဝိပဿနာမည်၏။

(တစ်နည်းဆိုသော်) ပညတ်အမျိုးမျိုးတို့ကိုပယ်ခွာပြီး၊အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော အချင်းအရာ အထူးထူး အပြားပြားကို ဉာဏ်ဖြင့် မြင်အောင်ရှုကြည့်ခြင်းသည် ဝိပဿနာမည်၏။

(တစ်နည်းဆိုသော်)ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ဖြစ်ပျက်အစဉ်ကိုရှု ကြည့်ခြင်းသည်၊ ဝိပဿနာမည်၏။

## သတိပဋ္ဌာန်ဆိုသည်မှာ

သတိပဋ္ဌာန်ဆိုသည်မှာ"သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ" ဆိုသည့်ပါဠိပုဒ်မှလာခြင်းဖြစ်သည်၊(သတိ+ပဋ္ဌာန)=သတိပဋ္ဌာန်

"သတိ"ဆိုသည်မှာ အောင့်မေ့မှု၊ မမေ့မှု၊အမှတ်ရမှုတို့ကို ဆိုလိုသည်၊ ရုပ်နာမ်တို့၏အာရုံ၌ စွဲမြဲစွာ တည်နေတတ်သော သတိတရား (ဝါ) ရုပ်နာမ်တို့ကို စောင့်ကြည့်တတ်သည့် သတိတရားကို ဆိုလိုပါသည်။

"ပဋ္ဌာန"-ဆိုသည်မှာ သတိ၏အာရုံဖြစ်သော (ကာယာ၊ စိတ္တာ၊ ဝေဒနာ၊ ဓ မ္မာ) တို့ကို ဆိုလိုပါသည်။

"သတိပဋ္ဌာန်"-ဆိုသည်မှာ သတိကို ရှေ့ဆောင်ပြီး (ကာယာ၊ စိတ္တာ၊ ဝေဒနာ၊ ဓမ္မာ) တို့အပေါ်၌ သတိနှင့် တွဲလျှက် အားထုတ်ရသော တရားဖြစ်သည်။

မဟာဋီကာ၌"သတိပုဗ္ဗင်္ဂမာယ,ပညာယ, ဥပလက္ခေတဗ္ဗံ၊ နဟိ,သတိရဟိတောပညာအတ္ထိ"လို့ ဖွင့်ပြပါသည်၊ (သတိရှေ့ဆောင်သည့် ပညာဖြင့် ဝိပဿနာရှုရမည်၊သတိကင်းလွတ်သော ပညာဟူ၍ ဝိပဿနာသဘောမှာ မရှိသင့်ဟု ဆိုလိုသည်)။

### သတိပဋ္ဌာန်တရား (၄) ပါး

(၁) ကာယနုပဿနာသတိပဋ္ဌာန် သတိဖြင့် ရုပ်၏ဖြစ်မှုကို သိရသည့်တရား

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် သတိဖြင့် ဝေဒနာပေါ်တိုင်း သိရသည့်တရား

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် သတိဖြင့် စိတ်ပေါ်တိုင်း ဖြစ်တိုင်း သိရသည့်တရား

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် သတိဖြင့် သညာနှင့်သင်္ခါရကို သိရသည့်တရား

## သတိပဋ္ဌာန်နှင့် ဝိပဿနာ

သတိဖြင့် စိတ်ပေါ်တိုင်း ဖြစ်တိုင်း သိနေရခြင်းသည် "သတိပဋ္ဌာန်"၊ စိတ်ပေါ်တိုင်း ဖြစ်တိုင်း သိပြီးနောက် စိတ်ပေါ်မှု ဖြစ်မှုအပြင် ပျက်မှုကိုပါ ရှုကြည့်ရခြင်းသည် သတိပဋ္ဌာနဘာဝနာ (ဝါ) ဝိပဿနာ ဖြစ်လာပါသည်၊ စိတ်ကို ရှုရသော ဝိပဿနာသည် စိတ္တာနုပဿနာ ဖြစ်ပါသည်။ နှာသီးဖျား၌ ဝင်လေ၊ထွက်လေ (စိတ်) ပရမတ် (သိမှု) သတိပဋ္ဌာန်ကို ဦးစွာ အားထုတ်ရပါမည်၊ (သတိ)မြဲလာပြီး (သတိ၊သမာဓိ)ကောင်းလာပြီး၊ (သမ္မာသတိ)၊ (သမ္မာ၊သမာဓိ) ဖြစ်လာသည့်အခါမှ (စိတ်) ဖြစ်မှု၊ ပျက်မှုကို စောင့်ကြည့်ရသော (ဝိပဿနာ)ကို အားထုတ်ရာ၏၊ **(သမ္မာဒိဋ္ဌိ)** နှင့် (သမ္မာသင်္ကပ္ပ) ပညာမဂ္ဂင် ၂-ပါးကို သိထားရန်အတွက် အခြေခံပိုင်အောင် သိရှိထားပြီး ဆရာတော်ဘုရားကြီး၏ တရား၊ အနှစ်သာရနှင့် ရှုပွားနည်းများကို သိရှိထားရာ၏။

## လူဖြစ်ကျိုးနပ်သည့်တရား

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ရုပ်, နာမ် တရားတို့၏ ဖြစ်မှု, ပျက်မှုကို မမြင်ပဲ၊ အနှစ်တစ်ရာအသက်ရှည်သော်လည်း၊ လူဖြစ်ကျိုးမနပ်ချေ။ ရုပ်, နာမ် တရားတို့၏ ဖြစ်ပျက် မှုကို မြင်လျှင် တစ်ရက်မျှ အသက်ရှင်ပါသော်လည်း လူဖြစ်ကျိုး နပ်လှပေသည်)

(ဓမ္မပဒ-ပါဠိတော်)

## သတိပဋ္ဌာန်တရား၏ အကျိုး

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ
ဝိသုဒ္ဓိယာသောကပရိဒေဝါနံသ
မတိက္ကမာယ, ဒုက္ခဒေါမနဿံ အတ္ထင်္ဂမာယ,
ဉာယဿအဓိဂမာယ
နိဗ္ဗာနဿသစ္ဆိကရိယာသယဒိဒံ စတ္တာရောသတိပဋ္ဌာန။

(၁) သတ္တဝါတို့အား ကိလေသာမှ စင်ကြယ်ကြစေရန်၊
(၂) စိုးရိမ် ပူဆွေး ငိုကြွေးခြင်းမှ ပယ်ဖျောက်နိုင် ကြစေရန်၊
(၃) ကိုယ်ဆင်းရဲ , စိတ်ဆင်းရဲမှ ငြိမ်းအေးကြစေရန်၊
(၄) အရိယာမဂ်ကိုရကြစေရန်
(၅) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြစေရန်၊ တကြောင်းတည်း ဖြစ်သော ခရီးသည်ကားဤမဟာသတိပဋ္ဌာန်တရားလေးပါးတို့ပေတည်း။

(မဟာသတိပဋ္ဌာန်ပါဠိတော်)

## ပရမတ္ထတရားလေးပါး

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တို့ဖြစ်ပါသည်။

၁။ စိတ်+စေတသိက်+ရုပ်သည်(သင်္ခတပရမတ်တရား) ၃ ပါး
၂။ နိဗ္ဗာန်သည် (အသင်္ခတပရမတ်တရား) ၁ ပါး

ပရမတ္ထတရား ပေါင်း ၄ ပါး

## ခန္ဓာ (၅) ပါး

ခန္ဓာသည် မိမိတို့၏ ခန္ဓာကိုယ်ကြီး မဟုတ်ပါ။ ခန္ဓာ ဆိုသည်မှာ အပေါင်းအစု ဖြစ်၍ ခန္ဓာငါးပါးသည် အပေါင်းအစု ငါးပါးဖြစ်ပါသည်။ လူဆိုပြီး ပညတ်သမုတ်ထားသည့် လူတွင် အမှန် စင်စစ် ခန္ဓာ ငါးပါးသာ ရှိပါသည်။

(၁) ရူပက္ခန္ဓာ = ရုပ်အစု ဖောက်ပြန်မှု သဘောတရား
(၂) ဝေဒနာက္ခန္ဓာ = ဝေဒနာအစု ခံစားမှု သဘောတရား
(၃) သညာက္ခန္ဓာ = သညာအစု မှတ်သားမှု သဘောတရား
(၄) သင်္ခါရက္ခန္ဓာ = သင်္ခါရအစု ပြုပြင်မှု သဘောတရား
(၅) ဝိညာဏက္ခန္ဓာ = ဝိဉာဏ်အစု သိမှု သဘောတရား

## ခန္ဓာ (၅) ပါး၊ ရုပ် နာမ် (၂) ပါးမှာ

(၁) ရူပက္ခန္ဓာ - ရုပ် ရုပ်ပရမက်

(၂) ဝေဒနက္ခန္ဓာ
(၃) သညာက္ခန္ဓာ } နာမ်
(၄) သင်္ခါရက္ခန္ဓာ — စေ တသိက် ပရမတ်
(၅) ဝိညာဏကန္ဓာ — စိတ် ပရမတ်

(မှတ်ချက်)

ခန္ဓာ ငါးပါးကို ယက္ကာယ ဟုလည်း ခေါ်သည်။

## "ခန္ဓာငါးပါးသက္ကာယတရား"

မိုးကုတ်ဆရာတော် ဘုရားကြီးက ပထမဆုံး နံပါတ် (၁) ထား၍ ဆုံးမသည်မှာ၊ ပစ္စုပ္ပန် အာရုံနှင့် ဒွါရ တိုက်လို့ပေါ်လာသော ခန္ဓာငါးပါး (ဝါ)ရုပ်နာမ် တရားကို ကွဲကွဲပြားပြား သိထားရမည်၊ စိတ်တစ်ခုပေါ်တိုင်း အစုငါးပါး (ဝါ) ခန္ဓာ ငါးပါးတစ်ပေါင်းတည်း အတူတကွဖြစ်သည်ကို သိထားရမည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်မှာ ဒွါရ (၆) ပါး၊ (၁) မျက်စေ့၊ (၂) နား၊ (၃) နှာခေါင်း၊ (၄) လျှာ၊ (၅) ကိုယ်၊ (၆) စိတ်နှင့်ပြင်ပ အာရုံများဖြစ်ကြသော (၁)အဆင်း (၂) အသံ (၃) အနံ့ (၄) အရသာ (၅) ထိတွေ့စရာ (၆) ကြံတွေးစရာတည်း ဟူသော အာရုံ (၆) ပါးနှင့် ပေါင်းဆုံမှ ပေါ်လာသော (၁) (မြင် စိတ်) မြင်ခန္ဓာ ၅ ပါး (၂)(ကြား စိတ်) ကြားခန္ဓာ ၅ ပါး (၃) (နံ စိတ်) နံခန္ဓာ ၅ ပါး (၄) (စား စိတ်) စားခန္ဓာ ၅ပါး(၅)(ထိတွေ့စိတ်) ထိခန္ဓာ ၅ ပါး (၆) (ကြံ တွေး စိတ်) တွေးခန္ဓာ ၅ ပါးတို့ ဖြစ်ပေါ်သည်။

ခန္ဓာ ငါးပါးသည် သင်္ခါယ တရားများဖြစ်သည်၊ ထိုစိတ် ၆ ပါးတို့သည် အာရုံနှင့်ဒွါရ တိုက်မှ ပေါ်လာသော စိတ်များဖြစ်သောကြောင့် စိတ်တစ်ခု ဖြစ်တိုင်း ခန္ဓာငါးပါး (ရုပ် + စိတ် စေတသိက်) များ တစ်ပေါင်းတည်း အတူတကွ ပေါ်လာသည်၊ ပျက်တော့လည်း အတူတကွ တပေါင်းတည်း ပျက်ကြသည်။

ခန္ဓာငါးပါးမသိပဲနှင့် ဖြစ်ပျက်မမြင်နိုင်ပါကြောင်း ခန္ဓာငါးပါးသင်္ခါယ တရားကို ပိုင်းခြားသိရမည်ဖြစ်ကြောင်း၊ (ခန္ဓာဖြစ်စဉ်ဆိုသည်မှာ၊ အာရုံနဲ့ဒွါရတိုက်တိုင်းပေါ်လာသည့် ခန္ဓာများဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ်အရ ပေါ်လာသည့် ခန္ဓာကိုဆိုလိုပါသည်၊ ခန္ဓာကိုယ်ကောင်းကြီးကိုမဆိုလိုပါ)

## အာယတန (၁၂) ပါး

အာ ယ တ န ဆိုသည်မှာ တည်ရာ၊ စုရာ၊ သက်ရောက်ရာကို ခေါ်သည်၊ ကိုယ် ခန္ဓာကြီးတွင် ဆိုင်ရာ၊ ဆိုင်ရာ၊ အာရုံတည်ရာ၊အာရုံယူသော တရားတို့၏ တည်ရာဖြစ်သည်၊ သံသရာချဲ့တတ်သော တရားဟုလည်းခေါ်ဆိုကြသည်၊အတွင်းအာယတန ခြောက်ပါးနှင့်၊ အပြင် အာယတန ခြောက်ပါး ပေါင်း ပေါင်း (၁၂) ပါးဖြစ်သည်။

| အတွင်းအာယတန(၆)ပါး | | အပြင်အာယတန(၆) ပါး | |
|---|---|---|---|
| (၁) မျက်စိ | (စက္ခု) | (၁) အဆင်း | (ရူပါရုံ) |

| | | | |
|---|---|---|---|
| (၂) နား | (သောတ) | (၂) အသံ | (သဒ္ဒါရုံ) |
| (၃) နှာခေါင်း | (ဃာန) | (၃) အနံ့ | (ဂန္ဓာရုံ) |
| (၄) လျှာ | (ဇိဝှာ) | (၄) အရသာ | (ရသာရုံ) |
| (၅) ကိုယ် | (ကာယ) | (၅)ထိတွေ့စရာ | (ဖောဋ္ဌဗ္ဗာရုံ) |
| (၆) စိတ် | (မန) | (၆) ကြံတွေးစရာ | (ဓမ္မာရုံ) |

## ဓါတ် (၁၈) ပါး

သတ္တဝါအလို၊ ပုဂ္ဂိုလ်အကြိုက် မလိုက်ပဲ သူ့သဘာဝ၊ သူ့ကိစ္စကို ဆောင်ကြသမှု၊ အကြောင်းပြု၍ ဓါတ်ဟုသညာအစဉ်လာ၏၊ ဓာတ်တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဖြစ်ပေါ်ခြင်း ရှိသောဓါတ်ကိုဖော်ပြရာ၌ ဓါတ် (၁၈) ပါးရှိသည်။

(၁) အခံဓါတ် ၆ ပါး (မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)

(၂) အတိုက်ဓါတ် ၆ ပါး (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြံတွေးမှု)

(၃) အပွင့်ဓါတ် ၆ ပါး (မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ စားစိတ်၊ ယားနာ ကောင်းစိတ်၊ ကြံတွေးစိတ် တို့ဖြစ်သည်။

# ဓာတ် (၁၈) ပါး

- အာယတန (၁၂) ပါး
  - အတွင်းအာယတန (၆) ပါး(ဝါ) ဒွါရ (၆) ပါး(ဝါ) အခံဓာတ်(၆)ပါး
    - အခံဓာတ်(၆)ပါး
      - (ရုပ်) မျက်စိ
      - နား
      - နှာခေါင်း
      - လျှာ
      - ကိုယ်
      - နာမ် → စိတ်
  - အပြင်အာယာတန(၆)ပါး(ဝါ) အာရုံ(၆)ပါး(ဝါ) အတိုက်ဓါတ်(၆)ပါး
    - အတိုက်ဓါတ်(၆)ပါး
      - (ရုပ်) အဆင်း
      - အသံ
      - အနံ့
      - အရသာ
      - တွေ့ထိစရာ
      - ကြံတွေးစရာ
- အာရုံနှင့်ဒွါရ တိုက်သည့်အခါ ပေါ်တဲ့ အပွင့်ဓါတ်(၆)ပါး
  - အပွင့်ဓါတ်(၆)ပါး
    - (နာမ်) မြင် စိတ်
    - ကြား စိတ်
    - နံ့ စိတ်
    - စား စိတ်
    - ထိတွေ့စိတ်
    - ကြံတွေး စိတ်

ပါဠိလို

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ → စက္ခုဝိညာဏံ = မြင်စိတ်
သောတဉ္စပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ→သောတဝိညာဏံ =ကြားစိတ်
ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ → ဃာန ဝိညာဏံ = နံစိတ်
ဇိဝှါဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ → ဇိဝှာ ဝိညာဏံ = စားစိတ်
ကာယဉ္စပဋိစ္စဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ→ကာယဝိညာဏံ =ထိတွေ့စိတ်
မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ → မနောဝိညာဏံ = ကြံတွေးစိတ်

## သစ္စာလေးပါး

သစ္စာလေးပါး ဆိုသည်မှာ –

(၁) ဒုက္ခသစ္စာ =ဒုက္ခကဆင်းရဲခြင်း၊သစ္စာကအမှန်၊ သို့ဖြစ်၍ ဆင်းရဲခြင်း အမှန်တရား။

(၂) သမုဒယသစ္စာ = ဒုက္ခဖြစ်ကြောင်း အမှန်တရား။

(၃) နိရောဓသစ္စာ = ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်တရား။

(၄) မဂ္ဂသစ္စာ = ဒုက္ခချုပ်ကြောင်းအကျင့်မှန်(ဝါ) အလုပ်မှန်တရား။

သစ္စာလေးပါး တရားမသိလျှင် သံသရာချာချာလည်မည်၊ သစ္စာလေးပါးတရားကို စာသိမျိုးမဟုတ်ပဲ၊ ဝိပဿနာဉာဏ်ဖြင့် ယှဉ်၍ မသိသမျှ ကာလပါတ်လုံးသံသရာစက်ရဟတ်မှ ထွက်ပေါက်မရှိ၊ သံသရာမဆုံးအောင်လည် နေကြရမည်ဖြစ်ကြောင်း မြတ်စွာဘုရားက "စတုကနိပါတ်အင်္ဂုတ္တိုရ်တကျာယောဂဝင်"၌ ဟောကြားခဲ့သည်မှာ "စတုန္နံဘိက္ခဝေအရိယသစ္စာနံ၊ ယထာဘူတ... (ပ) ... သံသရိတံတုမှာကဉ္စ"၊ ထို့ကြောင့်သစ္စာလေးပါး တရားကို ဝိပဿနာဉာဏ်ဖြင့် ယှဉ်၍ သိနိုင်ရန်၊ ပိုင်းပိုင်းခြားခြား၊ ပိုင်ပိုင် နိုင်နိုင် သိနိုင်ရန် မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော သစ္စာလေးပါး တရားများကို မိုးကုတ် တရားစဉ်အတိုင်း ဆက်လက် ဖတ်ရှုပါလေ၊ လုပ်ငန်းစဉ်ကိုလည်း သိရှိလာပါမည်။



## ပရိညာသုံးပါး

မြတ်စွာဘုရား (၄၅) ဝါ အတွင်း ဟောကြားတော်မူခဲ့သည့် ဓမ္မပဒပါဠိတော်၊ အင်္ဂုတ္တိုရ်ပါဠိတော်နှင့် သံယုတ်ပါဠိတော်အစရှိသည့် တရားများကို လေ့လာစီစစ်ရာ၌ အောက်ပါပရိညာ (၃) ပါးသာလျှင်သာဝကအရာဖြစ်ကြောင်း တွေ့ရှိတော်မူ၍ မိုးကုတ်ဆရာတော် ဘုရားကြီးသည် အားရနှစ်သက်စွာကျင့်ကြံအားထုတ်တော်မူခဲ့သည့် ဉာဏ်တွေ့တရားပရိညာသုံးပါးမှာ -

(၁) ဉာတပရိညာ(သိမှု) - ဓမ္မတို့၏ လက္ခဏာ၊ ရသစသည့်တို့ကို ဟုတ်တိုင်း မှန်စွာ ဉာဏ်ဖြင့် ပိုင်းခြား၍ သိမှု (ဝါ) ရုပ်နာမ်ကိုအသိဉာဏ်ဖြင့်ပိုင်းခြားသိမှု၊ (ဒိဋ္ဌိဝိစိကိစ္ဆာကို အသိနှင့် ဖြုတ်မှု)

(၂) တီရဏပရိညာ(ပွားမှု) -ဝိပဿနာ အားထုတ်ခြင်း အားဖြင့် (ဝါ) ပွားမှုဖြင့် ရုပ်နာမ် တို့၏ အနိစ္စ၊ ဒုက္ခ အနတ္တ လက္ခဏာဖြင့် ပိုင်းခြား၍သိမှု။

(၃) ပဟာဏပရိညာ(ပယ်မှု) –သစ္စာ လေးပါးကိုပိုင်းခြား ၍သိခြင်း၊(ပါယ်မှုကိစ္စပြီး၏)

## "ဉာတပရိညာဖြင့်သိရမည့်အသိ"

ညတ = ဉာဏ်၊ပရိညာ = ပိုင်းခြားသိမှု ဖြစ်၍အသိဉာဏ် နှင့်ပိုင်းခြားသိမှုဖြစ်သည်၊ (ဝါ) ဝိပဿနာအား မထုတ်မီသိထား ရန်လိုအပ်သည့် အသိဉာဏ်ဖြစ်သည်။ (ဝါ) ကိုယ်ပိုင်ဉာဏ် ဖြင့်အောင် ပိုင်းခြားသိ ထားရမည့် အသိတရားများမှာ –

(၁) ခန္ဓာ (၅) ပါး
(၂) အာယတန (၁၂) ပါး
(၃) ဓါတ် (၁၈) ပါး
(၄) သစ္စာ (၄) ပါး
(၅) ရှုဉာဏ်တရား
(၆) ပဋိစ္စသမုပ္ပါဒ် (ဝါ) ခန္ဓာပဋိစ္စသမုပ္ပါဒ် တရားတို့ ဖြစ်သည်။

အထက်ပါ တရား တို့ကို ပိုင်းခြား၍ သိရန် (ဝါ) အသိ ဉာဏ်ဖြင့် ရေးဦးစွာ သိရှိထားရန် (ဝါ) ဝိပဿနာအားမထုတ်မီ အထက်ပါ သိစရာတို့ကို ရေးဦးစွာ ကြိုတင် လေ့လာသိရှိ ထားမှ သာသက္ကာယဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ တို့ကို အသိဉာဏ်ဖြင့် ဖြုတ်မှု ရရှိခြင်း၊ ရုပ်နာမ်ကွဲပြားမှုရရှိခြင်း၊ ရုပ်နာမ်ဖြစ်ကြောင်း သိသော

ဉာဏ်သည် (အဝိဇ္ဇာ၊ သင်္ခါရ) ကြောင့်ပဲဟု ရုပ် နာမ် တို့၏ အကြောင်းအကျိုး သိမ်းဆည်း၍ သိသောအသိဉာဏ် တို့ကို ရရှိခြင်း၊ သစ္စာ သိခြင်း၊ နှလုံးသွင်း မှန်ခြင်း၊ စသော အသိမှန်မှု တရားများရရှိ၍ "အသိမှန်မှ အကျင့်မှန်မှု" ရခါ ဗလဝ အားကြီးသည့် ဝိပဿနာကို ဖြစ်စေပြီး ပထမမဂ် ရကြောင်း နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သောအကြောင်း တရားတို့ကို ရရှိစေပါသည်။

## "သံသရာဘေးဆိုးကြီးမှလွတ်၍၊ နိဗ္ဗာန်ရအောင် လိုအပ်သောဉာဏ်"

၁။ ကမ္မဿကတာ ဉာဏ်
၂။ နာမရူပပရိစ္ဆေဒ ဉာဏ်
၃။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်
၄။ ဝိပဿနာ ဉာဏ်
၅။ မဂ် ဉာဏ်

ဆိုသော ဉာဏ် ၅ ပါး လိုပါသည်။

ကမ္မဿကတာဉာဏ် = ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမည်၊ မကောင်းတာ လုပ်ရင်မကောင်းကျိုးပေးမည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း သိသောဉာဏ်ကိုဆိုလိုပါသည်။

နာမရူပပရိစ္ဆေဒဉာဏ် = ရုပ်နှင့်နာမ်တို့ကို ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိသောဉာဏ်ဖြစ်ပါသည်။

ပစ္စယပရိဂ္ဂဟာညာဏ် = အကြောင်းအကျိုးသိမ်းဆည်း သိသောဉာဏ် (ဝါ) ရုပ်နာမ်မည်ကဲ့သို့ ဖြစ်ပေါ်ကြောင်း အကြောင်းနှင့် အကျိုးနှင့် သိမ်းဆည်းသိသော ဉာဏ်ဖြစ်သည် (ပဋိစ္စသမုပ္ပါဒ်) ဖြစ်ပါသည်။

ဝိပဿနာဉာဏ် = အာရုံနှင့်ဒွါရ တိုက်ဆိုင်လို့ ရုပ်နာမ်ဖြစ်ပြီး ပျက်သွားတာကို လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရားနှင့် စောင့်ကြည့်နေခြင်းကို ဆိုလိုသည်၊ စောင့်ကြည့်သည့်အခါစိတ်ကလေးတစ်ခု ဖြစ်ပေါ်ပြီး ပျက်သွားသည်ကို သိလိုက်သောဉာဏ်၊ ရေတစ်ဆင့်တက်၍ ပေါ်လာသည့်စိတ်ကလေးမရှိမှန်းသိသောဉာဏ်၊ စိတ်အသေကို အရှင်နှင့်ကြည့်သောဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်သည်။ ထိုမှတဆင့် ဖြစ်ပျက်မြင်သောဉာဏ်မှာလည်း ဝိပဿနာဉာဏ်ပင် ဖြစ်ပါသည်။

**မဂ်ဉာဏ် (ဝါ) လောကုတ္တရာမဂ်ဉာဏ်**

ဝိပဿနာဉာဏ်မှ အနီးကပ်ဆုံး ကျေးဇူးပြုလိုက်သည်နှင့် ဒုက္ခခပ်သိမ်းငြိမ်းသော နိဗ္ဗာန်ကို ဉာဏ်အားဖြင့် မြင်စွမ်းနိုင်သော လောကုတ္တရာမဂ်ဉာဏ်ဖြစ်သည်။

## ရှုဉာဏ်တရား

ဝိပဿနာ ရှုဉာဏ်တရားဆိုသည်မှာ ဝိပဿနာရှုရာ၌ ရှုဉာဏ်တရားငါးပါးနှင့် ရှုရ၏၊ ရှုဉာဏ်တရားငါးပါးကို ကာယက

မဂ္ဂင်ငါးပါး၊ အလုပ်မဂ္ဂင်ငါးပါး၊ လောကီမဂ္ဂင်ငါးပါး၊ ရှေ့ပြေး မဂ္ဂင်ငါးပါး၊ ပုဗ္ဗဘာဂမဂ္ဂင်ငါးပါး၊ ပဋ္ဌင်္ဂိကမဂ္ဂင်ငါးပါး၊ ရှုဉာဏ် တရားငါးပါးဟု အသီးသီးခေါ်ဝေါ်ကြ၏ မဂ္ဂင်ငါးပါးရှုဉာဏ် တရားတွင်

**ပညာမဂ္ဂင် (၂) ပါးသည်**

(၁) မှန်စွာ၊ ကောင်းစွာသိမြင်ခြင်းသည်(သမ္မာဒိဋ္ဌိ)မည်၏။

(၂) မှန်စွာ၊ ကောင်းစွာကြံစည်ခြင်းသည် (သမ္မာသင်္ကပ္ပ) မည်၏။

**သမ္မာဓိမဂ္ဂင် (၃) ပါးသည်**

(၁) မှန်စွာ၊ ကောင်းစွာအားထုတ်ခြင်းသည်(သမ္မာဝါယာမ) မည်၏။

(၂) မှန်စွာ၊ ကောင်းစွာအောင့်မေ့ခြင်းသည် (သမ္မာသတိ) မည်၏။

(၃) မှန်စွာ၊ ကောင်းစွာတည်ကြည်ခြင်းသည် (သမ္မာသမာဓိ) မည်၏။

ပညာမဂ္ဂင်နှစ်ပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပေါင်းမဂ္ဂင်ငါး ပါးသည် ဝိပဿနာမဟာ ကုသိုလ်ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ် ပြီး ကိလေသာ သံယောဇဉ်များကို ပယ်သတ်ခြင်း (တစ်နည်း) လောကီစိတ်နှင့်သာ ယှဉ်၍ ဝိပဿနာရှုရခြင်း တို့ကြောင့် လော ကီ မဂ္ဂင်ငါးပါးဟု ခေါ်ဆိုသည်။

# မဂ္ဂင် (၈) ပါး

မဂ္ဂင် (၅) ပါးရှုဉာဏ်တရား သီလမဂ္ဂင်(၃)ပါး




၄င်း မဂ္ဂင် (၅) ပါးသည် ရှုဉာဏ်တရား ဖြစ်ပါသည်။

(မှတ်ချက်)။ ။ ဒုက္ခခပ်သိမ်းငြိမ်း၍ နိဗ္ဗာန်ကိုမြင်စွမ်းနိုင်

သော လောကုတ္တရာမဂ်ဉာဏ် ကို ရသည့် အခါ မဂ္ဂင်(၅) ပါး အပြင် သီလ မဂ္ဂင် (၃) ပါးနှင့် ပါ ပြည့်စုံ၍ မဂ္ဂင်(၈) ပါး နှင့် ပြည့်စုံသော အရိယာနွယ်ဝင်သူတော်စင်သူတော်ကောင်းသူတော် မြတ် ဖြစ်လာပါသည်။

## အရှုခံခေါ်ရာကိုရှု ဉာဏ်နှင့်လိုက်ပါ

အာရုံနှင့်ဒွါရတိုက်တိုင်း၊ တိုက်တိုင်းပေါ်လာတဲ့တရားသည် အရှုခံတရားဖြစ်သည်၊ ထိုအရှုခံတရားကို ပိုမသိနဲ့၊ ရှာမရှုနဲ့၊ ကြိုမသိနဲ့၊ သူဆွဲဆောင်တဲ့အတိုင်း ရှုပေးပါ၊ အရှုခံခေါ်ရာကို ရှု ဉာဏ်နဲ့လိုက်ပေးပါ။ ပေါ်ရာလိုက်ရင် သစ္စာလေးပါးပေါ်လာ မည့်ဟုဟောကြားပါသည်။

## မဂ္ဂင်ငါးပါးပြည့်မှဖြစ်ပျက်မြင်မည်

မျက်စိနှင့် အဆင်း၊ နားနှင့်အသံတို့ တိုက်ဆိုင်၍ ပေါ် လာသော မြင်စိတ်၊ ကြားစိတ်တို့မှာရုပ်၊ ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာ ငါးပါး (ဝါ) ရုပ်နာမ်၊ နှစ်ပါး တို့၏ "အဖြစ်သိတာသည် (၁) သမ္မာ ဝါယာမ (၂) သမ္မာသတိ (၃) သမ္မာသမာဓိဟုခေါ်သော သမာဓိ မဂ္ဂင် ၃ ပါးနှင့် စောင့်၍ ကြည့်မှခန္ဓာငါးပါးပေါ်မှန်းသိရပါသည်၊ ခန္ဓာငါးပါး "ပျက်မှန်း" သိတာသည် (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးကြောင့် သိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျေးဇူးရှင်

မိုးကုတ်ဆရာတော်ဘုရားကြီးက မဂ္ဂင်ငါးပါးမစုံပဲ နှင့်ဖြစ်ပျက် မမြင်နိုင်ဟုဟောကြားပါသည်။

## ရှေ့ကဖြစ်ပျက်နောက်ကမဂ်

စိတ်ဆိုသည်မှာနှစ်စိတ် တပြိုင်တည်း မပေါ်ကောင်းပါ။ အရှုခံခန္ဓာပေါ်ချိန်မှာရှုဉာဏ်မပေါ်နိုင်ပါ။ ရှေ့ခန္ဓာဖြစ်ပျက်ကိုနောက်မဂ္ဂင်ငါးပါးရှုဉာဏ်တရားနှင့်သိပေးရပါသည်။ ထို့ကြောင့် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက ရှေ့က ဖြစ်ပျက်နောက်ကမဂ်ဟု ဝိပဿနာ ဉာဏ်ဖြစ်ပုံ ဟောခဲ့ပါသည်။

ရှေ့ကဖြစ်ပျက်ဆိုသည်မှာ ခန္ဓာ ငါးပါးအရှုခံ တရား၊ နောက်ကမဂ်ဆိုသည်မှာဖြစ်ပျက်ကိုသိလိုက်သော မဂ္ဂင်ငါးပါး ရှုဉာဏ်တရားဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးက ရှေ့ကအရှုခံ နောက်က ရှုဉာဏ်ဟုလည်း ဝိပဿနာအားထုတ် တတ်အောင် ဟောပါသေးသည်၊

## အရှုခံနှင့်ရှုဉာဏ်

အရှုခံကခန္ဓာငါးပါး၊ ရှုဉာဏ်ကမဂ္ဂင်ငါးပါးဖြစ်ပါသည်၊ အရှုခံခန္ဓာပေါ်ရာကြည့်လိုက်တော့ ခန္ဓာတွေ့သလား၊ မရှိတာ တွေ့သလားဆိုတော့ မရှိတာတွေ့ပါသည်၊ ဒါကြောင့်မြတ်စွာ ဘုရားတရားတော်အတိုင်း မိုးကုတ် ဆရာတော်ဘုရားကြီးက လည်း "ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ" ဟုဟောပါသည် (ဟု

ဖြစ်ပြီး၍ အဘာ ဝတ္တေန မရှိတော့သည့်သဘောကြောင့်၊ အနိစ္စံ အနိစ္စမည်၏) ဤသို့ဖြစ်ပျက်မြင်မှသာလျှင် ခန္ဓာငါးပါး အနိစ္စ တရား၊ ခန္ဓာငါး ပါးဒုက္ခတရား၊ ခန္ဓာငါးပါးအနတ္တတရားဟု လက္ခဏာရေးသုံး ပါးကို ဉာဏ်နှင့်တွေ့နိုင်ပါသည်။ ပါးစပ်က ရွတ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် ဉာဏ်တွေ့ မဟုတ်ပါ၊ စာရွတ်သည်သာလျှင်ဖြစ်သည်ဟု မိုးကုတ်ဆရာတော်ဘုရားကြီး က ဆုံးမ ဟောကြားပါသည်။

## ကိုယ့်အသေကိုယ်ရှုရန်

ကိုယ့်အသေကိုယ်ရှုဆိုသည်မှာ အာရုံနှင့်ဒွါရတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပေါ် ပြီး ပျက်စီးသွားတာကိုယ့်အသေလို့ခေါ်ပါသည်၊ ရှုရန်ဆိုသည် မှာ ဖြစ်ပေါ်လာသော ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုတို့ကို စောင့် ကြည့်နေသော မဂ္ဂင် (၅) ပါး ရှုဉာဏ်တရား (သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ) ပညာမဂ္ဂင် (၂) ပါး (သမ္မာဝါယာမ၊ သမ္မာသတိ) သမ္မာ သမာဓိ သမ္မာဓိမဂ္ဂင်(၃) ပါးနှင့် စောင့်ကြည့်နေခြင်းကို ရှုရန် ဟု ခေါ်ပါသည်။

## အရက်တက်ရင်နေထွက်ပုံ – (ဥပမာ)

နာမရူပပရိစ္ဆေဒကထာကျမ်း၌ လာသောအာရက်တက်ရင် နေထွက်ပုံကို မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောကြားသည် မှာ အာရက်တက်နေတာသည် နေထွက်ဖို့ရော့ပြေးဖြစ်သလို ဝိပ

## တရား၊ အနှစ်သာရ၊ ရှုပွားနည်း

ဿနာအားထုတ်နေခြင်းသည်၊ မဂ်ဉာဏ်၏ရှေ့ပြေးဖြစ်ကြောင်း၊ ဝိပဿနာဉာဏ် အမြင်မသန့်ပဲနဲ့လည်း လောကုတ္တရာမဂ္ဂင်က လာကိုမလာပါဘူး၊

ထို့ကြောင့် ဝိပဿနာတရားများအား ထုတ်နေခြင်းသည် အာရုဏ်တက်နေသည်နှင့်တူကြောင်း၊ မဂ်ဉာဏ်ပေါ်လာခြင်းသည်၊ နေမင်းကြီး ထွက်လာခြင်းနဲ့တူကြောင်း၊ အာရုဏ်တက်တဲ့ ကိစ္စနှင့်တူသည့် ဝိပဿနာဉာဏ်ကို သာရင့်အောင် လုပ်ကြပါ ဟု ဆရာတော်ဘုရားကြီးကဟောကြားခဲ့ပါသည်။

၁။ အဋ္ဌင်္ဂိကမဂ် (၈) ပါး (ဝါ) မဂ္ဂင် (၈)ပါးသည် လောကုတ္တရာမဂ်ဖြစ်ပါသည်။

၂။ ပဉ္စင်္ဂိကမဂ် (၅) ပါး (ဝါ) ပုဗ္ဗဘာဂမဂ် (ဝါ) ရှုဉာဏ် တရားငါးပါးသည် လောကီမဂ်ဖြစ်ပါသည်။

ဝိပဿနာတရားအားထုတ်၍ဖြစ်ပျက်မြင်ခြင်း၊ ဖြစ်ပျက်မှန်းခြင်းသည် လောကီမဂ္ဂင်ဖြစ်၍ ဖြစ်ပျက်အဆုံးအမြင်သည် လောကုတ္တရာမဂ္ဂင်ဖြစ်ပါသည်။

### အကဲဖြတ်လင်္ကာ

ဖြစ်ပျက်မြင်ကာ၊ ဝမ်းသာနှစ်သက်၊ အရောင်ထွက်၍၊
ကြက်သီးထစွာ၊ ကြုံတွေ့လာ၊ မဂ္ဂါမဝေးမှတ်
ယတော ယတော သမ္မ သတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

(ဓမ္မပဒပါဠိတော်)

ခန္ဓာ ငါးပါး အခြင်းအရာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်၍၊ ထိုသို့သုံးသပ်ရာ၌ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိကိုရ၍၊ ထိုသို့ရသောပညာရှိအား နိဗ္ဗာန်သို့ရောက်ကြောင်း တည်း။

## ဒိဋ္ဌိဖြုတ်ရေး

မိုးကုတ်ဆရာတော် ဘုရားကြီးက ဝိပဿနာအားထုတ်တော့မယ်လို့ဆုံးဖြတ်လျှင် ဒိဋ္ဌိဖြုတ်မှုကို အသိ နှင့်ဦးစွာဖြုတ်ဖို့ အရေးကြီးကြောင်း၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်အတိုင်း သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ စသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဦးစွာအသိဉာဏ်ဖြင့် ဖြုတ်ထားပြီးမှ ဝိပဿနာ အားထုတ်သင့်ကြောင်း၊ ဒိဋ္ဌိခံနေလျှင် ဖြစ်ပျက်မြင်ပေမဲ့နိဗ္ဗာန်ကိုမရနိုင်ကြောင်း သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပါယ်သော မဂ်ဖြစ်၍ ဒီမဂ်ကို ရချင်ရင် မိမိအားထုတ်မည့် ဝိပဿနာသည် ဗလဝအားကြီးသည့် ဝိပဿနာ အဆင့်ရောက်အောင် ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ ကို ပဌမဉာဏ်တပရိညာ (အသိ)နှင့် ဦးစွာ ဖြုတ်ထားရမည်ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁။ | သက္ကာယဒိဋ္ဌိ | = | ခန္ဓာ(၅) ပါးကို ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ၊ယောကျ်ား၊မိန်းမဟုထင်မှတ်မှားသောအယူ။ |
| ၂။ | သဿတဒိဋ္ဌိ | = | ခန္ဓာ (၅)ပါးကိုခိုင်သည်၊မြဲသည်ဟုထင်မှတ်မှားတတ်သောအယူ။ |

၃။ ဥစ္ဆေဒဒိဋ္ဌိ = ဒီဘဝက သေပြီးရင် ပြတ်တယ်ဟု ထင်မှတ်မှားသောအယူ။
၄။ ဝိစိကိစ္ဆာ = သံသယရှိခြင်းတို့ပင်ဖြစ်သည်။

## သက္ကာယဒိဋ္ဌိပါယ်ကြောင်း

မြင်စိတ် တစ်ခုပေါ်လာရာ၌ ထိုမြင်စိတ်သည် ခန္ဓာငါးပါးပဲ ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမ မဟုတ်ဟု သေသေချာချာ ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှင်းပါလျှင် ထိုမြင်စိတ် အပေါ်မှာ သက္ကာယဒိဋ္ဌိကို အသိနှင့်ပါယ်ပါသည်။

## သဿတဒိဋ္ဌိပါယ်ကြောင်း

ထိုမြင်စိတ်သည် ဖြစ်ပေါ်ပြီးပျောက်ပျက်သွားသည့်အပျက်ကိုမြင်လျှင် ခိုင်သည် မြဲသည်ဟု ယူဆထားသည် သဿတဒိဋ္ဌိကို အသိနှင့်ပါယ်ပါသည်။

## ဥစ္ဆေဒဒိဋ္ဌိပါယ်ကြောင်း

ထိုမြင်စိတ်ပေါ်လာရသည့်တရားသည်ပျက်သွားပြီးနောက် တရား တစ်ခု အစားထိုးပြီးပေါ်လာတာကို ဉာဏ်ထဲမှာ သေသေချာချာ ပိုင်ပိုင် နိုင်နိုင် ရှင်းလျှင် ဘဝပြတ်သည်ဟု ယူဆထားသည့် ဥစ္ဆေဒဒိဋ္ဌိစင်ပါသည်။

## ဝိစိကိစ္ဆာပယ်ကြောင်း

မြင်စိတ်ဆိုသည့်တရားကလေးသည် အလိုလိုပေါ်လာခြင်း မဟုတ်၊ မျက်စေ့နှင့်အဆင်း တိုက်ဆိုင်၍သာပေါ်လာသော မြင်စိတ် တရားပဲဟု ဉာဏ်ထဲမှာ ပိုင်ပိုင် နိုင်နိုင် ရှင်းလျှင်- ဝိစိကိစ္ဆာပယ်ပါသည်။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပထမဦးစွာ ဘာကြောင့် ဖြုတ်ရပါသနည်း ဆိုလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ပိတ်ပင်တားဆီးတတ်သောကြောင့် ဦးစွာ ဖြုတ်ရပါသည်။

## ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ထားရမည်

သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒ ဒိဋ္ဌိ တို့ ဖြစ်ရ ခြင်းသည် ပဋိစ္စသမုပ္ပါဒ်တရား (ဝါ) ခန္ဓာဖြစ်စဉ်မသိ၍ နားမလည်၍ ဖြစ်ရပါသည်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာချင်လျှင် ခန္ဓာဖြစ်စဉ်၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိဖို့လိုပါသည်။ နိဗ္ဗာန်လိုချင်လျှင် ဝိပဿနာတရားအားထုတ်ရမည်။ ဝိပဿနာ တရားအားထုတ်ပါလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အသိနှင့် ဖြုတ်ထားရမည်။ အကြောင်းမှာ သောတာပန်၊ သောတာပတ္တိ မဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သော မဂ်ဖြစ်၍ သောတာပန် ဖြစ်လိုလျှင် ဒိဋ္ဌိကို အသိနဲ့ ဖြုတ်၊ အပွားနှင့်ဖြုတ်နိုင်မှ ပယ်ပြီးအပ်သော သောတာပန်၊ သောတာပတ္တိမဂ်ကိုရနိုင် ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အသိနှင့် ပြုတ်အောင် ပဋိစ္စသမုပ္ပါဒ်ကို နားလည် ထားရမည်ဖြစ်ကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီး ကဟောကြားပါသည်။

# ပဋိစ္စ သမုပ္ပါဒ် နိဒါန်း

ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မြတ်စွာဘုရားသည် ပုဂ္ဂိုလ် အမျိုးမျိုးအလိုက်နေရာအမျိုးမျိုးမှာဟောကြားခဲ့ပါတယ်၊ ဘုရား ဟောတွေမှာ ပဋိစ္စသမုပ္ပါဒ်ပါတဲ့ကျမ်းတွေကများပါတယ်၊ ပဋိစ္စ သမုပ္ပါဒ်ကိုပဋိကတ်သုံးပုံနဲ့ကြည့်ရင်ပဋိစ္စသမုပ္ပါဒ်က အဘိဓမ္မာ ဖြစ်ပေမဲ့ ဝိနည်းမှာလည်းပါတယ်၊ သုတ္တန်မှာတော့ အများဆုံး ပါပါတယ်၊ သုတ္တန်တိုင်းလိုလိုမှာ ပဋိစ္စသမုပ္ပါဒ်တရား များကို တွေ့နိုင်ပါတယ်၊ သုတ္တန်တရားတော်တွေထဲမှာ ပဋိစ္စသမုပ္ပါဒ် တရားဟာ အမြင့်ဆုံးတရားတော်ဖြစ်ပါတယ်၊ နိကာယ် ငါးရပ် မှာကြည့်ရင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရနိ ကာယ်၊ ခုဒ္ဒက နိကာယ် ငါးရပ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် တရားတွေ အများဆုံး တွေ့နိုင်ပါတယ်။

ဗုဒ္ဓဝင် ထဲမှာလည်း မြတ်စွာဘုရားအလောင်းတော်သည် ဗောဓိပင်ရင်းမှာမာန်စစ်သည်များကို အောင်မြင်တော်မူပါတယ်၊ ညဦးယံမှာ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံမှာ ဒိဗ္ဗစက္ခု ဉာဏ်ကို အောင်တော်မူပြီး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံဆင် ခြင်တော်မူပါတယ်၊ ဆင်ခြင်တဲ့ အခါမှာ ကာမာသဝ၊ ဘဝါ သဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါ တရား လေးပါးတို့၏ကုန်ရာ "အာသဝက္ခယဉာဏ်တော်၊ အရဟတ္တ မဂ်ဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်တို့ကိုမိုးသောက်ယံ မှာ ရရှိတော်မူပါတယ်၊

မြတ်စွာဘုရားအလောင်းတော်သည်ပဋိစ္စသမုပ္ပါဒ်ကိုအနုလုံ ပဋိလုံ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သည့်အခါမှာ ဘုရားအဖြစ်သို့ရောက်တော်မူကြောင်း ဗုဒ္ဓဝင်ထဲမှာ ပါရှိပြီး ဖြစ်ပါတယ်။ ဘုရားအဖြစ်သို့ ရောက်ရှိစေသော ဝိပဿနာသည် ပ ဋိစ္စသမုပ္ပါဒ် လို့လည်း အချို့ကျမ်းများမှာဖော်ပြကြပါတယ်။ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်လို့ ဘုရားအဖြစ်သို့ရောက်ပုံကိုလည်း ဝိနည်းငါးကျမ်းထဲက ဝိနည်းမဟာဝါမှာလည်း ဟော ပြထားပါတယ်။

မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ဘုရားဖြစ်ပြီး ပထမ (၇) မှာ (အရဟတ္တဖိုလ်)၊ ဖလသမာပါတ်ကို ဝင်စားပြီးနိဗ္ဗာန် ချမ်းသာကို ခံစားတော်မူပါတယ်၊ ခုနစ်ရက်ပြည့်ပြီး အချိန်မှာ ထိုဖလသမာပတ်မှ ထတော်မူလျက်ဒုတိယသတ္တာဟ ဒုတိယ(၇) ရက်မှာ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံဆင်ခြင်ပြီးမှ ဥဒါန်းတစ်ဂါထာ၊ ဒုတိယအကြိမ် ပဋိလောမပဋိလုံဆင်ခြင်ပြီးမှ ဥဒါန်းတစ်ဂါထာ၊ တတိယအကြိမ် အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပြီးမှ ဥဒါန်းတစ်ဂါထာကျူးရင့်ပါတယ်၊ ပဌမဗောဓိဝဂ်၊ ဒုတိယ ဗောဓိဝဂ်၊ တတိယဘောဓိဝဂ်လို့လည်းခေါ်ပါတယ်။

အဌကထာ ဆရာများက မြတ်စွာဘုရားရဲ့ ပဌမဦးဆုံး စကားတော်သည် ထိုဥဒါန်းပါဠိတော်သုံးပုဒ်လာ ပဋိစ္စသမုပ္ပါဒ် တရားဟု ပင် ဆိုရိုးပြုကြပါတယ်၊

ပဋိစ္စသမုပ္ပါဒ်သည် မြတ်စွာဘုရားရှင် ပဋ္ဌမဦးဆုံးနှုတ်တော်မှ သောမနဿသဟဂုတ်မဟာကြိယာဉာဏ သမ္ပယုတ် ဇောစိတ္တုပ္ပါဒ်အစွမ်းဖြင့် ခံစားမှုမပါသော ဉာဏ်နှင့်ယှဉ်သော ဝမ်းမြောက်ခြင်းဖြင့် ဥဒါန်းကျူးရင့်တော်မူတဲ့ တရားတော်ဖြစ်လို့ ဘုန်းတော်ကြီးကျောင်းများမှာ ပဋိစ္စသမုပ္ပါဒ်နဲ့ ဥဒါန်းဂါထာတော် ကို ဘုရားရှိခိုးစဉ်မှာ ထည့်ပြီးရှိခိုးကြတဲ့ အစဉ်အလာရှိခဲ့ပါတယ်၊ ဘုရားအနေကဇာတင်ပူဇော်တဲ့အခါမှာလည်း သံဃာတော်များက ဥဒါန်းပါဠိတော်ကို ရွတ်ဆိုကြပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင်ဟောကြားတော်မူခဲ့ပုံမှာ ဒီဃနိကာယ်သုတ်၊ မဟာနိဒါနသုတ်မှာ ရှင်အာနန္ဒာကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါတယ်။

မဇ္ဈိမနိကာယ်သုံးကျမ်းထဲက ပထမမူလ ပဏ္ဏာသကျမ်း၊ မဟာတဏှာသင်္ခယသုတ်မှာ သာတိရဟန်းကို အကြောင်းပြုပြီး မြတ်စွာဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဟောကြားခဲ့ပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်များထဲမှာလည်းပါပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဘုရားရှင်သည် အဝိဇ္ဇာက ဇရာမရဏထိအောင်အစအဆုံးဟောသည်လည်းရှိပါတယ်၊ ဇရာမရဏကနေ အဝိဇ္ဇာထိပြန်ဟောတာလည်းရှိပါတယ်၊ မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးက

လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အစမှ အဆုံး လယ်ပုံ၊ အဆုံးမှ ပြန်ပါတ်ပုံ၊အလယ်မှဖောက်ပါတ်ပုံတို့ကို မြတ်စွာဘုရား ဟော ကြားသည့် အတိုင်းထပ်မံဟောကြားတော်မူခဲ့ပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်နဲ့ သစ္စာ(၄)ပါးတရားဟာ ဗုဒ္ဓ ဘာသာမှာ အမြင့်ဆုံးတရားဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ကြောင်း တရားလည်း ဖြစ်လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက အမြင့်ဆုံး တရားတော် ၂ ခုကို အများဆုံး ဟောပါတယ်၊ ဘုရားဟော ပါဠိတော်ကြီးများဖြစ်တဲ့သံယုတ္တ၊ အင်္ဂုတ္တရ၊ မဇ္ဈိမ နိကာယ်၊ ပဋ္ဌာန၊ ဓမ္မပဒကျမ်းများနဲ့ ဟပ်ပြီး ဝတ္ထု ထုတ်ချ၍ နားမလည် မရှိရအောင်ဟောခဲ့ပါတယ်။ တရားခွေများ အဖြစ် ကက်ဆက် အခွေတစ်ထောင်ခန့်ဟောခဲ့ပါတယ်၊ အလွန် ကြည်ညို၊အံ့ဩဖွယ် ကောင်းလှတဲ့ကျေးဇူးရှင်ဆရာတော်ကြီးပါပဲ၊

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သဘောပေါက်ရင် သစ္စာ လေးပါးတရားကိုလည်း သိသွားနိုင်အောင် မိုးကုတ်ဆရာတော် ဘုရားကြီးသည် သစ္စာလေးပါး တရားဟောတိုင်း၊ဟောတိုင်း မှာပဋိစ္စသမုပ္ပါဒ်တရားကိုလည်း စက်ဝိုင်းဒေသနာနဲ့ ယှဉ်တွဲပြီး ဟောကြား ပြသခဲ့ပါတယ်၊ အလွန်ကောင်းမြတ်၊ မွန်မြတ်ပြီး အလွန်ရခဲလှတဲ့ တရားတော်များ အဖြစ်သိရှိနိုင်ကြပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သံယုတ္တပါဠိတော်လာကစ္စာ ယနဂေါတ္တသုတ်မှာ ရှင်အာနန္ဒာက ဆန္နမထေရ်ကို အကြောင်း

ပြုပြီး ဟောတာလည်းရှိပါတယ်၊ ဟောရတာကလည်း ဘုရားနဲ့ ဘွားဘက်တော်ဖြစ်တဲ့ ဆန္ဒမထေရ်ဟာ ဘုရားနဲ့ သိပ်ရင်းနှီးပြီး သူဖြစ်လို့တရားရချင်တဲ့ ဆန္ဒမရှိလို့ ဘုရားလက်ထက်တော်မှာ တရားမရခဲ့ပါဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှာ ရှင်ဆန္ဒဟာ တရားရချင်တော့ ရှင်အာနန္ဒာကို ကပ်ပြီး တရားရအောင် တောင်းပန်ရာတယ်၊ ရှင်အာနန္ဒာကလည်း ရှင်ဆန္ဒမှာ ဥဒယဝ ယဉာဏ်ခေါ်တဲ့ဖြစ် ပျက်မြင်တဲ့ ဉာဏ်ရပေမဲ့လည်း ဒိဋ္ဌိခံနေတာ ကိုသိတယ်၊ ဒီတော့ရှင်အာနန္ဒာကရှင်ဆန္ဒကို ဟောဘို့တရား အနေနဲ့ ဒိဋ္ဌိကိုအလွယ်ဆုံးဖြုတ်နိုင်တဲ့ တရားကိုရှာတော့ မြတ်စွာ ဘုရားရှင်ကရှင်မဟာကစ္စည်းကို ဟောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်တရား ကို တွေ့တော့ ဘုရားရှင်ဟောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်တရား ကိုပဲ ရှင်အာနန္ဒာက ရှင်ဆန္ဒကို ပြန်ဟောတော့မှ ရှင်ဆန္ဒဟာ တရား ရသွားပါတယ်။

ရှင်ဆန္ဒဒိဋ္ဌိမကွာလို့ ပဋိစ္စသမုပ္ပါဒ်တရားပြရကြောင်းကို မိုး ကုတ်ဆရာတော်ဘုရားကြီးကလည်း ဟောကြားခဲ့တဲ့ တရားတော် တွေမှာ ထည့် သွင်းဟောခဲ့ပါတယ်။

ပဋိစ္စသမုပ္ပါဒ် တရားတော်အနေနဲ့ ပဋ္ဌာန်သမ္ဘိဒါမဂ် ပါဠိတော် ကြီးမှာလည်း ပါပါတယ်၊ အဘိဓမ္မာခုနစ်ကျမ်းမှာ လည်း သီးခြား ဝိဘင်း အဋ္ဌကထာ အနေနဲ့ ပဋိစ္စသမုပ္ပါဒ်ကို ခွဲ ပြထားပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်ဟာ ဒိဋ္ဌိကို ဖြုတ်နိုင်တဲ့ အသင့်တော်ဆုံး တရားတော်ပါပဲ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိတွေနဲ့ သက္ကာယဒိဋ္ဌိဆိုတဲ့ မွေးကထဲကသိလာတဲ့ ငါ သူ၊ ယောကျာ်း၊မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့အရိုးစွဲအောင် သိနေတဲ့ ဒိဋ္ဌိ၊ ဒီဒိဋ္ဌိအယူအစွဲတွေဟာ ပဋိစ္စသမုပ္ပါဒ်တရားကို နားမလည်နိုင်လို့ ဖြစ်နေတော့၊ ပဋိစ္စသမုပ္ပါဒ်တရားဟောတော့မှ ဒိဋ္ဌိတွေကို (ဉာတပရိညာ) အသိနဲ့ဖြုတ်ပါတယ်၊ ဒိဋ္ဌိကို အသိနဲ့ဖြုတ်ပြီးမှ ဝိပဿနာပွားမှုအဆင့်ကို တက်ရပါတယ်၊ သက္ကာယဒိဋ္ဌိခံနေရင် ဘယ်လိုပဲ၊ ဝိပဿနာတရားဟောဟော၊ ဘယ်လိုပဲ ဝိပဿနာတရားအားထုတ် အားထုတ်ဘယ်တော့မှ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပါဘူး။

"ယောပဋိစ္စသမုပ္ပါဒံပဿတိ၊ သောဓမ္မံပဿတိ"၊ပဋိစ္စသမုပ္ပါဒ်ကိုသိရင်တရားကို သိသည်မည်၏လို့ မူလပဏ္ဏာသပါဠိတော်ကြီးမှာမြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်တရားမသိသေးရင် တရားအသိမမှန်နိုင်သေးပါဘူး အသိမမှန်နိုင်ရင် အကျင့်မမှန်နိုင်ပါဘူး၊"အသိမှန်မှ အကျင့်မှန်ပါ တယ်" ပဋိစ္စသမုပ္ပါဒ်တရားကို နားလည် မှ (ဝါ)ခန္ဓာဖြစ်စဉ်ကို သိမှ ခန္ဓာဒုက္ခဖြစ်စဉ်အရှိကို အသိနဲ့ကိုက်ညီပါမယ်။

– ခန္ဓာအရှိကို အသိနဲ့ကိုက်မှသာလျှင် ဟုတ်တိုင်းမှန်စွာသိမြင်မယ်။

- ဟုတ်တိုင်းမှန်စွာသိမြင်မှ နလုံးသွင်းမှန်မယ်၊ နလုံးသွင်းမှန်ရင်ဒိဋ္ဌိကို အသိနဲ့ပြုတ်ပါတယ်၊ နလုံးသွင်းမှားနေရင် ဒိဋ္ဌိခံနေပါတယ်။

- နလုံးသွင်းမှန်မှသာလျှင် ဝိပဿနာအားထုတ်ရာမှာဒုက္ခကို ဒုက္ခဟုပိုင်းပိုင်းခြားခြားသိမြင်နိုင်မယ်။

- ဒုက္ခကို ဒုက္ခဟုပိုင်းပိုင်းခြားခြားသိမှဓမ္မစကြာမှာ ဘုရားရှင်ဟောကြားထားတော်မူခဲ့တဲ့ (တံခေါပနိဒံ ဒုက္ခအရိယသစ္စံပရိညေယျန္တိ မေဘိက္ခဝေ) နဲ့ကိုက်မယ်။

- ဒုက္ခကို ပိုင်းပိုင်းခြားခြားသိလို့ဒုက္ခကို မလိုချင်၊မလိုချင်တော့မှ ဒုက္ခလွတ်ရာ ဒုက္ခချုပ်ရာနိဗ္ဗာန်ကို ရနိုင်မြင်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်ပဋိစ္စသမုပ္ပါဒ်တရားတော်ဟာ ဒိဋ္ဌိတွေ အကုန်ဖြုတ်နိုင်တဲ့ တရားတော်မို့ မြတ်စွာဘုရားရှင်အနေနဲ့ဟောကြားခဲ့တဲ့ တရားတော်တွေထဲမှာ ပဋိ စ္စသမုပ္ပါဒ်တရားဟာ အဓိကအကျဆုံးဖြစ်လို့ နိဗ္ဗာန်ရောက်ကြောင်း တရားမှာ ပဋိစ္စသမုပ္ပါဒ်မပါရင် မပြီးတဲ့တရားတော်ဖြစ်နေပါတယ်။

နိဗ္ဗာန်ဆိုတာကလည်း ပဋိစ္စသမုပ္ပါဒ် သဘောတရားနားလည်လို့ရှင်းသွားရင်နိဗ္ဗာန်ကို သဘောပေါက်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ သစ္စာလေးပါးတရားကို သိနားလည်ရင် နိဗ္ဗာန်ကို

လွယ်လွယ်သိနိုင်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်လိုချင်လို့ဝိပဿနာ အားထုတ်တဲ့ ယောဂီများဟာ ပဋိစ္စသမုပ္ပါဒ်တရားကို ကြေညက်အောင် သိထားဘို့ အရေးကြီးပါတယ်။

မြတ်စွာဘုရားသည်ပဋိစ္စသမုပ္ပါဒ်တရားဟောရခြင်းမှာ ဒိဋ္ဌိပြုတ်အောင်၊ နိဗ္ဗာန်ရအောင်ဟောရတာပါပဲ၊ ဒိဋ္ဌိမရှိတဲ့ အရိယာစိတ်မျိုး သက်ဝင်ထားမှ (ဝါ)ဒိဋ္ဌိကိုအသိနဲ့ခွါထားနိုင်မှဝိပဿနာတရားကို အားထုတ်လို့ရပါမယ်၊ (သက္ကာယဒိဋ္ဌိ)ကို အသိနဲ့ မခွါထားပဲ မရပါဘူး၊ သူ (**Key**) နဲ့သူမို့ (ဝါ) သူ့နှလုံးသွင်းတရားနဲ့သူမို့ အလွန်သဘာဝ ကျပါတယ်။ စဉ်းစားဉာဏ်ရှိရင် သိပါတယ်။ ဘုရားရှင်ကိုယ်တိုင် အားထားရတဲ့ တရားတော်ကို အဓိကမထားပဲ ကျော်လုပ်ကြရင်လွဲပါလိမ့်မယ်။

ငါခံနေတဲ့ဒိဋ္ဌိ၊ ဘုရားဟောပဋိစ္စသမုပ္ပါဒ် တရားတော်ကို နားမလည် သေးတဲ့ဒိဋ္ဌိဟာ ခန္ဓာသဘောတရားနားမလည်တော့ ဒိဋ္ဌိဟာအသိမ်မွေ့ဆုံး၊အနူးညံ့ဆုံးအနေနဲ့စိတ်မှာခိုအောင်းနေတဲ့အတွက် ဒိဋ္ဌိကွာအောင် ပဋိစ္စသမုပ္ပါဒ်တရားကို မြတ်စွာဘုရားရှင်သည် ပုဂ္ဂိုလ်အမျိုးမျိုး၊ နေရာ အမျိုးမျိုးမှာ ဟောရလို၊ မြတ်စွာဘုရားရဲ့ တပည့်သားဖြစ်တဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း ပဋိစ္စသမုပ္ပါဒ် တရားတော်နဲ့ သစ္စာလေးပါးတရားတော်တို့ကို အပေါ်ယံရိကအဟောမျိုးမဟုတ်ပဲ နှစ်နှစ်ကာကာကြီး ဘာဝနာမယဉာဏ်နဲ့ ပဋိဝေဒဆိုက်အောင်၊ အောင်

တော်မူပြီး မှတရားတော်များကို အခြေအမြစ်နဲ့တကွ ဝိဝိပြင်ပြင် ဟောကြား တော်မူခဲ့ပါတယ်။

မိုးကုတ်ဆရာတော် ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်တရား တော်ကို ယခုခေတ်လူအများနားလည်အောင် ဉာဏ်သက်ဝင်နိုင် အောင် မြန်မာစကားပြင်သက်သက်နှင့်ပုံစံစက်ဝိုင်းကားချပ်ကိုပါ ကြံစည်တော်မူပြီးမှ ပဋိစ္စသမုပ္ပါဒ်လည်ပုံ၊ ပါတ်ပုံ၊ အဝိုင်းပြေး ပြေပုံ၊ သံသရာလည်ပုံတို့ကို နားလည်လွယ်အောင် ဟောကြား တော်မူ ခဲ့ပါတယ်။

ဤစာအုပ်မှာ "ပဋိစ္စသမုပ္ပါဒ်တရားတော်"ကို နားမလည် မရှိအောင် ပဋိစ္စသမုပ္ပါဒ် နိဒါန်းအပြင် ပဋိစ္စသမုပ္ပါဒ်တရား အဓိပ္ပါယ်၊ ပဋိစ္စသမုပ္ပါဒ် သဘောတရားစတဲ့ တရားအခြေခံကို နားလည်သဘောပေါက်အောင် ကျမ်းများနဲ့ ဟပ်ပြီးဖော်ပြထား ပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရား ဗဟုသုတအခြေခံကို နားလည်ပြီးမှ မိုးကုတ်ဆရာတော်ဘုရားကြီး သင်ကြား ပြသပေးခဲ့တဲ့ ပဋိစ္စ သ မုပ္ပါဒ်စက်ဝိုင်းဒေသနာကိုနားလည်အောင် ဉာဏ်သက်ဝင်အောင် ထပ်မံရှင်းပြထားပါတယ်။ စက်ဝိုင်းဒေသနာနဲ့ ရှင်းလင်းအ ပြီးမှာ ပဋိစ္စသမုပ္ပါဒ် ခရာခဲစစ်များကို ရှင်းသွားအောင်ကျမ်းများ နှင့်ဟပ်ပြီး နားလည်လွယ်အောင် ပဋိစ္စသမုပ္ပါဒ်အဖွင့်ကိုလည်း ရေးပြပူဇော်ထားပါတယ်။

တရားအား ထုတ်မယ့် ယောဂီများသည် ဝိပဿနာတရားအား မထုတ်မီသိသင့်သိအပ်တဲ့ (ညတပရိညာ) တရားစဉ်ကို ဤစာအုပ်ပါ ဝိပဿနာ အခြေခံအပိုင်းနဲ့ သိရှိနားလည်ကြမှာ ဖြစ်ပါတယ်။

တရားအပိုင်းမှာ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်နဲ့ တရားမြင်အောင် အစပျိုးထားပါတယ်၊ နောက်ပိုင်းတရားတွေမှာ (သစ္စာ)သိအောင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားတဲ့ သစ္စာလေးပါးတရားတော်များ ဒိဋ္ဌိပြုတ်ကြောင်းတရားတော်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကိုရွေးထုတ်ပူဇော်ထားပါတယ်။ အနှစ်သာရပိုင်းမှာနိဗ္ဗာန်ရောက်ကြောင်းအတွက်အများဆုံးအထောက်အကူရမယ့် တရားအနှစ်သာရများကို ပူဇော်ထားပါတယ်။

နောက်ဆုံးပိုင်းမှာတော့ (စိတ္တာနုပဿနာ) ရှုပွားနည်းကို လက်တွေ့ သဘောပေါက်အောင် နည်းနာနိဿယျများ အစုံအလင်သိရှိကြရအောင် ရွေးထုတ်ပူဇော်ထားပါတယ်။

# ပဋိစ္စသမုပ္ပါဒ်တရားအဓိပ္ပါယ်

ပဋိစ္စ သမုပ္ပါဒ်ဆိုသည်မှာ ပါဠိစကားဖြစ်၍ စကားသုံးလုံး ဆက်စပ်လျက်ရှိပါတယ်။ ပဋိစ္စ = စွဲ၍၊ သံ = ကောင်းစွာ၊ ဥပ္ပါဒ = ဖြစ်၏၊ အကြောင်းကိုစွဲ၍ ကောင်းစွာဖြစ်ပေါ်ခြင်းဟု မြန်မာလို အဓိပ္ပါယ်ထွက်ပါတယ်။ ဘယ်လိုသောအကြောင်းကို စွဲ၍ ဘယ်ကဲ့သို့ကောင်းစွာ ဖြစ်ပေါ်သလဲဆိုလျှင် ပဋိစ္စသမုပ္ပါဒ်မှာ ပါဠိ ဘာသာအားဖြင့် –

("အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ သင်္ခါရ ပစ္စယာဝိညာဏံ၊ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာသဠာ ယတနံ၊ သဠာတယန ပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာ မရဏ၊ သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ"။)

(၁) (အဝိဇ္ဇာ)တည်းဟူသော မသိမှု အကြောင်းခံကြောင့် ပြုပြင်မှု (သင်္ခါရ) တရား ဖြစ်ပေါ်၏။

(၂) ပြုပြင်မှု(သင်္ခါရ)ဟူသောအကြောင်းခံကြောင့် (ဝိညာဏ်) တည်းဟူသောသိမှုတရားဖြစ်ပေါ်၏။

(၃) သိမှုဝိညာဏ်တည်းဟူသောအကြောင်းခံကြောင့်နာမ်ရုပ် တည်းဟူသောတရားဖြစ်ပေါ်၏။

(၄) နာမ်ရုပ်တည်းဟူသော အကြောင်းခံကြောင့်တည်ရာ သဠာယတန ဟူသော အာယတနတရားခြောက်ပါး ဖြစ်ပေါ်လာ ၏။ (သံသရာချဲ့တတ်သောကြောင့် အာယတန မည်၏။)

(၅) တည်ရာ အာယတနခြောက်ပါးအကြောင်းခံကြောင့် တွေ့ထိမှုဟူသော ဖဿတရားဖြစ်ပေါ်လာ၏။

(၆) တွေ့ထိမှုဖဿဟူသော အကြောင်းခံကြောင့် ခံစားမှု တည်းဟူသော ဝေဒနာဖြစ်ပေါ်လာ၏။

(၇) ခံစားမှုတည်းဟူသော ဝေဒနာအကြောင်းခံကြောင့် လိုချင်မှုတဏှာ ဖြစ်ပေါ်လာ၏။

(၈) လိုချင်မှုတဏှာတည်းဟူသော အကြောင်းခံကြောင့် စွဲလန်းမှုတည်းဟူသော ဥပါဒါန်ဖြစ်ပေါ်လာ၏။

(၉) ဥပါဒါန်တည်းဟူသောစွဲလန်းမှုအကြောင်းခံ ကြောင့် ဘဝတည်း ဟူသော တရားဖြစ်ပေါ်လာ၏။

(၁၀) ဘဝ ဟူသော အကြောင်းခံကြောင့် ဇာတိဟူသော ပဋိသန္ဓေနေမှုဖြစ်ပေါ်လာ၏။

(၁၁) ဇာတိဟူသော ပဋိသန္ဓေမှု အကြောင်းခံကြောင့် ဇရာ (အိုမှု)၊ မရဏ (သေမှု)၊ သောက (စိုးရိမ်မှု)၊ပရိဒေဝ (ငိုကြွေးမှု)၊ ဒုက္ခ (ဆင်းရဲမှု)၊ ဒေါမနဿ (နှလုံး

မသာယာမှု) ဥပါယာသ (ပြင်းစွာပင်ပန်းမှု) တို့ဖြစ် ပေါ်လာ၏။ ဤသို့အားဖြင့် အလုံးစုံသော ဆင်းရဲ အစုတို့ ဖြစ်ပွား ပေါ်ပေါက်လာကြပါကုန်၏လို့ အဓိပ္ပါယ်ဖြစ်ပါတယ်။

အထက်ပါအတိုင်း အကြောင်းအကျိုးတွေ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာစာထဲမှာရှိခြင်းမဟုတ်ပါ။ စာထဲမှာ ဒေသနာ အရရှိပြီး၊ တကယ်ရှိသည်မှာ မိမိတို့ ခန္ဓာကိုယ်ထဲမှာ သာရှိခြင်း ဖြစ်ပါတယ်၊ မိမိတို့ ခန္ဓာကြီးသည် ပဋိစ္စသမုပ္ပါဒ်ပဲဖြစ်ပါတယ်၊ မိမိတို့၏ ခန္ဓာဖြစ်စဉ်ကြီးသည် ပဋိစ္စသမုပ္ပါဒ်အစဉ်ကြီး၊ ဒုက္ခ အစဉ်ကြီးတန်းနေသည်ကို ပြသောတရားပဲဖြစ်ပါတယ်။

မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာကြည့်ပြီးဟောခဲ့တဲ့ တရားဖြစ်လို့ ပဋိစ္စသမုပ္ပါဒ်သည် ခန္ဓာဖြစ်စဉ်တရားဖြစ်လို့ မိမိတို့ ခန္ဓာဖြစ်စဉ်ကို သိထားဖို့ သိပ်အရေးကြီးပါတယ်။

ခန္ဓာမှာ ဓမ္မသဘောတွေတစ်ခုပြီး တစ်ခုဖြစ်ပေါ်နေပါ တယ်၊ ပေါ်ပြီး ပျက်သွားပြန်ပါတယ်၊ ပျက်ပြီးနောက် ဓမ္မတစ်ခု ထပ်ပြီး ဖြစ်ပေါ် ပြန်ပါတယ်၊ ခန္ဓာကြီးဖြစ်လိုက်ပျက်လိုက်၊ သေလိုက်ဖြစ်လိုက်ပြနေခြင်း၊ သံသရာလည်နေခြင်းသည်၊ ပဋိစ္စ သမုပ္ပါဒ်တရားအဓိပ္ပါယ်ဖြစ်ပါတယ်၊

ဤကဲ့သို့ဓမ္မတစ်ခုပေါ်လိုက် ပျက်လိုက်ဖြစ်နေခြင်းသည် ပဋိစ္စသမုပ္ပါဒ်အစဉ်တန်းသည်၊ ပဋိစ္စသမုပ္ပါဒ်ဆက်သည် (ဝါ)

သံသရာဆက်သည်၊ သံသရာလည်သည်ဟုခေါ်ပါတယ်၊ ပဋိစ္စ သမုပ္ပါဒ်အစဉ်မပြတ်ဖြစ်ပွားပေါ်ပေါက်ခြင်းသည်၊ဓမ္မသဘောသာ ဖြစ်ပါတယ်။

ခန္ဓာကြီးသေလိုက်၊ ဖြစ်လိုက်နှင့် ဖြစ်ပျက်နေခြင်းမှာ ပဋိစ္စသမုပ္ပါဒ် ဆက်သည်ဟုခေါ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ် သည်ဆိုခြင်းမှာ နိဗ္ဗာန်ကိုခေါ်ပါတယ်၊ ငါ၊ သူ၊ တစ်ပါး ယောကျ်ား, မိန်းမ၊ မပါ၊ ခန္ဓာကိုယ်တွင် အကြောင်းတရား ကြောင့် အကျိုးတရားတွေ အစဉ်တန်းနေပုံပြသည့် တရား အဓိပ္ပါယ် ဖြစ်ပါတယ်။

# ပဋိစ္စသမုပ္ပါဒ်သဘောတရား

(၁) သံသရာအစ သမုတိသစ္စာအလိုအားဖြင့် လူ၊ သတ္တဝါလို့သမုတ်ကြတဲ့ အစသည် (အဝိဇ္ဇာနှင့်တဏှာ)လို့ပေါ်လွင်ထင်ရှားစွာပြတဲ့သဘောရှိပါတယ်။

(၂) ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, ငါ, သူတစ်ပါးဟူ၍ မရှိ။ ဤအကြောင်းတရားဖြစ်ခဲ့သော် ...ဤအကျိုးတရားဖြစ်ပေါ်၏၊ ဤအကြောင်းတရားချုပ်ခဲ့သော် ...ဤအကျိုးတရားချုပ်၏စသည့်ဖြင့်ပေါ်လွင်ထင်ရှားစေတဲ့သဘောကို ပြသပါတယ်။

(၃) သင်္ခါရ နှင့် ဝိညာဏ် အစပ်၊ ဝေဒနာ နှင့် တဏှာ အစပ်၊ ကမ္မဘဝနှင့် ဇာတိအစပ်ကို အမျှင်မပြတ် တရစပ်ဆက်စပ်နေခြင်းဖြင့် သံသရာလည်နေပုံသဘောကိုပြပါတယ်။

(၄) ဇာတိဟုဆိုအပ်တဲ့ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း , တစ်ဖန် ပဋိသန္ဓေနေခြင်း (ဝါ) ပဋိသန္ဓေ၊ နေလိုက်, အိုလိုက်, သေလိုက် စတဲ့ မျိုးကနေအပင်၊ အပင်မှမျိုးဖြစ်ပေါ်နေသလို သံသရာဆက်ပုံသဘောကို ပြပါတယ်။

(၅) ဒုက္ခအစုတွေတစ်ခုပြီး တစ်ခုအစဉ်တန်းနေခြင်းသာဖြစ်ကြောင်းသဘောကို ပြသပါတယ်၊

(၆) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊ ဒီသစ္စာနှစ်ပါးသာ လှည့်နေခြင်းသဘောကို ပြပါတယ်။

(၇) ကိလေသဝဋ်၊ ကမ္မဝဋ်၊ဝိပါကဝဋ်ဆိုတဲ့ ဝဋ် သုံးပါး မရပ်မနား ရဟတ်ချား ပမာလှည့်လည်နေခြင်းသဘောကိုလည်း ပြပါတယ်။

(၈) လွန်လေပြီးသော အတိတ်ဘဝ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၊ နောင်လာလတ္တံ့သောအနာဂတ်ဘဝဟူ၍ ဘဝ သုံးပါးလှည့်လည် နေခြင်းကို ပြသခြင်းတို့ဖြစ်ပါတယ်။

မြတ်စွာဘုရားသည် ခန္ဓာဖြစ်စဉ်ကို ကြည့်ပြီးဟောတော်မူ သောတရားဖြစ်လို့ ခန္ဓာကိုကြည့်ပြီး၊ (ပါဠိ)လို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဟု အမည်ပေးတော်မူခြင်းဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်သား သာဝက ဖြစ်တော်မူသော မိုးကုတ်ဆရာတော်ဘုရားကြီးကလည်းပဋိစ္စသမုပ္ပါဒ်တရားတော် ကိုပိုမိုရှင်းလင်းအောင်စက်ဝိုင်းဒေသနာနဲ့ပုံစံကားချပ်နဲ့ဟောပါ တယ်၊ စက်ဝိုင်းဒေသနာကိုလည်း ခန္ဓာကြည့်ပြီး ပုံစံကိုရေးသား တော်မူခြင်းဖြစ်လို့ မိမိခန္ဓာ အရှိကို ဉာဏ်အသိနှင့် ကိုက်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်တရား ဆိုတာ မိမိတို့ ခန္ဓာပဲ၊ ခန္ဓာဆို တာလည်း ဒုက္ခပဲ၊ ဒုက္ခဆိုတာလည်း ဒုက္ခ သစ္စာအမှန်ပဲ ဟူ၍ ခန္ဓာကို ယထာဘူတဉာဏ်နဲ့ တကယ် ပိုင်ပိုင်ကြီး သိနိုင်အောင် ဟောပြတော်မူပါတယ်။

# "ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ"

## စက်ဝိုင်းလက်ာ

(အဝိဇ္ဇာနှင့် တဏှာအရင်းခံ၊ ဥပါဒါန်ကံကြောင့် ရုပ်နာမ် ပေါ်၊ အပင်မှမျိုး၊ မျိုးမှ အပင် အမျှင် မပြတ်ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်း အလျှော်၊ ဗြဟ္မာ၊ သိကြား စသည့်များက ထင်ရှားပြုပြင်၊ စီရင် ဖန်ဆင်း၊ အကြောင်းရင်းကြောင့် လူနတ်များစွာ သတ္တဝါတို့ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့် ရှု၍မျှော်)

လူနတ်ဗြဟ္မာ၊သတ္တဝါများသည်မသိမှု(အဝိဇ္ဇာ)အကြောင်း ခံကြောင့် ပြုပြင်မှု (သင်္ခါရ)က လိုချင်မှု(တဏှာ) စွဲလန်းမှု (ဥပါဒါန်) ပြုလုပ်၊ အားထုတ်မှု (ကံ) ဆိုတဲ့အကြောင်းတရား ငါးပါး တို့ကြောင့် ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်ရရှိကြရပါတယ်။

(ဥပမာ) အပင်မှ မျိုးစေ့ ကျရောက်ရာ၌ မျိုးစေ့မှ တစ်ဖန် အပင်ပေါက် ရောက်စေပြန်ရာ၊ အပင်မှမျိုး၊ မျိုးမှအပင် အမျှင် မပြတ် ဆက်ခါဆက်ခါပေါက်ရောက်နေကြသလို။

ထိုအတူ ကံ ဆိုသော အားထုတ်ပြုလုပ်မှုတရားကြောင့် နာမ်ရုပ် တွေဖြစ်ပေါ်ရာ နာမ်ရုပ်က တစ်ဖန် ကံ ဆိုသော အကြောင်းတရားတွေ ပြန်ကြိုးစားလိုက်ကြရာမှာ နာမ်ရုပ်

ပြန်ပေါ်၊ ကံပြန်လုပ်၊ ကံ ကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံတွေဟာ အမျှင်မပြတ် ဆက်ခါဆက်ခါဖြင့်(၃၁) ဘုံ၌ဖြစ်ပွား လျှက်နေကြပါတယ်။

ထိုကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါများဟာ သုံးဆယ့် တစ်ဘုံမှာ ဖြစ်ကြရသည်မှာ သိကြား ဗြဟ္မာ ထာဝရဘုရား စသည့်များက ဖန်ဆင်းလို့ဖြစ်ရခြင်းမဟုတ်။ အကြောင်းကံကမ္ဘ တရားတွေကြောင့် အကျိုး ဝိပါက တရားတွေ ဖြစ်ပေါ်လာရ ခြင်းပဲဟု ဉာဏ်ဖြင့် သိရှိကြ ရမည်ကိုဆိုလိုပါတယ်။

## ရှုန်သွယ်သောပဋိစ္စသမုပ္ပါဒ် (လင်္ကာ)

(မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါတစ်ဆယ့် နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝ နှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွတ် ကျက်မှတ်၊ သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။)

### စက်ဝိုင်းတွင်ကြည့်ပါ

| | | |
|---|---|---|
| မူလနှစ်ဖြာ | = | ဗဟိုကွင်းကိုကြည့်ပါ |
| သစ္စာနှစ်ခု | = | အတွင်းကွင်းကိုကြည့်ပါ |
| လေးခုအလ္လာ | = | ဒုတိယအတွင်းကွင်းကိုကြည့်ပါ |
| အင်္ဂါ ၁၂ပါး | = | အလယ်ကွင်းတွင်ကြည့်ပါ |
| သုံးပါးအစပ် | = | အလယ်ကွင်းတွင်ကြည့်ပါ |

ဝဋ္ဋသုံးဝ = အနားကွင်းတွင်ကြည့်ပါ
ကာလသုံးဖြာ = တကိုယအတွင်းကွင်းတွင်ကြည့်ပါ
ခြင်းရာနှစ်ဆယ် = အပြင်ကွင်းတွင်ကြည့်ပါ

## အခိပ္ပါယ်ဖော်ပြချက်

### မူလနှစ်ဖြာ

မူလနှစ်ဖြာဆိုသည်မှာ စက်ဝိုင်းအလယ် တည့်တည့်ရှိ ဗဟိုကွင်းတွင်ရှိသည့် (အဝိဇ္ဇာနှင့်တဏှာ)ဖြစ်ပါတယ်။ အဝိဇ္ဇာသည် အတိတ်အကြောင်းမူလအစဖြစ်၍တဏှာသည် ပစ္စုပ္ပန်အကြောင်း၏မူလအစ ဖြစ်ပါတယ်။

### အဝိဇ္ဇာ

အဝိဇ္ဇာဆိုသည်မှာ(မသိမှု)ကိုဆိုပါတယ်။ဘဝအဆက်ဆက်ကပါလာတဲ့ အဝိဇ္ဇာသည် ယခုဘဝပစ္စုပ္ပန် ခန္ဓာကိုဖြစ်ပေါ်စေပါတယ်၊ ယ္ခုဘဝမှာလည်း မသိမှုအဝိဇ္ဇာကြောင့် ကောင်းကောင်းဆိုးဆိုးပြုမိ ပြုရာ၊ သင်္ခါရတွေပြုလုပ်သည့်အခါ၊ပစ္စုပ္ပန်ခန္ဓာဆက်ရပြန်တဲ့ အဝိဇ္ဇာသည်သိရမှာကိုလည်း မသိခြင်း၊ မသိရမှာကိုသိတတ်ခြင်း၊ အမှန်အတိုင်းမသိခြင်းကိုအဝိဇ္ဇာလို့ခေါ်ပါတယ်။

**"သိရမှာကိုမသိခြင်း"**

ဆိုသည်မှာသိသင့်သိအပ်သော အစစ်အမှန်ရှိနေသော

ပရမတ္ထ(ရုပ်)တရား၊(နာမ်)တရားဖြစ်သော(ခန္ဓာငါးပါး)ကိုလည်း မသိ၊ ခန္ဓာငါးပါးဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်သံသရာစက်ရဟတ် တရားကိုလည်းမသိ၊ သင်္ခါရရုပ်နာမ်တို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုမပါခြင်း၊ အနှစ်ကင်းမဲ့ခြင်းဖြစ်သော လက္ခဏာ တရားနှင့် သစ္စာလေးပါး အမှန်တရား ဖြစ်သော (၁)ဒုက္ခဆင်းရဲခြင်း အမှန် ဖြစ်သော (ဒုက္ခသစ္စာ)ကို မသိခြင်း၊ (၂)ဒုက္ခဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ)ကို မသိခြင်း (၃)ဒုက္ခချုပ်ရာအမှန် (နိရောဓ သစ္စာ)ကိုမသိခြင်း၊ (၄)ဒုက္ခချုပ်ကြောင်း အကျင့်မှန် ဖြစ်သော (မဂ္ဂသစ္စာ)ကို မသိခြင်းတို့ကို ဆိုလိုပါတယ်။

**မသိရမှာကိုသိခြင်း**

ဆိုသည်မှာ ပရမတ္ထနယ်တွင် အမှန်တကယ် မရှိသော ငါ, သူ, ယောကျ်ား, မိန်းမ,ပဲဟု အမှန်မရှိသည်ကို သိနေခြင်း၊ ထင်မှတ်နေခြင်းသည် မသိရမှာကို သိနေခြင်း ဖြစ်ပါတယ်။

## တဏှာ

ဆိုသည်မှာ ချစ်ခင်မှု နှစ်သက်မှု လိုချင်မှု တပ်မက်မှု စသည်တို့ကိုခေါ်ပါတယ်။ ပစ္စုပ္ပန်အကြောင်းမှုလဖြစ်ပါတယ် ယခုပစ္စုပ္ပန်ဘဝမှာ တဏှာအကြောင်းတွေချည်း ဆက်နေပါလျှင် အနာဂတ်ခန္ဓာကိုဖြစ်ပေါ်စေပါတယ်။ ကောင်းသောအာရုံနှင့်တိ တွေ့သည့်အခါ သုခဝေဒနာကြောင့် တဏှာ ဖြစ်ပေါ်စေပါတယ်။ မကောင်းသော အာရုံနှင့် တွေ့သည့်အခါ ဒုက္ခဝေဒနာကြောင့်

ဒေါသဖြစ်ပြီး တစ်ဖန်ကောင်းတာကိုသာတောင့်တတဲ့ တဏှာသာ ဖြစ်ရပြန်ပါတယ်။

ငါးဖြာအာရုံ ကာမဂုဏ်တွေအပေါ်မှာလိုချင် စုံမက်၊ တပ်မက် ခြင်းကို (ကာမတဏှာ) ဟုခေါ်ပြီး၊ မိမိရောက်ရာ ဘဝ၊ လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာဘုံ စသော ဘုံဘဝ တောင်းတမှုကို (ဘဝတဏှာ)ဟု ခေါ်ပါတယ်။ သေလျှင် ပြတ်သည် ဟုအယူရှိပြီး လက်ရှိ ဘဝကိုပဲ သာယာ ခင်တွယ်နေမှုကို (ဝိဘဝတဏှာ)ဟု ခေါ်ပါတယ်။

တဏှာ ခြောက်မျိုးရှိရာမှာ၊ အဆင်း မျိုးစုံ ရူပါရုံ အပေါ်မှာ သာယာတာကို ရူပတဏှာ၊ အသံမျိုးစုံသဒ္ဒါရုံ ပေါ်မှာ သာယာတာကို သဒ္ဒတဏှာ၊ အနံ့မျိုးစုံ ဂန္ဓာရုံပေါ်မှာ သာယာ တာကို ဂန္ဓတဏှာ၊ အရသာမျိုးစုံ ရသာရုံအပေါ်မှာ သာယာတာကိုရသတဏှာ၊ တွေ့ထိစရာ အဖုံ ဖောဋ္ဌဗ္ဗာရုံတွေ ပေါ်မှာ သာယာတာကို ဖောဋ္ဌဗ္ဗတဏှာ၊ ကြံတွေးစရာ အဖုံဖုံ ဓမ္မာရုံတွေရဲ့ အပေါ်မှာ သာယာတာကို ဓမ္မ တဏှာဟု ခေါ်ပါ တယ်။ တဏှာ အစစ်တစ်ရာ့ရှစ်ပါးထိရှိပါတယ်။ တဏှာ ၏တရား ကိုယ်သဘော မှာ (လောဘ) ဖြစ်ပါတယ်။

## သစ္စာနှစ်ခု ( အတွင်းကျွင်း)

သစ္စာ နှစ်ခုဆိုသည်မှာ (သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ)ကို ဖြစ်ပါတယ်။ စက်ဝိုင်း ရှိဒုတိယအတွင်း ကွင်း၌သစ္စာလေးပါး အနက်သစ္စာနှစ်ပါး သာပြထားခြင်းသည်မှာ သစ္စာဝါ မှား

သံသရာလည် ကြသည့်အခါ၌ ဤဝဋ် (ဒုက္ခသစ္စာ) နှင့် ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) နှစ်ပါးနှင့်သာ လည်နေကြသည်ကိုသိစေလိုသောကြောင့်သစ္စာနှစ်ပါးသာပြထားခြင်းဖြစ်ပါတယ်။

ဒုက္ခ= ဒုက္ခ၊ သစ္စာ=အမှန်၊ ဒုက္ခသစ္စာ= ဒုက္ခအမှန်
သမုဒယ=ဒုက္ခဖြစ်ကြောင်း၊သစ္စာ=အမှန်၊သမုဒယသစ္စာ=ဒုက္ခဖြစ်ကြောင်းအမှန်

## လေးခုအလွှာ (ဒုတိယ အတွင်း ကွင်း)

(၁)အတိတ်အကြောင်းတစ်လွှာ= အဝိဇ္ဇာနှင့်သင်္ခါရ (သမုဒယသစ္စာ)

(၂)ပစ္စုပ္ပန်အကျိုးတစ်လွှာ = ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ (ဒုက္ခသစ္စာ)

(၃)ပစ္စုပ္ပန်အကြောင်းတစ်လွှာ= တဏှာ၊ဥပါဒါန်၊ကမ္မဘဝ (သမုဒယသစ္စာ)

(၄)အနာဂတ်အကျိုးတစ်လွှာ= ဇာတိ၊ဇရာမရဏ (ဒုက္ခသစ္စာ)

## အင်္ဂါ၁၂ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊တဏှာ၊ ဥပါဒါန်၊ကမ္မဘဝ၊ ဇာတိ၊ဇာရာမရဏတို့ဖြစ်ပါတယ်။ (ဇာတိကအင်္ဂါတစ်ပါး၊ ဇာရာမရဏနှစ်ပါးတွဲက အင်္ဂါတစ်ပါးဟု ယူပါ)

## “အင်္ဂါ(၁၂)ပါးပြ ပဋိစ္စသမုပ္ပါဒ်ဥဒ္ဒေသပါဠိတော်”

(အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊နာမရူပပစ္စယာသဠာယတနံ၊သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊တဏှာပစ္စယာဥပါဒါနံ၊ဥပါဒါနပစ္စယာဘဝေါ၊ဘဝပစ္စယာဇာတိ၊ဇာတိပစ္စယာ ဇရာမရဏ၊ သောက ပရိဒေဝ၊ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။)

### အဝိဇ္ဇာပစ္စယာ သင်္ခါရာ

အဝိဇ္ဇာပစ္စယာသင်္ခါရာသည် အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ခြင်း၊ မသိလို့ပြုလုပ်ခြင်းဖြစ်ပါတယ်။

(အဝိဇ္ဇာ) သစ္စာလေးပါး မသိတဲ့ ပုထုဇဉ်များဟာ အမှန်တရားကို မသိတဲ့အတွက် လူချမ်းသာ၊ နတ်ချမ်းသာ၊ ကာမဂုဏ်ချမ်းသာကိုဒုက္ခအမှန်ဖြစ်ကြောင်း မသိကြလို့ သင်္ခါရ သုံးမျိုးကို ပြုလုပ်မိကြပါတယ်။

ပြုလုပ်တဲ့သင်္ခါရသုံးမျိုးက ပုညာ ဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တို့ဖြစ်ပါတယ်။ ပြုလုပ်ပုံက (ကာယသင်္ခါရ) ကိုယ်ဖြင့် ပြုလုပ်ခြင်း (ဝစီသင်္ခါရ) နှုတ်ဖြင့် ပြောဆိုခြင်း (စိတ္တသင်္ခါရ) စိတ်ဖြင့် ကြံစည်ခြင်း တို့ ဖြစ်

ပါတယ်။ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာသည်)မသိမှုကြောင့်ကောင်း ကောင်းဆိုးဆိုး ပြုမိပြုရာပြုလုပ်ခြင်း၊ မသိမှုနဲ့ပြုလုပ်တဲ့ အဓိပ္ပါယ်ပါပဲ၊

ပုညာဘိသင်္ခါရသည် ပုညာ=ကုသိုလ်၊အဘိ=လွန်ကဲစွာ၊
သင်္ခါရ = ပြုလုပ်ခြင်း
အပုညာဘိသင်္ခါရသည်၊ အပုညာ = အကုသိုလ်၊
အဘိ = လွန်ကဲစွာ၊ သင်္ခါရ = ပြုလုပ်ခြင်း
အာနေဉ္ဇာဘိသင်္ခါရသည် အာနေဉ္ဇာ=ဈာန်သမာဓိအလုပ်၊
အဘိ = လွန်ကဲစွာ၊ သင်္ခါရ = ပြုလုပ်ခြင်း

ကုသိုလ်ကောင်းမှုကိုလွန်ကဲစွာ ပြုလုပ်ရာမှာ သစ္စာ မသိမှုကို အကြောင်းခံရင်လှူပြည်၊ နတ်ပြည်၊ ရူပါဝစရဗြဟ္မာပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှု များဟာ ပုညာဘိသင်္ခါရ ဖြစ်ပါတယ်။ မကောင်းမှုအကုသိုလ်ဒုစရိုက်များကိုလွန်ကဲစွာပြုလုပ်လျှင်အပါယ်လေးပါးရောက်ကြောင်းအပုညာ ဘိသင်္ခါရ ဖြစ်ပါတယ်။ ဈာန်၊ သမာဓိ၊ ကုသိုလ်ကောင်းမှုကို လွန်ကဲစွာပြုလုပ်ရာမှာ သစ္စာမသိမှုကို အကြောင်းခံရင် အရူပဗြဟ္မာ ပြည်ရောက်ကြောင်း အာနေဉ္ဇာဘိသင်္ခါရဈာန်သမာဓိအလုပ် ဖြစ်ပါတယ်။

အဝိဇ္ဇာ ဦးစီးပြီးမသိလို့ ပြုလုပ်မိကြတဲ့သင်္ခါရသည် နိဗ္ဗာန်ချမ်းသာသုခကို မပေးနိုင်ပါ၊ အဝိဇ္ဇာကြောင့်သံသရာ လည်မှု ဇာတိ ဇာရာ မရဏတဖန်ဇာတိဖြစ်ကြရသော သုံးဆယ်

တစ်ဘုံ သံသရာထဲမှာသာ ကျင်လည်ကြရမည် ဖြစ်ပါတယ်။ သင်္ခါရ သုံးမျိုးကို ပြုလုပ်မိကြပါရင် ဝိညာဏ် အမျိုးမျိုးရကြမည် ဖြစ်ပါတယ်။

## သင်္ခါရပစ္စယာဝိညာဏံ

ဝိညာဏ်=ပဋိသန္ဓေစိတ်၊ပဋိ=တဖန်၊သန္ဓိ=စပ်၍ဖြစ်ခြင်း။
တဖန်စပ်၍ဖြစ်ခြင်း။
သင်္ခါရပစ္စယာဝိညာဏံ=သင်္ခါရကြောင့်ဝိညာဏ်ဖြစ်ခြင်း။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရသည်ကို မြတ်စွာဘုရားက သင်္ခါရပစ္စယာဝိညာဏံဟု ဟောတော်မူပါတယ်။ သင်္ခါရ ပြုလုပ်လျှင် ဝိညာဏ်ဖြစ်ရာ၌ ဘဝအစ ပဋိသန္ဓေ ဝိညာဏ်ကိုယူရပါတယ်။

ပုညာဘိ သင်္ခါရ ကုသိုလ် ကောင်းမှုကိုပြုလုပ်ခဲ့လျှင်လူဝိညာဏ်၊နတ်ဝိညာဏ်၊ရူပဗြဟ္မာဝိညာဏ်ကိုရမှာဖြစ်ပါတယ်။ အပုညာဘိသင်္ခါရ မကောင်းမှု အကုသိုလ်ပြုလုပ်လျှင်အပါယ်လေးပါး ဝိညာဏ်ကိုရမှာဖြစ်ပါတယ် အာနေဉ္ဇာဘိ သင်္ခါရ ဈာန်သမာပါတ်ကို ပြုလုပ်ခဲ့လျှင် အရူပဗြဟ္မာဝိညာဏ်ကို ရမှာဖြစ်ပါတယ်။

အဝိဇ္ဇာက ဒုက္ခ ဖြစ်စေသော ဝိညာဏ် တစ် မျိုး မျိုး ကို ရအောင် ဖြစ်ပေါ်စေပါတယ်။ တဏှာက ဘုံဘဝ တွေမှာသွား၍ ဖြစ်အောင် ညွှတ်ပေးပါတယ်။ သင်္ခါရဖြစ်သော ကံတရားက

(ဝိညာဏ်တစ်မျိုး မျိုးရအောင်)ဇနကသတ္တိ နှင့်ပစ်ချပေးပါတယ်။ ဤအကြောင်း တရားသုံးပါးစုံလျှင် ပဋိသန္ဓေ ဝိညာဏ် ဖြစ်ပေါ်လာပါတယ်၊ ပြုလုပ် ဆည်းပူး အပ်ပြီးသော အကြောင်းကံ တွေမရှိလျှင် အကျိုး ဝိပါတ် တွေ ဘယ်အခါမှ ဖြစ်ရိုးထုံးစံ မရှိခြင်းကြောင့် သင်္ခါရ ပြုလုပ်သည့် အကြောင်း ကံတွေကြောင့်သာ ဝိညာဏ် ဖြစ်ရပါတယ်။

## ဝိညာဏပစ္စယာနာမရူပံ

ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်နှင့် ရုပ်ဖြစ်လာပါတယ်။ (ဝိညာဏ်) အရ စိတ်ဆိုသော အကြောင်းနာမ်ကို ယူရပါတယ်။ နာမရူပံ ကို "နာမ"အရ စေတသိတ်နာမ်ကိုယူရပါတယ်။ "ရူပ" အရ ကမ္မဇရုပ်ကို ယူရပါတယ်။ စိတ်တရားသည် အကြောင်းနာမ်ဖြစ်ပါတယ်။ စေတသိတ်တရားသည် အကျိုးနာမ်ဖြစ်ပါတယ်။

(ရုပ်)သည်ရုပ်ဖြစ်၍၊စိတ်+စေတသိတ်သည် (နာမ်)ဖြစ်ပါတယ်။ ရုပ်ခန္ဓာတစ်ပါး နာမ်ခန္ဓာလေးပါး ဖြစ်၍ ဝိညာဏ်ထဲတွင် နာမ်နှင့်ရုပ် အတူတကွဖြစ်လာခြင်း၊ဝိညာဏ်ပေါ်လျှင် နာမ်ရုပ်ပါတွဲ၍ပေါ်ခြင်းကို ဝိညာဏ ပစ္စယာ နာမရူပံ ဟု မြတ်စွာဘုရားဟောကြားပါတယ်။

## နာမရူပပစ္စယာသဠာယတန

နာမ်ရုပ်နှစ်ပါးရလျှင်သဠာယတန ခြောက်ပါးဆက်လက်ဖြစ်ပေါ်ပါတယ်။ သဠာယတနဆိုသော ပါဠိ အရသ်သရာချဲ့တတ်သော အာယတနခြောက်ပါးကို ယူရပါတယ်။ အာယတနခြောက်ပါးဆိုတာ ခန္ဓာကိုယ်မှာ အာရုံဖြစ်စေသော နေရာခြောက်နေရာကိုခေါ်ပါတယ်။ ပါဠိမြန်မာနှစ်မျိုးအားဖြင့်

၁. စက္ခာယတန - မျက်စိအကြည်
၂. သောတာယတန - နားအကြည်
၃. ဃာနာယတန - နှာခေါင်းအကြည်
၄. ဇိဝှာယတန - လျှာအကြည်
၅. ကာယာယတန - ကိုယ်အကြည်
၆. မနာယတန - စိတ်အကြည်တို့ဖြစ်ကြပါတယ်

## သဠာယတနပစ္စယာဖဿော

ဖဿ=ထိတွေ့ခြင်း၊ သဠာယတနကြောင့်ဖဿဖြစ်ခြင်း။

ခန္ဓာကိုယ်ရှိ အာယတနခြောက်ပါးကို အပြင်အာရုံဖြစ်တဲ့၊ အာရုံခြောက်ပါးနှင့်တွေ့ထိပေးမှုကိုဖဿက ပြုပြင်ဖန်တီးပေးပါတယ်၊ ထို့ကြောင့်သဠာယတနခြောက်ပါး(ဝါ)အာယတနခြောက်ပါးက ဖဿခြောက်ပါးကို ဖြစ်စေပါတယ်။ ဖဿ ခြောက်ပါးကို ပါဠိမြန်မာနှစ်မျိုးအားဖြင့် ဖော်ပြရလျှင်

စက္ခုသမ္ဖဿ မြင်တွေ့ဖဿ
သောတသမ္ဖဿ ကြားတွေ့ဖဿ
ဃာနသမ္ဖဿ နံတွေ့ဖဿ
ဇိဝှာသမ္ဖဿ စားတွေ့ဖဿ
ကာယသမ္ဖဿ ထိတွေ့ဖဿ
မနောသမ္ဖဿ ကြံတွေးဖဿတို့ဖြစ်ပါတယ်။

ဖဿရဲ့ တရားကိုယ်မှာ လောကီ ဝိပါတ် (၃၂) ခု၌ရှိသော ဖဿကိုဆိုလိုပါတယ်။ ဖဿ၏သဘောမှာဝမ်းသာဖွယ်အာရုံ၊ ဝမ်းနည်းဖွယ်အာရုံများကိုမြင်ရကြားရသောအခါ ဝတ္ထုဒွါရမှာရှိသောစိတ်ကိုလာထိသကဲ့သို့အချင်းအရာမျှသာဖြစ်ခြင်းကိုခေါ်ပါတယ်။ ချဉ်သီးစားနေတဲ့ သူကိုမြင်ရရင် မိမိခံတွင်းထဲချဉ်သီးရောက်လာသလိုသွားရည်ကျလာသောသဘော၊တစုံတခုသောရေးခြစ်သံကိုကြားရရင်မိမိသွားကိုလာမထိသော်လည်း၊လာထိသလိုသွားကျိန်းတဲ့သဘော၊ လူတစ်ယောက်ကအလွန်မြင့်သောတိုက်ခေါင်းမိုးပေါ် တက်နေတာကို မြင်ရရင် မိမိကတိုက်ခေါင်းမိုးပေါ် မရောက်သော်လည်း ရောက်နေသလို ရင်တုန်၊ဒူးတုန်နေရတဲ့ သဘောစသည်တို့ဖြစ်ပါတယ်။

## ဖဿပစ္စယာဝေဒနာ

ဝေဒနာ=ကောင်း၊မကောင်းခံစားခြင်း၊ အာရုံ ၏အရသာကိုခံစားခြင်း။

ဖဿခြောက်ပါးကြောင့်(ဝါ)ဖဿဆိုသော တွေ့ထိုက်ပေးမှုကြောင့်ဝေဒနာဆိုသော ခံစားမှုတွေ ဆက်ပြီးဖြစ်ပြန်ပါတယ်။ မြင်ပြန်တော့၊ ကြားပြန်တော့၊ နံပြန်တော့၊စားပြန်တော့၊ ကိုယ်နဲ့ထိတွေ့ပြန်တော့၊ ကြံတွေးပြန်တော့ ကောင်းမကောင်းဆိုတဲ့ အာရုံကို ခံစားတတ်သော ဝေဒနာများ ဖြစ်ပေါ်လာသည်ကို ဖဿ ပစ္စယာ ဝေဒနာလို့ခေါ်ပါတယ်။

ဝေဒနာ၏သဘောမှာ အကျဉ်းအားဖြင့် ခံစားမှုသဘောကို (ဝေဒနာ) ဟုခေါ်ပါတယ်။ အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာက

| | | |
|---|---|---|
| အာရုံကောင်းလျှင် | – | သုခဝေဒနာ |
| အာရုံမကောင်းလျှင် | – | ဒုက္ခဝေဒနာ |
| အာရုံအလတ်စားဖြစ်လျှင် | – | ဥပက္ခာဝေဒနာလို့ သုံးမျိုးပြပါတယ်။ |

အာရုံအပေါ်မူတည်ပြီး သုခဝေဒနာ၊ဒုက္ခဝေဒနာ၊သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပက္ခာဝေဒနာအားဖြင့် ငါးမျိုးပြပါတယ်။ဒွါရ(၆)ပေါက်မှာရှိတဲ့ အာယတန(၆)ပါး၊ဒွါရ အစွမ်းအားဖြင့်ဒွါရ(၆)ပါးကို ဖဿ၏တွေ့ထိုက်ပေးမှုအရ ဝေဒနာခြောက်ပါးဖြစ်ပေါ်လာပါတယ်။ ဝေဒနာ (၆)ပါးကိုပါဠိမြန်မာနှစ်မျိုးအားဖြင့်ဖော်ပြရလျှင်

စက္ခုသမ္ဖဿဇာဝေဒနာ မြင်တွေ့ခံစား

သောတသမ္ဖဿဇာဝေဒနာ ကြားတွေ့ခံစား
ဃာနသမ္ဖဿဇာဝေဒနာ နံတွေ့ခံစား
ဇိဝှါသမ္ဖဿဇာဝေဒနာ စားတွေ့ခံစား
ကာယသမ္ဖဿဇာဝေဒနာ ထိတွေ့ခံစား
မနောသမ္ဖဿဇာဝေဒနာ ကြံတွေးခံစားဖြင့်
ခြောက်ဒွါရအားဖြင့်လည်းခံစားမှုဝေဒနာ(၆)မျိုးရပါတယ်။

## ဝေဒနာပစ္စယာတဏှာ

တဏှာ = လိုချင်တပ်မက်ခြင်း၊ ဝေဒနာပစ္စယာတဏှာ
သည် ဝေဒနာကြောင့် တဏှာဖြစ်ခြင်း

ခံစားမှု ဝေဒနာ အကြောင်းခံပြီးလျှင် တဏှာ တရားတွေ ဆက်ပြီးဖြစ်သည်ကို မြတ်စွာဘုရားက ဝေဒနာပစ္စယာ တဏှာ ဟု ဟောပါတယ်။

ဝေဒနာ ခံစားမှုက အာရုံ ခြောက်ပါး ဖြစ်သည့် အပေါ်မှာ ကောင်းသည်ကို ခံစားမိလို့ ချစ်ခင်မှု၊ သာယာမှု၊ နှစ်သက်မှု၊လို ချင်မှု၊ တွယ်တာမှုဖြစ်ပေါ်လျှင် တပ်မက်မှု (တဏှာ) ဖြစ်လာ ပါတယ်။

တဏှာဖြစ်လာသည့်အခါဘုံဘဝရောက်ရကြောင်း၊အကြောင်း သမုဒယတွေဖြစ်လာပါတယ်။ ခန္ဓာအိမ် ကိုတည်ဆောက်မည့်

တဏှာရလျှင် အနာဂတ် ခန္ဓာ (၃၁) ဘုံ၌ ဘဝ သံသရာဆက် ပါတော့တယ်။

တဏှာ ကပစ္စုပ္ပန် မှာဖြစ်ပေါ်လို့ အနာဂတ်ခန္ဓာရဖို့ အတွက် တဏှာက ခေါင်းဆောင်ပြီး ဘုံဘဝရောက်ရာရောက် ကြောင်းကို ညွှတ်ပေးပါတယ်။

## တဏှာပစ္စယာဥပါဒါန်

ဥပါဒါန်=စွဲလန်းခြင်း၊ တဏှာပစ္စယာဥပါဒါန်သည်တပ်မက်မှု ကြောင့် စွဲလန်းမှုဖြစ်ခြင်း။

တဏှာသည်ချစ်ခင်မှု၊ နှစ်သက်မှု၊ လိုချင်တပ်မက်မှုဖြစ်၍ များများလိုချင်လျှင် (ဝါ) လိုချင်စိတ်တွေများလာလျှင်စွဲလန်းမှု ဥပါဒါန် ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်မြတ်စွာဘုရားက တဏှာ ပစ္စယာဥပါဒါန ဟု ဟောကြားခဲ့ပါတယ်။

ဥပါဒါန်ရဲ့တရား ကိုယ်မှာ အားကြီးသော တဏှာ နှင့်ဒိဋ္ဌိ ကိုကောက်ရ ပါတယ်။ ဥပါဒါန်လေးပါးရှိရာ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်အားဖြင့်လေးပါး ရှိပါတယ်။

### ကာမုပါဒါန်

ဆိုသည်မှာ ငါးဖြာအာရုံ ကာမဂုဏ်များရဲ့ အပေါ်မှာ ပြင်းထန်စွာ စွဲလန်းမှုကို ခေါ်ပါတယ်။

**ဒိဋ္ဌုပါဒါန်**

ဆိုသည်မှာ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးမရှိစသည် ဖြင့် အယူမှား၊ အမှတ်မှား အသိမှား တို့ကို စွဲလန်းစွာ ဖြစ်ပေါ် သောဆယ်ပါးသော ဒသဝတ္ထုက ဒိဋ္ဌိတရားဖြစ်ပါတယ်။

**သီလဗ္ဗတုပါဒါန်**

ဆိုသည်မှာ အကျင့်သီလမမှန်ခြင်း၊ မှားသောအကျင့်တရား တို့ကို မှန်သည်ထင်၍ ကျင့်ကြံအားထုတ်ခြင်း၊ မှန်သောတရား ကိုမှားသည်ဟု ထင်ခြင်း၊

**အတ္တဝါဒုပါဒါန်**

ဆိုသည်မှာ ရုပ်ဟာငါပဲ၊ ရုပ်ရှိသောငါပဲ၊ ငါ၌ရုပ်ပဲ၊ ရုပ်၌ ငါပဲစသည်ဖြင့် မှားမှားယွင်းယွင်း စွဲလန်းတတ်သော နှစ်ဆယ် သောသက္ကာယ ဒိဋ္ဌိကို အတ္တဝါဒုပါဒါန်လို့ ခေါ်ပါတယ်။

ဒိဋ္ဌုပါဒါန် အစွဲနှင့် အတ္တဝါဒုပါဒါန် အစွဲနှစ်ပါး ထူးခြား ပုံမှာဒိဋ္ဌုပါဒါန်အစွဲကလူပြည်၊နတ်ပြည်မရောက်အောင်တားပါ တယ်၊ အတ္တဝါဒုပါဒါန်အစွဲက မဂ်ဖိုလ်နိဗ္ဗာန်မရောက်အောင် တားထားပါတယ်။ ဉပါဒါန်အစွဲရှိသော သူများသည်ဘဝဖြစ် အောင် ကြိုးစား အားထုတ်ကြပါတယ်၊ နိဗ္ဗာန်မရောက်နိုင်ပါ၊

**ဉပါဒါနပစ္စယာ ကမ္မဘဝေါ**

စွဲလန်းမှုကြောင့်ပြုလုပ်မှု ကမ္မဘဝဖြစ်ခြင်း

ကမ္မဘဝ = ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ (ကာယကံ)၊ နှုတ်ဖြင့် ပြောဆိုခြင်း (ဝစီကံ)၊ စိတ်ဖြင့် ကြံစည်ခြင်း (မနောကံ)၊
= ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ၊

မြတ်စွာဘုရားရှင်သည်ဥပါဒါနပစ္စယာ ကမ္မဘဝေါဟုဟော ကြားထားရာ ဥပါဒါန်၊ (စွဲလန်းမှု) ဖြစ်လာရင်စွဲလန်းတော့အား ထုတ်မှု ပြုလုပ်လာမှုတို့ကြောင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဖြစ်လာပါတယ်။ စွဲလန်းမှုဖြစ်လာရင် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် အားထုတ်ပြုလုပ်ရာမှ ရသည့် ကံတရားကိုကမ္မဘဝ (ကမ္မဘဝေါ) လို့ခေါ်ပါတယ်။

ဘဝတွင် ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးကွဲပြားပါတယ်၊ ကမ္မဘဝဆိုသည်မှာ ပုညာဘိ သင်္ခါရ သည် စေတနာ (၂၉) ခု ဖြစ်ပြီး၊ ဥပပတ္တိဘဝသည် ဘဝကြီး(၉)ပါးကို ခေါ်ပါတယ်။

ကမ္မဘဝ သည် ပြုလုပ် အားထုတ်သည့် အကြောင်း ဘဝ မည်ပါတယ်၊ ဥပပတ္တိဘဝသည် အကျိုးဘဝ မည်ပါတယ်၊ ကမ္မဘဝ နှင့် ဥပပတ္တိဘဝနှစ်ပါးထူးခြားပုံမှာ ဘဝသို့ ရောက်စေ၊ ဖြစ်စေတတ်သော စေတနာသည်၊ သင်္ခါရ၊ ကံ၊ ကမ္မဘဝ မည်ပါတယ်၊ စေတနာ သင်္ခါရ ကံတွေကြောင့်ဖြစ်ပေါ်လာကြရ သော ခန္ဓာအမျိုး မျိုးသည် ဥပပတ္တိဘဝ မည်ပါတယ်၊

ကမ္မဘဝတွင် (ကာယကံမှု) ကိုယ်ဖြင့် ပြုလုပ်ခြင်း (ဝစီကံမှု) နှုတ်ဖြင့် ပြောဆိုခြင်း (မနောကံမှု) စိတ်ဖြင့် ကြံစည်

ခြင်း၊ ပြုလုပ်အားထုတ်ခြင်းကို ခေါ်ပါတယ်၊ ကမ္မဘဝသည် သမုဒယသစ္စာ ဖြစ်၍၊ ဥပပတ္တိ ဘဝသည် ဒုက္ခသစ္စာ ဖြစ်ပါ တယ်။

လောကလူသားများသည် ကမ္မဘဝကို အဘယ်ကြောင့် ပြုလုပ်မိကြပါသလဲ ဆိုရင် ဥပါဒါန်အစွဲကြောင့် ပြုလုပ်မိကြပါ တယ်။ ဥပါဒါန်အစွဲဖြစ်ရခြင်းမှာ လိုချင်မှု တပ်မက်မှု တဏှာ ကြောင့် ဖြစ်ပေါ်လာကြရပါတယ်၊ ကမ္မဘဝမှ ဥပါဒါန်မှ တဏှာမှ အဝိဇ္ဇာအထိ ပြောင်းပြန် (ပဋိလုံ) တွက်၍ ရပါတယ်။

## ကမ္မဘဝပစ္စယာဇာတိ

ဇာတိ = ပဋိသန္ဓေနေခြင်း၊ ကမ္မဘဝပစ္စယာဇာတိ သည် ကမ္မဘဝကြောင့်ပဋိသန္ဓေဇာတိဖြစ်ခြင်း ကမ္မဘဝကိုပြုလုပ် မိသောသူများသည် ဇာတိ မျိုးအဖုံဖုံကို ပြန်ရကြမှာ ဖြစ်ပါတယ်၊ ထို့ကြောင့် မြတ်စွာဘုရားက ဘဝပစ္စယာဇာတိလို့ဟောပါတယ်၊ ကံကြောင့် ဇာတိမျိုးစေ့၊ မျိုးမှ အပင်၊ အပင်မှ မျိုးဆိုသကဲ့သို့ (၃၁) ဘုံမှာ သံသရာလယ်ပါတော့တယ်၊ လူ့ဘဝ မှာ အဝိဇ္ဇာနဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့လုပ်ခဲ့ သမျှတွေသည် ကမ္မဘဝနဲ့မျိုးရ နေပါတယ်။ မျိုးရတော့ အပင် ဇာတိကို ပြန်ရ ပြန်ပါတယ်။ ပဋိသန္ဓေ အဖန်ဖန် နေရခြင်းဇာတိပြန်ရပြန် ပါ တယ်။

ကမ္ဘာဝဌ် ကုသိုလ်ကံ အကုသိုလ်ကံတွေပြုလုပ်သမျှ သည်၊ သမုဒယသစ္စာ ချည်းသာဖြစ်ပါတယ်၊ မိုးကုတ်ဆရာတော် ဘုရားကြီးက ကံနှင့်ပတ်သက်ပြီး ကံစီမံရာကို လိုက်ကြရင်သုံး ဆယ့်တစ်ဘုံလည်ကြရမယ်၊ ဉာဏ်စီမံရာလိုက်ရင်တော့ နိဗ္ဗာန် ရောက်ကြမယ်လို ဆုံးမခဲ့ပါတယ်။

## ဇာတိပစ္စယာဇရာမရဏ

ဇရာမရဏ = အိုခြင်း၊ သေခြင်း၊ ဇာတိပစ္စယာ ဇရာမရ ဏ သည် ဇာတိပဋိသန္ဓေနေမှုကြောင့် ဇရာ မရဏအိုခြင်း၊ သေခြင်းဖြစ်ရခြင်း

ပဋိသန္ဓေ (ဇာတိ)အဖြစ် နတ်၊ လူ၊ သတ္တဝါ ဖြစ်လာလျှင် ဇရာ၊ (အိုမှု) မရဏ (သေမှု)နှင့် အဖန်ဖန်ကြုံရပါတယ်။ ဇာတိ ဆိုသည်မှာ နိပ္ဖန္နရုပ်၊ နာမက္ခန္ဓာနာလေးပါး၊ ရင့်ခြင်း (ဌီ) သဘော နှင့် ပျက်ခြင်း (ဘင်) သဘောကို ဇရာမရဏ လို့ ခေါ်ပါတယ်။

လောကဌ် , လူသတ္တဝါအပေါင်းတို့သည် အဘယ်ကြောင့် အိုကြရ၊ သေကြရပါသနည်း ဆိုရင် ပဋိသန္ဓေနေရခြင်းဖြစ်သော ဇာတိ ရလာကြသောကြောင့် အဖြစ်ရှိလျှင် အပျက်ရှိသလိုအိုကြ ရ၊ သေကြရ ခြင်းဖြစ်ပါတယ်၊ ဇာတိတရားရလာကြသူများသည်၊ ဇရာမရဏ အိုသေဒုက္ခတရားနှစ်ပါးအပြင်မသေမိုလည်း၊သောက၊

ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသာ ဒုက္ခငါးပါးကိုလည်း တွေ့ကြရပါတယ်။

(သောက) စိုးရိမ်ခြင်း၊ (ပရိဒေဝ) ငိုကြွေးခြင်း၊ (ဒုက္ခ) ဆင်းရဲခြင်း၊ (ဒေါမနဿ) စိတ်၏နာကျင်ခြင်း၊ (ဥပါယာသ) ပြင်းစွာ ရှိုက်ငင်ခြင်း၊ ပြင်းထန်သော ဒေါသစေတသိက် ဖြစ်ပါတယ်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ စသော တရားငါးပါးကို အင်္ဂါ(၁၂) ပါးထဲတွင် ထည့်၍ ရေတွက်ခြင်း မပြုခြင်းမှာ ဇာတိ၏ မူရင်းအကျိုးရင်းမဟုတ် ဇာတိ၏ အကျိုး ဖျားမျှသာ ဖြစ်သောကြောင့် အင်္ဂါ (၁၂)ပါးထဲ မှာထည့်ပြီး ရေတွက်ခြင်းမပြုပါ။

## တရားကိုယ်များ

တရားကိုယ်များဆိုသည်မှာ အဝိဇ္ဇာအစ ဇရာမရဏအဆုံး တရားများဖြစ်ပါသည်။

## သုံးပါးအစပ်

စက်ဝိုင်း အကွက်ကြီး လေးကွက်ထဲမှာ ကြည့်ပါက အစပ် သုံးစပ်တွေ့ရပါမယ်၊(၁)အကွက်နှင့်(၂)အကွက်ကြားရှိ(သင်္ခါရ) နှင့် (ဝိညာဏ်)မှာ တစ်စပ်၊ (၂)နှင့် (၃) ကြားရှိ (ဝေဒနာ)နှင့် (တဏှာ)မှာ တစ်စပ်၊ (၃) နှင့် (၄) ကြားရှိ (ကမ္မဘဝ)နှင့် (ဇာတိမှာ) တစ်စပ် ပေါင်းသုံးစပ်ဖြစ်ပါတယ်။

(၁) အကွက် သင်္ခါရ (စပ်) ဝိညာဏ် (၂) အကွက်
(အဝိဇ္ဇာ၊ သင်္ခါရ၊ (ဝိညာဏ်၊ နာမ်ရုပ်၊
တဏှာဥပါဒါန်၊ ဘဝ) သဠာယတန၊ ဖဿဝေဒနာ)

(၂) အကွက် ဝေဒနာ (စပ်) တဏှာ (၃) အကွက်
(ဝိညာဏ်၊ နာမ်ရုပ်၊ (တဏှာ၊ ဥပါဒါန်၊
သဠာယတန၊ဖဿ၊ ကမ္မဘဝ)
ဝေဒနာ)

(၃) အကွက် ကမ္မဘဝ (စပ်) ဇာတိ (၄) အကွက်
(တဏှာ၊ ဥပါဒါန်၊ ဇာတိ၊ ဇရာ မရဏ)
ကမ္မဘဝ)

"စပ်"ဆိုသည်မှာ (၁) အကွက်သင်္ခါရနှင့် (၂) အကွက် ပဋိသန္ဓေဝိဉာဏ်တို့ကို မြှားကလေးဖြင့် စပ်ထားသည်အဓိပ္ပါယ် ဖြစ်ပါတယ်။ (၁) အကွက် အတိတ်ကာလ သင်္ခါရဖြင့် စုတိ အသေနှင့်ချုပ်ပြီး (၂) အကွက် ပဋိသန္ဓေ(ဝိညာဏ်) ဒုက္ခသစ္စာ ပေါ်ပေါက်ခြင်း ဖြစ်ပါတယ်။

(သင်္ခါရ)နှင့် (ဝိညာဏ်) အစပ်ကို(၁)နံပါတ်အစပ်လို့ လည်းခေါ်ပါတယ်။ သေပြီးခဲ့သောအစပ်လို့လည်းခေါ်ပါ တယ်၊ကြောင်းအစပ်လို့လည်းခေါ်ပါတယ်။အတိတ်နှင့်ပစ္စုပ္ပန် အစပ်လို့လည်းခေါ်ပါတယ်၊ သမုဒယသစ္စာနှင့်ဒုက္ခသစ္စာအ စပ်လို့လည်း ခေါ်ပါတယ်။

ဝေဒနာနှင့်တဏှာအစပ်ကို (၂) နံပါတ်အစပ်လို့ခေါ်ပါတယ်။ ထွက်ရပ် လမ်းအစပ်လို့လည်း ခေါ်ပါတယ်။ ဒုက္ခသစ္စာ နှင့်သမုဒယသစ္စာ အစပ်လို့လည်းခေါ်ပါတယ်။ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းအစပ်လို့လည်း ခေါ်ပါတယ်။

ကမ္မဘဝနှင့် ဇာတိအစပ်ကို (၃)နံပါတ်အစပ်လို့ခေါ်ပါတယ်။ ပစ္စုပ္ပန် အကြောင်းနှင့် အနာဂတ်အကျိုးစပ်လို့လည်း ခေါ်ပါတယ်။ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ အစပ်လို့လည်း ခေါ်ပါတယ်။

(၁) နံပါတ်အစပ်ကို ဖြတ်လျှင် လွန်ခဲ့ပြီးဖြစ်သောကြောင့် ဖြတ်၍မရနိုင်ပါ။ (၃) နံပါတ်အစပ်ကို ဖြတ်ရင်လည်း မရောက်သေးသောကြောင့်ဖြတ်လို့မရနိုင်ပါ။သံသရာမှထွက်လမ်းရချင်ရင် (၂) မှ (၃) မကူးအောင် ဖြတ်ရမှာဖြစ်ပါတယ်။ ယခုရောက်နေသည်မှာ (၂)ထဲ၌ ရောက်နေခြင်းဖြစ်၍ (၂) မှ (၃) မကူးအောင် ယခု ဝိပဿနာ ရှုရမည် ဖြစ်ပါတယ်။

သောတာပန် စသည်တို့ ဖြစ်စေလိုလျှင်လည်း (၂) နှင့် (၃) အစပ် ကိုဖြတ်ရမည် ဖြစ်ပါတယ်။ (၂)ထဲမှ (၃)မကူးအောင် ပဋိစ္စသမုပ္ပါဒ် ဖြတ်ရပါမယ်။ ပဋိစ္စသမုပ္ပါဒ် ဖြတ်လျှင် နိဗ္ဗာန်ရောက်ပါမယ်။

ဝေဒနာနှင့် တဏှာမကူးမိအောင် ထိုနှစ်ခုကြားမှာ ဝိပဿနာဉာဏ်မင် သွင်းရပါမယ်။ ဝိပဿနာဉာဏ်ရင့်လာ

ပါလျှင် မဂ်ဉာဏ် (လောကုတ္တရာမဂ်) ရပြီး နိဗ္ဗာန်ကို အသက်ရှင်လျက် မြင်နိုင်၊ ရောက်နိုင်မည် ဖြစ်ပါတယ်။

## နှစ်ရပ်မူလ

နှစ်ရပ်မူလဆိုသည်မှာ "အဝိဇ္ဇာနှင့်တဏှာ" ဖြစ်ပါတယ်။ (အဝိဇ္ဇာ)ကို ပုဗ္ဗန္တဘဝစက်ဟု ခေါ်ပါတယ်။ (တဏှာ)ကို အပရန္တ ဘဝစက်ဟု ခေါ်ပါတယ်။ ဘဝစက် (၂)ပါး ရပါတယ်။

အဝိဇ္ဇာသည် အင်္ဂါ (၇)ပါးဆောင်ပါတယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့်ဝေဒနာဖြစ်ပါတယ်။ ဝေဒနာသည် အဝိဇ္ဇာကြောင့် ရ သည်တရားဖြစ်၍၊ ဝေဒနာကြောင့် တဏှာဖြစ်သောအခါ၊ တဏှာသည်အဝိဇ္ဇာလည်း ဖြစ်ပါတယ်။ တဏှာသည်ဝေဒနာ ကြောင့် ဖြစ်၍အဝိဇ္ဇာကိုလည်းဆောင်ပါတယ်။တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန် ကြောင့် ဘဝ၊ ဘဝ ကြောင့် ဇာတိ၊ ဇာတိ ကြောင့် ဇရာ မရဏ ထိ တဏှာသည်အင်္ဂါ (၅)ပါး ဆောင် ပါတယ်။

အဝိဇ္ဇာ (ပုဗ္ဗန္တဘဝစက်မှာ အင်္ဂါ (၇)ပါးဖြစ်သော်လည်း အဝိဇ္ဇာသည် အတူဖြစ်ဘက်ဖြစ်သည့် တဏှာ(အပရန္တဘဝစက်) (၅)ပါး ပေါင်း၍ အင်္ဂါ (၁၂)ပါးလုံးပေါင်း၍ သံသရာလည်ခြင်း ကြောင့် မူလ နှစ်ရပ်မှာ (အဝိဇ္ဇာနှင့် တဏှာ) ဖြစ်ပါတယ်၊

သံသရာ တစ်လျှောက်လုံး မဂ်ဖိုလ်နိဗ္ဗာန် မရခဲ့ခြင်းသည် ဤဘဝစက် နှစ်ပါးကို မဖြတ်နိုင်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် မရခဲ့ခြင်း ဖြစ်ပါတယ်။ ဤဘဝစက်နှစ်ပါးကို ဖြတ်ရမည့်တရားမှာ မူလံပညာယဆိန္နထလို့ ဘုရားရှင် ဟောကြားတော်မူခဲ့သောကြောင့် ဝိပဿနာမဂ်ပညာတို့ဖြင့် ဖြတ်ရမည် ဖြစ်ပါတယ်။

## ဝဋ်သုံးဝ

ဝဋ်သုံးဝဆိုသည်မှာ (စက်ဝိုင်းမှာ ကြည့်ပါ)

(၁) အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန် = ကိလေသာဝဋ်(၃)ပါး (အကြောင်းတရား)

(၂) သင်္ခါရ၊ ကမ္မဘဝ = ကမ္မဝဋ်(၂)ပါး (အကျိုးတရား)

(၃) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန
ဖဿ၊ဝေဒနာ၊ (ဥပပတ္တိဘဝ)=ဝိပါကဝဋ် (၈)ပါး
ဇာရာ၊ မရဏ(ယခုရရှိထားသော ခန္ဓာငါးပါးဖြစ်ပါတယ်)

ကိလေသာဝဋ်အကြောင်းခံ၍ ကမ္မဝဋ်ကို အားထုတ်ခြင်း ဖြစ်ပါတယ်။ ကမ္မဝဋ်အားထုတ်ခဲ့၍ ဝိပါကဝဋ်အကျိုးဒုက္ခသစ္စာကို ရရှိခြင်းကြောင့် အကြောင်းအကျိုးသာလျှင် ရှိပါတယ်။

ဤစက်ဝိုင်းဒေသနာကြီးမှာ အင်္ဂါအားဖြင့် ရေတွက်တဲ့အခါ အင်္ဂါ (၁၂)ပါးမျှသာ ဖြစ်ပါလျက် ဝဋ်အားဖြင့် ရေတွက်ကြသောအခါ အင်္ဂါ (၁၃)ပါး ရခြင်းမှာ အင်္ဂါအားဖြင့် ရေတွက်

ကြသောအခါ၌ ကမ္မဘဝကို တစ်မျိုးတည်းထားပြီး ရေတွက်ရ သောကြောင့် အင်္ဂါ (၁၂)ပါးသာ ရှိသော်ငြားလည်း ဝဋ်အားဖြင့် ရေတွက်ကြသောအခါ ဘဝက နှစ်မျိုးကွဲပြားသွားပါတယ်။ ကမ္မဘဝက ကမ္မဝဋ်ထဲမှာပါပြီး ဥပပတ္တိဘဝက ဝိပါကဝဋ်ထဲမှာ ပါသွားသောကြောင့် ဖြစ်ပါတယ်။

ဝဋ်အားဖြင့် ရေတွက်စဉ်မှာ အင်္ဂါ (၁၃)ပါး ဖြစ်နေပါတယ်၊ ဘဝနှစ်ပါးကို ပြန်ပေါင်းပြီး ရေတွက်ရင် (၁၂)ပါးပြန် ဖြစ်ပါတယ်။

ဝဋ်သုံးပါးကို အကြောင်းဝဋ် အကျိုးဝဋ်ခွဲခြားရပါလျှင် ကိလေသာဝဋ်(၃)ပါးနှင့် ကမ္မဝဋ် (၂)ပါးသည် အကြောင်းဝဋ် (၅)ပါး ဖြစ်ပါတယ်၊ ဝိပါကဝဋ် (၈)ပါးသည် အကျိုးဝဋ် (၈)ပါး ဖြစ်ပါတယ်။

## ကာလသုံးပြား

ကာလ သုံးပြားဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ ဖြစ်ပါတယ်၊ (တစ်နည်းအားဖြင့်) လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့သော အနာဂတ်အားဖြင့် ကာလသုံးပါး ဖြစ်ပါတယ်။

## "ကာလသုံးပါးဖြင့် အင်္ဂါ (၁၂)ပါးကို ခွဲပြပုံ"

(၁) အတိတ်ကာလ = အဝိဇ္ဇာ၊ သင်္ခါရ အင်္ဂါ (၂) ပါး
(သမုဒယသစ္စာ)

(၂) ယခုပစ္စုပ္ပန်ကာလ= ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန
ဖဿ၊ဝေဒနာ (၅) ပါး(အကျိုး)
တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ
(၃)ပါး၊(အကြောင်း)
ပေါင်း (၈) ပါး

(ပစ္စုပ္ပန်အကျိုးဒုက္ခသစ္စာ) (ပစ္စုပ္ပန်အကြောင်း သမုဒယ သစ္စာ)

(၃) အနာဂတ်ကာလ = ဇာတိ၊ဇရာမရဏ
အင်္ဂါ(၂)ပါး
(အနာဂတ်အကျိုးဒုက္ခသစ္စာ)

အတိတ် (အဝိဇ္ဇာ၊ သင်္ခါရ) အင်္ဂါ (၂) ပါးကို သမုဒယ သစ္စာလို့ ခေါ်ပါတယ်။ ပစ္စုပ္ပန်အကျိုးအင်္ဂါ (၅)ပါးကို ဒုက္ခ သစ္စာလို့ခေါ်ပါတယ်၊ ပစ္စုပ္ပန်အကြောင်းအင်္ဂါသုံးပါးကိုသမုဒယ သစ္စာလို့ ခေါ်ပါတယ်။ အနာဂတ် အကျိုးအင်္ဂါ (၂)ပါးကို ဒုက္ခ သစ္စာလို့ ခေါ်ပါတယ်။

## "ခြင်းရာနှစ်ဆယ်"

ခြင်းရာနှစ်ဆယ်ဆိုသည်မှာအတိတ်အကြောင်းအခြင်း အ ရာငါးပါး၊ပစ္စုပ္ပန်အကျိုးအခြင်းရာငါးပါး၊ပစ္စုပ္ပန်အကြောင်းခြင်း ရာငါးပါး၊ အနာဂတ်အကျိုးအခြင်းအရာငါးပါးပေါင်း နှစ်ဆယ် ဖြစ် ပါတယ်။

## ပဋိစ္စသမုပ္ပါဒ်ဇယားကွက်တွင်ကြည့်ပါ

(၁) ကွက်တွင်=အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ(အတိတ်ကာလ၊အတိတ် ဥပါဒါန်၊ဘအကြောင်းတစ်လွှာ(အတိတ်အကြောင်းအခြင်း အရာ(သမုဒယသစ္စာ) ၅ ပါး)

(၂) အကွက်တွင် = ဝိညာဏ်၊ နာမ်ရုပ်၊ (ပစ္စုပ္ပန်ကာလ၊ပစ္စုပ္ပန် သဠာယတန၊ဖဿ၊ဝေဒနာ အကျိုးတစ်လွှာခန္ဓာငါးပါး (ပစ္စုပ္ပန်အကျိုးအခြင်းအရာ (ဒုက္ခသစ္စာ) ၅ ပါး)

(၃) အကွက်တွင် = တဏှာ၊ဥပါဒါန်၊ကမ္မဘဝ၊ (ပစ္စုပ္ပန်အကြောင်း အဝိဇ္ဇာ၊သင်္ခါရ၊ (ပစ္စုပ္ပန် တစ်လွှာ၊သမုဒယသစ္စာ) အကြောင်းအခြင်းအရာ၅ပါး)

(၄) အကွက်တွင် = ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန ဖဿ၊ဝေဒနာ (အနာဂါတ်အကျိုး (အနာဂါတ် တစ်လွှာ၊ဒုက္ခသစ္စာ) အကျိုးအခြင်းအရာ ၅ပါး)

စက်ဝိုင်းတွင် အကွက် ၄ကွက်ရှိပြီးအကွက်တစ်ကွက်လျှင် အကြောင်း (သို့မဟုတ်) အကျိုးအခြင်းအရာ ၅ ပါးစီ ရှိပါ သဖြင့် ၅x ၄ = ၂၀ (ခြင်းရာနှစ်ဆယ်) ဖြစ်ပါတယ်။

ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါးကို ဒုက္ခသစ္စာဟုသိလျှင် သက္ကာယဒိဋ္ဌိပြုတ်ပါတယ်၊ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးကို

ဒုက္ခသစ္စာဟု အမှန်မသိပါလျှင် ပဋိစ္စသမုပ္ပါဒ်အကြောင်းအခြင်းအရာ ငါးပါး (သမုဒယ) ဖြစ်ကြောင်းတဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကို ထပ်ပြီးကြိုးစားကြမည် ဖြစ် ပါတယ်၊ ဖြစ်ကြောင်း သမုဒယကို ထပ်ပြီးလုပ်လျှင် ဖြစ်ကျိုး အနာဂါတ်(ဒုက္ခသစ္စာ)ကို ထပ်မံရရှိကြမည် ဖြစ်လို့ သံသရာဆက်ပါမယ်၊ သံသရာလယ်ပါတော့မယ်။

သံသရာဆက်ပုံမှာ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်၊ ပစ္စုပ္ပန်အကျိုးထဲကတဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ပစ္စုပ္ပန်အကြောင်း ထပ်မံပေါက် ပွားလျှင် အနာဂါတ်အကျိုးတွေ ထပ်ဖြစ်ပါမယ်၊ အနာဂါတ်အကျိုး ထဲကမှ အတိတ်အကြောင်းတွေထပ်ပေါက်ပွားရင် သံသရာကြီးသည် ကရွတ်ကင်း လျှောက်သလို အဆုံးကိုမရောက်နိုင်ပဲသံသရာ ထဲမှာပဲ တဝဲ လည်လည်နှင့် ကျင်လည်ခဲ့ရပြီး ထပ်ပြီး ကျင်လည်ကြရဦးမည်ဖြစ် ပါတယ်။

## ဉ္ဈ်ရှစ်သွယ်

ပဋိစ္စသမုပ္ပါဒ်လက်ာအရ ရှစ်သွယ်တို့မှာ

၁။ မူလနှစ်ဖြာ
၂။ သစ္စာနှစ်ခု
၃။ လေးခုအလ္လာ
၄။ အင်္ဂါ (၁၂)ပါး
၅။ သုံးပါးအစပ်
၆။ ဂဋ္ဌသုံးဝနှင့်
၇။ ကာလသုံးဖြာ
၈။ ခြင်းရာနှစ်ဆယ်တို့ ဖြစ်ပါတယ်။

# ပဋိစ္စသမုပ္ပါဒ် (အဖွင့်)

ခန္ဓာရှိသူတွေမှာ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲခြင်းဒုက္ခ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊နံနက်မိုးလင်းမှ ညအိပ်သည့်အထိ ခန္ဓာကိုယ်ကြီးရဲ့အကြိုက်လိုက်ပြီးပြုစုပေးနေရတဲ့ဒုက္ခ၊ အိုနေတဲ့ဒုက္ခ နာနေတဲ့ဒုက္ခ၊ ခန္ဓာကြီးဖောက်ပြန်ပြီး မဲ့သေရမည့်ဒုက္ခတွေ က လွတ်ကင်းပြီးမသေခင်မှာ "သဉပါဒိသေသနိဗ္ဗာန်"ကိုရ နိုင်ပါလျှက်နှင့် နိဗ္ဗာန်နှင့်ဝေးအောင်ဒုက္ခသံသရာလည်အောင်ဖြစ်စေတဲ့ ပဋိစ္စသမုပ္ပါဒ် (အကြောင်းအကျိုးဆက်)နေပုံနဲ့ အကြောင်း အရင်းကို သိထားကြ မှ သံသရာက လွတ်လမ်းကို ရကြမယ်။

## မူလနှန်ပြာ (အဝိဇ္ဇာတဏှာ)

သုံးဆယ့်တစ်ဘုံမှာ ကျင်လည်အောင် အကြောင်းအကျိုး ဆက်ပြီးသံသရာရှည်အောင်ဖြစ်စေတဲ့အကြောင်းအရင်း ကတော့ (အဝိဇ္ဇာနဲ့တဏှာ) ပါပဲ။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဗောဓိပင်နဲ့ ရွှေပုလ္လင်မှာပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်တဲ့ တရားကို သိတော်မူလို့ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဆင်ခြင် နှလုံးသွင်းတော်မူရာမှာ ပဋိစ္စသမုပ္ပါဒ်၏ မူလ အကြောင်းရင်းသည် "(အဝိဇ္ဇာတဏှာ)" ဖြစ်လို့ ဒါဝိဇ္ဇာ နိရောဓါ၊ အာသဝေါ နိရောဓော၊ အဝိဇ္ဇာချုပ်လို့ တဏှာချုပ် ပြီး အာသဝေါ တရားချုပ်ခြင်း (ဝါ)၊အရဟတ္တမဂ်ဉာဏ်တော်ကို

ရတော်မူခြင်း(ဝါ)အာသဝက္ခယဉာဏ်တော် ကိုရခြင်း၊သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်သို့ ရောက်ခြင်းသည် ပဋိစ္စ သမုပ္ပါဒ်တရားကိုဆင်ခြင် ရာမှာ တွေ့ရလို့ဝမ်းမြောက်တော် မူလို့၊ ဥဒါန်းကျူးရင့်တော်မူခဲ့ ပါတယ်။ မြတ်စွာဘုရား ကျူးရင့် တဲ့ ဥဒါန်းသည် ဗောဓိသုတ်မှာ လာပါတယ်။ အတိတ် အဝိဇ္ဇာကြောင့်ပစ္စုပ္ပန်ခန္ဓာဖြစ်၊ ပစ္စုပ္ပန်တဏှာကြောင့်အနာ ဂတ် ခန္ဓာဖြစ်ကြောင်းတွေ တွေ့ရလို့ "အဝိဇ္ဇာနဲ့တဏှာ" သည် သံသရာ လည်အောင်ဖြစ်စေတဲ့မူလအကြောင်းခံနှစ်ပါး လို့ ဟောပါတယ်။

မြတ်စွာဘုရားသည်လေး သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဒါန၊ သီလ၊ဘာဝနာတွေလုပ်ခဲ့ပါ သော်လည်း ကိလေသာဝဋ်၊ကမ္မဝဋ်၊ ဝိပါကဝဋ် တွေနဲ့ပဲ သံသရာ လည်ခဲ့ရပါတယ်။ နောက်ဆုံး ဘုရား ဖြစ်မည့်နေ့ကျမှ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင် တော့မှ ကိလေသာ ဝဋ်ဆိုတဲ့ (အဝိဇ္ဇာတဏှာ)ကို တွေ့တော် မူလို့ ပယ်ဖြတ်တော်မူ ပြီး၊ဘုရားအဖြစ်သို့ရောက်တော်မူ တဲ့အတွက် ဝမ်းမြောက်တော်မူလို့ ဥဒါန်းကျူးရင့် တော်မူပါတယ်။ ပဋိစ္စ သမုပ္ပါဒ်သံသရာလည်မှု၏ အကြောင်းအရင်း မူလနှစ်ဖြာသည် (အဝိဇ္ဇာတဏှာ) ရေသောက်မြစ် ဖြစ်ကြောင်း ကို သိနိုင်ကြပါ တယ်။

## အဝိဇ္ဇာ

မြတ်စွာဘုရားဟောကြားခဲ့တဲ့သစ္စာလေးပါးတရားကိုမသိခဲ့တဲ့၊အတိတ်ကစခဲ့တဲ့၊ဘဝအဆက်ဆက်ကပါလာတဲ့(အဝိဇ္ဇာ)ဆိုတဲ့ (မသိမှု) ဟာအမှန်တရားကိုမသိဘူး။ မမှန်တာကိုပဲသိတယ်။ အမှန်တရားလေးပါးဖြစ်တဲ့ သစ္စာလေးပါးမှာ အမြတ်(သစ္စာ) ၂ပါး ဖြစ်သော နိဗ္ဗာန်(နိရောဓသစ္စာ)နဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ (မဂ္ဂသစ္စာ) ကိုမသိတဲ့အပြင်ယခုဘဝမှာ ဒုက္ခရောက်နေတဲ့ အဖြစ်အမှန်၊ ဒုက္ခအမှန် (ဒုက္ခသစ္စာ) ကိုလည်းမသိ၊ ဒုက္ခရောက်ကြောင်း အမှန် (သမုဒယသစ္စာ) ကိုလည်း မသိကြလို့(အဝိဇ္ဇာ)ဖြစ်နေကြလို့သံသရာလယ်ခဲ့ကြရပါတယ်။

ယခုဘဝမှာလည်း ငါလို့ထင်မှတ်နေတဲ့ သက္ကာယဒိဋ္ဌိ၊ အတ္တသညာတွေနဲ့မမှန် တာတွေကိုအမှန်ထင်ပြီးသိနေတဲ့အတွက် ငါ၊သူ၊ ယောကျ်ား၊ မိန်းမဆိုတဲ့ အသိတွေနဲ့ လောဘ ၊ဒေါသ၊ မောဟ ဖြစ်တဲ့ (အဝိဇ္ဇာတဏှာ)တွေ အရင်းခံပြီးနေထိုင် လာခဲ့ကြပါတယ်၊ အတိတ်ဘဝ၊ ဖြစ်လေရာ ဘဝ အဆက်ဆက်ကလည်း (အဝိဇ္ဇာနဲ့ တဏှာ)ဟာ အကြောင်းခံပါပဲ။

## တဏှာ

(လောဘ)က တဏှာပါပဲ၊ လူလို့သံမှတ်ထားတဲ့ လူတွေဟာချမ်းသာတယ်လို့ ထင်နေကြတဲ့ လောကီလူ့ဘဝချမ်းသာကို ခံစားချင်၊လိုချင်ကြလွန်းလို့လိုချင်မှု တဏှာနဲ့ လုပ်ကိုင်ရှာဖွေ

နေခဲ့ကြပါတယ်။ ဒီသဘောကိုကြည့်ရင် (တဏှာ)ဟာ ယခုဘဝပဋိသန္ဓေမှာ ဦးစီး ခေါင်းဆောင်လို့ ခေါ်ရပါတယ်။

တဏှာ ကြောင့် ဟိုဟာ၊ ဒီဟာ၊ လိုချင်ရ၊ လိုချင်လို့ မရတဲ့အတွက် ဒုက္ခရောက်ရ၊ တဏှာကြောင့် ချစ်သူရှိရ၊ ထို ချစ်သူနဲ့ ကွဲကွာလို့ဒုက္ခရောက်ရ၊ တဏှာ အလိုမကျလို့ မချစ်မနှစ်သက်သောသူတို့နှင့် နေရလို့ ဒုက္ခရောက်ရ၊ တဏှာ ကြောင့် ခန္ဓာငါးပါးကို ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ သားသမီးပဲလို့ တွယ်တာလို့ ဒါတွေနဲ့ပဲ ဒုက္ခရောက်ရ။ ဒုက္ခအားလုံးရဲ့ အကြောင်းအရင်းက (တဏှာ) ကြောင့်ဖြစ်လို့ တဏှာကို (သမုဒယသစ္စာ) လို့လဲခေါ်ပါတယ်၊ သမုဒယ (တဏှာ)ဟာ ဒုက္ခဖြစ်ဖို့ အကြောင်းမှန် (သစ္စာ) ဖြစ်ပါတယ်။

(ဒေါသ)ကအဝိဇ္ဇာပါပဲ၊ (မောဟ)ကလည်း (အဝိဇ္ဇာ)ပါပဲ၊ ဒါကြောင့် လူတွေမှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟဖြစ်တဲ့ (အဝိဇ္ဇာတဏှာ)ဟာ ဘယ်ဘဝ ရောက်ရောက် အကြောင်းခံနေ တယ်ဆိုတာပေါ်လွင်နေပါတယ်။

အဝိဇ္ဇာ၊ တဏှာဟာ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက် ပြီး (လှည်းပုံတောင်း၊ ဝင်းရိုး) လို သံသရာလည်မှုကို ဖြစ် စေပါတယ်။

လူလို့သမုတ်တဲ့လူတွေမှာ (အဝိဇ္ဇာနဲ့တဏှာ)အကြောင်းခံ ပြီး ချမ်း သာမှုကို ရာကြသော်လည်း စိတ်ဆင်းရဲခြင်းမျိုးစုံ၊

ကိုယ်ဆင်းရဲခြင်း မျိုးစုံ ဒုက္ခတွေနဲ့ပဲ လမ်းဆုံးနေခဲ့ကြ ရပါတယ်။

(တဏှာ) နဲ့နေခြင်းသည် ဒုက္ခဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ)နဲ့ နေရ ကြောင်းကိုလည်းမသိတဲ့(အဝိဇ္ဇာ) ဖြစ်နေတော့ ဒုက္ခတွေ ရရှိခံစား၊ ဒီဒုက္ခတွေထဲက ဒုက္ခဖြစ်ကြောင်း တဏှာ တွေထပ်ပွား လို့ဒုက္ခပြန် ဖြစ်၊ တစ်ခါ ဒုက္ခထဲကနေ ဒုက္ခဖြစ်ကြောင်း(တဏှာ) တွေ ထပ်လုပ်နေတာ နဲ့ပဲ သံသရာမှာ (ဒုက္ခသစ္စာ)နဲ့ (သမုဒယသစ္စာ)ဆိုတဲ့ အယုတ် သစ္စာနှစ်ပါးနဲ့ပဲ သံသရာ လည်ခဲ့ကြပါတယ်။ ဒုက္ခလွတ် ကြောင်း (မဂ္ဂသစ္စာ)နဲ့ (နိရောဓ သစ္စာ) ဆိုတဲ့အမြတ် သစ္စာ နှစ်ပါးက မပါခဲ့ကြပါဘူး။

ဘုရား၊ ရဟန္တာ၊ အရိယာတို့သိတဲ့(သစ္စာလေးပါး)ဆိုတဲ့ အမှန်တရားလေးပါးကို မသိတဲ့ ပုထုဇဉ်တွေမှာ (အဝိဇ္ဇာ) ဆိုတဲ့ မသိ နားမလည်မှုက ခန္ဓာငါးပါးရလို့ ဒုက္ခရမှု ဖြစ်ကြောင်း လည်းမသိဘူး။ လိုချင်တပ်မက်မှု (တဏှာ) က ဘုံဘဝကို ညွှတ် ပေးနေတာလည်း မသိဘူး။ ဒါကြောင့် (အဝိဇ္ဇာ၊တဏှာ) ဆိုတဲ့ အကြောင်းအရင်း မူလ၂ပါး က သံသရာလည်မှု ကိုဖြစ်ပေါ် ပေးနေတော့ သတ္တဝါတွေဟာ သုံးဆယ့်တစ်ဘုံမှာ ကရွတ်ကင်း လျှောက်သလိုသံသရာ လည်နေကြရပါတယ်။

## အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးဆက်ပုံ

စက်ဝိုင်း(၁)အကွက်၊ရှေးဘဝများစွာက အတိတ်အကြောင်း မှာ (အဝိဇ္ဇာသင်္ခါရ) လို့ ပြထားတဲ့ အဓိပ္ပါယ်က (အဝိဇ္ဇာ) က မသိလို့(သင်္ခါရ)က ပြုလုပ်တာ၊ မသိလို့ပြုလုပ်ခဲ့တဲ့ အဓိပ္ပါယ် ပါပဲ။ အကြောင်းအခြင်းရာ ငါးပါးအနေနဲ့ အတိတ်က (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ) တွေ ပြုလုပ်ခဲ့ပါတယ်။

တဏှာ၊ဥပါဒါန်၊ဘဝကိုတစ်ပေါင်းတည်းဆိုရင် (**သင်္ခါရ**) ပါပဲ၊(သင်္ခါရ)ဆိုတာ ပြုပြင်တဲ့တရား၊ (တဏှာ၊ ဥပါဒါန်၊ ဘဝ) ကို (သင်္ခါရ) က ဆက်တိုက် ပြုပြင်သွားလို့ (သင်္ခါရ) လို့ တစ်ပေါင်းတည်းခေါ်ရ ပါတယ်၊ (သင်္ခါရ)ဆိုတာ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု များနှင့် နောက်ဘဝအတွက် အကျိုး ဝိပါက်များကို ပြုပြင် စီမံ တတ်သော (ကံ) တရားလို့လည်းခေါ်ပါတယ်။

(သင်္ခါရ) ဆိုတာ (ရုပ်) ဟူသမျှကိုလည်း ပြုပြင်တယ်၊ စိတ်ဖြစ်တိုင်းပါရသော စေတသိတ် (နာမ်) ကိုလည်း ပြုပြင်တဲ့ အတွက်(ရုပ်သင်္ခါရ)၊ (နာမ်သင်္ခါရ)လို့လည်းခေါ်တယ်၊ (သတ္တ လောက)ဆိုတဲ့ ရုပ်နာမ်ပေါင်းစပ်ထားတဲ့ လောက၊ (ဩကာသ လောက)ဆိုတဲ့ **ဘုံဌာနအမျိုးမျိုး**၊ ရုပ်အမျိုးမျိုး၊ သတ္တဝါတို့၏ ကံကိုအရင်းခံ၍ ဥတုကြောင့်ဖြစ်သော ရုပ်တရား တို့ကို (သင်္ခါရ လောက)က ဆိုင်ရာ အကြောင်းတရားတွေ ပြုပြင် တာကို (သင်္ခါရ) လို့ခေါ်ပါတယ်၊

အတိတ်က (အဝိဇ္ဇာ) မသိမှုနဲ့ ပြုလုပ်ခဲ့တဲ့ (သင်္ခါရ) ရဲ့ ပြုလုပ်မှုတွေထဲမှာ တပ်မက်မှု (တဏှာ) လည်း ပါတယ်။ စွဲလန်းမှု (ဥပါဒါန်)လည်း ပါတယ်။ ကောင်းမှု၊ မကောင်းမှု ကံ၊ (ကမ္မဘဝ)လည်း ပါတယ်။ စက်ဝိုင်းရဲ (၁) အကွက် အတိတ် အကြောင်းမှာ အဓိက စကားနှစ်လုံး ကတော့ "မသိလို့ ပြုလုပ်ခဲ့တဲ့" (အဝိဇ္ဇာ၊ သင်္ခါရ) ပါပဲ။

အတိတ်က("သင်္ခါရ")ကိုခေါ်တ်သဘောနဲ့ကြည့်ရင်(အဝိဇ္ဇာ) မသိမှုကြောင့် လည်းပါတယ်။ (တဏှာ) တပ်မက်မှုလည်းပါတယ်။ (ဥပါဒါန်) စွဲလန်းမှုလည်း ပါတယ်။ ကံနဲ့ပြုလုပ်ခဲ့တဲ့ (ဘဝ) လည်းပါခဲ့ပါတယ်။

တစ်နည်းဆိုရင် အတိတ်အကြောင်း ကံ က ဖန်လာတဲ့ (သင်္ခါရ) မှာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ) တွေဟာ (Ingredient) အနေနဲ့သတ္တိတွေ ပါဝင်နေပါတယ်။

လိုချင် တပ်မက်မှု (တဏှာ)၊ စွဲလန်းမှု(ဥပါဒါန်)တို့နဲ့ ပြုလုပ်ခဲ့တဲ့ စေတနာ၊ ကံ၊ ကမ္မဘဝ က(သင်္ခါရ) ပါပဲ၊ ကာယ ကံက (ကာယသင်္ခါရ)၊ ဝစီကံ က (ဝစီသင်္ခါရ)၊ မနောကံက (စိတ္တသင်္ခါရ) ဖြစ်တော့ ကံသုံးပါး ကလည်း (သင်္ခါရ) သုံးမျိုး အတူတူပါပဲ။ ကံအမျိုးအစား အနေ နဲ့ကုသိုလ်ကံက (ပုညာဘိသင်္ခါရ) အကုသိုလ်ကံက (အပုညာဘိသင်္ခါရ)စတဲ့ ကံအမျိုးမျိုး သည်သင်္ခါရအမျိုးမျိုးတွေ ပြုလုပ်ခဲ့တဲ့ အတိတ်က (သင်္ခါရ)

မှာ လူ့ဘဝပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ဘဝကပဲဖြစ်ဖြစ်၊ လောဘ၊ ဒေါသ၊ မောဟ တွေဖြစ်တဲ့ (အဝိဇ္ဇာနဲ့တဏှာ) အကြောင်းခံကြောင့် သာဖြစ်တယ်။ (အဝိဇ္ဇာ တဏှာ) ဖြစ်တဲ့ (လောဘ၊ ဒေါသ၊ မောဟ) တွေ ဖုံးခဲ့တဲ့ အတိတ်က (သင်္ခါရ) မှာ အဝိဇ္ဇာနဲ့တဏှာ ဦးစီးတယ်။ အဝိဇ္ဇာနဲ့တဏှာ ခံရခဲ့ပါတယ်။

(၁) အကွက် အတိတ်အကြောင်း (အဝိဇ္ဇာသင်္ခါရ) မှာ (အဝိဇ္ဇာ)က ဒုက္ခ ဖြစ်စေတဲ့ ခန္ဓာငါးပါးကို ရစေပါတယ်။ (သင်္ခါရ)က ကံ အမျိုး မျိုးလုပ်ထားတဲ့ ကမ္မသတ္တိအရှိန်အဝါ တွေပါတယ်၊ အဝိဇ္ဇာကြောင့်ပြုလုပ်တဲ့ ကံ (သင်္ခါရ)က တဏှာ၊ ဥပါဒါန်၊ ကံ တွေနဲ့ပြုလုပ်ထားတဲ့ မျိုးစေ့ ဖြစ်တော့၊. သူ့မျိုးစေ့နဲ့သူ၊ သူ့ဘုံဝကိုသူ့ကုသိုလ်ကံ၊ အကုသိုလ် ကံနဲ့ တဏှာ၊ ဥပါဒါန်အရ၊ ရောက်စေပါတယ်၊ ဘဝတစ်ခုချုပ်ပြီး ဘဝသစ်၌ (ဝိညာဏ်)ကို ဆက်စေတာကလည်း (သင်္ခါရ)ပါပဲ။

အဝိဇ္ဇာနုသရပရိက္ခတ္တေန=အဝိဇ္ဇာနုသာရဖြင့် ခံရအပ်သော၊ တဏှာနုသယမူလတော=　တဏှာနုသယသာလျှင်အကြောင်းရင်း ရှိသော(သင်္ခါရေန)=ကုသိုလ်၊အကုသိုလ်ကံသည် ဇနိယမာနံ= ဖြစ်စေအပ်သည်ဟု သင်္ဂြိုဟ်မှာ လာပါတယ်။

(အဝိဇ္ဇာနဲ့တဏှာ)အရင်းခံပြီး ပြုလုပ်တဲ့ (သင်္ခါရ) ကံမျိုးစေ့တွေဟာ စုတိ သေတော့ တူသောအကျိုးပေးမှုနဲ့ (သင်္ခါရပစ္စယာဝိညာဏံ) ဖြစ်လာပါတယ်။ (၁)အကွက်မှ (၂)အကွက်ကို

ဆက်စေတယ်။ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးဆက်ပုံပါပဲ၊ တူသော အကျိုးပေးမှုဆိုတာ ကုသိုလ်ကံ (သင်္ခါရ) က လူ၊ နတ် ပြဟ္မာဝိညာဏ်ကိုရတယ်။ အကုသိုလ်ကံ (သင်္ခါရ) က အပါယ် ဝိညာဏ် ကိုရစေပါတယ်။

တနည်းပြောရရင် ရှေးကပြုလုပ်ခဲ့တဲ့ ကံ (သင်္ခါရ)တွေမရှိရင် အကျိုးဝိပါက်တွေ (ဝါ) ဝိပါက်စိတ်တွေ (ဝါ) ပဋိသန္ဓေစိတ်တွေ ဖြစ်ရိုးထုံးစံ မရှိခြင်းကြောင့်(သင်္ခါရ) က ဝိညာဏ်တစ်မျိုး မျိုး ရအောင် ဇနကသတ္တိနဲ့ ဖြစ်ချပေးပါတယ်။

ဒါကိုသင်္ခါရကြောင့် (ဝိညာဏ်) ပဋိသန္ဓေစိတ်ဖြစ်ရသည့် အတွက် (သင်္ခါရ ပစ္စယာ ဝိညာဏံ) လို့ခေါ်တယ်။ သင်္ခါရ ကြောင့် ဒိဘက်(၂)အကွက် ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်ဝိညာဏ်ကို ဖြစ်ပေါ်စေပါတယ်။

သင်္ခါရကြောင့်ဝိညာဏ်ဖြစ်ပုံမှာသတ္တဝါတို့ရဲ့သန္တာန် မှာ၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာ စိတ်ဟူ၍ လေးမျိုးရှိပါတယ်၊ကြိယာစိတ်အများစုသည် ရဟန္တာ ဖြစ်ပြီး သူတို့၌သာဖြစ်ရပါတယ်။

(ဝိပါက်စိတ်)တွေက ရှေးကံကြောင့် ဖြစ်ရပါတယ်။ အမိဝမ်း၌ ပဋိသန္ဓေတည်နေစကပင် (ရှေးကံကြောင့်ပဋိသန္ဓေ စိတ်) ဟူသော ဝိပါက်စိတ် ဖြစ်ခဲ့ရပါတယ်။ ထိုဝိပါက်စိတ် သည် ရှေးကံကြောင့် ဖြစ်ရလို့ ကောင်းတဲ့စိတ်၊ စေတနာနဲ့

ကောင်းကျိုးတရားတွေ ပြုလုပ်ခဲ့ကြသော ကံကောင်းသူတို့သည် ကောင်းသော ပဋိသန္ဓေဝိပါက်စိတ်ဖြစ်ရ၏။ မကောင်းသော စိတ်စေတနာနဲ့ မကောင်းမှုများ ကို ပြုလုပ်ခဲ့ကြသော ကံမကောင်းသူတို့သည် မကောင်းသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံများဝယ် မကောင်းသော ပဋိသန္ဓေဝိပါက် စိတ် ဖြစ်ရပါတယ်။

ထိုကြောင့် လူအမျိုးမျိုး၊ သတ္တဝါအမျိုးမျိုးတို့၌ ပဋိသန္ဓေ တည်နေစကပင်စိတ်ချင်းမတူခဲ့ကြသောကြောင့် တစ်ဘဝလုံး၌ လည်း အများအားဖြင့် စိတ်ချင်း မတူကြချေ။ စိတ်အားလုံးကို ဝိပါက်စိတ်ဟုခေါ်ပြီး၊ ဝိပါက်စိတ်အားလုံးသည် ရှေးက ပြုအပ်သော(သင်္ခါရ) တရားတို့ပင်တည်းဟု ကျမ်းတွေမှာလာ ပါတယ်။

(သင်္ခါရ)ကိုသဘောပေါက်ဖို့ အလွန်အရေးကြီးပါတယ်။ (သင်္ခါရ)ကို အထူးမှတ်ထားဘို့ကတော့ ဖြစ်စရာ ထင်ရှား မရှိ ပဲ၊ (သင်္ခါရ)တို့ ဖြစ်ပေါ်မလာကြပါ။ ဖြစ်စရာထင်ရှားရှိမှ သာလျှင်(သင်္ခါရ)သည် ဖြစ်ပေါ်လာရပါတယ်။(ဥပမာ) စက္ခုပ သာဒ ခေါ်သည့် မျက်လုံး နဲ့ မြင်စရာ ရူပါရုံ ရှိလျှင်(မြင်စိတ်) ပေါ်ပါတယ်။ မြင်စရာမျက်စေ့နဲ့ ရူပါရုံအကြောင်းနှစ်ခုရှိလို့ (သင်္ခါရ) ဖြစ်ပေါ်ပြီး မြင်စိတ်စက္ခုဝိညာဏ် ဖြစ်ရတယ်။ ဒါကို (သင်္ခါရပစ္စယာဝိညာဏံ) ခေါ်ပါတယ်။ (ပဝတ္တိ)အခါပဋိစ္စသမုပ္ပါဒ်မှာ ဖြစ်တဲ့ (သင်္ခါရပစ္စယာဝိညာဏံ) ပါပဲ။ ဖြစ်စရာအကြောင်း ထင်

ရှားရှုံရင်ပြုပြင်တဲ့(သင်္ခါရ) ပေါ်တာပါပဲဆိုတာ (မိလိန္ဒပဉှာ)မှာ လာပါတယ်။

## သင်္ခါရပစ္စယာဝိညာဏံ

ပဋိစ္စသမုပါဒ် နက်နဲတယ်ဆိုတာ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်ရတဲ့ (သင်္ခါရ ပစ္စယာ ဝိညာဏံ) အပိုင်းဖြစ်တယ်။ (၁) အကွက်က လွန်လေပြီးသော အတိတ်ဘဝ (အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ဥပါဒါန်၊ဘဝ)က(အဝိဇ္ဇာ)အမှန်မသိလို့(သင်္ခါရ)ဆိုသော ပြုလုပ်ခဲ့တဲ့တရားတွေက တဏှာ၊ ဥပါဒါန်၊ ကမ္မ ဘဝတွေ ပြုလုပ်ထားတော့ တဏှာကလိုချင်တယ်၊ ဥပါဒါန်က စွဲလန်းတယ်၊ ကမ္မဘဝ ကပြုလုပ်တဲ့ အချင်းအရာတွေပါတဲ့ကံမျိုးစေ့ (သင်္ခါရ) ကြောင့်ဒီဘက် (၂)အကွက်ဘဝမှာ ပဋိသန္ဓေ ဝိညာဏ် လာဖြစ်တယ်၊(ပဋိသန္ဓေစိတ်)လာဖြစ်ရတယ်၊ (သင်္ခါရ) နဲ့ စတိပြီး ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ (စုတေ–ပဋိသန္ဓေ)ကို မရှင်းမှီ (သင်္ခါရ) သဘောကို ကောင်းကောင်း သဘောပေါက် အောင် ကျမ်းတွေထဲ က ထုတ်နုတ်ပြီးဖေါ်ပြပါအုံးမယ်။

(သင်္ခါရ)ကို သဘောတရားနဲ့ (ဥပမာ) ပြရရင် လောကမှာ (ပဲ့တင်)သံ ဆိုတာရှိပါတယ်။ တောင်တန်းကြီးတွေ၊ တိုက် အဆောက်အဦးကြီး တွေမှာ (ဟေး)လို့အော်ရင် တောင်တန်း ကြီးကလည်း (ဟေး) လို့ပြန်ပြီး အသံပြုပါတယ်။ ဒါကို ပဲ့တင် သံ(Echo) အသံပြန် လို့ခေါ်ပါတယ်။

(ဟေး) ဆိုတဲ့ အသံပြုမှုဟာ တောင်တန်းကြီးရဲ့ အသံမဟုတ်ပါ လူရဲ့အသံဖြစ်ပါတယ်။ သို့သော်လည်း တောင်တန်းကြီးက (ဟေး) လို့ ထွက်ပေါ်လာတဲ့ ဒုတိယအသံဟာ လူရဲ့အသံမဟုတ်တော့ပါ။ တောင်တန်းကြီးရဲ့အသံဖြစ်သွားပါပြီ၊ လူက မအော်ပဲနေရင် တောင်တန်းကြီးက အသံမထွက်ပါ။ တစ်ဖက်ကလူပါမှ တောင်တန်းကြီးရဲ့အသံ ထွက်ပါတယ်။ ကောင်းတဲ့အသံပြုရင်ကောင်းတဲ့ အသံထွက်တယ်။ မကောင်းတဲ့အသံပြုရင် မကောင်းတဲ့ အသံထွက်ပါတယ်။

တောင်တန်းကြီးရဲ့ အသံဟာ တစ်ခြား သီးသန့် ဖြစ်သော်လည်း လူ အသံနဲ့မကင်းပါ။ လူ အသံနဲ့ကင်း၍ မဖြစ်ပါ။ မကောင်းနိုင်တာက (ကမ္မသတ္တိ) သင်္ခါရကြောင့်ပါ။ လူအသံရယ်၊ တောင်တန်းကြီးရယ် (ဖြစ်စရာ အကြောင်းနှစ်ခုက ထင်ရှားရှိတော့)(သင်္ခါရ)ကြောင့်ဒုတိယအသံကပေါ်လာရပါတယ်။

ဒီလိုဖြစ်တာ (သင်္ခါရ) ကမ္မသတ္တိလို့ခေါ်တယ်။ (သင်္ခါရ) က ပြုပြင်တာကို သဘောပေါက် ပါလိမ့်မယ်။ ဖြစ်စရာအကြောင်း မရှိရင် (သင်္ခါရ) က မပေါ်ပါ။

ခန္ဓာနဲ့ပြောရင် ကိုယ့်ခန္ဓာမှာ သံသရာချဲ့တတ်တဲ့မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့အကြောင်းတရား၊ အခံ တတ်(၆)ပါးရှိတယ်။ အပြင်ကအဆင်း၊ အသံ၊ အနံ့ စတဲ့ပြင်ပအာရုံတွေကလည်းအကြောင်းတရားဖြစ်တော့ အကြောင်းတရားနှစ်ခု၊ ထင်ရှားရှိလာရင် ပြုပြင်တဲ့ (သင်္ခါရ) ပေါ်လာပြီး ပြုပြင်

တွေ့တိုက် ပေးတဲ့ (သင်္ခါရ) ကြောင့်မြင်စိတ်၊ ကြားစိတ်၊ နံစိတ် စတဲ့ (ဝိညာဏ်) တွေ ဖြစ်ရတယ်၊ (ဝိညာဏ်)ကစိတ်ပဲ။

ပြုပြင်တဲ့ (သင်္ခါရ) ပေါ်လာရာမှာ (သင်္ခါရ)က (ဝိညာဏ်) ဖြစ်ရုံနဲ့ မရပ်တော့ပါဘူး။ သင်္ခါရကြောင့် ဝိညာဏ် (စိတ်) ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿ ကြောင့် ဝေဒနာ၊ ဝေဒနာ ကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ၊ ကံ ကြောင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ...(ပ)... ဧဝမေတဿ ကေဝလဿ ဒုက္ခခန္ဓဿ သမုဒယောဟောတိ။

(အဝိဇ္ဇာ) မသိတဲ့ အကြောင်းခံရှိရင်၊ ဖြစ်စရာ ရုပ်တရား၊ နာမ်တရား၊ အကြောင်းရှိလို့ (သင်္ခါရ)တို့ကအကြောင်းအကျိုး ဆက်ပြီး ဆက်တိုက် ဖန်တီးတာပါပဲ၊ ဒါကို ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်)လို့ခေါ်ပါတယ်။ မူလအကြောင်းပေါ်မှာ (သင်္ခါရ) တွေကပြုပြင်သွားတာပါပဲ။ ဒါကို အကြောင်းကြောင့် အကျိုး ဖြစ်ခြင်း၊ (ပဋိစ္စသမုပ္ပါဒ်)လို့ ခေါ်ပါတယ် (အဝိဇ္ဇာ၊သင်္ခါရ) ချုပ်ရင်၊ (သင်္ခါရ) မရှိတဲ့ (အသင်္ခတ)သ မြတ်သော (နိဗ္ဗာန်) ကို ရကြမှာပါပဲ၊

ခန္ဓာကိုယ်ကြီးမှာ စိတ်၊ စေတသိတ်၊ ရုပ်ဖြစ်တဲ့ ခန္ဓာ ငါးပါးဟာ သင်္ခါရကြောင့် ဖြစ်လိုက်ပျက်လိုက်ရှိပါတယ်၊ တစ်ခါပြန်ဖြစ်လိုက်၊ ပျက်လိုက်နဲ့ဖြစ်ပျက်က (သင်္ခါရ) ငဲ

သင်္ခါရ မဆုံး သရွေ့သံသရာလည်မှာပဲ။ (သင်္ခါရ) တွေ ပျောက်ရင် နိဗ္ဗာန်ရောက်ပါတယ်။

(သင်္ခါရ) ကို ထပ်ရှင်းပါအုံးမယ်။ စိတ်စေတသိက်တွေမှာ ဗျာပါရကဲပြီးလှုံဆော်တတ်ကဲစေတနာဆိုတာရှိပါတယ်။ အဲဒီ စေတနာကို(ကံ)လို့ခေါ်တယ်။ကံဆိုတာ(ကမ္မ)ကလာတာပဲ၊ကမ္မ ဆိုတာအလုပ်၊ ကြောင့်ကြဗျာပါရအလုပ်ပဲ၊ ကိုယ်မှု နှုတ်မှု စိတ်မှုတို့ရဲ့ကြောင့်ကြဗျာပါရ အလုပ်ပဲ၊ တစ်နည်းအား ဖြင့် (သင်္ခါရ)တရားလို့ ခေါ်ပါတယ်၊ စေတနာ ကံ၊ သင်္ခါရဟာ အတူတူပါပဲလို့ အဘိဓမ္မာမှာလာပါတယ်။

ကောင်းတဲ့ကိစ္စဖြစ်ဖြစ်၊မကောင်းတဲ့ကိစ္စဖြစ်ဖြစ်၊သိသိသာ သာနဲ့ စိတ်ပါလက်ပါပြုလုပ်လိုက်တဲ့ကိုယ်မှု၊ နှုတ်မှု၊စိတ်မှု တို့ ဟာ သာမန်အမှတ်တမဲ့ စိတ်များနဲ့ မတူပါဘူး။ အဲဒီထူးခြားတဲ့ ကိစ္စတွေမှာ(ဝါ) အဲဒီ(သင်္ခါရ) တွေမှာ ဗျာပါရကဲနေပါတယ်။

အဲဒီစိတ်ရဲ့ဗျာပါရ "စိတ်ရဲ့လှုံဆော်မှု" ကိုပဲအဘိဓမ္မာသ ဘောအားဖြင့်"စေတနာစေတသိက်"လို့ခေါ်ပါတယ်။ အဲဒီ ဗျာ ပါရကဲပြီး အလုပ်လုပ်တတ်တဲ့ စေတနာကို(ကမ္မ)၊ကံ အမှုသည် လက်သည်လို့လည်း ခေါ်ပါတယ်။ ဒါဟာ (သင်္ခါရ) ပါပဲ။

(စေတနာ အဟံဘိက္ခဝေကမ္မံဝဒါမိ)တဲ့ဘုရားရှင်က စေတ နာကိုကံလို့အမည်ပေးထားပါတယ်။လက်ဖျောက်တစ်ချက်တီး မှာ စိတ် စေတသိက်တွေ ကုဋေတစ်သိန်းမက ဖြစ်ပျက်ရှိတယ်

ဆိုတော့ ဘာပဲလုပ်လုပ် ဖြစ်ပျက်လို့ ပြီးပြီးပျောက်ပျောက် အကုန်ချုပ်ကုန်သလား ဆိုတော့မဟုတ်ပါဘူး။ ထူးခြားတဲ့သတ္တိ တွေကျန်ရစ်ပါတယ်။ ကမ္မသတ္တိတွေကျန်ရစ်ပါတယ်။ (Innate Character) ကျန်ပါတယ်။ ဒီစရိုက်သတ္တိမျိုးက အထုံပါသွား တယ်။

ကမ္မသတ္တိ တွေချန်ထားခဲ့ပြီးမှ စေတနာတွေ ချုပ်ပျောက် ကုန်တယ်။ သတ္တိဆိုတာအရာဝတ္ထုမဟုတ်၊ အခိုးအငွေ့လည်းမ ဟုတ်ပါဘူး။ ခန္ဓာမှာလေးပြီး တစ်နေရာမှာ ကျန်ရစ်တာမျိုး လည်းမဟုတ်ဘူး။သတ္တိတွေဟာနောင်ဖြစ်မယ့်ခန္ဓာများအတွက် တူသော အကျိုးပေးဘို့ အထုံအဖြစ် မျိုးအဖြစ် စုဆောင်းနေပါ တယ်။

အတိတ်ဘဝက စေတနာ၊ ကံ၊ ကမ္မ၊ အမှုသည် လက် သည် တွေက အများကြီးဆိုတော့ သတ္တိ တွေကလည်းအများ ကြီးရှိပါတယ်။ သတ္တိ ၊ ကမ္မသတ္တိ ၊ ပြုလုပ်ခဲ့တဲ့ ကံ၊ သတ္တိတွေ ဟာ (သင်္ခါရ) တွေပါပဲ။

အတိတ်ဘဝရယ်၊ ရှေးဘဝပေါင်းများစွာက ပြုလုပ်လာခဲ့ တဲ့ ကမ္မသတ္တိတွေ၊ ဝါသနာအရ ပြုထားတဲ့ စိတ်တွေရဲ့ ဓာတ် သတ္တိတွေ ဟာ အစွမ်းပါပဲ၊ အရှိန်အဝါပါပဲ၊ ဒီသတ္တိတွေ ကမ္မ သတ္တိတွေရှိ ပြီး ကျန်ရစ်ပါတယ်၊ လိုက်ပါပါတယ်၊ ပြုလာခဲ့တဲ့ ကမ္မသတ္တိဆို တော့ (သင်္ခါရ) ပါပဲ။

ရုပ်နာမ်တွေ ချုပ်ပျောက်တဲ့အခါ၊ ဆိုင်ရာပုဂ္ဂိုလ်အတွက် အရှိန်အဝါသတ္တိတွေ ကျန်ရစ်ခဲ့ပါတယ်။

(ဥပမာ) ပြရင်ကလေး တစ်ယောက် ငယ်စဉ်က မူလတန်း၊ အလယ်တန်း၊ နန့်ကြီးလာတော့ အထက်တန်းအထိ ပညာတွေသင်ခဲ့ပါတယ်၊ စာတွေကျက် ခဲ့ပါတယ်။

လူကြီးဖြစ်လာတော့ အဲဒီစာတွေ မေ့ပျောက်ကုန်ပါတယ်၊ မရတော့ပါဘူး၊ ခလေးဘဝကရုပ်နာမ်တွေလည်း ချုပ်ပျောက်ပြီး လူကြီးရုပ်အသစ် ဖြစ်လာပါတယ်။ ဒါပေမယ့် သတ္တိတွေပါလာလို့ အဲဒီစာနဲ့ဆိုင်တဲ့အသိဉာဏ် သတ္တိတွေရနေပါတယ်။ကလေးဘဝကရုပ်နာမ်တွေဟာ ချုပ်ပျောက်ကုန်ခဲ့ပေမယ့်၊ လူကြီးဘဝအထိ သတ္တိတွေက လိုက်လာပါတယ်။

လူကြီးဘဝအထိ သတ္တိတွေလိုက်လာလို့ပဲ၊ အဲဒီတုန်းက သင်ခဲ့တဲ့၊ ကျက်ခဲ့တဲစာတွေဟာ ချုပ်ပျောက်ကုန်ပေမယ့်လည်း စာနဲ့ဆိုင်တဲ့ အသိဉာဏ်တွေ ပါလာတဲ့အတွက် အသိဉာဏ်တွေ စုဆောင်းမိပြီး ဒီပုဂ္ဂိုလ်ဟာ ဉာဏ်တွေ ရင့်လာမှုရလာပါတယ်၊ တချို့ပညာရှိဖြစ်လာကြတယ်။

ဒါဟာ အဲဒီပုဂ္ဂိုလ်အတွက် အရှိန်အဝါသတ္တိတွေလိုက်ပါနေတယ် လို့ လည်း သိနိုင်ပါတယ်၊ ဘဝပြောင်းလာပုံကို ကြည့်ရင် လူကြီး ဘဝရောက်လာတဲ့ အဲဒီပုဂ္ဂိုလ်ဟာ အသက် ၄၀, ၅၀,၆၀ ဖြစ်လာတော့ကလေးဘဝက ဓါတ်ပုံနဲ့ ယှဉ်ကြည့်တော့

အခုလူကြီးဘဝ ရုပ်ဟာကလေး ဘဝရုပ်လား?၊ မဟုတ်ဘူး၊ ကလေးဘဝက ရုပ်တွေ ဟာ အကုန် ချုပ် ပျောက်ကုန်ပါပြီ၊ သေခဲ့ပါပြီ၊ လူကြီးဘဝ၊ လူကြီးရုပ် အသစ် ဖြစ်နေပါပြီ၊ ဒါပေမယ့်ကလေးဘဝကသူပြုခဲ့ သမ္ဘာ (သင်္ခါရ) ကမ္မဘဝ သတ္တိတွေ အားလုံးဟာ လိုက်ပါနေပါ တယ်၊ ရနေပါတယ်။

ကလေးဘဝက ရုပ်နာမ်တွေဟာ သေလိုက်ဖြစ်လိုက်၊ သေ လိုက်ဖြစ်လိုက်နဲ့ ဘဝတွေချုပ်ပျောက်အောင်၊ဘဝသစ်ဖြစ်အောင် ပြုလုပ်ခဲ့တာတွေကလည်း (သင်္ခါရ)ပဲ၊ ကလေးဘဝက ဖြည့် ဆည်းထားခဲ့ တဲ့ အသိဉာဏ် သတ္တိတွေပါလာအောင်ပြုပြင်တာ လည်း (သင်္ခါရ) ပါပဲ၊(သင်္ခါရ)က ဖြစ်လိုက်ပျက်လိုက်နဲ့ သူပြု ခဲ့သမ္ဘာ ဘဝတခုကသတ္တိတွေက ဘဝသစ်ဆက်အောင် (သင်္ခါရ) နဲ့ လိုက်နေပါတယ်။

ယခုပစ္စုပ္ပန်ဘဝမှာလည်း ရုပ်နာမ်တွေဟာဖြစ်လိုက် ပျက် လိုက်နဲ့ ရှိပါတယ်။ကလေးဘဝကနေ၊လူလတ်ဘဝ၊လူလတ်ဘဝ ကနေ လူကြီးဘဝ၊ ဘဝတွေပြောင်းအောင်(သင်္ခါရ)ကဆက်ပါ တယ်၊ သေသည်၏ အခြားမဲ့မှာလည်း (ကမ္မဘဝ ပစ္စယာ ဇာ တိပဋိသန္ဓေ)ပါပဲ၊ ပြုလုပ်ခဲ့တဲ့ ကမ္မဘဝကြောင့် ဇာတိပဋိ သန္ဓေရမှာပဲ၊

အကျိုးအကြောင်း ဆက်နေတာပါပဲ၊ ပဋိစ္စသမုပ္ပါဒ်ဆက် တယ်၊ သံသရာလည်တာပါပဲ၊ (အဝိဇ္ဇာ၊ သင်္ခါရ) ကြောင့်

အကြောင်းအကျိုးဆက်ပြီး သံသရာလည်တာ ဟိုဖ် အတိတ်ကနေ ပစ္စုပ္ပန်ရောက်တာကလည်း (သင်္ခါရ) ပါပဲ၊ ပစ္စုပ္ပန်ကနေအနာဂတ်ခန္ဓာဖြစ်အောင်လည်း (သင်္ခါရ)ကြောင့် ဖြစ်ရပါဦးမယ်။

(သင်္ခါရပစ္စယာဝိညာဏံ)မှာ သေတဲ့အခါကျမှ ဝိညာဏ်ဖြစ်တာမဟုတ်ဘူး၊ ယခုပစ္စုပ္ပန်မှာလည်း တသေထဲသေနေပါတယ်၊ သေလိုက်ဝိညာဏ် ဖြစ်လိုက်နဲ့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တာပဲ၊ ဒီဝိညာဏ်ကို (ပဝတ္တိ) ဝိညာဏ်၊ ပစ္စုပ္ပန်ဝိညာဏ်လို့ခေါ်ပါတယ်။ သေပြီးမှတစ်ဖန်ဖြစ်တဲ့ ဝိညာဏ်ကို (ပဋိသန္ဓေဝိညာဏ်) လို့ ခေါ်ပါတယ်။

ဒီသဘောပါပဲ၊ဗုဒ္ဓမြတ်စွာဘုရားဟာ ပါရမီတွေဖြည့်တယ်ဆိုတာ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်မှသာ ပြည့်တာ၊ အလွန့်အလွန်ကြာညောင်းတဲ့ အချိန်ကာလအတွင်းမှာ ဒါနပါရမီ၊ သီလပါရမီ၊ ခန္တီပါရမီ စတဲ့ ပါရမီတွေ ဖြည့်ခဲ့ပါတယ်၊ လှူဒါန်းခဲ့တာတွေဟာ ပစ္စည်းအဖြစ်နဲ့တော့ ပျောက်ကုန်ခဲ့ပါပြီ၊ ဒါပေမယ့် သတ္တိအရှိန်အဝါတွေဟာ ကျန်ရစ်ခဲ့ပြီး လိုက်ပါနေပါတယ်။

ပညာဉာဏ်ကြီးဖို့လည်း ပါရမီတွေဖြည့်ခဲ့တယ်၊ ဖြည့်ရင်းဖြည့်ရင်းနဲ့ သတ္တိတွေ အရှိန်အဝါတွေ စုဆောင်းမိပြီး၊ နောက်ဆုံး ပညာဉာဏ်၊ သတ္တိတွေ များလာလွန်းတော့ ဘုရားဖြစ်

တဲ့ဘဝမှာ အတုမရှိတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးဖြစ်ပေါ်လာပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

အဲဒီလိုပဲ (သင်္ခါရ) ကမှ ဘဝ သတ္တဝါတွေဟာ လိုက်ပါလာပါ တယ်။ ဒါကိုသင်္ခါရကြောင့် ဝိညာဏ် ဖြစ်ခြင်း၊ (သင်္ခါရပစ္စယာ ဝိညာဏံ)လို့ခေါ်တယ်။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မြတ်စွာဘုရားက လူသတ္တဝါ အတွက်သာမဟုတ်ပါဘူး၊ (၃၁) ဘုံကိုခြုံပြီး (သင်္ခါရပစ္စယာ ဝိညာဏံ) လို့ (၁) အကွက်နဲ့ (၂) အကွက်စပ်ပုံကို ဟောခဲ့ပါ တယ်။

(သင်္ခါရ)က အဘိဓမ္မာ မှာ စေတနာ၊ စေတနာလည်းကံ၊ ကံ လည်း (သင်္ခါရ)ပါပဲ၊ (အဝိဇ္ဇာ၊ တဏှာ) ဦးစီးတဲ့၊ (သင်္ခါရ) တွေလုပ်ခဲ့ရင်၊ ဝိညာဏ် တစ်မျိုးမျိုး ရမှာပဲ၊ ကလေးဘဝက လူကြီး ဘဝရောက်တာ ဘဝဆက်တာလည်း (သင်္ခါရပစ္စယာ ဝိညာဏံ)ပဲ။ အတိတ်ဘဝက ယခုဘဝ ကိုဆက်တာကလည်း အတိတ်ဘဝက (သင်္ခါရ)နဲ့ စုတိစိတ်ကျ၊ ဒီဘဝ ဝိပါက်စိတ် (ပဋိသန္ဓေစိတ်ဝိညာဏ်) ဖြစ်လာတာ (သင်္ခါရပစ္စယာ)သင်္ခါရ သတ္တိ ကြောင့်ပါပဲ၊ သင်္ခါရနဲ့ (စုတိစိတ်) ကျပြီးဒီဘက်(၂)ကွက် မှာ ပဋိသန္ဓေစိတ် ပဋိသန္ဓေ(ဝိညာဏ်) ဖြစ်လာတာပဲ။

မြတ်စွာ ဘုရားရှင်ရဲ့ ဂုဏ်တော် ၉ ပါးမှာ မြတ်စွာ ဘုရားရှင်သည် သတ္တ လောက၊ သင်္ခါရလောက၊ ဩကာသ

လောကဟု ဆိုအပ်သော လောကသုံးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူလို့ (လောကဝိဒူ) ဂုဏ်တော်နဲ့ ပြည့်စုံတော်မူလို့ လောကသုံးပါးမှာ (သင်္ခါရ) ဖြစ်မှု ပျက်မှု တစ်ဖန် ဖြစ်မှု ပျက်မှုကို ဘုရားရဲ့သဗ္ဗညုတဉာဏ် တော်ကြီးနဲ့ သိလို့ဟောထားခဲ့တဲ့ (သင်္ခါရပစ္စယာဝိညာဏ်) ပါပဲ။

## အတိတ်(သင်္ခါရ)မှပစ္စုပ္ပန်(ဝိညာဏ်)စပ်ပုံ

(၁)အကွက် အတိတ်ဘဝက (အဝိဇ္ဇာသင်္ခါရ) နဲ့ (၂) အကွက် ပစ္စုပ္ပန် (ဝိညာဏ်) ကို စပ်လာတာပဲ ဖြစ်စေ၊ ပစ္စုပ္ပန်မှ သလွန်လို့ အနာဂတ်ဘဝနဲ့ စပ်တာပဲဖြစ်စေ သင်္ခါရနဲ့စုတိပြီး ပဋိသန္ဓေ (ဝိညာဏ်)ဖြစ်ပုံကို (ကျမ်း) တွေနဲ့ ဖော်ပြရရင်

သေခါနီးအချိန် ရောက်သွားပြီဆိုရင် သူ့ဘဝမှာ သူလုပ်ခဲ့တဲ့ (ကံ တွေ အများကြီးရှိနေပါတယ်၊) (ကမ္မသတ္တိ)တွေလည်း အများကြီး ရှိနေပါတယ်၊ (ကမ္မသတ္တိ) (ဝါ) (သင်္ခါရ)ကံတွေက အကျိုးပေး တော့မယ်၊ ဘာ(ဝိညာဏ်) ရမလဲမသိဘူး၊ ဘုရား ရဟန္တာလို (ဝိဇ္ဇာဉာဏ်)နဲ့ (သင်္ခါရ) ချုပ်ပျောက်တဲ့ နိဗ္ဗာန်မရ သေးတော့ (အဝိဇ္ဇာတဏှာ) ဦးဆီးတဲ့ (သင်္ခါရ)ဒုက္ခတွေ တန်းလန်းနဲ့ ၃၁ ဘုံမှာကျင် လယ်ရတော့မယ်။

ပုညာဘိသင်္ခါရ (ကုသိုလ်ကံ)အပုညာဘိသင်္ခါရ (အကုသိုလ်ကံ)နှစ်ခုအနက်ဘယ်ကံဟာအကျိုးပေးမလဲ၊လူလား၊နတ်လား၊တရိစ္ဆာန်လား၊ငရဲလား၊သေခါးနီးမှာကုသိုလ်ကဦးမလား၊ အကုသိုလ်ကဦးမလား၊သူဦး ကိုယ်ဦးအသင့်စောင့်နေကြတာပဲ။

သေခါနီးမှာ မရဏာသန္နဇော ဇောပါတယ် (အသန္နကံ) ဆိုတာသေခါနီးမှာ လုပ်တဲ့ကုသိုလ်ကံ,၊ အကုသိုလ်ကံ(သင်္ခါရ) ပါ၊ (အစိန္နကံ) ဆိုတာကတော့ တသက်လုံးအမြဲတန်းလုပ်နေတဲ့ ကံ မျိုးပါ၊ စေတနာ၊ ကံ၊ (သင်္ခါရ)အတူတူပါပဲ။

သေခါနီးမှာဆိုရင်၊ သေခါနီးလုပ်တဲ့ အသန္နကံ(သင်္ခါရ) က အကျိုးပေးပါတယ်၊ သေခါနီးမှာ ဘယ်အသန္နကံ (သင်္ခါရ)ရ သလဲ၊ကုသိုလ်လား? အကုသိုလ်လား? စုတိ(သေ)ရာမှာ စုတိ (စိတ်)ရှေ့နားမှာ ကပ်နေတဲ့၊ (သင်္ခါရ)ကြောင့် ထင်လာတဲ့ အာရုံအလိုက်စုတိ(စိတ်)ဖြစ်ပြီး ပဋိသန္ဓေ(စိတ်)တန်း ဖြစ်တာပဲ။

ဒီအချိန်ဟာ သိပ်အရေးကြီးပါတယ်၊ အာရုံကောင်းအောင် ပြင်ပေးဘို့လိုပါတယ်၊ စုတိစိတ်ရဲ့ရှေ့နားက ထင်လာတဲ့အာရုံ ဟာ ကောင်းတဲ့အာရုံရစေဘို့၊ အကျိုးဖြစ်စေဘို့ အကူအညီပါပဲ၊ (မြတ်စွာဘုရားသည် ဖဂ္ဂုဏာရဟန်း စုတိ စိတ်ကျခါနီးမှာ ဝေဒ နာ ကျော်အောင်ဟောခဲ့တဲ့ တရားကြောင့်အနာဂါမ်တည်ပြီး သုဂတိချမ်းသာရခဲ့ပုံ၊) မိလက မုဆိုးကြီးကို ရဟန္တာကြီးတစ်ပါး ကယ်လို့သုဂတိရောက်ပုံ၊သေခါနီးမိတ်ဆွေကောင်းရလို့၊ရတနာ သုံးပါးအောက်မေ့မှု၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကို အောက်မေ့ မှုကြောင့် သုဂတိရောက်တဲ့ ဝတ္ထုသက်သေအများကြီးရှိပါတယ်။

စုတိစိတ်ရှေ့နားက ထင်လာတဲ့ အာရုံကကောင်းတဲ့အာရုံ ဆိုရင် ကောင်းကျိုးပေးမှာပဲ၊ မကောင်းတဲ့ အာရုံဆိုရင်မကောင်း

ကျိုးရမှာပဲ၊ အဲဒီလို စုတိစိတ်ရှေ့နားကပ်နေတဲ့၊ သေပေါက်၊ သေဝ မှာကပ်နေတဲ့အာရုံဟာ(သင်္ခါရ)ပဲ။ သင်္ခါရ(၁)အကွက်မှ (၂) အကွက် (ဝိညာဏ်) ပဋိသန္ဓေစိတ် ဖြစ်ရတော့မယ်။

သေခါနီးမှာ ကမ္မဇရုပ်တွေ တဖြည်းဖြည်း ချုပ်လာတော့၊ မျက်စေ့ကလည်းကောင်းကောင်း မမြင်တော့ဘူး၊ လျှာကလည်း စကားမပြောနိုင်၊ နားကလည်းမကြားတကြား၊ ဟဒယဝတ္ထုရုပ်၊ ကာယပသာဒဘာဝ နဲ့ ဇီဝိတတို့ပဲကျန်နေပေမဲ့၊ နောက်ဆုံးမရဏာသန္နဇော ဇောတဲ့အချိန်မှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဆိုတဲ့ လားရာရောက်ရမယ့်ဘုံဘဝကို (သင်္ခါရ) ကပြပြင်ပေးလို့ ဝိညာဏ်(စိတ်) ရဲ့အာရုံမှာ မြင်လာတယ်ထင်လာတယ်။

လူတစ်ယောက် စုတေခါနီးမှာ အချို့ အတော်ကြာအောင် မေ့မြောနေတတ်ကြတယ်၊ ရောဂါမပြင်းထန်ပဲ သတိအလွန်ကောင်းနေသူ တချို့သော်မှ စုတေတော့မည့်ဆဲဆဲ ခဏမှာ မိနစ်ခန့်မျှပင် သတိလစ်သွားတတ်ကြပါသေးတယ်။

ဒီအခါမှာ ကံ ဖြစ်စေ၊ ကမ္မနိမိတ်ဖြစ်စေ၊ ဂတိနိမိတ် ဖြစ်စေ၊ သုံးမျိုးအနက် တစ်မျိုးမျိုးဟာ သတိလစ်နေတဲ့ သူရဲ့ စိတ်မှာ ထင်မြင်လာမြဲဖြစ်တယ်၊ ထင်လာတဲ့ (စိတ်ဝိညာဏ်) သည် အိမ်မက်မက် နေသကဲ့သို့ ရှေးတုန်းကဖြစ်စေ၊ အလွန်ကွာဝေးသော ဘဝတို့က ကောင်းသောကံ(သင်္ခါရ)၊ မကောင်းသော ကံ (သင်္ခါရ)ကို ယခုပဲ ပြုနေရသလို ထင်လာပါတယ်၊ ထိုကံကို ပြန်ပြီး အမှတ်ရသောအားဖြင့်လည်း ထင်လာပါတယ်။

ထိုကံကို ယခုပြုနေရသလို၊ အမှတ်ရသလို၊ အာရုံမှာ ထင်လာပါတယ်၊ စုတေ (သေ) တော့မည် အချိန်မှာတော့ သတိလစ်လျှက် ထင်မြဲထင်နေပါတယ်။

အာရုံကို (ဝိညာဏ်) ကတွယ်ရတယ်၊ အာရုံ စိတ်ရတော့ စုတိ စိတ် ဖြစ်တယ်၊ ဘယ်အာရုံနဲ့ဘယ်စုတိစိတ်ဖြစ်ပြီး ပဋိသန္ဓေစိတ် ဆိုတော့ ၊ နတ်ဝိညာဏ်လား၊ လူဝိညာဏ်လား၊ တိရစ္ဆာန်လား၊ ပြိတ္တာလား၊ ငရဲလားဆိုတဲ့ လားရာဂတိ နမိတ် ထင်လာပြီးမှ ဝိညာဏ် က တွယ်ရတယ်၊ တွယ်ပြီးမှ ရောက်ရမဲ့ဘဝကို အာရုံပြုပြီးတာနဲ့ဟို ဘဝ က စုတိစိတ်နဲ့ သေခဲ့ရတယ်၊ သင်္ခါရကြောင့် ပြန်ဖြစ်တဲ့စိတ်က ပဋိသန္ဓေစိတ် (ဝိညာဏ်) ပါပဲ။

သေပြီး ဘဝ သစ်၌ စိတ်၊ စေတသိတ်၊ ရုပ် များဖြစ်သည်ကို မြန်မာလို (ပဋိသန္ဓေ) တည်နေခြင်းလို့ခေါ်ပါတယ်။ ထိုပဋိသန္ဓေဟူသော ပါဠိစကားကို အဓိပ္ပါယ် ဖွင့်ရင် "ဘဝဟောင်းအပြတ်တွင် ဆက်စပ်၍ ဖြစ်ခြင်း "ဟုခေါ်ဆိုကြပါတယ်။

ဒါကြောင့် (၁)အကွက် အတိတ်ဘဝက သင်္ခါရပစ္စယာ (သင်္ခါရကြောင့်)ဒီဘက်(၂)အကွက်မှာ ပဋိသန္ဓေစိတ် (ဝိညာဏ်) လာဖြစ်တာပဲ၊ ပဲတင်သံလို၊ ဆီမီးကူးသလို၊ ရှေးသင်္ခါရအကြောင်း ကြောင့် အကျိုးဝိပါက် ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ရပါတယ်။ အတိတ် ဘဝက (သင်္ခါရ) ဆိုတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံအရှိန်သတ္တိကြောင့်ဒီဘဝ ပဋိသန္ဓေစိတ်(ဝိညာဏ်) ရပါတယ်၊ ဒါကို (သင်္ခါရပစ္စယာဝိ ညာဏ်)လို့ခေါ်တယ်။

ပဋိသန္ဓေအပိုင်း မှာကတော့ ၃၁ ဘုံမှာ သတ္တဝါတွေဖြစ်ရတဲ့ ပဋိသန္ဓေက အလွန်ဆန်းကြယ်ပါတယ်။ ပဋိသန္ဓေလေးမျိုးရှိကြောင်း ကျမ်းတွေမှာ တွေ့ရပါတယ်။

(၁) သံသေဒဇပဋိသန္ဓေ= ကပ်ညိတွယ်ရာအရပ်မှာဖြစ်တဲ့ လောက်၊ သန်း၊ ပိုးစတဲ့ သတ္တဝါများ၊

(၂) ဩပပါတိက ပဋိသန္ဓေ = ရှေးဘဝမှ ခြေလက်၊ ကိုယ်ခန္ဓာအပြည့်အစုံနဲ့ ခုန်ကျော်ရောက်သကဲ့သို့ ဖြစ်ရသောသတ္တဝါမျိုး နတ်၊ ပြဟ္မာ၊ ကမ္ဘာဦးလူသတ္တဝါတို့ မိဘမရှိပဲကံသင်္ခါရကြောင့် အထင်အရှား ဖြစ်ကြရပါတယ်။

(၃) အဏ္ဍဇပဋိသန္ဓေ = ဥခွံအတွင်း၌ ဖြစ်ရသော ငှက်စသည့် သတ္တဝါများ၊

(၄) ဇလာဗုဇ ပဋိသန္ဓေ = ဇလာဗု = မိခင်၏သားအိမ်၌ ဇ = ဖြစ်ရသော နို့တိုက်သတ္တဝါများ၊ လူ၊ မြင်း၊ နွား၊ ခွေး၊ စတဲ့ သတ္တဝါများ။

အဏ္ဍဇ နှင့် ဇလာဗုဇ သန္ဓေ နှစ်မျိုးကိုပေါင်းပြီး ဂဗ္ဘသေယျက သတ္တဝါလို့ ခေါ်ပါတယ်။ (ဂဗ္ဘ = အမိဝမ်းတွင်း၌၊ သေယျ=ကိန်းအောင်သော သတ္တဝါ၊

စုတေတော့မည့်အချိန်မှာ ရှေးကံသင်္ခါရကြောင့် သေခါနီးအာရုံမှာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကံ) ကိုလိုက်၍ ဖော်ပြပါပဋိသန္ဓေလေးမျိုးမှာ သင်္ခါရကြောင့်အကျိုးဝိပါက်စိတ် (ဝါ) ပဋိ

သင်္ခါရစိတ် ဖြစ်ရပါတယ်။ သင်္ခါရကြောင့် ဖြစ်ရတာဆိုတော့ (အဝိဇ္ဇာ၊သင်္ခါရ)ကို ချုပ်ငြိမ်းအောင်လုပ်ရင် ရဟန္တာဖြစ်မှာပါပဲ။

ကုသိုလ်ကံ၊ အကုသိုလ်ကံ (သင်္ခါရ)က ဘာကြောင့်ဖြစ်ရသလဲ၊ အဝိဇ္ဇာကြောင့်မသိလို့ ဖြစ်ရတယ် အဝိဇ္ဇာက (ကိလေသဝဋ္ဋ) သင်္ခါရက (ကမ္မဝဋ္ဋ) ဒိဘက်ဝိညာဏ်က (ဝိပါကဝဋ္ဋ)၊ ဝဋ္ဋသုံးပါးအကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်လည် နေပါတယ်။

အတိတ်အကြောင်း (၂)ပါး၊ (အဝိဇ္ဇာ၊သင်္ခါရ) ကြောင့် ဒိဘက်(၂)အကွက် (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)ဆိုတဲ့ ပစ္စုပ္ပန်အကျိုး ခန္ဓာငါးပါး (ဒုက္ခသစ္စာ)၊ ဒုက္ခအမှန် ဘဝကို ရပါတော့တယ်။

အတိတ်ဘဝက (အဝိဇ္ဇာတဏှာ) ဦးစီးတဲ့ (သင်္ခါရ) ကြောင့်၊ဒိဘဝ(ပဋိသန္ဓေဝိညာဏ်)ရလာတာကိုအကြောင်းအကျိုး ဆက်တဲ့ ဘုရားဟော ပဋိစ္စသမုပ္ပါဒ် ကြောင့် သိရတာ ဖြစ်ပါတယ်၊ ယခုခေတ်သိပ္ပံဆရာကွေယူဆကြတာကတော့ ပဋိသန္ဓေဝိညာဏ်ဟာ မိဘ ၂ ပါးကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်လာတယ်လို့ ဒီလိုပဲပြောကြ ဆိုကြ သိနေ ကြပါတယ်။

မိုးကုတ်ဆရာတော် ဘုရားကြီးက အမိအဘသည် သားသမီးဖြစ်ကြောင်းလို့ ယူရင်အလုံးစုံ မမှန်နိုင်ဘူး၊ တစ်စိတ်တစ်ဒေသသာမှန်တယ်၊ အကုန်မမှန်ဘူးလို့မှတ်ကြ၊ အမိအဘ

လို့ယူတဲ့ အယူက မနှံ့စပ်ဘူး၊ ငါသည် ဘယ်လိုဟာလဲ၊ ငါဟာ ဘယ်လို ငါပါလိမ့် ဆိုတဲ့ (ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ) ဝင်လာတယ်၊ ဘုရား မပွင့်တဲ့အခါ ဘယ်သူကမှ ဒိဒိဋ္ဌိကို မဖျောက်နိုင်ဘူး ဆိုတာမှတ် လိုက်ကြ။

မိဘကြောင့်လို့ယူရင် ဒီနာမ်တွေ ရုပ်တွေဟာ ငါပါလား ဆိုပြီး (ဒိဋ္ဌိဝိစိကိစ္ဆာ) ဝင်လာတယ်၊ ဒါဟာ ဘုရားဟောတဲ့ ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ပဲ (ဒိဋ္ဌိဝိစိကိစ္ဆာ)နဲ့သေရင် အပါယ်သွားပဲ၊ ဒါကြောင့် အပါယ် သွားလမ်း ပိတ်မှုအတွက် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ဟောရတာပဲဆိုတာ ဆုံးဖြတ်ချက်ချကြလို့ မိုးကုတ် ဆရာတော် ဘုရားကြီးက ဆုမ္မခဲ့ပါတယ်။

သားသမီးဖြစ်လာတဲ့ (ပဋိသန္ဓေဝိညာဏ်)ဟာ မိဘ (၂)ပါး ကြောင့် ပဒါနဖြစ်တယ်ဆိုရင် အဖေ အမေ-သူတော်ကောင်း ဖြစ်ရင် တကယ်ကောင်းတဲ့ သားသမီးတွေ မွေးမှာပါ၊ မိဘ တစ်ဦးထဲက ပေါက်ဖွားတဲ့ သားသမီးတွေဟာ ကောင်းတဲ့သူ၊ ဆိုးတဲ့သူ၊ တော်တဲ့သူ၊ ညံ့တဲ့သူတွေ၊ အယုတ်၊ အလတ်၊ အမြတ်ရယ်လို့ မျိုးမတူကွဲပြား ခြားနားနေပါတယ်၊ ဒါဆိုရင် မိဘက သားသမီး ဖြစ်ကြောင်းမှာ ပဓါန မဟုတ်ဘူးဆိုတာ ပေါ်ပါတယ်။

ဒါကြောင့်မြတ်စွာဘုရားက မျိုးမတူကွဲပြားတာကို ပဋိစ္စ သမုပ္ပါဒ်နည်းအားဖြင့် (သင်္ခါရ)ဆိုတဲ့စေတနာ၊ ကံ၊ ကမ္မ သံတ္တိ

အရ ကွဲပြားကြတယ်လို့ဟောပါတယ်၊ သုတ္တန်ပါဠိတော်တွေမှာ "ကမ္မသတ္တောဝိဘဇ္ဇတိ" အယုတ်၊ အလတ်၊ အမြတ်လို့ သတ္တဝါတွေ ကွဲပြားတာဟာ ကံ ကစီမံဖန်တည်းတယ်လို့ဟောပါတယ်၊ အတိတ်အချင်းအရာ ငါးပါးအားဖြင့် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ) ပေါင်းစပ်ပါဝင်တဲ့ (အဝိဇ္ဇာနဲ့တဏှာ)ဦးစီးတဲ့ (သင်္ခါရ) ကံ၊ ကမ္မသတ္တိအရ ကွဲပြားလို့ဝိညာဏ် မျိုးမတူရခြင်း ပါပဲ။

သားသမီးဟာ မိဘကြောင့်ပဓါနမဟုတ်ပဲ ကံကစီမံဖန်တီး တယ်ဆိုတာသိရအောင် ထပ်ပြီးရှင်းရရင်၊ လူတွေမှာ ချမ်းသာရ အောင် ချမ်းသာမှု ဖြစ်ချင်တဲ့ဆန္ဒနဲ့ ကောင်းတာကြံ၊ ကောင်းတာပြော၊ ကောင်းစေလိုတဲ့ ကံ၊ ဉာဏ်ဝီရိယတို့နဲ့ ကြိုးစားပြီး အလုပ်လုပ်ကြပါသော်လည်း၊ မကောင်းတာနဲ့လည်း ကြုံတွေ့ နေရ တော့၊ ဒါက အကြောင်းတစ်ခုခု ရှိလို့ပဲဆိုတာ ထင်ရှား နေပါတယ်၊ အတိတ် ဘဝကပြုခဲ့တဲ့ကုသိုလ်ကံ၊ အကုသိုလ် ကံက ရှိရမယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒါကိုကြည့်ရင် ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ သားသမီးဟာမိဘက ဖြစ်လို့ရတယ်ဆိုတဲ့၊ အကြောင်းတစ်ခု ထဲနဲ့တော့မဖြစ်နိုင်ဘူး ဆိုတာ ထင်ရှားနေပါတယ်၊ အတိတ်က အကြောင်းကို ရှာရင် (သင်္ခါရ)ကြောင့်ပါပဲ။

ဒီဘဝမှာ ဘယ်လောက်ပဲ ကောင်းတာလုပ်လုပ် အကိတ် ဘဝက မကောင်းတဲ့ ကံ တွေရှိနေရင် မကောင်းနိုင်ပါဘူး။ မ

ကောင်းတာနဲ့ တွေ့ကြုံနေရတယ်ဆိုတာ ယုံကြည်နိုင်လောက်ပါပြီ၊ ကံ ၊ကံ ဇာ်တရားကိုယုံမှ ဗုဒ္ဓဘာသာဖြစ်ပါတယ်။

သင်္ခါရ ပစ္စယာဝိညာဏံမှာ သင်္ခါရက ကံဆိုတော့ ကမ္မပစ္စည်းမှာ "ကုသလာကုသလံ ကမ္မံဝိပါကာနံ ခန္ဓာနံ ကဋတ္တာကာစ ရူပါနံ ကမ္မပစ္စယေနေ ပစ္စယော လို့ဟော ပါတယ်။

ဒီနာနာက္ခဏိက ကမ္မပစ္စည်းမှာ ကံကိုပြုလုပ်တဲ့ အချိန်က တစ်ချိန်၊ အကျိုးဖြစ်လာတဲ့ အချိန်ကတစ်ချိန်၊ ကံကိုပြုလုပ်တာကဘဝ၊ ဘဝ ကပြုလုပ်ခဲ့တာပါ။ အကျိုးပေးတာက ယခုဘဝမှာလာပြီး တိုက်ဆိုင်တဲ့အခါမှာ အကျိုးကပေးပါတယ်။ အထက်ကရှင်းပြခဲ့တဲ့ မြတ်စွာဘုရား ပါရမီတွေ ဖြည့်ခဲ့တာတွေဟာ နောက်ဆုံး ဝေဿန္တရာမင်းလက်ထက်ထိပါပဲ၊ အကျိုးပေးတော့၊ ဘုရားဖြစ်တဲ့ဘဝ ဗောဓိပင်ရင်းမှာ သဗ္ဗညုတဉာဏ်တော်ကြီးရပြီး ဘုရားဖြစ်တာကိုကြည့်ရင် သိပါတယ်။

ပြုလုပ်ခဲ့တဲ့ ကုသိုလ် အကုသိုလ် အလုပ်တွေဟာ ဘဝမှာ အသက်လို့ခေါ်တဲ့ဝိညာဏ်၊ ရုပ်ခန္ဓာလို့ခေါ်တဲ့ကမ္မဇရုပ်တို့လာပြီးဖြစ်ရတာပါပဲ။

အပါယ်လေးဘုံမှာပဋိသန္ဓေနေတဲ့ဝိညာဏ်က တစ်ခုထဲပါ။ ပဋိသန္ဓေစိတ်က အဟိတ်အကုသလဝိပါတ်၊ ဥပက္ခာသဟဂုဏ် သန္တီရဏစိတ် တစ်ခုထဲနဲ့ ဖြစ်ကြရပါတယ်။

ကာမသုဂတိလူ့ဘုံနဲ့ နတ်ဘုံပေါင်း(၇)ဘုံမှာ၊ ဘုံကိုလိုက်ပြီး ဝိညာဏ်စိတ်ကိုခွဲတဲ့အခါ၊ ကာမသုဂတိ ပဋိသန္ဓေစိတ်က (၉) ခုရှိပါတယ်။ သင်္ဂြိုလ်နဲ့ ပြောတော့ ကာမာစရ ကုသိုလ်ကံ၊ ပဋိစ္စ သမုပ္ပါဒ်နဲ့ ပြောရရင် ကာမာဝစရ ကုသိုလ် သင်္ခါရကြောင့် ဝိညာဏ် (၉)ခု ဖြစ်တာ လို့ဆိုပါတယ်။

လူဖြစ်လာတာအယုတ်အလတ်အမြတ်နဲ့ လူဖြစ်ကြတယ်၊ အဟိတ်ပုဂ္ဂိုလ်ခေါ်တဲ့လူစဉ်မမီတဲ့ အညံ့စားထဲက အညံ့ဆုံးလူ ဖြစ်လာတဲ့ ကုသိုလ်ကတော့ ဒွိဟိတ်ဩမကဉာဏ ဝိပ္ပယုတ် အကုသိုလ်ကံပဲဖြစ်တယ်။အလွန်ညံ့သော ကုသိုလ်ကံကြောင့်သာ လူလာဖြစ်ရတယ်။ သူ့ကုသိုလ်က သူများကုသိုလ် လုပ်လို့သာ လိုက်လုပ်တယ်၊ သူ့စိတ်မှာ ဘာမှထက်ထက်သန် မဟုတ် ဉာဏ်နဲ့ယှဉ်ပြီး လုပ်တာ မဟုတ်တော့ ဉာဏဝိပ္ပယုက်၊ ဒွိဟိတ် ဩမက အညံ့စား ကုသိုလ် ဖြစ်လို့၊ ကုသိုလ်ကံကြောင့် ဝိပါက် ဝိညာဏ် ဖြစ်တာမှန်သော် လည်းသူလုပ်ခဲ့တဲ့၊ ကုသိုလ်ကံက အညံ့စား ကုသိုလ်ကံ ဖြစ်လို့ လူစဉ်မမီသူ လာဖြစ်ရပါတယ်။

မဟာဝိပါတ်စိတ်(၈)ခုမှာ ဉာဏဝိပ္ပယုတ်ဝိပါက် (၄) ခုက ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်ပြီး၊ ဉာဏ်နဲ့ယှဉ်ပြီးထက်ထက်သန်သန် ပြုလုပ်တဲ့ကုသိုလ် ကောင်းမှုနဲ့လူ ဖြစ်သူ ဉာဏ သမ္ပယုတ် ဝိပါတ်(၄)ခု က တိဟိတ် ပုဂ္ဂိုလ်အဖြစ် ပဋိသန္ဓေဝိညာဏ် ရပါတယ်။

ဟိုဘက်ဘဝ (၁)အကွက်က(အဝိဇ္ဇာ တဏှာ)အကြောင်းရင်းခံရှိတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ စေတနာပါတဲ့၊သင်္ခါရကြောင့် ဒီဘဝ (၂) အကွက်မှာ (ပဋိသန္ဓေဝိညာဏ်) လာ ဖြစ်ရတယ်။ စုတိ ပြီး ပဋိသန္ဓေစိတ်ဖြစ်တာ သိပ်မြန်ပါတယ်။ စုတိပြီး ပဋိသန္ဓေဆိုတဲ့ ဝိညာဏ်စိတ် ကဆက်တိုက်ဖြစ်တာပဲ။ ကြားမရှိပါဘူး၊ အထက်က ဖော်ပြခဲ့တာများဟာ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန် အကျိုးဆက်ပုံပြတဲ့ (သင်္ခါရပစ္စယာဝိညာဏံ)ပါပဲ။

ဟိုဘဝမှာ သေခါနီး မရဏာသန္နဇောက ဒီဘဝရဲ့အာရုံကို အာရုံ ပြုပြီးတာနဲ့ ဟိုဘဝကစုတိရတယ်။ ဟိုဘဝကရွေ့လျော သွားတဲ့ စိတ်ဝိညာဏ်ကို (စုတိ)၊ ဒီဘဝမှာ ဆက်ပြီးဖြစ်တဲ့စိတ်ဝိညာဏ်ကို (ပဋိသန္ဓေစိတ်ဝိညာဏ်)လို့ခေါ်တယ်။

အတိတ်ဘဝနဲ့ ပစ္စုပ္ပန်ဘဝနှစ်ခုကို ပေါင်းစပ်ပေးလို့(ပဋိသန္ဓေဝိညာဏ်)လို့ခေါ်တာပါ။ ပစ္စုန်ပ္ပန်ခန္ဓာမှာ သေလိုက်ဖြစ်လိုက်၊ သေလိုက် ဖြစ်လိုက်ဖြစ်နေတဲ့ ဝိညာဏ်ကို (ပဝတ္တိဉာဏ်) လို့ ခေါ်တယ်၊ (ဝိညာဏ်) က နှစ်မျိုးမှတ်ထားရမယ်။

ပစ္စုပ္ပန်အခါမှာ ကောင်းတာလုပ်ပေမယ့်လည်း မကောင်းတာဖြစ်ရ၊ မကောင်းတာကြားရ၊ မကောင်းတဲ့ အန္တရာယ်နဲ့ တွေ့ကြုံရတော ပဝတ္တိ ကာလမှာ ဖြစ်တဲ့ (ဝိညာဏ်)တွေပဲ၊ ဒီ (ပဝတ္တိဝိညာဏ်) တွေဟာ ဘာကြောင့် မကောင်းတာ ဖြစ်ရသလဲ ဆိုရင် အတိတ်ဘဝကလုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့်၊ ဒီ ဘဝပဝတ္တိအခါမှာ(အကုသလဝိပါက်ဝိညာဏ်) တွေဖြစ်ရတယ် ၊

အတိတ်ဘဝကလုပ်ခဲ့တဲ့ကုသိုလ်ကံကြောင့်ပထမအရွယ်မှာ ချမ်းသာပြီး ကောင်းတာမြင်၊ ကောင်းတာစား၊ ကောင်းတာကြားရပေမယ့်တဖန်အကုသိုလ်ဝင်လာရင်၊ဒုတိယအရွယ်မှာ (သို့မဟုတ်)တတိယအရွယ်မှာ ဆင်းရဲမွဲပြာပြီး၊ မကောင်းတာမြင်၊ မကောင်းတာကြား၊ မကောင်းတာစားပြီး၊ မကောင်းတာလုပ်နေရတာ ကုသလဝိပါတ်နဲ့အကုသလဝိပါတ်ဝိညာဏ်(၁၀)ပါးဟာ ပဝတ္တိအခါမှာဖြစ်နေတယ်။(ကံသင်္ခါရ)ရဲ့ အရှိန်ကြောင့် (ဝိညာဏ်) ဖြစ်တာအလွန်နက်နဲတဲ့ (သင်္ခါရပစ္စယာဝိညာဏံ) အ ပိုင်းရှင်းလောက်ပါပြီ။

## ဒိဋ္ဌိကွာပုံ

(၂) အကွက်မှာ ဝိညာဏ် ဖြစ်လာတော့ပဋိသန္ဓေဝိညာဏ်၊ ဒီဘဝမှာ(ဝိညာဏ်)အသစ်ဖြစ်တာ မှန်သော်လည်း အတိတ်ဘဝက အကြောင်းကြောင့်ဖြစ်ကယ်။ အကြောင်းမကင်းလို့ဆိုတာသိရလို့ သေပြီးရင်ဘာမှ မဖြစ်တော့ဘူး၊ ဘဝပြတ်တယ်ဆိုတဲ့ (ဥစ္ဆေဒဒိဋ္ဌိ) မဖြစ်တော့ပါ၊ အတိတ်ဘဝဝိညာဏ်က ဒီဘဝကို ပြောင်းလာတာမဟုတ်ကြောင်းသိလို့လည်း(သဿတဒိဋ္ဌိ) မဖြစ်တော့ပါ။ ပဋိစ္စသမုပ္ပါဒ် သိတော့ ဒီ ဒိဋ္ဌိ တွေအသိညာဏ်နဲ့ကွာတော့တာပဲ။ ဒိဋ္ဌိကို အသိနဲ့ ဉာဏ်နဲ့ မကွာသေးရင် (ဝါ)အမြင်မှန်မရသေးရင် ကိုယ့်ဉာဏ်လိုသေးလို့ပဲမှတ်ပါ၊ ပဋိစ္စသမုပ္ပါဒ်နားလည်အောင် ဉာဏ် မှီအောင်ပြန်ဖတ်ပါ။

## ပဋိသန္ဓေစိတ်(ဘဝင်)ဝိညာဏ်

အတိတ်ဘဝကစုတိပြီးဒီဘဝမှာစဖြစ်တဲ့ပဋိသန္ဓေစိတ်ဖြစ်ပြီး နောက်ဘဝင်(၁၆)ချက်ဖြစ်ပါတယ်။ ဒီဘဝင်ကိုဝိညာဏ်လို့လည်းခေါ်တယ်။ အသက်လို့လည်းခေါ်တယ် (ဘဝရဲ့အင်္ဂါဘဝင်)လို့ဆိုပါတယ်။ အဘိဓမ္မာမှာ ပထမဆုံးစိတ်က ပဋိသန္ဓေစိတ်သေတဲ့စိတ်က စုတိစိတ်၊ ဒီကြားမှာအိပ်နေတဲ့အခါမေ့နေတဲ့အခါအခြား စိတ်တွေမဖြစ်သေးတဲ့အခါမှာ"ဘဝင်"လို့ခေါ်ပါတယ်. ဘဝမှာအသက်ရှင်နေဘို့အတွက် တည်မြဲနေဘို့အတွက်အရေးအကြီးဆုံးဖြစ်လို့ ဘဝရဲ့အင်္ဂါ=ဘဝင်္ဂ=ဘဝင် လို့ခေါ်ပါတယ်

## ပစ္စုပ္ပန်အကျိုးငါးပါးရုပ်
## ဝိညာဏ ပစ္စယာ နာမရူပံ

(၂) အကြွက်ပစ္စုပ္ပန်မှာဝိညာဏ်လာဖြစ်တော့၊ဝိညာဏ်ရှိမှ နာမ်ရုပ်ဖြစ်လို့ ရပါတယ်။ ဝိညာဏ်စိတ်ရှိရင် ရုပ်ဖြစ်ရတာပဲ၊ အဘိဓမ္မာမှာစိတ်နဲ့စေတသိတ်တရားနှစ်ခုပေါင်းကို နာမ်လို့ခေါ်ပါတယ်။

ဝိညာဏ ပစ္စယာ နာမရူပံအတိုင်းပဲ၊ ပဋိသန္ဓေ ဝိညာဏ်ကလည်း နာမ်၊ နာမကလည်းနာမ်၊ ဘာနာမ်ကြောင့် ဘာနာမ်ဖြစ်ရသလဲဆိုရင် ဒီနာမ်ထဲမှာ (စိတ်)ပါနေပေမယ့် ဝိညာဏ်က စိတ်ဖြစ်တော့၊ နာမ်က စေတသိတ်ပဲယူရတယ်၊စိတ်ရှိရင် စေတသိက်ပါတယ်။ စိတ်နဲ့စေတသိက်က တစ်ပြိုင်တည်းဖြစ်ပါတယ်။

## ပဋိသန္ဓေနေတဲ့ဝိညာဏ်၊ နာမ်ရုပ်

ပဋိသန္ဓေနေတဲ့အခါမှာဝိညာဏ်ကဝိညာဏ်စိတ်ကလေးပဲ ပဋိသန္ဓေစိတ်ကလေးပဲ၊ ဝိညာဏက္ခန္ဓာပဲ ၊ဝိညာဏပစ္စယာ နာမရူပံအရ ဝိညာဏ်စိတ်ကလေးဖြစ် လာရင်နာမ်ဆိုတဲ့ စေတသိတ်တွေပါရတယ်။ စေတသိတ်မှာ သင်္ခါရက္ခန္ဓာ၊သညာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာသုံးပါးရတယ်။

ပဋိသန္ဓေ ဝိညာဏ် စိတ်ကလေး တည်လာတဲ့ အခါမှာ (ဝိညာဏ်)ဝိညာဏက္ခန္ဓာ+(နာမံ)သင်္ခါရက္ခန္ဓာ+သညာက္ခန္ဓာ+ဝေဒနက္ခန္ဓာဆိုတဲ့နာမ် ခန္ဓာ လေးပါး ရသွားတယ်။ပဋိသန္ဓေစိတ်+ စေတသိက်နဲ့အတူ ရုပ်ကလေးပါရှိလာတယ်။ ပဋိသန္ဓေက လလရည်ကြည်တည်တဲ့ ရုပ်နဲ့နာမ်ခန္ဓာ လေးပါးရသွားတယ်။ ထိုကလလရည်ကြည်ဟာ ဆံပင်တစ်ချောင်းကို အလွန်ကြည်သော ဆီခွက်ထဲမှာနှစ်ရင် ထိုဆံပင်ဖျားမှာပါလာတဲ့ ဆီကြည်ကလေးမျှလောက်"ပမာဏ" ရှိပါတယ်။ ထိုကလလရည်ကြည်ဟာ ရှေးကံ၏ အစွမ်းကြောင့် ဖြစ်ရသော "ရုပ်"ကလေးပါပဲ၊ မိဘတို့၏ သုတ်သွေးမဟုတ်သေးပါ၊ မိဘတို့၏ သုတ်သွေးမှာ ထိုကလလရည်ကြည်နှင့် ပေါင်းစပ်ပြီး အထောက်အပံ့ဖြစ်ပြီး ကြီးထွားရပါတယ်။ ကလလရည်ကြည်ဟာ ရှေးဘဝကံ မျိုးစေ့သာ ဖြစ်ပါတယ်။ ပဋိသန္ဓေစိတ် (ဝိညာဏ်)က ဝိညာဏပစ္စယာနာမရူပံ ခန္ဓာဖြစ်စဉ်အရ နာမ်နှင့်ရုပ်မှာ ရုပ်က ကလလရည်ကြည် ကံရုပ်နဲ့ မိဘကပေးတဲ့ရုပ်၊ ကုသိုလ်၊အကုသိုလ်က ထူးခြားရင်ကံ၊ ကမ္မသတ္တိအရ ကလလရည်ကြည်ကပါလာတဲ့ ကံရုပ်အတိုင်း မိဘနဲ့မတူတဲ့ ရုပ်ကို ဖြစ်စေပါတယ်။

## ပဋိသန္ဓေနေတဲ့ရုပ်

ရုပ်အရရုပ်က(၂၈)ခုရှိတော့ပဋိသန္ဓေအစမှာ ကမ္မဇရုပ် ကို ယူရပါတယ်။ ကလလရည်ကြည် ပဋိသန္ဓေ တည်ကာစမှာ ကံကြောင့် ဖြစ်တဲ့ ကမ္မဇရုပ်ထဲမှာ ကာယဒသကမှာ မဟာဘုတ် ၄ ပါး ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ၄ပါး ၊ ယောကျ်ား၊ မိန်းမ ဖြစ်စေတဲ့ ဘာဝဒသက ရုပ် ၁ ပါး၊ ဇီဝိတ ရုပ် ၁ ပါး ၊ ပေါင်း ရုပ် (၁၀) ခု ရတယ်။

ရှေးကံအစွမ်းကြောင့် ၊ အမိဝမ်းမှာ ကလလရည်ကြည် သန္ဓေတည်တော့ မိဘသုတ်သွေးနဲ့ ပေါင်းစပ်ပြီး ကြီးထွားရာမှာ သဏ္ဍာန်ကတော့ မိဘဖြစ်တဲ့ လူသဏ္ဍာန်ပါပဲ၊ တိရစ္ဆာန်ဖြစ်ရင် တိရစ္ဆာန်သဏ္ဍာန်ပဲ။ မိဘသဏ္ဍာန် ဆိုပေမယ့် ခြေ လက်အင်္ဂါ တူတာလည်း ရှိတယ်။ မတူတာလည်း ရှိတယ်။ ရှေးကံကထူးခြားရင်ကလလရည်ကြည်ကိုလိုက်၍ (ရုပ်) မဘူတာဖြစ်လာပါတယ်၊ စိတ်ကတော့ မတူကြတာ များပါတယ်။ စိတ်ကတော့ အတိတ်ဘဝကစေတနာ၊ ကံ၊ ကမ္မဘဝသတ္တိနဲ့ (စုတေ) ပြီး ပဋိသန္ဓေဖြစ်တဲ့ (စိတ်)ကိုလိုက်လို့ ဖြစ်ကြရပါတယ်၊ ကံမျိုးစေ့ခြားနားရင် ခြားနားသလို မတူကြပါဘူး။

ယနေ့ ယခုအချိန်ထိ ကမ္ဘာမှာ ဘုရားဉာဏ်မမှီလို့ ဘယ်သိပ္ပံဆရာကမှ စမ်းသပ်လို့မတွေ့နိုင် မသိနိုင်တဲ့ ကာလလရည်ကြည် ဘဝ မှာ ခန္ဓာငါးပါးရှိနေတာပါပဲ။ ပဋိသန္ဓေနေတဲ့ရုပ် (ရုပ်)အရက ရူပက္ခန္ဓာဖြစ်တော့၊နာမအရ၊ ဝိညာဏက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊သညာက္ခန္ဓာ၊ဝေဒနာက္ခန္ဓာဆိုတဲ့ခန္ဓာငါးပါးရတယ်။

လူဖြစ်လာတယ်ဆိုတာက ဒီခန္ဓာ ငါးပါးရလာတာပါပဲ၊ အဝိဇ္ဇာ၊သင်္ခါရကြောင့် ဝိညာဏ်နာမ်ရုပ်ဖြစ်လာတာ သိရင် လူ၊ ပုဂ္ဂိုလ်၊သတ္တဝါဆိုတာရှာလို့ မတွေ့တော့ပါဘူး၊အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်၊အကြောင်းမရှိရင် အကျိုးမရှိဘူးဆိုတဲ့ ဘုရားဟော ပဋိစ္စသမုပ္ပါဒ်သိရင် သက္ကာယဒိဋ္ဌိ(ငါ) ဟုတ်ပါ့မလားခန္ဓာငါးပါး ဖြစ်ကြောင်းသိရင်၊ ငါ၊သူ၊ယောက်ျား၊ မိန်းမ၊ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ် ငါ့ကိုယ်မဟုတ် ခန္ဓာငါးပါးပဲ ဆိုတဲ့အမှန်သိရင်သက္ကာယ ဒိဋ္ဌိကွာပါတယ်။"သက္ကာယ"ဆိုတာ ခန္ဓာငါးပါး နဂိုအရှိတရား၊ "ဒိဋ္ဌိ"ဆိုတာ နောက်မှလာတဲ့အထင် မှားမှု၊ခန္ဓာငါးပါးကို ငါ၊သူ၊ ယောက်ျား၊မိန်းမလို့ယူရင် သက္ကာယ ဒိဋ္ဌိ ဖြစ်တာပါပဲ။

ပဋိသန္ဓေအစ(ဝိညာဏ်)ကြောင့် နာမ်ရုပ်ဖြစ်တဲ့အခါမှာ ရုပ်ဖြစ်တဲ့ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ကို (ဝိညာဏ်)ကအကုန်လုံးကျေးဇူးပြုလို့ ကြီးထွားလာကြပါတယ်။

## နာမရူပ ပစ္စယာ သဠာယတနံ

နာမ်ရုပ်ဖြစ်လာတော့ သဠာယတန ဆိုတာအာယတန(၆) ပါး မျက်စိ၊ နား၊ နှာ ခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ပသာဒ တွေစုံလာတယ်။ ဒီပသာဒရုပ်တွေ ဘာကြောင့်ပေါ် သလဲ ဆိုရင် (နာမရူပပစ္စယာ သဠာယတနံ) နာမ်ရုပ် ကြောင့် ပေါ်ရတာပါပဲ။

နာမ်ရုပ်ဖြစ်ပြီးတာနဲ့ချက်ခြင်းဖြစ်တာမဟုတ်၊ပဋိသန္ဓေ(၂)

လကျော်လို့(၃)လောက်မှာ အာယတနပသာဒရုပ်တွေ ပေါက်ပွားလာပါတယ်။

နာမရူပပစ္စယာ သဠာယတနံ မှာ(ရုပ်)ဆိုတာကကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ် သုံးမျိုး၊ အာဟာရဇရုပ် ဆိုတာကတော့ အမိဝမ်းထဲမှာ၊ အမိ စားသောက်လိုက်တဲ့ အခါမှာ ပဋိသန္ဓေ ကို အားပေးလို့ အာဟာရဇ ရုပ် ဖြစ်တယ်။

ပဋိသန္ဓေဝိညာဏ်နဲ့ (နာမ်ရုပ်)မှာ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊အာဟာရဇရုပ် ဆိုတဲ့(၄)မျိုးတို့ရဲ့ အချင်းချင်းထောက်ပံ့ မှုကိုရတဲ့အတွက် နာမ်ရုပ်ဟာကြီးထွားလာပြီး ပဋိသန္ဓေ(၂) လကျော် (၃) လလောက်မှာ (အာယတန) ဆိုတဲ့ စက္ခုပသာဒ၊ သောတပသာဒ၊ဃာနပသာဒ၊ ဇိဝှါ ပသာဒစတဲ့ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ ပေါက်ဖွားလာတယ်။

## သဠာယတန ပစ္စယာ ဖဿော

အာယတန ခြောက်ပါးကြောင့် ဖဿ(၆)ပါးဖြစ်တယ်။ ဝိညာဏ် နာမ်ရုပ်နဲ့ သဠာယတန ရှိလာရင်အကောင်အထည် ပေါ်လာတဲ့ အစိုင်အခဲအတုံးအခဲ ဒြပ်သဏ္ဍာန် ကြီးကို လူလို့ ထင်နေ ကြတယ်။ သတ္တဝါလို့ထင်နေကြတယ်၊ တကယ့်တော့ ပဋိစ္စသမုပ္ပါဒ် အရအကြောင်းအကျိုးဆက်လာတဲ့ (နာမ်ရုပ်) ဒြပ်သဏ္ဌာန်ကြီးပါပဲ၊ ဒါကိုငါလို ထင်နေ ကြတယ်။ ဒီ အထင်ကြီး ကြောင့်လည်း သံသရာလည်ကြရတယ်။ ဒီ၊ အထင် ဒိဋ္ဌိကြီး ကို

ဘုရားပွင့်မှ ဘုရားက ဖြို ခွင်း ပေးတာပါပဲ။ ဘုရား မပွင့်လို့ ဖြစ်စေ၊ ဘုရားဟောတဲ့ ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိခွာမှုကိုမသိရင် အပယ် ရောက်တာ များကြပါတယ်။ ဘုရားတောင်မှ ဘုရားလောင်း ဘဝက ဒိဋ္ဌိမခွာနိုင်သေးလို့ နဂါးမင်း၊ မျောက်မင်း၊ ဒေါင်းမင်း စတဲ့ ဘဝတွေ လားခဲ့ရပါသေးတယ်။

ဘုရားက ဒိဋ္ဌိ ကို ဖြို ခွင်းတဲ့ အခါ ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်လာတာ၊ နာမ်ရုပ် ကြောင့် သဠာယတန ဖြစ်လာတာ၊ နာမ်ရုပ်က လူလား၊ သတ္တဝါလား၊ ငါလား၊ သူလား၊ သဠာယ တန ကကော၊လူ လား၊ သတ္တဝါလား၊ လူဆိုတာမရှိ၊ သတ္တဝါ မရှိ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်နေ တာပဲ။ ဒီလိုသိရင် သက္ကာယဒိဋ္ဌိ ကိုအသိနဲ့ ကွာပါတယ်။ လူဆိုတာ (ခန္ဓာငါးပါး)ပဲ။

အမိဝမ်းထဲမှာ အာယတနတွေ စုံပြီး မွေးဖွား လာလို့ ကြည့်တတ်၊ ရယ်တတ်၊ မြူးတတ်တဲ့အခါ ဖဿ(၆)ပါးက အာရုံခြောက်ပါးကို ပိုပြီး ခံစားတတ် လာတယ် ၊ကြီးလာတဲ့ အထိပါပဲ၊ ဖဿ (၆) ပါး က အာယတန(၆)ပါးဖြစ်တဲ့ မျက်စေ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့ အပြင်အာရုံ ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြံတွေးမှု စတဲ့ အာရုံ(၆)ပါး နဲ့ တိုက်တဲ့အခါ ဖဿ (၆)ပါး ဖြစ်ပေါ်ပါတယ် ဖဿအကြောင်းကို စာမျက်နှာ (၅၂) ၌ ကြည့်ပါလေ။

## ဖဿပစ္စယာဝေဒနာ

(သင်္ခါရ) တရားက အတွင်းဓါတ်(၆)ပါးနဲ့ အပြင်ဓါတ် (၆)ပါးကိုတွေ့တိုက်ပေးတဲ့အတွက်သိစိတ်ဖြစ်လာတယ်ဒီသိစိတ် ကို ဖဿ(၆)ပါးက တဖန် တွေ့တိုက်ပေးလို့လည်း (ဝေဒနက္ခန္ဓာ)ဆိုတဲ့ ကောင်းမကောင်း ခံစားတတ်တဲ့ ခံစားမှု ဝေဒနာ(၆) မျိုးဖြစ်ပေါ်စေပါတယ်။ အတွင်းအပြင် တိုက်ပေးတဲ့ ဖဿရှိတဲ့ အတွက် သိစိတ်မှာခံစားမှု ဝေဒနာက ရှိလာတယ်။ ဒါကို ဖဿ ပစ္စယာဝေဒနာ လို့ခေါ်တယ်။

လူလို့ခေါ်ဝေါ်သမုတ်နေတဲ့၊ ပညတ်ထားတဲ့ လူ ဆိုတာ ပဋိစ္စသမုပ္ပါဒ် နဲ့ပြောရရင် (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါးပါပဲ၊ လူဖြစ်တယ်၊ လူ့ဘဝ ရောက် နေတယ်(၂) အကွက်ထဲမှာ ရှိတယ်ဆိုတာအားလုံးနားလည်ရတဲ့ စကားကြောင့်ပါ၊ တကယ်တော့ လူဆိုတာမရှိ ငါ၊သူ၊ယောကျ်ား မိန်းမလည်းမရှိပါ။

(၁)အကွက်ကအတိတ်အကြောင်းအရာ(၂)ပါး (အဝိဇ္ဇာ၊ သင်္ခါရ) ဆိုတဲ့ ဒုက္ခဖြစ်ကြောင်း (အကြောင်းတရား)သမုဒယ တွေ ပြုလုပ်ခဲ့လို့ ယခုပစ္စုပ္ပန်(၂)အကွက် (ဝိညာဏ်၊ နာမ်၊ ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ) ဆိုတဲ့ခန္ဓာငါးပါးရတယ်။ ဒါပစ္စုပ္ပန် အကျိုး ရတာ၊ (ဒုက္ခသစ္စာ) ရတာပါပဲ၊ဒီလိုရုပ်နာမ် အကြောင်းအကျိုးဖြစ်တာသိတဲ့ဉာဏ်က (ပစ္စယပရိဂ္ဂဟ)ဉာဏ် ပါပဲ ပဋိစ္စသမုပ္ပါဒ် မသိရင် ဒီဉာဏ်မရပါဘူး။

## ဒုက္ခသစ္စာဖြစ်ပုံ

လူရယ်လို့သမုတ်ပေမယ့် ပရမတ္ထသစ္စာ အမှန်တရားက တော့ ခန္ဓာငါးပါးပါပဲ၊ (၃၁)ဘုံမှာရှိတဲ့ သတ္တဝါအားလုံးဟာ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့တော့ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါး (ဒုက္ခသစ္စာ) ရလာတာပါပဲ။

မြတ်စွာဘုရားရှင်သည် ဓမ္မစကြာထဲမှာလည်း ဟောထား ပါတယ်။ ခန္ဓာငါးပါး ရလာတာ ဇာတိဒုက္ခ (အဖန်ဖန်ပဋိသန္ဓေ နေရခြင်းဒုက္ခ) ဇရာဒုက္ခ (အိုရခြင်းဒုက္ခ) မရဏဒုက္ခ(သေရခြင်း ဒုက္ခ) မချစ်မနှစ်သက်သောသူနှင့်ပေါင်းသင်းရခြင်းဒုက္ခ၊ ချစ် သောသူတို့နှင့် ကွေကွင်းရခြင်းဒုက္ခ၊ လိုချင်တိုင်း မရခြင်း ဒုက္ခ၊ အကျဉ်းအားဖြင့်"ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ" ဥပါဒါန်တရား တို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဒုက္ခ ဆင်းရဲကုန် ၏။ ခန္ဓာငါးပါးရခြင်းသည် (ဒုက္ခ)ဟု ဟောကြားတော် မူခဲ့ပါ တယ်။

မြတ်စွာဘုရား သိစေလိုတာကတော့ အကျဉ်းအားဖြင့်၊ "ပဉ္စုပါဒါနက္ခန္ဓဒုက္ခာ" တဲ့ ခန္ဓာငါးပါးဟာ ဒုက္ခပါပဲ၊ ဘာ ကြောင့်လဲ၊ ခန္ဓာ ငါးပါးကို တဏှာ၊ ဥပါဒါန် ကမ္မဘဝကို့ဖြစ်တဲ့ (အဝိဇ္ဇာ သင်္ခါရ)နဲ့ စွဲလန်းရာဖြစ်ပြီး ဒုက္ခဖြစ်ကြောင်းတွေ လုပ် လို့ ဒုက္ခတွေ ပြန်ရပြီး သံသရာလယ်ဦးမှာဖြစ်လို့ခန္ဓာပါးကို (ဒုက္ခ)လို့ ဟောပါတယ်။

"ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ"ဆိုတာ ပဉ္စ=ငါးပါး၊ ခန္ဓာ= အပေါင်းအစု၊ ခန္ဓာငါးပါး=အပေါင်းအစုငါးခု၊ ဉပါဒါန = စွဲလန်းမှု၊ ထို့ကြောင့်ခန္ဓာငါးပါးကို စွဲလန်းမှုဖြစ်လျှင် ဒုက္ခဆင်းရဲခြင်း ဖြစ်ရပါတယ်လို့ဟောပါတယ်။

ခန္ဓာငါးပါးကို စွဲလန်းရာဖြစ်လို့ ဒုက္ခဖြစ်ရတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်နှင့်ပြရရင် ခန္ဓာကိုယ်မှာရှိတဲ့ အတွင်းအာယတန (၆)ပါးနဲ့၊ အပြင် အာရုံ(၆)ပါး တို့တွေ့၊ ထိတိုင်း၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိတွေ့စိတ်၊ ကြံတွေးစိတ်များ ဖြစ်ပေါ်ပါတယ်။

စိတ်တစ်ခုဖြစ်တိုင်း ဖြစ်တိုင်းမှာ ခန္ဓာငါးပါး တစ်ပေါင်းတည်း တွဲလျှက်ဖြစ်ပါတယ်၊ စိတ်တခုမှာ ခန္ဓာငါးပါး တွဲလျှက် တစ်ပေါင်းတည်း ပါဝင်ပုံကို ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပြရရင် မြင်စိတ်ဖြစ်ပေါ်ရာမှာ ပါဠိလို

စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ

တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ

(ဥပမာ)မြင်စိတ် ဖြစ်ပေါ်တဲ့အခါ၊ ကားတစ်စီးကို မြင်တယ်ဆိုကြပါစို့။ မျက်စိအကြည်ရုပ်နဲ့ ကားအဆင်း ရုပ်နှစ်ခုကို (ရူပက္ခန္ဓာ) (ရုပ်အစု) လို့ခေါ်တယ်၊ သိစိတ်သဘောတရားက (ဝိညာဏက္ခန္ဓာ)သိမှုအစုလို့ ခေါ်တယ်၊ မျက်စိ အဆင်း ၊ ရုပ်နှစ်ခု သိမှု၊ သုံးပါး ပေါင်းဆုံဘို့ ပြုလုပ်ဖန်တီးပေးတဲ့ ပြုပြင်တဲ့ တရားကို (သင်္ခါရက္ခန္ဓာ) (ပြုပြင်မှု သဘောတရား

အစု) ဒီခန္ဓာသုံးပါး ပေါင်းဆုံမှ မြင်သိစိတ် ဖြစ်တယ်။

ဒီကားက အဖြူရောင်၊ အမဲရောင်၊ ဆလွန်ကား၊ ဘာမော်ဒယ်စတဲ့ မှတ်ထင်ထားတဲ့ သညာကို (သညာက္ခန္ဓာ)မှတ်သားမှုသဘောတရားအစုလို့ ခေါ်တယ်၊ ဘယ်လို ကားမျိုးရယ်လို့ သိမှတ်တဲ့ အပေါ်မှာ ၊ ဖသဿက တိုက်ထိ ပေးလို့ကောင်း မကောင်း ခံစားတတ်တဲ့ ဝေဒနာကို (ဝေဒနာက္ခန္ဓာ) ခံစားမှု သဘော တရား အစုဟု ခေါ်ပါတယ်။

မြင်စိတ်ကလေး တစ်ခုအပေါ်မှာ ပြုပြင်ပေးတဲ့(သင်္ခါရ) ကြောင့်(ရုပ်)မြင်တာလည်းပါတယ်၊ မှတ်သားတဲ့ (သညာ) လည်းပါတယ်၊ ခံစားတဲ့ (ဝေဒနာ)လည်းပါတယ်၊ သိမှု(ဝိညာဏ်)လည်းပါတော့ ခန္ဓာငါးပါးတစ်ပေါင်းတည်း ဖြစ်ရတယ်။

ခန္ဓာငါးပါး ဖြစ်လာတဲ့အခါမှာ (ဝေဒနာ) ဆိုတဲ့ ခံစားတတ်တဲ့ အစုက ကောင်း မကောင်း ခံစားတတ်တဲ့အတွက်၊ ကောင်းတာ၊ ချမ်းသာတာ ဆိုရင် လိုချင်တယ်၊ တပ်မက်တယ်၊ ခံစားတတ်တဲ့(ဝေဒနာ)က လိုချင်တယ် တပ်မက်တယ်၊ ကောင်းတာ၊ ချမ်းသာတာခံစားချင်တယ်ဆိုရင် "တဏှာ" ကို ကူးစက်ပါတယ်။ တဏှာကနေ စွဲလန်းမှု ဥပါဒါန်ကို ကူးစက် သည့်အခါ ခန္ဓာ ငါးပါးကိုတပ်မက်မှု၊ တဏှာ, စွဲလန်းမှု၊ ဥပါဒါန် ဝင်လာပြီး ပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ၊ ဒုက္ခဖြစ် လာရပါတယ်၊ ခန္ဓာငါးပါးကို ဒုက္ခလို့ ဟောကြားရတာပါပဲ။

ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ် တွေမှာလည်း ခန္ဓာငါးပါး တပေါင်းတည်းဖြစ်ပါတယ်၊ ဒီခန္ဓာ ငါးပါးဟာ (အဝိဇ္ဇာသင်္ခါရ)ကြောင့် ဖြစ်ရပါတယ်၊ ဒါကို (အဝိဇ္ဇာပစ္စယာသင်္ခါရ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏ ပစ္စယာနာမရူပံ၊ နာမရူပပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ) ခန္ဓာငါးပါးဖြစ်ပုံ ပါပဲ၊ စိတ်(၆)ပါး တစ်စိတ်ပြီးတစ်စိတ် ဖြစ် လိုက် ပျက်လိုက်နဲ့အကြောင်းအကျိုးဆက်တဲ့ ပဋိစ္စသမုပ္ပါဒ်စက် ရဟာတ် သံသရာ လယ် နေတာ ဒုက္ခပါပဲ။

ဒီခန္ဓာငါးပါးဖြစ်စဉ်ဟာ ပဋိစ္စသမုပ္ပါဒ်အရ စိတ်တွေ ရုပ် တွေခန္ဓာငါးပါး၊ အစုငါးပါး တစ်ပေါင်းတည်းအတူတကွ ဖြစ် နေတာကို ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ လူသတ္တဝါမဟုတ်လို့ မြင်ရင် ဒီအမြင်က ဟုတ်တိုင်းမှန်စွာ အမြင်ဖြစ်ပါတယ်။

အတိတ်က(အဝိဇ္ဇာသင်္ခါရ)နဲ့စခဲ့တဲ့ သံသရာလည်မှုဟာ ဒီ ဘဝ(၂)အကွက်ထဲ ရောက်ပြန်တော့လည်း (အဝိဇ္ဇာ ပစ္စယာ သင်္ခါရ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမ ရူပပစ္စယာဖဿော၊ ဖဿ ပစ္စယာဝေဒနာ) သင်္ခါရစက်ကြီးက ဒီဘဝပစ္စုပ္ပန်ကာလထိ ၊ ပစ္စုပ္ပန် (ပဝတ္တိ) ဝိညာဏ်ကာလယ် တုန်းပဲ၊ (အဝိဇ္ဇာ၊ သင်္ခါရ) ကြောင့် ဝိညာဏ်စိတ် (ခန္ဓာငါးပါး) တွေဖြစ်နေတာ ပဋိစ္စသမုပ္ပါဒ်စက်ရဟာတ် ဒုက္ခ (ဝါ) သံသာရ ဒုက္ခလို့ခေါ်ပါတယ်။

(သင်္ခါရ) တရားက မြင်စိတ် ခန္ဓာငါးပါး ဖြစ်လိုက်၊ ကြားစိတ်ခန္ဓာငါးပါးဖြစ်လိုက်၊နံ့စိတ်ခန္ဓာငါးပါးဖြစ်လိုက်နဲ့၊ စိတ်ဖြစ်တော့ (မြင်ကယ်၊ လိုချင်တယ်၊ စွဲလန်းတယ်)၊ ( ကြား တယ်၊ လိုချင် တယ်၊ စွဲလန်းတယ်၊) စိတ်ဖြစ် စဉ်မှာ အကြောင်း အကျိုးဆက်တဲ့ ပဋိစ္စ သမုပ္ပါဒ် အစဉ်ကြီးက တန်းနေတယ်၊ (ဝါ) ဒုက္ခအစု ကြီးတန်း နေတာကို ခန္ဓာ ဖြစ်စဉ် လို့ခေါ်ပါ တယ်၊ ဒီခန္ဓာဖြစ်စဉ်က ဒုက္ခပါပဲ။ ဖြစ်လိုက် ပျက်လိုက် ဖြစ်နေ တဲ့ အဖြစ်ဒုက္ခကို သင်္ခါရ ဒုက္ခ၊ အပျက်ဒုက္ခကို ဝိပရိဏာမဒုက္ခလို့ခေါ်တယ်၊ ခန္ဓာဟာ ဒုက္ခခန္ဓာသသ (ဒုက္ခအစု)လို့ဘုရားရှင် ဟောကြားပါတယ်။

ပဋိစ္စသမုပ္ပါဒ်တရားဟာမြတ်စွာဘုရားက ခန္ဓာကိုကြည့်ပြီး ဟော တဲ့တရားဖြစ်လို့၊ မြတ်စွာဘုရားကခန္ဓာဒုက္ခအစု (ဒုက္ခခန္ဓသသ) လို့ဟောထားတော့၊မိုးကုတ်ဆရာတော်ဘုရားကြီး ကလည်း ဒီခန္ဓာကြီးဟာ ဒုက္ခအစုကြီး၊ ဒုက္ခအစဉ်အတန်းကြီး ဒုက္ခသစ္စာဖြစ်ကြောင်းကို မြတ်စွာဘုရားဟောတဲ့အတိုင်း ထပ်မံ ဟောကြားထားပါတယ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဟော ကြားတဲ့ သစ္စာလေးပါး တရားတော်တွေထဲမှာပဋိစ္စသမုပ္ပါဒ် တရားနှင့်ယှဉ်ပြီး ဒုက္ခအစုကြီးလည်ပုံ၊ ဒုက္ခအစဉ်တန်းနေတဲ့ ခန္ဓာ ဒုက္ခ အမှန် ဒုက္ခသစ္စာ တရားတွေ အများကြီး ရှိပါတယ်၊ ဆရာတော်ကြီး ဟောကြားထားတဲ့ ဒုက္ခသစ္စာတရားတွေကို

အကျယ် သိလိုလျှင် စာရေးသူ ပူဇော် ထားတဲ့ "ဒုက္ခ မြင်မှ နိဗ္ဗာန်ရပုံတရား" စာအုပ်မှာကြည့်ပါလေ။

## သံသရာ၊ ဗန်းပွန်အကျိုး၊ ပန်းပွန်အကြောင်း၊ အနာဂတ် အကျိုးဆက်ပုံ

ဝေဒနာမှ တဏှာကူးပုံဖြစ်ပါတယ်၊ (၂) အကွက်ထဲက (၃) အကွက်ပေါက်သွားပြီး (၄) ဒုက္ခပြန်ရပုံဖြစ်ပါတယ်၊ (ဝါ) ဒုက္ခသစ္စာထဲက သမုဒယသစ္စာဖြစ်ပြီး ဒုက္ခသစ္စာပြန်ရပုံပြပါတယ်။

အခေါ်အဝေါ်အားဖြင့် (၂) အကွက်ရောက်လာတယ်၊ လူဖြစ်လာတယ်၊ သတ္တဝါဖြစ်လာတယ်၊ လူသတ္တဝါလို့မသုံးပဲ ပရမတ္ထသစ္စာအားဖြင့်(ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ) ရတာတွေသည် ခန္ဓာငါးပါးပစ္စုပ္ပန်အကျိုးဒုက္ခသစ္စာရလာခြင်းဖြစ်ပါတယ်၊ ခန္ဓာငါးပါးမှာ အာရုံနဲ့ဒွါရ တိုက်တိုင်းတိုက်တိုင်း စိတ် တွေဖြစ်ပေါ် လျက်ရှိပါတယ်၊ လူစိတ်မှာအာရုံကို ခံစားတတ်တဲ့ ဝေဒနာက ကောင်းမကောင်း ခံစားတတ်ပါတယ်။

လူလို့သမုတ်ထားတဲ့ လူတွေမှာ၊သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာနဲ့ လူလုပ်နေကြပါတယ်၊ လူဟာသုခဝေဒနာ၊ သုခချမ်းသာမှုကိုပဲ ခံစားချင်ကြပါတယ်၊ ချမ်းသာတာကို ခံစားချင်တဲ့၊ လိုချင်တပ်မက်မှုက(တဏှာ)၊ ချမ်းသာတာကိုပဲ ရရှိ

ခံစားချင်တဲ့ အစွဲအလန်းကြီးက(ဥပါဒါန်)၊ အဲဒီချမ်းသာတွေကို လိုချင်လို့ဘာပဲလုပ်လုပ်(ကံ)တွေဖြစ်လာတာပဲ၊ (ကံ)တွေဖြစ်ရင် (ကမ္မဘဝ)ဖြစ်လာရတယ်၊ (တဏှာ)ကူးတဲ့အကြောင်း တရားတွေသည်၊ ပစ္စုပ္ပန် (၂) အကွက်ထဲက (၃)အကွက် ပစ္စုပ္ပန်အကြောင်းတရား၊ (ဝါ)အနာဂတ်အကြောင်းတရားတွေ ပေါက်ဖွားလာတယ်လို့ ခေါ်ပါတယ်၊ (၂)အကွက်ထဲက (၃) အကွက်ပေါက်ဖွား လာရင်(၄)အကွက် အနာဂတ် အကျိုးခန္ဓာ ငါးပါး ဒုက္ခသစ္စာကိုပဲ ပြန်ရတော့မယ်။

(၂) အကွက်ထဲက (၃) အကွက်ပေါက်ပွားပုံကို (ဥပမာ) ပြရရင် ဈေးထဲမှာအလွန်တရာလှပကောင်းမွန်ပြီး၊ အသုံးကျတဲ့ ပစ္စည်းတစ်ခုကိုမြင်လိုက်တယ်ဆိုကြပါစို့၊ (မြင်စိတ်) အပေါ်မှာ ကောင်း, မကောင်းခံစားတတ်တဲ့ (ဝေဒနာ) ဖြစ်ပေါ်ပါတယ်၊ ကောင်းလွန်းလို့ လိုချင်တယ်ဆိုရင် ဝေဒနာကနေပြီး (တဏှာ) ကို ကူးပါတယ်၊ ဒီလိုတဏှာသို့ ကူးခြင်းဆက်ခြင်းသည်၊ ပဋိစ္စသမုပ္ပါဒ်ဆက်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်လည်လမ်းဖြစ်ပါတယ်၊ (၂) ထဲက (၃) ပေါက်ပွားခြင်းဖြစ်ပါတယ်။

မြင်စိတ်တွင်မကပဲ၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်များဝင်တိုင်းမှာလည်း၊ ကောင်းမကောင်း ခံစားတတ်တဲ့ ဝေဒနာကလိုချင်မှု၊ တပ်မက်မှုတဏှာ ဖေါ်ပါး ဖြစ်လာရင်(ဝေဒနာ)က (တဏှာ)ကူးလို့ ပဋိသမုပ္ပါဒ်ဆက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်လယ်လမ်း ဖြစ်ပါတယ်၊ (၂) အကွက်က (၃)

အကွက်ကို ကူးပါတယ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း ဆက်ပါတယ် (ဝါ) ဒုက္ခထဲက သမုဒယတွေထပ်ပေါ်ပြန်ပါတယ် (ဝါ) အနာဂါတ်ခန္ဓာရဖို့ အကြောင်းတရားဖြစ်စေပါတယ်။

လိုချင်တယ်ဆိုရင် (ဝေဒနာပစ္စယာတဏှာ)လာပြီ၊ လိုချင်ရုံတွင် မရပ်ပဲ သိပ်လိုချင်တာပဲ၊ မရမနေနိုင်အောင်ဖြစ်တယ်ဆိုရင် စွဲလန်းမှု (ဥပါဒါန်) ဖြစ်လာတယ်၊ စွဲလန်းမှုဖြစ်ရင် (တဏှာပစ္စယာ ဥပါဒါန) စွဲလန်းခြင်းကလည်း ပဋိစ္စသမုပ္ပါဒ် ဆက်ခြင်းပါပဲ။

စွဲလန်းရုံတွင် မရပ်ပဲ မရရအောင် အားထုတ်မယ်ဆိုပြီး၊ ဝစီကံမှုနဲ့ နှုတ်ကပြောပြီး၊ ကာယကံမှုနဲ့ လက်ကလုပ်ပြီဆိုရင် ကံတွေဖြစ်လာပါတယ်၊ ကံတွေဖြစ်လာရင် (ကမ္မဘဝ) ဖြစ်လာတယ်၊ကမ္မဘဝဖြစ်ရင်ဇာတိရတော့မယ်၊ အနာဂတ်အကျိုးအခြင်းအရာငါးပါးရမယ်၊ ပဋိစ္စသမုပ္ပါဒ်ပါဠိကို ရှုတ်ကြည့်ပါ၊ စက်ဝိုင်းက (၃) အကွက်နဲ့ (၄) အကွက် အစပ်ကိုကြည့်ပါ၊ ဇာတိဆိုရင် (၃) အကွက်က (၄) အကွက်ကို ဆက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် လယ် ဂါတော့တယ်၊ သံသရာလယ်ပြီပဲ၊ ကမ္မဘဝဖြစ်တာနဲ့၊ ဇာတိ၊ ဇရာမရဏရပြီ (၄) အကွက်သို့ကပြီ ဒုက္ခခန္ဓာကြီးပြန်ရတော့မယ်၊ ဇာတိရရင်ပဋိသန္ဓေရပါတယ် ပဋိသန္ဓေနေရင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာနဲ့ ခန္ဓာငါးပါးဒုက္ခသစ္စာပြန်ရတာပဲ၊ ပဋိစ္စ သမုပ္ပါဒ် လယ်နေပြီ။

(ဇာတိ) ဇရာ,မရဏ ဆိုတာက(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါး (နာမ်ရုပ်) အတူတူပါပဲ၊ ဇာတိက ပဋိသန္ဓေနေခြင်းဆိုတော့၊ ဇာတိပဋိသန္ဓေနေတာက လည်း နာမ် ရုပ်၊ ဇရာဆိုတာလည်း နာမ်ရုပ်၊ မရဏ သေတာလည်း နာမ်ရုပ် ခန္ဓာ ငါးပါးဖြစ်တော့ ပစ္စုပ္ပန် (၂) အကွက်ထဲက ဝေဒနာသည် တဏှာကူးရင် (၃)အကွက်ရော (၄) အကွက်ရော ဆက်ပါတယ်၊ သံသရာ လယ်ပါတယ်။

(၂) ပစ္စုပ္ပန်ခန္ဓာငါးပါးမှာ (၃) တဏှာကူးရင်တဏှာက ဥပါဒါန်၊ ကမ္မဘဝရတာပါပဲ၊ ကမ္မဘဝရတော့ (၄) ဇာတိဇရာ မရဏ ခန္ဓာငါးပါးပြန်ရတာပါပဲ။

ယခု (၂) အကွက်ထဲမှာ ပစ္စုပ္ပန်မှာ ရောက်နေပါတယ်၊ ခန္ဓာငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ခန္ဓာငါးပါးရထားပါတယ်၊ ပရမတ္ထသစ္စာအရ(ခန္ဓာငါးပါး) ပါပဲ၊ သမုတ်ထားတာက လူ၊ ဒီ(လူ) ခန္ဓာငါးပါးက တဏှာ ကိုမကူးပါနဲ့ တဏှာကူးရင် သံသရာစက်လယ်ပါတော့မယ်။

သံသရာစက်လယ်ပုံက တဏှာရှိလာရင် ကာမုပါဒါန်၊ ကာမဂုဏ်တရားတွေလုပ်ဖြစ်ပြီ၊ ငါးဖြာအာရုံမှာ ကာမဂုဏ်တရားတွေလုပ်ဖြစ်လာတော့၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေဖြစ်လာတာပါပဲ၊ ကံ၊ ကမ္မဘဝတွေ လုပ်တာက (သင်္ခါရ)တွေပါပဲ အတိတ်အကြောင်းနဲ့ ခေါ်ရင်

(သင်္ခါရ)၊ ပစ္စုပ္ပန်အကြောင်းနဲ့ခေါ်ရင် (ကမ္မဘဝ)လို့ခေါ်တယ်။ ကမ္မဘဝ သတ္တိတွေက (ကမ္မဘဝပစ္စယာဇာတိ) ဇာတိရတော့ပဋိသန္ဓေ ဝိညာဏ်ရတာပဲ၊ အထက် က ရှင်းပြခဲ့တဲ့ (သင်္ခါရပစ္စယာ ဝိညာဏံ)၊ (၁)ကနေ(၂) ကူး သလိုပါပဲ၊ (၂) (ဝေဒနာ) ကနေ (တဏှာ)ကူးဆက်ရင် (၃)(တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)ကူးပြန်တယ်၊(၃)ကူးရင်(၃)ကမ္မဘဝမှဇာတိဆိုတဲ့ (၄)အကွက်ဆက်ကူး ပါတယ် ဇာတိ ပဋိသန္ဓေကစခွဲ့ပေါ်ပါး၊ ဒုက္ခပဲပြန်ရ တော့ သံသရာလည်ခြင်းပါပဲ။

စက်ဝိုင်းမှာကြည့်ပါ(၂) အကွက်ပစ္စုပ္ပန်အကျိုးတရား(ဒုက္ခ သစ္စာ) ခန္ဓာငါးပါးကနေ (တဏှာ)ဝင်ရင်(သမုဒယသစ္စာ)ပစ္စုပ္ပန် အကြောင်းတရား(၃) ကူးပါတယ်၊ (၃) ကူးရင်(တဏှာ၊ဥပါဒါန် ကမ္မဘဝ)တွေလုပ်တာနဲ့အနာဂတ်(ဒုက္ခဇာတိ) အကျိုးရတော့ မယ်၊ (၄) ဆက်သွားပြီး (ဒုက္ခ) သံသရာ လည်ပါတော့တယ်။

ပဋိစ္စသမုပ္ပါဒ်ကို မိုးကုတ်ဆရာတော်ဘုရားကြီးကစက်ဝိုင်း ပုံစံနဲ့၄ ပိုင်းခွဲပြီးပြထားတော့ သံသရာလည်ပုံမှာ နားလည်လွယ် သွားပါတယ်။ပုံစံကားချပ်မှာ အကွက် ၄ ကွက်တွေ့နိုင်ပါတယ်။

(၁) အဝိဇ္ဇာသင်္ခါရ (သမုဒယသစ္စာ)
(၂) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ (ဒုက္ခသစ္စာ)
(၃) တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ (သမုဒယသစ္စာ)
(၄) ဇာတိ၊ ဇရာမရဏ (ဒုက္ခသစ္စာ)

## ဝဋ်သုံးပါး

ကိလေသဝဋ်က = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်
ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ
ဝိပါကဝဋ်က = ဝိညာဏ် နာမ်ရုပ်၊သဠာယတန၊
ဖဿ ဝေဒနာ ပါပဲ

ဝဋ်သုံးပါးကိုကြည့်ရင် (အဝိဇ္ဇာ) ကိလေသာ ဝဋ်ကြောင့် (သင်္ခါရ) ကမ္မဝဋ်ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် (ဝိညာဏ်) ဝိပါက ဝဋ်ဖြစ်တယ်၊ပဋိစ္စသမုပ္ပါဒ်တရား ကကိလေသာကို ပါယ်ဖို့ပါပဲ၊ (အဝိဇ္ဇာ)ကိလေသာမရှိရင်(သင်္ခါရ)ကမ္မဝဋ်မရှိနိုင်ပါ၊ကိလေသာ ကိုပါယ်ဘို့မြတ်စွာဘုရားဟောထားတဲ့ပဋိစ္စသမုပ္ပါဒ်တရားဟာ သံသရာလွတ်မြောက်ကြောင်းတရားဆိုတာသိနိုင်ကြပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို သိမှ တရားသိသူမည်၏ ဆိုတာ ပညာမဂ္ဂင်ဖြစ်တဲ့ (သမ္မာဒိဋ္ဌိ) အမြင်မှန်ရလို့၊ ယောနိသော မနသိကာရ (နှလုံးသွင်းမှန်) ဖြစ်လို့၊ သစ္စာလေးပါး တရားကို အကျယ်ပြနိုင်တဲ့ တရားဖြစ်လို့၊ သံသရာလည်ကြောင်း ပြနိုင်တဲ့ တရားဖြစ်လို့၊ သံသရာကလွတ်မြောက်ကြောင်း တရားလည်း ဖြစ်လို့ ကိလေသာ(အဝိဇ္ဇာတဏှာ)ကို ပယ်ဖြတ်ပြီး အာသဝေါ တရား တွေကုန်စေလို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ တရား လည်းဖြစ်လို့ပဋိစ္စသမုပ္ပါဒ်တရားကိုသိရင် တရားသိသူပါပဲလို့ မြတ်စွာဘုရား ဟောကြားခြင်းဖြစ်ပါတယ်။

ဘုရား ရဟန္တာတွေမှာ ပြုသမျှကံတွေ၊ ကိလေသာတွေ မရှိတဲ့အတွက် အကျိုးမပေးပါ၊ ပဋိစ္စသမုပ္ပါဒ် တရားမသိသေးလို့ ကိလေသာ တွေရှိနေသေးသူများ အဖို့တော့ ကံ က အကျိုးပေးဦးမှာပါပဲ။

ပဋိစ္စသမုပ္ပါဒ်ကို မသိသမျှ ကာလပတ်လုံး သံသရာက လွတ်မြောက်တဲ့ လမ်းကို မသိနိုင်ပါ။ ဘာ့ကြောင့်လဲဆိုရင် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး သံသရာက လွတ်မြောက်ကြောင်းရှာတာ ဘုရားဖြစ်တော့မှပဲ သံသရာက လွတ်မြောက်ကြောင်း တရားဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို သိတော်မူပါတယ်။ သံသရာက လွတ်ခဲ့ရပါတယ်။

ဘုရားဖြစ်တော့ ရှေးဦးစွာ ပြောတဲ့ စကားဟာလည်း ပဋိစ္စသမုပ္ပါဒ်ပါပဲ၊ ပဋိစ္စသ မုပ္ပါဒ်ကြောင့် သံသရာ လွတ်လမ်းတွေ့ရလို့ ဝမ်းမြောက်စွာနဲ့ ဥဒါန်း ကျူးတော်မူပါတယ်၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတဲ့ ဝဋ် သုံးပါး၊ အင်္ဂါ (၁၂) ပါးလယ်နေတဲ့ အကြောင်းအကျိုးဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကို သိရင် နိဗ္ဗာန်ရဲ့ သဘောကို သိပါပြီ၊ ပဋိစ္စသမုပ္ပါဒ်တရားသိလို့ နှလုံးသွင်းမှန်ပြီးမှ သမ္မာဒိဋ္ဌိ အမြင်မှန် ရပြီးမှ သစ္စာသိပြီးမှ ဝိပဿနာတရား အားထုတ်ရင် "ဟေတုဒွေ" နိဗ္ဗာန်ကို ဖြောင့်ဖြောင့်မတ်မတ် သွားပါပြီ၊ နေမင်းကြီး မထွက်လာမီ အာရုဏ်တက်လာတာမြင်ရ သလိုပါပဲ။

မူလ ပဏ္ဏာသ ပါဠိတော်ကြီးမှာ "ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊သော ဓမ္မံ ပဿတိလို့ မြတ်စွာဘုရားဟောကြားထားတဲ့ အတွက် ပဋိစ္စသမုပ္ပါဒ် သိတဲ့သူသည် တရားသိတဲ့သူပါပဲတဲ့၊ တရားသိ တယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ် သိတဲ့ သူကို ခေါ်တယ် ဆိုတာဘာကြောင့်လဲ? ပဋိစ္စသမုပ္ပါဒ်မှာ ပုဂ္ဂိုလ်သတ္တဝါ၊ ဘုံ၊ ဘဝတွေ မပါလို့ပါပဲ၊ ဒါတွေပါနေရင် ဒိဋ္ဌိတွေက မလွတ်လို့ တရားသိသူ မမည်ပါ၊ ငါကိုယ်လုပ်လို့၊ ငါနတ်ပြည်ရောက် တယ်၊ ငါဘာလုပ်လို့ ဘာဖြစ်တယ်ဆိုတဲ့ ငါတွေ, ဘုံဘဝတွေ ပုဂ္ဂိုလ်တွေပါ နေရင် တရားသိသူ မဟုတ်သေးပါ။

ပုဂ္ဂိုလ်၊ ဘုံ၊ ဘဝတွေမြင်နေရင် တရားကို မမြင်နိုင်ပါ၊ ဝိပဿနာရှုရင် ပဋိစ္စသမုပ္ပါဒ်ကို အရင်သိရမယ်၊နားလည်အောင် လုပ်ပါလို့ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့တာသည် ပဋိစ္စသမုပ္ပါဒ်တရားကို သုတမယဉာဏ် ( သုတ = ကြားနာ ကြုံတွေ့အပ်သောစာပေစသည်ကြောင့် + မယ=ဖြစ်သောဉာဏ်) အသိဉာဏ်နဲ့သိဖို့၊ ဉာဏ်သိကို ဆိုလိုရင်းဖြစ်ပါတယ်၊ သုတ မယ ဉာဏ်ထက်သာတဲ့ စိန္တာမယဉာဏ်ဖြစ်ရင် ပိုကောင်း ပါတယ်။

သုတမယဉာဏ်ကို အခြေခံပြီး ဝိပဿနာ အားထုတ် ခြင်းဖြင့်ရတဲ့ ဘာဝနာမယဉာဏ် (ပွားဉာဏ်) မှာ အလွန် အထောက်အကူ ရပါတယ်။ ထို (ပွားဉာဏ်) ဘာဝနာမယ ဉာဏ်ကို အခြေခံ၍ ထိုးထွင်းသိမြင်သော ဉာဏ် (ပဋိဝေဒ ဉာဏ်) (ဝါ) (မဂ်ဉာဏ်) ကိုရပါမည်၊ နိဗ္ဗာန်မြင်ပါမည်။

ဝိပဿနာရှုရင် ပဋိစ္စသမုပ္ပါဒ်ကို အရင်သိရမယ်ဆိုတာ ထပ်ပြီးရှင်းပြရရင် ဝိပဿနာရှုရင်ပဋိစ္စသမုပ္ပါဒ်တရားပေါ်မှာ တည်ပြီးမြင်တဲ့ဉာဏ်(ဓမ္မဋ္ဌိတိဉာဏ်) ပါမှရမယ်၊တရားပေါ်မှာ တည်ပြီးမြင်တဲ့ဓမ္မဋ္ဌိတိ ဉာဏ်ကဒီဘဝရုပ်နာမ်တွေ ဘာကြောင့် ဖြစ်သလဲအတိတ်က (အဝိဇ္ဇာသင်္ခါရ)ကြောင့်၊ ဒီဘဝမှာ(တဏှာ၊ ဥပါဒါန်၊ကမ္မဘဝ) အကြောင်းတရား တွေလုပ်ရင်နောက်တစ်ခါ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ဆန္ဒာငါးပါးဒုက္ခတရားတွေရမယ်ဆိုတဲ့ ဒီလိုတရားပေါ်မှာချည်းပဲမြင်နေတဲ့ဉာဏ်မျိုးဟာ(ဓမ္မဋ္ဌိတိဉာဏ်) ပါပဲ၊

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကိုသိရင် ဒိဋ္ဌိကို အသိဉာဏ်နဲ့ဖြုတ်ထားနိုင်လို့ တရားကို သိတဲ့သူဖြစ်ပါတော့တယ်။ တရားသိတာကလည်း သဘာဝ ရားသိတာပါပဲ၊ တရားသိတော့ ယောနိသောမနသိကာရဖြစ်ပြီ၊ နှလုံးသွင်းမှန်တဲ့ တရားသိ သိပြီ၊ နှလုံးသွင်းမှန်မှုရလို့(သမ္မာဒိဋ္ဌိ)ဖြစ်ပြီ၊ ပညာဖြစ်ပြီ၊ နှလုံးသွင်းမှန်မှု၊ အမြင်မှန်မှု (သမ္မာဒိဋ္ဌိ)နဲ့ဝိပဿနာရှုရင် "ဟေတွဋ္ဌော" နိဗ္ဗာန်ကို ဖြောင့်ဖြောင့်မတ်မတ်သွားပြီ ဖြစ်လို့ ဝိပဿနာရှုရင် ပဋိစ္စသမုပ္ပါဒ်ကို အရင်သိရမယ်လို့ မိုးကုတ်ဆရာတော်ဘုရားကြီးက တရားစဉ်၊ လုပ်ငန်းစဉ်ကို ပေးခဲ့ခြင်းဖြစ်ပါတယ်။

ပဋိစ္စ သမုပ္ပါဒ် တရား မသိပဲ ဝိပဿနာရှုရင် ဘယ်လိုဖြစ်မလဲ?

ပဋိစ္စသမုပ္ပါဒ်(တရား)မသိလျှင်= ခန္ဓာဖြစ်စဉ်မသိ
ခန္ဓာဖြစ်စဉ်မသိလျှင် = ဒုက္ခမသိ
ဒုက္ခမသိလျှင် = ဒုက္ခချုပ်ရာနိဗ္ဗာန်မမြင်

နိုင်ပါသောကြောင့်ပဋိစ္စသမုပ္ပါဒ်တရားကိုအရင်သိဖို့ အရေးကြီးကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီးက အတန်တန်ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။

## ခန္ဓာပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်)

(ပစ္စုပ္ပန်အခါ ခန္ဓာဖြစ်စဉ်သံသရာလယ်ပုံသဘောတရားဖြစ်ပါတယ်)

ဝိညာဏ်၊ နာမ်ရုပ်တို့ ဆက်ခါ၊ ဆက်ခါ ဖြစ်ခြင်းကို "သံသရာ" ဟုခေါ်ပါတယ်၊ ခန္ဓာဖြစ်စဉ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြစ်ပါတယ်၊ ပစ္စုပ္ပန်ခန္ဓာကြီး အကြောင်း အကျိုးဆက်ခါ၊ ဆက်ခါ ဖြစ်ပျက် နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပါတယ်။

စက်ဝိုင်း (၂)အကွက်ထဲက ပစ္စုပ္ပန်ဘဝမှာပဲ၊ပဋိစ္စသမုပ္ပါဒ်လယ်ပုံ၊ ခန္ဓာဖြစ်စဉ်ကို ပြဆိုခြင်း ဖြစ်ပါတယ်၊ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ် တရားကို၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်) ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်စဉ် ကိုဖော်ပြရရင် ပါဠိလို

(၁) စက္ခုံစပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ

ပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါန်၊ ဥပါဒါန
ပစ္စယာဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ
ဇရာမရဏံ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊
ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿကေဝလဿ၊
ဒုက္ခက္ခန္ဓဿ၊ သမုဒယောဟောတိ။

(၂) သောတဉ္စပဋိစ္စ၊ သဒ္ဒေစဥပ္ပဇ္ဇတိ၊ သောတဝိညာ
ဏံ... (ပ)... ဟောတိ။

(၃) ဃာနဉ္စပဋိစ္စ၊ ဂန္ဓေစ ဥပ္ပဇ္ဇတိ၊ဃာနဝိညာဏံ..(ပ)..
ဟောတိ။

(၄) ဇိဝှဉ္စပဋိစ္စ၊ ရသေစဥပ္ပဇ္ဇတိ၊ ဇိဝှာဝိညာဏံ...(ပ)...
ဟောတိ။

(၅) ကာယဉ္စ ပဋိစ္စ၊ဖောဋ္ဌဗ္ဗေစဥဇ္ဇတိ၊ကာယဝိညာဏံ...
(ပ)...ဟောတိ။

(၆) မနဉ္စ ပဋိစ္စ၊ဓမ္မေစ ဥပ္ပဇ္ဇတိ၊မနောဝိညာဏံ...(ပ)...
ဟောတိ။

စက္ခုံစပဋိစ္စဆိုသည်မှာမျက်စိအကြည် ရူပေစ ဆိုသည်မှာ အဆင်းကိုဆိုပါတယ်။ အခိပ္ပါယ်အကျယ်မှာ မျက်စိအကြည်နှင့် အဆင်းရူပါရုံနှစ်ခု အကြောင်းပြုတိုက်ဆိုင်တဲ့အခါမှာ စက္ခု ဝိညာဏ်ဆိုတဲ့ မြင်စိတ်ပေါ်ပါတယ်။

မျက်စိအကြည်၊ အဆင်းရူပါရုံ၊ မြင်စိတ် သုံးခုတွေ့ဆုံတဲ့ အခါ ဖဿဆိုတဲ့တရား ဖြစ်ပေါ်ပါတယ်၊ ထိုဖဿတည်းဟူ သော အကြောင်းခံကြောင့် ခံစားမှုဝေဒနာ ဖြစ်ပေါ်ပါတယ်၊

ဝေဒနာ အကြောင်းခံကြောင့် တပ်မက်မှုတဏှာ ဖြစ်ပေါ်တယ်၊ တဏှာ အကြောင်း ခံကြောင့် ဥပါဒါန်ဆိုသော စွဲလန်းမှုတရား ဖြစ်ပေါ်ပါတယ်၊ စွဲလန်းမှု ဥပါဒါန်ကြောင့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေနဲ့ ကံ အလုပ် (ကမ္မဘဝ)ကို ပြုလုပ်ပါတယ်၊ဒါကို ခန္ဓာပဋိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်စဉ်လို့ခေါ်ပါ တယ်။

ပစ္စုပ္ပန် ကမ္မဘဝ အကြောင်းခံကြောင့် အနာဂါတ်မှာ ပဋိ သန္ဓေဟုဆိုတဲ့ (ဇာတိ) ဖြစ်ပေါ်ရမယ်။ ဇာတိဆိုတာ အပါယ် ဇာတိကအဖြစ်များပါတယ်။ ဘဝတစ်ခုရဲ့အစ ဇာတိဖြစ်တိုင်း (ဇာတိ)တည်းဟူသော အကြောင်းခံကြောင့် (ဇရာ၊မရဏ) အိုမှု၊ သေမှု၊ (သောက)စိုးရိမ်မှု၊ (ပရိဒေဝ)ငိုကြွေးမှု၊ (ဒုက္ခ)ဆင်းရဲမှု၊ (ဒေါမနဿ)စိတ်နှလုံးမသာယာမှု၊ (ဥပါယာသ) ပြင်းစွာပူပန် မှုတို့ ဖြစ်ပေါ်ပါတယ်၊ ဒါခန္ဓာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာဖြစ်စဉ်ပါပဲ၊

ပစ္စုပ္ပန်မှာလည်း ပဋိသန္ဓေဝိညာဏ်က နာမ်ရုပ် ဖြစ်လာ၊ ဒီနာမ်ရုပ်နဲ့လူဖြစ်လာတဲ့ ခန္ဓာငါးပါးက တဏှာ၊ ဥပါဒါန်နဲ့ (ကမ္မဘဝ)လုပ်ရင် အိုမှု၊ နာမှု တွေ့ရမယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဒုက္ခအစုတွေရတဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်)တွေရပါတယ်။

ဒီလိုပဲ(ကမ္မဘဝ) ဖြစ်လိုက်၊ ဇာတိရလိုက်ဆိုရင် ဒုက္ခ ဆင်းရဲ အစုတို့ဖြစ်ပွားပေါ်ပေါက် ကြပါတော့တယ်။ ဇာတိရရင် ဒုက္ခ ဘဝရောက်မယ်၊ အိုမယ်၊ဒုက္ခ အစုတွေ တွေ့ရမယ်၊

သေမယ်၊ ဇာတိပြန်ရမယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်)ပွေ တန်းသွားတာပါပဲ။

သောတဒွါ ပဋိစ္စ ၊ဆိုတာ ကြားတဲ့ အခါလည်း အထက်ပါ အတိုင်းသောတအကြည်သဒ္ဒါရုံ၊သောတဝိညာဏ် ကြားစိတ်၊ထို့ အတူ နံ့စိတ်၊ စားစိတ်၊ ထိတွေ့စိတ်၊ ကြံတွေးစိတ်တွေဖြစ် ပေါ် ရာမှာ(ဝိညာဏ်)ဖြစ်တိုင်းပဋိစ္စသမုပ္ပါဒ်ပါဠိတော်ကို ရွတ်ကြည့် ပါ။ဒုက္ခဆင်းရဲအစုတို့လည်းထို့အတူဖြစ်ပွားသည်ကို နားလည် ကြပါ။(ဘယ်စိတ် ဘယ်ဝိညာဏ်)ပဲရရ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပံ ပစ္စယာသဠာယတနံ။ သဠာယတန ပစ္စယာ ဖဿော၊ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာ ပစ္စယာဥပါဒါနံ၊ဥပါဒါန၊ပစ္စယာကမ္မဘဝေါ၊ဘဝပစ္စယာဇာတိ၊ဇာတိ ပစ္စယာဇရာ၊မရဏ၊...(ပ)...ဒုက္ခက္ခန္ဓ သသမုဒယောဟောတိ။

ဘယ်စိတ်၊ ဘယ်ဝိညာဏ်ပဲရရ၊ ဝိညာဏ်၊ နာမ်ရုပ်တို့ ဆက်ခါဆက်ခါဖြစ်ခြင်းကို ခန္ဓာဖြစ်စဉ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ သံ သရာလယ်ခြင်းဖြစ်ပါတယ်။

အထက်က ဖော်ပြခဲ့တဲ့ တရားများဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာဖြစ်စဉ်တန်းကြီး ဖြစ်ပေါ်ပြီး ပုံက်စီးနေပုံ ဖြစ်ပါတယ်၊ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားပြသ သုံးမတော်မူတဲ့ တရားတော်အတိုင်း ဖြစ်ပါတယ်။

ခန္ဓာဖြစ်စဉ်ကို ပိုမိုရှင်းလင်းအောင် ပြရမှင် မြင်တယ်၊ လိုချင်တယ်၊ စွဲလန်းတယ်၊ အားထုတ်တယ်၊ အဲဒါခန္ဓာ ဖြစ်စဉ်

ဖြစ်ပါတယ်၊(တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) ဆိုတော့ ကမ္မသတ္တိတွေ ဖြစ်လျှက်၊ ဖြစ်လျှက်၊ ဒုက္ခတွေဖြစ်လျှက်ဖြစ်လျှက်၊ ဒုက္ခတွေ ထဲက ဒုက္ခဖြစ်ကြောင်းတွေ လုပ်လျှက်လုပ်လျှက်ပါပဲ။

မိုးကုတ်ဆရာတော်ဘုရားကြီးကဝိပဿနာအလုပ်ဆိုသည်မှာ ပဋ္ဌမခန္ဓာဖြစ်စဉ်သိဘို့၊ နောက်ပိုင်းမှာ ဖြစ်ပျက်မြင်ဘို့နှင့် ဒုက္ခသစ္စာ မြင်ဘို့ အဓိကဖြစ်ကြောင်း၊ ဒီလိုသိမြင်ဘို့အရေးမှာ ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာဖြစ်စဉ် သိဘို့ဟာ အလွန်အရေးကြီးကြောင်း ဟောကြားခဲ့ပါတယ်။

ခန္ဓာပဋိစ္စသမုပ္ပါဒ်(ခန္ဓာဖြစ်စဉ်)ဆိုတာကလည်း မိမိတို့နံနက်မိုးလင်း အိပ်ရာထမှ ညမိုးချုပ် အိပ်သည်အထိအာရုံနဲ့ဒွါရတိုက်တိုင်း၊တိုက်တိုင်း ပေါ်ပေါက် လာသည့် ခန္ဓာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာအစဉ်ကြီးပါကလား၊ မြင်စိတ် ဖြစ်လိုက်၊ မြင်တယ်၊ လိုချင်တယ်၊ စွဲလန်းတယ်၊ အားထုတ်မှု ကမ္မဘဝတွေ ဖြစ်တယ်၊ ကြားစိတ်ဖြစ်လိုက်၊ ကြားတယ်၊ လိုချင်တယ်၊ စွဲလန်းတယ်၊ အားထုတ်တယ်ဆိုတော့ (အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)ဒုက္ခဖြစ်ကြောင်း တွေဖြစ်ဖြစ်နေတဲ့ ခန္ဓာအစဉ်ကြီးပါပဲ၊

ဒီလိုပဲစိတ်(၆)ပါးတွေဖြစ်တဲ့အပေါ်မှာ၊ဖြစ်ပျက်နေတဲ့ခန္ဓာဖြစ်စဉ်ကြီးသည်သံသရာ ပါပဲ၊ဖြစ်ပေါ်လိုက်၊ ပျက်သွားလိုက်၊ ဖြစ်ပေါ်လိုက်၊ ပျက်သွားလိုက်နဲ့ခန္ဓာဖြစ်စဉ်ကြီး ဒုက္ခအစဉ်ကြီးဟာ ဟန်းနေပါတယ်၊ သံသရာလည်နေပါတယ်။

ဖြစ်ပေါ်ပြီး ပျက်သွားတဲ့ တရားဟာ သုခ မဟုတ်၊ "ဒုက္ခ" **သာ အမှန်ဖြစ်ကြောင်း ပြတဲ့ ပဋိစ္စသမုပ္ပါဒ် တရားကြောင့်(ဒုက္ခ** သစ္စာ)နဲ့(သမုဒယသစ္စာ)ကို သိပါပြီ။ဖြစ်ပျက် စိတ်စိတ်မြင်လေ၊ ဒုက္ခပေါ်လွင်လေလေဖြစ်နေတာသိကြဘို့ဟောကြားခဲ့ပါတယ်၊

(ဒုက္ခ) ဆိုတာကလည်း ခန္ဓာဖြစ်စဉ်ကိုက်ပေါ်နေတဲ့ ဒုက္ခကို သိဘို့ပါပဲ၊ ခန္ဓာဖြစ်စဉ်ကို ဉာဏ်နဲ့ကြည့်တော့ ခန္ဓာ ဖြစ်စဉ်တွေ မှာ သင်္ခါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခဆိုတဲ့ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမြင်တဲ့ ခန္ဓာဖြစ်စဉ် ဒုက္ခကို ဉာဏ်နဲ့မြင်တဲ့အမြင် ဒုက္ခမျိုးသာဖြစ်ပါတယ်။ နာကျင်ကိုက်ခဲတဲ့ ဒုက္ခမျိုးမဟုတ်ပါဘူး။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားမဟုတ်ပါလား၊ မိမိတို့ခန္ဓာဖြစ်စဉ် ကြီးပါလားလို့ မိမိတို့ခန္ဓာဖြစ်စဉ်မှာ ဉာဏ်လှည့်ကြပါ။ ဖြစ်စဉ် ကိုက်မကိုက် ဝိပဿနာရှုမှုနဲ့စောင့်ကြည့်ကြပါ၊သံသရာဖြစ်စဉ်ကို ရပ်တန်းကသာ ရပ်အောင်လုပ်ကြပါ။ မရပ်လျှင် သံသရာဆက် မည်၊ ရပ်လျှင် သံသရာပြတ်မည်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်မယ်ဆို တာ သတိပြုကြပါ။ အဝိဇ္ဇာအဖြစ်မခံကြပါနဲ့၊ ဝိပဿနာရှုတဲ့ အခါမှာ စိတ်ကို ဖြစ်စေ၊ ဝေဒနာကို ဖြစ်စေရှုပါ၊ အဝိဇ္ဇာ ကြောင့် သင်္ခါရကြောင့် ဖြစ်တဲ့ (ဝိညာဏ်စိတ်)ကို မိအောင်ရှု၊ မမိရင် (ဝေဒနာ)ကို မိအောင်ရှုပါ။

ခန္ဓာကိုဉာဏ်လှည့်ကြပါ၊ခန္ဓာဉာဏ်ရောက်ဆိုတာအဆင်းနှင့် မျက်စိအကြည် တိုက်ဆိုင်တိုင်း၊ မြင်စိတ်ပေါ်လာမယ်၊ ဖြစ်ပေါ်လာတဲ့ မြင်စိတ်ကလေးကို ရှိ၊ မရှိ အကဲခတ်ကြည့်ပါ။ မြင်စိတ်ကလေးဟာ ဖြစ်ပြီး ပျက်သွားတာပဲလို့ နောက်က

အကဲခတ်တဲ့စိတ်နှင့် ကြည့်လိုက်တဲ့အခါမှာမရှိတော့ဘူး။ မရှိတော့ဘူးလို့ သိရင် ခန္ဓာဉာဏ်ရောက်ပါပြီ။

ဒီလိုမြင်တိုင်း,မြင်တိုင်း၊ ကြားတိုင်း,ကြားတိုင်း၊ နံတိုင်းနံတိုင်း၊ လျှက်တိုင်း,လျှက်တိုင်း၊ စားတိုင်း,စားတိုင်း၊ ကိုယ်နှင့်တွေ့ထိတိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကကြံစည် တွေးတောတိုင်းတွေးတောတိုင်း ဖြစ်ပေါ်ပြီး ပျက်,ပျက်သွားတဲ့ တရားတွေပဲလို့ဉာဏ်မျက်စိနဲ့ မြင်အောင်ရှုကြပါ။ ဒီအမြင်သည် ခန္ဓာဉာဏ်ရောက် အမြင်ပါပဲ၊ ဒီဉာဏ်သည် ပဋိစ္စ သမုပ္ပါဒ် (ဝါ) သံသရာဖြတ်တဲ့ဉာဏ်၊ အမြင်မှန်ပါပဲ။ (အဝိဇ္ဇာ) မဝင်ဘူး၊ (အဝိဇ္ဇာ)ပြတ်ရင် (သင်္ခါရ)လည်း မဖြစ် (တဏှာ၊ဥပါဒါန်၊ကမ္မဘဝ)လည်းမဖြစ်တော့ဒီအမြင်မှန်ဟာ (မဂ်သမ္မာဒိဋ္ဌိ) နဲ့ မြင်တာပါ၊ ခန္ဓာပေါ်မှာ အမြင်မှန်ရရင် နိဗ္ဗာန်သွားမယ်၊ အမြင် မှားရင် အပါယ်သွားမယ်လို့ မိုးကုတ်ဆရာတော်ကြီး ဟောကြားခဲ့ပါတယ်။

(အဝိဇ္ဇာနဲ့တဏှာ) ပြတ်ရင် (သင်္ခါရ)လည်းမဖြစ်၊ ကမ္မဘဝလည်းမဖြစ်တော့ပဲ၊ (ဝိညာဏ်)အဆက်မရှိတော့ပဲ၊ သတ္တဝါတစ်ခုအတွက် သံသရာ အဆက် ပြတ်ပြီး အဝိဇ္ဇာချုပ်၊ သင်္ခါရချုပ်တဲ့သင်္ခါရမရှိတဲ့ (အသင်္ခတ) ဓါတ်(နိဗ္ဗာန်)သာတည့်ရစ်ပါတော့တယ်။

ထို့ကြောင့် (အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓါ၊ သင်္ခါရ နိရောဓေါ= အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်သင်္ခါရတို့၏ ချုပ်ခြင်းဖြစ်၏၊)(သင်္ခါရနိရောဓါဝိညာဏနိရောဓေါ)၊ သင်္ခါရချုပ်ခြင်းကြောင့်ဝိညာဏ်၏ ချုပ်ခြင်းဖြစ်

၏ ဤသို့အားဖြင့် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်စသော တရားတို့၏ချုပ်ပုံ (ချုပ်ကြောင်းနိဗ္ဗာန်) သာတည်း။

ဒီလို မြင်စိတ်ကလေးကို ဖြစ်ပျက်မရှုလိုက်မိရင်၊ ပဋိစ္စသမုပ္ပါဒ်(သံသရာ)ကဒီနေရာမှာမရပ်ပဲ မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် ဖြစ်ရင် ခန္ဓာအစဉ်တန်းပြီးသွားတော့မယ်လို့သိကြပါ။ (အဝိဇ္ဇာ၊တဏှာ)အရင်းခံတဲ့ (သင်္ခါရ) ကံတွေလုပ်တော့မယ်၊ ကမ္မသတ္တိတွေရပြီး၊ လိုက်ပါပြီး၊ ဇာတိရတော့မယ်၊ ဇာတိရရင်(၃၁)ဘုံမှာ သံသရာလည်ပြီ။

မြင်တယ်ဆိုတဲ့ မြင်(စိတ်)ကလေးကို ဖြစ်ပျက် မရှုမိရင် "လိုချင်တယ်" ဆိုတာ နောက်ကလာပါတယ်။ လိုချင်တဲ့(စိတ်) ကလေးကိုပြန်ပြီးဖြစ်ပျက်ရှုနိုင်ပါသေးတယ်။

အကယ်၍သာ လိုချင်တယ်ဆိုတဲ့ (စိတ်) ကလေးကိုဖြစ်ပျက်မရှုမိဘူးဆိုရင် စွဲလန်းတယ် ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်အစဉ်တိုင်းလာပါလိမ့်မယ်၊ စွဲလန်းတယ်ဆိုတာကိုပဲဖြစ်ပျက်ရှုနိုင်ပါသေးတယ်၊

စွဲလန်းတယ်ဆိုတဲ့ဥပါဒါန်ကိုမရှုမိရင် ကမ္မဘဝဆိုတာလာပါလိမ့်မယ်၊ ကမ္မဘဝ ရောက်ရင်တော့ ဇာတိ, ဇရာ, မရဏ ပဋိစ္စသမုပ္ပါဒ် ဆက်သွားပြီ၊ သေသည်၏အခြားမဲ့မှာ ဒုက္ခဇာတိ၊ ဒုက္ခခန္ဓာကြီး ပြန်ရတော့မယ်၊ သံသရာလည်မယ်ဆိုတာ သိကြပါ။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာလည်း ပဋိစ္စသမုပ္ပါဒ်အစဉ် အတန်းသွားရင်မိစ္ဆာပဋိပဒါမကောင်းသော အကျင့်ကျင့်နေခြင်း ဖြစ်တယ်၊ ဝိပဿနာအလုပ်လုပ်နေသော သူသည် သမ္မာပဋိပဒါ ကောင်းသော အကျင့်ကို ကျင့်နေခြင်းဖြစ်တယ်လို့ ဟောတော် မူပါတယ်။

ဒါ့ကြောင့် ဝိပဿနာအလုပ် (ဝါ) မဂ္ဂဗြဟ္မစရိယာအကျင့် ကို ကျင့်နေသူသည် ခန္ဓာနှင့်ခန္ဓာဖြစ်ကြောင်း မဆက်မိအောင် လုပ်နေသူဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်မဆက်အောင်ပြတ်အောင် လုပ်သောမဂ္ဂင် အလုပ်ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုသော် ပဋိစ္စသမုပ္ပါဒ်ပုံစံကို ကြည့်ပါ။ (၂) အကွက်မှ (၃) အကွက် မကူးအောင် (အစပ်)ကို ဖြတ်သောအလုပ်၊ ပစ္စုပ္ပန်၊ အကျိုး အချင်းအရာငါးပါးအကွက်မှ အနာဂတ်အကြောင်းခြင်းရာငါးပါး သို့ မကူးအောင် လုပ်သောအလုပ် ဖြစ်ပါတယ်။

တနည်းအားဖြင့် ဝေဒနာပစ္စယာတဏှာမှ ဝေဒနာ ပစ္စယာ ပညာ ဖြစ်အောင်လုပ်သော အလုပ်(ဝါ) ဝေဒနာ နောက်က မဂ် သွင်းသောအလုပ် ဖြစ်ပါတယ်၊ ဝေဒနာနောက်က မဂ် မလိုက် ပါက (ဝါ) ဖြစ်ပျက်မရှုပါက ဝေဒနာနောက်က တဏှာလာပါ လိမ့်မယ်၊ တဏှာ လာရင် ဥပါဒါန်လည်း တန်းသွားပါမယ်။ ကံလည်း တန်းသွားပါတယ်။

ကံတန်းသွားရင် ပဋိစ္စသမုပ္ပါဒ်သဘောအတိုင်းဆက်သွား ပြီ၊ (သမုဒယနဲ့ဒုက္ခ) ချည်းသာပေါ်သော လမ်းကိုသာတွေ့ပါ

မယ်၊ သမုဒယနဲ့ဒုက္ခကိုသာအဖော်လုပ်ပါတော့မယ်၊ သံသရာ လယ်ပါတော့မယ်။

ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကို လိုက်မလား၊ သံသရာလည်မှုနဲ့ အပါယ်အရောက်ခံမလားလို့ မိမိတို့ကိုယ်ကို မိမိတို့စစ်ဆေး၍ ဆုံးဖြတ်ဖို့အရေးကြီးပါတယ်၊ မဂ္ဂင်လမ်းလိုက်ရင် (ဝါ) ဖြစ်ပျက် ဝိပဿနာကိုလုပ်ရင် မဂ္ဂင်ငါးပါးနဲ့ ဝေဒနာ မှ တဏှာမကူးအောင် ဝေဒနာ(ခံစားမှု) ကိုပဲ ဖြစ်ပျက်ရှုရှု၊ ဝေဒနာမပေါ်မီဖြစ်တဲ့ (ဝိညာဏ်) စိတ်ကိုပဲ ဖြစ်ပျက်ရှုရှု၊တစ်ခု မမိ တစ်ခုမိအောင် ရှုရပါမယ်။

ဝေဒနာကို ဖြစ်ပျက်မြင်အောင် ရှုရမယ်ဆိုတာ ဝေဒနာကို တမင်တကာလိုက်ပြီး ရှာနေရမှာလားလို့ မေးရင် မဟုတ်ဘူး၊ အာရုံနှင့်ဒွါရတိုက်ဆိုင်တိုင်း ခံစားမှု(ဝေဒနာ)တွေ ပေါ်နေပါတယ်။ မိမိသန္တာန်မှာ သုခမဟုတ်လျှင် ဒုက္ခ၊ ဒုက္ခ မဟုတ်လျှင် ဥပေက္ခာ၊ သောမနဿ၊ ဒေါမနဿစတဲ့ ဒွါရ ခြောက်ပါးမှာ ဝေဒနာတစ်ခုခု အမြဲပေါ်နေပါတယ်၊ တမင်လိုက် နေစရာမလို ပါဘူး၊ မိမိတို့ဉာဏ်မှာ၊ မိမိတို့ ဉာဏ်ရှေ့မှာ ဝေဒနာက ဖြစ်ပျက်, ဖြစ်ပျက်ပြီးပြနေပါတယ်။ စိတ်ကလည်း တစ်ခုပြီး တစ်ခု ဖြစ်ပျက်နေတာကို ပြနေပါတယ်။ စိတ်ရှုရင်လည်း အတူတူပဲ၊ ဝေဒနာရှုရင်လည်း အတူတူပါပဲ၊ ဝ[illegible]တို့ အရေးကြီးပါတယ်။

ဒီဖြစ်ပျက်မှာ အပျက်အနိစ္စမြင်အောင်ရှု၊ ဝေဒနာကိုကျော်ပြီး အနိစ္စမြင်အောင်ရှု၊ ဝေဒနာချည်း တွေ့နေသေးရင် အနိစ္စသဘော မပါသေးပါ။ အနိစ္စသဘောလက္ခဏာကို တွေ့မှသာ လမ်းမှန် ရောက်ပါမယ်။ "ဝေဒနာနိရောဓေါ တဏှာနိရောဓော" ဆိုတဲ့ အတွက် တဏှာနိရောဓေါဆိုတာက နိဗ္ဗာန်မြင်ပါတယ်။ မြတ်စွာဘုရားရှင်က "ဝေဒနာနံခယော ဉာဏ်ကွဲဝေနိဗ္ဗုတော"ဟူ၍ ဝေဒနာကုန်လျှင် နိဗ္ဗာန်မျက်မှောက် ပြုပါတယ်လို့ ဟောတော်မူပါတယ်။

## ပဋိစ္စသမုပ္ပါဒ်အစက စ၍လည်ပုံ

အဆင်း ရူပါရုံနဲ့ မျက်စိ နှစ်ပါး ပေါင်းဆုံတိုက်ဆိုင်မိလို့ ပေါ်လာတဲ့မြင်စိတ်ကလေးကိုမသိလိုက်လို့တွေဝေနေလို့ဝိပဿနာမရှုမိရင်၊ ထိုနည်းအတူ ကြားစိတ်ကိုလည်းပဲ၊ နံစိတ်ကိုလည်းပဲ၊ စားစိတ်ကိုလည်းပဲ၊ ဒေါသစိတ်ကိုလည်းပဲ၊ လောဘစိတ်ကိုလည်းပဲ၊ မောဟစိတ်ကိုလည်းပဲ၊ လှုပ်ချင်၊ တန်းချင်တဲ့စိတ်ကလေးကိုလည်းပဲ၊ မေတ္တာပို့ချင်တဲ့ စိတ်ကလေးကိုလည်းပဲ၊ ဣဿာမစ္ဆရိယ စိတ်ကလေးကိုလည်းပဲ၊ ဘယ်လိုစိတ်ပဲလာလာ၊ စိတ်ပဲလို့ မသိလိုက်ပဲ၊ အဝိဇ္ဇာဖြစ်နေလို့၊ နေရိုးနေစဉ်အတိုင်းနေလို့ ဖြစ်၊ပျက် မရှုမိရင် ပဋိစ္စသမုပ္ပါဒ်က (အဝိဇ္ဇာ) မသိမှု ကစ ၍ လည်ပါတယ်။

(အဝိဇ္ဇာ) နဲ့ဆိုရင် ပဋိစ္စသမုပ္ပါဒ် အစကစပြီး လည်ပါတယ်၊ (အဝိဇ္ဇာ) မသိမှုနဲ့နေတော့ ပြုချင်ရာပြုပါတယ်၊

(သင်္ခါရ) ဆိုတဲ့ ပြုလုပ်မှုလုပ်တော့ "အဝိဇ္ဇာပစ္စယာသင်္ခါရာ" ဖြစ်ပါတယ်။

သင်္ခါရပစ္စယာ၊ဝိညာဏံ၊ဝိညာဏပစ္စယာ၊နာမရူပံ"ဆိုသော ကြောင့် ခန္ဓာငါးပါးရပါတယ်။ ခန္ဓာငါးပါးမှဝေဒနာခံစားမှုသည် ဝေဒနာပစ္စယာတဏှာသို့ကူးပါတယ်။ တဏှာမှ ဥပါဒါန်သို့ ကူးပါတယ်။ ဥပါဒါန်မှ ဘဝသို့ ကူးပါတယ်။ဘဝပစ္စယာဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အတိုင်းပဲအဝိဇ္ဇာကစပြီးလည်ပါတယ်။(အဝိဇ္ဇာ)ကစပြီးလည်ခြင်း သည် ပဋိစ္စသမုပ္ပါဒ် အစကစပြီး လည်ခြင်းဖြစ်ပါတယ်။

ဒါကြောင့်ဝိပဿနာအလုပ်မလုပ်တော့ပါဘူး၊ ဖြစ်ပျက်မရှု မိတော့ပါဘူး၊ မအားသေးလို့မလုပ်သေးဘူးဆိုရင်အဝိဇ္ဇာကစပါ တယ်၊ ပဋိစ္စသမုပ္ပါဒ်အစကလည်ခြင်းပင်ဖြစ်ပါတယ်။ မိစ္ဆာပဋိ ပဒါဖြစ်နေပါတယ်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရှစ်ပါး ကိုအခါခပ်သိမ်း အမြဲရနေခြင်း ဖြစ်ပါတယ်။

ရှစ်ပါးဆိုတာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တည်းဟူသော ပဋိစ္စ သမုပ္ပါဒ် အင်္ဂါရှစ်ပါးအမြဲရနေပါတယ်။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ရှစ်ပါးကို သစ္စာဖွဲ့ ပြန်သော် (ဒုက္ခသစ္စာနှင့်သမုဒယသစ္စာ) နှစ်ပါးသာရပါတယ်။ (သမုဒယ)ကမီး၊ (ခန္ဓာ) ကလောင်စာ၊ လောင်စာ နှင့် မီးတွဲလျှက်ကြီး ဖြစ်ပါတော့တယ်။

ပဋိစ္စသမုပ္ပါဒ်မသိလို့ (ဝါ)မိမိတို့ ခန္ဓာအစဉ်တန်းနေပုံ မသိမှု(အဝိဇ္ဇာ)နဲ့နေလာခဲ့လို့၊ ဒီခန္ဓာအစဉ်ကို ဝိပဿနာ မရှုရ သံသရာတစ်လျှောက်လုံးမှာ ဒီလောင်စာနဲ့ မီးနှင့်သော တွဲခဲ့ရ တယ်၊ မီးငြိမ်းလိုက်၊ လောင်စာထည့်ပေး လိုက်ချည်းသ ဖြစ်ခဲ့ရပါတယ်။ လောင်စာသိမ်းပြီးမီးငြိမ်းသည့် အလုပ်၊ အ ထုတ်ခဲ့ရသည့် အလုပ်ဘဝမှာ မပါခဲ့ပါ။ ယခုလိုရှင်း ပြလို အသိဉာဏ်ထိုက်တန်သလောက်ရသည့် ဘဝမှာ လောင်စာသိမ် ပြီး မီးငြိမ်းတဲ့အလုပ်ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့အလုပ် ခန္ဓာသံသရ ဖြတ်တဲ့အလုပ်၊ ကိလေသာ ငြိမ်းတဲ့ အလုပ်ကိုဖြင့် လုပ်ပါတော့ မယ်လို့ ဆုံးဖြတ်ချက် အကြီးအကျယ်ချလိုက်ကြဘို့လိုပါတယ်၊

## ပဋိစ္စသမုပ္ပါဒ်အဆုံးကနေပတ်ပုံ

မိမိရဲ့ရန်သူကိုပဲဖြစ်စေ၊မုန်းတီးသူတစ်ယောက်ကိုပဲဖြစ်စေ၊ သို့မဟုတ် အနိဋ္ဌာရုံတစ်ခုကိုပဲဖြစ်စေ၊ တွေ့လိုက်မြင်လိုက်တဲ့ အခါမှာ ငါသည် ဒီလူ့မျက်နှာကြည့်ကို မကြည့်ချင်ဘူး၊ မြင်ကို မမြင်ချင်ဘူး၊ သူ့အသံလည်း မကြားချင်ဘူးဆိုတဲ့ "သောက၊ ဒေါသ၊ ဒေါမနဿတွေ ဖြစ်ပွါး ပေါ်ပေါက်နေတတ်ပါတယ်။

ဒီဒေါသ၊ ဒေါမနဿ ပေါ်ပေါက်ခြင်းကို ပဋိစ္စသမုပ္ပါဒ် ပါဠိ ကိုရွတ်ကြည့်ပါ။ "သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသာသမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုသောကြောင့် သောကပရိဒေဝ ထဲမှာ

အဝိဇ္ဇာမပါဘူး လားမေးလျှင် ပါလျက်နေသောကြောင့် ဒေါသ တရားသည်၊ ဒေါမနဿ ဥပါယာသဖြစ်လို့ ပဋိစ္စသမုပ္ပါဒ်အဆုံး ကနေ အဝိဇ္ဇာကြောင့်အဆုံးကနေပြန်ပါတ်ပါတယ်။ ထို့ကြောင့် ဣဋ္ဌာ ရုံကိုမြင်မြင်၊ အနိဋ္ဌာရုံကိုပဲမြင်မြင် ဝိပဿနာ မရှုခဲ့သော်၊ ဖြစ် ပျက်မရှုမိခဲ့သော် ပဋိစ္စသမုပ္ပါဒ်အစကရင်လည်းပါတ်မယ်၊ အဆုံးကရင်လည်း ပြန်၍ပါတ်မယ်၊ အလယ်ကလျှင်လည်း ဖောက်၍ စမည်သာဖြစ်ပါတယ်။ ဒီလိုပဋိစ္စသမုပ္ပါဒ်လည်နေပုံ ကို နားမလည်ပဲ ဝိပဿနာရှုနေရင် ခန္ဓာဆက်နေမှန်းလည်း မသိ၊ အခါ ခပ်သိမ်းဒိဋ္ဌိ တန်းလန်းနဲ့ဖြစ်နေလို့ ဒိဋ္ဌိကို အသိနဲ့ မပယ်ထားနိုင်တော့ ဗလဝအားကြီးတဲ့ ဝိပဿနာမဖြစ်တော့ပါ။

## ဝိပဿနာမရှုလျှင် ပဋိစ္စသမုပ္ပါဒ်အမြဲလှည့်နေပုံ

အိပ်ပျော်ချိန်(ဘဝင်စိတ်)မှလွဲလို့ ဣဋ္ဌာရုံကို တွေ့ရသည် ဖြစ်စေ၊ အနိဋ္ဌာရုံကို တွေ့ရသည်ပဲဖြစ်စေ၊ ခန္ဓာပဋိစ္စသမုဒ်ပ္ပါဒ် သည် ဒေါသနှင့်သော်လည်းကောင်း၊ လောဘနှင့်သော်လည်း ကောင်း၊ မောဟနှင့်သော်လည်းကောင်း (အဝိဇ္ဇာ၊ တဏှာ) နဲ့ အမြဲလှည့်လည်လျက် သာရှိနေပါတယ်။

လောဘ၊ဒေါသ၊မောဟနှင့်လှည့်လည်သည့်အခါ အကုသိုလ် တရားတွေဖြစ်ပေါ်ပါတယ်။ အကုသိုလ်တရားတွေ ဖြစ်ပေါ်ခြင်း သည် (အပုညာဘိ သင်္ခါရ) တွေ ပြုလုပ်နေခြင်းဖြစ်ပါတယ်။

မိသားစုနဲ့ သာယာနေသည့်အခါ လောဘတဏှာတွေဖြစ်ပေါ်နေလို့ ပဋိစ္စသမုပ္ပါဒ်လည်နေပါတယ်။ မိသားစုနဲ့အဆင်မပြေလို့၊ ဤသားသမီးတွေ အသုံးအစွဲကကြီး၊ ပညာကောင်းကောင်း မသင်ကြ၊ ဘယ်နေရာမှာဖြစ်ဖြစ် အားမကိုးကြရဘူး။ စီးပွားရေးကလည်း အဆင်မပြေဘူးဆိုပြီး ဒေါသဖြစ်ပေါ်နေရင် ပဋိစ္စသမုပ္ပါဒ်အဆုံးကလည့်ပါတယ်။

ဒီလိုအကုသိုလ် (အပုညာဘိသင်္ခါရ) ပြုလုပ်နေတဲ့အခါတိုင်းမှာပဋိစ္စသမုပ္ပါဒ် အမြဲလည်နေပါတယ်။ မသိလို့ အမှုမဲ့၊ အမှတ်မဲ့ လုပ်မိတဲ့ အခါတိုင်းမှာလည်း မောဟ (အဝိဇ္ဇာ) ပေါ်လို့ ပဋိစ္စသမုပ္ပါဒ် အမြဲလည်နေပါတယ်။ နေ့ရင်း ထိုင်ရင်း ပဋိစ္စသမုပ္ပါဒ်က အမြဲ လည်နေပါတယ် ဆိုတာသိထားကြဖို့ပါပဲ။

နောင်ဘဝခါကောင်းစားအောင်ဆိုပြီး ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုမှာ တဏှာဒိဋ္ဌိ ဦးစီးနေရင် ပဋိစ္စသမုပ္ပါဒ်လည်နေပါတယ်။ (ဒိဋ္ဌိ)သည် အကုသိုလ်ဖြစ်ပါတယ်၊ ဒါကြောင့်ကုသိုလ်နဲ့ တဏှာ မရောပါစေနဲ့၊ ကုသိုလ်နဲ့ ဒိဋ္ဌိ နှင့်မရောပါစေနဲ့ အဝိဇ္ဇာဦးမစီးပါစေနဲ့(ဒါန)နောက်က(အသိ)မလိုက်ရင်၊ အကျိုးပေးမရွေးချယ် တတ်တဲ့ဝဋ္ဋဒါနဖြစ်ပြီး သံသရာလည်မယ်၊ ပုညာဘိသင်္ခါရသာ ဖြစ်ပါမယ်။

ဒါနကကုသိုလ်ဖြစ်ပါတယ်၊ တကယ့်အကျိုး ပေးပါတယ်။ ဒါနကသံသရာ ရှည်တာမဟုတ်ပါ၊ ဒါနနောက်ကအသိမလိုက်

တော့ အဝိဇ္ဇာမချုပ်၊ အဝိဇ္ဇာမချုပ်တော့ နိဗ္ဗာန်မရပဲ သံသရာ ရှည်တာပါပဲလို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး ဆုံးမတော်မူပါတယ်။

## ပဋိစ္စသမုပ္ပါဒ် အဝိုင်းပြေးပုံ

ခန္ဓာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အိုမှု၊ သေမှု ပါပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရားကိုသိလို့ခန္ဓာကိုလုပ်သောလက်သည်တရားခံသည်(အဝိဇ္ဇာ၊တဏှာ)ဖြစ်ကြောင်းသိပြီးကြပါပြီ၊အဝိဇ္ဇာကခန္ဓာ ဖြစ်ကြောင်း မသိလိုက်ရင်၊ တဏှာနဲ့ အကြောင်းပြုနေရင် လှည်းပဒေါင်းဝင်ရိုးလို ဖြစ်တဲ့ (အဝိဇ္ဇာ၊ တဏှာ) က ပဋိစ္စ သမုပ္ပါဒ် အဝိုင်းပြေး ပြေးပါတယ်။ တဏှာဖြစ်သောအကြောင်း တရားကို သတ်ပြီး တဏှာနေရာမှာ မဂ်သွင်းပြီး (မဂ္ဂနဲ့နိရောဓ) သစ္စာ နှစ်ပါးကို မိမိတို့သန္တာန်မှာ အမြဲ ရရှိကြအောင် မဂ္ဂဗြဟ္မစရိယာ အလုပ်(ဝါ) မဂ္ဂင် အလုပ်လုပ်၍ နိဗ္ဗာန်မြင် အောင် ဝိပဿနာ တရားကို အားထုတ်ကြမှ သံသရာပြတ်မှာ ဖြစ်ပါတယ်။

## ပဋိစ္စသမုပ္ပါဒ်တရားသိခြင်းအကျိုး

ပဋိစ္စသမုပ္ပါဒ်တရားကို သိနားလည်ရင် ယခု ပစ္စုပ္ပန်ကာလ မှာပဲထူးကဲသောအကျိုးတရားများ၊အသိတရားများနဲ့ပြည့်စုံမှုကို ရရှိကြမယ်ဖြစ်ပါတယ်။ လောကမှာအသိတရားရှိဘို့ သိပ်အရေး ကြီးသလိုပါပဲ ၊ လောကုတ္တရာ နိဗ္ဗာန်ရောက် ကြောင်းမှာလည်း

အသိတရား၊ ဒိဋ္ဌိနွာတရား (ဉာတပရိညာ) ညာဏ်သိ၊ အသိမှန် တရားရဘို့၊ အမှန်သိဘို့၊ အလွန်အရေးကြီးပါတယ်၊ အညာသိ ကော်ဖြာမှောသော၊ အရင်ကော်ဖြာမှောသည် (သစ္စာ)အမှန် သိသွားသ လိုပါပဲ။ ခန္ဓာဖြစ်စဉ် (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားကို သိရင်ရရှိ မယ့် အကျိုးတရား များကတော့

(၁) ပဋိစ္စသမုပ္ပါဒ်တရားကို သိရှိပါက ဖြစ်ပျက်မြင်လွယ်ပါပြီ အဖြစ်ကိုလည်း မြင်ပါတယ်၊ အပျက်ကိုလည်း မြင်ပါ တယ်၊ အဖြစ်မြင်တဲ့ အကွက် ဘဝပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒ ဒိဋ္ဌိကို အသိနှင့်စင် ကြယ်စေပါတယ်။ ဓမ္မသဘောတွေ တစ်ခုပြီး တစ်ခုအစဉ် အတိုင်းဖြစ်ပေါ်ပြီး ပျက်စီးသွား သည်၊ တစ်ဖန်ဖြစ်ပေါ်ပြီး ပျက်နေတာကိုသိတဲ့အတွက် ခိုင်တယ်၊ မြဲတယ်လို့ လို့ယူခဲ့တဲ့သဿတဒိဋ္ဌိကိုအသိနှင့် စင်ကြယ်စေပါတယ်။အသိမှန်တရားကိုရစေပါတယ်။

(၂) ဓမ္မသဘောတွေသည် အကြောင်းကြောင့် ပေါ်သောအကျိုး တရားများသာဖြစ်တယ်လို့သိမြင်ပြီး ဓမ္မသဘောတွေသာ ဖြစ်ပေါ်ပြီး ချုပ်ပျောက်နေခြင်း ဖြစ်တယ်၊ ထိုသို့သောအ ကြောင်းတရားကြောင့် အကျိုးတရားတို့ပေါ်တဲ့ ဓမ္မအပေါ် မှာပုဂ္ဂိုလ်သတ္တဝါ၊ငါ၊သူယောကျ်ား၊မိန်းမပာ၍မဟုတ်ပါ လားလို့ အသိနှင့်ရှင်းသွားလို့ သက္ကာယဒိဋ္ဌိကို အသိနှင့် စင် ကြယ်စေပါတယ်။ အသိမှန်မှု တရားရပါတယ်၊ ဒိဋ္ဌိ သုံးပါးကို အသိနဲ့ပြုတ်လို့ နလုံးသွင်းမှန်ပါပြီ၊ အမြင်မှန်

ရပါပြီ၊ သမ္မာဒိဋ္ဌိဖြစ်စေသော သစ္စာသိစေသော အကျိုးတရားများကိုကို ရရှိစေပါတယ်။

(၃) စိတ်တစ်ခု ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်ပေါ်မှာ နာမ်ပေါ်တဲ့ သဘောကိုသိလို့၊ ရုပ်နာမ်ကို အထူးခွဲနေစရာမလိုပဲ ရုပ်နာမ်ကို ကွဲပြားစွာသိလို့ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပါတယ်။

(၄) ရုပ်နာမ်တွေသည် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်တယ်ဆိုတဲ့ ရုပ်နာမ်ရဲ့အကြောင်းအကျိုးဖြစ်တာသိတဲ့အတွက် (ပစ္စယပရိဂ္ဂဟဉာဏ်)လို့ခေါ်တဲ့ ရုပ်နာမ်တို့၏အကြောင်းအကျိုးကို သိမ်းဆည်းသောဉာဏ်ကို ရရှိပါတယ်။

(၅) အဝိဇ္ဇာသင်္ခါရ တည်းဟူသော အကြောင်းခံကြောင့်နာမ်၊ ရုပ် (ဝါ) ခန္ဓာငါးပါးဖြစ်ပွား ပေါ်ပေါက်သည်ကို သိကြား၊ ပြဟ္မာဖန်ဆင်းတာမဟုတ်ဟု သိရတဲ့အတွက် တန်ခိုးကြီးရှင် တစ်ဦးဦးက ဖန်ဆင်းတယ်လို့ ယူဆတဲ့ဣဿရ နိမ္မာနဒိဋ္ဌိ၊ အကျိုးတရားတစ်စုံတစ်ရာမရှိဟု ယူဆတဲ့အကိရိယဒိဋ္ဌိ၊ အကြောင်းတရားမရှိဟု ယူဆတဲ့ အဟေတုကဒိဋ္ဌိတို့ကို စင်ကြယ်စေပါတယ်။

(၆) ပဋိစ္စသမုပ္ပါဒ် တရားသဘောသည် အကြောင်းနဲ့အကျိုးတွေသာ ဆက်ပြီးဖြစ်လိုက်၊ ပျက်လိုက်၊ မပြတ်မစဲ တသဲသဲ၊ တရစပ်ဖြစ်ပျက်နေသော သဘောကြောင့် ဒုက္ခ

သစ္စာ၊ ဒုက္ခတရား အစစ်ပင်တည်း၊ ဒုက္ခအစုကြီးပဲလို့ (ဒုက္ခသစ္စာ)ကို ဉာဏ်နဲ့မြင်လာပါတယ်။ ဒုက္ခထဲက ဒုက္ခ ဖြစ်ကြောင်း သမုဒယတွေ လုပ်လိုက်၊ ဒုက္ခ ဖြစ်လိုက် (တဏှာ၊ ဥပါဒါန်၊ဘဝ) ဒုက္ခဖြစ်ကြောင်း သမုဒယ လုပ်တဲ့ (သမုဒယသစ္စာ)ကိုလည်းမြင်လာပါတယ်။ ဒုက္ခ၊ သမုဒယတွေသိလို့ ဒုက္ခငြိမ်းလိုတဲ့ (နိရောဓသစ္စာ) နဲ့ (မဂ္ဂသစ္စာ)၊ ဝိပဿနာ အလုပ်အမှန်ကိုလည်းသိလို့ သစ္စာ (၄)ပါးနဲ့ အလုပ်မှန်တရားကို သိမြင်လာတဲ့သံသရာ လွတ်ကြောင်း အကျိုးတရားကြီးကိုလည်း ရရှိပါတယ်။

အထက်ပါတို့ကို တဒင်္ဂပဟာန်ဖြင့် သိသွားရင် တစ်ဘဝ အပါယ်မလားတော့ပါ၊ အထူးသဖြင့် ဝိပဿနာယောဂီအလုပ်သမားများအဖို့ဆိုရင် ပဋိစ္စသမုပ္ပါဒ်နားလည်ပြီးမှ အသိဉာဏ်တရားရပြီးမှ၊ နှလုံးသွင်းမှန်ပြီးမှ ဝိပဿနာတရား အားထုတ်ပါလျှင် မိမိတို့သဒ္ဓါ၊ ပညာ၊ ဝီရိယ အလိုက်သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အထိ ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လည်းဆိုရင် "ယောပဋိစ္စသမုပ္ပါဒံပဿတိသောဓမ္မံပဿတိ" ဟု မူလပဏ္ဏာသပါဠိတော်မှာမြတ်စွာဘုရားဟောကြားခဲ့တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်ကိုသိရင် တရားကိုသိသည်မည်၏ ဖြစ်လို့ပဋိစ္စသမုပ္ပါဒ်တရားတော်ကို မိမိတို့သဘောထဲမှာ မိမိရရသိနားလည်သည့် အထိ နှလုံးသွင်းမှန်သည့်အထိ သမ္မာဒိဋ္ဌိဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းရပါတယ်။

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသောပဋိစ္စသမုပ္ပါဒ်တရားတော်

ဒကာ, ဒကာမတို့၊ ဒီကနေ့ ပဋိစ္စ သမုပ္ပါဒ်တရားတော်ကို ရှင်းလင်းပြောပြမယ်၊ စူးစူးစိုက်စိုက်သတိထားပြီး ကြိုးစားနာယူကြ၊ ဒကာ,ဒကာမတို့ ဘုရားဖြစ်တော်မူ တာဟာ ပဋိစ္စ သမုပ္ပါဒ်ပြတ်သွားတာပဲ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး အလုံးစုံသော ဝဋ်က ကျွတ်လွတ်သွားလို့ ဘုရားဖြစ်တာပဲ၊ ဘုရားဟာ ပဋိစ္စ သမုပ္ပါဒ် ဝဋ်အဆင့်ဆင့် ပြတ်ပြီး သောတာပန် ကစ ပြ[illegible]ဘ်မူ ရတာပဲ၊ ဘုရားလည်း သောတာပန်ကစပြီး ဆိုင်ရာ ပဋိစ္စ သမုပ္ပါဒ် ပြတ်တော်မူရပါတယ်။

ဒကာ,ဒကာမတွေလည်း သောတာပန်ဖြစ်ချင်ရင် ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ပြတ်ကြရမယ်၊ ပြတ်တော့ဘယ် ပဋိစ္စသမုပ္ပါဒ်ကို ပြတ်ရမလဲ၊ ဒကာတို့ လက်ရှိ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်ရမှာပဲလို့ မှတ်ကြ၊ ဒီခန္ဓာက ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီး၊ ဘဝ အဆက်ဆက် မပြတ် လည်နေတဲ့ ခန္ဓာကြီးပဲ။

ဒီဘဝက စုတိပြီးဟိုဘဝ ပဋိသန္ဓေဆက်နေတယ်၊ အဲဒါ ဟာပဋိစ္စသမုပ္ပါဒ်ပဲ၊ကံအကြောင်းနဲ့အကျိုးပေးဆက်တာလည်း ပဋိစ္စသမုပ္ပါဒ်ပဲ၊ အကြောင်းနဲ့အကျိုးပြတ်ရင် ပဋိစ္စ သမုပ္ပါဒ် ပြတ်တာပဲ။

ခန္ဓာပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ပဲဆိုတာမှတ်ကြ၊ နိဗ္ဗာန်လိုချင်ရင် ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်ရမှာ၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပြတ်မှ အနုပါဒိသေသနိဗ္ဗာန်ရကြမယ်။

ဒီတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ အရေးဟာ နိဗ္ဗာန်ရဖို့ အရေးပဲဆိုတာ မှတ်ကြ။ ဒကာ,ဒကာမတွေ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့နည်းကို မသိကြဘူး။ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်နည်းမသိတာက ဘာကြောင့်လည်း "အဝိဇ္ဇာ"ကြောင့်ပဲလို့ မှတ်လိုက်ကြ၊ ဒီ "အဝိဇ္ဇာ" လက်ချက်ဆိုးဝါးပုံ အဓိပ္ပါယ်ကို ဆက်ပြီးပြောပြမယ်၊ ဒကာ, ဒကာမတွေ ဘာကြောင့်လူဖြစ်လာရတာလဲ။အမိအဖသည် သားသမီးဖြစ်ကြောင်းလို့ယူရင် အလုံးစုံ မမှန်နိုင်ဘူး တစ်စိတ်တစ်ဒေသသာ မှန်တယ်၊ အကုန်မမှန်ဘူး လို့မှတ်ကြ။

အမိအဖကြောင့် ယူတဲ့အယူက မန့်စပ်ဘူး၊ ဟိန္ဒူဗြဟ္မဏစတဲ့ တစ်ခြားအယူတွေကလည်း မလုံလောက်ဘူး၊ သံသယ ရှိစရာတွေ့ရတယ်၊ ရှေးက ဒီသံသယနဲ့ပဲ သေသွားခဲ့ကြရတယ်၊ ဒီသံသယနဲ့ပဲ သံသရာရှည်ခဲ့ကြရတယ်။

ဘုရားကလည်း မပွင့်သေးတော့ ဒီသံသယဖျောက်ပေးနိုင်သူ မတွေ့ခဲ့ရဘူး၊ "ငါသည် ဘယ်လိုဟာလဲ" "ငါဟာ ဘယ်လို ငါပါလိမ့်" စတဲ့ ဒိဋ္ဌိဝင်လာတယ်၊ ဒိဋ္ဌိဝင်တော့ ဝိစိကိစ္ဆာလည်း ဝင်လာတော့တာပဲ၊ ဘုရားမပွင့်တဲ့ အခါ ဘယ်သူကမှ ဒိဋ္ဌိဖျောက် မပေးနိုင်ဘူးဆိုတာ မှတ်လိုက်ကြ။

ဒီနာမ်တွေ ရုပ်တွေဟာ ငါပဲဆိုပြီး ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်တာဟာ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပဲ၊ နားမလည်လို့ဝင်လာရင် အပါယ်သွားကြပဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ပဲ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေရင် အပါယ်သွားကြရမယ် ဆိုတာ မှတ်လိုက်ကြ။

သတ္တဝါတွေ အပါယ်သွားများတာဟာဒီခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့သေရတာကိုး၊ ဒါကြောင့် အပါယ်သွားလမ်းပိတ်မှုအတွက် ပဋိစ္စသမုပ္ပါဒ်ကိုနားလည် အောင်ဟောရ ပြောရတာ ဆိုတာ ဆုံးဖြတ်ချက်ချကြ။

ခင်ဗျားကို့ အခုလက်ရှိခန္ဓာကို ဘယ်သူက တည်ထောင်တာတုန်း။ ပုဂ္ဂိုလ်၊ သတ္တဝါက တည်ထောင်တာမဟုတ်ဘူး၊ ဓမ္မက တည်ထောင်တာပဲ၊ ဘယ်တုန်းကလဲ၊ အတိတ်တုန်းကပဲ၊ ဘယ်ဓမ္မတွေကလဲ "အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ" ဆို တဲ့ ဒီဓမ္မတွေ တည်ထောင်လိုက်တာပဲ။

ဒီအတိတ်အကြောင်းအချင်းအရာ ငါးပါးဟာ လူ့ခန္ဓာ ဖြစ်စေတဲ့ အကြောင်းတရားငါးပါးပဲ၊ ဒီငါးပါးက ဘယ်ဟာလဲ၊ "အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝ" ဒီငါးပါးပဲ။ မှတ်မိအောင်မှတ်ကြ၊ ဒကာတို့တတွေအတိတ်ကဘာတွေလုပ်ခဲ့သလဲ၊ အတိတ်အကြောင်းအချင်းအရာ ဒီငါးမျိုးတည်ထောင်ခဲ့လို့ ခန္ဓာရလာကြတယ်။

"အဝိဇ္ဇာ" ဆိုတာဘာလဲ၊ အဝိဇ္ဇာဆိုတာ မသိတာ၊သစ္စာလေးပါးမသိတဲ့တရားဟာ အဝိဇ္ဇာပဲလို့ မှတ်ထားကြ၊ သူက

ခေါင်းခေါင်းနေတယ်၊နောက်ဘဝက သစ္စာမသိတဲ့အလွန်မိုက်မဲတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ကိန်းနေတယ်၊ သူကရှိနေတာနဲ့ သင်္ခါရ က ပြုပြင်တယ်။ လူ့ပြည်ရချင်လို့ သင်္ခါရကပြုပြင်လို့ ရလာခဲ့တယ်။

ဒီ "သင်္ခါရ" ဆိုတာ စေတနာပဲ၊ဒကာတို့တစ်တွေ၊ သင်္ကန်း ဆွမ်း၊ ကွမ်း စတဲ့ ဒါနဝတ္ထုတွေ လှူဒါန်းပြီးနောက် လူ့ဘဝချမ်းသာဖြစ်ရပါလို၏၊ရ,ရပါလို၏နဲ့ ဆိုပြီးဆုတောင်းခဲ့ကြတယ်၊ လှူဒါန်းတာက စေတနာ၊ ကုသိုလ်ပြုတာက သင်္ခါရ၊ တဏှာနဲ့ ဆုတောင်းယူခဲ့ကြတယ်။

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ကုသိုလ်ပြုတာ၊ တဏှာနဲ့ဆုတောင်း မရမနေနိုင်ဘူးဆိုတော့ ဥပါဒါန်က လည်းတစ်ပါတည်း စွဲလန်းလိုက်တော့တာပဲ၊နောက်ပြီးကာယကံနဲ့ရှိခိုး၊ ဝစီကံနဲ့ဆုတောင်းကြဆိုတော့ ကံနဲ့ပြုပြင်လိုက်တာကိုး၊ အဲဒီတော့ ဘဝဆိုတဲ့ ကမ္မဘဝရတာပဲလို့မှတ်ကြ၊ ကုသိုလ်တရားဟာ နိဗ္ဗာန်ကိုလည်းပေးနိုင်တယ်၊ လူနတ်ချမ်းသာကိုလည်း ပေးနိုင်တယ်။

အဝိဇ္ဇာက လူ၊ နတ်ခန္ဓာဟာ ဒုက္ခသစ္စာပဲလို့ မသိဘူး၊ ဒီသစ္စာမသိတဲ့ အဝိဇ္ဇာရဲ့အအုပ်အချုပ်ခံနေရလို့ပဲ မှတ်လိုက်ကြ၊ ဒီတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြစ်လာတော့တာပဲ၊ အဝိဇ္ဇာ ကမသိတာ၊ သင်္ခါရက အုပ်ချုပ်ခံရတာ၊ တဏှာက မပြည့် ပြည့်အောင် တောင်းယူတာ၊ ဥပါဒါန်က စွဲလန်းတာ၊ ကာယကံ

ဝီရိယကံမှုတွေပြုလုပ်ပြောဆိုပြီးဆုတောင်း၊အဲဒါအတိတ်အကြောင်း အချင်းအရာငါးပါးပဲ။

ဒကာ, ဒကာမတွေ စက်ဝိုင်းပြန်ကြည့်၊ စက်ဝိုင်းရဲ့ လက်ယာဘက်ထိပ် (၁) နံပါတ်အကွက်က အတိတ်အကြောင်း အချင်းအရာငါးပါး၊ ဒီငါးပါးက လွန်ခဲ့တဲ့ အတိတ်ဘဝက ဖြစ်ခဲ့ တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဖြစ်တယ်။

အဲဒီ (၁)နံပါတ်အကွက် အောက်ဆုံးမှာကြည့်ကြ၊ ဘာတဲ့ လဲ၊ သမုဒယသစ္စာတဲ့၊ ဒီအကွက်ထဲက "အတိတ် အကြောင်း အချင်းအရာငါးခုက သမုဒယသစ္စာပဲလို့ မှတ်လိုက်ကြ"။

"သမုဒယဆိုတာက အကြောင်း၊ သစ္စာကမှန်တာ၊ ပေါင်းလိုက်တော့ အကြောင်းမှန်ကို လုပ်ထားခဲ့လို့တဲ့" ဘယ်တုန်းကလဲဆိုတော့ လွန်လေပြီးသော အတိတ်ကာလကပဲ၊ အတိတ်က အကြောင်းမှန် လုပ်ထားခဲ့လို့ပဲတဲ့။

ဒါကြောင့် ဒီ (၁)နံပါတ်အကွက်ထဲက ဒီငါးခုကိုအတိတ် အကြောင်းတစ်လွှာလို့မှတ်လိုက်ကြ၊ ဒါကပထမအလွှာ၊အတိတ် အကြောင်းတစ်လွှာသမုဒယသစ္စာလို့ခေါ်တယ်။ နိဗ္ဗာန်ရောက်ဖို့ ရဖို့ရာ မသိလို့၊ မသိတာနဲ့ သမုဒယသစ္စာသွားဖြစ် ရတာပဲ။

နောက်က သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ် သင်္ခါရပြုလုပ်ကြပြီး၊ တဏှာနဲ့ဆုတောင်း ဥပါဒါန်နဲ့စွဲလန်း ကာယကံ ဝစီကံနဲ့ပြုလုပ်ဆုတောင်း အားထုတ်လိုက်တော့ ယခု လက်ရှိ ခန္ဓာဒုက္ခသစ္စာကြီး ရထားကြပြီ။

သမုဒယတွေလုပ်နေရင် နောင်အခါအကျိုးပေးက ဒုက္ခပဲ ရကြမယ် **"သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာကအကျိုး၊" သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဒီလေးခုကိုအဝိဇ္ဇာကအုပ်ချုပ်ထားတာမို့ ဒါတွေဟာ ကံကောင်းမဟုတ်ဘူး၊ ကံဆိုးတွေပဲ။**

အဝိဇ္ဇာဆိုတော့ နောက်ဆက်ပြီး သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ ဒီငါးခုက သမုဒယသစ္စာတွေပဲ၊ ထပ်တလဲလဲ ကြိုးစားနေကြတယ်၊ မြင်ကြရဲ့လား၊ (၁) ငါးခုလုပ်ရင် (၂) ငါးခု ကို ရမယ်၊ သဘောက (၁) ငါးခုလုပ်ရင် (၂) ငါးခုနဲ့သွားဆက်ရမယ်၊ (၁) ငါးခုနဲ့ ဆက်နေတာကဘာတွေလဲ၊ ပြန်ကြည့်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ဒုက္ခသစ္စာ ခန္ဓာငါးပါးပဲ။

ဒီငါးခုက ဘယ်က လာတာလဲ၊ ဘာကြောင့် ရသလဲ၊ အတိတ်အကြောင်းငါးခု လုပ်မိတဲ့အတွက်ရတာပဲ၊ ဒကာတို့တစ်တွေအခုဘယ်မှာရောက်နေသလဲဆိုရင် (၂)နံပါတ်အကွက်ထဲမှာပါ၊ (၂)အကွက်ထဲကပဲ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဲဒီထဲမှာရောက်နေကြတယ်။

(၁)နံပါတ်ထဲက ငါးခုက သမုဒယသစ္စာ၊ အကိုက်က ဖြစ်ခဲ့တာ၊အခုဒကာတို့ရနေတဲ့(၂)နံပါတ်ထဲကငါးခုကဒုက္ခသစ္စာ အခုပစ္စုပ္ပန်မှာ အဲဒါအလှာတစ်ခုပဲ၊ စက်ဝိုင်းအတွင်းဘက်မှာ ပြန်ကြည့် ရှင်းကြရဲ့လား၊ အခု ဒကာ, ဒကာမတွေ ဒုက္ခသစ္စာ

ကိုယ်ပိုင်ရထားကြပြီ၊ဘာကြောင့်လဲ၊အတွင်းကမြားကြီးလေးပြ တာ လိုက်ကြည့်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့"ကိလေသ ဝဋ် သုံးခု" နဲ့" သင်္ခါရကမ္မဘဝ" ဆိုတဲ့ ကမ္မဝဋ်ကနှစ်ခုလုပ် ထားမိလို့ပဲ။

အတိတ်က သမုဒယသစ္စာဆိုတဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ အကြောင်းငါးခု လုပ်မိတဲ့အတွက် အခု ပစ္စုပ္ပန်မှာ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီငါးခုရလာတာ၊ ဒီငါးခုခန္ဓာဖွဲ့ရင် ခန္ဓာငါးပါးပဲရတယ်၊ သစ္စာ ဖွဲ့တော့ ဒုက္ခသစ္စာပဲ၊ အခုရထားတဲ့ လူ့ခန္ဓာကြီးဟာ အတိတ်က သမုဒယလုပ်ခဲ့တဲ့ အကြောင်းများမှုကြောင့် အကျိုးများဒုက္ခသစ္စာ ရတာပဲလို့ မှတ်လိုက်ကြ၊

ဒကာ, ဒကာမတို့ အသက်ကြီးလေ ဒုက္ခများလေ၊ ပူစရာ ဆွေးစရာတွေ များလေပဲ၊ လူ့ဘဝ လူ့ခန္ဓာ ဒုက္ခသစ္စာဆိုတာ သဘောပေါက်ကြပြီလား၊ "လက်ရှိခန္ဓာကိုဘယ်သူမှဖန်ဆင်း တာမဟုတ်ဘူး၊ အတိတ်က အကြောင်းကြောင့် ယခု ပစ္စုပ္ပန် အကျိုးတရား ပေါ်လာတာပဲလို့ မှတ်လိုက်ကြ"။

ဒီပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို သဘောပေါက်မှကိုယ့်ခန္ဓာအရှိ သိနိုင်ကြမယ်၊ ဒကာ,ဒကာမတွေဟာ သံသရာက ဒီအတိုင်းမသိ မှုနဲ့လည်နေခဲ့ကြတာ၊ဒုက္ခကြောင့် သမုဒယဖြစ်လိုက်၊ဒီသမုဒယ ကြောင့် ဒုက္ခပြန်ဖြစ်လိုက်၊ ဒါ နှစ်ခုပဲ လည်နေကြတာ "မဂ်" မပါနိုင်ခဲ့ပါဘူး။

ကိုယ့်အကြောင်းကိုယ်သိမှ (၂)နံပါတ်ထဲက ကိုယ့်ပဋိစ္စ သမုပ္ပါဒ် ကိုယ်မသိတော့ (၃)နံပါတ်သမုဒယသစ္စာတွေ ထပ် ပွားမိတော့ စတုတ္ထ (၄)နံပါတ် ဒုက္ခသစ္စာရဦးမယ်။

(၁)နံပါတ်အတိတ်ဝိဇ္ဇာကြောင့်ယခုလက်ရှိ(၂)နံပါတ် ပစ္စုပ္ပန်ခန္ဓာရတယ်၊ ယခု ပစ္စုပ္ပန်ကနေပြီး အကြောင်းတရား ဖြစ်စေတဲ့ (၃)နံပါတ်လုပ်မိတဲ့ တဏှာကြောင့်လည်း နောက် ဘဝအနာဂတ် ခန္ဓာ(၄)ခုဖြစ်ဦးမယ်။

အတိတ်အဝိဇ္ဇာကြောင့်ပစ္စုပ္ပန်ခန္ဓာဖြစ်၊ပစ္စုပ္ပန်တဏှာ ကြောင့်အနာဂတ်ခန္ဓာဖြစ်၊ ဒီတော့"ပစ္စုပ္ပန်ခန္ဓာဖြစ်ခြင်းအ ကြောင်းမှာအဝိဇ္ဇာဦးစီးတယ်၊ အနာဂတ်ခန္ဓာဖြစ်ခြင်းအ ကြောင်းမှာ တဏှာ ဦးစီးတယ်" ရှင်းကြရဲ့လား၊ ဒါကြောင့်- ဒီနှစ်ခု (အဝိဇ္ဇာနဲ့တဏှာ)ကို မူလနှစ်ခုလို့ပြရတာပဲ၊ စက်ဝိုင်း အလည်မှာ ကြည့်ကြ။

စက်ဝိုင်းပြန်ကြည့်၊(၃)နံပါတ်အကွက်ကြည့်၊ကြည့်တော့ တဏှာကြောင့် (၄) နံပါတ် ခန္ဓာဒုက္ခသစ္စာပေါ်တယ်၊ မြင်ကြရဲ့ လား၊ ဒါကြောင့် အဝိဇ္ဇာ၊ တဏှာအလည်မှာ ပြထားတယ်၊ သူတို့နှစ်ခု က ရေသောက်မြစ်ပဲလို့မှတ်ကြ။

ဒီတော့ (အဝိဇ္ဇာတဏှာ) မချုပ်သရွေ့ ပစ္စုပ္ပန်ဒုက္ခခန္ဓာ အနာဂတ် ဒုက္ခသစ္စာပေါ်ဦးမှာပဲဆိုတာ ဆုံးဖြတ်ချက်ချကြ၊ ဒါငြိမ်းချင်ရင်ဒုက္ခချုပ်ချင်ရင် အကြောင်းကို သတ်ရမယ်၊အကျိုး

ကိုမသတ်ရဘူး၊ အကျိုးသတ်လို့မရဘူးဆိုတာမှတ်ကြ၊ "အခုဘဝ ဒုက္ခခန္ဓာလွတ်ချင်ရင် တဏှာချုပ်အောင် ဒီနှစ်ခု (အဝိဇ္ဇာ)နဲ့ (တဏှာ) ရေသောက်မြစ်ပြတ်အောင်(ဝိပဿနာ)လုပ်မှသာရမယ်လို့ မှတ်လိုက်ကြ။"

သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာလို့ ဘုရားဟောတော်မူတယ်၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပဲ၊ အတိတ်ဘဝ(၁)နံပါတ်က မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်၊ သင်္ခါရက ပြုလုပ်၊ တဏှာက တောင်းယူခဲ့လို့ ယခု(၂)နံပါတ် ဒုက္ခသစ္စာခန္ဓာငါးပါး ပေါ် လာတာပဲ၊ ယခုလက်ရှိ ရထားတာမှန်သမျှအားလုံး ဒုက္ခသစ္စာချည်းပဲ။

အဝိဇ္ဇာ၊ အတိတ်ခေါင်းဆောင်ကြီးမိပြီ မြင်ကြပြီနော်၊ ဒီအဝိဇ္ဇာ မချုပ်သမျှခန္ဓာမချုပ်ဘူး၊ ခန္ဓာမချုပ်သမျှ ဒုက္ခနဲ့တွဲ လျှက်အမြဲပဲ၊ အဝိဇ္ဇာ သမုဒယသစ္စာကြောင့်ဝိညာဏ်စတဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာတွေ ပေါ်လာတယ်။

"အဝိဇ္ဇာပစ္စယာသင်္ခါရာ" ဆိုတဲ့ နေရာမှာ သင်္ခါရက နှစ်မျိုးရှိတယ်၊ ကုသိုလ်သင်္ခါရက တစ်မျိုး၊ အကုသိုလ်သင်္ခါရက တစ်မျိုးလို့နှစ်မျိုးပဲ မှတ်ထား၊ သင်္ခါရသုံးမျိုးဆိုပေမယ့်နားလည်လွယ်အောင် ဒကာတို့အတွက် နှစ်မျိုးကို အရင်မှတ်ထားကြဦး။

"ကုသိုလ် သင်္ခါရက လူ၊ နတ်၊ ဗြဟ္မာ ခန္ဓာရမယ်၊ အကုသိုလ် သင်္ခါရက အပါယ်ခန္ဓာရမယ်" နှစ်ခုစလုံး ဒုက္ခသစ္စာချည်းပဲ၊ ဘုံဘဝကို လိုချင်လို့လုပ်တာ၊ အဝိဇ္ဇာပစ္စယာသင်္ခါရပဲ။

ဒါက နှစ်မျိုးရတယ်၊ (ကုသိုလ်) နဲ့ (အကုသိုလ်) အပါယ်သွားအောင် တစ်မျိုး၊ လူနတ်ရအောင်တစ်မျိုး ဒီနှစ်မျိုးလုံး ဘာရရ ဒုက္ခသစ္စာပဲ။

ယခုအခါမှာ ဒကာ,ဒကာမ တို့မှာ ဇာတိဒုက္ခဟာ ရခဲ့ပြီးပြီ၊ ဇရာ ဒုက္ခက ရဆဲရတုန်းပဲ၊ နောက် မရဏဒုက္ခက ကျန် သေးတယ်။

ဒကာဒကာမတို့မှာ လက်ရှိဒုက္ခအပြင် နောက်လာမယ့် ဒုက္ခတွေ ဗျာဓိ ဒုက္ခ၊ မရဏဒုက္ခ၊ သောက၊ ပရိဒေဝဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒုက္ခတွေ အများကြီး ကျန်နေသေးတယ်၊ဒီဒုက္ခ မျိုးစုံတွေ့ကြုံကြရမှာကလည်း ဒကာ, ဒကာမတို့မှာ မသိတဲ့ အဝိဇ္ဇာကြောင့် ကြုံကြရမှာလို့မှတ်ကြ၊ ဒီအဝိဇ္ဇာ မရှိရင် ကံတို့ သင်္ခါရတို့ ဆိုတာတွေလည်း မရှိတော့ဘူး။

သစ္စာမသိတော့ သင်္ခါရတွေ ပြန်အားသွတ်၊ အဲဒီတော့ သေသည်၏ အခြားမဲ့မှာ ဒီဘက် (၄)နံပါတ်အကွက် ဖြစ်တဲ့ အနာဂတ်ဒုက္ခသစ္စာကြီးပြန်ရတော့မယ်၊ ပြမှာသေချာတယ်၊ အခု ဟောနေတာဟာ (၂)ထဲမှာ ဟောနေတာ၊ ဒီထဲမှာ (၃)တရား မပါကြစေနဲ့၊ (၃)နံပါတ်အကြောင်းတရား (သမုဒယသစ္စာ) တွေမပွားမိကြစေနဲ့၊ (၂)က - (၃)မပေါက်ပွားကြစေနဲ့။

(၂) နဲ့ (၃)ကြားမှာ မြားကလေးကို ကြည့်ကြ၊ စပ်မှာက (၃)ထဲက အနာဂတ်အကျိုးအခြင်းအရာငါးပါးနဲ့စပ်မှာကို ဆိုလိုတာ၊အနာဂတ်အကျိုးတွေနဲ့စပ်သွားရင် ဒုက္ခသစ္စာပြန်ရကြမယ်။

အတိတ်အကြောင်း (၁)ကြောင့် ပစ္စုပ္ပန်အကျိုး (၂)ရ၊ ပစ္စုပ္ပန် အကြောင်း (၃)ကြောင့် အနာဂတ်အကျိုး (၄)ရတော့မယ်၊ ဒီတော့ တစ်ပတ်ပြန်ရတာပဲ၊ ၁,၂,၃,၄၊ ၁,၂,၃,၄၊ ချည်း သံသရာလည်နေကြရတယ်၊ သစ္စာဖွဲ့ရင် သမုဒယသစ္စာနဲ့ ဒုက္ခ သစ္စာနှစ်ပါးထဲမှာပဲ လည်နေကြရတယ်၊ (၁)သမုဒယကြောင့် (၂)ဒုက္ခဖြစ်၊(၂)ဒုက္ခထဲမှာ (၃)သမုဒယပြန်ဖြစ်၊ (၃)သမုဒယက နေ (၄)ဒုက္ခ ပြန်ဖြစ်ရနဲ့ ဒီလိုပဲ လည်နေကြရတာ၊ ဒီစက်ဝိုင်း မှာပါတဲ့အတိုင်းပဲ ဖြတ်လမ်းပါသေးရဲ့လား၊ ဖြတ်လမ်းကို မပါ တော့ဘူး။

ဘယ်လိုများကြံကြမတုန်း၊ ဖြတ်လမ်းရှာကြရမယ်၊ကိုယ့် အဖြစ်မှန်သိရရင်လွတ်လမ်းထွက်လမ်းရှာရမယ်၊ ဖြတ်ဖို့နည်းက ဖြတ်လမ်းပြန်ကြည့်လိုက်၊ပစ္စုပ္ပန်အကျိုးတစ်လွှာဆိုတဲ့(၂)နံပါတ် နဲ့ ပစ္စုပ္ပန်အကြောင်း တစ်လွှာဆိုတဲ့ (၃)အကွက်ဟာတစ်ခုနဲ့ တစ်ခုစပ်နေတယ်၊ မြှားလေးပြထားတာ ကြည့်လိုက် ဒီအစပ်က နေပြီး နောက်က "တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ" ဆိုတဲ့ဒီ(၃) မလာအောင် ဖြတ်ရမယ်။

(၃)နံပါတ်အကွက်ကို အလုပ်နဲ့ပြရမယ်။ အဲဒီမှာ ဘုရား ပွင့်မယ်ဆိုတာ မှတ်ကြ၊ (၂)နဲ့ (၃)အကူး ကြားထဲမှာ ဘုရားပွင့် မယ်၊(၂)နဲ့ (၃)အကူးမှာ သောတာပန်တည်ချင်ရင်အ[illegible]ီး မှတ်ယူကြ၊ (၂) ကနေပြီး ဒုက္ခချုပ်ရာ နိဗ္ဗာန်ကူးချင်ရင်ရတယ်၊

(၂) ထဲ က (၃) မပေါက်ပွားအောင် ဖြတ်ကြရမယ်၊ (၂)

ထဲက (၃) မပေါက်ပွားရင် ထွက်လမ်းပဲဆိုတာ မှတ်ကြတော့၊ ထွက်လမ်းရအောင် ဒီ(၂)ထဲကနေပြီး "ဉာဏ်" နဲ့ဖြတ်ရမယ်၊ ဖြတ်လို့ပြတ်ရင် (၃)ပစ္စုပ္ပန်အကြောင်းသမုဒယတွေ ချုပ်သွားမယ်၊ (၃)အကြောင်းသမုဒယချုပ်ရင် (၄) ထဲက အကျိုးဒုက္ခတွေ အကုန်သိမ်းတာပဲ၊ သိမ်းတာနဲ့ နိရောဓပေါ်တာနဲ့ တစ်ချက်ထဲပဲ၊ ရှင်းကြပြီလား။

ဒါကြောင့် (၃)အကွက်က တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ မလာအောင် "ဉာဏ်"နဲ့ ဖြတ်ရာမှာ ဝေဒနာကနေ တဏှာ မကူးအောင် လုပ်ရမယ်၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော ဆိုရင် ပြတ်ပြီ၊မဆက်ဘူး၊ ဒါကြောင့် ဝေဒနာနိရောဓော တဏှာ နိရောဓာ ဖြစ်အောင်လုပ်ကြရမယ်။

ဒါ့ကြောင့် ဝေဒနာကို ဖြစ်ပျက် ရှုရမယ်၊ဝေဒနာဖြစ်ပျက် မြင်ရင် တဏှာမလာဘူး၊ တဏှာချုပ်တယ်၊ ဝေဒနာကို ရှုတော့ ဝေဒနာဖြစ်ပျက်၊ နောက်က မဂ်ဝင်လာတယ်၊ တဏှာချုပ် ကရော၊ တဏှာချုပ်အောင်ရှုတော့ ဥပါဒါန်ချုပ်၊ ဘဝချုပ်၊ ဒါတွေချုပ်တော့ သမုဒယချုပ်သွားတော့တာပဲ။

ဒါကြောင့် ယခုပစ္စုပ္ပန်မှာ ဝေဒနာကို ဝိပဿနာရှုကြရမယ်၊ ရှုတော့ ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ၊ သုခဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လည်းရှုကြ၊ ဥပေက္ခာ ဝေဒနာလာလည်းရှုပြစ်၊ သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာ ဘာပေါ်ပေါ်၊ ပေါ်တိုင်း ပေါ်

တိုင်းဒကာတို့က ဖြစ်ပျက်ရှုပေးကြ၊ ရှုတော့ ဝေဒနာဖြစ်ပျက်လို့ ဉာဏ်နဲ့မြင်အောင် ရှုပေး။

ဒီလို ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုတော့ ဒီအဆက်ကလေးပြတ်သွားတယ်၊ဒီ(အဆက်)ကလေးရှိတဲ့(မြှား)လေးပေါ်ကို (မဂ်)က သွားကျတယ်၊ မဂ်က ဒီအဆက်ကလေးပေါ် ကျလိုက်တော့ ဝေဒနာနိရောဓောတိမဂ္ဂေါ"ဆိုတာ ဖြစ်လို့ ဒီနေရာမှာ မဂ်ဝင်လာတယ်။

ဝေဒနာနောက်က မဂ်ဝင်လာတော့ တဏှာ မဆက်နိုင်တော့ဘူး၊ မဂ်က ဖြတ်ချလိုက်တယ်၊ တဏှာမဆက်တော့ နဂိုအစပ်ကအပြတ်ဖြစ်သွားတာပေါ့၊အပြတ်ဖြစ်သွားတယ်ဆိုတာ အနာဂတ်သံသရာတွေ အကုန်ပြတ်သွားတာကို ဆိုတာ။

ဝိပဿနာရှုတာဟာ (၂)နဲ့ (၃) အလွှာ(မဆက်မိအောင်) ကိုယ်ဖြစ်မည့်(ဒုက္ခမဖြစ်ရအောင်)လို့ပဲဆိုတာ မှတ်လိုက်ကြ။

ရှုတတ်ရင် ဒီနေရာက ရှုတော့ ဒုက္ခနဲ့သမုဒယဖြတ်ချလိုက်တာပဲ၊ ဉာဏ်က ဒီလိုဖြတ်နိုင်တော့ (၂) နဲ့(၃)မဆက်တော့ဘူး၊ စက်ဝိုင်းပြန်ကြည့်ကြ၊ အဲဒီမှာ (၂)နဲ့ (၃) မဆက်တော့ပဲ ဒုက္ခချုပ်သွားတော့ "ဒုက္ခနိရောဓော နိဗ္ဗာန်နံ" ဆိုပြီးနိဗ္ဗာန် ပေါ်လာတယ်၊ နိဗ္ဗာန်ပေါ်လာတော့ဒီ(၄)နံပါတ်အကျိုးပေးတွေလည်းမဆက်နိုင်တော့ဘူး၊ တစ်ခါတဲချုပ်သွားတော့တယ်၊ သဘောပေါက်ကြပြီလား။

"စာလိုပြောတော့ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ကြ၊ မြန်မာလိုပြောတော့ ခန္ဓာလမ်းစဉ်" ခန္ဓာကဒီလမ်းစဉ်အတိုင်း ဒီအတိုင်း သွားနေတယ်ဆိုတာ မှတ်လိုက်ကြ။

လက်ရှိခန္ဓာက (၂)ထဲမှာ ရောက်နေကြတယ်၊ အဝိဇ္ဇာက စပြီးရောက်လာကြတာ၊ ပဋိသန္ဓေ ကစတယ်လို့ မှတ်ကြ၊ ဝိညာဏ် ဆိုတာ ပဋိသန္ဓေကိုဆိုတာပဲ၊ ဒီဝိညာဏ်ကစခဲ့တယ်၊ ဒါပြီးတော့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒါတွေ အခုလက်ရှိ ရနေ ရောက်နေကြတယ်၊ ဇာတိက "ဒုက္ခသစ္စာပဲ" ဝိညာဏ်က ဇာတိပဲ ဒုက္ခသစ္စာ။

ခန္ဓာမှန်သမျှ ဒုက္ခသစ္စာချည်းပဲ၊ ဒီတော့ သူ့ကို ဉာဏ်နဲ့ ကြည့်၊ ဒုက္ခအပြင် ပြစရာမရှိဘူး၊ သူပြော၊လူပြော မယုံနဲ့၊ ကိုယ် ပိုင်ဉာဏ်နဲ့မှသာ ယုံကြဖို့ဆိုတာ မြဲမြဲမှတ်ထားကြ။

ဒကာ, ဒကာမတွေ မသိမှု သိမှုဟာအဓိကကျတဲ့တရားပဲဆိုတာ မှတ်ကြ၊ မသိမှုက သမုဒယသစ္စာ၊ ရတာက ဒုက္ခသစ္စာ၊သိတာက မဂ္ဂသစ္စာ၊ ရတာက နိရောဓသစ္စာ၊ သဘောပေါက်ကြ ရဲ့လား၊ ဒါနဲ့ သီလက သံသရာရှည်တာမဟုတ်ဘူး၊ သိမှု၊ မသိမှုကြောင့်သာ ကွာခြားတာ၊ မသိမှုကြောင့် သံသရာရှည်နေတာလို့ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိကြပြီလား၊ ဒါနဲ့ သီလကသံသရာမရှည်၊ မသိမှုသာ သံသရာရှည်တယ်။

အဝိဇ္ဇာ သင်္ခါရစတဲ့ အကြောင်းတရားကြောင့် ပေါ်လာတဲ့ ခန္ဓာငါးပါးပဲ၊ ဘယ်သူမှ ဖန်ဆင်းလို့ပေါ်လာတာမဟုတ်ဘူး

လို့သိတဲ့အတွက်ဒိဋ္ဌိပြုတ်တယ်၊ဒို့ဟာအဝိဇ္ဇာသင်္ခါရကလာတာပဲ သိရတော့၊ဘယ်ကလာပါလိမ့်ပဟုံး။ ဆိုတဲ့ဝိစိကိစ္ဆာပြုတ်တယ်။ "သင်္ခါရကပြုပြင်တော့ပုဂ္ဂိုလ်၊ သတ္တဝါ မပေါ်ဘူး၊ ဝိညာဏ် နာမ်ရုပ်စသည်ပေါ်တာ ပဲ၊ ပြုလုပ်တာလည်း ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ ပေါ်လာတာလည်း ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဓမ္မတွေပဲ လို့သိရတယ်၊ အကြောင်း အကျိုးဆက်နေတဲ့ ဓမ္မတွေပဲလို့ သိတော့ ဒိဋ္ဌိပြုတ်တယ်၊ ရှင်းကြပြီလား။

ပြုလုပ်သူမရှိ၊ ပြုလို့ပေါ်သူမရှိ၊ အကြောင်းအကျိုးမျှသာ ရှိတယ်လို့သိတဲ့အတွက်ဝိစိကိစ္ဆာသေတယ်၊ပုဂ္ဂိုလ်သတ္တဝါမပါ လို့လည်းဒိဋ္ဌိသေတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုန်းသွားတဲ့ အတွက် ဒိဋ္ဌိပြုတ်တာပဲ၊ ရှင်းကြပြီလား၊ ဒိဋ္ဌိပြုတ်တော့ စူဠ သောတာပန် ဖြစ်သွားတာပါပဲ၊ ဒကာ, ဒကာမတွေ သဘော ပေါက်ရဲ့လား၊ (စူဠသောတာပန်) ဆိုတာ သစ္စာသိသူပဲ၊ သစ္စာ သိတဲ့ သူကို စူဠသော တာပန်လို့ မှတ်ကြ၊ ဒီအသိက မဂ္ဂင် ငါးပါးပဲ ရှိသေး တယ်၊ရှင်းပြီလား။ (ရှင်းပါပြီဘုရား)အေး ဒီတွင်တော်ကြ ဦးစို့၊ (မှန်ပါ့ဘုရား)

✵ ✵ ✵ ✵ ✵

## ပဋိစ္စသမုပ္ပါဒ်ဘီး၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်ခေတ်အစဥ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




၊ဝေဒနာနှင့်၊ တဏှာရင်း၊ ဥပါဒါန်၊ ကံကြောင်းကျိုး၊ ဒုက္ခ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ထက်ဝဝသည့်ပ
ကြောင်းနှစ်ဂိုဏ်း၊ နှစ်ဂိုဏ်းကြောင်းကံ၊ ... ဖြစ်ပြန်း ... အလျှော်။ ဖြဟွာ-သိကြ၊ ဝသည့်မျှားကာ၊ ထင်ရှားမြင်မြင်-စိုရင်
။ အကြောင်း၊ ရင်း၊ ကြောင်း၊ လူနတ်များနှင့် ... ဖြစ်လာရုံ၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။
ခေါ်ဆောင်မှ) ... အာ ... တရားကိုယ်များနှင့်၊ သုံးပါးအစဉ်နှစ်ရစ်မှ
သုံးစုနှင့်၊ ကာလသုံးပြီး ဖြင်းတန်းသယ် ... အပွယ်ကျက်မှတ် ... သံသရာမှ လွတ်ကြောင်းတည်း။

# နိဗ္ဗာန်နှင့်နိဗ္ဗာန်ရောက်ကြောင်း ပဋိစ္စသမုပ္ပါဒ်တရားတော်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တောင်းပန်လို့ဟောတဲ့ တရားတော်တွေလည်း ရှိတယ်၊ မတောင်းပန်ပဲနဲ့ အကြောင်းတိုက်ဆိုင်လို့ မဟာ ဂရုဏာတော်ကြီးနဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကိုလည်း ဟောခဲ့ပါတယ်၊

ကတမဉ္စ ဘိက္ခဝေ နိဗ္ဗာနံ၊ ယောခေါ ဘိက္ခု
ရာဂက္ခယောဒေါသက္ခယော မောဟက္ခယော။

နိဗ္ဗာန်ဆိုတာတခြား မမှတ်ပါနဲ့တဲ့၊ ခန္ဓာထဲမှာရှိတဲ့ "ရာဂဒေါသမောဟ" ကုန်လို့ရှိရင် နိဗ္ဗာန်ပါပဲ (မှန်လှပါဘုရား)

(ရာဂ) ဆိုတာ တပ်မက်နှစ်သက်မှု (တဏှာ) (ဒေါသ) ဆိုတာ ပြစ်မှားမှု၊ (မောဟ) ဆိုတာမသိမှု (အဝိဇ္ဇာ) မှန်လှပါဘုရား။

အာရုံတွေကို တပ်မက်နှစ်သက်ရင် ရာဂလို့ ခေါ်တယ်။ (မှန်ပါ) အာရုံနဲ့ တွေ့တဲ့အခါမှာ မခံသာတဲ့ ပြစ်မှားမှုစိတ်တွေ ပေါ်ပေါ်လာသည်ကို (ဒေါသ) လို့ခေါ်တယ်၊ (မှန်ပါ)။

အာရုံတွေတွေ့တိုင်း တွေ့တိုင်း အနိစ္စလည်းမသိ၊ ဒုက္ခလည်းမသိ၊ အနတ္တလဲမသိ၊ ဒုက္ခသစ္စာလည်းမသိ၊ အာရုံတွေဟူသမျှကလည်း နိဗ္ဗာန်မှတစ်ပါး ကျန်တာတွေဟာ ဒုက္ခသစ္စာတွေချည်းပဲ၊ အဲဒါတွေ မသိမှုဟာလည်း မောဟ (အဝိဇ္ဇာ)လို့

မှတ်ပါ... (မှန်လှပါဘုရား)၊ (အဝိဇ္ဇာ) မသိမှုကုန်အောင် လုပ်နိုင်လို့ ရှိရင် နိဗ္ဗာန်ပဲလို့ ဒကာ, ဒကာမတွေမှတ်ထားရမယ်နော် .. (မှန်လှပါဘုရား)။

"နိဗ္ဗာန်ရောက်ကြောင်း" ကတော့ ဘာတုံးလိုဆိုရင်" ကတမောစ ဘိက္ခဝေနိဗ္ဗာနဂါမိနီမဂ္ဂေါ" လို့ဆိုတော့ (သမ္မာဒိဋ္ဌိ) (မှန်ပါ့)၊ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာပေါ့ဗျာ၊ အမှန်အကန်မြင်လို့ ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းပဲတဲ့ (မှန်ပါ့ဘုရား)။

အနိစ္စကို အမှန်အကန်မြင်၊ ဒုက္ခကို အမှန်အကန်မြင်၊ အနတ္တကို အမှန်အကန် မြင်တဲ့ ဒုက္ခသစ္စာအမှန်အကန်မြင်လို့ရှိရင်ဖြင့် အဲဒါနိဗ္ဗာန်ရောက်ကြောင်းပါပဲတဲ့၊ (မှန်ပါ့) အမှန်အကန်မြင်မှုဟာ နိဗ္ဗာန်ရောက်ကြောင်းပဲ (မှန်လှပါဘုရား) သံယုတ်ပါဠိတော်ကြီးမှာလာတယ်နော် (မှန်ပါ့)။

ဒါဖြင့် ဒကာ,ဒကာမတို့ နိဗ္ဗာန်လည်းသိပြီ၊နိဗ္ဗာန်ရောက်ကြောင်း လည်းသိပြီ (မှန်ပါ့) နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းကို ဘုန်းကြီးနေ့တိုင်း ဟောနေတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာနဲ့ပြရမယ်၊ ပြတဲ့အခါ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို နှစ်မျိုးနဲ့ သိရမယ်လို့မှတ်ထားပါနော်.. (မှန်ပါ့)။

(၁) ပဋိစ္စသမုပ္ပါဒ်အကြောင်းတွေနဲ့ အကျိုးတွေ ဆက်ဆက်နေလို့ ရှိရင်ဖြင့်ဒါဟာ" ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်" ခန္ဓာဖြစ်ကြောင်း ဒုက္ခရောက်ကြောင်းပေါ့ (မှန်ပါ့)။

(၂) ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးပြတ်သွားလို့ရှိရင် ချုပ် ကြောင်း နိဗ္ဗာန်၊ ချုပ်တဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်များကျတော့၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို မသိနားမလည်ခဲ့သော်...နိဗ္ဗာန်ရောက်ကြောင်းလည်းသိကြမယ်မဟုတ်ဘူး၊ ဒုက္ခရောက်ကြောင်းလည်းသိကြမယ်မဟုတ်ပါဘူး (မှန်ပါ့ဘုရား)။

တရားဓမ္မဟောကြားညွှန်ပြဆုံးမတဲ့ ဆရာသမားတွေဟာ ပဋိစ္စသမုပ္ပါဒ်တရား လက်ကိုင်မထားကြဘူးဆိုရင် ဒကာ, ဒကာမတို့သည် ဒုက္ခရောက်ကြောင်းနဲ့ နိဗ္ဗာန်ရောက်ကြောင်း သိကြမယ် မဟုတ်ပါဘူး (မသိပါဘုရား)။

ဒကာ, ဒကာမ တို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ကြည့်ကြပါ၊ (၁)နံပါတ်တည်းဟူသော သမုဒယသစ္စာကြောင့် (၂)နံပါတ် ဒုက္ခသစ္စာဖြစ်ရတယ်၊ (၁) နံပါတ်က (အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ)က အတိတ်အကြောင်း ငါးပါး၊ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ ဘာကြောင့်လည်းဒီအထဲမှာ(အဝိဇ္ဇာ) ဆိုတာမသိတာ (မောဟ)၊ (သင်္ခါရ)ဆိုတာပြုလုပ်တာ၊(တဏှာ) ဆိုတာသည် တပ်မက်နှစ်သက်တဲ့ တဏှာပဲ၊ (ဥပါဒါန်)က စွဲလန်းတာ၊ (ဘဝ)က (ကမ္မဘဝ)တွေက အားထုတ်တာ၊ ဒီကော့ ဒါတွေနဲ့နေခဲ့တာသည် (သမုဒယသစ္စာပါ ဘုရား)။

ဒါကြောင့် ဒီသမုဒယသစ္စာ (အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ) တွေသည် (အတိတ်အကြောင်းငါးပါး) လွန်ခဲ့သော ဘဝက ဒကာ, ဒကာမတွေရဲ့ မှားပြစ်တွေ ငါးခု... (မှန်လှပါ)။

ဘယ်လိုမျိုးမှားခဲ့ကြပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ (သမုဒယသစ္စာ) တွေလုပ်ခဲ့ကြတယ် ... အင်း .. ဒကာ, ဒကာမတို့ ကျုပ်တို့ မှားပုံသည်ကားလို့ဆိုရင် ဒုက္ခဖြစ်ကြောင်းကို လုပ်ခဲ့မိကြတယ် (မှန်လှပါ)။

ကျုပ်တို့မှားတာဟာနည်းနည်းမှားတာလား၊ များများမှားတာလား ဆိုတာ ဒီပဋိစ္စသမုပ္ပါဒ်ကို ဘုရားက သေသေချာချာ ဟောထားတော့နည်းနည်းမှားတာမဟုတ်ပါလား၊ ဒို့သည် ကား ဒုက္ခဖြစ်ကြောင်းတွေ လုပ်ခဲ့ပါကလား (မှန်လှပါ)၊ ဒါကြောင့် အတိတ်အကြောင်းကမှားခဲ့တဲ့ အကြောင်းတရား ငါးပါးဆိုတာ တွေ့ပြီလား (တွေ့ပါပြီဘုရား)။

ကျုပ်တို့ အတိတ်ဘဝတုန်းက အတိတ်အကြောင်းငါးပါး တည်းဟူသော သမုဒယသစ္စာတွေ ကျုပ်တို့ အားထုတ်ခဲ့ကြတယ်။ (အဝိဇ္ဇာ) သစ္စာလေးပါး မသိတာလည်းပါတယ်... (မှန်လှပါ)။

ပြုခြင်းသလိုပြုတဲ့၊ (သင်္ခါရ)လည်းပြုတယ်၊ (မှန်လှပါဘုရား) ပုညာဘိသင်္ခါရ ကုသိုလ်လည်း ပြုတယ်၊ (မှန်ပါ)

သားရေး၊သမီးရေးစီးပွားရေးနဲ့ မတော်လောဘနဲ့ လုပ်ခဲ့တာတွေ သတ်မှု၊ ဖြတ်မှု၊ ခိုးမှု စတဲ့ အကုသိုလ်တွေလည်းလုပ်မိပြန်တော့ အပုညာဘိသင်္ခါရ လုပ်ခဲ့ကြတယ် (မှန်လှပါ)။

ဒါကြောင့် မသိသလိုလုပ်ခဲ့ကြတယ်.. (မှန်ပါ့)၊ မသိတာက (အဝိဇ္ဇာ) လုပ်ခဲ့ကြတာက (သင်္ခါရ)၊ လုပ်ပြီးလုပ်ရုံနဲ့ မပြီးသေးဘူးတဲ့၊ ခင်ဗျားတို့ လုပ်တာကိုပဲ၊ ကိုယ်အလုပ်ကိုယ် သာယာတဲ့ တဏှာကလည်းပါသေးတယ်၊ (ပါ..ပါတယ်ဘုရား) ကိုယ့်ဟာကိုယ် စွဲလန်းတဲ့ ဥပါဒါန်ကလည်း (ပါ.. ပါတယ် ဘုရား) ကာယကံ၊ဝစီကံတွေနဲ့လည်းလုပ်ကြသေးတယ်.. (လုပ်ပါတယ်ဘုရား) အတိတ်ကလုပ်ခဲ့တာ (အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ ဘဝ)ဆိုတဲ့ အတိတ် အကြောင်းအခြင်းအရာ ငါးပါး သမုဒယ သစ္စာတွေလုပ်ခဲ့ကြတယ်။

ဒါကြောင့် စက်ဝိုင်းမှာ အတိတ်ကလုပ်ခဲ့တဲ့ ငါးပါးဟာ (သမုဒယသစ္စာ) တွေပဲ၊ (မှန်လှပါဘုရား)၊ သမုဒယသစ္စာ၊ ဒကာ, ဒကာမ တွေက ကြိုးစားခဲ့ကြတော့ စုတေမနေ၊ သေလွန်လို့ (၂) နံပါတ်၊ ဒုတိယဘဝ ရောက်တော့ ဘာတွေပေါ်လာသတုံး .. ဆိုတော့ (၂) နံပါတ်က (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ) ဆိုတဲ့ (ခန္ဓာငါးပါး) ပေါ်လာတယ် .. (မှန်ပါ့)၊ ဘာ... စ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

မိုက်ထားတာက သမုဒယသစ္စာ၊ မိုက်ပြစ်သင့်တာက ဒုက္ခသစ္စာ (မှန်လှပါ) (၂) နံပါတ်က (ဒိဝိညာဏ်, နာမ်ရုပ်,

သဥ္ဇာယတနှ, ဖဿ ဝေဒနာ): ပစ္စုပ္ပန်ဒုက္ခသစ္စာပဲ၊ မိုက်ပြစ် သင့်ထားတော့၊ ဒီစက်ဝိုင်းမှာကြည့် (ပစ္စုပ္ပန်အကျိုးတစ်လွှာ) ရပါတယ် (မှန်ပါ)။

ယခုပစ္စုပ္ပန်ဘဝ ဒကာ,ဒကာမ တွေဘာနဲ့ နေရသတုံး .. မေးတော့ မိုက်ပြစ်သင့်တဲ့ (ဒုက္ခသစ္စာ)နဲ့နေရပါတယ်၊ (မှန်လှ ပါ) ရှင်းပြီးလား (ရှင်းပါပြီဘုရား) ဒုက္ခသစ္စာနဲ့ နေရပါတယ် ဆိုတဲ့ ဥစ္စာသိသွားပြီး .. (သိသွားပါပြီဘုရား)။

ဒုက္ခသစ္စာဆိုတာက ဒကာ,ဒကာမ တွေမှတ်ပါ (ပဋိစ္စ သမ္ဘေဝိညာဏ်) ဆိုတာလည်း ဒုက္ခသစ္စာပဲ (မှန်ပါ) ဇာတိပိ ဒုက္ခသစ္စာကိုး (မှန်ပါ)။

ခန္ဓာငါးပါးရထားလို့ရှိရင် ပဋိသန္ဓေနေမှု၊ အိုမှု, နာမှု, သေမှုဟာဒီအထဲမှာ ပါပြီးသာမနေဘူးလား (နေပါတယ်ဘုရား) ပါပြီး သားနေတော့ ခန္ဓာငါးပါးသည် ဘာသစ္စာလဲ (ဒုက္ခသစ္စာ ပါ ဘုရား)။

ကိုင်း... ဒကာ, ဒကာမတို့ ယခုရောက်နေတဲ့ (၂) နံပါတ် ပစ္စုပ္ပန်မှာ ဘာနဲ့နေကြရသတုံးလို့မေးရင် (ဒုက္ခသစ္စာ၊ ခန္ဓာ ငါးပါးနဲ့နေရပါတယ်ဘုရား)။

ယခုရောက်နေတဲ့ ပစ္စုပ္ပန်ဘဝကို ဒုက္ခသစ္စာပါကလား ဆိုတာမသိသေးလို့ရှိရင်ဖြင့်၊ ဒကာ,ဒကာမတို့ သိတဲ့အတိုင်း "အဝိဇ္ဇာ" ပြန်ပေါ်ဦးမှာပဲ၊ ယခုရောက်ရာဘဝမှာ ကိုယ်သား

ကိုယ်မယားနဲ့၊ ကိုယ်မသေခင်ကလေး ခပ်ပျော်ပျော်ကလေး (တဏှာ)နဲ့နေလိုက်ချင်သေးတယ်၊ ရောက်ရာဘဝမှာပျော်တယ် ဆိုရင် (တဏှာ) မလာဘူးလား (လာပါတယ်ဘုရား)။

ဒုက္ခသစ္စာထဲမှာလည်းရောက်နေ၊ ကိုယ့်ဒုက္ခသစ္စာကိုယ် မသိတာက (အဝိဇ္ဇာ) (မှန်ပါ့)၊ကိုယ်ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာ လို့ မသိတော့အရတော်လေစွ… ဆိုပြီး သကာလပျော်နေ တာက (တဏှာ) မှန်ပါ့ဘုရား၊ ဒီသား၊ ဒီမယားတွေနဲ့ ဒီခန္ဓာ ကြီးနဲ့မခွဲချင်အောင်စွဲလန်းနေတာက (ဥပါဒါန်) မှန်ပါ့ဘုရား သဘောကျပြီးလား.. (ကျပါပြီ)…။

နောက်ပြီးဒကာ, ဒကာမတို့က ကာယကံ, ဝစီကံတွေနဲ့ ပြုတဲ့စေတနာတွေ (သင်္ခါရ)တွေ ကောမလာဘူးလား (လာပါ ဟယ်ဘုရား) ကာယကံ, ဝစီကံပြုတဲ့ (ကမ္မ) ဘာတွေကော မလာဘူးလား (လာပါတယ်ဘုရား)။

ဒီ (၂) နံပါတ်ဒုက္ခသစ္စာထဲမှာလည်း ရောက်နေ၊ ဒကာ, ဒကာမတို့ကမသိမှု (အဝိဇ္ဇာ)ထပ်ပွားပြီး ခင်မင်မှု (တဏှာ)တွေ ထပ်ပြီး တိုးပွားအောင်လုပ်နေတာမထင်ရှားဘူးလား (ထင်ရှား ပါတယ် ဘုရား) ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ(မှန်ပါ့)ခင်မှု တွေပွားတာက တဏှာ (တဏှာပါဘုရား)။

ဒီဒုက္ခသစ္စာမျိုးရအောင် အားထုတ်ချင်တာက (သင်္ခါရ) (မှန်လှပါဘုရား)၊ ဒီခန္ဓာကြီးကို စွဲလန်းနေတာက (ဥပါဒါန်) (မှန်ပါ့) ဒီခန္ဓာကြီးကို ကာယကံဝစီကံတွေနဲ့ ပြုပြင်နေတာက

(ကမ္မဘဝ) (ကမ္မဘဝဘုရား)။

ဒီတော့ ဒကာ,ဒကာမ စက်ဝိုင်းပုံကြည့်ပါ၊ အခုစက်ဝိုင်း (၂) နံပါတ်ထဲမှာပဲ ဒကာ, ဒကာမတို့သည်ကား (သမုဒယ သစ္စာ) ထပ်ပေါက်ပွားလာပြန်တယ်... (ပေါက်ပွားလာပါတယ် ဘုရား)။

အဲဒီတော့ ဒကာ, ဒကာမတို့ ကိုယ့်ဒုက္ခသစ္စာကြီးကို မသိတာက (အဝိဇ္ဇာ) ဒီထဲက ပေါက်ပွားလာတာ ဒီခန္ဓာကြီးကို ခင်တဲ့ (သမုဒယသစ္စာ) ကလည်း...ဒီထဲက ပေါက်ပွားတာ (မှန်ပါဘုရား)။

ဒီ (၂) နံပါတ်ပစ္စုပ္ပန်ကာလထဲက ပေါက်ပွားတာငါးခု ပေါက်ပွားတယ် .. (မှန်လှပါဘုရား)။

ဒါကြောင့် ဒီ(၃) နံပါတ်မှာ အောက်နားဖတ်လိုက်တော့ ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးလို့ပါတယ်၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ (မှန်လှပါဘုရား)။

(၂) ပစ္စုပ္ပန်ကာလထဲမှာပဲ (အဝိဇ္ဇာ) သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝ)တွေက ဒီ (၂) ထဲကနေ ထပ်ပြီးပေါ်လာတော့၊ ဒကာ, ဒကာမတို့သည် (၂) ထဲက (၃) ပေါက်ပွားလာပါတယ်၊ ပစ္စုပ္ပန် ကာလထဲမှာပဲ ဒကာမ, ဒကာမ တို့သည် ကား (သမုဒယသစ္စာ) တွေ ပေါက်ပွားလာပြန်တယ်.. (မှန်ပါ့ဘုရား) ခန္ဓာကို ဒုက္ခသစ္စာလို့ မသိလို့ရှိရင်ဖြင့် ယခုလက်ရှိခန္ဓာ ထဲက

အဝိဇ္ဇာပေါ်တာပဲ (မှန်ပါ့ဘုရား) မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) ကိုယ့်ဘဝကလေးကို ကိုယ်ခင်နေလို့ ရှိရင်ဖြင့် ယခုပစ္စုပ္ပန်ခန္ဓာကြီးကို ယခုခင်တာနဲ့ အတူတူပဲ (မှန်ပါ့) ခင်တော့ တဏှာပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ... ဒီလိုဖြစ်တော့(၃)နံပါတ်(ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါး) ထပ်ပြီး ပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား)၊ ဒီလိုပေါ်လာတာ ဘာသစ္စာ (သမုဒယသစ္စာပါဘုရား) အဲဒါကြောင့် သမုဒယသစ္စာ (၃) နံပါတ်ကို တစ်ခါပြန်ပြတယ် (မှန်လှပါဘုရား)။

သူ့ကို မရှင်းမှာစိုးတဲ့အတွက် (ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါး) ပြန်ပေါက်သွားတယ်လို့ ရေးလိုက်တယ်၊ (မှန်လှပါဘုရား) စက်ဝိုင်းမှာတွေ့ကြတယ်မဟုတ်လား .. (တွေ့ပါတယ်ဘုရား)အင်း... ပစ္စုပ္ပန်ခန္ဓာထဲက ပစ္စုပ္ပန်မကောင်းတဲ့ သမုဒယ (၃) နံပါတ်ထပ်ပြီးပေါက်သွားတယ် (မှန်ပါ့ဘုရား)။

အဲဒီတော့ အိမ်မှာနေတဲ့အခါကျတော့ စဉ်းစားကြတာပေါ့(မှန်ပါ့) ငါသည်ကားလို့ဆိုရင် ခန္ဓာကြီး ဒုက္ခသစ္စာရယ်လို့ ငါရှုနေသလား ... မရှုဘူးလား (မှန်လှပါဘုရား)။

ဒုက္ခသစ္စာမသိတဲ့ အချိန်မှာသားတွေ, သမီးတွေ, ဆွေတွေ, မျိုးတွေနဲ့ အချိန်ကုန်ပြီးသကာလ နေကြတဲ့အခါမှာဖြင့် ငါသည် ယခုရထားတဲ့ ပစ္စုပ္ပန်ခန္ဓာထဲက (အဝိဇ္ဇာ) ဆိုတဲ့

တရားဖြင့် ပေါက်ပွားပါပေါ့လားလို့ သိရမယ် (မှန်လှပါဘုရား)။

ယခု ခန္ဓာကြီးကို (အဝိဇ္ဇာ) နဲ့ ဒုက္ခသစ္စာမှန်း မသိလို့ (တဏှာ)နဲ့ခင်ပြီး နေပြန်လို့ရှိရင်လည်း၊ ဒီခင်လုံးသည် ပစ္စုပ္ပန်ဘဝထဲက ပေါက်ပွားလာတဲ့ (သမုဒယ) ပဲ၊ ပြုလုပ်တဲ့ (သင်္ခါရ) တွေဟူသ၍ လည်းဆိုအတူပဲ၊ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့်ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာသူတော်ကောင်းအလုပ်ဆိုတဲ့ ဝိပဿနာအလုပ်ကို ခပ်အေးအေးနဲ့ ဖြေးဖြေးမှ လုပ်တော့မယ် ဆိုလို့ရှိရင် (သမုဒယ) တွေထပ် ပြီးပေါက်ပွားချင်သလောက် ပေါက်ပွားပါစေလို့ ပြစ်ထားတာနဲ့တူတော့ ဒကာ, ဒကာမတို့မှာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်ကမ္မဘဝတွေဆိုတဲ့ (ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါး) မလာပေဘူးလား (လာပါတယ်ဘုရား) အင်း ဘယ်ခန္ဓာထဲက ပေါက်ပွားလာတာလဲ (ယခုပစ္စုပ္ပန်ခန္ဓာထဲကပါဘုရား)။

အဲဒီတော့ ပစ္စုပ္ပန်ခန္ဓာထဲက ပေါက်ပွားပြီးသကာလ လာတဲ့အတွက် ဒကာ, ဒကာမတို့ ဒါဟာ စက်ဝိုင်းမှာကြည့် (ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါး) နောက်ထပ်ပေါ်လာတယ်... (မှန်ပါ) ဘာသစ္စာပေါ်လာသလဲ (သမုဒယသစ္စာ ပေါ်လာပါတယ်ဘုရား)။

နဂိုရ် အနာမှာ မပျောက်သေးဘူး ... နောက်အနာ ပေါက်ကြောင်းတွေ ထပ်ပြီး ပေါ်လာတယ် (မှန်ပါ) နဂိုရ် ဒုက္ခ

သစ္စာအနာကြီး ပျောက်ပြီလား(မပျောက်သေးပါဘုရား)။

အဲဒီဒုက္ခသစ္စာ အနာကြီးမပျောက်ခင်က ဒီအနာထဲကမှ ဒကာ၊ဒကာမတို့မှာ အနာဆိပ်တွေပြန်တက်ပြီးသကာလ အင်း ကျောက်ပေါက်ပြီးမှ ကျောက်တက်ပြန်ပေါက်သလို ဖြစ်နေတယ် (မှန်လှပါဘုရား) ယခု ပစ္စုပ္ပန်ခန္ဓာထဲက သမုဒယသစ္စာငါးပါး ပေါ်လာတယ်...ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီအကြောင်းငါးပါးကို နာမည်ပေးမယ် ဆိုလိုရှိရင် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးလို့ ပေးနိုင်ပါတယ်...(မှန်ပါ့ ဘုရား) အနာဂတ်အကြောင်းငါးပါးလို့ ပေးလိုက်ရင်လည်း မလွဲပါဘူး (မလွဲပါဘုရား) ပစ္စုပ္ပန်ကာလမှာ ပေါ်တာအမှန်ပဲ (မှန်ပါ့) သို့သော်... သူပစ္စုပ္ပန်ကာလမှ အကျိုးမပေးဘူး...၊

အနာဂတ်ကာလမှာ သွားပြီး အကျိုးပေးမယ်ဆိုသော ကြောင့် အနာဂတ်အကြောင်းငါးပါးလို့ မှတ်လည်း မလွဲဘူးနော် (မှန်ပါဘုရား) ပေါ်တာထောက်ရင် ပစ္စုပ္ပန်ခန္ဓာကပေါ်တယ်၊ သူအကျိုးပေးမဲ့ ကိစ္စကြည့်လိုက်လို့ရှိရင်ဖြင့် အနာဂတ်မှာ သွားဖြစ်တယ်ဆိုတာမှတ်ထားပါ(မှန်ပါဘုရား) အဲဒီတော့ အနာ ဂတ် အကျိုးပေါ်မလာပေဘူးလား... သေသည်၏ အခြားမဲ့၌ ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ဒီ (၃) နံပါတ် မြှားကလေးက ဒကာတို့ ပစ္စုပ္ပန်အကြောင်းခြင်းရာတွေ လုပ်လို့ရှိရင်ဖြင့် အနာဂတ်ဒုက္ခ

တွေနဲ့ ဆက်တော့မှာပဲဆိုတဲ့ဥစ္စာမပြဘူးလား (ပြပါတယ်ဘုရား) မြားကလေးက ဘာပြပါလိမ့် (ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ် ဒုက္ခ ဆက်မယ်ဆိုတာပြပါ တယ်ဘုရား)။

အနာဂတ်ဒုက္ခသစ္စာနဲ့ ဆက်တော့မှာပဲ ဆိုတဲ့ ဥစ္စာ ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါးကို ဒကာ,ဒကာမတွေက ချုပ်အောင်၊ သိမ်းအောင်၊ ငြိမ်းအောင် မလုပ်နိုင်လို့ရှိရင်နောက် ထပ်ခန္ဓာကဒုက္ခသစ္စာပေါ်မယ်(ပေါ်ပါမယ်ဘုရား)။

နောက်ထပ်ခန္ဓာဒုက္ခသစ္စာပေါ်လို့ရှိရင် ဒီဒုက္ခသစ္စာထဲက သည်း အရင်လိုပဲ ပွားဦးမှာပဲ (ပွားပါမယ်ဘုရား) ပွားလို့ရှိရင် ဖြင့်သံသရာဆက်ငြိးလည်လို့ကိုငြိးနိုင်ကြပါ့မလား... (မငြိးနိုင် ပါဘုရား) ဒါဖြင့်တောက်လျှောက် လည်တော့မှာပဲ(မှန်ပါ့ ဘုရား)

အဲဒီတော့ ဒကာ,ဒကာမတို့ လည်ချင်သေးသလားလို့ မေးလို့ ရှိရင်ဖြင့် ဘယ်သူမှ မလည်ချင်ဘူး ဆိုတဲ့ ဥစ္စာ တပြိုင် နက် အသံထွက်မယ် (မှန်လှပါဘုရား) မလည်ချင်လို့ရှိရင်ဖြင့် တဲ့ဘယ်နဲ့လုပ်ရမှာတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဒကာ,ဒကာမ တို့ (၂) နဲ့ (၃) မကူးစေနဲ့ (မှန်လှပါဘုရား)။

ဘာတဲ့တုံး (၂ နဲ့ ၃ မကူးပါစေနဲ့ဘုရား) (၂) နဲ့ မကူး စေနဲ့တဲ့ ဒကာ,ဒကာမတို့ (မှန်ပါ့) တိုတိုရှင်းရှင်း ဘွင်းဘွင်း ပြောရလို့ရှိရင်ဖြင့် (၂) ထဲက (၃) မပေါက်ပွားပါစေနဲ့ (မှန်လှ ပါဘုရား) ဒါအတော်အရေးကြီးတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ (၃)နံပါတ် ဖြစ်မည့် တရား ပေါက်ပွားလိုက်ရင်" ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း လို့ခေါ်တယ်(၃) နံပါတ်ဖြစ်ရမည့်တရားတွေမပေါက်ပွားလို့ရှိရင်ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း ပြတ်ကြောင်းဖြစ်တယ် (မှန်လှပါဘုရား)။

ဒါကလေးနှစ်လုံးကို သေသေချာချာမှတ်ပါ။ (မှန်လှပါ) ဖြစ်မည့်တရားတွေ မပေါက်ပွားရင် (ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း ပါဘုရား (ဝါ) ခန္ဓာချုပ်ကြောင်း (မှန်ပါ့ဘုရား) ရှင်းပြီးလား (ရှင်းပါပြီဘုရား)။

(၃) ဖြစ်မည့်တရားတွေ (၂) ထဲက ပေါက်ပွားလာပြန်လို့ ရှိရင်ပြင့်(၄)နံပါတ် ဒုက္ခသစ္စာဖြစ်ကြောင်း(မှန်လှပါဘုရား) သေချာကြပြီလား (သေချာပါပြီဘုရား) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ကိုင်း... ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ခုနက စကားနဲ့ ပြန်ပြီး ညှိကြပါစို့...နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးရင် ဘယ်နဲ့ဖြေကြမလဲ (ရာဂ, ဒေါသ, မောဟ ချုပ်တာပါ ဘုရား)။

ဩော်...ရာဂ, ဒေါသ, မောဟ ကုန်တာဆိုတာ ပဋိစ္စ သမုပ္ပါဒ်နဲ့ပြတော့ (၃) နံပါတ်မပေါ်တာကိုပြောတာ၊ မှန်လှပါ ဘုရား) ရှင်းပြီလား (ရှင်းပါပြီ) (၂) ထဲက (၃) မပေါက်ပွားတာ ပေါ့... (မှန်လှပါဘုရား) (၃)မပေါက်ပွားရင် ဒီဘက်က သမု

ဒယသစ္စာတွေကို သတ်ပြီး သားဖြစ်သွားတယ်၊ (၄) နံပါတ်ဒုက္ခ သစ္စာမလာတော့ဘူး (မှန်ပါ့ဘုရား)။

(၃) နံပါတ်သမုဒယတွေလည်းချုပ်၊ (၄) နံပါတ်ဒုက္ခတွေ လည်းချုပ်တော့ ဒုက္ခသမုဒယတို့၏ ချုပ်တာငြိမ်းတာသိမ်းတာ သည် နိဗ္ဗာန်ပါပဲ (မှန်လှပါဘုရား)။

ဒါဖြင့်...ဒကာ,ဒကာမတို့ နိဗ္ဗာန်ဆိုတာဘာတုံးလို့မေး လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်တရားအရ (၂) ထဲက (၃) မပေါက် ပွားရင်နိဗ္ဗာန်ပါပဲ (မှန်လှပါဘုရား)၊ နိဗ္ဗာန်လို့ထင်ရှားသွားပြီ (မှန်ပါထင်ရှားပါပြီး ဘုရား၊ (၂) တွင် ရပ်ပြီး လမ်းဆုံးသွား မယ်၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာ စက်ဝိုင်းကြီးကို ခင်ဗျားတို့နားလည်အောင်လည်းနေတိုင်းပြပြီးတော့ သံဝေဂရ ချင်ရင်လည်း စက်ဝိုင်းကို ကြည့်ဘို့ပဲ (မှန်ပါ့) သံသရာ ဖြတ်ချင်ရင်လည်း စက်ဝိုင်းကိုပဲကြည့်ဖို့ပဲ (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ အငဲမတန် ရှင်းနေတဲ့ အဓိပ္ပါယ်ပေါ်လာ တယ်...(ပေါ်ပါတယ်ဘုရား)ဒကာ,ဒကာမတို့ ဘာအရေးကြီး ပါလိမ့် (၃) နံပါတ်မပေါ်ဖို့ အရေးကြီးပါတယ်(၂) ထဲက (၃) မပေါ်ရင် (နိဗ္ဗာန်ပါဘုရား) သဘောပါသလား (ပါ-ပါပြီ ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "နိဗ္ဗာန်နဥ္စဘိက္ခဝေဒေသဿမိနိဗ္ဗာနဂါမိဥ္စပဋိပဒံ ကတမဥ္စ ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိဗ္ဗာနံ" လို့ဟောတဲ့ ဥစ္စာကျေနပ်ပြီလား(ကျေနပ်ပါပြီးဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်လို့ရှိရင် နိဗ္ဗာန်ဆိုတာဘာတုန်းလို့ မသိပဲနေမှာစိုးလို့ ဘုရားက ရာဂက္ခယော...(ပ)...နိဗ္ဗာနံ ဆိုတဲ့ ဥစ္စာ ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့မှ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်နဲ့ မရမည့်ပုဂ္ဂိုလ်ဆိုတာ ကိုယ့်ဟာကိုယ်သိတယ် (မှန်ပါ့ဘုရား) (၂) ထဲက (၃) မပေါက်ပွားရအောင် နေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရမှာပဲ (မှန်လှပါဘုရား)။

ဒီတော့ (၂) ထဲကနေပြီး ဉာဏ်နဲ့ ဖြတ်ရမယ်၊ ဖြတ်လို့ ဖြတ်လို့ (၃)ထဲက အကြောင်း သမုဒယတွေချုပ်သွားမယ်၊ (၃) အကြောင်း သမုဒယချုပ်ရင် (၄)ထဲက အကျိုးဒုက္ခတွေအကုန် သိမ်းတာပဲ။

တပည့်တော်အတွက် စဉ်းစားပေးစမ်းပါဘုရား၊ ဒီဘဝ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်လားလို့ မမေးကြနဲ့ (မှန်လှပါဘုရား) မေးရင် လွဲပါလိမ့်မယ် (မှန်လှပါဘုရား) ကိုယ့်ဟာကိုယ် ပဋိစ္စသမုပ္ပါဒ်နဲ့မေးရင်ပေါ်ပါလိမ့်... (မှန်ပါ့ဘုရား) သူတစ်ပါးမေးရင် (လွဲပါလိမ့်မယ်ဘုရား)။

ဒကာ,ဒကာမတို့ ဒါဟာ(ဒိဋ္ဌေဝမွော)" ပဲ...(မှန်ပါ့) ကိုယ်တိုင်မြင်တဲ့တရား... (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီ) အဲဒီ တော့ သိန္ဒိဋ္ဌိကောဆိုတာဒါပဲ (မှန်ပါ့)။

"သိန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော" တဲ့သာမံ= ကိုယ်တိုင်၊ ပဿိတဗ္ဗော=သိပါတယ်တဲ့၊ နိဗ္ဗာန်သွားမယ်–မသွားဘူးဆိုတာ ကိုယ်တိုင်သိပါတယ်တဲ့ (မှန်ပါ့ဘုရား)။

ကိုယ့်အကြောင်းကိုယ်သိပြီးလား (သိပါပြီဘုရား) တပည့် တော် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက်မှာလားလို့ ဘယ်သူ့ကို သွားမေးမလဲ (ကိုယ့်ဟာကိုယ် မေးရပါမယ်ဘုရား)။

အဲ...ရာဂ, ဒေါသ, မောဟ ချုပ်တော့ နိဗ္ဗာန်ပဲဆိုတာသိ သွားတော့ ..ဪ... ပဋိစ္စသမုပ္ပါဒ်ထဲကကြည့်လိုက်တော့ (၂) ထဲက (၃) မလာတာဆိုတာပါလားဟေ့... (မှန်လှပါဘုရား) ဘယ် နဲ့တဲ့ ... (၂) ထဲက (၃)မလာတာကိုဆိုတာပါဘုရား၊ (၃) နံပါတ်ဆိုတဲ့တရားတွေမပေါ်လာတာပါပဲ၊ (မှန်ပါ့ဘုရား)။

ယခုဘုန်းကြီးဒကာ, ဒကာမတွေကို ကျေးဇူးများစေချင် လို့ ကိုယ်တိုင်ဆုံးဖြတ်ချက်ချပြီး သိကြပါစေဆိုပြီး ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်းနဲ့ ပြရပါတယ် (မှန်ပါ့ဘုရား)။

နိဗ္ဗာန်မရသေးလို့ရှိရင်လည်း ပဋိစ္စသမုပ္ပါဒ်က မရသေး ဘူး ပြောတာပဲ (မှန်လှပါဘုရား) ရမယ်ဆိုရင်လည်း ပဋိစ္စ သမုပ္ပါဒ်က (ရမယ်ပြောပါတယ်ဘုရား)။

ကဲ...ဒါဖြင့် (၂) ထဲက (၃) မပေါက်ပွားအောင်၊ မဂ်နဲ့ ဖြတ်ကြစို့၊ မဂ်ပေါ်အောင် လုပ်ကြပါစို့ ဒကာ, ဒကာမတို့ နော်...(မှန်လှပါဘုရား) မဂ်ပေါ်အောင်လုပ်မယ်ဆိုတော့ (၂) ထဲက ခန္ဓာတွေကို ဒကာ, ဒကာမတို့ဝိပဿနာရှုရမယ် (မှန်လှ ပါဘုရား)(၂) ထဲက ခန္ဓာတွေဟာ ဘာသစ္စာတွေတုံး (ဒုက္ခသစ္စာ တွေပါဘုရား)။

အဲဒီဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့မြင်အောင်ကြည့်...(မှန် လှပါဘုရား) ဒုက္ခသစ္စာကို (ဒုက္ခသစ္စာလို့မြင်အောင်ကြည့်ရပါ မယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်ဘာသစ္စာ... (ဒုက္ခသစ္စာပါဘုရား) သိတာကဘာ (မဂ္ဂသစ္စာပါဘုရား)။

အေး... ဒီနေရာမှာသူဖြတ်တယ်... (မှန်လှပါဘုရား) ဒီအနီအဆက်ကလေးကိုဖြတ်ပြစ်တယ်(မှန်လှပါဘုရား)မဂ္ဂသစ္စာ ဒီနေရာမှာပေါ်တယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ပေါ် တော့ (၃) နံပါတ်လာသေးရဲ့လား (မလာပါဘုရား)(၃)သမုဒယ မလာတော့ (၄) ဒုက္ခ ငြိမ်းတယ် (ငြိမ်းပါတယ်ဘုရား)။

ဒါဖြင့်ဒကာ,ဒကာမတို့ ရှုတာက (ဖြစ်ပျက်) ရှုဉာဏ်က (မဂ်) ဆိုတာ ဒီမဂ်ဟာသံသရာဖြတ်တယ်ဆိုတာ (၂) နဲ့ (၃) မကူးပါဘူးပြောတာ (မှန်လှပါဘုရား)။

ဖြစ်ပျက်ရှုတဲ့မဂ်က ဒီနေရာပေါ်ပါတယ်၊ (ပေါ်ပါ တယ် ဘုရား) ၊ ပေါ်တော့ ဒကာ,ဒကာမတို့ (၃)နဲ့ ဆက်သေး ရဲ့

လား (မဆက်ပါဘုရား) မဆက်တော့ ဘယ်သူမှ မမေးနဲ့ (မှန်ပါ့) ဒီ မဂ်အလုပ်–လုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း သူ့မှာ ကိုယ်ပိုင်ရှိပြီ...(မှန်လှပါဘုရား) နိဗ္ဗာန်ရောက်ကြောင်းသမ္မာဒိဋ္ဌိ ရှိပြီ (မှန်ပါ့)။

သမ္မာက=အမှန်အကန်၊ ဒိဋ္ဌိကမြင်တာဆိုတော့ အမှန်အကန် ဒုက္ခသစ္စာသူမြင်တယ်၊ ဒါဒုက္ခသစ္စာပဲလို့ဆိုတာမသိဘူးလား... (သိပါတယ်ဘုရား)။

အဲဒါသမ္မာဒိဋ္ဌိကဘယ်ကနေမြင်သတုံးဆိုတော့ မြွားဖြတ်ပြီးသကာလမြင်တယ်...(မှန်ပါ့) သဘောကျပြီးလား (ကျပါပြီ) မြွားဖြတ်ပြီးမြင်လိုက်တော့ကို မဂ္ဂေါဆိုတာဘာတုံးကိလေသေဆိန္ဒေန္တော...(မှန်လှပါဘုရား) ဆိုတော့၊ (၃) မဆက်အောင်ဖြတ်နိုင်တာမဂ်ပဲ (မှန်ပါ့ဘုရား)။

သိပ်အဖိုးမတန်ဘူးလား (တန်ပါတယ်ဘုရား)သူများပြောလား၊ ခင်ဗျားတို့ကိုယ်တွေ့လား (ကိုယ်တွေ့ပါဘုရား)။

အဲဒါခင်ဗျားတို့ကိုယ်ထဲမှာ ဒီလိုရှိလို့ ဒါခင်ဗျားတို့ကိုယ်ထဲ မဂ်ပေါ်တာလည်းဒီ နေရာမှာပေါ်တယ်လို့ သိတယ် (မှန်ပါ့) ဒါခင်ဗျားတို့ကိုယ်တိုင် သိတယ်... (သိပါတယ်ဘုရား) ရှင်းပြီလား (ရှင်းပါပြီ) (၂) နံပါတ်တစ်ခုလုံးဟာ ခင်ဗျားတို့ ခန္ဓာကိုယ်လို့သိပါ... (သိပါတယ်ဘုရား) အားထုတ်တာသည်ကားလို့ဆိုရင် ခင်ဗျားတို့ ကိုယ်ထဲမှာ ခင်ဗျား

တို့ "ဉာဏ်နဲ့"ခင်ဗျားတို့၏ နောက်ခန္ဓာ ဖြတ်နေတာပဲ (မှန်ပါ့ဘုရား)။

နောက် ခန္ဓာဖြစ်ကြောင်းဖြတ်လိုက်သဖြင့် ခန္ဓာဖြစ်ကျိုး ကောလာသေးရဲ့လား (မလာပါဘုရား) အဲဒီတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချကြ၊ ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးတော့ဖြတ်ပုံ၊ ဖြတ်နည်းနားလည်အောင် ပြောပေးတယ်၊ (မှန်လှပါဘုရား) ရှင်းပြီလား (ရှင်းပါပြီ)။

(၂) ထဲက ခန္ဓာကို ဖြစ်ပျက်ရှုနိုင်လို့ ရှိရင်ဖြင့် (၃) နဲ့ မဆက်မိတော့ဘူး (မှန်ပါ့ဘုရား) မဆက်မိရင်စိတ်ချတော့၊ ခင်ဗျားဆက်မှ မဆက်ပဲ၊ ခင်ဗျားမှာ သမုဒယသစ္စာချုပ်ပြီ (မှန်လှပါ) ဒုက္ခသစ္စာဆိုတာ မလာတော့ဘူး၊ ခင်ဗျားတို့ဖြစ်ပျက်မှုံ ဖြစ်ပျက်ဆုံးအောင်ဆက်ရှုလို့ရှိရင် ဒုက္ခငြိမ်း၊ သမုဒယသိမ်းတဲ့ နိဗ္ဗာန်ပေါ်ပြီ (မှန်လှပါဘုရား)။

"နိဗ္ဗာန်နဲ့ ဂါမိနိမဂ္ဂေါ ကောပေါ်ပြီလား (ပေါ်ပါပြီဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား) ကဲ... ကြိုးစားလိုက်တော့ (မှန်ပါ့ဘုရား)။

မိုး (၆) စာ (၅၁၄)

◆ ◆ ◆ ◆ ◆

## သံယုတ်ပါဠိတော်လာ
## အနိစ္စဝတသင်္ခါရ တရားတော်

သင်္ခါရသိဖို့ ဟောရဦးမယ်၊ အဝိဇ္ဇာပစ္စယာသင်္ခါရာဆို တော့ မသိတဲ့ ပုဂ္ဂိုလ်ပြုလုပ်တာသည် သင်္ခါရဖြစ်ပါတယ်၊ ဒီသင်္ခါရဆိုတာ ဘာပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ ပြုပြင် တတ်တဲ့ တရားကို သင်္ခါရလို့ခေါ်ပါတယ် (မှန်ပါ့)။

သူကပြုပြင်လိုက်တော့ ဒီဘက်မှာ ပစ္စုပ္ပန်ဘဝ ဝိညာဏ် ဆိုတဲ့ ပဋိသန္ဓေစိတ်တွေပေါ်ပါတယ်၊ ပေါ်တော့ ဒီဝိညာဏ်က လည်း သူက နာမ်ရုပ်ကို ပြုပြင်မှာဖြစ်သောကြောင့် သူ့ကို သင်္ခါရဆိုရင် ကောလွဲပါ့မလား (မလွဲပါဘုရား) ဒါဖြင့် သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာနာမရူပံဆိုတော့ ဝိညာဏ်က တစ်ခါ ပြုပြင်တာနဲ့ နာမ်ရုပ်ကပြုပြင်တော့ သင်္ခါ ယတန၊ (ဖြစ်ပါတယ် ဘုရား)။

ဒါကြောင့် သင်္ခါယတန ဆိုတဲ့တရားသည် ပြုပြင်လို့ပေါ် တဲ့တရား၊ ဒါကြောင့်သူ့ကိုလည်း သင်္ခါရတရားလို့မှတ်လိုက် စမ်းပါ၊ "သဗ္ဗေသင်္ခါရာဆိုတာဟာပြုပြင်လို့ပေါ်လာတဲ့တရား ပဲလို့မှတ်ရမယ်" အနိစ္စာဝတသင်္ခါရာဆိုတာဒီတရားဟာသင်္ခါရ တရား၊ စိတ်တရားဟာ သင်္ခါရတရားလို့မှတ်ထားလိုက်စမ်းပါ၊ စိတ်တွေဟူသ၍ (သင်္ခါရပါ)။

အနိစ္စာဝတ သင်္ခါရဆိုတော့ သင်္ခါရ = သင်္ခါရတရားတို့ သည် ဝတ =စင်စစ်၊ အနိစ္စာ = မမြဲမရှိကုန် ပြုပြင်လို့ပေါ်လာ

တဲ့တရားသည် ပေါ်ပြီးသည့် အခြားမဲ့၌ အနိစ္စအမြဲမရှိဆိုတော့ ဖြစ်ပြီး ပျက်တယ်ဆိုတဲ့ အဓိပ္ပါယ်ရပါတယ်။

ဒကာ,ဒကာမတို့ စိတ်ကလေးတွေ ဘယ်စိတ်ပေါ်ပေါ် ခင်ဗျားတို့ သန္တာန်၌ သင်္ခါရတရားမှတ်ပါ၊ ဒကာ, ဒကာမတို့ ရထားတဲ့ ဂါထာက မြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်က အနိစ္စာဝတသင်္ခါရာ၊ ဝတ=စင်စစ်၊ သင်္ခါရာ= ဒီအကြောင်း တရားက ပြုပြင်လို့ ဖြစ်ပေါ်လာတဲ့ သင်္ခါရတရားတို့သည်၊ အနိစ္စာ = အမြဲမရှိကုန်။

သင်္ခါရဟာ အနိစ္စလမ်းဆုံးတယ်၊ ပြုပြင်လို့ပေါ်လာတဲ့ တရားဟာ ဘယ်လမ်းဆုံးသလဲ (အနိစ္စလမ်းဆုံးပါတယ်ဘုရား) ဒီကနာမ်ရုပ်က ပြုပြင်လို့သူပေါ်လာတာကိုး (မှန်ပါ့) သဋ္ဌာယ တနဆိုတဲ့ စိတ်မပေါ်ဘူးလား (ပေါ်ပါတယ်) အဲ ပေါ်လာတဲ့ တရားဟာ ဘယ်မှာလမ်းဆုံးသတုံး (အနိစ္စမှာဆုံးပါတယ်)။

ပေါ်လာတာသည် (သင်္ခါရ) ပျက်တာသည် (အနိစ္စ) ခင် ဗျားတို့သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် သင်္ခါရပျက်သွားရင် အနိစ္စ ဘယ်စိတ်ပေါ်လာလာ (သင်္ခါရပါ) ပျက်သွားရင် (အနိစ္စပါ)။ ဒကာ,ဒကာမတွေ သန္တာန်မှာ စားချင်စိတ်ကလေးပျက်သွားရင် (အနိစ္စပါဘုရား)ခင်ဗျားတို့သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် အနိစ္စ နဲ့ သင်္ခါရသာ ရှိရမယ်။

ဘယ်ပါဠိတော်ကလာသတုံးဆိုတော့ သံယုတ်ပါဠိတော် ပရိနိဗ္ဗာနသုတ်တွေမှာလည်း ဘုရားဟောခဲ့ပါတယ်၊ အနိစ္စာဝတ

သင်္ခါရာဆိုတာ ဝတဆိုတာက စင်စစ်ပါပဲ သင်္ခါရာ =ပြုပြင်လို့ ပေါ်လာတဲ့ တရားသည်အနိစ္စ=ပျက်၏စိတ်ဆိုတာ ပြုပြင်လို့ ပေါ်လာတာ၊ ပြုပြင်လို့ပေါ်လာတဲ့ တရားကို ဘာခေါ်ကြမတုံး (သင်္ခါရပါဘုရား) ပျက်သွားတော့ (အနိစ္စပါ)။

ဒကာ, ဒကာမတို့သန္တာန်၌ အာရုံဒွါရကပြုပြင်လို့ ပေါ် လာတဲ့စိတ်၊ အဲဒီစိတ်ပေါ်နေတုန်းကို သင်္ခါရလို့ မှတ်လိုက်စမ်း ပါ၊ (မှန်ပါ့) ပျက်သွားရင် ဘယ်နဲ့ခေါ်မယ် (အနိစ္စပါ)။ ဒါ ကြောင့် ခင်ဗျားတို့ သန္တာန်မှာဖြစ်တဲ့စိတ်သည် ဘယ်စိတ်မဆို အာရုံဒွါရက ဖြစ်စေသောကြောင့်ပေါ်လာတဲ့ သင်္ခါရလို့ မှတ် လိုက်စမ်းပါ၊ ပေါ်ဆဲသင်္ခါရပျက်သွားရင် (အနိစ္စပါဘုရား)။

ဒကာ,ဒကာမတို့သန္တာန်၌ ဘယ်တရားသာရှိပါလိမ့်မတုံး ဆိုတော့ သင်္ခါရနဲ့ အနိစ္စပဲရှိတယ်၊ ပေါ်လာတာ သင်္ခါရ၊ ပျက် တာ အနိစ္စဆိုတော့ ကြားစိတ်ကလေး ပေါ်လာရင်လည်း ဩော် သင်္ခါရကလေးပေါ်လာပြီ၊ ပျက်သွားရင်လည်း အနိစ္စရောက် သွားပြီ၊ စားစိတ်ကလေး လျှာအလယ်မှာ ပေါ်လို့ရှိရင်လည်း ဩော်...ပေါ်သင်္ခါရဟာ အနိစ္စလမ်းဆုံးပါကလားဆိုတာ မပေါ် လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

"အနိစ္စာဝတသင်္ခါရာ"= ဆိုတာ သဘောကျရောပေါ့၊ (ကျပါပြီဘုရား) ပျက်လေသမျှ (အနိစ္စပါ) ပေါ်လေသမျှ ... (သင်္ခါရပါ)။ ဒါဖြင့် ဒီတရားနာလာကြတာတွေဟာ မည်သူ-

မည်ဝါတွေလည်းလို့ မေးလို့ရှိရင်ဖြင့် သင်္ခါရတရားတွေ, အနိစ္စ တရားတွေပဲဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။ ဒီအထဲမှာ ယောကျ်ားတွေ မိန်းမတွေပါသေးသလား၊ သင်္ခါရအနိစ္စချည်းပဲ လား (သင်္ခါရ အနိစ္စချည်းပါဘုရား)။ တစ်ကိုယ်လုံး ရုပ်ရော နာမ်ရောဟာ ပေါ်လာတာ သင်္ခါရ ပျက်တာအနိစ္စမှတ်ထား လိုက်တာပေါ့ (မှန်ပါ့)။

အနိစ္စာဝတ သင်္ခါရာကို ဘုရားက မသိမှာစိုးတဲ့အတွက် ပေါ်လာတာ သင်္ခါရ၊ ပျက်တာအနိစ္စ၊ မသိမှာစိုးတဲ့အတွက် ဥပ္ပါဒနဲ့ ဝယပါပဲ (မှန်ပါ) မပြောဘူးလား (ပြောပါတယ်)။

ဥပ္ပါဒဝယဓမ္မိနော… လို့ မလာဘူးလား (လာပါတယ်) ဓမ္မိနော၊ ဒီတရားသဘောကိုပြောရမှာဖြင့် ဥပ္ပါဒဝယော၊ ဖြစ်မှု ပျက်မှုသာရှိတယ်၊ ဒကာ၂, ဒကာမတွေရဲ့သန္တာန်မှာဘာရှိပါလိမ့် (ဖြစ်မှု၊ ပျက်မှုသာရှိပါတယ်ဘုရား)၊ စိတ်ကလေးပေါ်လဲ၊ ဖြစ်မှု၊ ပျက်မှုပဲ၊ ဝေဒနာလေး ပေါ်ရင်ကော (ဖြစ်မှု,ပျက်မှုပါဘုရား) အင်… ဖဿ ကလေးပေါ်ရင်ကော (ဖြစ်မှုပျက်မှုပါဘုရား) ဖြစ်မှု ပျက်မှုချည်းရှိတယ်ဆိုတော့ ဘုန်းကြီးက စိတ္တာနုပဿနာ အဓိကထားပြောနေတာ ဒကာ, ဒကာမတို့ သန္တာန်ဘယ်စိတ် ပေါ်ပေါ် ဘာရှိတုံး၊ (ဖြစ်မှုပျက်မှုပဲရှိပါတယ်)။

ဒါကြောင့် ဖြစ်ပျက်သာရှိတယ်ဆိုတာ ဒီပါဠိတော်က လာတာ (မှန်ပါ့) သဘောပါကြလား၊ ခင်ဗျားတို့တစ်ကိုယ်လုံး

မှာဘာရှိတုံး (ဖြစ်ပျက်ပဲရှိပါတယ်)၊ ရုပ်ကြည့်လိုက်ရင် (ဖြစ်ပျက်ပါဘုရား) နာမ်ကြည့်လိုက်လည်း (ဖြစ်ပျက်ပါဘုရား) နာမ်ထဲက အသေးစိတ်ပြီး စိတ်ကြည့်လိုက်ပြန်တော့ (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်သာရှိတယ်ဆိုတာ မရှင်းသေးဘူးလား (ရှင်းပါပြီ)။

အနိစ္စာဝတသင်္ခါရကို မလုံလောက်တာနဲ့ နားရှုပ်နေမှာစိုးတာနဲ့ ဘုရားက ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ခြင်း ပျက်ခြင်းသဘောသာရှိတယ်၊ စိတ်ကလေးသည် (ဖြစ်ခြင်း ပျက်ခြင်းသဘောပဲရှိပါတယ်)၊ စိတ်ကလေးတစ်ခုပေါ်လာတိုင်း ပေါ်လာတိုင်း ဘာရှိပါလိမ့် (ဖြစ်ခြင်း ပျက်ခြင်းသဘောပဲရှိပါတယ်)။

ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ အနိစ္စာဝတသင်္ခါရာနဲ့ ဥပ္ပါဒဝယဓမ္မိနောဟာ ထပ်ပြီး တင်ရှားအောင် ဟောတော်မူတာလို့ ဒကာ,ဒကာမတွေက မှတ်လိုက်တာပေါ့။

နောက်တစ်ခါလာပြန်တော့ ခင်ဗျားတို့ ရထားတာက "ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ" မလာဘူးလား (လာပါတယ်ဘုရား) ဥပ္ပဇ္ဇိတွာ = ဒီစိတ်ကလေး ဖြစ်ပေါ်လာပြီး၍၊ နိရုဇ္ဈန္တိ = ချုပ်ကုန်၏ ဆိုတဲ့ဥစ္စာလည်း ဒကာ,ဒကာမတို့ ဖြစ်ပျက်ပဲ ထပ်ဟောတာ၊ (မှန်ပါ့) သဘောပါကြပြီလား (ပါ ပါတယ်ဘုရား) ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိဆိုတာ ဘာပါလိမ့် (ဖြစ်ပျက်ကို ထပ်ဟောတာပါဘုရား) အနိစ္စာဝတသင်္ခါရာကလည်း ဖြစ်ပျက်ပဲ၊ ဥပ္ပါဒဝယဓမ္မိနောက

ကော (ဖြစ်ပျက်ပါပဲဘုရား) ဥပ္ပန္နဓမ္မာ = နိရုဇ္ဈန္တိကကော (ဖြစ်ပျက်ပါပဲဘုရား)။

ဖြစ်ပျက်အရေးကြီးတယ်လို့ သုံးခါထပ်ပြောတယ်၊ဘယ်နဲ့ကြောင့် ဘုရားဟောထားပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ အလုပ်လုပ်ဖို့ ဟောထားတယ်၊ ဖြစ်ပျက်ပဲရှိတယ်ဆိုတော့ ဒကာ,ဒကာမတွေက ဒီဖြစ်ပျက်ကို ဘုန်းကြီးပေးထားတဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင် ၅ ပါးနဲ့ ဖြစ်ပျက်နဲ့ - မဂ်နဲ့ကိုက်အောင်လုပ်ပါ၊ စိတ်က = ဖြစ်ပျက်၊ မဂ္ဂင်ငါးပါးက = မဂ်။

ဒီလိုချည်း ဒကာ,ဒကာမတွေကမိအောင်ရှုနေလို့ရှိရင်... တဲ့ ဒီဘက်က (၃) နံပါတ်ဆိုတဲ့ တဏှာ, ဥပါဒါန် ကံတွေဟာ မပြတ်ဘူးလား၊ ပြတ်သလား (ပြတ်ပါတယ်ဘုရား)။ ဒါဖြင့် ပပဉ္စချုပ်တယ်၊ သဘောပါကြပြီလား... (ပါပါပြီ) ပပဉ္စနိရောဓေါ နိဗ္ဗာနံကိုး၊ ပပဉ္စချုပ်တာလည်း နိဗ္ဗာန်ပဲကွ၊ ချဲ့မည့်တရားမှ မရှိတော့ပဲ ဒကာ, ဒကာမတို့ချဲ့တဲ့ တရားခန္ဓာပေါ်ဦးမလား (မပေါ်ပါဘူး) မပေါ်ရင် ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

ပပဉ္စဆိုတာ ပပဉ္စတစ်ခုလုံးကို ဖွဲ့လိုက်ရင် သမုဒယသစ္စာပါပဲ၊ ပပဉ္စနိရောဓော နိဗ္ဗာနံဆိုတာမှတ်လိုက်စမ်းပါ။ အခုဟာက ဒီဘက်က ချုပ်တာပြောတာနော်၊ဒီကမဂ်နဲ့လာတဲ့အခါကျတော့ (၂)နှင့်(၃) အစပ်မှာ မဂ်လာတဲ့အတွက် (၃)နံပါတ်ချုပ်တယ်လို့

ပြောတယ်၊ ဒါကဒကာ, ဒကာမတွေ မှတ်ပါတဲ့ အနာဂတ်မှ ရမည့်နိဗ္ဗာန်၊ အခုချက်ခြင်း ရချင်တဲ့ နိဗ္ဗာန်ကရှိသေးတယ်၊ (မှန်ပါ့) ဒကာ, ဒကာမတို့ အခုချက်ခြင်း ဉာဏ်အောက်မှာ ရောက်လာတဲ့ နိဗ္ဗာန်ကအရေးကြီးတယ်၊ (မှန်ပါ့) နောက်မှရမည့် နိဗ္ဗာန်က ခန္ဓာဆုံးမှရမည့် နိဗ္ဗာန်ကို အသာထားလိုက်။ (မှန်ပါ့)။

ယနေ့ဟောမှာက ယနေ့ ပစ္စုပ္ပန်ဘဝကွင်း ယနေ့ရမည့် နိဗ္ဗာန်ကို ဟောပါလိမ့်မယ် "သဉပါဒိသေသနိဗ္ဗာန်" ကိုဟောမယ်၊ အနုပါဒိသေသနိဗ္ဗာန်မဟောသေးဘူး၊ ဒီပါဠိတော်က ဘာဟောတုံးဆိုတော့ သဉပါဒိသေသ နိဗ္ဗာန်ကို ဟောထား တယ်၊ ဒကာ, ဒကာမကို့ စိတ်ကလေးပေါ်တိုင်းပေါ်တိုင်းဘယ်လိုရှုကြမယ်၊ (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပြီး ပျက်တယ်လို့ ဒီမင်္ဂနဲ့ မရှုနိုင်ဘူးလား ... (ရှုနိုင်ပါတယ်ဘုရား)။

မင်္ဂနဲ့ရှုနိုင်တဲ့ အခါကျတော့ကိုတဲ့ ခုနကပါဠိပြန်ကြည့်ပါ၊ အနိစ္စာဝတသင်္ခါရ ဖြစ်ပျက်၊ ဉပ္ပါဒဝယဓမ္မိနောဆိုတာကော (ဖြစ်ပျက်ပါပဲ)၊ ဉပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိဆိုတာကကော (ဖြစ်ပျက်ပါပဲ) သြော် ခန္ဓာကိုယ်ထဲမှာဖြင့် ဒါပဲရှိတယ်ဆိုတာ သေချာပြီ၊(မှန်ပါ့ ဘုရား)၊ ယောကျ်ားတွေ မိန်းမတွေရှိသေးသလား၊ ဖြစ်ပျက်ပဲရှိသလား... (ဖြစ်ပျက်ပဲရှိပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြစ်ပျက်ဟာအင်မတန် အရေးကြီးကြောင်းကို ဘယ်နှစ်ခါ ထပ်ပြောပါလိမ့် (သုံးခါထပ်ပြောပါတယ်)၊ သုံးခါထပ်ပြောတယ်ဆိုတာ သေချာပြီလား (သေချာပါတယ်ဘုရား) ကိုင်း ဒါဖြင့်(၄)နံပါတ် ပြောတော့မယ်၊တေသံဝူပသမောသုခေါ၊ရွတ်ကြစမ်းပါ (တေသံ ဝူပသမောသုခေါပါဘုရား)။

တေသံဆိုတာ ဘာတုံး (ဖြစ်ပျက်တို့၏) တေသံ = ထို ဖြစ်ပျက်တို့၏၊ ဝူပသမော = ချုပ်ခြင်းသည်၊ သုခေါ = နိဗ္ဗာန်ပဲ ဆိုတော့ ဒီဘက်မှာ နိဗ္ဗာန်နေတယ်၊ (မှန်ပါ့) သုခေါ = ချမ်းသာ၏ နိဗ္ဗာန်ဆိုတာဘာလဲ၊ ဖြစ်မှုပျက်မှုသိမ်းတာကို နိဗ္ဗာန် ခေါ်တယ် (မှန်ပါ့)။

ခင်ဗျားတို့ဖြစ်မှု ပျက်မှုလာတိုင်း လာတိုင်း ဝိပဿနာ မဂ်နဲ့ ရှုပေးပါ၊ သဘောကျပြီလား၊ ဝိပဿနာမဂ်ဆိုတာ မဂ္ဂင် (ငါးပါးပါဘုရား) ငါးပါးနော်...ငါးပါးကိုပဟာဖြီးပါပြီ၊ ဒါဖြင့် ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် - မဂ်ကိုက်အောင်လုပ်လေ (မှန်ပါ့) ခင်ဗျား တို့သန္တာန်မှာ ဝမ်းထဲမှာ ပေါ်တဲ့စိတ်ကဖြစ်ပျက်။

မျက်လုံးမှာပေါ်တဲ့စိတ်က (ဖြစ်ပျက်ပါဘုရား) ဟဒယ ဝတ္ထုပေါ်ကနေပြီး ဉာဏ်မဂ်နဲ့ရှုပါ၊ သဘောပါပြီလား၊ ဒီက ဖြစ်ပျက်၊ ဒီကမဂ်ဖြစ်တော့ ကြားထဲမှာ လောဘ-ဒေါသ-မောဟပါသေးသလား၊ (မပါ-ပါဘူး) ဒီအတိုင်း ဖြစ်ပျက်နဲ့ မဂ်

ကိုက်အောင်ရှု၊ လောဘ-ဒေါသ-မောဟကြား မခိုဘဲနဲ့ ရှုကြမယ်ဆိုရင် ညနေအားထုတ်ရင် နံနက်ကိုသောတာပန်တည်မယ်၊ သဘောကျပြီလား... (ကျပါပြီ)။

ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကိုက်အောင်လုပ်၊ ဖြစ်ပျက်နဲ့မင်္ဂနဲ့ကြားထဲမှာ တစ်ပါးသော ကိလေသာမခြားစေနဲ့ (မှန်ပါ့) ရှင်းပြီးလား (ရှင်းပါပြီ) လောဘ-ဒေါသ-မောဟ ဘာလုပ်ရမတုံး ကြားမခြားစေနဲ့နော် ... (မှန်ပါ့) ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကြားထဲမှာ လောဘ-ဒေါသ-မောဟ ကြားမခိုစေနဲ့၊ လောဘ-ဒေါသ မောဟ ကိလေသာမစ္ဆရိယ မာနဆိုတဲ့ အကုသိုလ်တရားတွေ ကြားမခိုပါစေနဲ့။

ထိုကဲ့သို့ ကြားမခိုခဲ့သည် ရှိသော် နံနက်အားထုတ်ရင် ညနေသောတာပန်တည်မယ်၊ ညနေအားထုတ်ရင် နံနက်ရမယ်လို့ ဘုရားက(ပဏ္ဏာသ)မှာလည်း သေသေချာချာဟောပါတယ်၊ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာလည်း သေသေချာချာဟောပါတယ်၊ ခင်ဗျားတို့အတွက် စိုးရိမ်လို့ ရှုနည်းကို ဘုန်းကြီးအစုံအလင်ပေးပါတယ်၊ ဖြစ်ပျက် မင်္ဂကိုက်အောင်လုပ် သဘောကျပြီလား... ဒါဝိပဿနာလို့မှတ်ပါ၊ ဖြစ်ပျက်နောက်က ဘာလိုက်ရမလဲ...ရှုတဲ့မင်္ဂလိုက်ရမယ် (မှန်ပါ့)။

ဒီလိုလိုက်တော့ ဒီကြားထဲ ကိလေသာပါသေးသလား... (မပါ-ပါ) မပါဘူး၊ ဒီဖဿကလည်း စိတ်နဲ့တွဲလျက်ပဲ၊ ဝေဒနာ

ကလည်း စိတ်နဲ့တွဲလျက်ပဲဆိုတော့ ဒီသုံးခုပေါင်းလိုက်တော့ ဒီကြားထဲမှာ လောဘ–ဒေါသ–မောဟမလာ၊ ဤသဘာဝမစ္ဆရိယ မလာလို့ရှိရင်ဖြင့် ညနေအားထုတ် နံနက်မဂ်ရပါတယ်ဆိုတော့ နိဗ္ဗာန်သည် ဒကာ,ဒကာမတို့ အနီးကလေးဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)တေသံ = ထိုဖြစ်ပျက်နှစ်ပါးတို့၏ ဝူပသမော = မရှိသောနိဗ္ဗာန်သည် ဆိုတော့ ဒီဖြစ်ပျက်ချုပ်တဲ့ နေရာနိဗ္ဗာန် ပေါ်တာပဲ (မှန်ပါ့)။

ပထမတော့ သင်္ခါရတရားတွေဖြစ်ပြီး ပျက်နေတယ်၊ နောက်ကျတော့ သင်္ခါရတရားတွေဟာ ဖြစ်မှု ပျက်မှုတွေပဲ၊ ရှုဖန်များလာတဲ့အခါကျတော့ လိုချင်တဲ့စိတ်လာသေးလား(မလာပါဘူး) လိုချင်တဲ့စိတ်လည်း မလာတော့ဘူးဆိုတော့ ဖြစ်ပျက်တွေဟာ ချုပ်သွားတယ်။

တေသံ = ထိုဖြစ်ပျက်တို့၏ ဝူပသမော=ချုပ်တာနိဗ္ဗာန်ပဲ သုခေါ= ချမ်းသာ၏ မဆိုဘူးလား (ဆိုပါတယ်ဘုရား) နိဗ္ဗာန်ဟာ ဒီနားမှာရှိတယ်၊ ဖြစ်ပျက်မပေါ်ရင် = (နိဗ္ဗာန်ပါ) သဘောကျပြီလား (ကျပါပြီ) ဒါဖြင့် ဒီကဉာဏ်၊ ဒီကဘာ ခေါ်မယ် (နိဗ္ဗာန်) ဖြစ်ပျက်ချုပ်သွားရင် ဒီနေရာက ဘာပါလိမ့် (နိဗ္ဗာန်ပါ) ဒီကဘာပါလိမ့် (ဉာဏ်ပါဘုရား) ဒီကမဂ်ဉာဏ်–ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်၊ ဒီနေရာမှာပဲပေါ်ရမယ်၊ သဘောကျကြပြီလား (ကျပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ဆုံးတာ ဘာခေါ်မယ်၊ (နိဗ္ဗာန်ပါဘုရား) သိနေတဲ့ဉာဏ်ဘာခေါ်မယ်၊ (မဂ်ဉာဏ်ပါဘုရား) အဲ...မဂ်ဉာဏ်– ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်လို့ မှတ်လိုက်စမ်းပါဆိုတော့ နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာရှိတယ်၊ ခန္ဓာရှိတုန်းပဲ၊ ရှုတဲ့ဉာဏ်ရှိတုန်းပဲ တွေ့ရခြင်းကြောင့်တဲ့ ခန္ဓာရှိတုန်း တွေ့ရတဲ့ နိဗ္ဗာန်သဘောပါပြီလား (ပါ ပါပြီ) ခန္ဓာရှိတုန်းတွေ့ရတဲ့ နိဗ္ဗာန် (မှန်ပါ့)။

အဲဒါဖြင့် နိဗ္ဗာန်နဲ့ ဉာဏ်နဲ့သွားတွေ့တော့ကိုတဲ့ ဒီဉာဏ်ရှိ တဲ့ဘုရားဖြစ်စေ၊ သောတာပန်ဖြစ်စေ ပရိနိဗ္ဗာန်စံပြီလား (မစံသေးပါဘုရား) မစံခင်တွေ့ရသောကြောင့် ခန္ဓာရှိတုန်းရရဲ့နိဗ္ဗာန်ပေါ်ပြီလား (ပေါ်ပါပြီ) ဘာတဲ့တုံး (ခန္ဓာရှိတုန်းရတဲ့နိဗ္ဗာန်)ခန္ဓာရှိကုန်းရတဲ့ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့စာဆိုမှာသာတွေ့ဘူးတယ်၊ လက်တွေ့နဲ့ဆိုလိုရှိရင်ဖြင့် ဖြစ်ပျက်ဆုံးအောင်သာလိုက်၊ လိုက်ကြပါဒကာ၊ ဒကာမတို့ (မှန်ပါ)။

ခန္ဓာရှိတုန်းတွေ့တဲ့နိဗ္ဗာန်ဟာ သဉပါဒိသေသနိဗ္ဗာန်ပေါ့။ ခန္ဓာမရှိတော့မှ အနုပါဒိသေသနိဗ္ဗာန်ဆိုတာ စာမှာလာပါတယ်၊ ဥဒါန်းတို့ဣတိပုတ်တို့မှာ လာပါတယ်၊ လာပင်လာငြားသော်လည်း စာကဆိုနေတာ ခင်ဗျားတို့ ဉာဏ်ထဲမှာရှင်းကိုမရှင်းဘူး၊ အခုရှင်းပြီးလား၊ (ရှင်းပါပြီးဘုရား) ကိုင်း ဒါဖြင့် ခင်ဗျားတို့က စိတ်လာတိုင်း လာတိုင်း ဖြစ်ပျက်ရှု၊ ဟုတ်လား (မှန်ပါ့)။

ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်အောင်ရှုနေပါ၊ ကြာတော့ဖြစ်ပျက်တွေကိုမြင်တာရှင်းမလာပေဘူးလား (ရှင်းလာပါတယ်) ရှင်းလာရင် (ယထာဘူတဉာဏ်) ရှင်းတဲ့ပြင်မှာ တပည့်တော်ကိုယ့်အဖြစ်အပျက် ကိုယ့်အသေကြီးကိုယ်မြင်ရတဲ့အတွက် ဉာဏ်တက်လာရင် မမုန်းဘူးလား မုန်းမလား (မုန်းပါတယ်)။

ယထာဘူတဉာဏ်မဟုတ်တော့ဘူး၊ မုန်းတဲ့ (နိဗ္ဗိန္ဒဉာဏ်) လာပြီဖြစ်တယ်၊ နောက်ကျတော့ ဒီဖြစ်ပျက်တွေကို ဒကာ,ဒကာတွေက ရှုရတာကလည်းများ မုန်းကလည်းမုန်းတော့လိုချင်သေးရဲလား (မလိုချင်ပါဘူးဘုရား) ကိုယ့်အသေတွေကိုယ်မြင်ရတော့ လိုချင်သေးရဲ့လား (မလိုချင်ပါဘုရား) မလိုချင်တော့ သုဆုံးသွားတယ် (မှန်ပါ့)။

မလိုချင်တဲ့အခါကျတော့ ဖြစ်ပျက်တွေ ပေါ်သေးရဲ့လား (မပေါ်ပါဘုရား)၊ ဒါဖြင့်ဖြစ်ပျက်ဆုံးတာကဘာခေါ်မယ် (နိဗ္ဗာန်ပါဘုရား) အဆုံးကိုမြင်တာက (မဂ်ဉာဏ်ပါဘုရား) ဖြစ်ပျက်ဆုံးသွားတာက (နိဗ္ဗာန်ပါဘုရား) ခင်ဗျားတို့ မသေခင်မြင်ရအောင်ကြိုးစားလိုက်စမ်းပါ။ (မှန်ပါဘုရား) နိဗ္ဗာန်ဟာမသေခင်ကတွေ့ထားမှ သေတော့စိတ်ချရတာ (မှန်ပါဘုရား) သဘောပါပြီလား (ပါ ပါပြီ)နိဗ္ဗာန်မြင်ပြီးသေလို့ရှိရင်တော့ ဒကာ,ဒကာမတို့ အပါယ်လေးပါးသွားသေးရဲ့လား (မသွားပါဘူးဘုရား)။

သောတာပတ္တိမဂ်က နိဗ္ဗာန်မြင်တယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဖြစ်ပျက် အဆုံး ကိုမြင်လို့ပေါ်ကြပြီနော် (မပေါ်ပါ

ဘုရား) ဣဒမ္ပိသံဃေ ဆိုတော့ အဲဒီကျမှ အရိယာသံဃာဖြစ်တယ်၊ ပထမသံဃာဖြစ်တယ်၊ မှန်ပါ ဒီအရင်တုန်းကသမုတိသံဃာသာ ဖြစ်တယ်။

ဣဒမ္ပိသံဃေ ရတနံပဏီတံဧတေနသစ္စေနသုဝတ္ထိဟောတုလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သုတ္တန်နိပါတ်ပါဠိတော် ရတနသုတ်မှာ ဟောခဲ့တာသည် ဖြစ်ပျက်အဆုံးနိဗ္ဗာန်ကိုမြင်အောင်ကြည့်ပါလို့ ဟောခဲ့ပါတယ် (မှန်ပါ) သဘောကျပြီလား (ကျပါပြီ) ဖြစ်ပျက်အဆုံး (နိဗ္ဗာန်ကိုမြင်အောင်ကြည့်ပါ) အဲဒီတော့နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့မြင်အောင်လုပ်ပါ။

ဒီနေရာမှာ ဝိပဿနာနဲ့ မဂ်ဉာဏ်ကူးပုံကလေးဟောပြောဘို့ရာ အချိန်ရောက်လာပြီ၊ ဒကာ,ဒကာမတို့ ပထမရှုတဲ့အခါကျလို့ ရှိရင် မြင်စိတ်ကလေးလာလည်း ဖြစ်ပျက် ရှုတာမဂ် သဘောကျပြီလား (ကျပါပြီ) ကြားစိတ်ကလေးလာလည်း (ဖြစ်ပျက်) ရှုတာက (မဂ်ပါဘုရား) ဒါဖြင့်ဒီမဂ်သည် ဝိပဿနာမဂ်သည် ဘယ်သူ့ကို အာရုံပြုနေသတုံးဆိုတဲ့ မေးခွန်းထွက်လာတယ် (မှန်ပါ)။

ဖြစ်ပျက်ကို အာရုံပြုနေတယ်၊ သဘောပါပြီလား (ပါ ပါပြီ) မဂ်သည်ဘယ်ကို အာရုံပြုသတုံး (ဖြစ်ပျက်ကိုအာရုံပြုပါတယ်) အာရုံပြုတယ်ဆိုတော့ စာသံပါနေတယ်၊ ဖြစ်ပျက်ကို ဘယ်သူ မြင်သတုံးမေးရင် ဘယ်နဲ့ပြောကြမယ် (မဂ်ကမြင်ပါ

တယ်) အဲ မဂ်ကမြင်တာကို အာရုံပြုတယ်ဆိုတာပဲ၊ သဘောပါ ပြီလား (ပါ ပါပြီဘုရား)။

ဒါဖြင့်ဒီမဂ်သည် နိဗ္ဗာန်ကိုမြင်သလား... ဖြစ်ပျက်ကို မြင်သလား၊ (ဖြစ်ပျက်ကိုမြင်ပါတယ်ဘုရား) အဲ... ဖြစ်ပျက် မြင်ရင် ဝိပဿနာမဂ်၊ ရှင်းကြပြီလား (ရှင်းပါပြီ) ဒီနေ့နောက် ဆုံးပိတ် ဘုန်းကြီးကလည်း ပြန်မှာမို့ ဒကာ,ဒကာမတွေကို သနားသဖြင့် ဩော် ဒီအလုပ် လုပ်ရစ်ပါစေတော့ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးရောက်ပါစေတော့ဆိုပြီး ဟောနေခြင်းဖြစ်ပါတယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ပျက် မဂ်ဆိုလို့ရှိရင်ဖြင့်ဘာ မဂ်လို့ခေါ်ကြ မလဲ (ဝိပဿနာမဂ်ပါဘုရား) ဝိပဿနာမဂ်ဆိုတာ အကြိမ်ကြိမ် ရှုရတာ ဝိပဿနာမဂ် (မှန်ပါ့) တစ်ကြိမ်တည်း ရှုရတာ လောကုတ္တရာမဂ် (မှန်ပါ) ရှင်းပြီးလား... (ရှင်းပါပြီ) ဝိပဿ နာမဂ်ကတော့ အကြိမ်ကြိမ် (သင်္ခါရ) တရားကို ရှုရပါတယ်၊ အနိစ္စဝတသင်္ခါရကိုးဗျ၊ ဒီအကြိမ်ကြိမ်သင်္ခါရတွေ မြင်တာဘာ ခေါ်မယ် (ဝိပဿနာမဂ်ပါဘုရား)။

တေသံ = ထိုအကြိမ်ကြိမ် ရှုရတဲ့ဖြစ်ပျက်တို့၏ (ဝါ) (သင်္ခါရ) တရားတို့၏ ဝူပသမော=ချုပ်သွားခြင်းသည်၊ (ဝါ)= ငြိမ်း သွားခြင်းသည်၊ (ဝါ) ငြိမ်းသောနိဗ္ဗာန်သည်၊ သုခေါ= ချမ်းသာ၏၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဒါ

ဘုန်းကြီး မန္တလေးက ယူလာတဲ့ပါဠိတော်လား၊ ခင်ဗျားတို့ ရပြီးသားလား (ရပြီးသားပါဘုရား) ရပြီးသားဖြစ်နေတော့ အဲဒီ ဟာနိဗ္ဗာန်ဟော နေတာ (မှန်ပါ)။

ပထမရှေးဦးစွာ ဝိပဿနာဉာဏ်ဟောပါတယ်၊ သဘော ကျပြီလား (ကျပါပြီ) ဒုတိယနိဗ္ဗာန်ကိုဟောပါတယ်၊ ဒါဖြင့်ဒါ အဆုံးကိုမြင်လို့ရှိရင် ဝိပဿနာမဂ်လား... လောကုတ္တရာမဂ် လား (လောကုတ္တရာမဂ်ပါဘုရား) အဆုံးမြင်လို့ရှိရင် (လောကု တ္တရာမဂ်ပါဘုရား) ဖြစ်ပျက်တွေမရှိတာမြင်ရင် (လောကုတ္တရာ မဂ်ပါဘုရား) ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား) မြင်တာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်လို့ မဆိုထိုက်ဘူး လား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့်ဝိပဿနာမဂ်သည် ဘယ်တရားကို ရှုတုံးဆိုတော့ သင်္ခါရ) တရားကိုရှုသည်၊ ဆုံးသွားတော့ခင်ဗျားတို့ကသူ့ကို အသင်္ခါရ)လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ဒါဖြင့်အသင်္ခ ါဆိုတော့ကို ရုပ်လား=နာမ်လား၊ နိဗ္ဗာန်လား(နိဗ္ဗာန်ပါ ဘုရား)။

ခန္ဓာရှိတုန်းတွေ့ရတဲ့နိဗ္ဗာန်ဆိုတော့ကိုယ်စိတ်ချတဲ့နိဗ္ဗာန်၊ ဗ္ဗာန်မျက်မှောက်ပြုပြီ၊ မျက်မှောက်ဆိုတာ ဟောဒီဉာဏ်နဲ့ ါကိုမြင်တာ၊ သဘောပါကြပြီလား( ပါ ့ ပါတယ်ဘုရား)။

ဒါကြောင့်ခင်ဗျားတို့ ဆုပေးတော့နားထောင်မိကြပါလိမ့် ယ် "မိမိတို့အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည်လျှင်

မြန်စွာမဂ်ဉာဏ်သို့ ကျေးဇူးပြု၍" မပါဘူးလား (ပါ ပါတယ် ဘုရား) အဲ ဝိပဿနာဉာဏ်ကမှ မဂ်ဉာဏ်ကျေးဇူးပြုတယ်၊ ဝိပဿနာဉာဏ်မပါပဲနဲ့ နိဗ္ဗာန်ရတယ်လို့ထုံးစံရှိရဲ့လား (မရှိပါ ဘုရား)။

လျှင်မြန်စွာ မဂ်ဉာဏ်သို့ကျေးဇူးပြု၍ဆိုတော့ ဝိပဿနာဉာဏ်ကမဂ်ဉာဏ်ဖြစ်ပြီး သင်္ကာလ ယော ဒီ(သင်္ခါရ) ချုပ်တဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်ပါစေသတည်းဆိုပြီး ဆုပေးတာ၊ အလုပ်စဉ်နဲ့ ပေးတဲ့ဆုပဲ (မှန်ပါ့)။

(၂) နံပါတ်ထဲမှာ ပထမဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ဟာသင်္ခတချည်းမြင်နေတာပဲ(မှန်ပါ့) နောက်ရှုဖန်များတော့ သင်္ခတတွေကွယ်သွားတယ်၊ ဒီနေရာဘာလာပါလိမ့် (အသင်္ခတလာပါတယ်ဘုရား) ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်၊ အဆုံးမြင်တာက (မဂ်ဉာဏ်) မဂ်ဉာဏ်ဖြစ်ပျက်ဆုံးသွားတာက (နိဗ္ဗာန်) ရှုဖန်များလို့ဆုံးသွားတာနိဗ္ဗာန်၊ မြင်တာက (မဂ်ဉာဏ်) မဂ်ဉာဏ်ဆိုတော့ ယခုပစ္စုပ္ပန်ဘဝမှာရပါတယ်၊ ခင်ဗျားတို့မဂ်ဉာဏ်ကလည်းပစ္စုပ္ပန်ကာလ၊ နိဗ္ဗာန်ကလည်း ခင်ဗျားတို့ရှုနေဆဲမှာပဲရပါတယ်၊ (မှန်ပါ့) ဒို့ပစ္စုပ္ပန်ကာလထဲမှာ နိဗ္ဗာန်ရသလားလို့မေးတော့ ရှုတဲ့ပုဂ္ဂိုလ်အတွက် ဟုတ်ပါတယ်၊ မရှုတဲ့ပုဂ္ဂိုလ်ဘယ်ကမှနိဗ္ဗာန်မရှိဘူး (မှန်ပါ့) သဘောပါပြီလား... (ပါ ပါပြီ)။

ဖြစ်ပျက်သမျှ သင်္ခါရကို (ဒုက္ခသစ္စာမှတ်ရမယ်) ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊ ဒီဖြစ်ပျက်နေတာကို

ဒါယောကျ်ားပဲ မိန်းမပဲ ငါပဲ သူပဲ ထင်နေရင် ဒါသမုဒယ သစ္စာ ပေါ်တာပဲဖြစ်ပျက်ကို ငါကောင် သူကောင်ထင်ရင်ဘာ သစ္စာ ပေါ်သတုံး (သမုဒယသစ္စာပေါ်ပါတယ်ဘုရား)။

ဒါတွေယောကျ်ား မိန်းမငါကောင်သူကောင်ထင်လိုက်တဲ့ အတွက် သမုဒယသစ္စာဘက်ကူးသွားတယ် မကူးဘူးလား (ကူး ပါတယ်ဘုရား) ရှင်းပြီလား (ရှင်းပါတယ်ဘုရား)။

ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊
ချုပ်ဆုံးနိဗ္ဗာန်မှတ်။

ဟောဒီ ဥစ္စာရုပ်တွေ နာမ်တွေ၊ ဒီတကွက်လုံးဟာ ရုပ်နာမ်ပဲရှိ တယ်။ တခုရှုလိုက်တော့အကုန်ပဲဆုံးသွားတဲ့ အဓိပ္ပါယ်မလာဘူး လား (လာပါတယ်ဘုရား)။

ဒီဖြစ်ပျက်ကလေးတွေက ကိုယ့်အသေကိုယ် မြင်ရလာ တော့မမုန်းဘူးလား (မုန်းပါတယ်) မုန်းလာတော့ကြာတော့လို ချင်သေးရဲ့လား (မလိုချင်တော့ဘူး) မလိုချင်တော့ဒီဖြစ်ပျက် တွေဟာမဆုံးဘူးလား (ဆုံးပါတယ်) ဒါဖြင့်စိတ်ကိုရှုပြားသော် လည်း စိတ်ဟာဆုံးသလား၊ သူနဲ့တွဲဘက်ရုပ်တွေပါဆုံးသလား (ရုပ်ပါဆုံးပါတယ်ဘုရား) စေတသိက်တွေကော (ဆုံးပါတယ် ဘုရား)။

ဒါဖြင့် ရုပ်နာမ်အားလုံးဖြစ်ပျက်သည်း၊ ဖြစ်ပျက် မရှိရဘူး (မှန်ပါ့) ချုပ်ဆုံးနိဗ္ဗာန်မှတ်တဲ့ ဒီအကွက်ဟာ နိဗ္ဗာန်ဖြစ်ပါ တယ်၊ သဉပါဒိသေသနိဗ္ဗာန်ပါပဲ (မှန်ပါ့) ပေါ်ကြပြီလား (ပေါ်

ပါပြီ)။

ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်
သိမြင်မဂ်ဟုမှတ်။

ချုပ်ဆုံးမှုထဲကိုသာ ဒီဉာဏ်ကရောက်သွားလို့ အာရုံပြု နိုင်လို့ရှိရင် မဂ်ပဲ၊ ဒီဉာဏ်ဟာမဂ်ဉာဏ်ပဲ၊ သဘာကျပြီလား (ကျပါပြီ)။

ပထမဒကာ,ဒကာမတို့ ဖြစ်ပျက်သမျှသင်္ခါရ ဒုက္ခသစ္စာ မှတ်၊ ပေါ်ကြပြီလား (ပေါ်ပါပြီ) ဖြစ်ပျက်မှုပင် ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊ မကိုက်ဘူးလား (ကိုက်ပါတယ်) ပဋိစ္စသမု ပ္ပါဒ်ဒေသနာတော်နဲ့ ကိုက်ရဲ့လား (ကိုက်ပါတယ်)။

ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်ဆို တော့ သူသည်နိဗ္ဗာန်မဖြစ်သေးဘူးလား (ဖြစ်ပါတယ်) ဒီနိဗ္ဗာန် ဟာဖြင့် ခန္ဓာရှိတုန်းတွေ့ရတာလား၊ ခန္ဓာမရှိမှတွေ့ရတာလား (ခန္ဓာရှိတုန်းတွေ့ရတာပါဘုရား) ဒါဖြင့် ပစ္စုပ္ပန်ပေါ့ဗျာ၊ အား ထုတ်ပုဂ္ဂိုလ်၊ ပစ္စုပ္ပန်မှာလာတွေ့တယ်၊ မတွေ့ဘူးလား (တွေ့ ပါတယ်) ဉာဏ်ကလည်းဘယ်ကာလပါလိမ့် (ပစ္စုပ္ပန်ကာလ ပါ) ပေါ်ပြီလား (ပေါ်ပါပြီ)။

ဒါဖြင့်ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ် ဆိုတော့ ဒကာ, ဒကာမတို့ချုပ်ဆုံးမှုဘဲကို ဒီဉာဏ်ကလေးက မြင်မြင်နေလို့ ရှိရင်ဖြင့် ဒါဝိပဿနာမဂ်မဟုတ်တော့ဘူး၊ လော

ကုတ္တရာ မဂ်အစစ်ဖြစ်ပါပြီဆိုတာသေသေချာချာမှတ်ပါ၊သဘော ပါပြီလား (ပါ ပါပြီ)။ ကဲ ကြိုးစားကြတော့။

.မိုး (၂) ခါ (၆၀၉)

♦ ♦ ♦ ♦ ♦

# သင်္ခတ ဒုက္ခမှ အသင်္ခတ နိဗ္ဗာန်ပေါ်လာပုံ တရားတော်

ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပန္နတရားနဲ့ သင်္ခတတရားဟာ အတူတူပဲဆိုတာကို ယနေ့ရှင်းပြမယ်။ ဒကာ,ဒကာမတွေရဲ့ ခန္ဓာကိုယ်ကြီးဟာ ခန္ဓာငါးပါးပေါင်းပြီးမှ ဖြစ်တယ်လို့ အားလုံးမှတ်ထားကြနော်၊ ဒကာ,ဒကာမတွေသိတဲ့အတိုင်းပဲ ကံ၊ စိတ်၊ဥတု၊ အာဟာရကြောင့် (ရုပ်) တရားလာတယ်၊ အာရုံဒွါရကြောင့် (နာမ်) တရားတွေပေါ်လာတယ်၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ... ခန္ဓာငါးပါးသည် အကြောင်းကင်းပြီးပေါ်သလား၊ အကြောင်းတွေက (ပြုပြင်)လို့ပေါ်သလားဆိုတာ စဉ်းစားပါ၊ ခန္ဓာငါးပါးသည် (အကြောင်းတွေကပြုပြင်လို့ပေါ်လာပါတယ်ဘုရား) အကြောင်းတွေက ပြုပြင်လို့ပေါ်လာတော့ ပြုပြင်ပါတာသည် (သင်္ခတ)တရားလို့ မှတ်ကြစမ်းပါ။ ပြုပြင်လို့ပေါ်လာတဲ့ တရားဟာ ပြုပြင်တဲ့ သတ္တိကုန်ရင် ဘာဖြစ်မလဲ (ပျက်သွားပါတယ်ဘုရား)။

ပြုပြင်တဲ့သတ္တိကုန်ရင်ပျက်စီးသွားမယ်ဆိုတော့ ဩော်... ဒို့ခန္ဓာငါးပါးကြီးဟာ ကံကပြုပြင်လိုက်၊ စိတ်က ပြုပြင်လိုက်၊ ဥတုကပြုပြင်လိုက်၊အာဟာရကပြုပြင်လိုက်၊အာရုံဒွါရက ပြုပြင်လိုက်တော့ ပြုပြင်လို့ ခန္ဓာငါးပါး... ရုပ်နာမ်နှစ်ပါးပေါ်တယ်၊ ပြုပြင်တဲ့ (သင်္ခတ) တရားဟာ အရှိန်အဟော်အာနုဘော် သတ္တိကုန်ရင် ဘာဖြစ်မလဲ ... (မရှိတော့ပါဘုရား) ပျက်စီးသွားမယ်၊

ဒါဖြင့် ကျုပ်တို့ခန္ဓာကိုယ်ကြီးဟာ ပြုပြင်လိုက်၊ ပြုပြင်လို့ပေါ်လာလိုက်၊ အရှိန်အဟော်ကုန်လို့ ပျက်စီးလိုက်နဲ့ ဖြစ်နေတော့ ခန္ဓာငါးပါးဝေဒနာလည်း အတူတူပဲ၊ ကျန်တဲ့ခန္ဓာတွေလည်း အတူတူပဲ၊ ပြုပြင်လိုက် ပြုပြင်လို့ပေါ်လာလိုက်၊ အကြောင်းတရားကုန်ရင်၊ ပျက်စီးလိုက်ဆိုတော့ ခန္ဓာငါးပါးသည် ဘယ်အခါကာလမှ မြဲလိမ့်မယ်၊ ခိုင်လိမ့်မယ်၊ တည်တံ့လိမ့်မယ်လို့ ပြောစရာအချက်အလက် အကွက်ပါပါရဲ့လား (မပါ-ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ဘာတရားလို့ ခေါ်ကြမယ် (သင်္ခတ တရားပါဘုရား) သင်္ခတတရားလို့ ခေါ်ဖြစ်အောင် ခေါ်ကြပါ၊ (မှန်ပါ) ဩော်...သင်္ခတတရားဆိုတာ ပြုပြင်မှ ပေါ်တဲ့တရား၊ ဒီတရားဟာ ရှေးတုန်းက ပြုပြင်လို့ပေါ်ပြီး ပြုပြင်တဲ့တရားက အကြောင်းတွေ သိမ်းလိုက်တဲ့အခါကျတော့ သင်္ခတခန္ဓာကြီးဟာ ပျက်စီးခြင်းသို့ ရောက်ခဲ့တယ်၊ ဒီလိုရောက်လာတာ ဘယ်လောက်ကြာပြီလဲလို့ မေးလို့ရှိရင် ဘယ်နဲ့ဖြေကြမလဲ (မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်ဘူးဆိုတဲ့ အဖြေတွေအများကြီးထွက်မယ် (မှန်ပါ)။

အော်...ဒါဖြင့် ကျုပ်တို့သည် (သင်္ခတ) နယ်ထဲမှာ နေရတယ်ဆိုတာ သဘောကျပြီလား (ကျပါပြီ) သင်္ခတ ထဲနေလို့ရှိရင် ဖြစ်လိုက်၊ ပျက်လိုက်နဲ့ဆိုတာ သဘောပြီလား (သဘောပါပြီဘုရား)။

သန္တတိထဲနေရင် ဖြစ်လိုက်၊ ပျက်လိုက်နဲ့ နေရတော့မယ် ဆိုလို့ရှိရင် ဒကာ,ဒကာမတွေက ဪ... ဒီခန္ဓာကြီးရထား တာ ကောင်းကောင်းမနေရ၊ ခဏ ခဏ ပျက်နေတဲ့ခန္ဓာကြီးပါ ကလားဆိုလို့ရှိရင် လွဲသေးသလား (မလွဲပါဘုရား) ဘယ်နဲ့ ကြောင့် ခဏ, ခဏဖြစ်, ခဏ,ခဏ ပျက်ပါလိမ့်မတုံးလို့ သူ့ကို မေးကြည့်ပြန်တော့ သူက (သန္တတိ) တရားလို့ ပြောပါလိမ့် မယ်။

ဒကာ,ဒကာမတို့ သန္တတိတရား သန္တတိမှာဆိုတာ ပြု ပြင်နိုင်မှ ဖြစ်ပေါ်တဲ့တရားဆိုတော့ သန္တတိဒုက္ခနဲ့ သင်္ခါရဒုက္ခ အတူတူပါပဲတဲ့၊ ဒီခန္ဓာကြီး ရထားတာက အစားနဲ့ ပြုပြင်ရတာ ကတစ်မျိုး၊ အဝတ်နဲ့ပြုပြင်ရတာကတစ်မျိုး၊ ကံနဲ့ပြုပြင်ရတာ နဲ့၊ အာဟာရနဲ့ပြုပြင်ရတာနဲ့၊ အာရုံတွေနဲ့ ပြုပြင်ပေးနေရတာ နဲ့၊ ကစ်နေ့မှ မပြုပြင်ရတဲ့ အချိန်မရှိ၊ တစ်မိနစ်မှ မနားမနေ ပြုပြင်နေရတဲ့ အချိန်ချည်းပဲဖြစ်နေတယ် (မှန်ပါ)။

အဲဒီတော့ ဒီသန္တတိတရားကိုပဲ ပဋိစ္စသမုပ္ပန္နတရားလို့ လည်းဆိုပါ၊ ပဋိစ္စသမုပ္ပါဒ်တရားလို့လည်း ဆိုလိုက်စမ်းပါ (မှန်ပါ) ဘာပြုလို့တုံး၊ ဟေတု...အကြောင်းတွေက ပြုပြင် တော့ ဒါဟာအကျိုးတရားမဖြစ်ဘူးလား ဖြစ်ပါတယ်၊ ပဋိစ္စ သမုပ္ပါဒ်အကြောင်းကြောင့် ပေါ်လာတဲ့အကျိုးခန္ဓာကြီးဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)။

ဒါဖြင့် သူ့ကို သစ်္စာတရားလို့လည်း ဆိုနိုင်တယ်၊ ပဋိစ္စ သမုပ္ပန္နလို့လည်း မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ သဘောကျပြီးလား (ကျပါပြီ) ဒကာ, ဒကာမတွေ သန္တာန်မှာ ပေါ်လာတဲ့တရား (ဥပမာ) ဒီထဲမှာ ဝေဒနာပါတယ်၊ ဝေဒနာက မကုန်သေးလို့ ဝေဒနာ ပစ္စယာတဏှာဆိုပြန်တော့ ဝေဒနာက မပြုပြင်ဘဲနဲ့ တဏှာပေါ်ပါ့မလား (မပေါ်ပါဘုရား)။

ဒါဖြင့် ဒီတဏှာကိုလည်း ဘာတရားခေါ်မလဲ၊ (သစ်္စာ တရားပါ) သစ်္စာတရားပဲခေါ်ရလိမ့်မယ်၊ သဘောကျပြီလား (ကျပါပြီဘုရား) တဏှာပြီး ဥပါဒါန်ဆိုတော့ကော တဏှာက ပြုပြင်လို့ ဥပါဒါန်ဖြစ်လာသောကြောင့် ဥပါဒါန်ကိုလည်း ဘာ ခေါ်ကြမလဲ... (သစ်္စာတရား) (ပဋိစ္စသမုပ္ပန္နတရား) (မှန်ပါ့) ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတာကော...(သစ်္စာ) တရားပါ ဘုရား)။

အင်း သစ်္စာတရားသည် ပဋိစ္စသမုပ္ပန္နတရားဆိုတာ ရှင်းပြီလား (ရှင်းပါပြီဘုရား) ဒါဖြင့် ဒီတရားတွေဟာ ပြုပြင် လိုက်၊ ပျက်လိုက်၊ ပြုပြင်လိုက် ပျက်လိုက်၊ ပြုပြင်တဲ့တရာ ကလည်း ပြုပြင်လိုက် ပျက်စီးသွားလိုက်၊ ပြုပြင်လိုက် ပျက်စီ သွားလိုက်ဆိုတဲ့ အဓိပ္ပါယ်ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာရှိပါလို မတုံးလို့ မေးကြတဲ့အခါ ပြုပြင်တုန်းပေါ်တာပဲ၊ ပြုပြင်တဲ့အချိ

ပေါ်ပေါ်တဲ့ အချိန်ပျက်စီးတာပဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးမှာ ဖြစ်မှုနဲ့ပျက်မှုပဲရှိတယ်၊ (မှန်ပါ) ဘယ်လိုမှတ်ကြမလဲ...(ဖြစ်မှုနဲ့ ပျက်မှုပဲရှိပါတယ်ဘုရား)။

ဒီခန္ဓာကိုယ်ကြီး၏ စွမ်းရည်သတ္တိ ပြောစမ်းပါဆိုရင် ဒကာ,ဒကာမတွေ ဘယ်လိုပြောကြမလဲ (ဖြစ်မှုနဲ့ ပျက်မှုပဲရှိပါတယ်ဘုရား) ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ်ဆိုတာ သဘောကျပြီလား (ကျပါပြီဘုရား)။

ဪ...ဒါဖြင့်ဒကာ,ဒကာမတို့ရဲ့သံသရာတစ်လျှောက် လုံးမှာ ကျုပ်တို့သည် ဖြစ်ပျက်နဲ့ပဲ ဖြစ်လိုက်၊ ပျက်လိုက် အင်း မွေးလိုက် သေလိုက်ဆိုကြပါစို့၊ မွေးလိုက်သေလိုက်နဲ့ အချိန် ကုန်လာကြတယ်ဆိုတာဟာ မရှင်းကြသေးဘူးလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီဇာတ်ကို ခင်ဗျားတို့ ဘာဖြစ်လို့ မသိမ်းချင်ပါ လိမ့်မလဲ... မွေးလိုက်၊ သေလိုက်၊ မွေးလိုက်သေလိုက်၊ မွေးလို့ ရှိရင်လည်း မသေပဲနဲ့ ခိုင်မြဲနေလို့ရှိရင်လည်း တော်သေးရဲ့၊ အခုတော့ မွေးလိုက်၊ သေလိုက်၊ ပျက်လိုက်၊ မွေးလိုက်သေလိုက် ဖြစ်လိုက် ပျက်လိုက်ဆိုတဲ့ဥစ္စာ ဘယ်အခါမှ ဝိပဿနာဉာဏ်နဲ့ မကြည့်ဘူးတော့ ဘာတွေ့သတုံး (မွေးလိုက်,သေလိုက်) မွေး လိုက်,သေလိုက် တွေ့ကြရဲ့လား (မတွေ့ပါဘုရား)။

အော် ... မွေးလိုက် သေလိုက် မတွေ့တာသည်သင်္ကာ

ဒုက္ခ (ဝါ) သစ္စါရဒုက္ခမသိဘူးလို့ပေါ့ (မှန်ပါ့ဘုရား) ဒါဘာ ဆိုကြမယ် (သစ္စါရဒုက္ခ မသိလို့ပါဘုရား)။

အဲ...သစ္စါရဒုက္ခကို ဒကာ,ဒကာမတွေက မတွေ့ဘူး တော့၊ သစ္စါရဒုက္ခကို တွေ့ဘူးမှသာလျှင် အသခ်တ (နိဗ္ဗာန်) ကိုကြိုက်မယ် (မှန်ပါ)ရှင်းပြီးလား (မှန်ပါ့) ဒါကြောင့်ယနေ့ ဘရားစကာထဲက သခ်တကစ၍ ပြောရတယ်။

သခ်တက စပြောလာတာ ခင်ဗျားတို့ သခ်တအကြောင်း ကောင်းကောင်းမသိတဲ့အခါကျတော့ အော် ကိုယ့်ခန္ဓာကိုယ်ကြီး ဘာ ခဏ ခဏ ဖြစ်ပေါ်လိုက် ခဏ ခဏ ပျက်စီးလိုက်၊ ခဏ ခဏဖြစ်ပေါ်လိုက်–ခဏ ခဏ ပျက်စီးလိုက်ကို မသိအောင် အဝိဇ္ဇာက ဖုံးထားတဲ့အခါကျတော့ သိသေးရဲ့လား၊ (မသိပါ ဘုရား)။

မသိတော့ ဒီခန္ဓာကြီးဟာ တစ်နေ့ကြည့်လိုက်လည်း အကောင်း၊ တစ်နေ့ကြည့်လိုက်လည်း အကောင်းပဲလို့ ဒီလို ထင်နေမှာစိုးတဲ့အတွက်တဲ့ သခ်တကို ယနေ့ရှင်းပြရတယ်... မှန်လှပါဘုရား) ကျုပ်တို့ သန္တာန်မှာရှိတဲ့ တရားဟူသ၍ သခ် တတရား ဖြစ်ပျက်ချည်းပဲလို့ မှတ်လိုက်စမ်းပါ။

ဖြစ်မှု ပျက်မှုမှာ လမ်းဆုံးတယ်လို့ ရှင်းရှင်းလင်းလင်း ပေ်လိုက်စမ်းပါ (မှန်ပါ့) အိမ်ကျတဲ့အခါကျတော့ဉာဏ်ကလေး ါ့ ကြည့်ကြစမ်းပါနော်... (မှန်ပါ့ဘုရား) ဉာဏ်ကလေးနဲ့

ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ထဲက ဟိုနေရာကလဲ ရွရွ ရွရွ၊ဒီနေရာကလည်း ရွရွ–ရွရွ၊ ဟိုနေရာက ယားသလို၊ ဒီနေရာ က ယံသလို၊ မလာပေဘူးလား...(လာပါတယ်ဘုရား)။

အဲဒါကလေးတွေက ဘာကလေးတွေလို့ ခင်ဗျားတို့ ထင်ကြမလဲ... (ဖြစ်မှု ပျက်မှုပါဘုရား) အင်... သင်္ခါတရား မို့ သူတို့သည် ပေါ်လိုက် ပျက်လိုက်– ပေါ်လိုက် ပျက်လိုက်၊ ဒီလို မနေပေဘူးလား၊ (နေပါတယ်ဘုရား) အဲဒါ ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာဖြင့် ပေါ်လိုက် ပျက်လိုက်နဲ့ သင်္ခါတရားနဲ့ပဲ အချိန် ကုန်ရမယ်ဆိုတာ သဘောကျပြီလား (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအထဲမှာပဲ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ အော်...ဒုက္ခသစ္စာနဲ့ ပျော်နေတယ်လို့ ဆိုကြပါစို့... (မှန်ပါ့) ခင်ဗျားတို့သည် သင်္ခါတရားထဲမှာ ပျော်နေတယ် (ဝါ) ဒုက္ခ သစ္စာကြီးနဲ့ ပျော်နေတယ့်လို့ ဆိုကြပါစို့ (မှန်လှပါဘုရား)။

ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဖြစ်တာကလည်း ပျက်မ လို့ဆိုတော့ ဖြစ်တာသည်ဒုက္ခပေါ့ (မှန်ပါ့ဘုရား) ဒါဖြင့် သဗ္ဗေ သင်္ခါရာဒုက္ခာဆိုတော့ သူဟာ ဒုက္ခသစ္စာမဖြစ်ဘူးလား (ဖြစ်ပါ တယ်) ဒုက္ခသစ္စာဖြစ်သွားတော့ ဒကာ,ဒကာမတွေ ပျော်နေတာ ဘယ်နဲ့ကြောင့် ပျော်နေပါလိမ့်မတုံးလို့ဆိုတော့ သင်္ခါလို့ လည်း မသိ၊ သင်္ခါဟာ ဒုက္ခသစ္စာပဲလို့လည်း မသိလို့ (မှန်ပါ့)။

ဉာဏ်မဝင်တာ ဒကာ, ဒကာမ တို့ မသိပျော် – ပျော်နေ တယ်လို့ ဆိုကြပါစို့ (မှန်လှပါဘုရား) ဘာမသိတာပါလိမ့် (ဒုက္ခလို့မသိတာပါဘုရား) သင်္ခတတရားလို့လည်း မသိဘူး၊ ဒီသင်္ခတတရားသည် ဒုက္ခသစ္စာပါပဲလို့ကော (မသိပါဘုရား)။

အော်...ဒါဖြင့် ဒကာ,ဒကာမတို့လည်း သေရင်း ပျော် နေတာပဲလို့ဆိုရင်ကောလွဲမလား (မလွဲပါဘုရား) မွေးရင်းပျော် နေတာပဲဆိုရင်ကော (မလွဲပါဘုရား) မွေးလိုက်၊ သေလိုက် အပေါ်မှာ ပျော်နေတာပဲဆိုရင်ကော (မလွဲပါဘုရား)။

ဒါကြောင့် အိမ်ပြန်တဲ့အခါမှာ ဒကာ,ဒကာမတို့ ခန္ဓာ ကိုယ်ကိုစောင့်ပြီးသကာလ ကြည့်စမ်းပါ၊ ဆရာဘုန်းကြီးက ဟောလိုက်တယ်၊ ဘုရားဟောကို ပြလိုက်တယ်၊ သင်္ခတမှာလို့ ဟောလိုက်တယ်။

အဲဒီ သင်္ခတတရား ဟုတ်မဟုတ်၊ ပေါ်လိုက် ပျက်လိုက် မှ ဟုတ်ပါရဲ့လားလို့ အိမ်ကျရင်ပြန်ကြည့်ကြပါနော်...(မှန်ပါ့) ပြန်ကြည့်တဲ့အခါကျတော့ ခန္ဓာက သင်္ခတသဘောဖြစ်နေသော ကြောင့် သင်္ခတလက္ခဏာပဲပြောမယ် (မှန်ပါ့ဘုရား)။

သင်္ခတနယ်ထဲမှာ ဖြစ်ပြီးပျက်တာမှတစ်ပါး ဘာမှမရှိပါ လား၊ သင်္ခတနယ်ထဲနေသ၍ ကာလပတ်လုံးဖြင့် ခိုင်ပါစေ၊ မြဲ ပါစေတော့၊ တည်တံ့ပါတော့ဆိုတဲ့ သဘောတွေမရပါလား၊ (မရ ပါဘုရား) (ဖြစ်လိုက်၊ ပျက်လိုက်ပဲ)နေရမယ်၊ ထိုင်နေရင်လည်း

(ဖြစ်လိုက်၊ပျက်လိုက်)ပဲ၊ သွားနေရင်လည်း (ဖြစ်လိုက်၊ ပျက်လိုက်) ပဲ ရပ်နေရင်လည်း (ဖြစ်လိုက်ပျက်လိုက်ပါပဲဘုရား)။

အေး...ဒါကြောင့် ဖြစ်လိုက် ပျက်လိုက်ချည်းပဲ အချိန်တွေကကုန် ကုန်ပြီးသကာလ ဖြစ်ပျက်နဲ့ပဲ အချိန်ကုန်နေရတယ်...ကိုင်း...ဒါဖြင့် တရားနာနေတဲ့ပုဂ္ဂိုလ်တွေမှာဘာ ခန္ဓာတွေပါလိမ့် (သင်္ခါရခန္ဓာတွေပါဘုရား) သင်္ခါရခန္ဓာ...သဘောကျ ပြီနော်...(မှန်ပါ့) သင်္ခါရခန္ဓာဆိုတာ ဘာပါလိမ့် (ဖြစ်ပျက်ပါ ဘုရား) ဖြစ်ပြီးပျက်တဲ့တရားမှတစ်ပါး ဘာရှိသေးသလဲ... (ဘာမှမရှိပါဘုရား) အကြိမ်ပေါင်းများစွာ ဖြစ်ပျက်နေတယ်ဆိုတာကော မသေချာဘူးလား... (သေချာပါတယ်ဘုရား) သင်္ခါရဒုက္ခပေါ့ (မှန်ပါ့ဘုရား)။

အဲဒါဖြင့် သေချာတော့မှပြော်...ဒို့သည် ကားလို့ဆိုလို့ရှိရင် သင်္ခါရသိမှ ဘုန်းကြီးက ဒကာ,ဒကာမတို့ကို အသင်္ခတ (နိဗ္ဗာန်) ဆိုတာ ကူးကြပါလို့ပြောရတယ်၊ (မှန်လှပါဘုရား) သင်္ခါရမှ လည်လည်ပတ်ပတ် မသိနားမလည်ကြသေးဘူးဆိုရင် (အသင်္ခတနိဗ္ဗာန်) ကို ဒကာ,ဒကာမတို့ ဘယ်သွားချင်ပါ့မလဲ (မှန်ပါ့)၊ သင်္ခါရဒုက္ခကိုမှ နားမလည်တဲ့ ပုဂ္ဂိုလ်များသည် (အသင်္ခတဓာတ်နိဗ္ဗာန်မြတ်ကို ရောက်ချင်စိတ်ဟာ ဘယ်လိုကူးနိုင်ပါ့မလဲ (မှန်လှပါဘုရား)။

သခ်ၤတဒုက္ခသိမှ အသင်္ခတသုခနိဗ္ဗာန်ကို ကြိုက်မယ် (မှန်ပါ့) အသင်္ခတဆိုတာ နိဗ္ဗာန်၊ သုခက ချမ်းသာကိုခေါ်တာ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သွားချင်တဲ့ပုဂ္ဂိုလ် ဒုက္ခခပ်သိမ်းကင်းငြိမ်းသော နိဗ္ဗာန်သွားချင်တဲ့ပုဂ္ဂိုလ်ဟူသရွေ့သည် သင်္ခတကိုနားလည်ပြီးမှ သွားရမယ်ဆိုတာ ယနေ့တရားပွဲမှာ ရှင်းရှင်းလင်းလင်းပြောခဲ့တယ် (မှန်လှပါဘုရား)။

သင်္ခတဒုက္ခမမြင်တဲ့ ပုဂ္ဂိုလ်ဘယ်တော့မှ အသင်္ခတဆိုတဲ့ နိဗ္ဗာန်ဘက်ကို (မရောက်ပါဘူး) ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား)။

ဒုက္ခကိုမသိတဲ့ ပုဂ္ဂိုလ်ဟူသရွေ့သည် နိဗ္ဗာန်ကိုမရောက်၊ အများကြီး ကျန်ရစ်လိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ကိုချပါ။ (မှန်လှပါဘုရား) ရှင်းပြီနော်... (ရှင်းပါပြီ) ဒါဖြင့် သင်္ခတဒုက္ခကို မြင်အောင်ကြည့်ပါ (မှန်ပါ့) သင်္ခတဒုက္ခကို မြင်အောင် (ဝိပဿနာဉာဏ်) နဲ့ ကြည့်ရမယ် (မှန်ပါ့ဘုရား)။

သင်္ခတမြင်ရင် ဒုက္ခကပါလာတာပဲ (မှန်ပါ့) ဖြစ်တာပျက်တာသင်္ခတမဟုတ်လား (မှန်လှပါ) အဲဒီဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲ၊ သဘောပါကြလား (ပါ ့ပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာတရားပါလိမ့် (သင်္ခတတရားပါဘုရား) သင်္ခတတရားပဲ၊ သစ္စာဖွဲ့လိုက်တော့ (ဒုက္ခသစ္စာပါ

ဘုရား) ဒုက္ခသစ္စာပဲဆိုတာကော သေချာပြီလား (သေချာပါတယ်ဘုရား)။

သခ်တက ဘယ်သူပါလိမ့်မတုံး ဆိုတော့ ခင်ဗျားတို့ ခန္ဓာကိုယ်...(မှန်ပါ့ဘုရား) သဘောကျပြီလား (ကျပါပြီ) အဲဒါကို ဉာဏ်နဲ့ကြည့်ရမယ်... (မှန်ပါ့) ဉာဏ်နဲ့ ကြည့်တော့မှ ဒီသခ်ါရဒုက္ခဆိုတဲ့ ဒုက္ခသစ္စာ (ဒုက္ခအမှန်) ကို ခန္ဓာကိုယ်ထဲမှာ ကိုယ့်ဉာဏ်က မတွေ့ပေဘူးလား (တွေ့ပါတယ်ဘုရား)။

တွေ့လာတဲ့အခါကျတော့မှ အော်... မိမိဖြစ်နေတဲ့ ခန္ဓာကြီးဟာ အဖြစ်ဆိုးကြီးပါလားဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ဒီအဖြစ်ဆိုးကြီး မြင်တော့မှ ဒီဝဋ်ကကျွတ်မှ ကောင်းမှာပဲဆိုတာလာလိမ့်မနော် (မှန်လှပါဘုရား) ဒီဝဋ်မကျွတ်ရင် ကောင်းနိုင်ပါ့မလား (မကောင်းနိုင်ပါဘုရား)။

အဲဒါတွေကို ဒကာ,ဒကာမတွေက ဒီအကြောင်း ဆရာပြောရုံနဲ့ တရားနာရုံနဲ့လဲ မသိသေးဘူးလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ခန္ဓာမြင်အောင်စိုက်ပြီးကြည့်မှမြင်ကြမယ်... (မှန်ပါ့ဘုရား)။

ခန္ဓာမြင်အောင်စိုက်ပြီးကြည့်တဲ့အခါကျတော့မှ အော်... သခ်ါရဒုက္ခတွေပါကလား၊ ဖြစ်ပျက်နေတာမှတစ်ပါး ဘာမှ မရှိတော့ပါကလားဆိုတော့မှ ကိုယ့်ခန္ဓာကြီးဟာ အရဆိုးလေစွလို့ မလာဘူးလား (လာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် အရဆိုးလေစွဆိုတဲ့ စိတ်ကလေး ဉာဏ်ကလေးပေါ်လာမှ အသခံတာဘက်ကျမှ ကောင်းတာပဲဆို တာဖြစ်အောင်ပြောင်းယူ (မှန်လှပါ) နို့မိုဆိုရင် ပြောင်းနိုင်ပါ မလား (မပြောင်းပါဘုရား) ပြောင်းချင်ရင် ဝိပဿနာရှု (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကို စိုက်သာကြည့်လိုက်၊ ပြီးတော့ ကြည့်ရင် ခန္ဓာကိုယ်က နာသလိုလို ယားသလိုလို စိတ်တွေ အမျိုးမျိုး ပေါ်ပြီးပျောက်ပျက်သွားတာတွေ ဖြစ်ပျက်တွေ မပြောပေဘူးလား (ပြောပါတယ်ဘုရား) အဲဒီဖြစ်ပျက်တွေက ဘာဒုက္ခတွေလို့ သူက ပြောသလဲ (သင်္ခါရဒုက္ခတွေပါဘုရား) သင်္ခါရဒုက္ခတွေလို့ ဘယ်သူက ပြောပါလိမ့်... (ခန္ဓာက ပြောပါတယ်ဘုရား)။

ဝိပဿနာရှုတော့ ဖြစ်ပျက်မြင်တဲ့ (သင်္ခါရဒုက္ခ) အဲ သင်္ခါရ ဒုက္ခမြင်အောင် အရင်ရှု၊ စိတ်ပေါ်လည်း (ဖြစ်ပျက်ရှု) ဝေဒနာ ပေါ်လည်း (ဖြစ်ပျက်ရှု)နေ၊ ဒီဖြစ်ပျက်တွေ မြင်ရာက ဒီဉာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားလိမ့်မယ်၊ အဲဒီ သင်္ခါရဒုက္ခ မြင်ဖန်များလာရင် ဉာဏ်က (အသခံတ) ဘက်ပြေးလိမ့်မယ်၊ (မှန်ပါ့) ဒီတရားဟာ

ဧဝေတာ နတ္ထာရဲ မဂ္ဂ၊
မာသေဝန ဝိသေသတော။
ကဠသံယင္ဓနာ ဇာတာ၊

အစ္စိ ရူမာဝ ဘာသုရံ။

ဆိုတဲ့ ပါဠိဂါထာတရားဟာ နာမရူပပရိစ္ဆေဒကျမ်းမှာ လာတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

အဲဒီတော့ နိဗ္ဗာန်ကူးဘို့ နိဗ္ဗာန်ဘက်ကို ရောက်သွားတဲ့ ဉာဏ်၊ နိဗ္ဗာန်ဘက်ကို ကူးသွားတဲ့ဉာဏ်ဟာ ဘယ်လိုမြင်လို့ ဘယ်လိုများ ကူးသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်းတဲ့ သင်္ခါရဒုက္ခမြင်တဲ့ ဉာဏ်ရင့်လာလို့ရှိရင် ဒီဉာဏ်သည် သင်္ခါရဒုက္ခဘက်မှ အသင်္ခတဘက်ကို ကူးသွားတယ်၊ ရှင်းပြီးလား (ရှင်းပါပြီဘုရား)။

ဒကာမတွေကို ဝိပဿနာရှုခိုင်းလို့ သင်္ခါရဒုက္ခကို မြင်ကြပါပြီ၊ ဒီလိုမြင်မြင်နေရုံ မတ္တနဲ့ ဖြတ်ဆို ဒကာ၊ ဒကာမတို့ သင်္ခါရဒုက္ခတွေကို မတွေ့တော့ဘူး (မှန်လှပါဘုရား) သင်္ခါရဒုက္ခတွေကို မတွေ့တော့ အရင်က သင်္ခါရဒုက္ခတွေမြင်တဲ့ဉာဏ် ဖြတ်ခနဲ မနေဘူးလား၊ (နေပါတယ်ဘုရား) ပထမဉာဏ်သည် ဘယ်ဘက်မှာနေသတုံး... (သင်္ခါရဘက်မှာ နေပါတယ်ဘုရား)။

ဖြစ်ပျက်–ဖြစ်ပျက် (ဖြစ်ပျက်) ဖြစ်ပျက်သင်္ခါရဒုက္ခသစ္စာထဲမှာ သူနေတယ်၊ နောက်တော့ ဒီဉာဏ် ဘယ်ဘက်ကူးသွားသလဲ (အသင်္ခတဘက်ကူးသွားပါတယ်ဘုရား)။

အသင်္ခတသုခဘက် ကူးသွားတယ်ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံးသွားပြီးသကာလ ဖြစ်ပျက်တွေ အကုန်

လွတ်သွားတယ် (မှန်လှပါဘုရား) ရှုရင် မတ္တနှင့် ဒီဉာဏ်သည် ဖြစ်ပျက်တွေနဲ့ လွတ်သွားပါတယ်) လွတ်သွားပြီးသကာလ အော်... ခိုင်မြဲတဲ့ နိဗ္ဗာန်ဘက်ကို သူ့ဟာသူ ကူးသွားတယ်... (မှန်ပါ့ဘုရား)။

ဒကာ,ဒကာမတို့ ဒီဖြစ်ပျက်တွေ မြင်ရာကနေပြီးသကာလမှ ဒီဉာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်... (မှန်ပါ့) ဒီဘက်လှည့်တယ်၊ ရှုရင်းမတ္တနဲ့ကော... ဒကာ,ဒကာမတို့ ဘယ်လို လှည့်သွားသတုံး (ရှုရင်း မတ္တလှည့်သွားပါမယ် ဘုရား)။

ရှုရင်းမတ္တနဲ့ လှည့်သွားတော့ကို ဒီခန္ဓာကြီးက မရှိလို့ လှည့်သွားတာလား ဉာဏ်တက်လို့လှည့်သွားတာလား... မေးဘို့လိုလာတယ်...(မှန်ပါ့) အဲဒါ ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာတဲ့နိဗ္ဗာန်ဆိုတဲ့ ခန္ဓာမရှိတဲ့ နိဗ္ဗာန်မှ မရောက်သေးတဲ့ဥစ္စာ ခန္ဓာကတော့ ရှိနေတာပဲ (မှန်ပါ့ဘုရား)။

ဒါကို သေသေချာချာမှတ်ပါ ဒကာ,ဒကာမတို့ (မှန်ပါ့ဘုရား) ဒီခန္ဓာကြီးကတော့ ဘယ်နဲ့တုံး (ရှိပါတယ်ဘုရား) ရှိရင်း မတ္တနဲ့ ဘယ်လှည့်သွားသတုံး၊ (အသင်္ခတဘက် လှည့်ပါတယ်) ခန္ဓာမရှိတဲ့ အသင်္ခတဘက် လှည့်မသွားဘူးလား (သွားပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကြီး ရှိလျက်နဲ့ ကူးသွားတာလား၊ ခန္ဓာတွေ ပျောက်ပြီးတော့ ကူးသွားတာလားလို့မေးတော့ ...ခန္ဓာကတော့ ဘေးကနေကြည့်ရင်ရှိတာပဲ ... (မှန်ပါ့ဘုရား) သဘောကျပြီလား (ကျပါပြီ)။

ကိုယ့်ခန္ဓာ ကတော့ ဘေးကနေ ကြည့်ရင် ရှိနေတာပဲ၊ ရှိပင်ရှိငြားသော်လည်း ဉာဏ်ကကူးသွားတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ် (ဉာဏ်က ကူးသွားတာပါဘုရား) ခင်ဗျားတို့ အသက်ရှင်တုံး၊ မသေခင် နိဗ္ဗာန်တွေ့တာပါပဲ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ဆိုတာရှိနှင့်နေတာလား၊ သူက ရှိပြီးသကာလ ဒီဘက်က အသခ်ာက စောင့်နေတာလား၊ သူလည်းပဲ အတိတ်သဘောနဲ့ရှိနှင့်နေတာလား ဘယ်လိုတုံး... ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနေတာလား၊မေးဘို့မလိုဘူးလား (လိုပါတယ်ဘုရား) အတိတ်သဘောနဲ့ ရှိနှင့်တာလား ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနေတာလား... ဟာ ... နောက်ကျမှ အနာဂတ်ကျမှ ပေါ်မှာလား သုံးချက်မေးရမယ်... ခင်ဗျားတို့မေးရမယ် (မှန်ပါ့ဘုရား)။

နိဗ္ဗာန်သည် အတိတ်ကရှိသလား မေးရင် အတိတ်မှာ မရှိဘူး (မှန်ပါ့) ပစ္စုပ္ပန် အခုရှိနေသလားမေးရင်လည်း (မရှိပါဘုရား) မရှိဘူး၊ အနာဂတ်မှာရှိနေသလားလို့ မေးရင်ကော

(မရှိပါဘုရား) မရှိဘူးတဲ့ နိဗ္ဗာန်သည် ဒီလိုရှိတဲ့ တရားမဟုတ်ပါဘူး၊ ဒကာ,ဒကာမတို့ မှတ်ထားပါ (မှန်လှပါဘုရား)။

အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာသာရှိတယ်၊ ဒါဖြင့် ဘယ်လိုရှိတဲ့တရားလည်းဆိုလို့မေးရင် မိလိန္ဒမင်းကြီးက မေးဘူးတယ်၊ နိဗ္ဗာန်ဆိုတာ အတိတ်ကရှိပြီးသားလားဘုရား၊ ယခုပစ္စုပ္ပန်ရှိဆဲလားဘုရား၊ နောက်မှပဲရှိလတ္တံ့သော တရားမျိုးလားဘုရားဆိုတော့ ရှင်နာဂသိန်က ဒကာကြီး ဒီလို မဟုတ်ဘူးလို့ ဖြေတာပဲ (မှန်လှပါဘုရား)။

ဒကာ,ဒကာမတို့ ဝါးစိမ်းနှစ်လုံးကို တစ်ဒေါင်လောက်စီ ဖြတ်ယူပြီး ဒီဝါးစိမ်းနှစ်လုံးကို ပွတ်ပါ၊ ဘယ်ဝါးလုံးမှ နဂိုရ်တုန်းက မပွတ်ခင်တုန်းက ပူတတ်တဲ့ မီးစမပါဘူး၊ သူတို့မှာ ဘာမှမရှိဘူး (မှန်ပါ့)။

သို့သော် ခင်ဗျားတို့က မလျှော့တမ်း ပွတ်ပေးစမ်းပါ၊ မီးထွက်မလာဘူးလား (လာပါတယ်ဘုရား၊ ဒီမီးဟာ ဝါးထဲမှာပါတာလား၊ အခုမှ အလုပ်လုပ်လို့ ပေါ်လာတာလား (အခုမှလုပ်လို့ ပေါ်လာတာပါ)။

ဒါဖြင့် ဝါးထဲမှာ မီးမပါ၊ ပွတ်ပါများလို့ပူ၊ပူဖန်များလို့ မီးဖြစ်၊ ဒီအတိုင်း မနေဘူးလား၊ (နေပါတယ်ဘုရား) ဒီမှာလည်း ခင်ဗျားကို့ သန္တတရားကို ဒီဉာဏ်ကလေးနဲ့ အမြဲတမ်းသာရှု၊ ရှုတာနဲ့ ပူလာတာနဲ့ အတူတူပဲ၊ မီးထွက်တော့မလို့ဆိုတာ ဖဆို

ထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ရှုနိုင်သ၍ ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ဗောဒိ တရားဟာ ဝိပဿနာမဂ်ကလော ကုတ္တရာမဂ်ဖြစ်ပြီးသကာလ တစ်ခါထဲ မီးထတောက်တာနဲ့ အတူတူဖြစ်တယ် (မှန်လှပါ) ရိပ်မိပြီးလား (ရိပ်မိပါပြီ)။

မီးတောက် လာတယ်ဆိုတာ ကလည်း မိလိန္ဒမင်းကြီးက မေးလို့ ရှင်နာဂသိန်က ဖြေတာဆိုတာသေသေချာချာမှတ်ကြပါ၊ ဒါဟာ ပါဠိအကိုးအကားရှတ်ပြီး ပြောနေတယ်လို့ ဒီလိုမယူကြပါနဲ့ (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

တပည့်တော်တို့ နိဗ္ဗာန်ရောက်ချင်ပါတယ်ဘုရား၊ ဘုရား တပည့်တော်တို့ အိုရ,နာရ,သေရ, မွေးရဆိုတဲ့ ဒုက္ခတွေကို တပည့်တော်တို့ကိုယ်တိုင် မြင်နေရပြီ၊ တပည့်တော်တို့ နိဗ္ဗာန် ရောက်ချင်ပါတယ်ဘုရား ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ဟာ ဒကာ, ဒကာမတို့ ဘယ်နည်းနှင့်မှ တိုက်ရိုက်မရောက်နိုင်ဘူး (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်ရောက်ချင်ရင် ရှေးဦးစွာ ဘယ်လှည့်ရှုရမလဲ၊ (သင်္ခတဘက်လှည့်ရှုရပါမယ်) သင်္ခတဘက်ကို လှည့်ရှုရင် ရင့် သန်တော့မှ ဘယ်လှည့်မလဲ (အသင်္ခတဘက်ကို လှည့်ပါမယ် ဘုရား) နိဗ္ဗာန်ရောက်မယ် (မှန်ပါ့)။

ဒီတရားဟာလည်း နာမရူပပရိစ္ဆေဒကျမ်းမှာလာပါတယ်

ပရိပက္ကာ ကာမေနေ့ဝံ၊
ပရိဘာဝိတ ဘာဝနာ။
ပရိစ္စကတ္တ သင်္ခါရေ၊
ပက္ခန္ဒတိ အသင်္ခတေ။ (ဂါထာအမှတ်-၁၇၇၇)

ပရိပက္ကာကာမေနေ့ဝံ = အခုနအတိုင်း ရင့်ကျက်အောင် လုပ်စမ်းပါတဲ့၊ ပရိဘာဝိတဘာဝနာ = ပွားတာဟာ သိမ်းပြီတဲ့ သင်္ခတတရားဖြစ်ပျက်ကို ရှုနေတဲ့ ဒကာ,ဒကာမတို့ ပွားသာ နေပါတဲ့ ဖြစ်ပျက်တွေ ပွားနေပါတဲ့၊ ပရိက္ကာကာမေနေ့ဝံ = သူ ဟာ ရင့်ကျက်လာပါလိမ့်မယ်... (မှန်လှပါဘုရား)။

ပရိဘာဝိတဘာဝနာ = နောက်ကျတော့ ဘာဖြစ်မတုံး ဘုရားတဲ့၊ ဒါတွေ ရင့်ကျက်လာတယ် (မှန်ပါ့) ပရိစ္စဇတ္တသင်္ခါရေ ဟောဒီသင်္ခါရဒုက္ခတွေကို ဟောဒီဉာဏ်က စွန့်လိမ့်မယ်တဲ့၊ မခင်တွယ်တော့ဘူး (မှန်လှပါ) ဒီသင်္ခါရဒုက္ခတွေကို (စွန့်မယ်) စွန့်သွားမယ် (မှန်ပါ့) စွန့်သွားတော့ ပက္ခန္ဒတိအသင်္ခတေ = ဒီ ဘက် ကူးလာလိမ့်မယ်တဲ့ ... (မှန်လှပါ့) ရိပ်မိပြီလား (ရိပ်မိပါ ပြီဘုရား)။

သင်္ခါရဒုက္ခအလုပ်ကိုပဲ ရှေးဦးစွာ မဂ္ဂင်ငါးပါးနဲ့ လှည့် နေဖို့လိုတယ် (မှန်ပါ့ဘုရား) ရှင်းပြီလား (ရှင်းပါပြီ) နောက် ကျတော့ မဂ်က ကျုပ်တို့ နိဗ္ဗာန်ပို့ပေးပါလို့ ဆိုရမှာလား၊ သူ့

ဟာ သူ့နိဗ္ဗာန်ဆီလှည့်သွားတာလား (သူ့ဟာသူ နိဗ္ဗာန်ဆီလှည့် သွားတာပါဘုရား) ခင်ဗျားတို့ ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သွား တာပဲ (မှန်လှပါဘုရား) ရှင်းပြီလား၊ဒါဖြင့် နိဗ္ဗာန်ရောက်ချင်လို့ ရှိရင်ဖြင့် ဉာဏ်ကို ရှေးဦးစွာဘယ်ဘက်လှည့်ရမယ် (သင်္ခတ ဘက်လှည့်ရပါမယ်ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒကာ,ဒကာမတို့ သင်္ခတတရား၏ ဖြစ်စဉ်နဲ့ အသင်္ခတ တရား၏ဖြစ်စဉ်ဆိုတာ အင်္ဂုတ္တိုရ်မှာလည်း သေသေချာချာ လာ သောကြောင့် ဒကာ,ဒကာမတို့၏ တာဝန်သည် ရှေးဦးစွာ (သင်္ခတ)ဘက်လှည့်ပါ သင်္ခတတရားဆိုတာ ခင်ဗျားတို့ ခန္ဓာ ကိုယ်ထဲမှာ ဖြစ်ပျက်တွေနော်... (မှန်ပါ) စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်၊ အနိစ္စကလေးတွေဘက်ကို လှည့်ရမယ်... (မှန်ပါဘုရား)။

လှည့်တဲ့ဉာဏ်ရင့်လာတော့ကိုတဲ့ ဒီဉာဏ်တွေဘယ်ဘက် လှည့်သွားသလဲ ... (အသင်္ခတဘက် လှည့်သွားပါတယ်) ခင် ဗျားတို့က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်အမြင်ကိုက လှည့်တာလား ဉာဏ်အမြင်ကိုက လှည့်တာပါဘုရား)။

ခင်ဗျားတို့ လှည့်ထားတာက သင်္ခတဘက် လှည့်ထား တယ်၊ ရင့်တော့ သူ့ဟာသူ အသင်္ခတဘက်နိဗ္ဗာန်ဘက်လှည့် သွားတယ်ဆိုတော့ အော် ... ဉာဏ်သည်တားလို့ဆိုရင် အဲဒီ သူမှ စိုးပိုင်မှု မရှိပါကလား၊ သူ့သဘောနဲ့ သူလှည့်တာပါ

ကလားဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်) ဒါဖြင့် ဒကာ, ဒကာမတို့ ဒီနေ့ဖြင့် သန္တာက အသန္တာကူးဖို့ နား လည်ပြီလား (နားလည်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဘက်မှ ဉာဏ်နဲ့ကြိုးစားခဲ့လို့ရှိရင် ဖြစ်ပျက်မရှိတဲ့ဘက် ကူးလိမ့်မယ်၊ ဒါဖြင့် ခုနက ဝါးနှစ်လုံးထဲ မှာ ဒကာ,ဒကာမတို့သိတဲ့အတိုင်း ဘယ်ဝါးလုံးထဲမှ မီးမပါဘူး၊ ပွတ်တဲ့ပုဂ္ဂိုလ်၏ လုံ့လကြောင့် ဝါးနှစ်လုံးပူ၊ မီးမထွက်ခင် ပူတဲ့ အပူသည် သန္တာဘက် လှည့်တဲ့ဉာဏ်နဲ့တူပါတယ်၊ (မှန် ပါ့ဘုရား) မီးထွက်အောင် ပူလာတဲ့ အပူသည်ကားလို့ဆိုရင် နိဗ္ဗာန်ဘက်လှည့်တဲ့ဉာဏ်နဲ့ တူပါတယ်၊ (မှန်ပါ့) သဘောပါ ပြီလား (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့ အလုပ်, လုပ်တတ်ပြီလား၊ ဖြစ်ပျက်မြင်လည်း ဥဒယဗ္ဗယဉာဏ်က သန္တာဘက်လှည့်တာပဲ၊ ဘင်မြင်လည်း သန္တာဘက်လှည့်တာပဲ၊ ဘယမြင်ရင်ကော... (သန္တာဘက်လှည့်တာပဲ)။

အာဒီနဝမြင်ရင်ကော... (သန္တာဘက်လှည့်တာပဲ) အင်း နာမရူပပရိစ္ဆေဒကျမ်းကတော့ ရှေးဦးစွာ သန္တာဘက်လှည့်ပါ၊ တော်တော်ကြာ အသန္တာဘက် ဒီဉာဏ်ကူးသွားမှာပါပဲဆိုတာ အင်မတန်ရှင်းရှင်းလင်းလင်း ပြသောကြောင့်အဂ္ဂတ္ထိုရ်ကလည်း

ရှင်းရှင်းလင်းလင်းပြသောကြောင့် ခင်ဗျားတို့ ဉာဏ်စဉ်တွေကို မလိုက်ချင်လည်း နေပါတော့ ဒုက္ခသစ္စာတစ်ခုတော့ စိုက်ရှုပါ... (မှန်လှပါ ဘုရား) သဘောကျပါလား (ကျ.ပါပြီ)။

သင်္ခတက အသင်္ခတကူးအောင် လုပ်နိုင်လို့ရှိရင် ဒီဘဝ နိဗ္ဗာန်ရတာပဲဆိုတာ ဒါပါပဲ (မှန်ပါ့) ရှင်းကြပြီလား (ရှင်းပါပြီ) ကဲ ကြိုးစားကြတော့။

မိုး (၃) စာ (၂၀၃ မှ ၃၂၆)

❧ ❧ ❧ ❧ ❧

# ဒိဋ္ဌိစင်မှနိဗ္ဗာန်မြင်တရားတော်

ဒီခန္ဓာကြီးဟာ ဘာခန္ဓာတုံးလို့ မေးကြလို့ရှိရင်ဖြင့်အခု၊ တရားနာနေကြတဲ့ ဒကာ,ဒကာမတွေ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်ခန္ဓာလို့ဖြေကြရလိမ့်မယ်.. (မှန်ပါ့)။

ဘယ့်နှဲ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာလို့ ဖြေကြရသလဲလို့ မေးလို့ရှိရင်ဖြင့် အကြောင်းကြောင့်ဖြစ်နေတဲ့ အကျိုးတရားတွေ ပါပဲတဲ့.. (မှန်ပါ့ဘုရား)။

အကျိုးတရားတစ်ခု ချုပ်သွားလို့ရှိရင်ဖြင့် နောက်အကျိုး တရား တစ်ခုပေါ်ပြန်တာပဲလို့မှတ်ရမယ်.. နော် .. (မှန်လှပါ)။

အဲဒါအကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေ တစ်ခု သော အကြောင်းကြောင့် ဖြစ်လိုက်၊ အကျိုးတရားတစ်ခုခန္ဓာထဲ ပေါ်လာလိုက်၊ အဲဒီပေါ်လာတဲ့အကျိုးက တစ်ခါအကြောင်းပြန် ဖြစ်ပြီးနောက်, အကျိုးတစ်ခု ဆက်ထားခဲ့တယ်။

အဲဒီအကျိုးတစ်ခုချုပ်သွားပြန်လည်း အဲဒီအကျိုးတစ်ခုက အကြောင်းတစ်ခုကို ဆက်ထားခဲ့တယ်ဆိုတော့ ပြတ်သေးရဲ့လား .. (မပြတ်ပါဘုရား)။

အဲဒါကြောင့် ဒီခန္ဓာကြီးဟာ .. ဘာခန္ဓာတုံးလို့မေးလို့ရှိ ရင်ဖြင့် အကြောင်းအကျိုးဆက်နေတဲ့ ခန္ဓာကြီး.. (မှန်လှပါဘု ရား) စကားရှည်နေမှာစိုးလို့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးလို့ပြော

လိုက်ပါတယ်၊.. စင်စစ်တော့ အကြောင်းအကျိုးဆက် နေတဲ့ ခန္ဓာကြီးလို့မှတ်.. (မှန်ပါ့)။

အကြောင်းအကျိုးဆက်နေတဲ့ ခန္ဓာကြီးကို ခင်ဗျားတို့ မသိကြတော့.. မနေ့ကလည်းငါပဲ ယနေ့လည်းငါပဲ ဆိုပြီး သကာလ တစ်နေ့လာလည်း အနာပေါ်လာတာငါစွဲပြန်၊ ချုပ်သွားပြီး နောက်တစ်ခါပေါ်လာတာလည်း ငါစွဲပြန်၊ ငါက ပေါ်ရာကိုစွဲနေတော့ ဒီလိုမယူပါနဲ့ မူလဖြစ်ထားတဲ့ဟာမပျောက်သေးဘူးဆိုပြီး ငါစွဲတဲ့ဟာဆိုတော့ ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ ဒီ(ငါ)လာတာလို့မှတ်ရမယ်.. (မှန်လှပါ)။

စဉ်းစားကြည့်ပါတဲ့ အားလုံး ဒကာ့ဒကာမတွေ (ဥပမာ) မြင်စိတ်ဖြစ်ပြီးတော့ ချုပ်ပျောက်သွားတယ်၊ ပဋိစ္စသမုပ္ပါဒ် တရားချုပ်သွားတယ်၊ ကြားစိတ်တစ်ခုပေါ်လာပြန်တယ်၊ ချုပ်သွားပြန်ပြီ၊ နံစိတ်တစ်ခုပေါ်လာပြန်လည်း ချုပ်သွားပြန်ပြီ၊ စားစိတ်တစ်ခုပေါ်လာပြန်လည်း ချုပ်သွားပြန်ပြီ၊ ကောင်းစိတ်တစ်ခုကိုယ်ပေါ်မှာ ပေါ်လာတယ် ချုပ်သွားပြန်ပြီ၊ ဒီလိုပဲပေါ်လိုက်ချုပ်လိုက်၊ ပေါ်လိုက်ချုပ်လိုက်နဲ့ ခန္ဓာကိုယ်ထဲမှာနေတာကို ပဲဒါဟာငါ့ချည့်ပဲလို့ ယူထားလိုက်တယ်.. (မှန်ပါ့) ငါ့ချည်းပဲလို့ယူထားလိုက်တော့ ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့အတွက် သဿတဖြစ်နေပါတယ်.. (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီ)။

သဿတ ခွာနေတာပါကလား "ဝေဒနာပစ္စယာတဏှာ" ဆိုတော့ ဝေဒနာချုပ်သွားပြီး တဏှာလာတာပဲ၊ အဲဒီမှာဆရာ ကောင်းသမားကောင်း မှီဝဲတဲ့ပုဂ္ဂိုလ်ကတော့ ဝေဒနာပစ္စယာ (ပညာ)လာတာပဲဝေဒနာချုပ်ပြီးပညာပေါ်လိုက်တယ်.. (မှန်ပါ့) ဖြစ်ပျက်ရှုတဲ့ ပညာပေါ်လာတယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

အဲဒီတော့ကို ဝေဒနာမချုပ်ပဲနဲ့ပညာလည်းမပေါ်နိုင်ဘူး၊ တဏှာလည်းမပေါ်နိုင်ဘူး၊ တစ်ခါတလေဝေဒနာနဲ့အသက်ရှင် နေတယ်၊ တစ်ခါတလေပညာနဲ့ အသက်ရှင်နေတယ် (ဝေဒနာ ကို ဖြစ်ပျက်ရှုလိုက်ပြန်တော့ ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့အသက်ရှင် နေတယ်) (မှန်ပါ့) ပညာနဲ့ အသက်ရှင်နေတယ်.. ။

တဏှာချုပ်သွားပြန်တော့ ဒီပုဂ္ဂိုလ်ဘာနဲ့ အသက်ရှင်နေ သတုံး... (ဥပါဒါန်နဲ့ အသက်ရှင်နေပါတယ် ဘုရား) စိတ် တစ်ခုခုနဲ့ အသက်ရှင်ရမှာကိုး (မှန်ပါ့) "ဧကစိတ္တသမာယုတ္တာ ကိုး" တဏှာနဲ့ အသက်ရှင်လိုက်၊ ဥပါဒါန်နဲ့ အသက်ရှင်လိုက်၊ ကံနဲ့အသက်ရှင်လိုက်၊ ဝေဒနာနဲ့ အသက်ရှင်လိုက် (မှန်ပါ့)။

ဒီလိုချည့်လည့်နေတော့ပြန်လှည့်လိုက်၊ ပြန်လှည့်တဲ့အခါ ကျလို့ရှိရင်ဖြင့် စိတ်နဲ့ အသက်ရှင်လိုက် ဖဿနဲ့ အသက်ရှင် လိုက်တော့ညြော် ... ဒါကြောင့် ပဋိစ္စ သမုပ္ပါဒ်ခန္ဓာကိုယ်ဆို ... စိတ်ကနေလှည့်လိုက်လည်းကံရောက်၊ ကံက မသေသေး

လို့ ပြန်လှည့်ပြန် စိတ်ပြန်ရောက် .. မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ရောက်တော့ကို ဒါဖြင့်ခင်ဗျားတို့ခန္ဓာကိုယ်ဟာ၊ ဘာခန္ဓာကိုယ်တုံးလို့မေးတော့ ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ်.. (မှန်ပါ့) ဒါတွေလှည့်ဖြစ်နေတာ.. (မှန်ပါ့) ပေါ်ကြပြီလား.. (ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်ခန္ဓာကိုယ်လို့သိတော့ ပထမစိတ်နဲ့အသက်ရှင်တယ်ဆိုတော့၊ စိတ်ချုပ်သွားပြန်တော့ ဖဿနဲ့အသက်ရှင်တယ်ဘုရား.. (မှန်ပါ့) ဖဿချုပ်သွားပြန်တော့ ဝေဒနာက္ခန္ဓာနဲ့ အသက်ရှင်တယ်။

အကြောင်းချုပ်သွားရင် အကျိုးပေါ်တာပဲ၊ အကျိုးပေါ်တာသိလိုက်သဖြင့် ကိုယ်အသက်ရှင်နေတာ အကျိုးနဲ့အသက်ရှင်နေတာ သိလိုက်သဖြင့်တခုချုပ်မှ တခုပေါ်နိုင်တာကိုးဗျ.. (မှန်ပါ့)။

တခုချုပ်မှ တခုပေါ်နိုင်တာကိုသိတော့မှ မမြဲပါကလား.. (မှန်ပါ့) အဲ့ဒီပေါ်လာတာကလည်း ချုပ်ဦးမှာပဲ၊ ချုပ်ပြီးနောက်အသစ်တခုမပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒီလိုသိလိုက်တော့ ပဋိစ္စသမုပ္ပါဒ် အကြောင်းချုပ်လို့ အကျိုးဖြစ်တာသိလိုက်သဖြင့် သဿတဒိဋ္ဌိစင်သွားတယ်.. (မှန်ပါ့)။

တခုချုပ်ပြီးမှ တခုပေါ်လာတာ၊ ဒီလိုသိလိုက်တော့ဘာဒိဋ္ဌိစင်သွားသတုံး (သဿတဒိဋ္ဌိစင်သွားပါတယ်ဘုရား) ချုပ်သွားတာလည်းသိတာပဲ.. (မှန်ပါ့) ပေါ်လာတာလည်း (သိပါတယ်ဘုရား) အဲဒီတော့ခိုင်တယ် မြဲတယ်လို့ယူလို့ရသေးရဲ့လား.. (မရပါဘုရား)။

တခုတည်းခိုင်တယ် ယူတဲ့ဥစ္စာ သဿတကိုး၊ ခိုင်တာမရှိဘူးဆိုတာသိသဖြင့် ခင်ဗျားတို့ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဒကာ, ဒကာမတွေမှာ သဿတဒိဋ္ဌိစင်သွားတယ်.. (မှန်ပါ့)ပေါ်ပြီလား (ပေါ်ပါပြီ)သဿတဒိဋ္ဌိစင်ပုံသဘောကျပြီလား(ကျပါပြီဘုရား)။ ဒီနေ့ဒိဋ္ဌိခွာတယ်သော တာပန်တည်အောင်လို့ .. (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာဟာ ကိုယ့်ခန္ဓာဖြစ်စဉ် ဖြစ်လို့ဒီအတိုင်းပဲလို့သိသဖြင့် သင်တဲ့ဆရာကလက်ညှိုးညွှန်ပြီးပြသသင်သောအားဖြင့် သဿတဒိဋ္ဌိဟာအမြဲကို စင်သွားတာပဲ။

ကဲ..တစ်ခါဥစ္ဆေဒဒိဋ္ဌိစင်အောင်လုပ်ပေးဦးမယ်၊ ဝေဒနာချုပ်သွားပြီးတော့ကို နိယာမအားဖြင့် ဘာပေါ်လေ့ရှိသတုံး (တဏှာပေါ်လေ့ရှိပါတယ်ဘုရား)။

ဪ.. ဒါဖြင့် ဝေဒနာက္ခန္ဓာချုပ်သွားပြီး ဘာမှမပေါ်ဘူးဆိုမှ ဥစ္ဆေဒကိုး.. (မှန်ပါ့) တဏှာပေါ်လာတဲ့ အကြောင်းထောက်လိုက်ရင် ဝေဒနာအကြောင်းကင်းရဲ့လား.. (မကင်းပါဘုရား) ဝေဒနာမချုပ်ပဲနေရင် တဏှာပေါ်ပါ့မလား.. (မပေါ်ပါဘုရား)။

မပေါ်ဘူးဆိုတော့ ဝေဒနာချုပ်လို့သာ.. တဏှာပေါ်တာ ထောက်လိုက်သဖြင့်.. တဲ့ ဝေဒနာကအကြောင်းဆက်ခဲ့သော ကြောင့်တဏှာတည်းဟူသော အကျိုးတရားပေါ်တယ်လို့သိသ ဖြင့် ဝေဒနာချုပ်ပြီး ဘာမှမပေါ်ဘူး၊ ပြတ်သွားတာပဲ၊ ဝေဒနာ ချုပ်ပြီးပြတ်သွားတာပဲဆိုတဲ့ ဥစ္ဆေဒိဋ္ဌိအယူဟာမရှိတော့ဘူး (မှန်ပါ့)ရှိသေးရဲ့လား (မရှိပါဘုရား)။

တဏှာချုပ်သွားပြန်ပြီတဲ့..ဘာပေါ်မတုံး.. (ဥပါဒါန်ပေါ် လာပါတယ်ဘုရား) အလိုလိုပေါ်တာလားတဲ့.. စဉ်းစားကြည့် ပါတဲ့ ..တဏှာချုပ်လို့ပေါ်ရတာလား.. (တဏှာချုပ်လို့ပေါ်ရ တာပါ) တဏှာကကျေးဇူးပြုခဲ့တယ်.. (မှန်ပါ့) တဏှာကျေးဇူး မပြုခဲ့လို့ရှိရင် ဥပါဒါန်.. (မပေါ်ပါဘုရား)။

ဒါဖြင့်ဘယ်ဒိဋ္ဌိစင်သွားသတုံး.. (ဥစ္ဆေဒဒိဋ္ဌိစင်သွားပါ တယ်) ဥစ္ဆေဒဒိဋ္ဌိစင်သွားတယ်နော်.. (မှန်ပါ့) ဒါဖြင့်အခုဒိဋ္ဌိ ဘယ်နှစ်မျိုးစင်ပြီလဲ.. (နှစ်မျိုးစင်ပါပြီဘုရား) နှစ်မျိုးစင်သွား ပြီ။

ဒိဋ္ဌိနှစ်မျိုး စင်သွားပြီးနောက် နှစ်မျိုးစင်အောင်လုပ်ရဦး မယ်.. ဒါမစင်ပဲနဲ့ဖြစ်ပျက်ဖြစ်ပျက်ဆိုပြီး ဉာဏ်ထဲမှာမြင်နေဦး၊ ဝမ်းထဲမှာ ဒိဒိဋ္ဌိကမရှင်းလို့ရှိရင် ဘယ်လို မှနိဗ္ဗာန်မရဘူး.. (မှန်ပါ့)။

ဒါတွေကရှင်းနေမှ ... ကိုယ့်ဝမ်းထဲမှာ အသိဉာဏ်ထဲမှာ ရှင်းနေမှရတာ ... နို့မဟုတ်လို့ရှိရင်ဘယ်ဝေ...မှ ဒုက္ခသိမ်းတဲ့

နိဗ္ဗာန်မရဘူး... (မှန်ပါ)

ဒါကြောင့်ဒိဋ္ဌိကို အသိနဲ့စင်ပြီးအားထုတ်ရမယ်၊ နောက်ပိုင်းကအားထုတ်ပါဆိုတာ ဒကာတို့ မှတ်ထားတယ်နော်.. (မှန်ပါ)။

ရမ်းပြီး ခင်ဗျားတို့က ယောဂီရိပ်သာသွားပြီး ဆရာကဒါအားထုတ်ဆိုလို့ အားထုတ်နေတာပဲဆိုတော့ဆရာကဒါတွေရှင်းလင်းပြီး မထားပဲနဲ့ အားထုတ်လို့ရှိရင်.. ခင်ဗျားတို့ညောင်းရုံပဲရှိတယ် .. (မှန်ပါ) နိဗ္ဗာန်တော့မရဘူး.. (မှန်လှပါဘုရား)။

ဘာပြုလို့တုံး.. အမြင်မစင်ကြယ်လို့ (မှန်ပါ) ဘယ်နဲ့ကြောင့်အမြင် မစင်ကြယ်သတုံးဆိုတော့ ဒိဋ္ဌိကကပ်တယ်.. (မှန်ပါ) ဒိဋ္ဌိကကပ်တော့ ဝိစိကိစ္ဆာဝင်တယ်: ဘယ်နဲ့ကြောင့် ဒါတစ်ခုပြီး တစ်ခုပေါ်ပါလိမ့်မတုံးလို့ဆိုတဲ့ ဝိစိကိစ္ဆာ ကလည်းပေါ်လာ တယ်.. (မှန်ပါ)။

ဒိဋ္ဌိဝိစိကိစ္ဆာတို့ ဝင်လာတော့အမြင်မစင်ကြယ်ပဲနဲ့ ဖြစ်ပျက်ကို အားထုတ်နေလို့ရှိရင်ဖြင့် ဘယ်လိုပဲ အားထုတ်အားထုတ်မရပါဘူး .. (မှန်ပါ)။

အမြင်စင်ကြယ်မှု ရှေ့ထားရပါတယ်၊ ဒါကြောင့်ဘုရားက (ဉာတပရိညာ)ရှေ့ထားတဲ့၊ ပြီးတော့မှ(တီရဏပရိညာ) ပွားများမှုနောက်မှလုပ်ပါ .. တဲ့ .. (မှန်ပါ) မမှာဘူးလား (မှာ

ပါ တယ်ဘုရား) ပရိညာသုံးပါး အဂုတ္တိုရ် ပါဠိတော်မှာ လာပါ တယ် ..(မှန်ပါ့)။

ကဲ တတိယဒိဋ္ဌိဖြုတ်ပါဦးမယ်၊ တတိယဒိဋ္ဌိကတစ်ခု သော တရားချုပ်ပြီးသကာလအချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူးလို့ ယူတဲ့အယူတစ်ပိုင်းကြောင့် သဿတဒိဋ္ဌိရှိသေးတယ်..(မှန်ပါ့)။

အဲဒါက ဧကစ္စသဿတဒိဋ္ဌိတဲ့ သေသေချာချာမှတ်ပါ.. (မှန်ပါ့) တခုသောတရားချုပ်သွားပြီးသည့်နောက်၊ တခုသော တရားဟာဖြစ်တဲ့အခါလည်း ဖြစ်တယ်၊ မဖြစ်တဲ့အခါလည်း မဖြစ်ဘူး ဒီလိုယူတဲ့အယူဟာ.. တဲ့.. ဧကစ္စသဿတဒိဋ္ဌိတဲ့ပါဠိ လို၊ မြန်မာလိုတော့တစ်ပိုင်းကြောင့် သဿတဒိဋ္ဌိ.. (မှန်ပါ့ ဘုရား)။

တချို့ဖြစ်တယ်၊ တချို့မဖြစ်ဘူး.. (မှန်ပါ့) တစ်ပိုင်း ကြောင့်သဿတဒိဋ္ဌိ (မှန်ပါ့) စတုတ္ထအမရာဝိက္ခေပဒိဋ္ဌိဆိုတာက တော့မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်လည်းမဟုတ်၊ သူကဒီ လိုယူတယ်.. (မှန်ပါ့ဘုရား)။

မဖြစ်ဘူးလို့လည်း သူမဆိုလိုဘူး၊ ဖြစ်တယ်လို့လည်းသူ မဆိုလိုဘူး၊ အဲဒါ .. အမရာဝိက္ခေပဒိဋ္ဌိပဲနော်..(မှန်လှပါဘုရား)

ဒီလိုဒိဋ္ဌိကဘယ်လို ပုဂ္ဂိုလ်မှာရှိတာတုံးဆိုတော့ ဆရာ လုပ်ပြီးနားမလည်တာနဲ့ မုသားဖြစ်မှာကြောက်လို့ သုံးတာ

(မှန်ပါ့ ဘုရား)။ "ဒိဋ္ဌိနိရောဓနိဗ္ဗာန်" (ဒိဋ္ဌိချုပ်မှုရေ့ထားရမှာပါ ဘုရား)။

ဒီလိုဒိဋ္ဌိခံတာ ဘာဖြစ်လို့တုံး.. (ပဋိစ္စသမုပ္ပါဒ်နား မလည်လို့ပါဘုရား)အခုတော့ ခင်ဗျားတို့ ဒိဋ္ဌိခံ သေးရဲ့လား... (မခံတော့ပါဘုရား) မခံတော့ဘူးတဲ့၊ တစ်ခုသောအကြောင်း တရား ချုပ် သွားတယ်၊ တစ်ခုသော အကျိုးတရားဖြစ်ရတာပဲ၊ (မှန်ပါ့)။

ချုပ်တာမြင်သဖြင့် သဿတဒိဋ္ဌိရှိသေးရဲ့လား... (မရှိတော့ ပါ) နောက်ဖြစ်တာမြင်သဖြင့် ဥစ္ဆေဒဒိဋ္ဌိရှိသေးရဲ့လား... (မရှိပါဘုရား) တစ်ပိုင်းကြောင့်ကောရှိသေးရဲ့လား (မရှိတော့ပါ ဘုရား) မဖြစ်သည်မဟုတ်၊ဖြစ်တယ်လို့လည်း မဆိုလို... ဆိုတာမျိုးလည်းရှိသေးရဲ့လား ... (မရှိပါဘုရား)။

အဲဒါခင်ဗျားတို့ယနေ့ နာရတဲ့အတွက် ဒိဋ္ဌိပြုတ်သွား သဖြင့် ဒိဋ္ဌုပါဒါန်ပါပြုတ်သွားတယ်... (မှန်ပါ့) ဒိဋ္ဌိရှိမှ ဒိဋ္ဌု ပါဒါန်ဖြစ်တယ်၊ တဏှာရှိမှ တဏှာပါဒါန်ဖြစ်တယ်.. (မှန်ပါ့)

ဒိဋ္ဌိရှိမှ ဒိဋ္ဌုပါဒါန်ဖြစ်ပါတယ်၊ တဏှာရှိမှ တဏှာပါဒါန် ဖြစ်ပါတယ်၊ (တဏှာနဲ့ ဒိဋ္ဌိ) ဟာတွဲလျက်ပါလို့ ရှင်းရှင်း လင်းလင်း မှတ်ထားပါ၊ (မှန်ပါ့)

ဒိဋ္ဌိ မရှိရင် တဏှာ ဥပါဒါန်မရှိဘူး၊ တဏှာ ဥပါဒါန်မရှိ တော့မှ ဒါတွေချုပ်မှ ခင်ဗျားတို့လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကိုရမယ်... (မှန်ပါ)၊ ဥပါဒါန်မချုပ်သရွေ့ကာလပတ်လုံး (မရနိုင်ပါဘုရား) မရနိုင်ဘူး ဆိုတာ သေချာပြီလား (သေချာ ပါပြီ)

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်ကိုက်အောင် လုပ်၊ ဒီဘက်က ဥပါဒါန်တွေချုပ်နေတာပဲ... (မှန်ပါ) မချုပ် ပါနဲ့ဆိုလို့ရသေးရဲ့လား.. (မရပါဘုရား) ဝဋ္ဋကာဒီနိဗ္ဗာန်၊ ဥပါဒါန်ချုပ်အောင်လုပ်တဲ့ အတွက် ခန္ဓာမရှိဘူး၊ ခန္ဓာဒုက္ခသစ္စာ လည်းမရှိဘူး၊ ဥပါဒါန်သမုဒယသစ္စာလည်း မရှိဘူး ဆိုတော့ လောင်စာနဲ့ မီးသိမ်းတာဟာ နိဗ္ဗာန်ပဲလို့မှတ်ကြ... (မှန်ပါ) ။

မိုး (၁၄) စာ (၁၉၈)

* * * * *

# သစ္စာ ဆိုတာ ခန္ဓာမှာရှိပုံ တရားတော်

ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဟောတယ်၊ ဒကာ, ဒကာမတို့ သစ္စာသိအောင် လုပ်ပါဆိုတာအထူးတလည်မှာတယ် နော် (မှန်ပါ့)၊

သစ္စာသိအောင်လုပ်ပါလို့ ဆိုတော့ သစ္စာသည် ဘယ်မှာ ရှိသတုံး ဆိုတာ မေးဖို့ လိုတယ်၊ သစ္စာဟာဘယ်မှာမှရှာပြီး မနေပါနဲ့၊ ဒီခန္ဓာဟာ သစ္စာပဲလို့ မှတ်လိုက်ပါ... (မှန်ပါ့) ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာပဲလို့သာ မှတ်လိုက်(မှန်ပါ့)

ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ အဲဒီတော့ ဒီအတိုင်း ကြည့် တော့ အတုံးအခဲကြီး ဖြစ်ပြီး သကာလနေတော့ မသိသေးဘူး ပေါ့ဗျာ...ဘုန်းကြီးကဉာဏ်မျက်လုံး တပ်ပြီး သကာလ သမာဓိ ကလေးတည်ထောင်ပြီး သကာလဉာဏ်မျက်လုံးတပ်ပြီး ကြည့် ပါဆိုတော့မှ ခန္ဓာကိုယ်က ရှရှနဲ့ အသစ်, အဟောင်းပြောင်းနေ တာတွေ မြင်လာတယ်... (မှန်ပါ့)။

အသစ်, အဟောင်းပြောင်းတာတွေ မြင်လာတဲ့အခါကျ တော့မှ အဲဒါမှ ဒုက္ခ သစ္စာ (မှန်ပါ) ဘာဖြစ်လို့ အသစ်, အဟောင်းပြောင်းတာမြင်မှ ဒုက္ခသစ္စာဆိုတာ ထင်ရှားသလဲလို့ မေးတော့၊ ကိုယ်ကြည့်နေတာက ဉာဏ်နဲ့ကြည့်နေတာ၊ ဝိဇ္ဇာ မျက်လုံးကတပ်ပြီးကြည့်နေတယ်၊ သမာဓိကောင်းတာနဲ့ ဝိဇ္ဇာ မျက်လုံးတပ်ကြည့်တယ်... (မှန်ပါ့)။

သမာဓိကလေးထူထောင်ပြီး ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ကျတော့မှ သူ့ပင်ကိုယ်သဘောတွေပေါ်လာတယ်၊ သူ့ပင်ကိုယ် သဘောတွေနော်(မှန်ပါ့)၊ အဲဒီသူ့ပင်ကိုယ်သဘောတွေပေါ် လာ တော့မှ ခန္ဓာကိုယ်ကနေ ဟိုနေရာကလှုပ်၊ ဒီနေရာကယား၊ ဒီနေရာကနာ၊ ဒီနေရာကစိတ်တွေအမျိုးမျိုးပေါ်၊ ဝေဒနာတွေ အမျိုးမျိုးပေါ်၊ ပူလိုက်, အေးလိုက်တွေက လာလိုက်၊ ညောင်း လိုက်၊ ညာလိုက်တွေက လာလိုက်ဆိုတော့အင်း ...ဒီဥစ္စာဘာ ပါလမ့်မတုံးလို့ မေးတဲ့အခါကျမှ ပင်ကိုယ်သဘောပေါ်တာလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) နဂိုရှိပေါ်လာတာ၊ ရှင်းကြပြီးလား ... (ရှင်းပါပြီ)၊ ဘာပေါ်လာသတုံး (နဂိုရှိပေါ်လာတာပါ ဘုရား)

နဂိုရှိပေါ်လာတာကြည့်လိုက်တော့ ဩော်...နဂိုရှိက လည်းရှိနေသားပဲ၊ အရင်တုန်းကဒို့မမြင်ပါဘူး၊ တစ်ကိုယ်လုံး ဟာ အခု ဟိုနေရာ ဒီနေရာမှာ ကောင်းတဲ့နေရာကိုရှာမတွေ့ဘူး၊ ယားတာရယ်၊ နာတာရယ်၊ အောင့်တာရယ်၊ ကျင်တာရယ်၊ ကိုက်တာရယ်၊ ခဲတာရယ်၊ ပူတာရယ်၊ အေးတာရယ်၊ ဒါတွေက သာများနေတယ် (မှန်ပါ့)။

ဒါတွေက နဂိုရှိထိုင်စကဒီလိုမနေဘူး၊ ထိုင်လိုက်တော့ ဒါတွေဟာကထိုင်စ, ကသဘောစွန့်တာတွေပါလား... (မှန်ပါ့) ဒါဖြင့် အဟောင်း သဘောပျောက်လို့ အသစ်သဘောပြော

ဘာ... (မှန်ပါ့) ဒီလိုဉာဏ်ကလေးနဲ့တည့်ပြီး ဒီအတိုင်း စိုက်ပြီးသဘောလ သမာဓိကောင်းကောင်းလေးနဲ့ ခန္ဓာကိုကြည့် နေတဲ့အခါကျတော့ ကျုပ်ဟာ ဒုက္ခသစ္စာပဲလို့ ဆိုတာ ခန္ဓာက ပြောပါတယ် (မှန်ပါ့)။

ခန္ဓာကပြောတယ်နော်...၊ အဲဒီခန္ဓာကပြောတဲ့အခါကျ တော့မှ ဩော် ... ဒီခန္ဓာကြီးဟာ ဘုရားသခင်ကိုယ်တော်မြတ် ကြီး ကတော့ဟောရှာသားပဲ "သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ" ခန္ဓာငါးပါးကြီးဟာ ဒုက္ခသစ္စာပါဆိုတဲ့ ဥစ္စာပြောလျှက်သားနဲ့ ကျုပ်တို့က သမာဓိကလေးမတည်ထောင်၊ ပညာကလေးနဲ့ မကြည့်လိုက် မကြည့်လို့ မမြင်ဘူး (မှန်ပါ့)

သမာဓိကလေးထူထောင်ပြီး ဉာဏ်မျက်လုံးကလေးနဲ့ စောင့်ကြည့်လိုက်တော့ ကျုပ်ဟာ ခဏခဏသေတဲ့ ဒုက္ခ၊ ခဏခဏမွေးတဲ့ ဒုက္ခ၊ ကျုပ်မှာ ဒီဒုက္ခနှစ်ခုနဲ့ ရှိပါတယ်လို့ ဆိုတာဘယ်သူကပြောသတုံး (ခန္ဓာက ပြောပါတယ်ဘုရား)။

ခန္ဓာထဲကသူ့ပင်ကိုယ်သဘောတွေပြောလာတော့အင်း... ဒီဥစ္စာဘာပါလိမ့်မတုံးမေးတဲ့အခါကျတော့ "စက္ခုံဥဒပါဒိ" "စက္ခုံ=ဉာဏ်မျက်စိသည်၊ဥဒပါဒိ=ပေါ်လာ၏ ဒီအခါကျတော့ ဘာမျက်စိပေါ်လာသတုံး... (ဉာဏ်မျက်စိပေါ်လာပါတယ် ဘုရား)။

ကြော်–ပင်ကိုယ်သဘော စွန့်တာတွေဟာ တစ်ကိုယ်လုံး ပါလားဆိုတာပေါ်မလာဘူးလား (ပေါ်ပါတယ်ဘုရား) ပင်ကိုယ် သဘောက သေကုန်ပြီ... အခုပေါ်လာတာတွေက (သေမလို့ ပေါ်လာတာပါဘုရား)။

ပေါ်လာတာလည်းပျောက်ဦးမှာကိုးဗျ၊ (မှန်ပါ့) ပျောက် တာရယ်၊ ပေါ်တာရယ်၊ ဒကာ,ဒကာမတို့ ဒီပြင်ဘာရှိသေး သတုံး... (မရှိပါဘုရား)။ ဘာမှမရှိတော့သူများ ပြောတဲ့ ဒုက္ခ သစ္စာလား၊ ကိုယ်တိုင်တွေ့ရတာလား (ကိုယ်တိုင်တွေ့ရတာ ပါဘုရား)။

ကြော်... ကိုယ်တိုင်တွေ့ရတယ်၊အဲဒီကျ တော့မှ "စက္ခုံ ဥဒပါဒိ" စက္ခုံ= ဉာဏ်မျက်လုံးသည်၊ ဥဒပါဒိ=ဒကာ, ဒကာမတို့ သန္တာန်၌ပေါ်လာ၏၊ ဘယ်သူ့သန္တာန်ပေါ်ပါလိမ့် (အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန်ပေါ်ပါတယ်ဘုရား)

အဲဒီလို...အားထုတ်နေတဲ့ ပုဂ္ဂိုလ်သန္တာန်ပေါ်လာတော့၊ အင်း... သူ့ပကတိမျက်လုံးမှာပေါ်လာတာလား၊ဉာဏ်မျက်လုံး မှာပေါ်လာတာလား (ဉာဏ်မျက်လုံးမှာပေါ်လာတာပါဘုရား)။ ဒါဖြင့်ဉာဏံဥဒပါဒိလာပြီ ခင်ဗျားတို့သိတဲ့ဓမ္မစကြာလေ... (မှန်ပါ့)။ ဘာတဲ့တုံး...(ဉာဏံဥဒပါဒိပါဘုရား)။ဉာဏံ=ဉာဏ် သည်၊ဥဒပါဒိ=မြင်တဲ့ဉာဏ်ပေါ်လာ၏။ဒုက္ခသစ္စာမြင်ကဲ့ဉာဏ် ပေါ်လာတယ်...(မှန်ပါ့)။

ဘယ်ဉာဏ်ပေါ်လာသတုံး (ဒုက္ခသစ္စာမြင်တဲ့ ဉာဏ်ပေါ်လာပါတယ်ဘုရား) ဉာဏ်နဲ့ခန္ဓာနဲ့ တည့်ထားလိုက်တဲ့အခါကျတော့ ခန္ဓာကပြောတာတွေ ဉာဏ်ထဲမှာ ပေါ်လာတယ်... (မှန်ပါ့) ခန္ဓာက အပြောသမား၊ ဉာဏ်ကအကြည့်သမား။

ဉာဏ်မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါကျတော့ ဉာဏ်မျက်စိလည်းပေါ်၊စက္ခုံဥဒပါဒိဆိုတာဉာဏ်မျက်စိကိုဆိုတယ်လို့မှတ်လိုက်ပါ။ မသိမှာစိုးတာနဲ့ဘုရားကဉာဏံဥပါဒိ၊သဘောကျပြီလား (ကျပါပြီ) ဉာဏ=ကိုယ်ခန္ဓာ၌ဒုက္ခသစ္စာကိုမြင်တဲ့ဉာဏ်သည်၊ဥဒပါဒိ=ပေါ်လာ၏ ...တဲ့၊ခင်ဗျားတို့သန္တာန်မှာဒုက္ခသစ္စာကိုမြင်တဲ့ဉာဏ်ပေါ်ပြီတဲ့...(မှန်ပါ့)

တစ်ခါ... ဘယ်လိုပြောပြန်သတုံးဆိုတော့ "အာလောကောဥဒပါဒိ"အရင်တုန်းကတော့ မမြင်ခဲ့ဘူး။ အဲ...အခုတော့ဖြင့်အာလောကော= အလင်းရောင်သည်၊ဥဒပါဒိ=သန္တာန်ပေါ်လာပြီတဲ့...ရှေ့ကအမှောင်မရှိတော့ဘူးတဲ့ (မှန်ပါ့)အရင်တုန်းကအဝိဇ္ဇာမှောင်ရှိနေသေးတယ်(မှန်ပါ့)အခုမြင်လာပေါ့ အဝိဇ္ဇာမှောင်ပျောက်ပြီတဲ့...(မှန်ပါဘုရား)

ဒါသိအောင်လို့ ဘုရားက "အာလောကောဥဒပါဒိ"တဲ့၊ အာလောကော= ခန္ဓာကြီးမြင်ဘို့အလင်းသည်ကားလို့ဆိုလို့ရှိရင်ဥဒပါဒိ=ပေါ်လာ၏ခန္ဓာမြင်ဘို့အလင်းထပ်ပေါ်လာတယ်.. (မှန်ပါ့) အဲဒီ အာလောကောဆိုတာ ဘာတုံးလို့မေးတဲ့ အခါကျ

တော့မှ ဝိဇ္ဇာ မဟုတ် ဆိုတော့ကြော်...ဒါတို့သည် ဒီလိုမြင်နေရင် အဝိဇ္ဇာ ချုပ်နေတာပါလား၊ (မှန်ပါ) သဘောကျပြီလား... (ကျပါပြီ)။

ဒီလိုမြင်တော့ဘာဘဲ့... (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) ဒါ ဖြင့်ပဋိစ္စသမုပ္ပါဒ်စလိုက်မေး၊ဘယ်ကနေစ,ပါလိမ့်...(အဝိဇ္ဇာက ပါဘုရား)အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါဘုရား)ကြော်... သူက စတယ်ဆိုတာပဋိစ္စသမုပ္ပါဒ်ကြီးမှာ ပေါ်လာတာဒီကကိုယ်ခန္ဓာ က ကိုယ့်သမာဓိကောင်းကောင်းနဲ့ စောင့်ကြည့်လိုက်တဲ့အခါကျ တော့ဖြစ်ပျက်ဒုက္ခသစ္စာကလေးတွေ မြင်လာတယ်။(မှန်ပါ)

ဖြစ်ပျက်ဒုက္ခသစ္စာကလေးမြင်လာတော့အဝိဇ္ဇာလား၊ဝိဇ္ဇာ လားလို့ဆိုတော့ အဝိဇ္ဇာရှိတုန်းက ကျုပ်တို့မမြင်ခဲ့ပါဘူး...(မှန် ပါ)အခုတော့ဖြင့် စောင့်ကြည့်တဲ့ ပညာကလေးနဲ့ကြည့်လိုက်တဲ့ အခါကျတော့ အင်း ပင်ကိုယ်သဘောတွေစွန့်စွန့်....စွန့်ပြီး အဟောင်းပျက်ပြီးအသစ်အစားထိုးတာတွေမြင်ရမယ်...(မြင်ပါ တယ်ဘုရား)။

မြင်တဲ့အခါကျတော့ ... ဒါအလင်းရလို့လည်းမြင်တာပဲ၊ ဝိဇ္ဇာ, ဥဒပါဒိ ဆိုတဲ့အတိုင်း အဝိဇ္ဇာချုပ်လို့လည်း မြင်တာ (မှန်ပါ) ကြပ်ကြပ် မှတ်ကြစမ်းပါ ဒီဥစ္စာ၊ ဘုရားကရှေးဦးမှာ ကျွတ်တန်း ဝင်အောင်ဟောတဲ့တရား၊ ဘုရားကလည်း ... ဒီဝိဇ္ဇာဥဒါပါဒိ ကြောင့်ဘုရားဖြစ်လာတာ (မှန်ပါ) ဝိဇ္ဇာဥဒါပါဒိ

ဖြစ်အောင် ဟောနိုင်လို့ရှိရင်သောတာပန်ကစပြီး တည်တာပဲ... ရှင်းပြီးလား (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့်ဝိဇ္ဇာဆိုတာကအဝိဇ္ဇာ၏ဆန့်ကျင်ဘက်(မှန်ပါ) အဝိဇ္ဇာ၏ဆန့်ကျင်ဘက်ဖြစ်ပြီး သကာလနေသောကြောင့် ပြော်... ငါတို့သန္တာန်၌ ဒီအချိန်မှာအဝိဇ္ဇာချုပ်နေပါကလား၊မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်တန်းနိုင်သေးရဲ့လား... (မတန်းနိုင်ပါဘုရား)မတန်းနိုင်တာထောက်လိုက်တဲ့အခါကျလို့ရှိရင် ဒို့သည်သံသရာအစကပြတ်ပြီဟ(မှန်ပါ)။

ပြော်...သံသရာဆိုတာဘာပါလိမ့်မတုံးလို့မေးတဲ့အခါကျတော့ အဝိဇ္ဇာပြီးရင် သင်္ခါရလာတာသံသရာ... (မှန်ပါ) သင်္ခါရပြီးရင် ဝိညာဏ်လာတာ... (သံသရာပါဘုရား) ဝိညာဏ်ပြီးရင်နာမ်ရုပ်လာတာ (သံသရာပါ)နာမ်ရုပ်ပြီးရင် သဠာယတနဆိုတာတွေလာရင် (သံသရာပါ)နောက်ဆုံးပိတ်သွားလိုက်တော့ ဇာတိ, ဇရာ,မရဏလာတာကော... (သံသရာပါဘုရား) သူ့နောက်က သောကပရိဒေဝ လိုက်လာရင် ... (သံသရာပါဘုရား)။

အဲ...သောကပရိဒေဝတွေကလည်းမသိတဲ့ပုဂ္ဂိုလ်မှာဖြစ်သောကြောင့် အဝိဇ္ဇာပါနေကော့အာသဝပါနေတယ် "အာသဝသမုဒယော အဝိဇ္ဇာသမုဒယော" ဆိုတော့ ခင်ဗျား တို့စတဲ့ဆီ

ပြန်ပတ်တယ်...(ပတ်ပါတယ်ဘုရား)အဲဒါဘာခေါ်ကြမလဲ(သံ သရာပါ ဘုရား)။ စက်ဝိုင်းနဲ့ပြလားကဲ့အတိုင်း အဝိုင်းပြေးတယ် (မှန်ပါ့)

ဒကာ,ဒကာမတွေသံသရာအစစ်သိပြီးလား...(သိပါပြီ) ခန္ဓာကိုယ်ထဲမှာ အဝိဇ္ဇာက စပြီး သင်္ခါရ ပေါ်တာ၊သင်္ခါရပေါ်ပြီး ဝိညာဏ်ပေါ်တာ နာမ်ရုပ်တွေပေါ်တာ သဠာယတနတွေပေါ်တာ ဟုတ်လား(မှန်ပါ့) ဟိုအာရုံဒီအာရုံတွေ့တဲ့ ဖဿတွေပေါ်တာ ဝေဒနာ ပေါ်တာဘာပါလိမ့်...(သံသရာပါဘုရား) သံသရာပဲ။ နောက် ဝေဒနာ၊ နောက်ကနေတဏှာလိုက်လာတာ...(သံသရာ ပါဘုရား)

ကဲ...ခုနကလိုပဲသံသရာစက်ဝိုင်းမသွားဘူးလား(သွားပါ တယ်ဘုရား)ဒါဖြင့်...သံသရာဖြတ်၊သံသရာဖြတ်ဆိုတာဘာပါ လိမ့်မတုံးအောင့်မေ့နေတာက အဝိဇ္ဇာကိုဝိဇ္ဇာဖြစ်အောင်လုပ်နိုင် တာ (မှန်ပါ့ဘုရား) အဝိဇ္ဇာနိရောဓာဆိုတာ(ဝိဇ္ဇာဖြစ်တာကိုဆိုပါ တယ်ဘုရား)။

မသိတာက... (အဝိဇ္ဇာပါဘုရား)ဒုက္ခသစ္စာလေးတွေမြင် ပါလျက်နဲ့ ဒုက္ခသစ္စာမှန်းမသိတာက (အဝိဇ္ဇာ)မြင်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒုက္ခသစ္စာလို့ မသိတော့ သားပဲ၊ မယားပဲ တွင်တော့ သားဖြင့်လည်း နင်ဘယ်သွားမလို့တုံး၊နင်ဘာလုပ်နေ သတုံး၊ပြောလိုက်တော့၊ဝစီကံမလာဘူးလား(လာပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါဘုရား)က...ဝစီသင်္ခါရမလာဘူးလား...(လာပါတယ်ဘုရား) ငယ်ငယ်ကလေးဖြင့်လည်းပွေ့လိုက်ချီလိုက်၊ချော့လိုက်၊မော့လိုက်မလာဘူးလား..(လာပါတယ်ဘုရား)ဒါလဲဘာဆိုကြမယ်...(ကာယသင်္ခါရပါဘုရား)။

ကာယသင်္ခါဆိုတာဘယ်ကစလို့ပါလိမ့်...(အဝိဇ္ဇာလဲစပါတယ်ဘုရား) ဒါဖြင့်"အဝိဇ္ဇာပစ္စယာ ကာယသင်္ခါရာ".. (မှန်ပါ့) အဝိဇ္ဇာပစ္စယာ ဝစီသင်္ခါရာ မလာပေဘူးလား... (လာပါတယ်ဘုရား)၊ အဲဒါကြောင့် ဒကာ,ဒကာမတို့ အဲဒီကျတော့"စက္ခုဥဒပါဒိ၊ ဉာဏံဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဖြစ်သေးရဲလား (မဖြစ်ပါဘုရား)

မဖြစ်ခြင်းသည် သစ္စာမမြင်လို့မဖြစ်ဘူး။ (မှန်ပါ့) သစ္စာမမြင်တော့ သံသရာရှည်တယ် ဆိုတော့"အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ"ခုနကသံသရာတန်းကြီးဟာ(ဆက်ပါတယ်ဘုရား)။

ဒါဖြင့်ဟိုဘဝဒီဘဝဆိုတာလား...ဒီစိတ်စဉ်တန်းပြီးရှည်တာဆိုတာလား၊ (စိတ်စဉ်တန်းပြီး ရှည်တာဆိုတာပါဘုရား) သဘောကျပြီး...(ကျပါပြီဘုရား)သြော်...ခင်ဗျားတို့ကသိထားတဲ့ သံသရာနဲ့ အခုဘုန်းကြီး သေသေချာချာရှင်းလင်းပြတဲ့ သံသရာနဲ့တယ်ခြားနားပါလား(ခြားနားပါတယ်ဘုရား)။

ဒို့သံသရာဆိုတာတခြားလားအောင့်မေ့နေတယ်၊ ဒို့အိမ်မှာနေတဲ့အခါကျတော့ အဝိဇ္ဇာဖြစ်တယ်၊ (အဝိဇ္ဇာ)ဖြစ်တော့ပြောလိုက်ဆိုလိုက်မိတာက(သင်္ခါရ) ဒီသင်္ခါရကနောက်အကျိုးပေးတဲ့အခါကျတော့စုတိမနေသေလွန်တော့ပဋိသန္ဓေဝိညာဏ်လာမယ်၊မလာပေဘူးလား... (လာပါတယ်ဘုရား)ဝိညာဏ်လာရင် နာမ်ရုပ် ကကော (လာပါတယ်ဘုရား)။

ဒါကအတိတ်နဲ့ပတ်သတ်ပြီးသကာလလည်းဆိုနိုင်တယ်၊ ပစ္စုပ္ပန်နဲ့ပတ်သတ်လည်းဆိုနိုင်တယ်(မှန်ပါ)ရှင်းပြီးလား(ရှင်းပါပြီးဘုရား) သဘောပါပြီလား...(ပါပါပြီဘုရား)။ဒါဖြင့်ကျုပ်တို့မှာသံသရာပြတ်ချင်ပါတယ်ဘုရား၊ သံသရာဆိုတာ (ဒုက္ခသဿပါ ဘုရား) ဒုက္ခအစုကြီးပါ... (မှန်ပါ)။ ဒီသံသရာအစမှာကျုပ်တို့က မဖြတ်နိုင်တော့ပါဘူး ဆိုလိုရှိရင် ဒုက္ခအစုဟာကိုယ်ပိုင်ပစ္စည်း ဖြစ်မယ် (မှန်ပါ)

ခန္ဓာဖြစ်စဉ်ဆိုတာနဲ့ သံသရာဖြစ်စဉ်ဆိုတာ ထူးသေးသလား။(မထူးပါဘုရား)အေး...ဒါကြောင့်ဒီနေ့နာရတဲ့ ပုဂ္ဂိုလ်ဖြင့် ဩော်...သံသရာဆိုတာဟာ အရှည်ကြီး ရှိသေးတယ်လို့ဆိုမလားတဲ့၊ကိုယ့်သန္တာန်မှာ သံသရာတွေ တစ်ခုပြီး တစ်ခု ဖြစ်တာကိုဆိုကြမလား... (တစ်ခုပြီးတစ်ခု ဖြစ်တာကို ဆိုပါတယ်ဘုရား)။

ဒကာ, ဒကာမတွေ၊ အလုပ်ကလေးထိုင်ကြည့်တော့မှ (ဝိဇ္ဇာ) ကလေးပေါ်ပေါ်လာတယ်...(မှန်ပါ့) အဲဒီကျမှသံသရာ အစက ပြတ်ပြတ်သွားတယ်(မှန်ပါ့)ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။ ဒါဖြင့်သံသရာပြတ်ချင်ရင်သမာဓိကောင်းကောင်း နဲ့ ထိုင်ကြည့် ခန္ဓာကို... (မှန်ပါ့) ထိုင်ကြည့်တော့ ခန္ဓာကဘာ သစ္စာတွေ ပြောသလဲ (ဒုက္ခသစ္စာတွေပြောပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေပြောတော့ ဩော်...ဒုက္ခသစ္စာတွေပဲလို့သိ တာက ဝိဇ္ဇာလား၊ အဝိဇ္ဇာလား၊ (အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့် အဝိဇ္ဇာချုပ်လို့ဝိဇ္ဇာပေါ်တာ (မှန်ပါ့) ဝိဇ္ဇာချုပ်ရင် သင်္ခါရက ငါမချုပ်ချင်ဘူးဆိုလို့ (မရပါဘုရား)အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ် တယ်၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော ကိုး(မှန်ပါ့)သင်္ခါရ နိရောဓာ၊ ဝိညာဏနိရောဓော၊ နာမရူပနိရောဓော သွားကြပေ တော့၊ ရှင်းကြပြီးလား (ရှင်းပါပြီးဘုရား)။

ဒီနေ့တရားအထူးထူးနားလည်ရတော့သံသရာသည်ဘယ် ဟာပါလိမ့်မတုံး ...လို့ မေးတဲ့အခါကျတော့ အကြည့်မှားကစ သည်၊ အကြားမှားကစသည်။ (မှန်ပါ့) သဘောကျပြီလား... (ကျပါတယ်ဘုရား) သားကလေးရယ်လို့ အကြည့်မှား လိုက်လို့ ရှိရင်အဝိဇ္ဇာကစပြီ...(စပါပြီဘုရား)ကြားပြန်တော့လည်း ဒါ... ငါ့သားကလေးအသံပါလားဆိုရင်(နားကစပါတယ်ဘုရား)အင်း. .. နားပေါက်ကနေသံသရာစပြီ။

အနံ့ကလေးဆိုလို့ရှိရင်ဒီဥစ္စာဟော့...ဟင်းပဲလို့ ဆိုလိုရှိရင်ဖြင့် အနံ့ရုပ်လည်းမသိဘူး၊အနံ့ဒုက္ခသစ္စာလည်းမသိတော့ နှာခေါင်းကအဝိဇ္ဇာစပြီ၊ ဒါဖြင့် ဒွာရခြောက်ပေါက်မှာ ဒကာ, ဒကာမတွေမှာ အဝိဇ္ဇာခြောက်မျိုးဟာပေါ်ရာကစ, နေတာပဲ... တွေ့ရာကစ,နေတာပဲ...(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဘယ်သံသရာစခန်းသတ်တုံးဗျ။ (မသတ်နိုင်တော့ပါဘုရား) အဝိဇ္ဇာက စနေတယ်ဆိုတာ၊ ဒွါရခြောက်ပေါက်ကဖြင့်သိပြီဟော့ ယနေ့...အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် အလုပ်ကလေး ထိုင်လိုက်ဦးမယ်/ဆိုတာပြောင်းပေးဘို့ အချိန်ရောက်ပြီလား၊မရောက်သေးဘူးလား(ရောက်ပါပြီဘုရား)။

ဒကာ,ဒကာမတို့ရောက်ပြီနော် ... (မှန်ပါ့) အဲဒီကိုယ့်ဇာတိ,ဇရာ,မရဏရေ့မှာတစ်ပုံကြီး ရှိတာကို ဒီက(ဝိဇ္ဇာဥဒပါဒိ) နဲ့ ဖြတ်လိုက်လို့ရှိရင် ငယ်ငယ်တုန်းကမှားထားတာတွေရော၊ ဘဝများစွာ သံသရာက အဝိဇ္ဇာတွေရော၊ ဒီတခါ ဝိဇ္ဇာကနေ ပြီး အသုံးချလိုက်မယ်ဆိုရင် ပြတ် ထွက်သွားမယ်...(မှန်ပါ့)။

အဟောင်း ကြွေး လည်း ကြေ။... (ကြေပါတယ်ဘုရား) အသစ် ကြွေးလည်းကြေပါတယ်...(မှန်ပါ့)ရှင်းပြီးလား (ရှင်းပါပြီ)။ ကိုင်းဒါဖြင့်သံသရာရှင်းကြပါပြီလား (ရှင်းပါပြီ) မျက်လုံးပေါက်ကလည်းသံသရာတန်း (တန်းပါတယ်ဘုရား)နားပေါက်က (တန်းပါတယ်ဘုရား) နှာခေါင်းပေါက်က (တန်းပါ တယ်

ဘုရား) လျှာပေါက်က (တန်းပါတယ်ဘုရား) ကိုယ်ပေါက် က (တန်းပါတယ် ဘုရား) မနောပေါက်က (တန်းပါတယ် ဘုရား)။

ဒါဖြင့် သံသရာသည် ဘယ်နှစ်ပေါက်ကတန်းပါလိမ့်… (ခြောက်ပေါက်ကတန်းပါတယ်ဘုရား)ဒါကလေးတော့ဖြင့် ဖြတ်မှာပဲ (မှန်ပါ့) ဖြတ်မှာပဲဆိုတော့ တစ်ယောက်တည်းသမာဓိတည်ပြီး တစ်ယောက်တည်း ကိုယ်ခန္ဓာစိုက်မှ ပြတ်မှာနော်… (မှန်ပါ့) အများထဲသာ နေလို့ရှိရင်ဖြင့် အများစိတ်နဲ့ပဲ ပြုံးလိုက် ရှင်လိုက်နဲ့ပဲ ဘယ်လိုခန္ဓာကပြောပြောမသိတာနဲ့အဝိဇ္ဇာနဲ့သွား နေတာပဲ (မှန်ပါ့)။ ဝိဇ္ဇာဥဒပါဒိဆိုကတည်းက ကိုယ့်သံသရာ ကိုယ်ဖြတ် ပြစ်လိုက်ပြီ…(မှန်ပါ့)။

ဒါသစ္စသံယုတ်မှာလာတာပြောရတဲ့အတွက် … တဲ့အခု တော့ ဒကာ,ဒကာမတွေ အခု အဝိဇ္ဇာကနေစဖြတ်တယ်နော်… (မှန်ပါ့)။ သောတာပန်တည်ခြင်း၏အကြောင်းဒီနေရာမှာတော့ နှစ်ချက်ပေါ့ (မှန်ပါ့) သစ္စာတရားလည်းနာရမှ (မှန်ပါ့) နာတဲ့ တရားကလည်း ကိုယ်ကနှလုံး သွင်းမှန်လိုက်လို့ရှိရင် ခန္ဓာနဲ့ တည့်လိုက်လို့နှလုံးသွင်းမှန်သွား လို့ဟိုက(ဒုက္ခသစ္စာ)လို့ဟော ထားတယ်… (မှန်ပါ့) ကိုယ်က နှလုံးသွင်းလိုက်တဲ့အခါ ကြော်…ဒုက္ခသစ္စာလို့ နှစ်ချက်တိုက်မိရင်ပြီးတာပဲ…(မှန်ပါ့) ရှင်းကြပြီလား…(ရှင်းပါပြီ)။

ပွားများသွားရင်သောတာပန်တည်တော့မယ်ဆိုကာဒကာ, ဒကာမတွေငြင်းနေဘို့လိုသေးသလား(မလိုပါဘုရား)ဒါယေသေ

ချာချာ (ပေဋကောပဒေသ)မှာလာတယ်။ ပဋ္ဌာသပါဠိတော်မှာလည်း ကိုယ်တော်တိုင်ဟောထားတဲ့အတွက်သစ္စာတရားနာလို့ သစ္စာလို့ကိုယ်တော်တိုင်ဟောထားတဲ့အတွက်သစ္စာတရားနာလို့ သစ္စာလို့ ကိုယ်ကပွားလိုက်လို့ အဟုတ်သစ္စာပဲလို့ ဆုံးဖြတ်ချက်ချတဲ့နေ့ (သောတာပန်) တည်တယ် (မှန်ပါ့)ရှင်းပြီးလား၊ (ရှင်းပါပြီဘုရား)။

မိုး(၁၁)၊ စာ (၄၉)

## ဉာဏ်စဉ်သုံးပါးတရားတော်

## သစ္စဉာဏ်၊ကိစ္စဉာဏ်၊ကတဉာဏ်

ဒကာ,ဒကာမတို့သစ္စာသိဖို့သိပ်အရေးကြီးတယ်၊ခန္ဓာထဲမှာပေါ်လာတဲ့ ဓမ္မ၏သစ္စာသိဘို့သိပ်အရေးကြီးပါတယ်။

ကိုယ်ခန္ဓာကဒုက္ခသစ္စာကိုကိုယ်ဉာဏ်နှင့်သွားတွေ့တော့မှသစ္စာဉာဏ်သွားဖြစ်တယ်၊ခန္ဓာကဒုက္ခသစ္စာ၊ ဉာဏ်ကဉာဏ်ပေါ့ဗျာ၊သစ္စနှင့်ဉာဏ်နှင့်ပေါင်းလိုက်တော့(သစ္စဉာဏ်)သစ္စဉာဏ်သွားဖြစ်တယ်၊ "သစ္စဉာဏ်" ကိုမှတည်ပြီးတော့မှဘုန်းကြီးက "ကိစ္စဉာဏ်" ကိုဟောရမယ်၊ "ကိစ္စဉာဏ်" ဟောပြီးတော့မှ ကိစ္စပြီးတဲ့ ကတဉာဏ် ကိုဟောမယ် (မှန်ပါဘုရား)။

သစ္စာမသိတာဘယ်သူတုံးလို့မေးလို့ရှိရင်ဖြင့် "ဒုက္ခေအညာဏံ" ဆိုတော့ ပါဠိတော်ကို ကိုးရပါတယ် ... (မှန်ပါ့)ဒုက္ခေ=ဒုက္ခသစ္စာ၌ ၊အညာဏံ=မသိခြင်းသည်၊ အဝိဇ္ဇာ=အဝိဇ္ဇာမည်၏၊သစ္စာမသိပဲနဲ့သေသွားတဲ့ ပုဂ္ဂိုလ်ဟာအဝိဇ္ဇာနှင့်သေသွားတာ (မှန်ပါ့ဘုရား)။

စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ မျက်လုံးအကြည့်နဲ့အဆင်းကလေးတိုက်တဲ့အခါမြင်စိတ်ကလေး တစ်ခုပေါ်မယ်၊ အဲဒီမြင်စိတ်ကလေးဟာဒကာ,ဒကာမတွေမှတ်ထားလိုက်စမ်း၊ သူဟာ မြင်ရုံပင် မြင်တတ်တယ်၊ ဒီပြင်ဘာမှ မလုပ်

တတ်ဘူးနော်။

မြင်စိတ်ဟာ ဘာမှမလုပ်တတ်တဲ့ စိတ်ပဲ ဖြစ်တော့သူ့နောက်က လုပ်တတ်တဲ့ဓမ္မတွေကဖြင့်နောက်ပေါ်တဲ့တရားတွေလို့ဆုံးဖြတ်ချက်ချပါ။ မြင်လို့လိုချင်တာနောက်ပေါ်တဲ့တရားပဲ၊ မြင်လို့ဒေါသဖြစ်တာ (နောက်ပေါ်တဲ့တရားပါဘုရား)။

ဒီမြင်စိတ်ကလေးဟာအာရုံနဲ့ဒွါရတိုက်တဲ့အခါပေါ်လည်းပေါ်တယ်၊ ပျောက်လည်း ပျောက်တယ်၊ ဒါဖြင့်ပေါ်လည်းပေါ်၊ ပျောက်လည်းပျောက်သောကြောင့်ပေါ်တာကသေမလို့ပေါ်သောကြောင့်(ဒုက္ခသစ္စာ) ပျက်သွားတာကသေပွဲဝင်လို့ (ဒုက္ခသစ္စာ)။

ခင်ဗျားတို့ သန္တာန်မှာ ဘာစိတ်ပေါ်ပေါ်၊ ဘာဝေဒနာပေါ်ပေါ်၊ ဘာပေါ်ပေါ်ဒုက္ခသစ္စာသာပေါ်ရမယ်။ ပေါ်တာလည်းပျက်ဘို့၊သေဘို့ကိုး(မှန်ပါ့)ဒါကြောင့်မြတ်စွာဘုရားကသံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာလို့ ခန္ဓာငါးပါးကို (ဒုက္ခသစ္စာ)လို့ဟောပေးတာပေါ့။

ခန္ဓာကဖြစ်ဆင်းရဲ ပျက်ဆင်းရဲဒုက္ခပေါ့၊ဒါကသံယုတ်ပါဠိတော်မှာလာပါတယ်၊ဒုက္ခမေဝဥပ္ပဇ္ဇ မာနံဥပ္ပဇ္ဇတိ ဒုက္ခံနိရုဇ္ဈမာနံနိရုဇ္ဈတိ၊ ခင်ဗျားတို့သန္တာန်မှာ (ဖြစ်ဆင်းရဲ) ပျက်ဆင်းရဲမှတစ်ပါး ချမ်းသာရှိပါသေးရဲ့လား (မရှိပါဘုရား)။

ဒါဖြင့်ဖြစ်ဆင်းရဲ ပျက်ဆင်းရဲက ဒုက္ခသစ္စာ၊ ဖြစ်ဆင်းရဲပျက်ဆင်းရဲပေါ်တိုင်းပေါ်တိုင်းနောက်ကဉာဏ်ကလေးလိုက်ပေး

စမ်းပါ၊ ဉာဏ်လိုက်လို့ရှိရင်ဖြင့် ဒီဉာဏ်သည်ဆင်းရဲကိုမြင်တဲ့ ဉာဏ်၊ ဆင်းရဲတာက (ဒုက္ခသစ္စာ) မြင်တာက (မဂ္ဂသစ္စာ) လောကီမဂ္ဂသစ္စာပဲ ရှိပါသေးတယ် (မှန်ပါ့)။

ဒကာ, ဒကာမတွေ၊ ဒီတစ်လုံး မြင်တာဟာကိုယ့်အရှိကို ကိုယ်သိတာ ရှင်းပြီးနော်... (မှန်ပါ့)နဂိုရ်တုန်းကဒကာ,ဒကာမ တွေမှာ ကိုယ့်အရှိဒုက္ခသစ္စာကို ကိုယ့်အသိမလိုက်နိုင်တုန်းက ကန်းနေတယ်၊သစ္စာမသိတဲ့အကန်းဆိုတော့ဒုက္ခေအညာဏံ၊ဒုက္ခေ ဒုက္ခသစ္စာ၌ အညာဏံ၊ မသိတာပဲ မသိတာ ဘယ်သူတုံးဆိုတော့ "(အဝိဇ္ဇာ)"။

ဒါဖြင့်ခန္ဓာထဲပေါ်တဲ့ဖြစ်မှု ပျက်မှုဟွေမသိပဲနဲ့ သေသွား တဲ့ဒကာ,ဒကာမတွေဟာ မွေးတုန်းကလည်း အကန်း၊ သေတော့ ကော (အကန်းသေပါဘုရား)။

မျက်စိနှစ်ကွင်းအလင်းမရဘူး၊သိပ်ကြောက်စရာကောင်း ပါတယ်၊အင်မတန်ကြောက်စရာကောင်းတယ်၊အဲဒီတော့ဒကာ, ဒကာမတွေ မျက်လုံးထဲမှာ မြင်တဲ့စိတ်ကလေးဟာ ဖြစ်ပြီးပျက် သောကြောင့် (ဒုက္ခသစ္စာ)ရှင်းပြီနော်၊ ဒါကလေးကိုနှလုံးသွင်း လိုက်တဲ့အခါကျတော့ မရှိဘူး၊ မြင်စိတ်ကလေးဟာမရှိတော့ဘူး အခုအခါလိုချင်တဲ့ စိတ်သာရှိတော့တယ်၊ မြင်တဲ့စိတ်မရှိဘူးလို့ ...ားဖြတ်ကလေး သိလိုက်လို့ရှိရင်ဖြင့်အဲဒါ (မဂ္ဂ) သစ္စာခေါ် တယ်။

ဖြစ်ပျက်က ... ဒုက္ခသစ္စာ သိလုံးကလေးကကော (မဂ္ဂသစ္စာ) အဲဒီတော့ခုနကမြင်လို့ လိုချင်တယ်ဆိုတဲ့ (တဏှာ) လောဘကိုမဂ်ကဝင်တားပါတယ်။ မြင်လို့ဒေါသဖြစ်တယ်ဆိုတာကိုလည်း မဂ်ကတားပါတယ်၊ မြင်တာကဒုက္ခသစ္စာလို့သိတဲ့အတွက်၊ အဝိဇ္ဇာမလာနိုင်တော့ဘူး၊ (မှန်ပါ့ဘုရား)၊ ပဋိစ္စသမုပ္ပါဒ်သုံးချက်စလုံးပြတ်တယ် (မှန်ပါ့)သုံးချက်ပြတ်တယ်ဆိုတော့ ဒကာ,ဒကာမတို့.. ဒုက္ခက္ခန္ဓသဆိုတဲ့ ဒုက္ခအစုကြီးသုံးချက်စလုံးပြတ်တယ်။

ဖြစ်ပျက်က (ဒုက္ခသစ္စာ) သိလုံးကလေးက (မဂ္ဂသစ္စာ)၊ ဒါမဂ်အစစ်လားဘုရားလို့မေးတဲ့အခါကျတော့ ဒါလောကီမဂ်ပဲရှိသေးတယ်၊ ပုဗ္ဗဘာဂမဂ်လို့တော့ ပောရမယ်၊ ရှေ့ပြေးမဂ်လို့ပောရတော့မယ်၊ ကိလေသာတဒင်တော့သတ်ပြီကိုး။

ဒီမဂ်ကကိလေသာတဒင်သတ်တယ် (မှန်ပါ့ဘုရား)တဒင်မှမသတ်လို့ရှိရင်ဖြင့် ခုနကသမုစ္ဆေဒဆိုတာအမြစ်ပြတ် အောင်သတ်တဲ့ မဂ်ဉာဏ်မလာနိုင်ဘူး (မှန်ပါ့) ဟိုအမြစ်ပါပြတ်ဖို့သတ်ဖို့ရာအလုပ်ကတော့ ပွားများတဲ့ အပေါ်မှာမှီတယ်(မှန်ပါ့)။

မြင်စိတ်ကလေးက ပေါ်.. (လာခဲ့ပါ) ပသ (ရှုလော့)။ ငါ့ကိုရှုပါ၊ အဲဒါခင်ဗျားတို့က မရှုမိဘူး၊ ရှောင်လွဲနေတော့အဝိဇ္ဇာဝင်တယ် (မှန်ပါ့)ရှင်းပြီလား (ရှင်းပါပြီ)။

မြင်စိတ်ကပေါ်ပြီး ပေါ်နေတာခင်ဗျားတို့က ဘယ်နဲ့ကြောင့်မသွားတာတုံးလို့ဆိုတော့ .. တပည့်တော်မသွားတတ်

လို့ပေါ့(မှန်ပါ့ဘုရား)အဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်)သူ ခေါ်ရာကို မသွားတတ်တာ၊ ခေါ်မှန်းမသိတာက (အဝိဇ္ဇာ) ဒါဆို ဒကာ, ဒကာမတို့ တခါတည်းသွားပြီ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ လှည့်သွားပြီ၊ မြင်စိတ်နောက်ကလိုက်သွားပြီး (မှန်ပါ့)။

(ဧဟိပဿိကော) ပေါ်ရာကိုလာပြီး ရှုလှည့်ပါ (မှန်ပါ့) မဂ်ဉာဏ်ဖိုလ်ဉာဏ်မရတာဘာဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ ဧဟိပဿိကော=ခေါ်ရာမလိုက်လို့သဘောကျပြီလား (ကျပါပြီဘုရား) ကြားစိတ်ကလေးကကော (ခေါ်တာပဲ) ကျန် တဲ့ရှုစိတ်ကကော (ခေါ်ပါတယ်ဘုရား) အကုန်ခေါ်တာပဲ၊ ခင်ဗျားတို့ကခေါ်ရာမသွားလို့ ဒုက္ခရောက်နေတယ်.. (မှန်ပါ့) ရိပ်မိပြီလား.. (ရိပ်မိပါပြီ)။

သန္ဒိဋ္ဌိကောသာမံပဿိတဗ္ဗော။ သာမံ၊ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ မြင်အောင်ကြည့်ပါ မြင်အောင်ရှုပါ (မှန်ပါ့ဘုရား) ခေါ်တာကိုခေါ်တဲ့ဆီမြင်အောင်ကြည့်ပါတဲ့။

ဧဟိ=လာခဲ့ပါ၊ ပဿ ရှုပါ၊ လာ=ရှုစမ်းပါ (မှန်ပါ့) သဘောကျပြီလား (ကျပါတယ်ဘုရား)၊ အဲဒီတော့ခင်ဗျားတို့က လာရှုပါဆိုတဲ့ဥစ္စာကိုဘာနဲ့သွားရှုရမှာတုံးဘုရားလို့ဆိုရင်သာမံ ပဿိတဗ္ဗောသာမံ၊ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ မြင်အောင်ရှု [illegible]မ်းပါ (မှန်ပါ့ဘုရား)။

ဧဟိပဿိကော(အဖြစ်အပျက်)ကခေါ်ရာကို၊ သိန္ဒိဋ္ဌိကော

(လိုက်ရှုပါ) သာမံပဿိတဗ္ဗောနှင့်ကိုယ်တိုင်ဆိုတာ ဉာဏ်ကိုဆိုပါတယ်၊ (မှန်လှပါဘုရား) ဉာဏ်နှင့်သာရှုပေးစမ်းပါတဲ့။

ဉာဏ်နှင့်ရှုလို့ရှိရင်ဖြင့် အကာလိကောအခါမလင့်အကျိုးပေးမယ်၊ (မှန်ပါ့ဘုရား) ပေး..မပေးဘုန်းကြီးရှင်းပြမယ်၊ ဘယ်လိုရှင်းပြရမတုံးလို့ မေးတဲ့အခါကျတော့ ကဲ.. ထုံးစံအတိုင်းကတော့ မြင်တဲ့အခါမြင်တယ်လိုချင်တယ် (တဏှာ)စွဲလန်းတယ် (ဥပါဒါန်)အားထုတ်တယ်ကံ (မှန်ပါ့)။

ဒီသုံးခုမလိုက်ဘူးလား (လိုက်ပါတယ်ဘုရား) အဲဒီတော့သုံးခုလိုက်ရင်တော့ ကံမြောက်ပြီ (မြောက်ပါပြီ) ကံမြောက်တော့ပဋိစ္စသမုပ္ပါဒ် သံသရာဆက်ပြီ (မှန်ပါ့)။

ကဲ ဒါကြောင့်မြင်တဲ့စိတ်ကလေးကိုဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဒကာတို့ကဖြတ်ပြီး ဉာဏ်နှင့်လိုက် လိုက်ပါ( မှန်ပါ့ဘုရား) အဲဒီတော့ကို ဟေဝိပဿိကောခေါ်ရာကို ဉာဏ်နှင့်လိုက်၊ လိုက်တဲ့အတွက်သန္ဒိဋ္ဌိကောမဖြစ်ဘူးလား (ဖြစ်ပါတယ်) အကာလိကောဆိုတော့ တဏှာ, ဥပါဒါန်,ကံချက်ခြင်းသေလို့ကံဆက်မဲ့တရားမလာတော့လို့ ဉာဏ်ဝင်သွားလို့အခါမလင့်အကျိုးပေးပါတယ်တဲ့ (မှန်ပါ့ဘုရား)။

တဏှာ, ဥပါဒါန်, ကံသေတာဘယ်နဲ့ကြောင့်ဒီအသေသေရပါလိမ့်မတုံးဆိုတော့..အို.. ဝိပဿနာမဂ်က ပယ်ချလိုက်တာ (မှန်လှပါ)ဝိပဿနာမဂ်ကနည်းတဲ့သတ္တိမဟုတ်ဘူး (မှန်ပါ့

ဘုရား)။

အဲဒီတော့ ဟေိပဿိကောခေါ်ရာကို ဘာနဲ့လိုက်ရမယ်၊ (သန္ဒိဋ္ဌိကောနဲ့) သန္ဒိဋ္ဌိကောနဲ့လိုက်ရင် ဘယ်လိုအကျိုးပေးမလဲ (အကာလိကော) အခါမလင့် အကျိုးပေးတယ် (မှန်ပါ့ဘုရား)။

ဟေိပဿိကော ခေါ်ရာကိုဉာဏ်နဲ့လိုက်နိဗ္ဗာန်ရောက်ပါတယ်၊ နိဗ္ဗာန်ရောက်တရားသည် သစ္စာမသိလို့ရှိရင်ဖြင့် သစ္စာသိတဲ့ဉာဏ် (ဝါ) သစ္စာဉာဏ်မပါရင် ဘယ်နည်းနှင့်မှမရောက်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒိပ္ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောတဲ့အခါကျတော့ ပဌမရှေးဦးစွာ ဘာမှမဟောပဲနဲ့ သစ္စာသိအောင်ဟောလိုက်ပါတယ်။ အဲဒါ(သစ္စာဉာဏ်)လို့မှတ်ပါ။ နောက်ကျတော့ ဒီသစ္စာမှာဘာကိစ္စရှိသလဲဆိုသော်၊ ကိစ္စကိုထည့်ဟောပါလိမ့်မယ်၊ ဒီဉာဏ်က (ကိစ္စဉာဏ်) လို့မှတ်လိုက်စမ်းပါ (မှန်ပါ)။

အဲဒီကိစ္စဉာဏ်ဆုံးတဲ့အခါကျတော့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ပြီလို့ သိတဲ့ဉာဏ်သည် (ကတဉာဏ်)လို့ အကျဉ်းချုပ်ကလေးမှတ်ထားစမ်းပါ၊ ဒုက္ခခပ်သိမ်း ငြင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးရောက်ချင်လို့ရှိရင်ဖြင့် ဒီသုံးဉာဏ်အရေးအကြီးဆုံးလို့မှတ်ပါ။

မှန်တာကိုသိမြင်ခြင်းသည် (သစ္စာဉာဏ်)ပါပဲ၊ သစ္စာဉာဏ်ဟောမယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကိုပြရတာပဲ ဒကာ,ဒကာမတို့ပဋိစ္စသမုပ္ပါဒ် ဇယားကွက်နံပါတ် (၂) က (၃) မကူးစေနဲ့

(မှန်ပါ့) နံပါတ် (၂၂) က (၃) မကူးအောင် ဘယ်နဲ့လုပ်မတုံး၊ ယောဒီစိတ်ကလေးပေါ်တိုင်း ပေါ်တိုင်းဒီကနေပြီး ဝိပဿနာနဲ့ မဂ်ပေါ်အောင်လုပ်ပါ။ မဂ်ဆိုတာတခြားမဟုတ်ပါဘူး၊ ဖြစ်ပျက်ကိုသိတာ ဖြစ်ပျက်က ဒုက္ခသစ္စာ (မှန်ပါ့) အဲဒါသိလိုက်တာက ဘာဆိုကြမလဲ (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် မဂ္ဂသစ္စာ ဆိုတော့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ မြင်အောင်ကြည့်လို့ရှိရင် သမုဒယသစ္စာဆုံးတယ် (မှန်ပါ့)၊ ဒါသစ္စာဉာဏ်ရအောင်ပြနေတာရှင်းကြပြီလား (ရှင်းပါပြီဘုရား)။

ဒီဒုက္ခသစ္စာကို ခုဒီကနေပြီး မဂ္ဂသစ္စာနဲ့မြင်အောင်ကြည့်လို့ရှိရင် စက္ခုံဥဒပါဒိဖြစ်တယ်၊ စက္ခုံ=ပညာမျက်စိသည်၊ ဥဒပါဒိ၊ ဒုက္ခသစ္စာကိုသိမြင်ခြင်းဖြစ်၏ (ဝါ)ဒုက္ခသစ္စာကိုပေါ်လာအောင်မြင်ခြင်းဖြစ်၏။ (မှန်လှပါ) ဒီလိုဆိုတော့ ဒကာ,ဒကာမတွေ ဒုက္ခသစ္စာဆိုတာ ခါးကိုက်၊ နားကိုက်၊ ရင်ကျပ်မှုမဟုတ်ပါဘူး၊ ဒကာတို့သန္တာန်ပေါ်တဲ့စိတ်ဟူသ၍ ဒုက္ခသစ္စာ၊ ဒုက္ခအမှန် (မှန်ပါ့)၊ ပေါ်တဲ့ဝေဒနာဟူ၍ (ဒုက္ခသစ္စာပါ) ဒုက္ခအမှန်ဒါဖြင့် သစ္စာသိသွားပြီ၊ အမှန်သိသွားပြီ၊အမှန်သိတဲ့ဉာဏ်ရပြီ (မှန်ပါ့)။

ဒကာ,ဒကာမတို့ တရားနာနေတဲ့ပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၊ ဒကာတို့လှုပ်လည်းဒုက္ခသစ္စာပဲ၊ ငြိမ်လည်းဒုက္ခသစ္စာပဲ (မှန်ပါ့) ပူလည်း (ဒုက္ခသစ္စာပဲ) စားချင်လည်းဒုက္ခသစ္စာပါပဲ၊ အိပ်ချင်

လည်း (ဒုက္ခသစ္စာပါပဲ) ဪ် အဲဒါကလေးတွေသိတော့၊ ဒါက လေးတွေ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်ကိုမြင် အောင် ကြည့်လိုက်တော့၊ ဖြစ်ပျက်ကဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဟာ အဝိဇ္ဇာ လား ?၊ ဝိဇ္ဇာလား? .. (ဝိဇ္ဇာပါဘုရား) ဒါဖြင့် ဝိဇ္ဇာဥဒပါဒိဟာ၊ ဒီဖြစ် ပျက်မြင်မှ ဝိဇ္ဇာဥဒပါဒိဖြစ်မှာ (မှန်လှပါဘုရား)။

ဝိဇ္ဇာဥပါဒိလည်း ဖြစ်ပါရော ဒကာ, ဒကာမတို့ ဒီဘက် က သမုဒယသစ္စာ နောက်ထပ်လာသေးသလား၊ (မလာပါဘူး) ဒီဘက်က ဒုက္ခသစ္စာ၊ (မလာပါဘူး) နောက်ထပ်မလာတော့ဘူး (မှန်ပါ့) မလာတော့ "တဏှာသိမ်းနိဗ္ဗာန်"၊ "ဒုက္ခသိမ်းနိဗ္ဗာန် " ဆိုတာသူများပြောလား? ၊ ဒကာတို့အမြင်လား?၊ အကဲခတ် စမ်းပါ (ကိုယ်တိုင်အမြင်ပါဘုရား) ဒါဖြင့် နိဗ္ဗာန်သည် သစ္စာ ၁ိသော ပုဂ္ဂိုလ်အလုပ် (မှန်ပါ့ဘုရား)။

ခင်ဗျားတို့သန္တာန်ပေါ်လာတဲ့ စိတ်ဟူသမျှ ဝေဒနာ ဟူသ မျှ ဒုက္ခသစ္စာပေါ်တဲ့ ဖြစ်ပျက်ကလည်း ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ မဟုတ်လား (မှန်ပါ့)။

မဂ္ဂသစ္စာဟာ ဉာဏ်ပဲမဟုတ်လား (ဉာဏ်ပါဘုရား) ဒါဖြင့် သစ္စာဉာဏ် (မှန်ပါ့) သစ္စာဉာဏ်ပေါ်လာပြီ မပေါ် သေးဘူးလား။ (ပေါ်ပါပြီ) (သစ္စဉာဏ်)ပေါ်လာပြီ (ပေါ်ပါပြီ ဘုရား) ဒကာတို့ဘာပဲပေါ်ပေါ် မြင်စိတ်ပေါ်ပေါ်, ကြားစိတ်

ပေါ်ပေါ်, ဘာသစ္စာပေါ်သတုံး (ဒုက္ခသစ္စာပေါ်ပါတယ်) ပေါ်တိုင်းပေါ်တိုင်း ခင်ဗျားတို့က ဒုက္ခသစ္စာလို့ သိပေးတာကဉာဏ် (ဉာဏ်ပါ) ဒါဖြင့် သစ္စာက (ဉာဏ်) သစ္စာနှင့် ဉာဏ်နှင့် ပေါင်းတော့ (သစ္စဉာဏ်ပါဘုရား) ဒါဆို သစ္စဉာဏ်သိသွားပြီ (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာမယ်ထင်သလဲ (ဒုက္ခချည်းထွက်တာပါ) ဒုက္ခချည်းထွက်တော့ ခန္ဓာကိုယ်ထဲက ပေါ်သ၍ စိတ်ဖြင့် စိတ်ရှု၊ ဝေဒနာဖြင့် ဝေဒနာရှု၊ ပေါ်ချင်တာပေါ် ဘာသစ္စာနဲ့ ရှုရမလဲ (မဂ္ဂသစ္စာနဲ့ရှုရမယ်) ဒါဖြင့် သူက ဖြစ်ပြီး ပျက်သောကြောင့် (ဒုက္ခသစ္စာပါ) ဖြစ်ပျက်အမှုကို သိသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ (မဂ္ဂသစ္စာပါဘုရား)။ ပေါ်တာက (မဂ္ဂသစ္စာ)၊ နောက်ကအမြဲတန်း လိုက်ပေးနေတာက (ဉာဏ်)ပေါင်းလိုက်တော့ (သစ္စဉာဏ်)ရပြီ။

(သစ္စဉာဏ်)ဆိုတော့ဗျာ.. နဂိုလ်ကဝမ္မစကြာခက်လိုက်တာလို့ ဒကာတို့က ညည်းကြတယ်၊ (သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်) အတော်ခက်ပါလားဟေ့၊ ဒို့ ဒီဥစ္စာသိဘို့ မလိုဘူးလို့ ထင်ခဲ့ကြတယ်၊ အခု ဘုရားဘုန်းကြီးက ဒုက္ခသစ္စာလို့ ရှင်းပြတယ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့လည်း ရှင်းပြတယ်၊ ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးက (ဒုက္ခသစ္စာပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်တာသိတာက (မဂ္ဂသစ္စာပါဘုရား) ကဲ... သစ္စဉာဏ်သိသွားပြီ (သိပါပြီဘုရား)

အဲဒါပေါ်တိုင်း ပေါ်တိုင်း သိတဲ့ဉာဏ်သည် ဒီသစ္စာသိတဲ့ ဉာဏ် (သစ္စဉာဏ်) လို့ရှင်းတော့ သစ္စဉာဏ်ရှင်းကြပြီလား (ရှင်းပါပြီဘုရား) (ကိစ္စဉာဏ်)ကလေးနည်းနည်း ပြောမယ်။

စိတ်ကလေး မင်းမှာဘာကိစ္စရှိသလဲလို့ ဒကာတို့က မေးပါ၊ (လောဘ)စိတ်ကလေး မင်းမှာဘာကိစ္စရှိသတုံး၊ကျုပ်သည် ပေါ်ပြီး ပျောက်တဲ့ကိစ္စရှိတယ် (မှန်ပါ့)(ဒေါသ)စိတ်ကလေးမင်းမှာဘာကိစ္စရှိသတုံးမေးလို့ရှိရင်(ပေါ်ပြီးပျောက်တဲ့ ကိစ္စ ရှိ ပါတယ်)ဘာဖြစ်လို့တုံးကျုပ်ကအနိစ္စမျိုးဖြစ်လို့ပေါ် ဗျတဲ့ (မှန်ပါ့ဘုရား)ပေါ်ပြီး ပျောက်ရမှာချည်းပဲတဲ့၊ကျုပ်ကိစ္စ က ဒါပဲတဲ့ (မှန်ပါ့) ရိပ်မိပြီလား၊ သူ့ကိစ္စကဘာပါလိမ့်(ပေါ် ပြီး ပျောက်ရမှာပါပဲ)

ဒါဖြင့် ဖြစ်ပြီး ပျက်တဲ့ကိစ္စဟာ သူ့ကိစ္စ (မှန်ပါ့ဘုရား) အဲဒီကိစ္စ၊ ဒီကဖြစ်ပျက်၊ ဖြစ်ပြီးပျက်သွားတဲ့ကိစ္စကိုး အော်... ဒါရုပ်နာမ်တို့၏ ကိစ္စလို့ ဒကာတို့မှတ်လိုက်၊ သဘောကျပြီ လား (ကျပါတယ်ဘုရား) (ရုပ်နာမ်တို့၏ကိစ္စပါဘုရား) ရုပ် နာမ်တို့၏ ကိစ္စဟာပေါ်ပြီး ပျောက်တာချည်းပဲ၊ (မှန်ပါ့) အဲဒီ ကိစ္စကို ဒီကနေပြီး သူကိစ္စပေါ်တိုင်း ပေါ်တိုင်း ဒီကသိပေးပါ၊ (မှန်ပါ့ဘုရား) သဘောကျပြီလား (ကျပါပြီ) ဒါဖြင့် သူ့ကိစ္စကို သိတဲ့ ဉာဏ် (မှန်ပါ့) ဘယ်နဲ့ဆိုကြမလဲ (သူ့ကိစ္စကိုသိတဲ့ ဉာဏ်) ဟာ (ကိစ္စဉာဏ်)၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒီတရား ဘယ်ကလာသတုံး မေးတဲ့အခါကျတော့မှ ဓမ္မစကြာက လာတယ်လို့မှတ်ပါ၊ (မှန်ပါ) အဲဒီတော့ ဓမ္မစကြာ ဟာ ရှတ်ဘို့လား?။ မြင်အောင်ကြည့်ဘို့လားဆိုတဲ့ ဥစ္စာကို စက္ခုံဥဒပါဒိက ထောက်ခံချက်ပေးလိမ့်မယ် (မှန်ပါ) စက္ခုံဉာဏ် မျက်စိသည် ဥဒပါဒိ = ဖြစ်ပေါ်လာသည်ဆိုတော့ ရှတ်ဘို့ ဖတ် ဖို့လား၊ သစ္စာကိုမြင်အောင်ကြည့်ဘို့လား (သစ္စာမြင်အောင် ကြည့်ပါလို့ ပြောတာပါဘုရား)။

ခင်ဗျားတို့က အန္တရာယ်ကင်းသုံးနေတယ်၊ ဓမ္မစကြာ ရှတ်ပေ့ အန္တရာယ်ကင်းတယ်ဆိုတော့ ဒကာ,ဒကာမတွေက လိမ်းဆေးလုပ်ခဲ့ကြတယ်၊ ဆေးကသောက်ဆေးပါ၊ လိမ်းဆေး လုပ်ခဲ့ကြတယ်၊ ခင်ဗျားတို့က လမ်းလျှောက်ရှတ်၊ ဘုရားရှေ့ သွားရှတ်၊ ရှတ်တော့၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သစ္စာမြင်ပါ ရဲ့လား (မမြင်ပါဘုရား)။

မမြင်တော့ ကုသိုလ်ရရုံပဲဖြစ်နိုင်တယ်၊ နိဗ္ဗာန်မရဘူး (မှန်ပါ) သဘောပါလား? (ပါ-ပါတယ်ဘုရား)။ ပြောခဲ့တဲ့ကိစ္စ ကိုသိတဲ့ ကိစ္စဉာဏ်ဆိုတော့ သောတာပန်တည်လုခါနီး ဉာဏ် လို့မှတ်လိုက်စမ်းပါ။ (မှန်ပါ)။

ကိစ္စဉာဏ်ပြီးရင် သောတာပန်တည်လိမ့်မယ်၊ (မှန်ပါ) ကိစ္စဉာဏ်သိရင် အိမ်မှာပွားရင်လည်း တည်နိုင်တယ်၊ ဒီမှာတွင် ပဲ ကိလေသာစင်ပြီး ပွားလိုက်လို့ရှိရင် ဒီမှာလည်းတည်နိုင်

တယ် (မှန်ပါ့) သဘောကျပြီလား (ကျပါတယ်)၊ ဒါက ခင်ဗျား တို့ ဥဒယဗ္ဗယဘင်္ဂဘယတွေနဲ့ တက်နေတဲ့ဉာဏ် မဟုတ်ဘူး တဲ့၊ အရှင်ကောဏ္ဍညတက်တဲ့ဉာဏ်၊ ပေါ်ကြပြီလား (ပေါ်ပါပြီ ဘုရား)။

အရှင်ကောဏ္ဍည ဘယ်နှစ်ဉာဏ်နဲ့ တက်သွားတုံးမေးရင် (သစ္စဉာဏ်) တစ်ချက်၊ (ကိစ္စဉာဏ်) တစ်ချက်၊ (ကတဉာဏ်) တစ်ချက်၊ ဒီသုံးချက်နဲ့ သောတာပန်တည်သွားတာပဲ၊ ရိပ်မိကြ ပြီလား (ရိပ်မိပါပြီ)။ ခင်ဗျားတို့ဉာဏ်အရှည်ကြီး လိုက်နေလို့ ခက်နေတာ၊ သဘောကျပြီလား (ကျပါပြီ) အရှင်ကောဏ္ဍည ဘယ်နှစ်ဉာဏ် နဲ့သောတာပန်တည်ပါလိမ့် (သုံးဉာဏ်နဲ့တည် ပါတယ်ဘုရား)။

(သစ္စာဉာဏ်)တော့ သိကြပြီ (ကိစ္စဉာဏ်) ကို ထပ်ပြော မယ်၊ အလွန်အရေးကြီးပါတယ် (မှန်ပါ့)။

ကိစ္စဆိုတာသည် ဒကာ,ဒကာမတို့၏ သန္တာန်မှာ ဟော့ ဘယ်သွားမလို့လဲ မေးလိုက်တယ်၊ ကိစ္စကလေးရှိလို့၊ မပြော ကြဘူးလား (ပြောပါတယ်ဘုရား)။

အရှင်ကပေါ်လာတာလား၊ ခုမှပေါ်လာတာလား၊ (ခုမှ ပေါ်လာတာပါဘုရား) ခုမှပေါ်တဲ့ကိစ္စရှိလို့ သူသွားတယ် မဟုတ်လား (မှန်ပါ့) ခုမှပေါ်တဲ့ကိစ္စကိုသိရမယ် (မှန်ပါ့)၊ ဘယ် ကိစ္စကိုသိရမလဲ (ခုမှပေါ်လာတဲ့ကိစ္စကို သိရပါမယ်)· အဲ...

ခန္ဓာမှာလည်း ခုမှပေါ်တဲ့ကိစ္စကို သိရမယ် သေသေချာချာ မှတ်ပါ၊ ဒီစကားမသေးဘူး၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီခန္ဓာထဲမှာ ခုမှပေါ်တဲ့ကိစ္စကိုသိရင် ကိစ္စဉာဏ် (မှန်ပါ့) သဘောကျပြီလား (ကျပါပြီဘုရား) ဒီခန္ဓာထဲမှာ ခုမှ ဝေဒနာကလေးပေါ်ပြီးသကာလ လာတယ်၊ ၎င်းဝေဒနာကလေး ဟာ ပျောက်သွားတယ်၊ အော်... ခုမှပေါ်ပြီး ခုမှပျောက်တာ သူ့ကိစ္စ သူသိမ်းသွားတာ၊ သူ့ကိစ္စသူမလုပ်ဘူးလား (လုပ်ပါတယ်ဘုရား) ခံလည်းခံစားတယ် (မှန်ပါ့)။

ဝေဒနာသည် ခံစားခြင်းကိစ္စမရှိဘူးလား (ရှိပါတယ်ဘုရား) ခံစားခြင်းကိစ္စကို နောက်ဆုံးပိတ်ကျတော့ သူမသိမ်းရဘူးလား (သိမ်းရပါတယ်ဘုရား) ဒါဖြင့် ခံစားခြင်းကိစ္စကိုသိမ်းတဲ့ ခံစားတဲ့ကိစ္စကို ဒကာ,ဒကာမတို့က သိမ်းတဲ့ကိစ္စကျအောင်ကြည့်ပေးပါ (မှန်ပါ့) ခံစားတဲ့အလုပ်သိမ်းကဲ့ ကိစ္စကျအောင်ကြည့်ပါ။ သဘောကျပြီလား (ကျပါတယ်ဘုရား) ဒါဖြင့် ဝေဒနာကိစ္စကို ဒကာ,ဒကာမတွေက ဉာဏ်ထဲသိတဲ့အခါကျတော့ စိတ်မှာကော ဘာကိစ္စရှိသတုံး၊ မေးဘို့မလိုဘူးလား (လိုပါတယ်ဘုရား)။

ဒကာ,ဒကာမတို့ ဝေဒနာမှာ ဖြစ်စေ၊ စိတ်မှာဖြစ်စေ၊ ရုပ်မှာဖြစ်စေ၊ တစ်ခုသောတရားပေါ်လာတယ် ဆိုလို့ရှိရင်ဖြင့်.. တဲ့၊ အိုမှု သေမှုပေါ်တာချည်းပဲမှတ်၊ ဝေဒနာပေါ်လာလည်း သူ့

မှာဘာပါလာတုံး၊ ဇရာ၊ မရဏ (အိုမှု,သေမှု ပါလာပါတယ်) စိတ်ပေါ်လာရင်ကော (အိုမှု သေမှု ပါလာပါတယ်ဘုရား)။ ရုပ် ပေါ်လာရင်ကော (အိုမှု သေမှု ပေါ်လာပါတယ်)။

ဒါဖြင့် ဝေဒနာဟာ အလိုလို ပျက်သွားတာလား၊ စိတ် ဟာ အလိုလိုပျက်သွားတာလား၊ သူယူလာတဲ့ (အိုမှု နာမှု နှိပ် စက်တဲ့ ကိစ္စကြောင့် ပျက်ရတာပါ) တော်တော်ကလေး မိလာ ပြီ၊ တော်တော်မိလာတဲ့စကား၊ ဒကာကြီးတွေ သဘောပါရဲ့ လား၊ (ပါပါတယ်ဘုရား)။ အလိုလိုပျက်သွားတာလား၊ သူယူ လာတဲ့ ဇရာမရဏ နှိပ်စက်လို့ ပျက်သွားတာလား (ဇရာ မရဏ နှိပ်စက်လို့ ပျက်သွားတာပါဘုရား)။

ဒါဖြင့် ဟော့... ဝေဒနာ...မင်းမှာ ဘာကိစ္စရှိသတုံး၊ ကျုပ်မှာ နှိပ်စက်ခံရခြင်း ကိစ္စရှိတယ်၊ မပြောပေဘူးလား၊ (ပြောပါတယ်) အဲဒီကိစ္စကို ဒီကနေဉာဏ်နဲ့ မြင်အောင်ကြည့် (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ)။

ဒါဖြင့် စိတ်၏ကိစ္စကို ဉာဏ်နဲ့မြင်အောင်ကြည့်၊ စိတ်မှာ ဘာကိစ္စရှိသတုံး၊ ပျက်စီးခြင်းကိစ္စရှိတယ်၊ ဇရာမရဏတို့၏ နှိပ် စက်ခြင်းကိစ္စ၊ မရှိဘူးလား (ရှိပါတယ်ဘုရား) အော်... သူ့ နှိပ်စက်ခြင်းကိစ္စကြောင့် သူပျောက်ပျက်သွားတာပဲလို့ ခင်ဗျား တို့က ဒီကနေဉာဏ်ကလေးနဲ့ သိပေးပါ။

ဒါဖြင့် သူ့မှာကကိစ္စနဲ့ပါ၊ သူ့ကိစ္စကို သိတာကဉာဏ်၊ သူ့မှာက ဘာပါလိမ့် (ကိစ္စပါဘုရား) သူ့သိတာက (ဉာဏ်ပါ)

ကိစ္စနဲ့ဉာဏ်နဲ့ပေါင်းပါ (ကိစ္စဉာဏ်ပါဘုရား) ကိစ္စဉာဏ်ဆို တာ ဒကာ,ဒကာမတို့ သူယူလာတဲ့ ဇရာမရဏကြောင့် သူပျက် စီးရတဲ့ကိစ္စပဲ ဆုံးဖြတ်ချက်ချ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ)။

သူယူလာတဲ့ ဇရာမရဏကြောင့် (သူပျက်စီးရတယ်) သူ ပျက်စီးတဲ့ကိစ္စမကြုံရဘူးလား (ကြုံရပါတယ်ဘုရား) အဲဒီလို သိလို့ရှိရင်ဖြင့် အဲဒီလိုသိတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ (ကိစ္စ ဉာဏ်ခေါ်ပါတယ်ဘုရား)။

ဒကာ,ဒကာမတို့ ကျုပ်တို့အားလုံးဟာ တစ်နာရီထက် တစ်နာရီ သုသာန်နဲ့ မနီးဘူးလား (နီးပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဇရာမရဏတွေ ဇရာဗျာဓိတွေ က အမြဲရိုက်နှက်ထုတ်နေလို့ သုသာန်နဲ့နီးတာ (မှန်ပါ့) မနီး ဘူးလား၊ (နီးပါတယ်ဘုရား) ဒါဖြင့် အနှိပ်စက်ခံရသော ကြောင့် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ပေါ်ပြီလား၊ (ပေါ် ပါပြီဘုရား) တော်တော်ပေါ်လာပြီ (မှန်ပါ့)။

ဒါဖြင့် ဒုက္ခသပီဠနဋ္ဌော=ဆိုတာပေါ်လာတယ် ဒုက္ခ သ= ဒုက္ခသစ္စာ၏၊ ပီဠနဋ္ဌော=သတ္တဝါကို ညှဉ်းတာမဖြစ် အမြဲနှိပ်စက်သော သဘောရှိသည်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါတယ်)။

ဘုန်းကြီးလက်တွေ့ပြမယ်၊ ခင်ဗျားတို့ ခန္ဓာကိုစမ်း ကြည့်၊ ပူသေးတယ်၊ (ပူပါတယ်) အဲဒါမီးလောင်နေတာ (မှန်ပါ့

ဘုရား) ဇရာမီးကလောင်ပြီး ပြောင်အောင်လုပ်နေတာ၊ သူနှိပ်စက်နေတာ၊ မယုံ လက်နဲ့စမ်းပါ၊ (မှန်ပါ့) ဒကာ,ဒကာမတွေ ကိုယ့်ကိုကိုယ်ပဲရင်ဘတ်စမ်းကြည့်စမ်း၊ နွေးကြရဲ့လား(နွေးပါတယ်)။

နွေးတယ်ဆိုတာသည် ကြာတော့ကို ဒကာ,ဒကာမတို့ ပြင်းထန်မလာဘူးလား (လာပါတယ်ဘုရား) ပြင်းထန်လာတော့ ဒီနွေးတဲ့ တေဇောဆိုတဲ့မီးသည် ဘယ်သူ့လောင်သတုံးမေးရင် ဘယ်နဲ့ပြောမလဲ၊ (ခန္ဓာကိုယ်လောင်ပါတယ်ဘုရား) ဘယ်အချိန်ရပ်သတုံး(မရပ်ပါဘူးဘုရား) ဒါကြောင့် ဇရာ,ဗျာဓိတွေက အမြဲနှိပ်စက်ခံရသောကြောင့် ရ ထားတဲ့ ပဉ္စုပ္ပန်ခန္ဓာကို ဘာသစ္စာဖွဲ့မလဲ (ဒုက္ခသစ္စာဖွဲ့ပါမယ်)

ဒါဖြင့် ဒုက္ခသပီဠနတ္ထောဆိုတဲ့ အဓိပ္ပါယ်က ဒါကို သိမှဖြစ်မှာကိုးဗျ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ) ကောင်းပြီ၊ ဒါဖြင့် ဒကာ,ဒကာမတို့ ဒုက္ခသစ္စာအနက်လေးချက်ကို ကိစ္စဉာဏ်နဲ့ ပြောလိုက်မယ်၊ ဒါကိစ္စဉာဏ်နော် (မှန်ပါ့) (၁) ပီဠနတ္ထော အနှိပ်စက်ခံရတာသိရင် အနှိပ်စက်ခံရတာက ခန္ဓာ၊ သိတာကဉာဏ် (မှန်ပါ့) အနှိပ်စက်ခံရခြင်းကိစ္စကို သိလို့ရှိရင် ဉာဏ်မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)ဒါဖြင့် ခန္ဓာက အနှိပ်စက်ခံရတဲ့ကိစ္စ၊ သူ့မှာရှိတယ် (မှန်ပါ့) နှိပ်စက်ခံရမှု ကို သိတာကဉာဏ် (မှန်ပါ့) ဒါဖြင့် ကိစ္စနဲ့ ဉာဏ်နဲ့ ပေါင်းပါ (ကိစ္စဉာဏ်ပါဘုရား)။

အနိပ်စက်ခံရသည့်ကိစ္စသည် ဒီခန္ဓာငါးပါးမှာ ရှိ–မရှိ (ရှိပါတယ်ဘုရား) ဒါဖြင့် ခန္ဓာငါးပါး၏ ကိစ္စဟာ၊ ဘာကိစ္စတုံး မေးရင် ဘယ်နဲ့ ဖြေကြမလဲ (အနိပ်စက်ခံရတဲ့ကိစ္စပါ) အနိပ်စက်ခံရခြင်းကိစ္စကို ဒီက ဉာဏ်ကသိပေးပါ။

ကိစ္စဉာဏ်ဆိုတာသည် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်မှသိတာ၊ ကျွတ်တမ်းမဝင်တဲ့ပုဂ္ဂိုလ် ဒီအဓိပ္ပါယ်မသိဘူး၊ (မှန်ပါ့) သစ္စဉာဏ် (၄) ချက်နဲ့ပြောမယ်၊ (မှန်ပါ့ဘုရား)။

(၂)သခ်တတ္တောနဲ့ ပြောပါဦးမယ်၊ သခ်တတ္တောတဲ့၊ ဒကာ,ဒကာမတို့ တဏှာယောကျာ်း လက်သမားသည် ဆိုးဝါး ယုတ်မာပြုပြင်ရာကို ရုံခါမသွေ့ အမြဲခံနေရတဲ့ အနက်သဘောရှိတယ်၊ ခင်ဗျားတို့ခန္ဓာကြီးကို တဏှာကခိုင်းသလို ပြုပြင်သလို ခံနေရတယ်၊ (မှန်ပါ့) တဏှာကရုံးသွားလိုက်ခိုင်းတယ်၊ မင်းဒါမှ ငွေရမယ်ဆိုတော့ ခန္ဓာကြီးကပြေးတယ်၊ မပြေးရဘူးလား၊ (ပြေးရပါတယ်ဘုရား)။ တဏှာက အခိုင်းသမား၊ ခန္ဓာကအခိုင်းခံ၊ ခိုင်းဘတ် (မှန်ပါ့)။

ဒါဖြင့် ဘဏှာပြုပြင်ရာ ခံနေရသော့ကြောင့်လည်း ဒီခန္ဓာကြီး ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ သဘောကျပြီလား၊ (ကျပါပြီ) တဏှာက ငါကို အဝတ်ဆင်ပေးဦးဆိုတော့ ဆင်ပေးရတယ်။

တဏှာက ထမင်းဆာတယ်ဆိုတော့ ကဗျာကယာ ချက်ကျွေးတန်ကျွေး၊ ဝယ်ကျွေးတန်ကျွေးတာက ဒကာ,ဒကာမတွေ တဏှာ ပြုပြင်တိုင်း နှိပ်စက်တဲ့အတိုင်း ခင်ဗျားတို့က မလိုက်နာရဘူးလား (လိုက်နာရပါတယ်ဘုရား) ဒါဖြင့် ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ) ဒါဖြင့် တဏှာပြုပြင်ရာ ခံရသောကြောင့်လည်း ဒီခန္ဓာကြီး ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

(၃)သန္တောပတ္တောဘဲ့၊ သန္တပတ္တော = ခန္ဓာကိုယ်ကြီးရဲ့ ရုပ်နာမ်တွေဟာ ကိလေသာမီးတွေ အမြဲလောင်နေတဲ့အနက် သဘောရှိတယ် (မှန်ပါ့)။ သန္တောပတ္တဆိုတော့ ဒီထဲမှာ စိတ်ကလေးပေါ်လာလည်း ဇရာ, မရဏမီးကလည်း လောင်တော့ မပြောင်းဘူးလား (ပြောင်းပါတယ်ဘုရား) ဝေဒနာကလေး စိတ်ကလေးပေါ်လာတော့ (ပြောင်းပါတယ်ဘုရား) ရုပ်ကလေး ပေါ်လာကော (ပြောင်းပါတယ်ဘုရား) ဒါဖြင့် မီးလောင်လို့ ပြောင်းတယ် (မှန်ပါ့)။

ဒါဖြင့် မီးလောင်တဲ့ကိစ္စသည် ရုပ်နာမ်မှာ ရှိမရှိ (ရှိပါတယ်ဘုရား) အဲဒီရုပ်နာမ် မီးလောင်လို့ပြောင်းမှန်း သိတဲ့ ဉာဏ်သည် ဘာဉာဏ်ဆိုကြမလဲ၊ (ကိစ္စဉာဏ်ပါ)။

(၄) ဝိပရိဏာမတ္တော၊ ဝေဒနာကလေးပေါ်တယ်၊ တော် [illegible] ဒီချမ်းသာသလိုလိုနဲ့ ချမ်းသာတာကလေးရှိသေးရဲ့ [illegible] (မရှိပါဘူးဘုရား)၊ အလတ်စားလိုလိုနဲ့ အလတ်စား

ကလေးကကော ရှာတွေ့သေးရဲ့လား (မတွေ့ပါဘုရား) ဒါဖြင့် ဖောက်ပြန်ပျက်စီးသွားတဲ့သဘောမရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဒါဖြင့် ဝိပရိဏာမ ဖောက်ပြန် ပျက်စီးတာက ဘာ သစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

အဲဒီဖောက်ပြန်ပျက်စီးတဲ့ကိစ္စကို သိတဲ့ဉာဏ်က ဘာဉာဏ်ခေါ်မတုံး (ကိစ္စဉာဏ်ပါဘုရား)၊ အဲ ကိစ္စဉာဏ်ဟာ ဝိပဿနာထဲ အကုန်ပါသွားတယ်၊ (မှန်ပါ့) ရိပ်မိကြပြီလား၊ (ရိပ်မိပါပြီ) ခင်ဗျားတို့အနိစ္စလည်း ဒီထဲမှာ ပါသွားတယ်· (ဒုက္ခ)လဲပါတယ်၊ (အနတ္တ)ကော (ပါ–ပါတယ်ဘုရား) အသုဘကော (ပါ–ပါတယ်ဘုရား)။

သစ္စဉာဏ်ကစတက်၊ သစ္စဉာဏ်ပြီး ဘယ်ဉာဏ်တက်မယ်၊ (ကိစ္စဉာဏ်တက်ရပါမယ်) ကတဉာဏ်ကျတော့ နိဗ္ဗာန်ရောက်ပါပြီ)

ရှေးဦးစွာ ဒါတွေ ဒုက္ခသစ္စာလို့ သိတာက သစ္စဉာဏ် (မှန်ပါ့) ဒါတွေမှာ နှိပ်စက်တဲ့ကိစ္စ၊ ပြုပြင်ရတဲ့ကိစ္စ၊ ပူပင်ရတဲ့ကိစ္စ ဖောက်ပြန်ရတဲ့ကိစ္စ ရှိ–မရှိ (ရှိပါတယ်ဘုရား) ဒီကိစ္စတွေကို ပျောက်ပျောက်သွားတာမြင်တိုင်း ဩော် သူ့ကိစ္စနှိပ်စက်တာကိုး ဆိုတာမသိဘူးလား (သိပါတယ်ဘုရား)။

ဒါဖြင့် နှိပ်စက်ပြီး ပျောက်ပျက်တဲ့ကိစ္စ သူ့မှာ ရှိ–မရှိ (ရှိပါတယ်ဘုရား) အဲဒီကိစ္စသိတဲ့ဉာဏ် ဘာဉာဏ်ခေါ်မယ်

(ကိစ္စဉာဏ်ခေါ်ပါတယ်) ဒါဖြင့် ဒီကိစ္စကိုသိတဲ့ဉာဏ်သည် ဒကာ, ဒကာမတို့ (တဏှာ ဥပါဒါန် ကံ) တွေကို မဖြတ်ဘူး လား (ဖြတ်ပါတယ်ဘုရား)။

ကံဖြတ်လိုက်တော့ ဒကာ,ဒကာမတို့ ဇာတိလာသေးရဲ့ လား (မလာပါဘူးဘုရား) ဒါဖြင့် ကံကိုဖြတ်ချင်လို့ရှိရင် ကံက ရှေးပိုင်းရောက်နေတော့ သူ့အရင်တဏှာဖြတ်လိုက်ရင် ဥပါဒါန် လာသေးရဲ့လား (မလာပါဘုရား) မလာရင် နောက်ကံကော (မလာပါဘုရား)။

ဒါဖြင့် တဏှာသိမ်းနိဗ္ဗာန်ဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီ ဘုရား) ဒီဘက်က ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတာကော (ပေါ်ပါပြီ) ဒီတဏှာသိမ်းလိုက်ရင် ဒီခန္ဓာကော (မလာပါ) သိမ်းပြီးသားပဲ ဆိုတာ ပေါ်ကြပြီလား (ပေါ်ပါပြီ) ခန္ဓာကြီးဟာ ဒီအတိုင်းပဲ ဒီ **ခန္ဓာကြီး၏ကိစ္စကိုသိရင် ကိစ္စဉာဏ်ရရင်ပြီးတာပဲ** (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ)။

ကိစ္စဉာဏ်သည် ဒကာ,ဒကာမတို့သိရမည့်ဉာဏ်လား၊ ပွားများရမည့်ဉာဏ်လား (ပွားများရမည့်ဉာဏ်ပါဘုရား) ပွား များရမည့်ဉာဏ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့)။ ဒီက ကိစ္စပေါ်တိုင်း ပေါ်တိုင်း ဒီကသိ–သိပေးရမယ် (မှန်ပါ့) ကိစ္စ ပေါ်တိုင်း (သိ–သိပေးရပါမယ်) ဒါဖြင့် အသိပေါင်း ဘယ် လောက်ပါလိမ့်ဆိုတော့ အများကြီး (မှန်ပါ့)။

ပွားများလို့ ကိစ္စကိုသိတဲ့ အသိပေါင်းအများကြီး ဖြစ်လို့ ရှိရင် ကတညုဏ်ရောက်တော့မယ် (မှန်ပါ့) ဘာဖြစ်လို့တုံး သူက ပွားမှရတဲ့ ဘာဝေတဗ္ဗကိစ္စက ဒီနေရာမှာကိုးဗျ (မှန်ပါ့) သဘောပါပြီလား (ပါ-ပါပြီဘုရား) ဒါဖြင့် "ကိစ္စဉာဏ်သည် (ဝိပဿနာဉာဏ်) (မှန်ပါ့) "ကတဉာဏ်သည် မဂ်ဉာဏ်ဖိုလ် ဉာဏ် (မှန်ပါ့) ဒီလို ခွဲယူပါ သဘောကျပြီလား (ကျပါတယ်) **ကိစ္စဉာဏ်သည် (ဝိပဿနာဉာဏ်ပါ) ကတဉာဏ်သည် (မဂ် ဉာဏ်ဖိုလ်ဉာဏ်ပါ)**။

ပဉ္စဝဂ္ဂီငါးဦးကိုဟောတုန်းက ဒီပြင်ဉာဏ်များ ပါသေးသလား (မပါ-ပါဘူးဘုရား)(သစ္စဉာဏ်)ကို ဘုရားက ရှေးဦးစွာ ဟောလိုက်တယ်၊ ပြီးတော့ ဘာဟောတုံး (ကိစ္စဉာဏ်ဟောပါ တယ်) နောက် ဘာဉာဏ်ဟောသတုံး (ကတဉာဏ်ပါဘုရား) အဲဒီတော့ ကောဏ္ဍညသိသွားပြီ အညာသိကောဏ္ဍညော ကောဏ္ဍ ညသိ သွားပြီဘုရားက မပြောဘူးလား (ပြောပါတယ်ဘုရား) တရား သက်သေ သာဓကကလည်း(တရားဦးပါဘုရား)။ ဓမ္မစကြာ တရားမှာ (မှန်ပါဘုရား)။

ခင်ဗျားတို့က တရားဦးကို မလိုက်ကြဘူး၊ တရားလယ် လိုက်နေကြလို့ ငကျနေကြတာ ရိပ်မိပြီလား (ရိပ်မိပါပြီ) မြတ်စွာဘုရားရှေးဦးစွာဟောတဲ့ တရားဦးကမှ ပုဂ္ဂိုလ်သတ္တဝါ မငဲ့တာ (မှန်ပါ့) အလယ်ပိုင်းတရားတွေကျတော့ ဘုရားက

ပုဂ္ဂိုလ်သတ္တ ဝါဒ်ငှဟောရတာ ပါလာတယ်၊ ဒီပုဂ္ဂိုလ်ကျတော့ ဒ်တရားဟောမှ ဟိုပုဂ္ဂိုလ်-ဟိုတရားဟောမှဆိုတဲ့ အလည် တရားတွေက ပုဂ္ဂိုလ် အလိုက်ဟောရတာ၊ ရှေးဦးစွာဟောတဲ့ ဘရား က ပုဂ္ဂိုလ်လိုက်သေးရဲ့လား (မလိုက်ပါဘုရား)။

ဘာပေ..ာတုံး (သစ္စဉာဏ်ဟောပါတယ်) သစ္စဉာဏ်ပြီး တော့ ဘာဟောတုံး (ကိစ္စဉာဏ်ဟောပါတယ်) ပြီးတော့ ဘာ ဟောတုံး (ကတဉာဏ်ဟောပါတယ်) အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါ ငှဲသေးရဲ့လား (မငှဲပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ မငှဲတဲ့တရားမှ ဓမ္မစိဋ္ဌာန်လို့မှတ် (မှန်ပါ့) ရိပ်မိပြီးလား (ရိပ်မိပါပြီ) ပုဂ္ဂိုလ် သတ္တဝါငှဲ ဟောတဲ့တရားဟာ ငါ့ကို ဟောတာမဟုတ်ဘူးလို့ မှတ်ပါ၊ သူ့အတွက်သာသက်သက် ဟောတာ (မှန်ပါ့) ရိပ်မိ ပြီလား (ရိပ်မိ ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့က ဘယ်ဟာတွေ လိုက်နေကြပါ လိမ့်မတုံးလို့ ဒကာ,ဒကာမတွေကို ဘုန်းကြီးက မေးစစ်လိုက်တဲ့ အခါကျတော့၊ ဘယ်သူဟာ ဘာနဲ့ ကျွတ်သွားတယ်၊ ဒါဟာ သူကိုဘုရားကဟောလို့ သူကျွတ်တာ၊ မင်းနဲ့မဆိုင်ဘူး၊ (မှန်ပါ့) ရိပ်မိပြီလား (ရိပ်မိပါပြီ) ဥပမာ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံလို့ ဒါရုစိရိယကို ဟောတယ်၊ ဒါရုစိရိယကိုဟောတာ ခင်ဗျားတို့က သွားမလုပ် နဲ့၊ ဒါရုစိရိယ တစ်ယောက်တည်းရတာ (မှန်ပါ့) ရိပ်မိပြီလား (ရိပ်မိပါပြီ) ဒီပြင်လူရမယ်ထင်သလား (မရပါဘူး) မရဘူး

သူကခိုပွါဘိညာ မို့ရတာ (မှန်ပါ့ဘုရား) သဘောပါပြီလား (ပါ-ပါပြီ)။

ဒါရုစိရိယပောတဲ့ တရားကို အရှင်စူဠပန် သွားပောရင် ရပါ့မလား (မရပါဘူးဘုရား) ပေါ်ပြီလား (ပေါ်ပါပြီ) ဒါဖြင့် အများနဲ့ ဆက်ဆံတဲ့တရားကိုသာလိုက်ပါ၊ (မှန်ပါ့) (သစ္စ ဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်) ဒကာ,ဒကာမတို့ ပုဂ္ဂိုလ်လိုက် သေးရဲ့လား (မလိုက်ပါဘူးဘုရား) ပဋ္ဌဝင်္ဂါးဦးလုံးကိုပောတဲ့ တရားဦး (မှန်ပါ့) ဘယ်ပုဂ္ဂိုလ်မဆို သစ္စာပောရမှာကိုးဗျ (မှန် ပါ့) သစ္စာမပောပဲနဲ့ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ်ရှိရဲ့လား (မရှိပါ ဘုရား)။

အရှင်သာရိပုတ္တာပောတဲ့တရား ခင်ဗျားတို့လိုက်နိုင်ပါ့ မလား (မလိုက်နိုင်ပါဘုရား) ဒါတွေက ပုဂ္ဂလဇ္ဈာ သယတွေ ပုဂ္ဂိုလ်လိုက်ပောတာ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ) ပုဂ္ဂိုလ်မလိုက်ပဲနဲ့ ပောခဲ့တဲ့ တရားက ဒီဉာဏ်သုံးချက်လို့ မှတ်လိုက် (မှန်ပါ့ဘုရား) ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

(သစ္စာဉာဏ်)ရှေးဦးစွာအားထားပါ (မှန်ပါ)နောက်ဘယ် ဉာဏ်လိုက်ရမလဲ (ကိစ္စဉာဏ်ပါဘုရား) နောက်(ကတဉာဏ်) ကျ တော့ကို ဒကာ,ဒကာမတွေ နိဗ္ဗာန်မြင်တဲ့ဉာဏ်ဆိုတော့ မပြီး သေးဘူးလား (ပြီးပါတယ်) လေ့ခါးသုံးထစ်နဲ့ နိဗ္ဗာန် ကို ရောက်တယ် (မှန်ပါ့) ခင်ဗျားတို့က ဆယ့်ခြောက်ထစ်မှ တပည့်

တော် တို့က အညောင်းပြေချင်တယ်ဘုရား၊ ဆယ့်ခြောက်ထစ်တက် ချင်တယ်ဆိုရင်တော့ ရောက်မှာမဟုတ်ဘူး (မှန်ပါ့) လမ်းတွင် အမောဆိုက်မယ် (မှန်ပါ့) ရိပ်မိပြီလား (ရိပ်မိပါပြီ)။

စိတ်ကလေးတစ်ခုဟာ ဖြစ်ပြီး ပျက်တာပဲ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ) ဘယ်စိတ်မဆိုဘာတုံး (ဖြစ်ပြီး ပျက်ပါတယ်) ဖြစ်ပြီး ပျက်တာပဲဆိုတော့ ခင်ဗျားတို့စိတ်ကိုရှု၊ (မှန်ပါ့) ဒကာ,ဒကာမတွေ ဘုန်းကြီးဘာသင်ပါလိမ့် (စိတ်ကို အရှုခိုင်းတာပါဘုရား)။

အခုဟောနေတာ သစ္စာဉာဏ်ဆိုတော့ (ဓမ္မာနုပဿနာ) ကိုဟောနေတာပဲ၊စိတ္တာနုပဿနာအရှုခိုင်းငြားသော်လည်း ဓမ္မ နုပဿနာ ပြန်ရောက်ပါတယ်။

စိတ်ကို ရှုတာ သဘောကြပြီလား (ကျပါပြီ) စိတ်ကို (သစ္စာဉာဏ်) နဲ့ရှုပါ၊ (မှန်ပါ့) စိတ်ကို (ကိစ္စဉာဏ်) နဲ့ရှုပါ (မှန်ပါ့) သဘောပါပြီလား (ပါပါပြီဘုရား) ဒါမှ နိဗ္ဗာန်ကို (ကတ) ဉာဏ်နဲ့ မြင်မယ်၊ (ကတ) ဉာဏ်ဆိုတာ နိဗ္ဗာန်ကို မြင်တဲ့ဉာဏ်ကိုဆိုတယ်၊ ပြီးပြီလို့သိတဲ့ဉာဏ်ပဲ (မှန်ပါ့ဘုရား)။

စိတ်ကိုရှုတော့ ရှေ့စိတ်ချုပ်ပြီး နောက် စိတ်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) နောက်စိတ်နဲ့ အသက်မရှင်ဘူးလား (ရှင်ပါတယ်ဘုရား)။

ဒါကြောင့် ရေ့စိတ်ချုပ်တဲ့ အသေကို ရှင်တဲ့စိတ်နဲ့ ကြည့်ပါ (မှန်ပါ့) အသေကို (အရှင်နဲ့ကြည့်ပါ)။ ဝိပဿနာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် ကိစ္စ ဉာဏ်မရဘူးလား (ရပါတယ်ဘုရား)။

ကြာတော့ ကိုယ့်အသေတွေ ကိုယ်မြင်တော့ ခဏ ခဏ သေတာ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)။

စိတ်ကလေးတစ်ခု ပေါ်ပြန်ပြီ၊ ကိုယ်တစ်ယောက်သေပြန် ပြီ၊ နောက်စိတ်ကလေး တစ်ခုပေါ်ပြန်၊ ကိုယ်တစ်ယောက် သေပြန် (မှန်ပါ့) ကိုယ့်အသေတွေကိုယ်မြင်တာကြာတော့ မမုန်း ဘူးလား၊ (မုန်းပါတယ်ဘုရား)။ ဒီလိုဖြစ်လာရင် နိဗ္ဗိန္ဒဉာဏ် တက်တာပဲ (မှန်ပါ့)။

ဒီအသေချည်းမျိုး မလိုချင်တော့ပါဘူးဆိုတဲ့ ဉာဏ်မလာ ဘူး လား (လာပါတယ်ဘုရား)။

လာလို့ရှိရင် အသေပျောက်ပြီးသကာလ, မဂ်ပေါ်လာ တယ် (မှန်ပါ့) အသေမလိုချင်တော့ပါဘူးဆိုတာ ဒုက္ခအစစ်မို့ မလိုချင်ပါဘူးလို့ လာလိုက်သည်နဲ့တစ်ပြိုင်ထဲ ခန္ဓာငါးပါး အကုန်ပျောက်တယ် (မှန်ပါ့) ဘာသစ္စာ ပျောက်သွားတာတုန်း (ဒုက္ခသစ္စာပျောက်သွားတာပါဘုရား)။

ဒုက္ခမရှိတဲ့ ဒုက္ခပျောက်တဲ့နေရာကို သိပြန်လို့ရှိရင် (ကတဉာဏ်) ပဲ (မှန်ပါ့) ဒါ နိဗ္ဗာန်မြင်တဲ့ဉာဏ်ပဲ၊ ပေါ်ကြပြီ လား၊ (ပေါ်ပါပြီဘုရား) ကဲ ကြိုးစားကြ။

မိုး (၂) စာ (၁၆)

❋ ❋ ❋ ❋ ❋

# အရှင်ကောဏ္ဍညသစ္စာသိပြီး သောတာပန်တည်ပုံတရားတော်

အားလုံးဒကာ,ဒကာမတွေ ကြားဘူးကြပါလိမ့်မယ်နော်။ အညာသိကောဏ္ဍညောဆိုတဲ့ ပါဠိဟာ ဓမ္မစကြာကို ရွတ်ရင်း ဖတ်ရင်းနဲ့ရတဲ့ ပုဂ္ဂိုလ်လည်း ပါလိမ့်မယ်။ သူများရွတ်သံကြား ဘူးတဲ့သူလည်း ပါလိမ့်မယ်၊ ကောဏ္ဍညော =ကောဏ္ဍညသည် အညာသိ = သိသွားပြီ၊ ကောဏ္ဍညသည် သိသွားပြီဆိုတဲ့ဥစ္စာ ဒကာ,ဒကာမတွေ ဘာသိသွားတာတုံးလို့မေးဘို့မလိုဘူးလား (လိုပါတယ်ဘုရား)။

ကောဏ္ဍညော = ကောဏ္ဍညသည် အညာသိ = သိသွား ပြီဆိုတဲ့ဥစ္စာဟာ လူ့ပြည်မှာလည်း ကျော်ကြားတယ်၊ နတ်ပြည် လည်း ကျော်ကြားတယ်၊ ဗြဟ္မာ့ပြည်လည်း ကျော်ကြားတယ် အကုန်ပဲ "ကောဏ္ဍညသိသွားပြီ, ကောဏ္ဍညသိသွားပြီ"ဆိုတဲ့ ဥစ္စာအားလုံးပဲ ကျော်ကြားတယ် (မှန်ပါ့ဘုရား) သိသွားတယ်ဆို တာသည် ဘာသိပါလိမ့်မလည်းလို့ မေးတော့မှ ဒကာ,ဒကာမ တို့ သစ္စာသိသွားတယ်၊ ဒကာ,ဒကာမတွေ ဘာသိသွားသလဲ (သစ္စာသိသွားပါတယ်ဘုရား)။

သစ္စာသိသွားတော့ကို ဘာဖြစ်ပါလိမ့်မလဲလို့ အမေး ထုတ်ဖို့လိုလာတယ်၊ သောတာပန်ဖြစ်သွားပြီလို့ ပြောတာ၊ သောတာပန်ဖြစ်သွားပြီလို့ပြောတာ၊ သောတာပန်တည်တာဆို တဲ့ဥစ္စာက သစ္စာလေးပါးလုံး သိသွားတယ်။

သစ္စာသိသွားပြီဆိုတာ ပဌမ ဒုက္ခသစ္စာသိသွားတော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ။ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ နောက်ခန္ဓာမလာတာက နိရောဓသစ္စာဆိုတာ တပြိုင်နက်တည်း သိသွားတာသည် သစ္စာလေးပါး တပြိုင်နက်သိသွားခြင်းဖြစ်တယ်၊ ရိပ်မိကြပြီလား (မှန်ပါ့) ကောင်းသည်သိသွားတယ်ဆိုတာ သစ္စာလေးပါး တပြိုင်နက်သိသွားတာလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)။

ကိုယ့်ခန္ဓာထဲမှာ သစ္စာလေးပါးဟာ တပြိုင်နက်ဖြစ်တာသိရင် ကိစ္စပြီးမယ်လို့ မှတ်ကြပါ၊ သစ္စာမသိပဲနဲ့ နိဗ္ဗာန်ဝင်တဲ့ပုဂ္ဂိုလ်ရှိရဲ့လား (မရှိပါဘုရား) မရှိတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ သိမှုဟာ အရေးကြီးပါတယ် (မှန်ပါ့) သိပြီးတော့သိရုံနဲ့ ပြီးရောလားလို့မေးတဲ့အခါကျတော့ ပွားသိ သိရ မယ်လို့ မှတ်လိုက်ပါဦး (မှန်ပါ့ဘုရား)။ ပွားသိ သိရလိမ့်မယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ပွားသိ သိသွားလို့ရှိရင်ဖြင့် အကုသိုလ်ကံတွေ ယခုဘဝ မသိမလိမ်မာလို့ မိုက်ထားတဲ့ အပါယ်သွားမည့် ကံတွေဟာ အဲဒီပွားပြီးသိတဲ့ တစ်လုံးက အကုန်ပယ်ချလိုက်ပါတယ်၊ သိပ်အဘိုးတန်ပါတယ် (မှန်ပါ့)။

ဩော်... မဂ်ဆိုတာသိလုံးကိုဆိုတာလို့သာ မှတ်လိုက်စမ်းပါ (မှန်ပါ့) သိလုံးကိုဆိုသဖြင့် သိရမှာက ဒုက္ခသစ္စာ။ ခင်ဗျားတို့ ယခုရနေတဲ့ ပစ္စုပ္ပန်ဘဝဟာ (၂) နံပါတ်ထဲမှာ

နေပါတယ်၊ (မှန်ပါ့) (၂) နံပါတ်ထဲက ပေါ်ချင်တာပေါ် ဘာသစ္စာပေါ်မလဲ (ဒုက္ခသစ္စာပေါ်ပါတယ်) (၂) နံပါတ်ထဲက ရုပ်ပေါ်ပေါ်, နာမ်ပေါ်ပေါ် စိတ်ပေါ်ပေါ်, ဖဿပေါ်ပေါ် ဝေဒနာ ပေါ်ပေါ် ဘာဆိုကြမလဲ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာက ဒကာ,ဒကာမတို့ခွေးကိုက် လို့နာတာ၊ကျောက်ပေါက်လို့ ဝေဒနာရတာ၊ ရူနာဖြစ်တာကို ဆိုတာ မဟုတ်ပါဘူး၊ ဒုက္ခသစ္စာဆိုတာ ခန္ဓာထဲမှာ ခန္ဓာငါး ပါး တစ်ပါးပါး ထင်ထင်ရှားရှား ပေါ်တာကို ဆိုပါတယ် ရှင်းကြပြီလား (ရှင်းပါပြီ)။

ဒုက္ခသစ္စာဆိုတာ ခန္ဓာငါးပါးပေါ်တာ၊ တစ်ပါးပါး ပေါ် တာကို ဘာဆိုကြမလဲ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလို့ သေ သေချာချာမှတ်ပါ၊ (မှန်ပါ့) ခန္ဓာထဲမှာ သိလုံးလေနဲ့ နေလိုက် လိုရှိရင်ဖြင့် ဒါက ဒုက္ခသစ္စာ ဒီက သဒ္ဒါ ပညာနဲ့ သိပေး လိုက်တယ် ဆိုလို့ရှိရင်ဖြင့်...တဲ့...အညာသိ ကောဏ္ဍညော လိုဖြစ်မယ် (မှန်ပါ)။

ကောဏ္ဍညော =ကောဏ္ဍညသည်။ အညာသိ = ဒုက္ခ သစ္စာကို မဂ်နဲ့ သိပြီဆိုတော့ (၃) နံပါတ် သွားသေးသလား (မသွားပါဘူးဘုရား) ဒါဖြင့် ဒီသိလုံး တစ်ခုဟာ ဘယ်လောက် အရေးကြီးနေသလဲ (အရေးကြီးပါတယ်ဘုရား) ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)

အဲဒါကြောင့် ခင်ဗျားတို့ကို ကယ်တင်ဘို့ရာ ဒီအသိ တစ်လုံးပဲရှိတယ်၊ ယခုဘ၀ ခန္ဓာပေါ်တိုင်း ပေါ်တိုင်း သိပေးပါ၊ ဝေဒနာပေါ်လဲသိ၊ စိတ်ပေါ်လဲသိ၊သိတဲ့အခါကျလို့ရှိရင် ဖြင့်အသိခန္ဓာဘာသစ္စာတုံး မေးမှာစိုးတဲ့အတွက်ဒီမှာထောက် ကြည့် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ)။

ဒုက္ခသစ္စာသိတယ်၊ သိလုံးက မဖြတ်ဘူးလား (ဖြတ်ပါ တယ်ဘုရား) သိလုံးသည် ကားဆိုရင်ဖြင့် သိပါပြီဆိုလို့ ရှိရင် ဖြင့် ဝိပဿနာမဂ်ကသိတယ်လို့မှတ်လိုက်စမ်းပါ။ သဘောကျပြီ လား (ကျပါပြီ) သူသိတာနဲ့ပဲ ဒီကတဏှာအဖော် လုပ်သေး ရဲ့လား၊ (မလုပ်ပါဘူးဘုရား) ခင်ဗျားတို့သူများ ပြောလား၊ မျက်မြင် လား (မျက်မြင်ပါဘုရား)။

အခုပြောတာကခင်ဗျားတို့ မျက်မြင်ကို ပြောပါတယ်၊ မြင်တယ်ဆိုလို့ရှိရင် ဒကာ,ဒကာမတို့နဲ့အလျှော်ဆုံးကကိုယ့် စိတ်ကိုယ်ရှုတာက အလျှော်ဆုံး ဖြစ်နေဟယ် (မှန်ပါ့) သဘော ကျရဲ့လား (ကျ ပါတယ်ဘုရား) သူများစိတ်ရှုရမှာလား ကိုယ့် စိတ်ရှုရမှာလား (ကိုယ့်စိတ်ရှုရမှာပါ)။

ကိုယ့်စိတ်ကိုယ်ရှုတဲ့ပုဂ္ဂိုလ်သည်တဲ့ အမှန်ကို သိသော ကြောင့် ကိုယ့်စိတ်က ကိုယ်ပြန်သိလိုက်တဲ့အချိန်ကျတော့ ဒကာ,ဒကာမတို့ စိတ်ဆိုတာ ဖြစ်ပြီး ပျက်သွားတဲ့စိတ်ကတစ် မျိုး သိတဲ့စိတ်ကတစ်မျိုး သဘောကျပြီလား၊(ကျပါတယ်ဘုရား)

ဒါဖြင့် ဖြစ်ပျက်ကိုသိတယ် သဘောကျပြီလား (ကျပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်က အသေ (မှန်ပါ့) မဂ်ကအရှင် သူက နောက်မှပေါ်ရတာကိုး (မှန်ပါ့)။

အသေကိုအရှင်နဲ့သိပေးတယ်၊ဒါဝိပဿနာခေါ်တယ်၊ အသေကို အရှင်နဲ့သိတာ (ဝိပဿနာ ခေါ်ပါတယ်ဘုရား) အသေကိုအရှင်နဲ့သိရင်ဒါဝိပဿနာခေါ်တာပဲစာလိုသုံးနေလို့ ခင်ဗျားတို့က နားယောင်နေတာ၊ ကိုယ့်အသေကိုကိုယ့်အရှင် စိတ်နဲ့သိရင် ပြီးတာပဲ (မှန်ပါ့)။

ကြည့်ပါ၊ ဒီထဲမှာ စိတ်ကလေးတစ်ခုပေါ်လာတယ်၊ စိတ်က ၁ နဲ့ ၂ ပဲရှိတယ်၊ ၁ ဆိုရင် ဖြစ်တယ်၊ ၂ ဆိုရင် ပျက်တယ် (မှန်ပါ့) အဲဒါကလေးကို နောက်သိလုံးလေးနဲ့ နောက်စိတ်နဲ့သိပေးလိုက်တာပေါ့၊ နောက်စိတ်နဲ့ အသက်ရှင်နေတာ ဒီစိတ်က သေသွားပြီ၊ လူတစ်ယောက်သေသွားပြီ မောင်ဘအေး ဖြင့် မောင်ဘအေးတစ်ယောက်သေသွားပြီ၊ ကိုယ့်အသေကို ဒီက နေကြည့်ပေး (မှန်ပါ့)။

အသေဟာ ဘာသစ္စာခေါ်ကြမလဲ (ဒုက္ခသစ္စာပါ) အသိက မဂ္ဂသစ္စာ (မှန်ပါ့)၊ ကိုယ့်ဉာဏ်နဲ့ကိုယ့်အသေကိုယ်သိတာ ဝိပဿနာခေါ်တယ် ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား) ဒီလိုဆို တော့ ဝိပဿနာ ခက်သေးရဲ့လား (မခက်ပါဘုရား)။

သေတာကစိတ်တခုနဲ့ သေသွားပြီ အသက်ရှင်နေတဲ့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ သူများအသေမြင်တာလား၊ ကိုယ့်အသေကိုယ်မြင်တာလား၊ (ကိုယ့်အသေကိုယ်မြင်တာပါဘုရား) ဒါဖြင့်ကိုယ်သေတယ်ဆိုတော့ သေတာသည်ဒုက္ခမဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)။

သေတာကဒုက္ခသစ္စာ၊ ကိုယ့်အသေကိုယ်သိတာက မဂ်ဉာဏ်မို့သိတာ မဂ္ဂသစ္စာ (မှန်ပါ့) လောကီမဂ္ဂသစ္စာဆိုတာ ကျေနပ်ပြီလား(ကျေနပ်ပါပြီ)ကိုယ့်အသေကိုယ်သိတာဝိပဿနာ ဒုက္ခသစ္စာအဖန်ဖန်သိနေတာက (မဂ္ဂသစ္စာပါဘုရား)။

ကိုယ်သေတာကိုဘယ်သူမှ မသိဘူး၊ သေမှာထင်ပါရဲ့ဆိုတာတော့ လူတိုင်းပြောကြပါတယ်၊ သေတဲ့အချိန်သိသေးရဲ့လား (မသိပါဘူးဘုရား) အဲဒါတွေခင်ဗျားတို့ ခုနကပြောခဲ့တဲ့ သစ္စဉာဏ်မရလို့ ခုတော့ စောစောစီးစီးရထားတော့အို.. သေတာအထူးမဟုတ်ပါဘူး အစကတည်းက သေနေတာ(မှန်ပါ့) မလာပေးဘူးလား (လာပါတယ်ဘုရား) ဒါကြောင့် ဘုရားရဟန္တာများကျတော့ အစောကြီးကအသေတွေသိနေတာ အထူးအဆန်းလား ဆရာဝန်လက်လွှတ်ရတဲ့ ဝေဒနာအထူးအဆန်းလားလို့ မေးတဲ့အခါကျတော့ အထူးအဆန်းမဟုတ်ပါဘူး အရင်သေဘူးနေပါပြီဆိုပြီး သကာလဒကာ,ဒကာမတို့ဒီအသေခန္ဓာကြီးကို မတွေ့ရမည့်နေရာ မြင်နေတော့ ဘုရားရဟန္တာကျတော့ ပြုံးများနေလိုက်သေးတယ် (မှန်လှပါ)။

ကိုင်း.. ဒါဖြင့်ဝိပဿနာဆိုတာ အသေကိုအရှင်နဲ့ကြည့်ဘာလို့မှတ်၊ ဝိပဿနာ ဆိုတာ ပွားတာ၊ တောကျောင်း၊ တောင်ကျောင်းသွားပြီး ရှုရတယ်လို့များမှတ်နေတာ• ဟုတ်ကြရဲ့လား (မဟုတ်ပါဘူးဘုရား)။

ကိုယ့်အသေကဘယ်မှာရှိတုံး (ကိုယ့်ခန္ဓာထဲမှာပါဘုရား) ကိုယ့်အသိကကော (ခန္ဓာထဲမှာပါဘုရား) ဒါကမ္ဘဌာန်းကျောင်းပဲဗျ၊ (မှန်ပါ့ဘုရား) ရိပ်မိပြီလား (ရိပ်မိပါပြီ) ခင်ဗျားတို့ကိုတောမထွက်ချင်အောင်ဘုန်းကြီးက ပြောနေပြန်ပြီလို့မဆိုကြနှင့်အုံး၊ ခင်ဗျားတို့ကတော့ ထွက်မှာလည်းမဟုတ်ပါဘူး၊ အားထုတ်ဘို့လိုရင်းကတော့ ကိုယ့်အသေကိုယ်သိရင်ပြီးတာပဲ (မှန်ပါ့)။

တောထဲသွားနေပေမဲ့လည်း မြို့စိတ်ပေါက်နေမယ်ဆိုရင်ကိုယ့်အသေကိုယ်သိနိုင်ပါမလား (မသိနိုင်ပါဘုရား) တောကျောင်းတောင်ကျောင်းဆိုတာရှင်းရှင်းပြောပါ့မယ်၊ ဝိပဿနာကလေ့ခါးခုံကတစ်ပေထွက်ရင်တောကျောင်း တောင်ကျောင်းပါပဲ၊ ဒါကအဘိဓမ္မာနည်း၊ တောကျောင်း၊ တောင်ကျောင်းဆိုတာကသမထအတွက် ပြောတာ (မှန်ပါ့)ဒါက သုတ္တန်နည်း အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်းဟာ တစ်ခြားစီ (မှန်ပါ့ဘုရား)ပေါ်ပြီလား (ပေါ်ပါပြီဘုရား) ဝိပဿနာအတွက်ကတော့ လေ့ခါးခုံကဆင်းရင်းတောကျောင်း၊ တောင်ကျောင်းဖြစ်တယ် (မှန်ပါ့)။

ဒါဖြင့်ဘုန်းကြီးတို့ ဒကာ,ဒကာတွေ ဘုန်းကြီးကအခု ပြောနေတာက စက်ဝိုင်းကြီးပြောနေတယ်လို့ ခင်ဗျားတို့ကမယူကြပါနဲ့ (မှန်ပါ့) ခန္ဓာထဲမှာ ဟောဒီမျက်လုံးကမြင်တယ်ဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့)။

ဒီမြင်စိတ်ကလေးသည် ကားလို့ဆိုလိုရှိရင်ဖြင့် ကိုယ့်ခန္ဓာ ဝိညာဏက္ခန္ဓာ ဆိုတဲ့စိတ်ကလေး သေသွားပြီဆိုပြီး ဒီကနေ သိပေးလိုက်တော့ တဏှာဆက်သေးရဲ့လား (မဆက်ပါဘူးဘုရား) "ဒုက္ခသစ္စာ"သိတဲ့ "မဂ္ဂသစ္စာ" ဆိုတော့ခင်ဗျားတို့သည် အညာသိ (ဥပမာ).. ဒကာ,ဒကာမတွေ အညာသိဒကာ, ဒကာမတွေဆိုရင်လည်း လွဲမလား (မလွဲပါဘူးဘုရား) ဒကာ, ဒကာမတွေသည် အညာသိ ဒီသစ္စာ ကိုသိသွားပြီ (မှန်ပါ့) သဘောကျပြီလား (မှန်ပါ့)။

ဒကာ,ဒကာမတွေသည် ဖြစ်ပျက်ဒုက္ခသစ္စာကိုသိသွားပြီ သဘောပါလား (ပါ့ပါပြီ) ဒါဖြင့်အသိခံရတာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) သိတာကလေးကဘာပါလိမ့် (မဂ္ဂသစ္စာပါဘုရား) ဒါဖြင့် ခင်ဗျားတို့မဂ်ရဘို့အလုပ်ဟာ ဆုတောင်းအလုပ်လားအသိအလုပ်လား (အသိအလုပ်ပါဘုရား)။

ကိုယ့်ဉာဏ်နှင့်ကိုယ်သိပြီးသကာလ နိဗ္ဗာန်သွားရမယ် (မှန်ပါ့) သိအောင်လုပ်တာက ကိုယ့်ဉာဏ်နဲ့ကိုယ်လုပ်ရမယ် (မှန်ပါ့)ဘုရားကိုတော့ ကျေးဇူးတော်ရှင်အဖြစ်နဲ့ ကိုးကွယ်ရ

မယ်၊ နိဗ္ဗာန်သွားချင်တာက ကျေးဇူးတော်ရှင်ဘုရားပြောတဲ့ စကားအတိုင်းအသိအလုပ်လုပ်ပါတော့မယ်ဆိုမှနိဗ္ဗာန်ရောက် မယ်။

ကိုင်း..ဒကာ,ဒကာမတို့ခင်ဗျာတို့ကိုယ့်စိတ်ကိုကိုယ် ရှုပါ၊စိတ်စိတ်ချင်းရှုရမဲ့အလုပ်ဟာ အတော်အရေးကြီး ပါ တယ်၊ ဒါကိုယ့်စိတ်လို့ဆိုသဖြင့် ကိုယ်သိပါဆိုတော့ သိတဲ့ အချိန်မှာဒီ စိတ်ရှိသေးရဲ့လား (မရှိပါဘူးဘုရား) နှစ်စိတ်နဲ့ အသက်မရှင်ကောင်းဘဲကိုး (မှန်ပါ) တစ်စိတ်နဲ့သာအသက် ရှင်ရမယ်..

အဲဒီတော့ ကိုယ့်စိတ်ကိုကိုယ်သိပါ ဆိုငြားသော်လည်း စိတ်ကိုသိရတာမဟုတ် "အပျက်"ကို သိရတာပေါ်ကြပြီလား (ပေါ်ပါပြီ)ကိုယ့်စိတ်ကိုယ်သိငြားသော်လည်း(အပျက်ကိုသိရ တာပါဘုရား) ဒါဖြင့်ဒီက အပျက်၊ ဒီကမဂ်ဆိုတာသွားကိုက် တယ်။ ဒါကလေးတွေက အချက်ကလေးတွေလို့မှတ်ပါ။ တော်တော် အရေးကြီးတဲ့စကား(မှန်ပါ)ခင်ဗျားတို့က စိတ္တာ နုပဿနာ ရှုဆိုတော့စိတ်ကိုအရှုခိုင်း တယ်လို့ ထင်လိမ့်မယ် (မှန်ပါ)။

စိတ်ကိုအရှုခိုင်းတာမဟုတ်ဘူးစိတ်၏ "ပျက်မှု"ကိုရှုပါ ပြောတာ(မှန်ပါ) ဘာပြုလို့တုံး.. ရှုတဲ့အချိန်မှာဒီစိတ်ရှိသေး ရဲ့လား (မရှိပါဘူးဘုရား) ဒါဖြင့် စိတ်ရှုရမှာလား၊အပျက်ရှုရ မှာလား (အပျက်ရှုရမှာပါ)။

စိတ်၏မရှိမှုကို ရှုခိုင်းတာ၊ ရှိတာရှုနေလို့ရှိရင်ဖြင့် ဒကာ,ဒကာမတို့ ခိုင်တာမြဲတာရှုသောကြောင့် သဿတဒိဋ္ဌိဖြစ်တယ် (မှန်ပါ့)မရှိတာ ရှုမှသာလျှင်.. တဲ့ သဿတဒိဋ္ဌိ က လွတ်တယ်၊ အသေကိုအရှင်နဲ့ရှုပါဆိုတာ အမှန်ဆုံးပဲ (မှန်ပါ့) သဘောပါကြလား (ပါ.ပါတယ်ဘုရား)။

အသေကိုအရှင်နဲ့ရှုပါဆိုတာ ဝိပဿနာ၊ စိတ်လာတိုင်း ရှုနေတာပဲဆိုရင် ဒါဝိပဿနာမဟုတ်ဘူး၊ ဝိပဿနာအပါးမဝ သေးဘူး၊ ဆရာရင်လည်းလိုမယ်၊ ကိုယ်ရင်လည်းလိုမယ် (မှန်ပါ့)။

စိတ်ဟာနှစ်ခုပြိုင်ပေါ်ကောင်းရဲ့လား(မပေါ်ကောင်းပါဘူးဘုရား) ဒါဖြင့် ပထမစိတ်ပျက်ပြီးတော့မှ ဒုတိယစိတ်ဖြစ်တယ်(မှန်ပါ့) ဒုတိယရှုတဲ့စိတ်ဖြစ်တယ်၊ ဒါဖြင့်ပထမစိတ်က အသေပါ၊ ဒုတိယစိတ်ကရှင်ဆဲပါ၊ အသေကို.. (ရှင်တဲ့စိတ်နဲ့ရှု) အဲဒါမှဝိပဿနာအစစ် (မှန်ပါ့)။

ဒကာ,ဒကာမတွေ အသေကိုဘာနဲ့ကြည့်ရမယ်၊ (ဉာဏ်နဲ့ကြည့်ရမှာပါ) အသေကိုအရှင်နဲ့ကြည့်ရမယ်၊ အရှင်နဲ့မကြည့်ရင်မမြင်ဘူး၊ အသေကိုမတွေ့သေးလို့ရှိရင် အနိစ္စမတွေ့သေးဘူး၊ ဒါဖြင့်ဝိပဿနာဆိုဘာ ဘာပါလိမ့်မလဲ (အသေကိုအရှင်နဲ့ကြည့်တာပါ) ဒါမှတ်ထားပါ၊ စိတ္တာနုပဿနာလားအသေကိုအရှင်နဲ့ကြည့်တာလား၊ (အသေကိုအရှင်နဲ့ကြည့်တာပါ)။ ဝေဒ

နာနုပဿနာလား၊ အသေကိုအရှင်နဲ့ကြည့်တာလား အသေကို အရှင်နဲ့ကြည့်တာပါဘုရား)။

ဒါမှလမ်းကျတယ်၊ဘုရားကလည်း "သမုဒယဓမ္မာနုပဿီ ဝါဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ" သမုဒယနှင့်ဝယ၊ ဝယ ဆိုတာအသေပါ (မှန်ပါ့)အဲဒီအသေကြည့်ပါပြောတာ၊ ဝိပဿနာ ဆိုတာဘာပါလိမ့် (အသေကိုအရှင်နဲ့ကြည့်တာပါ ဘုရား)

အရှင်အရှင်ချင်း ကြည့်လို့ဖြစ် – မဖြစ် (မဖြစ်ပါဘုရား) ဘယ်နည်းနှင့်မှ မဖြစ်ဘူးဆိုတော့ ဝိပဿနာဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား)။

ဝိပဿနာဆိုတာဘာပါလိမ့် (အသေကိုအရှင်နဲ့ကြည့်တာ ပါဘုရား) အသေကိုအရှင်နဲ့ကြည့်တာဆိုတော့အင်း...အခုသေ တာအခုကြည့်ခိုင်းတာ၊ဒါကြောင့် ပစ္စုပ္ပန်တည့်တည့်ရှုဆိုတာဒါ ပြောနေတာ (မှန်လှပါ) အသေကိုအရှင်နဲ့ရှုတော့၊ပစ္စုပ္ပန်ကော မတည့်ဘူးလား (တည့်ပါတယ်ဘုရား) ရှေးကသေတာလား၊အခု သေတာကြည့်ရတာလား၊(အခုသေတာကြည့်ရတာပါ)။

ဘာသစ္စာကြည့်တာတုံးမေးတော့(ဒုက္ခသစ္စာ)ကိုကြည့်တာ ပါ) ဒါခင်ဗျားတို့က ဒုက္ခသစ္စာဆိုတာ တခြားမအောက်မေ့နဲ့ ဒီအသေဟောနေတာ (မှန်ပါ့)။ ကိုယ့်စိတ်ကလေးသေတာကို ဟောနေတယ်လို့ဆုံးဖြတ်ချက်ချပါ(မှန်ပါ့) ဒါဖြင့်အသေကဒုက္ခ သစ္စာ၊ သိတာက (မဂ္ဂသစ္စာပါဘုရား)သေတာကို အဖော်မလုပ်

ဖြစ်တာက (သမုဒယသစ္စာ) (မှန်ပါ့ဘုရား) နောက် ခန္ဓာ မလာ တာက နိဗ္ဗာန်ဆိုတဲ့ (နိရောဓသစ္စာ) (မှန်ပါ့) မရှင်းကြသေး ဘူလား (ရှင်းပါပြီ ဘုရား)။

ထပ်ပြောပါတယ်၊ ဟေ့–ကလာပ်၊ပဿ–ကရူပ်၊ဟေ့ ပသီကော ကျုပ်ဒီနေရာသေနေတယ်၊ ခင်ဗျား ဒီနေရာကနေရှု ပေးပါလို့ ပြောနေတာ,သဘောကျပြီးလား၊ ဘာနဲ့ရှုရမှာတုံးဆို တော့ အရှင်နဲ့ရှုပေးပါ။ သိအောင်ဉာဏ်နဲ့သွားလိုက်လို့ရှိရင် ဖြင့် ခေါ်တာက ဟေ့ပသီကော၊သဘောကျပြီလား (မှန်ပါ့) ကိုယ်က ဉာဏ်နဲ့ သွားလိုက်တော့ကိုတဲ့ ကိုယ့်အသေကိုယ် မြင်ပါတယ်)။

ယားတဲ့နေရာကလေးက ဝေဒနာမဟုတ်လား (မှန်ပါ့) ဒုက္ခစိတ်မဟုတ်လား (မှန်ပါ့)အဲဒီဒုက္ခစိတ်ကလေးဆီကိုဉာဏ်နဲ့ သွားလိုက်တဲ့အခါကျတော့ ဩော်...ဘယ်သူသေတာမြင်ရ ပါ လိမ့် (ကိုယ်သေတာမြင်ရပါတယ်ဘုရား)။

အဲဒီလိုဉာဏ်နဲ့သွားလိုက်လို့ရှိရင်ဖြင့်အသေကဒုက္ခသစ္စာ အသိက မဂ္ဂသစ္စာ,(မှန်ပါ့)လက်နဲ့သွားတာကတော့ အယားပြေ ချင်လို့၊တဏှာနဲ့သွားတာ(မှန်ပါ့)။ ဒီတရားကဖြစ်ပြီး ပျက် တဲ့တရားကဟေ့ပသီကော၊လာပါရူပါလို့ခေါ်တာ (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ)။

တရားကခေါ်လို့ ရှိရင် ခင်ဗျားတို့က တဏှာ နဲ့လိုက်မလား၊ ဉာဏ်နဲ့လိုက်မလား (ဉာဏ်နဲ့လိုက်ပါမယ်)။ ဘုရားကသန္ဒိဋ္ဌိကောလို့ဟောပြန်တယ် (မှန်ပါ့)သန္ဒိဋ္ဌိကောသာမံပဿိတဗ္ဗောသာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော = မြင်အောင်လိုက်စမ်းပါ၊ မဟောဘူးလား (ဟောပါတယ်ဘုရား) ကိုယ်တိုင် မြင်အောင်လိုက်ပါ။ ခေါ်ရာကိုသွားပါ၊မြင်အောင်ဟာဘာတဲ့တုံး (လိုက်ပါ) လိုက်ပါ၊သွားပါ၊အသေရှိတဲ့ဆီကို (မှန်ပါ့) သဘောကျပြီလား။ (ကျပါပြီ)။

ဘုရားကဟောခဲ့တာက အားထုတ်ရတဲ့သောက်ဆေး (မှန်ပါ့) ခင်ဗျားတို့က ဧဟိပဿိကောလို့ ရှိခိုးတဲ့လိမ်းဆေးလုပ်နေတယ်။ (မှန်ပါ့)ကိလေသာရောဂါပျောက်ပါ့မလား (မပျောက်ပါဘူး)။ ကောင်းပြီ၊ဒကာ,ဒကာမတို့...ခေါ်တာကဘာတဲ့ (ဧဟိပဿိကော)ဧဟိပဿိကော၊လိုက်ရမှာက...(သန္ဒိဋ္ဌိကေ ာ)၊ကိုယ်တိုင်မြင်အောင်လုပ်ပါ (မှန်ပါ့) ဧဟိပဿိကောကခေါ်ရာကို သန္ဒိဋ္ဌိကောက (မြင်အောင်လိုက်ရမယ်)၊

ဧဟိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိကောနှင့်လိုက်လို့ရှိရင် အဲဒါဝိပဿနာဆေး (မှန်ပါ့) ဧဟိပဿိကောကခေါ်သည်၊ သန္ဒိဋ္ဌိကောကလိုက်သည် ဆိုတော့အသေကိုအရှင်နဲ့သွားတွေ့တယ် (မှန်ပါ့)ဧဟိပဿိကောက အသေကို (မှန်ပါ့)သန္ဒိဋ္ဌိကောလိုက–လိုက်တဲ့အခါကျတော့၊သူကအသေနှင့်နေလို့ ဒကာ,ဒကာမတို့

အထည်တွေ့သေးရဲလား။(မတွေ့ပါဘူး)မတွေ့တော့ ကိုယ်ခန္ဓာ အနိစ္စပါလား ဆိုတာသူများပြောလား ကိုယ်လိုက်လို့တွေ့တာ လား (ကိုယ်လိုက်လို့တွေ့တာပါဘုရား)။

ဟေတုပစ္စယော ခေါ်ရာကိုသန္တိဋ္ဌကောနဲ့လိုက်လို့ရှိရင် ဒါဝိပဿနာအစစ်၊ပေါ်ကြပြီလား(ပေါ်ပါပြီ) ဒကာ,ဒကာမ တွေမှာ...တဲ့ဆက်ရှုတ်ပါအကာလိကော၊ အကာလိကောဆို တာကအခုချက်ခြင်းအကျိုးပေးမယ်ကွ၊ကဲ...ပေး...မပေး... ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်ထောက်ပြမယ်၊ကြည့်ကြ။

ဟေတုပစ္စယော ခေါ်ရာကိုသန္တိဋ္ဌကောဆိုတဲ့သာမံပဿိ တဗ္ဗောဆိုကော့ ကိုယ်တိုင်မြင်အောင်ကြည့်လိုက်တဲ့အခါကျ တော့(ဒီတဏှာဥပါဒါန်ကံ)လာသေးရဲ့လား (မလာပါဘုရား) မလာ တာသည် အခါမလင့် တဏှာ ဥပါဒါန် သေသွားသော ကြောင့်တဲ့ အကာလိကောဖြစ်ပါတယ် (မှန်ပါ)အခါမလင့် အကျိုးပေးပြစ်လိုက်တယ်။ပေါ်ကြပြီလား(ပေါ်ပါပြီ)အခါများ လင့်သေးလား (မလင့်ပါဘူး) ခေါ်ရာကိုလိုက်လိုက်တာနဲ့ ဒီ(တဏှာ၊ဥပါဒါန်) တရားတွေလာသေးရဲ့လား(မလာပါ ဘုရား)၊ ရန်သူတွေ အကုန်မသေဘူးလား (သေပါတယ်-- ဘုရား)

(ဟေတုပစ္စယော)ခေါ်ရာကို(သန္တိဋ္ဌကော)နဲ့ (လိုက်ပေးရ ပါမယ်) သန္တိဋ္ဌကောနဲ့လိုက်ရင် နိဗ္ဗာန်ကား ဒကာ,ဒကာမတို့

ဆုတောင်းအလုပ်လားတဲ့၊ ခေါ်ရာလိုက်ရတဲ့ အလုပ်လား (ခေါ်ရာလိုက်ရတဲ့ အလုပ်ပါဘုရား)။

ဒါဖြင့်ဒီနေ့တရားမှာကိုယ်တိုင်သိဆိုတာလည်းဟော်ပသိကော ခေါ်ရာကို သန္နိဋ္ဌာနကောနဲ့လိုက်မှ (ဒုက္ခသစ္စာ)ကို သိတယ် (မှန်ပါ့)သဘောကျပြီလား(ကျပါတယ်)ဒုက္ခသစ္စာသိတဲ့အချိန်မှာ (သမုဒယသစ္စာ) သေ–မသေ(သေပါတယ်ဘုရား)၊သမုဒယသစ္စာသေလို့ရှိရင်(နိရောဓ ဒုက္ခနိရောဓ) လာ–မလာ (လာပါတယ်) သဘောပါကြလား (ပါ ပါတယ်)...ကဲ...ကြိုးစားကြတော့။

မိုး(၂) စာ (၄၄၂)

☸ ☸ ☸ ☸ ☸

# မနောပေါက်ကဝိပဿနာရှုနည်းတရားတော်

ဒွါရခြောက်ပေါက်ရှိတယ်လို့ ဒကာ,ဒကာမတွေမှတ်ထား ရမယ်နော်.. (မှန်ပါ့)။ မျက်စိပေါက်ကပဋိစ္စသမုပ္ပါဒ်လည်းတစ် မျိုး၊ နားပေါက်ကပဋိစ္စသမုပ္ပါဒ်ကော.. (တစ်မျိုးပါဘုရား) နှာ ခေါင်းပေါက်ကပဋိစ္စသမုပ္ပါဒ်.. (တစ်မျိုးပါဘုရား) လျှာပေါက် ကပဋိစ္စသမုပ္ပါဒ်(တစ်မျိုးပါဘုရား) ကိုယ်ပေါက်ကပဋိစ္စသမုပ္ပါဒ် .. (တစ်မျိုးပါဘုရား)။ အဲ.. ငါးမျိုးတော့ဖြင့် ဒကာ,ဒကာမ တွေရှုတတ်ပါပြီတဲ့ (မှန်ပါ့)။

မျက်လုံးပေါက်က ပေါ်လာတဲ့မျက်လုံးစိတ်ကိုဖြစ်ပျက်ရှု လိုက်ရင်ခန္ဓာဖြစ်စဉ် မတန်းတော့ပဲ၊ ဖြစ်ပြီးပျက်သွားတဲ့အတွက် ပဋိစ္စသမုပ္ပါဒ်ပြတ်တာပဲ.. (မှန်ပါ့)။

နားပေါက်က ကြားစိတ်ကလေးပေါ်လာရင် ကြားစိတ် ကလေးဖြစ်ပျက်ရှုလိုက်ရင်ကော.. (ပြတ်ပါတယ်ဘုရား)။ နှာ ခေါင်းပေါက်က နံ့တဲ့ စိတ်ကလေးပေါ်လာလို့ရှိရင် သူ့ကိုဖြစ် ပျက်ရှုလိုက်ရင်ကော .. (ပြတ်တာပါပဲဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်တာပဲဆိုတော့၊ သြော်.. ပဋိစ္စသမုပ္ပါဒ် သည် ဖြတ်တတ်လို့ရှိရင်လည်း အလွယ်သားပါပဲဆိုတာပေါ် လာတယ်နော်.. (မှန်လှပါ)။

ဖြစ်ပျက်ရှုလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဘယ့်နှဲ့နေကြသလဲ .. (ပြတ်ပါတယ်ဘုရား) ပြတ်ထွက်သွားတာပဲတဲ့.. တခါစဉ်း

စားပါဦး.. တဲ့ ဒကာ,ဒကာမတို့ ကိုယ်ပေါ်မှာယားတဲ့စိတ်,ယံတဲ့စိတ်,ကောင်းတဲ့စိတ်တွေလည်းရှိသေးတယ်။

အဲဒါတွေပေါ်လာတော့ ဘယ့်နဲ့လုပ်ကြမယ်..(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ဘာဖြစ်သွားသလဲ.. (ပဋိစ္စသမုပ္ပါဒ်ပြတ်သွားပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ရောက်တာပဲ.. (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.. (ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကလည်း ဒကာ,ဒကာမတို့ ဘယ်နှစ်ခုရှိပါလိမ့်မတုံး မေးတော့ ဘယ့်နဲ့ဖြေကြမလဲ.. (ခြောက်ခုပါဘုရား)။ ခြောက်ခု၊ ဒီနေ့နောက်ဆုံးပိတ်ပြမှာပဲ.. (မှန်လှပါဘုရား)။

နိဗ္ဗာန်လိုချင်ရင်ဘာလုပ်ရမလဲ.. (ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်ပြတ်ရပါမယ်ဘုရား) ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ပြတ်ရမယ်ဆိုတော့ ကိုယ့်ဒုက္ခကိုယ်ရှုပြီး ကိုယ့်ဒုက္ခကိုယ်ရှောင်တာပဲလို့ မှတ်လိုက်စမ်းပါ..(မှန်ပါ့ဘုရား) ကိုယ့်ဒုက္ခကိုယ်ရှုပြီး.. (ကိုယ့်ဒုက္ခ ကိုယ်ရှောင်တာပါဘုရား)။

အဲ.. ကိုယ့်ဒုက္ခကိုကိုယ်မြင်ပြီဆိုမှဖြင့် နောက်ဒုက္ခတွေအတွဲလိုက် အပြုံလိုက် ပြတ်တော့တယ်ဆိုတာ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား)။

ဝမ်းထဲမှာ မနောအကြည်မှန်ဆိုတဲ့ ဟဒယဝတ္ထုအကြည်မှန်ဆိုတာရှိတယ်နော်.. (မှန်ပါ) အဲဒီအကြည်မှန်သည် ဒကာ, ဒကာမတို့ ရန်ကုန်မှာသားကလေးရှိ၊ သားကလေးဘက်ကို ထည့်ပေးလိုက်၊ သားကလေးခင်တဲ့ စိတ်ပေါ်လာတာပဲ.. (မှန်ပါ)။

ဝမ်းထဲကအကြည်မှန်ဟာသမီးဆီလှည့်လိုက်ရင် သမီးကို ခင်တဲ့စိတ်၊ သမီးစိုးရိမ်တဲ့စိတ်ပေါ်လာတာပဲ.. (မှန်ပါဘုရား) ပစ္စည်းဘယ်လှည့်လိုက်ရင် ပစ္စည်းကြောင့်ကြတဲ့စိတ်၊ ပစ္စည်းခင်တဲ့စိတ်မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒီမနောအကြည်မှန်ဟာ ဒကာ,ဒကာမတို့သန္တာန်မှာဖြင့် အလုပ်အများဆုံးလို့ မှတ်လိုက်စမ်းပါ.. (မှန်လှပါဘုရား) မနောအလုပ်က ဒကာ,ဒကာမတို့မအိပ်မခြင်းပဲ နဖူးပေါ်လက်တင်ပြီးသားဘက်လှည့်လိုက်၊ သမီးဘက်လှည့်လိုက်,အရောင်းဘက်လှည့်လိုက်,လို့ အမြတ်အစွန်းပေါ်လို့ ချမ်းသာတဲ့စိတ်ကလေးလည်း အကြည်မှန်ပေါ် ပေါ်လာတာပဲ.. (မှန်ပါ)။

အရောင်းအဝယ်ဘက်လှည့်လိုက်လို့ရှိရင်လည်း အဝယ်တည့်သွားလို့ရှိရင်ဖြင့် အမြတ်အစွန်းရမှာမို့ဝမ်းသာတဲ့စိတ်ကလေးအကြည်မှန်ပေါ် မပေါ်ဘူးလား.. (ပေါ်ပါတယ်ဘုရား)။

အဲဒါတွေးလုံးနဲ့လှည့်တာဟူသ၍ကိုဖြင့် မနောစိတ်လို့မှတ်လိုက်စမ်းပါ.. (မှန်လှပါဘုရား)။ မနဥ္စ=ခင်ဗျားတို့သန္တာန်

ဒွဘဝင်အကြည်မှန်ကိုလည်းကောင်း၊ ဓမ္မေစ= ခင်ဗျားတို့တွေး နေရတဲ့ ဓမ္မာရုံကိုလည်းကောင်း၊ ပဋိစ္စ=စွဲ၍၊ မနောဝိညာဏံ= မနောဝိညာဏ်စိတ်သည်၊ (ဝါ)ခင်စိတ်,မင်စိတ်,ကြင်နာစိတ်, စိုးရိမ်စိတ်,ကြောင့်ကြစိတ်သည်၊ ဥပ္ပဇ္ဇတိ=တပြုံကြီးပေါ်ကြ၏။

ဒကာ,ဒကာမတို့ သန္တာန်မှာမျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, မနောတို့တွင် ဘယ်သူအဆိုးဆုံးပါလိမ့်.. (မနောအဆိုးဆုံးပါဘုရား)။

အိပ်ပျော်နေတာများ အိပ်မပျော်အောင်လုပ်တာဘယ်သူ ပါလိမ့်.. (မနောပါဘုရား)။ မနောကနေပြီးသကာလအဝေးမှာ ရှိတဲ့ သား, သမီးတွေဘက်လှည့်လိုက်ပြီဆိုမှဖြင့် စိတ်မချလက်မ ချစိတ်ကလေးက ဒီကြားထဲပေါ်ပေါ်လာတယ်၊ ဒါကအဝေး မှာရှိတဲ့သား, သမီးမြင်ရတာမဟုတ်ဘူးနော်.. (မှန်ပါ့ဘုရား)။

ဒီတော့မှန်အကြည်နဲ့ သူ့ဘက်ကိုလှည့်လိုက်ပြီဆိုမှဖြင့် သူ့အတွက်စိုးရိမ်လိုက်တာကြောင့်ကြလိုက်တာဆိုတဲ့ စိတ်က လေးကဒီမှန်ပေါ်မှာ အရိပ်သဖွယ်ပေါ်လာတယ်လို့မှတ်လိုက် စမ်းပါ.. (မှန်လှပါဘုရား)။ ဒါကြောင့်.. "မနဉ္စပဋိစ္စဓမ္မေစဥပ္ပ ဇ္ဇတိမနောဝိညာဏံ" ဆိုတာမြင်ကြပြီလား (မှန်ပါ့ဘုရား)။

သားဘက်လှည့်လိုက်လို့ရှိရင်သားကဖြန့်းတီးထားလို့ရှိ ရင် သူ့ကိုမကျေသေးဘူးဆိုတဲ့ စိတ်ကော.. (ပေါ်ပါတယ် ဘုရား)။

သမီးဘက်လှည့်လိုက်ပြန်လို့ရှိရင် သမီးကလေးကတော့ လိမ်မာရေးခြားရှိပါရဲ့ဆိုပြီး ပိုခင်တဲ့စိတ်ကလေးကောမပေါ်လာဘူးလား.. (ပေါ်လာပါတယ်ဘုရား)။

ခင်ဗျားတို့ဟာက ခင်တဲ့စိတ်ပေါ်လာတော့ တဏှာ, ဥပါဒါန်ကံမလာပေဘူးလား.. (လာပါတယ်ဘုရား) သားဘက် လှည့်လိုက်ရင် စိတ်မချလ်က်မချဖြစ်တော့ ဒေါသ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿဥပါယာသမလာပေးဘူးလား.. (လာပါတယ်ဘုရား)။

ဒီမှာမုန့်ကြည့်လွဲတာနဲ့ မုန့်အတောင်လွဲတာနဲ့ ပဋိစ္စသမုပ္ပါဒ်တွေ ထွက်ထွက်လာတယ်.. (မှန်ပါ့ဘုရား)။ အဲဒီတော့ ဒေါသ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ၊ သူနဲ့တွဲတဲ့ အဝိဇ္ဇာ,သင်္ခါရ တွေနောက်ကမဆက်ပေးဘူးလား.. ဆက်မလား (ဆက်ပါတယ်ဘုရား)။

ဘယ့်နဲ့ကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ပေါ်လာပါလိမ့်မတုံးလို့ လက်သည်ရှာကြပါစို့၊ မုန့်အတောင်လွဲလို့.. (မှန်ပါ့ဘုရား) ဪ.. ဒါဖြင့်ခင်ဗျားတို့မှာ မုန့်ကခင်ဗျားတို့ကိုချမ်းသာပေးတဲ့ဘက်ကိုလှည့်ပြီး မတောင်ပဲနဲ့ဆင်းရဲပေးမည့် ဘက်ကိုလှည့်ပြီးတောင်မိသည့်အတွက် ခင်ဗျားတို့ဖြင့်သံသရာခရီးသည်ဖြစ်အောင် ပဋိစ္စသမုပ္ပါဒ်တန်းလာတော့တယ်ဆိုတာ ရိပ်မိပြီလား.. (မှန်ပါ့ဘုရား)။

သားသမီးတွေကလည်း တစ်ယောက်မှ လိမ္မာရေးခြားက လည်းမပါ၊ လိမ်မာတဲ့ကောင်ကလည်းအသုံးမကျ၊ မလိမ်မာတဲ့ ကောင်တွေကအဖြုန်းသမား အဲမလေး.. တွေးပြီးတော့များမှန် ထဲထောင်ပြီးသကာလ ဒကာ,ဒကာမတွေ ခုနှစ်စဉ်တန်းများနေ လိုက်သေးတယ်ဆိုတာ ရိပ်မိပြီလား .. (ရိပ်မိပါပြီဘုရား)။

ခုနှစ်စဉ်တန်းလို့ဆိုတဲ့ ဥစ္စာ ဒီပဋိစ္စသမုပ္ပါဒ်တန်းတာကို ဆိုတာ (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ်တန်းတာကိုဆိုတော့.. အိပ်မပျော်,စားမဝင်ရောဂါရသည်းခြေပျက်အောင် တန်းနေတာ ကိုးဗျ..(မှန်ပါ့) ဘယ်လောက်များဆိုးသွားသတုံး..(ဆိုးသွားပါ တယ် ဘုရား)။

ဟို.. သားသေလင်ဆုံးဒကာ,ဒကာမတွေ ကျပြန်တော့ သေတဲ့သူ႔ ်ကိုချည်းမှန်ကထောင်နေတာကိုး(မှန်ပါ့ဘုရား)။

သေတဲ့လူဘက်ကိုချည်း မှန်ကထောင်နေတော့ သူ့ခြေရာ လက်ရာကလေးတွေ မြင်တိုင်း မြင်တိုင်း တခါထဲ မျက်ရည် ကလေးတွေ သုတ်ကာ.. သုတ်ကာနဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေမလာဘူးလား.. (လာပါတယ်ဘုရား)။

အဲဒါဘယ့်နဲ့ကြောင့်လာတာတုံး.. (မှန်အထောင်လွဲလို့ ပါဘုရား) မှန်အထောင်လွဲရင်အိပ်မပျော်ဘူးနော်.. (မှန်လှပါ) စားလို့ကော.. (မရပါဘုရား)။

စားလို့လည်းမရဘူး၊ အိပ်လို့လည်းမပျော်ပါဘူး၊ သွားရင်လည်းခလုတ်တိုက်တယ်.. (မှန်ပါ့ဘုရား) သားဘက်လှည့်နေတော့ ဒီခလေးတွေကလည်း ငယ်ငယ်ရွယ်ရွယ်ဖြစ်နေတော့ အပေါင်းအသင်းလွဲမှာ စိုးရိမ်လိုက်တာဆိုတဲ့ သောကမလာဘူးလား.. (လာပါတယ်ဘုရား၊ သောကလာရင်ပရိဒေဝကတော့ကော.. (လာပါတယ်ဘုရား)။

မျက်ရည်ကလေးက တခါထဲဘယ်သူမှမရိုက်ရပဲနဲ့ထွက်လာတယ်.. (မှန်ပါ့)ဒုက္ခကလည်း အင်း.. ဒကာ,ဒကာမတွေ ကိုယ်၏ဒုက္ခကလည်းရောက်လာတာပဲ၊ စိတ်၏ဒုက္ခကကော.. (ရောက်လာတာပါပဲ) စိတ်ပူပန်တာတွေကကော.. (ရောက်လာပါတယ်ဘုရား)။

စိတ်ပူပန်တဲ့ ဥပါယာသတွေကလည်း လိုက်လာတယ်၊ လိုက်လာတော့ဒီဥစ္စာမသိလို့ ဖြစ်သောကြောင့်အဝိဇ္ဇာမပါဘူးလား။ (ပါ.ပါတယ်ဘုရား)။ ဒါဖြင့် "အဝိဇ္ဇာပစ္စယာသင်္ခါရ" ဘက်ကိုခင်ဗျားတို့ မှန်ထောင်လိုက်တာနဲ့ပဲ၊ တစ်ဘဝထက်နှစ်ဘဝဆက်ပြီး ဒုက္ခရောက်တယ်.. (မှန်ပါ့ဘုရား)။

ဒီဘဝမှာ မှန်ထောင်လွဲလို့ ဒုက္ခရောက်တာကတစ်မျိုး၊ နောက်ဘဝပဋိသန္ဓေဆက်လိုက်လို့ ဒုက္ခရောက်တာက (တမျိုးပါဘုရား) ဘယ်နှစ်မျိုးပါလိမ့် .. (နှစ်မျိုးပါဘုရား)။

ဪ.. ခင်ဗျားတို့ပဲထောင်တတ်ပါပေ့ဗျာ.. ကိုယ့်ဟာ ကိုယ်ဒုက္ခရောက်အောင်.. (မှန်ပါ့ဘုရား) မှန်ငှားရသေးသလား ကိုယ့်မှန်နဲ့ ကိုယ်ထောင်လိုက်တာပဲလား (ကိုယ်မှန်နဲ့ကိုယ် ထောင်လိုက်တာပါဘုရား) လွန်လှချည်းလား (မှန်ပါ့ဘုရား) မနောဒွါရနော်.. ဒကာ,ဒကာမတို့၊ မနောဒွါရ မနောဒွါရဟာ သိပ်ဆိုးတယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့.. နံနက်မိုးလင်း လို့ရှိရင် ဉာဏ်တော်ကွန်ရက်ထဲထင်လာတယ်ဆိုဘာ ဘုရားမှန် ထောင်လိုက်တာပဲ.. (မှန်ပါ့) ထောင်လိုက်တော့ ကျွတ်ထိုက် တဲ့ပုဂ္ဂိုလ်ဒီထဲမှာ အရိပ်လာပေါ်လာတယ်.. (မှန်ပါ့ဘုရား)။

ဘုရားရှင်ရဲ့အကြည်မှန်ကြီးဟာ ဘယ်လောက်ထိအောင် ဒီအထဲမှာ အရိပ်ထင်နိုင်တယ်၊ ဗကပြဟ္မာရိပ် ဘင်နိုင်တယ်ဆို တာပေါ်ကြပြီလား.. (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားကလည်း ဘုရားစွမ်းသလောက်ထောင် တာပေါ့ဗျ၊ ခင်ဗျားတို့ကလည်း ခင်ဗျားတို့စွမ်းသလောက် ထောင်ကြတာပေါ့.. (မှန်ပါ့) ဘုရားမှာတော့ကယ်တင်ဘို့ ရာ ဉာဏ်ပေါ်ပေါ်လာတယ် (မှန်ပါ) ဒီမှာကမျက်ရည်ကျစရာပေါ် ပေါ်လာတယ်.. ဒုက္ခပေါ့ (မှန်ပါဘုရား) မကွာခြားဘူးလား (ကွာခြားပါတယ်ဘုရား)။

ဒီကရော့ ခင်ဗျားတို့က အရှုံး မှန်ရသလိုဖြစ်နေတယ်..

(မှန်ပါ့) အရှူးဟာ ပြဒါးသုတ်တဲ့မှန်ကလေးတချပ်ရပြီဆိုမှဖြင့် လမ်းကသွားတဲ့လူတွေထောင်ထောင်ကြည့်ပြီး ဒီတွင်ပြုံးတာကို ဗျ။

သို့သော်လည်း သူက မှန်ကလေးကို ဟိုပြထောင်၊ ဒီပြ ထောင် ဒီထဲကြည့်ပြီး သူကပြုံးလိုက် မဲ့လိုက် ဒီလို ဖြစ်မနေဘူး လား (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံးဆိုတော့ အရူး မှန် ရနေ လို့.. (မှန်ပါ့ဘုရား) ရိပ်မိပြီလား ..(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကလည်း ဟိုဘက်လှည့်ထောင် ဒီဘက်လှည့် ထောင် မျက်ရည်ကျတဲ့ဘက်လှည့်ထောင်လိုက် သေတ္တာထဲမှာရှိ တဲ့ ရွှေကလေး စိန်ကလေး ကြည့်ပြီးပြုံးလိုက် .. (မှန်ပါ့) မှန် ထောင်ကြည့်တာကိုးဗျ (မှန်ပါ့)ရိပ်မိပြီလား..(ရိပ်မိပါပြီဘုရား)။

အဲဒါခင်ဗျားတို့ဟာက ဘာရ,ထားတာတုံး (အရူးမှန်ရ ထားတာပါဘုရား) ဒါကြောင့်ပုထုဇ္ဇနောဥမ္မတ္တကော=ပုထုဇဉ် ဟာအရူးချည်းပဲဆိုတာ မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား) ထောင်မိထောင်ရာထောင်တာဗျ (မှန်ပါ့ဘုရား)။

မှန်အတည့်ထောင်တာလား၊ ဟိုစောင်းထောင်လိုက်ဒီ စောင်းထောင်လိုက်လား (ဟိုစောင်းထောင်လိုက်, ဒီစောင်း ထောင်လိုက်ပါဘုရား) ဟိုလူကိုမကျေသေးဘူး..၊ အရင်တုန်းက ပွဲလေးတွေကွေချုပြီ အံမာ.. စောင်းများထောင်လိုက်သေး တယ်သူကမလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့မှန်တွေအရှုးမှန်ရသလို ဖြစ်နေသောကြောင့် အဲဒီမှန်တချပ်ကနေပြီး စိတ်ပေါ်လိုက်တယ် "မနဉ္စ ပဋိစ္စ ဓမ္မေစ,ဥပ္ပဇ္ဇတိ မနောဝိညာဏံ" ဆိုတဲ့ မှန်ထဲမှာအ ရိပ်စိတ်တွေမပေါ်ဘူးလား.. (ပေါ်ပါတယ်ဘုရား)။

အဲဒီအရိပ်စိတ်တွေက ပဋိစ္စသမုပ္ပါဒ်ဘယ်နှစ်မျိုးထွက် နိုင်သတုံး.. (သုံးမျိုးထွက်ပါတယ်ဘုရား) ဒေါသစိတ်လာရင် လည်း ပဋိစ္စသမုပ္ပါဒ်တစ်မျိုးမလာဘူးလား.. (လာပါတယ် ဘုရား) ဒေါသလာလို့ရှိရင် ဒေါသ,သောကပရိဒေဝဒုက္ခဒေါမန သ်,အဝိဇ္ဇာ (မှန်ပါဘုရား) ကိုယ့်သန္တာန်မှာပေါ်နေတဲ့စိတ်မှာ ဘာစိတ်ပေါ်မှန်းမသိဘူးဆိုပြီး ကျုပ်ဖြင့် ဘယ်စိတ်ကယ်လို့ မပြောတတ်ပါဘူး စိတ်တွေထွေနေ ဝေနေတာပဲဆိုတဲ့အခါကော မရှိဘူးလား !ရှိပါတယ်ဘုရား)။

အဲ. စိတ်တွေ ဝေနေ ထွေနေတဲ့အခါကျတော့ အဝိဇ္ဇာပေါ် တယ်.. (မှန်ပါဘုရား) အဝိဇ္ဇာပေါ်တော့ အဝိဇ္ဇာပစ္စယာ (သင်္ခါ ရာပါဘုရား) ဟော.. ကခါထဲပဋိစ္စသမုပ္ပါဒ်အစကကော မစ, ဘူးလား (စပါတယ်ဘုရား) ဒီနေရာက ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ် မျိုးဖြစ်၍ ဘယ်နှစ်မျိုးဆက်နိုင်သတုံး (သုံးမျိုးဖြစ်၍သုံးမျိုးဆက် နိုင်ပါတယ်ဘုရား)။

လူခြေတိတ်လို့ နဖူးပေါ် လက်တင်အိပ်ရာပေါ် စဉ်းစား၊ သား နဲ့ခင်ပွန်းကလည်း အဝေးသွားနေတဲ့အချိန်ကျမှ အို..တစ်

ယောက်တည်းထောင်နေလိုက်တဲ့ မုန့်ကမပြောပါနဲ့တော့.. ရိပ်မိပြီလား (ရိပ်မိပါပြီ)

မုန့်ထောင်လွှဲတာ၊ မနော အကြည်မုန့်ထောင်လွှဲတာ (မုန့်ပါ့ဘုရား) မုန့်ထောင်ပြန်လို့ရှိရင် ကိုယ့်ခန္ဓာကိုယ်ကြီးဟာဘာသစ္စာပါလိမ့်မတုံးလို့ ထောင်လိုက်စမ်းပါလား.. (မုန့်ပါ့) ဟော့ ဒုက္ခသစ္စာသိတဲ့စိတ်ကလေးအလယ်မှာ ပေါ်စေမယ်။ မနောဝိညာဏ်စိတ်ကလေး ဉာဏ်စိတ်ကလေးပေါ်လိမ့်မယ်နော်.. (မုန့်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကမှာ ရာတော်မူတယ်၊ သစ္စသံယုတ်မှာအကြမ်းဖျင်းစီးဖျန်းလို့ရှိရင်ဖြင့် ဒီခန္ဓာကိုယ်ကြီး ဘက်လှည့်ထောင်ပါတဲ့ မနောအကြည်ကိုဘာသစ္စာတုံးလို့ တွေးလုံးနဲ့ထောင်လိုက်စမ်းပါ.. (မုန့်ပါ့ဘုရား)။

ထောင်လိုက်တော့ ဘာသစ္စာလို့ပြောလိမ့်မယ်ထင်သတုံး.. (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလို့ပြောဟော့ ကျုပ်တို့ကဒုက္ခသစ္စာလို့သိလိုက်သည်နဲ့ တပြိုင်နက်ထဲလာမည့် ပဋိစ္စသမုပ္ပါဒ်သုံးခုစလုံးအကုန်ပြတ်.. (မုန့်ပါ့) မပြတ်ဘူးလား.. (ပြတ်ပါတယ်ဘုရား)။

ဒုက္ခသစ္စာသိတဲ့စိတ်ကလေးဟာ တခါထဲဖျတ်ဆိုမဂ္ဂင်ဘွဲ့ပေါ်လာတာပဲ.. (မုန့်ပါ့ဘုရား) ခန္ဓာဘက်လှည့်ထောင်

လိုက်တဲ့အခါကျတော့ မဂ္ဂင်ငါးပါးမပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

အဲ.. ကြချင်ရင် ဒါကိုကြကြပါတဲ့ ကာမဝိတက်,ဗျာပါဒ, ဝိတက်,ဝိဟိံသဝိတက်တွေတော့ဖြင့် အဲဒီဝိတက်ဖြစ်လောက်တဲ့ ဘက်ကိုတော့လှည့်မထောင်လိုက်ပါနဲ့.. (မှန်ပါ့ဘုရား) ပေါ်ကြ ပြီလား (ပေါ်ပါပြီဘုရား)။

ကြလိုက်တော့ ခင်ဗျားတို့က တရားကလည်းနာပြီးသား ဖြစ်နေတယ်ဖြစ်ပျက်တွေကလည်းတွေ့ပြီးသားဖြစ်နေတော့ ဘာ သစ္စာပေါ်လာမယ်ထင်သတုံး.. (ဒုက္ခသစ္စာလို့ပေါ်လာပါမယ်)။

အကြောင်းတော့မဂ္ဂင်ပေါ်တယ် .. (မှန်လှပါဘုရား) အကြံဆိုးတော့ပဋိစ္စသမုပ္ပါဒ်ပေါ်တယ် (မှန်ပါ့ဘုရား) ရှင်းပြီ လား (ရှင်းပါပြီ)။ ဒါဖြင့်အကြောင်းတစ်ချက်ဆိုတာဒါမှတ် ပေတော့ မဂ္ဂင်သာမှတ်ပေတော့။ နိဗ္ဗာန်ရောက်မှာပဲ.. (မှန်ပါ့ ဘုရား)။

အကြံဆိုးလို့ရှိရင်ဖြင့် ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိ ရင်တသံသရာလုံး ဒုက္ခစက်ကြီးလည်ကြပေတော့.. (မှန်ပါ့ ဘုရား)။ "မနုဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိမနောဝိညာဏံ" ဆိုတာ မနောဝိညာဏ်ဆိုတာ အင်မတန်ကျယ်တယ်။ မနောဝိညာဏ ဓါတ်ဆိုတာက အင်မတန်မှများတဲ့တရားတွေ (မှန်ပါ့)။

စိတ်ကလေးတစ်ခုပေါ်လာလို့ရှိရင် ခုနကပေါ်လာတဲ့ စိတ်ကလေးဟာ ဘာကလေးပါလိမ့်မတုံးလို့ထောင်ကြည့်လိုက် .. (မှန်ပါ့ဘုရား)။ ဟာ.. အနိစ္စကလေးပါကလားဆိုတဲ့စိတ် ကလေးမပေါ်လာဘူးလား။ မဂ္ဂင်မပေါ်ဘူးလား.. (ပေါ်ပါတယ် ဘုရား)။

ဒုက္ခကလေးပါကလားလို့ဆိုတဲ့သိတဲ့ မဂ္ဂင်ကော.. (ပေါ် ပါတယ်ဘုရား) အဲဒါဒီလိုပေါ်အောင် ထောင်နိုင်ပြန်လို့ရှိရင် တော့မဂ္ဂင်ချည်းပေါ်နေတယ်.. (မှန်ပါ့ဘုရား)။

ဒီနေ့မနေ့အကြည်ကို ပဋိစ္စသမုပ္ပါဒ်ဆက်ပြရသဖြင့် အကျယ်ဆုံးပဋိစ္စသမုပ္ပါဒ်ပဲဆိုတာ ပေါ်ကြပြီလား.. (ပေါ်ပါပြီ ဘုရား)။

(မဂ်ဉာဏ်)တွေချည်းပေါ်နေတယ်ဆိုတာ ကျေနပ်ပြီလား (ကျေနပ်ပါပြီ) ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စ သံယုတ်မှာဟောတဲ့အတိုင်း .. ကြိုးစည်တွေးတောချင်လို့ရှိရင် ခန္ဓာပေါ်မှာ ကြိုးစည်တွေးတော့ပါ၊ အခုပေါ်လာတာကလေး တွေဟာဘာပါလိမ့်မတုံး.. ဒုက္ခသစ္စာပဲလား.. သမုဒယသစ္စာပဲ လား၊ သမုဒယသစ္စာကို သမုဒယသစ္စာမှန်းသိပြန်လို့ရှိရင်လည်း မဂ္ဂသစ္စာပေါ်တာပဲ.. (မှန်လှပါဘုရား)။

နိရောဓသစ္စာကို နိရောဓသစ္စာလို့သိပြန်ရင်ကော.. (မဂ္ဂ သစ္စာပေါ်ပါတယ်) ရှင်းကြပြီလား (ရှင်းပါပြီ)ဒုက္ခသစ္စာကလေး

ကိုဒုက္ခသစ္စာကလေးပါလားလို့ သိပြန်ရင်ကော .. (မဂ္ဂသစ္စာ ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ မုန့်တည့်ချင်လို့ရှိရင် ဘယ်ဘက်လှည့်ကြည့်မယ်( ခန္ဓာဘက်လှည့်ရပါမယ်) ခန္ဓာငါးပါးဘက်ကိုလှည့်လိုက်ပါ.. (မုန့်ပါ) ရှင်းကြပြီလား.. (ရှင်းပါပြီ)

ခန္ဓာဘက်လှည့်လိုက်လို့ရှိရင်ဖြင့် ဒုက္ခက္ခန္ဓသာနိရောဓော ဟောတိ.. (မုန့်ပါဘုရား) သေသေချာချာမှတ်ပါ ဒီနှစ်လုံးဟာ အင်မတန်အရေးကြီးတယ်၊ အမုန့်လှည့်တတ်ဘို့အပေါ်မှာမိနေတယ်.. (မုန့်လှုပါဘုရား)။

နိဗ္ဗာန်ရောက်ကြောင်းဟာ .. အမုန့်လှည့်တက်ဘို့အရေးကြီးတယ်၊ သားနဲ့၊ သမီးနဲ့၊ ပစ္စည်းနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ဘက်ကိုလှည့်ရင် ဒကာ,ဒကာမတို့ .. ပါဋ္ဌိရွတ်စမ်း .. (ဒုက္ခက္ခန္ဓသသမုဒယောဟောတိပါဘုရား)။

မယုံလိုရှိရင်လှည့်ကြည့် (မုန့်ပါ) ဒုက္ခက္ခန္ဓသ=ဒုက္ခအစု၏သမုဒယော=ဖြစ်ခြင်းသည်၊ ဟောတိ=ဖြစ်၏။ ဒုက္ခအစုဖြစ်ခြင်းပဲ.. (မုန့်ပါ) သဘောကျပြီလား .. (ကျပါပြီဘုရား)။

ဟော.. ခန္ဓာဘက်လှည့်လိုက်ရင် မဂ်ပေါ်တယ်သဘောကျပြီလား (မုန့်လှုပါ) သားရေး,သမီးရေး စီးပွားရေးဘက်လှည့်လိုက်ရင် .. (ပဋိစ္စသမုပ္ပါဒ်ပေါ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်

ပေါ်သောကြောင့် ဒုက္ခက္ခန္ဓသဿသမုဒယောဟောတိ ရှင်းကြပြီ လား.. (ရှင်းပါပြီဘုရား)။

မနောအကြည်မှန်ထောင်လွဲလိုက်လို့ ကြည့်လို့ရှိရင်ဖြင့် မျက်ရည်ကျတဲ့ ပဋိစ္စသမုပ္ပါဒ်သော်ငှင်း၊ ဟုတ်လား.. (မှန်ပါ ဘုရား) အရှုးပြုံးပြုံးတဲ့ ပဋိစ္စသမုပ္ပါဒ်အစသော်ငှင်း၊ မှိုင်တွေချ တဲ့အပိမှာ ပဋိစ္စသမုပ္ပါဒ်အစဲသော်ငှင်း ပေါ်ရမယ်.. မှန်ပါ့ ပေါ် ရပါမယ်ဘုရား။

ဒီပဋိစ္စသမုပ္ပါဒ်သုံးခုတခုခုပေါ်ရမယ် .. (မှန်ပါဘုရား) ပေါ်လိုက်လို့ရှိရင် ဒကာ,ဒကာမတို့ဩော်မှန်အထောင်လွဲလိုက် တဲ့အတွက် "ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ" ဒုက္ခက္ခန္ဓ ဿ= ဒုက္ခအစု၏၊ သမုဒယော=ကိုယ်ပိုင်ဖြစ်ခြင်းသည်၊ ဟော တိ=ဖြစ်၏ .. (မှန်ပါ့) သမုဒယောဆိုတာကိုယ်ပိုင်ဖြစ်တာပဲ.. (မှန်ပါ့) ရိပ်မိကြပြီးလား (ရိပ်မိပါပြီဘုရား)။

ဒုက္ခအစုကြီး ကိုယ်ပိုင်ဖြစ်တာသဘောကျပြီလား.. (ကျ ပါပြီ) ဒကာ,ဒကာမတို့ ဒုက္ခအစုကြီးကိုယ်ပိုင်ဖြစ်တဲ့ လက် သည်အရင်းကျကျရှာလိုက်စမ်း ဘယ်သူ့ကြောင့်တုံး.. (မှန် ထောင်လို့ပါဘုရား) ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကိုရင်ထုတော့ သူများ နာတာတော့ဟုတ်မထင်ပါဘူး၊ ကိုယ့်ကိုယ်ကိုရင်ထု တာသူများနာတာလား.. (မနာပါဘုရား) ဘယ်သူနာတာတုံး.. (ကိုယ်နာတာပါဘုရား)။

ဒကာ,ဒကာမတွေ ဒါဖြင့် မှန်ဘယ်ဘက်လှည့်ထောင် မယ် (ခန္ဓာဘက်လှည့်ထောင်ပါမယ်ဘုရား) အဲ.. မှန်ဆိုတော့ ခင်ဗျားတို့က မသိပဲနေမှာစိုးတယ်၊ ခင်ဗျားတို့ကြိုလုံးဟာ ခန္ဓာ ဘက်လှည့်ကြဲ (မှန်ပါ့ဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား) ခင်ဗျားတို့ကြိုလုံးဟာ.. (ခန္ဓာဘက်လှည့်ကြဲရမယ်)။

အဲ.. ခန္ဓာဘက်လှည့်ကြဲစည်၊ ဟာဒယဝတ္ထုအကြည်မှန် ဟာခန္ဓာဘက်လှည့်၊ ခန္ဓာဘက်လှည့်လိုက်လို့ရှိရင် မဂ္ဂင်စိတ် ပေါ်မယ်.. (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့မဂ္ဂင်ပေါ်ဘို့ရာဟာ မဂ္ဂင်ဆိုတဲ့ "ကိလေသေမာရေရွှော ဂစ္ဆတီတိမဂ္ဂေါ" ဆိုတဲ့ အတိုင်းမဂ္ဂင် ပေါ်ဘို့အလုပ်သည်ကားလို့ဆိုရင်ဖြင့် မှန်ထောင်တည့် မတည့် ဒီအပေါ်မှာ မိုတယ်လို့ယနေ့တရားပွဲမှာဆုံးဖြတ်ချက်ချစမ်း (မှန်လှပါဘုရား) အင်မတန်အဖိုးတန်တယ်နော်..(မှန်ပါ့ဘုရား) ဒကာ,ဒကာမတွေ ဒီတလုံးနဲ့ကိစ္စပြီးနိုင်တယ် (မှန်ပါ့ဘုရား)။

ဒကာ,ဒကာမတွေ ခင်ဗျားတို့ဒီအတိုင်းသာနှလုံးသွင်းနေ မယ်ဆိုလို့ရှိရင်ဖြင့် ဒါ.. ယောနိသောမနသိကာရဖြစ်တာကတာ မျိုး၊ မှန်ထောင်တည့်သွားလို့မဂ်ပေါ်တာဆိုတာလည်း ယောနိ သောမနသိကာရပါပဲ (မှန်ပါ့) ရှင်းကြပြီလား ... (ရှင်းပါပြီ) မှန်ထောင်တည့်သွားတော့ သစ္စာအားဖြင့်ဘာသစ္စာပေါ်သတုံး (မဂ္ဂသစ္စာပေါ်ပါတယ်) နှလုံးသွင်းအားဖြင့် ယောနိသောမနသိ

ကာရ ... (မှန်ပါ့ဘုရား)ပေါ်တော့ ဘာသစ္စာပေါ်သတုံး ... (မဂ္ဂသစ္စာပါဘုရား)။

အဲဒီမဂ္ဂသစ္စာကိုယောနိသောမနသိကာရ စေတသိက်တွေ ကောမပါဘူးလား....(ပါ ပါတယ်ဘုရား)၊ ကျေနပ်ပြီလား.... (ကျေနပ်ပါပြီ) ဒါဘယ်နဲ့ကြောင့် ဒီမဂ်နဲ့ ယောနိသော မနသိ ကာရကပေါ်ရပါလိမ့်မတုံး (မှန်ထောင်တည့်လို့ပါဘုရား) မှန် က ဘယ်ဘက်လှည့်လိုက်လို့လဲ. . (ခန္ဓာဘက်လှည့်လိုက်လို့ ပါ ဘုရား)။

ကိုင်း ... ဒကာ၊ဒကာမတို့ခန္ဓာဘက်ထောင်ရင် သစ္စာ ဉာဏ်ပေါ်မယ် ... (မှန်ပါ့ဘုရား)တက်လာပြီတစ်လုံး၊ တက် လာပြီ ဒကာ၊ဒကာမတို့၊ခန္ဓာဘက်ထောင်လိုက်ရင်.. (သစ္စာ ဉာဏ်ပေါ်ပါတယ်ဘုရား)။

ဟော ... ဉာဏ်ဆိုတဲ့ မဂ္ဂင်တွေပေါ်ပြီ (မှန်ပါ) သစ္စာ ဉာဏ်ဆိုတဲ့ မဂ္ဂင်ပေါ်လာတယ် .. (မှန်ပါ)သဘောကျပြီလား (မှန်ပါဘုရား)။

ခန္ဓာဘက်မထောင်ဘူး၊သားဘက် သမီးဘက်၊ ပစ္စည်း ဘက်လှည့်မယ်ဆိုလို့ရှိရင်ဖြင့် ... တဲ့ဒကာ၊ ဒကာမတို့ သစ္စာ ဉာဏ် မပေါ်ဘူးတဲ့၊သဘောကျပြီလား ... (မှန်ပါဘုရား)။

ခင်ဗျားတို့က မမှာ စကြာတွေ ရွတ်ပြီး သစ္စာဉာဏ်ရချင်

လိုက်တာလွန်လို့၊ ခမ္မစကြာထဲမှာ သစ္စဉာဏ်၊ ကိစ္စဉာဏ် ကတ ဉာဏ်လို့မလာဘူးလား ... (လာပါတယ်ဘုရား) လာတော့ ခင်ဗျားတို့ မှန်ထောင်တည့်ရင် သစ္စဉာဏ်ပေါ်ပါတယ် ... (မှန်ပါ့ဘုရား)။

ဘယ်သူဖြင့်သောတာပန်တည်သွားသတဲ့ ... (မှန်ထောင် တည့်လို့ပါဘုရား) ခန္ဓာဘက်လှည့်လို့ (မှန်ပါ့ဘုရား) ရှင်းပြီ လား ...(ရှင်းပါပြီ) ခန္ဓာမှာ သစ္စဉာဏ်၊ကိစ္စဉာဏ်၊ကတဉာဏ် ရသွားလို့ဒကာ ဒကာမတို့သောတာပန်တည်တာ မဟုတ်လား (မှန်ပါဘုရား)။

ဘယ်သူသကဒါဂါမ်တည်သွားတယ် (ခန္ဓာဘက်လှည့်ပါ တယ်)ဘယ်သူအနာဂါမ်တည်သွားတယ် အင်း ... ဘယ်ဘက် လှည့်သတုံး (ခန္ဓာဘက်လှည့်ပါတယ်ဘုရား)

ဒုက္ခသ ဂိဒ္ဓနတ္ထော - အို .. ဒီခန္ဓာကြီးဟာနှိပ်စက်မှု တာပါကလားဆိုတဲ့ ကိစ္စဉာဏ်တွေကောမလာဘူးလား ... (လာပါတယ်ဘုရား)ကတဉာဏ်ဆိုတဲ့... သစ္စာဖြင့်သိပြီ၊ ပေါ် ပြီဆိုတဲ့ဉာဏ်တွေကောမလာပေဘူးလား ... (လာပါတယ် ဘုရား) ဒကာ၊ဒကာမတို့ မှန်ထောင်တည့်လို့ရှိရင် သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တယ် (မှန်ပါ့)။

ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းသည် ကိုယ့်မှန်မထောင်တတ်လို့ (မှန်ပါ) သဘောကျပြီလား (ကျပါပြီ)၊ကိုယ့်မှန်မထောင်တတ်

တော့ ပဋာစာရီရှုးရတာ ဒကာ၊ဒကာမတို့ ပဋာစာရီရှုးဘို့ကံပါ လာလို့ရှုးတာလား၊ မှန်ထောင်လွဲလို့ရှုးတာလား (မှန်ထောင်လွဲ လို့ ရှုးတာပါဘုရား)

သားသေတဲ့ဘက် လှည့်ထောင်လိုက် (မှန်ပါ) ရှုးလိုက် တယ်၊ခင်ပွန်းသေတဲ့ဘက်လှည့်ထောင်ရှုးလိုက်တယ် (ရှုးပါ တယ် ဘုရား)။

ဒြော် ပဋာစာရီဟာ ကံမကောင်းအကြောင်းမသင့်ရာလို့ အရှုးဖြစ်ရတာလား။ မှန်ထောင်လွဲတာလား (မှန်ထောင်လွဲတာ ပါ ဘုရား)

အဲ့ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ဘုရား သခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဘာကြောင့် ဖြစ်ပါလိမ့် မတုံးဆိုတော့ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ရလို့ ဘုရား ဖြစ်ရတယ်။ (မှန်ပါဘုရား) ရိပ်မိကြပြီလား... (ရိပ်မိပါပြီ)။

သောတာပန် ဘာကြောင့် သောတာပန်ဖြစ်ရသလဲ.. (သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ရလို့ပါ ဘုရား) ဘယ်နဲ့ ကြောင့် ဒီဉာဏ်တွေ ပေါ်လာပါလိမ့်မတုံး ဆိုတော့ မှန်ထောင် က ခန္ဓာ ဘက်လှည့်လို့ (မှန်ပါဘုရား)။

ခန္ဓာဘက်လှည့်ထောင်တော့ ဘယ်ခန္ဓာပေါ်လာလာ ဒုက္ခ သစ္စာသာမှတ်ရမယ်... (မှန်ပါ) ဖြစ်ပျက်ချည်းပဲမဟုတ်လား (မှန်ပါဘုရား)

အဲဒီတော့ ခန္ဓာဘက်သာ မနောအကြည်ကနေ့တိုင်း လှည့်ပေး၊ ခင်ဗျားတို့မှာ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ မဂ္ဂင်မှတစ်ပါး တခြားပေါ်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့်ဒကာ၊ဒကာမတို့ ခုနက ပဋ္ဌာစာရီ မှန်ထောင်လှဲ တုန်းသာအရှူး (မှန်ပါ)သဘောကျပြီးလား (ကျပါပြီ)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှန်ထောင် တည့် ပေးလိုက်တဲ့ အခါကျတော့ သောတာပန်(မှန်ပါ) သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့်အရှူးပျောက်ချင်ဘာလုပ်ကြရမယ် ... (မှန်ထောင် တည့်ရပါမယ်ဘုရား) မနောအကြည်ကခန္ဓာဘက်ကို တည့်ရ မယ်၊မနောပေါက်နဲ့ဝိပဿနာရှုရမယ် (မှန်ပါ့) သဘောပါပြီ လား (ပါ–ပါပြီဘုရား)

ကဲ ... ကြိုးစားကြ။

မိုး (၄) စာ (၂၆၀)

☆ ☆ ☆ ☆ ☆

## သမ္မာဒိဋ္ဌိ နှစ်မျိုးတရားတော်

ဒကာ၊ ဒကာမတွေနားလည်အောင် ရှင်းပြမယ်နော်… သမ္မာ ဒိဋ္ဌိဘယ်နဲ့ကြောင့်ရှင်းရပါလိမ့် မလဲလို့ဒကာ၊ ဒကာမ တွေ ကမေးကြလို့ရှိရင် သမ္မာက=မှန်ကန်တာ၊ ဖြောင့်မတ်တာ၊ ဒိဋ္ဌိက=မြင်တာဆိုတော့ ဩော် = မျက်စိနှမ်ကွင်း အလင်းရတဲ့ တရား ပါလား၊အ မှန်မြင်နှစ်မျိုးလို့မှတ်ရမယ် … (မှန်ပါ)၊

သမ္မာဒိဋ္ဌိမှာ ဖြစ်ပျက် သင်္ခါရမြင်တာတစ်မျိုး၊ နိဗ္ဗာန် မြင်တာကတစ်မျိုး၊ နှစ်မျိုးရှိတယ်လို့မှတ်လိုက် ကြစမ်းပါ ၊ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကနိဗ္ဗာန်မမြင်ဘူး…(မှန်ပါ့)နိဗ္ဗာန်မြင်တဲ့ ဉာဏ်က ဖြစ်ပျက်ကို မမြင်တော့ဘူး…(မှန်ပါ့)။

ခန္ဓာကိုဉာဏ်စိုက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ခန္ဓာ က ဝေဒနာက္ခန္ဓာကပဲပြောပြော ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကပဲ ပြောပြော,ပြောချင်တာပြော ဒကာ,ဒကာမတွေ အမြင်တော့ ဖြင့် ဖြစ်ပျက်အနိစ္စမြင်မှာပါပဲ…(မှန်ပါ့)။

ဖြစ်ပျက်ပဲတွေ့တယ်ဆိုတော့ဩော် …ဒါသည်ကား …လို့ဆိုလို့ရှိရင်ဖြင့်တဲ့သင်္ခါရဒုက္ခမြင်တာကိုး…(မှန်ပါ)ဒီ ရော ဖြစ်ဒီနေရာပျောက်သွားတာကလေးမြင်လိုက်လို့ရှိရင် ဖြင့်ဉာဏ်မြင်နေ (မှန်ပါ့)မနောဒွါရနဲ့မြင်တာလို့မှတ်ထား စမ်းပါ…(မှန်ပါ)။

မနောဒါရနဲ့ မြင်တာ၊ အဲဒီတော့ ဒီနေရာ ယားတယ်၊ ဒီနေ ရာကလေးပဲ ပျောက်သွားတယ်၊ ဒီနေရာ နာတယ် ... ဒီနေရလေးပဲ ပျောက်သွားတယ်၊ အင်း ... ငါသည်ကားလို့ ဆိုရင်သင်္ခါရဒုက္ခ မြင် တာ လို့မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

သင်္ခါရဆိုတာက သူများပြုပြင်လို့ အကြောင်းတရား က ပြုပြင်လိုက်လို့ယားတယ်ဆိုလို့ရှိရင် ပိုးကောင်ကလေးတက်လို့ လည်းယားတတ်တယ်၊ ချွေးဆိုတာ ထွက်ချင်လို့လည်း ယား တတ်တယ်၊ မိတ်ကလေးပေါက်လို့လည်း ယားတတ်တယ်၊ တစ်ခုခုကပြုပြင်လို့ ပေါ်လာသောကြောင့်သူကို ယားတဲ့သဘော ကလေးဟာ သင်္ခါရလို့မှတ်ပါ...(မှန်ပါ့)။

သူဟာဘာတုံး ဆိုတော့ ခန္ဓာထဲမှာပေါ်တဲ့ ဝေဒနာက္ခန္ဓာ ဖြစ်နေသောကြောင့် ခန္ဓာက ဒုက္ခသစ္စာ သူ့ကိုက ဒုက္ခသစ္စာ (မှန်ပါ့)ဒီခန္ဓာထဲကဘယ်ခန္ဓာပေါ်ပေါ်ဘာသစ္စာတုံး (ဒုက္ခသစ္စာ ပါဘုရား)။

ဘုန်းကြီးက အိမ်တွေခွမ်းစားရောက်တိုင်း သင်္ခါရ ဒုက္ခ အကြည့်ခိုင်းတာ (မှန်ပါ့) ဘာအကြည့်ခိုင်းတာတုံး... (သင်္ခါရ ဒုက္ခအကြည့်ခိုင်းတာပါဘုရား)။

သင်္ခါရကသူများပြုပြင်လို့ပေါ်လာတဲ့ ဝေဒနာ၊စိတ်ဆိုရင် လည်း သူများ ပြုပြင်လာလို့ ပေါ်လာတဲ့စိတ်...(မှန်ပါ့)ရှင်းပြီး နော်...(ရှင်းပါပြီဘုရား)။

အဲဒီတော့ သူများပြုပြင်လို့ပေါ်လာသောကြောင့် သူ့ကို သင်္ခါရလို့ပဲခေါ်လိုက်၊ ပေါ်တဲ့တရားကလေးကိုး(မှန်ပါ့)ခန္ဓာ ဖြစ်နေသောကြောင့် သူ့ကို ဘာသစ္စာဖွဲ့မလဲ.. (ဒုက္ခသစ္စာပါ ဘုရား)။

သင်္ခါရ ဒုက္ခမြင်တာဟာမဂ်၏ ရှေ့ပြေးမြင်တာလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့)၊ လောကုတ္တရာမဂ်၏ရှေ့ပြေးမြင်တာစာလိုသုံးတော့ပုဗ္ဗေဘာဂရိကသမ္မာဒိဋ္ဌိ(မဟာစတ္တာလီသသုတ်) မှာ လာပါတယ်။

စားချင်တဲ့စိတ်ကလေးဟာ ခန္ဓာပဲမဟုတ်လား ... (မှန်ပါ့)စိတ်ဆိုတာဝိညာဏက္ခန္ဓာပဲမဟုတ်လား၊ သူကစားစရာ အာရုံကြောင့်ပေါ်လာသောကြောင့် သူ့ကို သင်္ခါရလို့ကောမဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ခန္ဓာဆိုလို့ရှိရင်ဖြင့် ဘာသစ္စာဖွဲ့ကြမယ်...(ဒုက္ခ သစ္စာပါဘုရား) ဒါဖြင့်စားချင်တဲ့စိတ်ကလေးကို နှစ်ခုပေါင်းလိုက်တော့ (သင်္ခါရဒုက္ခသစ္စာပါဘုရား) သင်္ခါရဒုက္ခသစ္စာလို့ခေါ်ချင်ခေါ်၊ သင်္ခါရဒုက္ခလို့ တိုတိုသုံးချင်သုံး ... (မှန်ပါ့)။

ခန္ဓာထဲဘာပေါ်ပေါ် ... (သင်္ခါရဒုက္ခပါဘုရား)သင်္ခါရဒုက္ခချည်းလို့ မှတ်လိုက်ကြစမ်းပါ... (မှန်ပါ့)သင်္ခါရဒုက္ခကို ကျုပ်တို့နဂိုက မသိခဲ့ဘူး၊ အခုတော့သင်္ခါရဒုက္ခပေါ်လာရင်ပဲ နောက်က အသိဉာဏ်ကလေးဟာ မလိုက်ဘူးလား...(လိုက်

ပါတယ်ဘုရား)။

အဲဒီအမြင်ဟာ သမ္မာဒိဋ္ဌိ၊ အဲဒီသမ္မာဒိဋ္ဌိသည်လော ကုတ္တရာမဂ် ပေါ်မလို့ ရှေ့ပြေးအမြင်လို့မှတ်လိုက်စမ်းပါ... (မှန်ပါ့)လောကုတ္တရာမဂ်ပေါ်မလို့(ရှေးပြေးအမြင်ပါဘုရား)။

ဩော်...ရှေ့ပြေးအမြင်၊ဒါ...အင်မတန်အရေးကြီး ပါကလား၊ လောကုတ္တရာ သောတာပတ္တိမဂ် ပေါ်တော့မလို့ သောတာပန်ဖြစ်တော့မလို့ရှေးပြေးအမြင်လို့မှတ်လိုက်စမ်းပါ ...(မှန်ပါဘုရား)။

ဒီအမြင်ရလို့ရှိရင်ဘုန်းကြီးများက ချီးမြှောက်ပြောတယ် လို့ မယူနဲ့၊ ဘုရားဟောတာအမှန်ကိုပြောနေတဲ့အတွက်ဒီအမြင် နဲ့သေရင်လဲ အပါယ်မသွားဘူး... (မှန်ပါ့)။ တယ် ကောင်း တဲ့ အမြင်မှန်ပါကလား(မှန်ပါ့)။

အဲဒီတော့ ခန္ဓာကိုယ်ကို စောင့်ကြည့်လိုက်တဲ့အခါ ကျ တော့၊ ယားလာလို့ရှိရင်လည်း သင်္ခါရဒုက္ခပေါ်ပြီဟာလို့သာ နှလုံးသွင်းလိုက်ဟုတ်လား...(မှန်ပါ့)နာလာရင်ကော...(သင်္ခါရ ဒုက္ခပေါ်တာပါ)၊ စားချင်တဲ့စိတ်ကလေးပေါ်လာရင် (သင်္ခါရ ဒုက္ခပေါ်တာပါဘုရား) အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာရင် (သင်္ခါရဒုက္ခပေါ်တာပါ)။

ပေါ်သည့် ဘယ်နဲ့ဆိုကြမလဲ...(သင်္ခါရ ဒုက္ခပေါ်တာ ပါ ဘုရား)။ အင်း...ခန္ဓာထဲက တောင့်တင်းလာလည်းသင်္ခါရဒုက္ခ၊

မူးဝေလာတယ်ဆိုတာကော...(သင်္ခါရဒုက္ခပါဘုရား)။

သင်္ခါရဒုက္ခလို့ ပြောတာက မြင်တဲ့ဉာဏ် ... (မှန်ပါ့) ရှင်းပြီးလား (ရှင်းပါပြီ)အဲဒီအမြင်ဆိုလို့ရှိရင်ဖြင့် သစ္စာနုလောမိကဉာဏ်လည်းဖြစ်ပါပြီ၊ မဂ်၏ ရှေ့ပြေးဉာဏ်လည်း (ဖြစ်ပါတယ်ဘုရား)။

ဒီအမြင်ဟာဘယ်လောက်ကြီးကျယ်တဲ့ အမြင်မှန်ဉာဏ်လဲလို့မေးလို့ရှိရင်ဖြင့် သံသရာဖြတ်တဲ့ အမြင်(မှန်ပါ့)မှတ်မိကြပြီလား... (မှတ်မိ ပါပြီ)...။

ဩော် ... ဒီအမြင်သည် ဝိပဿနာအမြင်ဆိုလည်းဟုတ်ပါ၏။ ရှေ့ပြေးသမ္မာဒိဋ္ဌိအမြင်ဆိုလည်းဟုတ်ပါ၏။ သစ္စာနုလောမိကဉာဏ်ဆိုလည်း ဟုတ်ပါ၏လို့ပဲ သုံးချက်ဆုံးဖြတ်ချက်ချ...(မှန်ပါ့)ဒါ...နာမည်သာတပ်ထားကာပြောင်းနေတာ အတူတူပဲ...(မှန်ပါ့)

ကောင်းပြီ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့အမြင် ဆိုရင်ကော (ဟုတ်ပါတယ်ဘုရား) ဘုရားသခင်ကိုယ်တော်မြတ် ကြီးသည် ဒီအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကိုဘာလျှင် လိုက်ချွတ်တာဗျ.. (မှန်ပါ့) ဒီအမြင်မပါတဲ့ ပုဂ္ဂိုလ်ကို.. (မချွတ်ပါဘုရား)။

ဒီအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကိုမချွတ်မနေနိုင်ဘူး (မှန်ပါ့) သဘောပါပြီလား (ပါ.ပါပြီ) ကိုယ့်ဟာကိုယ်လည်း ကျွတ်တမ်း

ဝင်မည့်အမြင်ဆိုရင်ကော.. (မလွဲပါဘုရား)။

ဒါဖြင့် ဒီနေ့ ဒီအမြင်ကလေးဟာ အလွန်အရေးကြီးတဲ့ အမြင်ဖြစ်ဒို့မရ,ရအောင်လုပ်ထားမယ်ဆိုတာ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချကြပါ...(မှန်ပါ့)။

ကိုယ့်ဟာ ကိုယ်ဆက် ကြိုးစားမယ်လို့ရှိရင်လည်း ဒီဘဝပဲမဂ်ဉာဏ်,ဖိုလ်ဉာဏ်,ရမည့်အမြင်ဟော့လို့မှတ်ကြ။ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ဥပရိပဏ္ဏာသပါဠိတော် မဟာစတ္တာလီသသုတ်မှာလာပါတယ်၊ "ပုရေစာရိကသမ္မာဒိဋ္ဌိ".. .တဲ့။ ပုရေကရှေ့၊စာရိက ကျင့်တာ၊ သမ္မာဒိဋ္ဌိကအမှန်အကန် မြင်တာ၊ သဘောကျပြီလား...(ကျပါပြီ)။

ဒါဖြင့်ဘာလုပ်ကြမလဲ...သင်္ခါရဒုက္ခ မြင်အောင် ကြည့် ရမယ်...(မှန်ပါ့)သဘောကျပြီလား(ကျပါပြီ)နို့... ခန္ဓာကိုယ် တကိုယ်လုံးမှာ ပေါ်လေသမျှ ရှိလေသ၍ဟာ ဘာတွေတုံးမေးကြ ရင် (သင်္ခါရဒုက္ခ တွေပါဘုရား)။

သင်္ခါရဒုက္ခ ကနေပြီးဆက်အားထုတ်တော့ သင်္ခါရဒုက္ခ မြင်တဲ့ မဂ်ပြီးတော့၊ နိဗ္ဗာန်မြင်တဲ့ မဂ်လာတာပဲ...(မှန်ပါ) သင်္ခါရဒုက္ခမြင်တဲ့သမ္မာဒိဋ္ဌိပြီးတော့နိဗ္ဗာန်မြင်တဲ့ သမ္မာဒိဋ္ဌိလာပါ တယ်)သမ္မာဒိဋ္ဌိနဲ့မဂ်ဟာအတူတူပဲ (မှန်ပါ့)။

ဒါဖြင့်ဒကာ,ဒကာမတို့ထမင်းမစားရရင်နေပါစေ၊ သိန်း

တန်ကျောက်,သောင်းတန်ကျောက်မရချင်နေပါစေ၊ဒကာ,ဒကာမတို့ ဘာအရေးကြီးရမလဲ...(သင်္ခါရ ဒုက္ခမြင်ဖို့အရေးကြီးပါတယ် ဘုရား)။

သင်္ခါရ ဒုက္ခမြင်တဲ့ဉာဏ်သည် သံသရာ ပဋိစ္စသမုပ္ပါဒ်နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်လည်း သူဖြတ်တယ်... (မှန်ပါ့)။

သင်္ခါရဒုက္ခ သည်ကားလို့ဆိုရင် သင်္ခါရဒုက္ခ မြင်တဲ့သမ္မာဒိဋ္ဌိသည်ကားလို့ဆိုရှိရင်ဖြင့်အရေးတကြီးပဲ အိမ်ရောက်ကျရင် လုပ်ဖြစ်အောင်လုပ်ပါ...(မှန်ပါ့)။

တစ်ချက်မြင်မြင်, နှစ်ချက်မြင်မြင်, များများမြင်မြင်၊ မြင် လေကောင်းလေပဲ...(မှန်ပါ့)များများမြင်ရင်တော့ဖြင့် တကယ် လောကုတ္တရာမဂ် လာတော့မလို့သာမှတ်ပေတော့.. (မှန်ပါ့)။

သင်္ခါရဒုက္ခ မြင်တဲ့သမ္မာဒိဋ္ဌိ သည် မဂ်၏ရှေ့ပြေးသမ္မာဒိဋ္ဌိ၊ လောကုတ္တရာမဂ် ၏ရှေ့ပြေးသမ္မာဒိဋ္ဌိ...(မှန်ပါ့) သင်္ခါရဒုက္ခတွေက ဟိုနေရာမှာဖြစ်လိုက်, ပျက်လိုက်၊ ဒီနေရာ မှာ ဖြစ်လိုက် ပျက်လိုက် ဝေဒနာကလေးတွေရှုလည်း (ဖြစ်ပျက်တွေပါဘုရား) စိတ် တွေရှုလည်း ဖြစ်ပျက်ပဲတွေ့ပါတယ်။

အဲဒါသင်္ခါရ ဒုက္ခတွေဖြင့် တပည့်တော်တို့တွေ့ပါပြီ

လို့ ဆိုလို့ရှိရင်ဒါဟာ သင်္ခါရဒုက္ခ တွေ့ပါပြီလို့ ကိုယ့်ဉာဏ်နဲ့ကိုယ် ပြောလာကြလို့ရှိရင်ဖြင့်…တဲ့၊ ဒကာ, ဒကာမတို့ သင်္ခါရ ဒုက္ခပြီး လို့ရှိ ရင်အသင်္ခတသုခကူးတော့မယ်… (မှန်ပါ့)။

သင်္ခါရဒုက္ခ ဆုံးလို့ရှိရင်ဖြင့်ရှေ့မဂ်၊ရှေ့ပြေး သမ္မာဒိဋ္ဌိကိစ္စ ကုန်ပေါ့၊ သူလည်း ကုန်ရောတဲ့ဒကာ, ဒကာမတွေ မဂ်သမ္မာ ဒိဋ္ဌိလာတာပဲ…(မှန်ပါ့)။

သင်္ခါရဒုက္ခလည်း ဆုံးပါရော မဂ်သမ္မာဒိဋ္ဌိဝင်လာတယ်။ မဂ်သမ္မာဒိဋ္ဌိကဘာနဲ့သွားတွေ့သတုံးဆိုတော့(အသင်္ခတသုခ) နဲ့သွား တွေ့တယ် (မှန်ပါ့) အသင်္ခတဆိုတာက နိဗ္ဗာန်၊ဘယ်သူမှမပြုပြင်ဘူး။သုခဆိုတာကချမ်းသာတာ… (မှန်ပါ့ဘုရား)။

ဒါဖြင့်သင်္ခါရဒုက္ခဆုံးလို့ရှိရင် အသင်္ခတသုခနဲ့တွေ့ပါ လိမ့်မယ် … (မှန်ပါ့) မှတ်မိကြပြီလား (မှတ်မိပါပြီဘုရား)။ ဩော်..နိဗ္ဗာန်ဟာ သင်္ခါရဒုက္ခတွေ့ရင်အနီးကလေးပါကလား… (မှန်ပါ့) မဂ်ဉာဏ် ရဘို့ရာကော…(နီးပါတယ် ဘုရား)။

နီးပါတယ်ဆိုတဲ့ဥစ္စာအခု မဟာစတ္တာလီသသုတ်က သေ သေချာချာပြတယ်…(မှန်ပါ့) ဥပရိပဏ္ဏာသ ပါဠိတော် မဟာ စတ္တာလီသသုတ် ကသေသေချာချာပြသောကြောင့်တဲ့

...ဒကာ,ဒကာမတို့ ဒီဥစ္စာလေးလေးစားစားနဲ့ သင်္ခါရုဒ္ဒက္ခာ ရှာဖြစ်အောင်ရှာမှ သာလျှင်သင်္ခါရဒုက္ခမြင်တဲ့ဝိပဿနာ မဂ်လာပြီးမှသာလျှင် အသင်္ခတသုခမြင်တဲ့လောကုတ္တရာ မဂ်လာပါလိမ့်မယ်လို့မှတ်.. (မှန်ပါ့)။

သင်္ခါရဒုက္ခများများတွေ့ရင်..(လက်ခမောင်းခတ်ပါ) လက်ခမောင်း ခတ်တော့တဲ့ငါ့ဒီဘဝတော့ဖြင့်အပါယ်လေးပါး တံခါးပိတ်တဲ့သောတာပန်တော့ဖြင့်တည်တော့မှာပဲ..(မှန် ပါ့)။

ဘာကြောင့်တုံးဆိုတော့ ပုရေစာရိက ဝိပဿနာ သမ္မာ ဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိတဲ့၊ သမ္မာဒိဋ္ဌိနှစ်မျိုးပြတယ် .. (မှန်ပါ့)။ ပုရေ စာရိက သမ္မာဒိဋ္ဌိဆိုတာ ရှေးဦးစွာ ကျင့်ရမည့်သမ္မာဒိဋ္ဌိ .. (မှန်ပါ့) မဂ္ဂသမ္မာဒိဋ္ဌိဆိုတာက ပုရေစာရိကသမ္မာဒိဋ္ဌိရှေ့ပိုင်း ကျင့် ပြီးမှ ပေါ်လာမည့် သမ္မာဒိဋ္ဌိ၊ရှင်းပြီလား(ရှင်းပါပြီဘုရား)။

သင်္ခါရဒုက္ခမြင်တဲ့ သမ္မာဒိဋ္ဌိ ပြီးရင် မဂ်သမ္မာဒိဋ္ဌိ လာ တယ်လို့ သုံးဖြတ်ချက်ချ (မှန်ပါ့) ရှင်းပြီလား... (ရှင်းပါပြီ ဘုရား)။

ရှေ့ပြေးသမ္မာဒိဋ္ဌိ၊ နောက်လိုက်သမ္မာဒိဋ္ဌိကွဲကြပြီလား... (ကွဲပါပြီဘုရား)။ ရှေ့ပြေးသမ္မာ ဒိဋ္ဌိကဘာကိုမြင်သတုံး ... (သင်္ခါရဒုက္ခကိုမြင်ပါတယ်) အဲ... ဖြစ်ပျက်ဆိုတဲ့ သင်္ခါရ ဒုက္ခကို မြင်တယ် (မှန်ပါ့) နောက်ဖြစ်ပျက်မမြင်တဲ့ သမ္မာဒိဋ္ဌိက

တော့ ဘာမြင်သတုံး... (မဂ်စခန်းမြင်ပါတယ်) အဲ...နိဗ္ဗာန်မြင်တယ်ဆိုလိုက်ပါတော့... (မှန်ပါ့) ဉာဏ်ကတော့ မဂ်ဉာဏ်ပေါ့လေ... (မှန်ပါ့) မြင်တော့ဘာမြင်သတုံး... (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

နိဗ္ဗာန်မြင်တယ်ဆိုတော့ ကိုယ်မြင်တာကို ကိုယ်အကဲခတ်ချင်တော့ ဘဝင်အေးတာကို ဖြစ်ပျက်လည်းမမြင်ဘူး၊ ဘဝင်ထဲမှာလည်းစိတ်ထဲမှာ ဝန်ကျသွားတဲ့အမြင် ရောက်လို့ရှိရင်ဖြင့်ဒါသည် ဒကာ,ဒကာမတို့ သောတာပန်တည်တာပဲလို့ ဆုံးဖြတ်ချက်ချ... (မှန်ပါ့)။

ဖြစ်ပျက်ကိုမြင်ပြီဆိုရင် ရှေ့ပြေးသမ္မာဒိဋ္ဌိရပြီ အနန္တပစ္စည်းရပြီ၊ ဒီပစ္စည်းများများရလို့ရှိရင်ဖြင့် "အနန္တရပစ္စယာပွန်" ဆိုတဲ့ မဂ်သမ္မာဒိဋ္ဌိလာမှာလား... (လာမှာပါဘုရား)။

ဒါဖြင့် အနန္တရပစ္စည်းဟာအခြားမရှိဘူးဆိုသဖြင့်သူ့ကို များများရှေ့ပိုင်းမှာလုပ်လိုက်လို့ရှိရင် နောက်မဂ်ဉာဏ်ဟာလာရမှာပဲ ... (မှန်ပါ့)။

အဲဒီတော့ ဝေဒနာကြိုက်လို့ရှိရင် ဝေဒနာကိုသင်္ခါရဒုက္ခမြင်အောင်ကြည့်...(မှန်ပါ့) စိတ်ကြိုက်လို့ရှိရင်စိတ်၏ သင်္ခါရဒုက္ခကို ... (မြင်အောင်ကြည့်ရပါမယ်ဘုရား)။

အဲဒီမြင်တဲ့ ဒုက္ခအဆုံးမှာ ဒီမြင်တဲ့ဒုက္ခတွေ ဆုံးသွားလို့

ရှိရင် နိဗ္ဗာန်တွေ့မှာပဲ ... (မှန်ပါ့) မတွေ့ပေဘူးလား ...(တွေ့ပါတယ်) ရှင်းကြပြီလား ... (ရှင်းပါပြီဘုရား)။

ကဲ ကြိုးစားကြပေါ့

မိုး (၁၂)ခါ (၄၅)

* * * * *

# "နိဗ္ဗာန်ကို ခန္ဓာဖုံးပုံတရားတော်"

ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးအစ၊ အဆုံးမြင်လိုက်တော့မှ ဘုရားဖြစ်လာတယ် (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် အစမြင်တာက (သမုဒယသစ္စာ)မြင်တာ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ်အဆုံးမြင်တာက (နိရောဓသစ္စာ) မြင်တာ(မှန်ပါ့)အဲဒီအစမြင်တဲ့ ဉာဏ်က(မဂ္ဂသစ္စာ) ဖြစ်ပါတယ်(မှန်ပါ့)အဲဒီမြင်တဲ့ ဉာဏ်က သမုဒယသစ္စာသတ် သောကြောင့်လဲ (နိရောဓသစ္စာ)ကိုအဆုံးမြင်ပါတယ် ... (မှန်ပါ့)

ဒါကြောင့်သစ္စာလေးချက်တပြိုင်နက် မြင်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒုက္ခလွတ်ပြီကိုး "ဝိရူပ ယံတိဋ္ဌ တိမာရ သေနံ့သူရိယောဝဩဘာသယမန္တလိက္ခံ"ဆိုတဲ့ပါဠိတော် ကြီးနဲ့ ကိုယ့်ကိုယ်ကိုယ်ဝမ်းမြောက်ခြင်းကြောင့် ဥဒါန်းကျူးပါတယ် ... (မှန်ပါ့)။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ဝမ်းမြောက် နိုင်တဲ့ အခြေအနေရောက်လို့ကိစ္စပြီးတယ်လို့ မှတ်ကြပါ ... (မှန်ပါ့) သူများပြောသံကြား၊ ဆရာဘုန်းကြီးက ဟ ...မင်းကိစ္စ ပြီးပြီ ဆိုရင်မယုံနဲ့ ... (မှန်ပါ့)။

မင်းဘယ်မက်ရပြီဆိုရင် မယုံပါနဲ့ဦး ... (မှန်ပါ့) ကိုယ့်ကိုကိုယ်,ကိုယ်တိုင်နိဗ္ဗာန်မြင်ပြီး သက္ကာလကိုယ်ကိုတိုင် ဖြောက်ပယ်သွားပဲ၊ အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတဲ့ ဥစ္စာကိုယ့်သန္တာန် ဒိဋ္ဌိဝိစိကိစ္ဆာ ၁နလုံးသွင်းလို့မှ မရတော့ပဲ၊ ချုပ်သွားပေါ့လို့ကိုယ့်ဟာကိုယ်သိပြီးနေမှ ကိုယ့်ဟာကိုယ်ဝမ်း မြောက်မှသာလျှင် ကိစ္စပြီးမြောက်ကြောင်း ကိုယ်ကိုယ်တိုင်သိပါလေ ... (မှန်ပါ့)။

ဒါကြောင့် ဆရာပါးစပ်မှာ လမ်းမဆုံးပါနဲ့၊ ကိုယ့် ဉာဏ်နဲ့ ကိုယ်လမ်းဆုံးကြပါ... (မှန်ပါ့) ဒကာကြွယ်ဘယ်မှာလမ်းဆုံးရမယ်... (ကိုယ့်ဉာဏ်ကိုယ်လမ်းဆုံးရပါမယ်ဘုရား)။

ဆရာကတော့တွေးပြောတာ...(မှန်ပါ့) ကိုယ့်ဉာဏ်နဲ့ ကိုယ်သိထားတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဒိဋ္ဌဓမ္မောလို့ ဘုရားက ဟောသောကြောင့်ကိုယ်တိုင်ဒိဋ္ဌမြင်ဖို့ရာ အရေးကြီးပါတယ် ... (မှန်လှပါ့ဘုရား)။

ပစ္စတ္တံဓမ္မောလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာမှာ ဟောသောကြောင့် ကိုယ်တိုင် နိဗ္ဗာန်ရောက်နေတဲ့ အမြင်ကို ကိုယ် ကိုယ်တိုင်ရောက်ပြီလို့ ဆုံးဖြတ်ချက်ချနိုင်မှ အမှန် ရောက်ပါတယ် (မှန်ပါ့)။

ဝိဒိတဓမ္မောတဲ့သူများဆုံးဖြတ်ချက်တာမယူနဲ့တဲ့၊ကိုယ်–ကိုယ်တိုင် ဝိဒိတဆိုတာ ဆုံးဖြတ်ချက်ချပါ၊ ကိုယ့်ဟာကိုယ်

ဆုံးဖြတ်ချက်ချနိုင်တဲ့ ဉာဏ်ရအောင်လုပ်ပါ... (မှန်ပါ့) ပေါ်ကြပြီလား... (ပေါ်ပါပြီဘုရား)။

"ပရိယောဂါဠှမဇ္ဈော" ... တဲ့နော်.. (မှန်ပါ့) "တိဏ္ဏာဝိစိကိစ္ဆော ဝိဂတကထံကထော" ဆိုတဲ့အတိုင်း သံသယ ဝိစိကိစ္ဆာတွေ အကုန်ကင်းပြီ၊ ဟောဒါ နိဗ္ဗာန် အစစ်ပဲဆိုပြီးသကာလ ဒကာ, ဒကာမတွေ ကိုယ်တိုင်ဉာဏ်နဲ့ လက်ညှိုးညွှန်ပြီးသူများပြောသံကြား မဟုတ်တော့ဘူး။ သံသယရှင်းရှင်းနဲ့မြင်တဲ့အမြင်မှန်ရမှသာလျှင် ဒကာတို့ရေ အေးအေးနေတော့ဆိုတဲ့ စကားဟာအမှန် ရောက်ပါတယ် ... (မှန်ပါ့)။

ကိုင်း..ဒါဖြင့် ဒကာတို့ကို သူများက ပြောတိုင်းမင်းမဂ်ရ ပြီဖိုလ်ရပြီဆိုရင် ယုံကြမလား။ ကိုယ်..ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်မှယုံကြမှာလား... (ကိုယ်..ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်မှ ယုံကြမှာပါဘုရား)။

အဲဒါကြောင့် ဒီနေ့တရားမှာ ကိုယ်..ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်တဲ့ ကျင့်နည်းကို ကိုယ်ကိုယ်တိုင် ကျင့်သုံးလို့ ကိုယ်-ကိုယ်တိုင်က ဟုတ်ပြီ..ဆိုတဲ့ဆုံးဖြတ်ချက် ကိုယ်ကိုယ်တိုင်ချနိုင်အောင်လည်း ဆရာဘုန်းကြီးက နည်းပေးမယ်နော်... (မှန်ပါ့)။

ကိုင်း...ဒါဖြင့်ဒကာ, ဒကာမတွေနိဗ္ဗာန်ဘယ်မှာရှိသတုံးလို့မေးရှိရင်ဖြင့် ခန္ဓာဆုံးတဲ့ ဆီမှာရှိတယ်...(မှန်ပါ့) နိဗ္ဗာန်

ဘယ်မှာရှိပါလိမ့်(ခန္ဓာဆုံးတဲ့ဆီမှာရှိပါတယ်) ခန္ဓာဆုံးရင်နိဗ္ဗာန်သိုတာမှတ်ထားလိုက်စမ်းပါ...(မှန်ပါ့)။

"ဒုက္ခဿအန္တံကရိဿတိ"တဲ့ အရဏဝိဘင်္ဂသုတ်ပါဠိတော်မှာ ဒုက္ခဿ=ဒုက္ခ၏။ အန္တံ= အဆုံးကို။ ကရိဿတိ = သစ္ဆိကရိဿတိ = မျက်မှောက်ပြုနိုင်လိမ့်လတ္တံ့ =လို့ဆိုသဖြင့် သူ့အထဲမှာ အဓိပ္ပါယ်ပါပြီးသား (မှန်ပါ့)။

နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိရင် ဒီအနားမှာပဲရှိတယ်.. (မှန်ပါ့) ဘယ်သူကွယ်နေသတုံးမေးတော့မှ ကိုယ်, ရထားတဲ့ခန္ဓာကွယ်နေတယ်.. (မှန်ပါ့)

ဘယ်နဲ့ကြောင့် မမြင်ပါလိမ့်မလဲလို့မေးတော့ ဘယ်နဲ့ဖြေကြမလဲ..(ခန္ဓာကွယ်နေလို့ပါ) ခန္ဓာကွယ်နေတယ်..(မှန်ပါ့)

ဒါဖြင့် ခန္ဓာဖောက်တွင်းနိုင်တဲ့ ဉာဏ်ပေးလို့ရှိရင်ဖြင့် နိဗ္ဗာန်မြင်ရမှာပဲ (မြင်ရမှာပါဘုရား)။ ခန္ဓာဖောက်ထွင်းနိုင်တဲ့ ဉာဏ်ပေးလို့ရှိရင်ဖြင့်ခန္ဓာအကွယ်ကြီးကိုဖောက်ထွင်းပြီးသကာလ နိဗ္ဗာန်ကို ဒကာတို့တွေ့မယ် (မှန်ပါ့)။

ရှေးကကြားဘူးထားတာ နိဗ္ဗာန်ဆိုတာအဝေးကြီးတဲ့ (မှန်ပါ့) အခုတော့ ဒီလိုမယူပါနဲ့ ဒကာ, ဒကာမတို့ နိဗ္ဗာန်သည် ဘယ်နားမှာ ရှိသတုံး ... (ခန္ဓာအဆုံးမှာရှိပါတယ်ဘုရား)။

ခန္ဓာကွယ်နေလို့ နိဗ္ဗာန်အဆုံးကို မမြင်ရဘူး ...(မှန်ပါ့)

ခန္ဓာတွေက စက်ရဟတ်လိုလည်ပြီး သင်္ကာလနေတာရယ်၊ သူက လည်ပြီးဖုံးနေတာ၊ ခန္ဓာတွေသည်ကား လို့ဆိုရင်ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာနဲ့လှည့်ပတ်ပြီး သင်္ကာလ ဖဿ ဝေဒနာ သညာ တဏှာ ဥပါဒါန် ကံနဲ့ လှည့်လိုက်၊ ဒီလို ချည့်ခန္ဓာကြီးက လှည့်ပတ်ပြီးပေါ်နေတာနဲ့ မဆုံးဘူး...(မှန်ပါ့) မဆုံးတော့ နိဗ္ဗာန်မတွေ့တာ .. (မှန်ပါ့)။

ဒကာ,ဒကာမတို့နိဗ္ဗာန်မတွေ့ရတာ ခန္ဓာစက်ရဟတ်ကြီး ကလည်ပြီး ဖုံးနေလို့မတွေ့တာကိုး (မှန်လှပါဘုရား)။ ကျုပ်တို့ ဉာဏ် မထိုးထွင်နိုင်အောင် ခန္ဓာက နိဗ္ဗာန်ကိုကွယ်ထားတယ်၊ ဖုံးထားသေးတယ် (မှန်ပါ့)။

ခန္ဓာစက်ရဟတ်ကြီးဟာလည်ပြီး ဖုံးနေတာနဲ့ နိဗ္ဗာန် မမြင်ရတာ (မှန်ပါ့) .. ခန္ဓာစက်ရဟတ်ကြီးကို ဒီလိုရပ်အောင် လုပ်ကြပေတော့ဆိုတဲ့နည်းပေးကောင်းနဲ့ပေးလို့ကျင့်လို့ရပ်သွား မယ်ဆိုလို့ ရှိရင်ဖြင့်ခန္ဓာကြီးဟာရပ်သွားတယ်ဆိုကထဲက ပြတ် ထွက်သွားတယ်...(မှန်ပါ့)။

ပြတ်ထွက်သွားရင် ခန္ဓာကွယ်နေတဲ့ နိဗ္ဗာန်ဟာဒီနေရာ တွင်ပေါ်ရမယ်..(မှန်ပါ့)ရှင်းပြီလား (ရှင်းပါပြီ)၊ လောကီဥပမာ နဲ့ နည်းနည်းကလေးရှင်းကြပါစို့၊ ရုပ်ရှင်ဘိုင်စကုတ်ကြည့်တဲ့ အခါကျတော့ အရုပ်တွေဖုံးနေတော့ပိတ်ဖြူကားချပ်ကြီးကမပေါ် ဘူး... (မပေါ်ပါဘုရား)။

အရုပ်တွေ ဖုံးနေတဲ့အတွက် .. (ပိတ်ဖြူမပေါ်ပါဘူးရား) ဖျပ်,ဆိုအရုပ်တွေပြတဲ့ပြစက်ကို ရပ်ပြစ်လိုက်စမ်းပါတဲ့၊ မှန်ဘီလူးနဲ့လည်နေတာ ရပ်ပြစ်လိုက်တော့ဘာပေါ်လာသတုံး (ပိတ်ဖြူကားကြီးပေါ်လာပါတယ်ဘုရား)။

အဲ...ဒီအတိုင်းပဲ ခန္ဓာတွေဟာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်တွေနဲ့လှည့်ပတ်ဝိုးသကာလစက်ရဟတ်ကြီးလို ရုပ်ရှင်ပြစက်ပြသလိုလည်နေတယ်... (မှန်ပါ့)။

ဒါကြောင့်

"ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ" ။ မပြတ်လည်နေတယ်တဲ့

... (မှန်ပါ့) ။

အဲဒီခန္ဓာသံသရာကြီး ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး ဖုံးနေလို့ နိဗ္ဗာန်မမြင်တာ...(မှန်ပါ့) ရှင်းကြပြီလား (ရှင်းပါပြီ)။ နိဗ္ဗာန်ဘယ်သူကွယ်နေပါလိမ့်.. (ခန္ဓာသံသရာကွယ်နေပါတယ်ဘုရား)၊

ဒကာတို့... ဒါတာသွားကြည့်ရင် မတွေ့ဘူး... (မှန်ပါ့) မတွေ့ပါဘူးတဲ့ ... ခန္ဓာသံသရာကွယ်နေတယ်ဆိုတော့အလုပ်

သမားတွေကျတော့ ဖျပ်,ခနဲ ခန္ဓာလည်းချုပ်သွားရော နိဗ္ဗာန် ချက်ခြင်းပေါ်တယ်...(မှန်ပါ့)။

ဘာမှအလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာကအမြဲ တမ်း စက်ရဟတ်ကြီးလိုလည်ပြီးကွယ်နေတော့ ခန္ဓာမြင်သေးရဲ့လား ... (မမြင်ပါဘုရား) နိဗ္ဗာန်မြင်သေးရဲ့လား...(မမြင်ပါဘုရား)။

အဲဒါက "ဒုက္ခသစ္စာအနတ္တာကရိယသတိ" ဆိုတဲ့ အရဏာဝတီ သုတ် ပါဠိတော်ကလာတာ၊ ပါဠိရှိပြီးသားနော်...(မှန်ပါ့)ဘုရား ဟောပါဠိရှိပြီးသား...။

ကိုင်း...ဒါဖြင့် တရားနှလုံးသွင်းကြ၊ တရားနှလုံးသွင်း ကြ၊ နိဗ္ဗာန်သည်ခန္ဓာအဆုံးမှာရှိတယ်၊ ဘယ်နဲ့ကြောင့်မမြင်ပါ လိမ့်မတုံးမေးတဲ့အခါကျတော့ ခန္ဓာကွယ်နေတယ်... (မှန်လှပါ ဘုရား)။

နိဗ္ဗာန်ကိုခန္ဓာကွယ်တယ်၊ ခန္ဓာမမြင်အောင် တစ်ခါ ဘယ်သူဖုံးနေပါလိမ့်မတုံးမေးတဲ့အခါကျတော့ဒကာ,ဒကာမ တို့ အဝိဇ္ဇာက ခန္ဓာကိုဖုံးပြန်တယ်... (မှန်ပါ့)။

ခန္ဓာကိုဘယ်သူဖုံးပြန်ပါလိမ့်...(အဝိဇ္ဇာကဖုံးပါတယ် ဘုရား)ဒီခန္ဓာကြီးရှိလျက်နဲ့ငါသူယောကျ်ားတွေ၊မိန်းမတွေ ဖြစ်ပြီးသကာလ ယောကျ်ား,မိန်းမ တကယ်ထင်အောင်လုပ် ထားတဲ့ (အဝိဇ္ဇာ)က ခန္ဓာကို ဖုံးနေပြန်တယ်...(မှန်ပါ့) ရှင်းပြီလား... (ရှင်းပါပြီ)။

ကိုင်း...ဒကာ ၊ ဒကာမတို့ နိဗ္ဗာန်ဘယ်သူဖုံးပါလိမ့်... (ခန္ဓာဖုံးပါတယ်ဘုရား) ခန္ဓာမမြင်အောင် တစ်ခါဘယ်သူက ဖုံးပါလိမ့် (အဝိဇ္ဇာကဖုံးပါတယ်ဘုရား)။

ဒီလိုဖြစ်နေတော့ ခန္ဓာကို အဝိဇ္ဇာဖုံးနေတော့ကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကလယ်နေတာမမြင်ရပြန်ဘူး (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကနိဂုံရကလည်နေတာကြီးကိုအဝိဇ္ဇာကဖုံးလိုက်ပြန်တော့လည်း၊ ခန္ဓာစက်ရဟတ်ကြီးတစ်ခုပြီး တစ်ခုချုပ်နေတာ မမြင်ပြန်ဘူး...(မှန်ပါ့)မြင်သေးရဲ့ လား (မမြင်ပါဘုရား)။

အဲဒီကဲ့သို့မမြင်ဘဲ ဖြစ်နေပြန်တာကြောင့် ဒကာ၊ဒကာမတို့ ခန္ဓာအဝိဇ္ဇာဖုံးနေတယ်ဆိုတာ ပေါ်ကြပြီလား (ပေါ်ပါပြီ)၊ ဒီအဝိဇ္ဇာကို ဘုန်းကြီးက ဝိဇ္ဇာဆိုတာနဲ့ဖွင့်ပေးရလို့ရှိရင် ခန္ဓာတွေ့တော့မယ်...(မှန်ပါ့)။

ဝိဇ္ဇာက ဝိပဿနာဉာဏ်ပဲ၊ ဝိပဿနာဉာဏ်နဲ့ခန္ဓာကိုတွေ့အောင် အားထုတ်ရင် အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ဖွင့်ပေးလိုက်သလို၊ ခန္ဓာ စက်ရဟတ်ကြီးကို တွေ့ပါလိမ့်မယ်... (မှန်ပါ့)။

အဲဒီခန္ဓာစက်ရဟတ်ကြီးကို တစ်ခါဒီထက်.. ထက်တဲ့ဝိဇ္ဇာဉာဏ်နဲ့ ထိုးဖောက်လိုက်တဲ့ အခါကျတော့ ဒကာ၊ဒကာမတွေ ခန္ဓာစက်ရဟတ်ကြီးဖြစ်ပျက်ဖြစ်ပျက်ဆိုတာ တစ်ခုဖြစ်၍

တစ်ခုပျက်တယ်။ တစ်ခုဖြစ်၍ တစ်ခုပျက်တယ်ဆိုတာကြီးဟာ ပေါ်လာလိမ့်မယ်...(မှန်ပါ့)။

ပေါ်လာတဲ့အခါကျတော့တစ်ခါ ဒီထက်..ထက်တဲ့ ဝိပဿနာကိစ္စဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာ ပဲလို့ဆိုတဲ့ အခါကျတော့ခန္ဓာစက်ရဟတ်ကြီးပြတ်ထွက် သွားပါလိမ့်မယ်... (မှန်ပါ့)။

ပြတ်ထွက်သွားသည်နဲ့ တပြိုင်နက်ခန္ဓာအဆုံးနိဗ္ဗာန်ကြီး ဟာ ဘွားကနဲပေါ်လာလိမ့်...(မှန်ပါ့) ကိုင်း..ပဋိစ္စသမုပ္ပါဒ်ကို ကြည့်အတိတ်ဘဝက ဒကာ,ဒကာမတို့ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနဲ့နေခဲ့ကြတယ်...(မှန်ပါ့)။

လွန်လေပြီးသော အတိတ်ကာလကတဲ့၊ အတိတ်အ ကြောင်းတွေလုပ်ခဲ့ပါတယ်တဲ့၊ သူသည်ကားတဲ့ သစ္စာမသိတဲ့ အတွက် အဝိဇ္ဇာနဲ့သမုဒယသစ္စာလုပ်ခဲ့တယ်။

အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါ)အဲဒီအတိတ်ဘဝမှာတုံးက သစ္စာမမြင်ပဲကိုး၊ ဒကာ,ဒကာမတို့ဟာ စုံလုံးကန်းလမ်းသွားနဲ့ ချည့်ပဲ တစ်သက်လုံးအချိန်ကုန်ခဲ့တယ်..(မှန်ပါ့) သဘောပါပြီ လား..(ပါ..ပါပြီဘုရား)

ဒါကြောင့်စုတေမနေ သေလွန်တဲ့အခါကျပြော့ ဟောဒီ (၂)နံပါတ်အကွက်နဲ့သွားဆက်တယ်...(မှန်ပါ့) ဒီနေရာသေခဲ့

တယ်၊သေတော့ဒီဘဝမယ်ဒီသင်္ခါရနဲ့ဒီဝိညာဏ်နဲ့သွားမစပ်ဘူးလား. (စပ်ပါတယ်ဘုရား)။

ဒီနေရာသေပြီးတော့ စပ်လိုက်တဲ့အခါကျတော့ ဒီဘဝကျတော့ ဝိညာဏ်ဆိုတဲ့စိတ်ပေါ်လာတယ်...(မှန်ပါ့) နာမ်ရုပ်ဆိုတဲ့နာမ်နဲ့ရုပ်ပေါ်လာတယ်..(မှန်ပါ့) သဠာယတနဆိုတဲ့ မျက်စိ, နား,နှာခေါင်း, လျှာကော(ပေါ်ပါတယ်ဘုရား)။ ဖဿဆိုတဲ့တွေ့ထိတတ်တဲ့သဘော..(ပေါ်ပါတယ်)ဝေဒနာဆိုတဲ့အကောင်းအဆိုးခွေးတတ်တဲ့သဘောတွေ..(ပေါ်ပါတယ်ဘုရား)။

ဒီလိုကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဆိုတော့ ဒကာ, ဒကာမတို့ယခုပစ္စုပ္ပန်ဘဝမှာခန္ဓာရလာပြီ (မှန်ပါ့) ရှင်းပြီလား..(ရှင်းပါပြီဘုရား)

အခုရတဲ့ခန္ဓာငါးပါးဆိုကြစို့ (မှန်ပါ့) ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာပေါင်းလိုက်ရင် ဘာပါလိမ့်..(ခန္ဓာငါးပါးပါ)ခန္ဓာငါးပါးရတယ်...(မှန်ပါ့) သူ့ကိုဘာသစ္စာတဲ့တုံး.. (ဒုက္ခသစ္စာပါ) ဒါကြောင့် ယခုပစ္စုပ္ပန်မှာ ဒုက္ခရောက်တာ၊ ဒုက္ခငါးချက်... (မှန်ပါ့) သဘောပါကြပြီလား... (ပါ–ပါပြီဘုရား)။အတိတ်ဘဂက အဝိဇ္ဇာနဲ့စုံလုံးကန်းလမ်းသွားလိုက်တာ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခရောက်ရတယ် (မှန်ပါ့)မရောက်သေးဘူးလား...(ရောက်ပါတယ်) ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့်ဒုက္ခသစ္စာရတော့ ဒကာတို့ရေ ယခုရထားတဲ့ ခန္ဓာကြီးဟာဘာသစ္စာတုံး..(ဒုက္ခသစ္စာပါသေမှ မသေသေးပဲကိုး ဗျ၊ ပစ္စုပ္ပန်ဘဝပဲရှိသေးတယ်..မှန်ပါ့ ဝိညာဏ်ရှိတယ်။ နာမ်ရုပ် တွေမရှိဘူးလား...(ရှိပါတယ်) သဠာယတနဆိုတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ,ကိုယ်, စိတ် ...(ရှိပါတယ်) ဖဿ... (ရှိပါ တယ်) ဝေဒနာ ... (ရှိပါတယ်) ပေါင်းကြတော့ ဒါခန္ဓာငါးပါး (မှန်ပါ့ဘုရား)။

ဒုက္ခရောက်နေတာ ဒကာ,ဒကာမတို့ ထိုင်လို့ကော တာရှည်ထိုင်လို့ရရဲ့လား ... (မရပါဘုရား) အိပ်လို့ကော... (မရပါဘုရား) စားလို့ကော.. များများစားလို့ (မရပါဘုရား) နည်းနည်းစားလို့ကော (မရပါဘုရား)။

နည်းနည်း စားရင်ဆာတယ်၊ များများစားရင် ရင်ပြည့် ရင်ကယ်တယ်... (မှန်ပါ့) တာရှည်ထိုင်ရင်ညောင်းတယ်.. (မှန်လှပါ) အိပ်ပါများလို့ရှိရင်ဖြင့် တက်တယ်, ညောင်းတယ်၊ မလာဘူးလား...(လာပါတယ်ဘုရား) ဘယ်အချိန် ရောဂါကင်း သတုံး... (မကင်းပါဘုရား) ဒါဖြင့်ဒီ...ခန္ဓာငါးပါးကြီးဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ရူပက္ခန္ဓာကလည်း ဖြစ်ပြီးပျက်တာပဲ... (မှန်ပါ့) ဒါဖြင့်ဖြစ်ဒုက္ခပျက်ဒုက္ခပေါ့...(မှန်ပါ့)။ဝေဒနာက္ခန္ဓာကကော... (ဖြစ်ပြီးပျက်တာပါပဲဘုရား)သူလည်းဘာသစ္စာတုံး (ဒုက္ခသစ္စာ

ပါဘုရား) သညာမှတ်လုံးကလေးလည်း ခန္ဓာကိုယ်ထဲမှာပေါ်တယ်၊ ဒါကလေးကလည်းဖြစ်ဒုက္ခဆိုတော့ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

စိတ်ကလေးကလည်းဖြစ်လိုက်ပျက်လိုက်၊ ဖြစ်တာလည်း သေမလို့ဖြစ်တာ၊ ပျက်တာလည်းသေပွဲဝင်တာ (မှန်ပါ့) ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ဒကာ၊ဒကာမတွေ ဒီအကွက်တစ်ကွက်လုံးဟာ ဘာသစ္စာတွေတုံး (ဒုက္ခသစ္စာတွေပါဘုရား) ကောင်းပါပြီ၊ ဒါဖြင့် ... ဒီဒုက္ခအဆုံးမှာ နိဗ္ဗာန်ရှိမယ်... (မှန်ပါ့ဘုရား)။

ခုနကစာနဲ့ ဟပ်ကြပါစို့၊ ဒီဘက်ကအဆုံးမှာ ... (နိဗ္ဗာန်ရှိပါတယ်ဘုရား)ဪဒါဖြင့် နိဗ္ဗာန်ဟာ ဒုတိယအကွက်မှာရှိမယ်....(မှန်ပါ့)၊ (၂)နံပါတ် အကွက်မှာ ဆုံးအောင်လိုက်ရင် တွေ့မယ်.... (မှန်ပါ့ဘုရား)။

အခု ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်ဇယားမှာ လက်ထောက်ပြတာနဲ့ဖြင့်ဪ.... ဒုက္ခအဆုံးမှာ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်ဆိုတော့ ဒါ.... ခန္ဓာငါးပါးဖြစ်သွားပြီး (မှန်ပါ့) ဒါကိုဆုံးအောင် ရှုနိုင်လို့ရှိရင် ဒီနေရာ နိဗ္ဗာန်ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား)

ခန္ဓာပေါ်ရင် ဘာသစ္စာတုန်း.... (ဒုက္ခသစ္စာပါဘုရား) ယခုရထားတဲ့ ခန္ဓာကြီးထဲမှာ ဘာပေါ်ပေါ် ဒီပြင်ဘာ သစ္စာမှ မပေါ်သေးဘူး၊ ဒုက္ခသစ္စာပဲ.... (မှန်ပါ) ရုပ်နာမ်တွေပေါ်သ၍ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒီတော့.... ဒကာ, ဒကာမတို့ နိဗ္ဗာန် ခန္ဓာဖုံးတယ်၊ ခန္ဓာအဝိဇ္ဇာဖုံးတယ်ဆိုတာ အခု အဝိဇ္ဇာဖွင့်လိုက်တော့ကိုခန္ဓာ ဒုက္ခသစ္စာလာတွေ့တယ်.... (တွေ့ပါတယ်ဘုရား)။

ဒကာ, ဒကာမတို့ (၂) အကွက်ထဲမှာ တရားနာနေကြတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ ခန္ဓာငါးပါးတွေ သိသဖြင့်လည်း ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ သဘောတွေလည်းပါသေးရဲ့လား (မပါပါဘုရား)

နဂိုလ်က အဝိဇ္ဇာနဲ့ ခန္ဓာငါးပါးကို ခန္ဓာငါးပါးမှန်း မသိပဲ ယောကျာ်းတွေ မိန်းမတွေ ဖုံးလေသမျှတော့ သူကွယ်ပြီး (မှန်ပါ) အခုတော့ဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ၊ (တနည်း) ခန္ဓာငါးပါးလို့ သိလိုက်သဖြင့်တဲ့ အဝိဇ္ဇာ ကကွယ်နိုင်သေးရဲ့လား....(မကွယ်နိုင်ပါ)ဟ....ဘာသစ္စာတုံး မေးတော့ (ဒုက္ခသစ္စာပါဘုရား)။

ဒီအကွက်က ဘာဖြစ်ဖြစ် ဒုက္ခသစ္စာမြင်ရင် အဝိဇ္ဇာက လွင့်သွားလိမ့်မယ်.... (မှန်ပါ) အဝိဇ္ဇာလွင့်ကတည်းက အဝိဇ္ဇာကို ဘယ်သူက လွင့်ထုတ်ပါလိမ့်မတုံး မေးတော့မှ ဝိဇ္ဇာ

ဉာဏ်က ထုတ်လိုက်တယ်.... (မှန်ပါ့)။

ဒကာ, ဒကာမတို့မြင်စိတ်ကလေးပေါ်လာတဲ့အခါကျလို့ ရှိရင် မြင်ဂိုက်ကို ဒကာ, ဒကာမတွေက ဒီနားကနေပြီး သကာ လ.... "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ" ဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ ဒီအနိုက်ကလေးဖြတ်ရ မယ်.... (မှန်ပါ့)။

စိတ်ကဖြစ်ပျက်၊ ရှုတာက.... (မဂ်ပါဘုရား) မဂ်ဆို တော့ မဂ်ကလေးက ဒီစက်ဝိုင်းက အဆက်ကိုဖြတ်တယ်.... (မှန်ပါ့)။

မဂ်သည် ဝေဒနာနဲ့ တဏှာဆက်တာကို ....( ဖြတ်ပါ တယ်) စိတ်နဲ့ တဏှာဆက်တာကို .... (ဖြတ်ပါတယ်) ဖဿ နဲ့ တဏှာဆက်တာကို .... (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် မဂ်ဟာ ကိလေသာဖြတ်တယ်ဆိုတော့ ဒီဘက်က တဏှာ, ဥပါဒါန်လာသေးရဲ့လား.... (မလာပါဘုရား) ခင်ဗျား တို့မြင်စိတ်ကလေးကို ဘယ်လိုလုပ်ကြမယ်.... ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

ဪ... ဖြစ်ပြီး ပျက်တဲ့တရားလို့ ဒီနားက မဂ်ကလေး နဲ့ရှု (မှန်ပါ့) ဖြစ်ပျက် မဂ်၊ ဒီဘက်က တဏှာလာသေးရဲ့လား (မလာပါ ဘုရား) ဥပါဒါန်ကော.... (မလာပါ) ကံကော (မ လာပါဘုရား)....။

မလာတော့ဘူးဆိုတော့ ဒကာ, ဒကာမတို့ကံမှ မလာတဲ့ ပုဂ္ဂိုလ်ဟာ ဇာတိ, ဇရာ, မရဏ....(မလာပါ) မလာဘူးဆိုတာ သေချာတယ်.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာဖြစ်ပျက် ဒကာ, ဒကာမတွေ မဂ်ဝင်လိုက်တဲ့အတွက် (၃) နံပါတ် တဏှာ, ဥပါဒါန်ကံလည်း ချုပ်တယ် (ချုပ်ပါတယ် ဘုရား) (၄) နံပါတ် ဇာတိ ဇရာ မရဏကော (ချုပ်ပါတယ်ဘုရား)။

ချုပ်တယ်ဆိုသဖြင့်တဲ့.... သမုဒယချုပ်တယ်၊ ဒုက္ခသိမ်းတယ်( မှန်ပါ့) ဒါကဒုက္ခမရှိတဲ့နိဗ္ဗာန်ကိုပြတာဒါဖြင့် ခန္ဓာမရှိမှ ရမည့် နိဗ္ဗာန်.... (မှန်ပါ့)။

ဒီနေရာ နိဗ္ဗာန်ပေါ်ရင် ခန္ဓာရှိတုန်း မြင်ရတဲ့နိဗ္ဗာန်.... (မှန်ပါ့) ဒီဘက်က ခန္ဓာချုပ်တဲ့ နိဗ္ဗာန်.... (မှန်လှပါဘုရား) သဘောပါပြီလား .... (ပါပါပြီ)။

လက်ငင်းရတဲ့ (သဉပါဒိသေသနိဗ္ဗာန်) နဲ့နောက်မှရတဲ့ (အနုပါဒိသေသနိဗ္ဗာန်) ဆိုတာရှိတယ်ဒကာတို့.... ပေါ်ကြပြီလား(ပေါ်ပါပြီ) ဒကာ, ဒကာမတွေ အကြွေးနိဗ္ဗာန်ကို မယူပါနဲ့.... (မှန်ပါ့) လက်ငင်း(သဉပါဒိသေသနိဗ္ဗာန်)ရမှ အကြွေးနိဗ္ဗာန်သေချာပါတယ်။

အဲ.... စာရွက်ကလေးထဲမှာ ပါပါတယ်။ အပြင်ညှော်သည်ငါးပါးလာလည်းရှုပါ (မှန်ပါ့) အတွင်းညှော်သည်ငါးပါးလည်း ရှုရပါလိမ့်မယ်။ ....(မှန်ပါ့) လောဘစိတ်ကလေးပေါ်လာရင် (ဖြစ်ပျက်ရှုရမှာပါ)

ဒေါသစိတ်ကလေးပေါ်ရင်ကော.... (ဖြစ်ပျက်ရှုရပါမယ်) မောဟစိတ်ကလေးပေါ်ရင် (ဖြစ်ပျက်ရှုရပါမယ်) အလောဘဆိုတဲ့ လှူချင်၊တန်းချင်၊ပေးချင်၊ ကမ်းချင်တဲ့ စိတ်ကလေးလာရင်ကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကုသိုလ်စိတ်ကလေးလာလည်း ဘာလုပ်မလည်း (ဖြစ်ပျက်ရှုရပါမယ်) မေတ္တာစိတ်ကလေးလာရင် ဖြစ်ပျက်ရှုရမယ်) ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)

အိမ်သည်နှစ်ခုလို့ ရေးထားတယ်.... (မှန်ပါ့) လေကိုထုတ်သော စိတ်၊ လေကိုသွင်းသောစိတ်( မှန်ပါ့) မရှိကြဘူးလား(ရှိပါတယ်ဘုရား)။

အဲ....သွင်းတဲ့စိတ်ကလေးလာလည်း ဘာလုပ်မလဲ (ဖြစ်ပျက်ရှုရမယ်)ထုတ်တဲ့စိတ်ကလေးလာလည်း (ဖြစ်ပျက်ရှုရပါမယ်) ....အဲ....သူလည်းဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားတာပဲ (မှန်ပါ့)

အဲဒီတော့အတွင်းညှော်သည် အပြင်ညှော်သည် မရှိရင်အိမ်သည် ချည့်ဆက်ရှု (မှန်ပါ့) အတွင်း ညှော်သည်လာရင် အတွင်း

ညှော်သည်လိုက်ရှု၊ပြီးမှ အိမ်သည်ပြန်ရှု (မှန်ပါ့)။

အပြင်ညှော်သည်လာရင်… (အပြင်ညှော်သည်ရှုရပါမယ်) ပြီးတော့ ဘယ်ပြန်မလဲ ….( အိမ်သည်ပြန်ရပါမယ်ဘုရား)။

အိမ်သည်ကိုအမြဲထားပါတဲ့။ညှော်သည်လာရင် ညှော်သည် ရှု၊ ညှော်သည်မရှိရင် အိမ်သည်ရှုဆိုတော့ သူ့အထဲမှာ အနားရှိ သေးရဲ့လား…. (မရှိပါဘုရား)။

အဲ…. အနားမရှိတိုင်း သမုဒယသစ္စာချုပ်၍ ဒုက္ခသစ္စာ ပြတ်တယ်…. (မှန်ပါ့) သဘောပါကြပြီလား (ပါပါပြီ) ဒါဖြင့် ဒါတွေဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဒကာ, ဒကာမတို့ (ယ ထာဘူတဉာဏ်)ရပြီ ….မှန်ပါ။

အဲ….ဖြစ်ပျက်ဟာဒုက္ခသစ္စာလို့သိကတည်းက "ယထာ သဘာဝဇာနဉာဏ်" ဟုတ်တိုင်း မှန်စွာသိတဲ့ဉာဏ်ရ ကတည်း က အဝိဇ္ဇာလွင့်သွားပြီ…. (မှန်ပါ့)။

ခန္ဓာ(အဝိဇ္ဇာ)ဖုံးသေးရဲ့လား…. (မဖုံးပါ) မဖုံးတော့ဘူး ဆိုတာသေချာပြီလား (သေချာပါပြီ) ဒကာ, ဒကာမတို့ဖြစ်ပျက် တွေ အဆုံးက လှည့်ရှုရာကနေပြီးသကာလ ဖြစ်ပျက်တွေဟာ ဘယ်သူ သေတာတုံး…. မေးတော့ စိတ်တစ်ခုနဲ့ အသက်ရှင် တာကိုး (မှန်ပါ့) မြင်နေတဲ့အခါမြင်စိတ်နဲ့ အသက်ရှင်…. (မှန်ပါ့) ကြားတဲ့အခါ(ကြားစိတ်နဲ့ အသက်ရှင်ပါတယ်) ရှုနေ

တဲ့အခါ ....(ရှုစိတ်နဲ့ အသက်ရှင်ပါတယ်) ရှုက်နေတဲ့အခါ... (ရှုက်စိတ် နဲ့ အသက်ရှင်ပါတယ်ဘုရား)။

အဲဒီအခုပြောတဲ့ စိတ်တွေပေါ်တိုင်း ....ပေါ်တိုင်း ရှုတော့ ကိုယ့်အသေကို ကိုယ်မြင်တယ်.... (မှန်ပါ့) ကိုယ့်အသေကဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ကိုယ်မြင်တာက (မဂ္ဂသစ္စာပါ) အဲဒီ ဒိဋ္ဌိမမွှော လာပြီ (မှန်လှပါဘုရား)

ကိုယ့်အသေကို ကိုယ်မြင်ရင် ဒိဋ္ဌိမမွှောလာပြီ.... (မှန်ပါ့) ....ဒိဋ္ဌိမမွှောလာပြီဆိုတာပေါ်ပြီလား (ပေါ်ပါပြီ) ဒကာ, ဒကာမတွေ ဒါက ဒုက္ခသစ္စာကို ကိုယ်တိုင်မြင်တာ (မှန်ပါ့)။

ကဲ.... ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တော့ ဒကာ, ဒကာမတွေ ရှုဖန်များလာတော့ ဒီမဂ်ကလေးက ကိုယ့်အသေကိုယ်မြင်တဲ့ မဂ်ချည်းဖြစ်နေတော့ ယတာဘူတဉာဏ် ရပါပြီ.... (ရပါပြီဘုရား)။

ဒီလိုနဲ့ပဲ ဆက်ရှုတော့ မှန်လာပြီ.... (မှန်ပါ့) ကိုယ့်အသေ၊ ကိုယ့်မသာတွေချည်း ကိုယ်မြင်နေရရင် မမှန်းပေဘူးလား.... (မှန်းပါတယ် ဘုရား)။

အဲ.... စိတ်ကလေးတစ်ခုနဲ့ အသက်ရှင်တာ၊ ဒီစိတ်ကလေးပျောက်သွားတယ်ဆိုတာ ကိုယ်သေတာပဲ (မှန်ပါ့) ဒါကြောင့် ဘုန်းကြီးက အသေကို အရှင်နဲ့ကြည့်ကြ၊ ဝိပဿနာဆိုတာဒါပဲ.... (မှန်ပါ့)။

မုန်းလာတယ်... (မှန်ပါ့) မုန်းပေမယ့်လည်း ရှုမြဲတိုင်း ရှုပါ....(မှန်ပါ့) မုန်းပေမယ့် မလိုချင်တဲ့ စိတ်က မလာသေးဘူး (မှန်ပါ့) မြင်လို့ရှိရင် မုန်းပါတယ်.... (မှန်ပါ့) မုန်းတာဆက် ရှုပါ။ ကိုယ့်ခန္ဓာကြီးပေါ်တိုင်း ပေါ်တိုင်းဆက်ရှုပါနော်....။

အဲဒါ မုန်းတာ ဆက်ရှုတိုင်း ရှုတိုင်း မုန်းနေပြီဆိုမုန်းပါ မက မုန်းတော့ ဒီခန္ဓာကြီးဖြင့် မလိုချင်ပါဘူးဆိုတဲ့ ရှုတဲ့ဉာဏ် မပြောင်းပေဘူးလား၊ ပြောင်းမလား .... (ပြောင်းပါတယ် ဘုရား)။

ပြောင်းလို့ရှိရင်ခန္ဓာငါးပါး အကုန်ပျောက်ပါတယ်။ ဝိဉာဏ်နာမ်ရုပ်သဠာယတနဖဿ ဝေဒနာတွေ အကုန်ပျောက်မယ် (မှန်ပါ့) မပျောက်ပေဘူးဘား....(ပျောက်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး.... သူကမလိုချင်တဲ့ ဉာဏ်လာကတည်းက ဒီခန္ဓာတွေ ဘာဖြစ်နေသတုံး.... (ပျောက်ပါတယ်) ဒါဖြင့် ဘာသစ္စာတွေ ပျောက်မတုံး.... (ဒုက္ခသစ္စာတွေ ပျောက်ပါတယ်ဘုရား)။

ဟ.... ဒုက္ခသစ္စာပျောက်ရင် ဒုက္ခငြိမ်းတဲ့ သစ္စာရောက်မယ် (မှန်ပါ့) ဒုက္ခငြိမ်းတဲ့ သစ္စာရောက်တော့ ဒါနိရောဓသစ္စာ နိရောဓ သစ္စာသွားဖြစ်တယ်.... (မှန်ပါ့)။

ဒါဆုံးမှ နိဗ္ဗာန်ရောက်မယ်ဆိုတဲ့ ဒီခန္ဓာကွယ်နေတယ်ဆိုတာ မပေါ်သေးဘူးလား .... (ပေါ်ပါပြီ) ဒါဖြင့် ခန္ဓာဆုံးရင်

(နိဗ္ဗာန်ပါ) သဘောပါပြီလား(ပါ - ပါပြီ)။

ခန္ဓာဆုံးရင် ....(နိဗ္ဗာန်ပါ)အဲဒါကြောင့် နိဗ္ဗာန်ကို ဒကာ, ဒကာမတွေ ခန္ဓာက ကွယ်နေတယ်.... (ကွယ်နေပါတယ်) ဒီ ခန္ဓာဆုံးအောင် ရှုနိုင်လို့ရှိရင် နိဗ္ဗာန်သည် ဒုတိယအကွက်မှာ (သဉပါဒိသေသနိဗ္ဗာန်)ရှိတယ်.... (မှန်ပါ့)စဘုတ္ထအကွက်မှာ (အနုပါဒိသေသနိဗ္ဗာန်)ရှိတယ်.... (မှန်ပါ့)။

(၄)ကအကြွေး နိဗ္ဗာန် ။ (၂)လက်ငင်း နိဗ္ဗာန်.... (မှန်ပါ့) ပေါ်ကြပြီလား.... (ပေါ်ပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီ) စိတ်ဆွယ်သုံးချက်ကို ဆက်ရှုလို့ရှိရင်ဖြင့် ဖြစ်ပျက်မြင်ရင် (ယထာဘူတဉာဏ်) (မှန်ပါ့)။

ဖြစ်ပျက်ဒုက္ခသစ္စာတွေရှုရင် မတ္တနဲ့ မလိုချင်တဲ့ဉာဏ် ဆိုရင် ဘာဉာဏ်ခေါ်ကြမလဲ.... (ဝိရာဂဉာဏ်ပါ ဘုရား) ဒါဖြင့် မဂ်ဉာဏ်ရတော့ ဒီခန္ဓာတွေရှိသေးရဲ့လား.... (မရှိပါဘုရား)။အရင်တုန်းကတော့ ဒုက္ခသစ္စာ ....(မှန်ပါ့) ယခုဆုံးသွားတော့ ဘယ့်နဲ့တုံး.... (ဒုက္ခနိရောဓသစ္စာပါ) (ပေါ်ပြီပေါ်ပါပြီ ဘုရား) ရှင်းပြီလား.... (ရှင်းပါပြီ)။

ဒုက္ခနိရောဓသစ္စာဆိုတာ ဒုက္ခချုပ်တဲ့သစ္စာ.... (မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။ ဒုက္ခချုပ်တဲ့သစ္စာကို နိဗ္ဗာန်လို့ အတိုကောက်ခေါ်တယ်၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ အရှည်ခေါ်တော့ ဒုက္ခနိရောဓသစ္စာ(မှန်ပါ့) ရှင်းပြီလား.... (ရှင်းပါပြီ)။

ဒုက္ခနိရောဓ သစ္စာကို မြင်တာက ဘာသစ္စာတုံး....(မဂ္ဂ သစ္စာပါ) ရှင်းပြီလား.... (ရှင်းပါပြီဘုရား) ဒီအတိုင်းလုပ်ရင် သောတာပန်သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်လိမ့်မယ်.... (မှန်ပါ့) ရှင်းကြပြီလား (ရှင်းပါပြီ)။ ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခ နိရောဓသစ္စာဖြစ်အောင်ရှု.... (မှန်ပါ့) သဘောပါကြပြီလား (ပါပါပြီ)။ ကဲတော်ကြစို့.

မိုး (၁၅)၊ ခါ (၃၂၉)

❋ ❋ ❋ ❋ ❋

## နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာန်ချမ်းသာဆိုတာ ချမ်းသာတကာတို့ထက် အမြတ်ဆုံးဖြစ်တယ်။ ဘေးအပေါင်းက လွန်မြောက်တယ်၊ နိဗ္ဗာန်ရရင် ဘယ်ဘေးမှ မသင့်နိုင်တော့ဘူး၊ ဘေးအပေါင်းမှ လွတ်ချင်ရင် နိဗ္ဗာန်ရအောင်ကြိုးစားကြ၊ ဒီနေရာမှာ မိလိန္ဒမင်းက ရှင်နာဂသိန်ကို မေးလျှောက်တယ် "အရှင်ဘုရား နိဗ္ဗာန်ချမ်းသာဟာ ဘယ်ချမ်းသာနဲ့တူပါသလဲ" ဒီတော့ အရှင်နာဂသိန်က "မင်းကြီး၊ ဥပမာအားဖြင့် ပြောရရင် ပဋိသန္ဓေကထဲက မျက်စိမမြင်လာတဲ့ လူက အဖြူဆိုတာ ဘယ်လိုဟာတုံး၊ အနီဆိုတာ ဘယ်နယ့်ဟာတုံး၊ နေဆိုတာ ဘာနဲ့တူသတုံး" လို့မေးတာနဲ့တူတယ်၊ သူကမွေးကထဲက မျက်စိမပါတဲ့လူဆိုတော့ လောကမှာရှိတဲ့ အရာ ဝတ္ထုတွေကို ဘယ်နည်းနဲ့ ခွဲခြမ်းပြီးသိနိုင်ပါ့မလဲ။

ဒီဥပမာလိုပါပဲ၊ လောကထဲမှာရှိနေတဲ့ လောကသားတွေ အဖို့ရာမှာ လောကနဲ့ တန်တဲ့ မျက်စိသာပါကြတာပဲ၊ လောကထက်လွန်တဲ့ လောကမှာရှိတဲ့ ချမ်းသာမျိုးတွေနဲ့နှိုင်းယှဉ်မရတဲ့ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာဟာ လောကချမ်းသာထဲမှာ ဘယ်ချမ်းသာနဲ့မှ တူတယ်လို့ မဆိုနိုင်ပေဘူး၊ နိဗ္ဗာန်နဲ့တူတဲ့ ချမ်းသာဟာ လောကမှာမရှိဘူးလို့ မှတ်ပေါ့လို့ ဖြေကြားတော်မူလိုက်တယ်။

(ဥပမာ) ဆိုရင် လောကထဲမှာရှိတဲ့ ချမ်းသာဟာ သရက်သီးပုပ်နဲ့တူတယ်၊ သရက်သီးပုပ်ဆိုရင် နည်းနည်း ပုပ်ပုပ်၊

တစ်ခြမ်းပဲပုပ်ပုပ် သရက်ပုပ်လို့ခေါ်ရတာပဲ အပြစ်အနာ အဆာ ကင်းရင် သရက်ကောင်း အနာအဆာ မကင်းရင် သရက်သီး ပုပ်လို့ခေါ်ရသလို၊ လောကချမ်းသာဆိုတာကလည်းအပြစ်အနာမ ကင်းတော့ ချမ်းသာစစ်ချမ်းသာ ကောင်းလို့ မခေါ်ဆိုနိုင်ဘူး။

ဖြစ်ပြီးပျက်နေတဲ့ လောကထဲမှာ ချမ်းသာစစ်ဆိုတာ ဘယ်မှာရနိုင်ပါ့မလည်း၊ ဖြစ်ပျက်လောကထဲမှာ ချမ်းသာစစ် မရနိုင်ဘူး။

နောက်တစ်ဖန် ရှင်နာဂသိန်က နိဗ္ဗာန်ကို မီးဝိုင်းခံရသူ ဥပမာနဲ့ နှိုင်းယှဉ်ပြပြန်တယ်၊ ဒကာတော်မင်းကြီး ဥပမာအား ဖြင့် ပတ်ဝန်းကျင် အရပ်လေးမျက်နှာက လှည့်ပတ်ဝိုင်းရံပြီး လောင်မြိုက်လာတဲ့ မီးပုံကြီးဆိုပါတော့။

အဲဒီမီးပုံကြီးအလယ်မှာ လူတစ်ယောက်ဟာ မီးပတ်ချာ ဝိုင်းမိရက်သား ဖြစ်နေတယ်၊ မီးခိုးတွေ မီးအရှိန်အဝါတွေဟာ ကိုယ်ကို အပူလာဟပ်ပြီး ပူလွန်းလွန်းလို့ အခံရအတော်ကြပ်နေ လေပြီ။

ဒီအခါမှာ အဲဒီလူဟာ ဘယ်နည်းနှင့်များ လွတ်ကင်းနိုင် ပါ့မလည်းဆိုပြီး အပူတပြင်း ထွက်ပေါက်ရှာကြံမယ်၊ လွတ် မြောက်နိုင်ရေးအတွက် တစ်အား အားထုတ်တော့မယ်။

အဲဒီလိုဘေးဆိုးကြီးတွေနဲ့ ရင်ဆိုင်ရတော့ ယောကျ်ားတို့ စွမ်းပကားနဲ့ ကြောက်အားကြီးပြီး တစ်အားကြီး ကြိုးစားလိုက်

တော့ ကံအားလျော်စွာ မိုးပုံကြီးအတွင်းက လွတ်မြောက်သွားရ တယ်၊ အဲဒီမိုးလောင်ခံရတော့မယ့်ဆဲဆဲ ဘေးကလွတ်မြောက် သွားတဲ့ ယောကျ်ားဟာ ဘယ်လောက်များဝမ်းမြောက်မလည်း ဘယ်လောက်များ စိတ်ချမ်းသာသွားမယ်ဆိုတာ စဉ်းစားကြည့် ကြ၊ အတိုင်းအဆကို မမြင်နိုင်ဘူး။

မင်းကြီး ဒီ ဥပမာကဲ့သို့ပင်၊ နိဗ္ဗာန်ချမ်းသာဆိုတာ နှိုင်း ယှဉ်စရာ မရှိပေဘူး၊ မီးဘေးက လွတ်မြောက်ရတဲ့ စိတ်ချမ်းသာ မှုမျိုးထက် အဆအရာထောင်မက ငြိမ်းအေးချမ်းသာတဲ့ သဘော ရှိပေတယ်လို့ မိန့်ဆိုဖြေကြားတော်မူတယ်။

ဒီနေရာမှာ ဒကာတို့သိဘို့က "ခန္ဓါငါးပါး"ဆိုတာ မီး လောင်စာနဲ့ မီးတွေပဲလို့ သိ[illegible]ားကြရမယ်၊ ခန္ဓါဟာလောင်စာနဲ့ မီး၊ မီးနဲ့လောင်စာတွဲရက်ကြ[illegible] အမြဲနေတာပဲ၊ ခန္ဓါမှာ ဉာဏ်နဲ့ ရှာရင် မီးနဲ့လောင်စာမှတစ်ပါး တစ်ခြားဘာမှ မတွေ့ရပါဘူး။

ဒါကြောင့်မို့ ဒကာတို့ကို စိတ္တာနုပဿနာရှုကြလို့ တိုက် တွန်းရတယ်။ ရှုရင်ခန္ဓါဖြစ်ပျက်မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီး ဝိုင်းမှန်းသိပြီ၊ မီးမှန်းသိလို့မီးကိုမုန်းရင် "နိဗ္ဗိန္ဒဉာဏ်ရတာပဲ၊ မီးမုန်းတော့ ထွက်လမ်းရှာ၊ ရှာတော့ထွက်လမ်းဟာမဂ်ပဲ၊ မဂ် လမ်းစဉ်နဲ့ထွက်တော့ မီးဘေးက လွတ်မြောက်တဲ့ဥပမာဟာ "နိဗ္ဗာန်" ပါပဲ။

တို့ဒကာတွေဟာ ပထမဦးဆုံး အနေနဲ့ မီးမှန်း သိဖို့လို

တယ်၊ မီးဝိုင်းတာကို ဝိုင်းမှန်းသိမှ အရူးပျောက်မယ် ဝိုင်းမှန်းမသိရင် အရူးပဲ၊ ဘာကြောင့်လည်းဆိုတော့ မီးကိုမီးမှန်းမသိ၊ ရွှေတောင်များထင်လို့ဝင်ပြီးတိုးမိ၊ ဝင်တိုးမိတော့ လောင်လိုက်တာပေါ့၊ ဒါကြောင့် "ပိုးဖလံမျိုး" လို့ပဲ ဆိုရတာ၊ တိုးပြန်ရင် ကိုယ်ကျိုးနဲ့ပြန်ရောပဲ။

ခန္ဓာမှာ လောင်စာနဲ့ မီးပဲရှိတယ်၊ ဒါကိုသိမှ ကလျာဏပုထုဇဉ်ခေါ်နိုင်တယ်၊ ဒါမသိသေးရင် "ဥမတ္တက" အရူးပဲရှိသေးတယ်မှတ်။

အဲဒီတော့ အရူးမဖြစ်ချင်ရင် အားထုတ်ကြ၊ အားထုတ်ရင် ခန္ဓာရုပ်နာမ်ဖြစ်ပျက်ကို မြင်ရမယ်၊ ဖြစ်ပျက်မြင်ရင် မီးဝိုင်းမှန်းသိပြီ၊ မီးဝိုင်းမှန်းသိလာတော့ လွတ်ရာလွတ်ကြောင်း လမ်းကောင်းရှာမယ်၊ လွတ်လမ်းရှာလို့တွေ့တာ ငြိမ်းတာပေါ့၊ အဲဒါ နိဗ္ဗာန်တွေ့တာပဲ၊ ကဲကြိုးစားအားထုတ်ကြ။

ဒုလ္လဘဒေသနာ
တွဲ(၁)၊ စာ(၁၁၁)

# အာသဝကုန်ချင်ရင်

ဒကာ, ဒကာမတို့ အာသဝေါတရားကုန်ဖို့ရာ၊ အာသဝ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်ဖို့ရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ခန္ဓာဝဂ္ဂသံယုတ် ဝါဠိဇ္ဇူသုတ်" မှာ –

"ဇာနတော ဟောဟံ ဘိက္ခဝေ ပဿတော အာသဝါနံခယံ ဝဒါမိ။

နော အဇာနတော နော အပဿတော"။

"ဘိက္ခဝေ၊ သံသရာရေး၊ လာမည့်ဘေးကို၊ မြော်တွေးကြောက်ငြား၊ အို– ချစ်သားတို့ဇာနတော၊ ခန္ဓာငါးပါးတို့၏ဖြစ်ပျက်ကိုသိသော သူအားသာလျှင်၊ ပဿတော၊ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မြင်သောသူသာလျှင် အာသဝါနံ၊ အာသဝေါတရားတို့၏ ခယံ၊ ကုန်ခြင်းကို(ဝါ)ကုန်ရာနိဗ္ဗာန်ကို၊ လဒ္ဓေါတိ၊ ရအပ်၏ဟူ၍ ဘုရားရှင်သည် ဝဒါမိ၊ ဧကန်မြွက်တော်ဟောကြားတော်မူ၏။

အဇာနတော၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကို မသိသောသူအား၊ အာသဝါနံ၊ အာသဝေါတရားတို့၏ ခယံကုန်ခြင်းကို လဒ္ဓေါတိရအပ်၏ဟူ၍ ဘုရားရှင်သည် နောဝဒါမိ ဟောတော်မမူ"

အဲဒီလို ဟောကြားမှာထားတော်မူခဲ့ပါတယ်၊ အဲဒီတော့ သိတဲ့သူမြင်တဲ့သူဆိုရင် အာသဝကုန်မယ်၊ မသိမမြင်တဲ့သူဆိုရင်

အာသဝမကုန်ဘူးဆိုတဲ့ အချက်မှတ်ကြရမယ်၊ သိမှမြင်မှ ကုန်မယ်ဆိုတော့ ဘယ်လိုသိမှ ဘယ်လိုမြင်မှ အာသဝကုန်မှာလည်းလို့ မေးစရာရှိတော့ ခန္ဓာငါးပါး၊ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုသိမှ၊ ဖြစ်ခြင်း၊ ပျက်ခြင်းကိုမြင်မှသာ အာသဝကုန်မယ်ဆိုတဲ့ အဓိပ္ပါယ်ကို မှတ်လိုက်ကြ။

ဒါကြောင့် ဒကာ,ဒကာမတွေ မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်တစ်ခုပေါ်လာရင် ဖြစ်ပျက်ရှုရမယ်ဆိုတာ ကြိုတင်ပြီး မှတ်ထားလိုက်ကြပါ၊ ဖြစ်ပျက်တစ်လုံးကို ပိုင်ပိုင်နိုင်နိုင်ရှုနိုင်ရင် အာသဝလေးပါးလုံးအကုန်ချုပ်မယ်၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝအားလုံးပြုတ်မယ်၊ ဖြစ်ပျက်တစ်လုံးထဲကို ပိုင်ရင် ဒီလေးပါးလုံးအကုန်ချေမှုန်းနိုင်တယ်ဆိုတာ မှတ်လိုက်ကြ။

ဖြစ်ပျက်တစ်လုံးပိုင်အောင်လုပ်ဖို့ အရေးဟာ ဒကာ, ဒကာမ တို့အရေးပဲဆိုတာ ရိပ်မိကြပြီလား၊ ဖြစ်ပျက်တစ်လုံးကိုသိဖို့ဆို တော့ မခဲယဉ်းပါဘူး၊ ခန္ဓာထဲမှာ ဉာဏ်နဲ့စိုက်ကြည့်ဖို့ပဲ၊ အဲဒီလိုဉာဏ်နဲ့ကြည့်ရင် ဝေဒနာတစ်ခုခုရင်လည်း တွေ့ချင်တွေ့မယ်၊ စိတ်တစ်မျိုးမျိုးကို တွေ့ချင်လည်း တွေ့မယ်၊ ဘာ တွေတွေ့တွေ့ တွေ့တဲ့တစ်ခုခုကို အကဲခတ်ပြီး ကြည့်လိုက်ရမယ်၊ အဲဒီလိုကြည့်လိုက်တဲ့အခါ ဒီဓမ္မကလေး ဟာဖြစ်ပြီးပျက်စီး သွားတာပဲရှိတယ်။

အဲဒီလိုပေါ်လာတဲ့ ဓမ္မကလေးတွေဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့အစဉ်အတိုင်းဖြစ်ပျက်နေတာချည်းတွေမြင်ရမယ်၊ မိမိခန္ဓာမှာ ပေါ်လာတဲ့ ဓမ္မလေးတွေရဲ့ အဖြစ်နဲ့အပျက်အစုကိုတွေ့ရင် ဒီအတိုင်းသာဆုံးအောင် ဆက်လိုက်ရမယ်၊ ဖြစ်ပျက်ကို ပိုင်ဖို့ အရေးကြီးတယ်ဆိုတာ မှတ်လိုက်ကြ။

ဒုလ္လဘဒေသနာ
တွဲ(၁) စာ(၂၅၂)

## အချိန်ကောင်းရတုန်း ဝိပဿနာလုပ်ကြ

တို့ဒကာ, ဒကာမတွေကို ထူးထူးခြားခြားကြီး သတိပေးလိုက်တယ်၊ "တရားအားထုတ်ကြ၊ ဝိပဿနာရှုကြ၊ မမေ့ကြနဲ့" လို့ ထူးထူးခြားခြား သတိပေးတဲ့စကားမို့ လေးလေးစားစားလိုက်နာကြ၊ဝိပဿနာမလုပ်ခင် အသေကဦးသွားရင်ဖြင့်ချောက်ကျဖို့သာ ပြင်ထားကြလို့ပဲ ပြောလိုက်ပါတယ်၊ ချောက်မကျချင်ရင် အခုထဲက ဝိပဿနာအလုပ် လုပ်ထားကြဖို့သင့်တယ်ဆိုတာ မှတ်လိုက်ကြ။

ဝိပဿနာမလုပ်မိရင် သေခါနီးမှာ နောင်တရကြမယ်၊ အော် .. အချိန်အခါရတုန်းက တရားအားမထုတ်မိတာ မှားပါပေါ့လား၊ အလုပ်မပါလို့ သေခြင်းအဆိုးနဲ့ အခုကြုံရတော့မယ်၊ ဘယ်သား၊ ဘယ်သမီး၊ ဘယ်ပစ္စည်းမှ မကယ်နိုင်ကြတော့ပါ

လားဆိုပြီး ဝမ်းနည်းပက်လက် မျက်ရည်ကျရမယ်၊ အဲဒီအခါ သတိရလို့တော့ အပိုပါပဲ၊ ဒေါမနဿဖြစ်ပြီး ပိုလို့သာ နစ်မွန်း ဘို့ရှိ တော့တယ်ဆိုတာ ရိပ်မိကြ။

"သေခါနီးကျရင် သွားရရောက်ရမယ့် ဘုံဘဝကို မြင်ရ တယ်၊ အဲဒီသွားရမယ့်ဘဝကိုမြင်ပြီးမှသာ သေတယ်၊ သွားရာ မမြင်ဘဲ မသေဘူးဆိုတာမှတ်ထားကြ၊ အလုပ်မလုပ်သေးရင် သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သေရမှာချည်းပဲ၊ သက္ကာရအစွဲနဲ့သေ ရသူမှန်သမျှ ဒုဂ္ဂတိဘဝဆိုတာ ဒါမြေကြီးလက်ခတ်ပါပဲ။

ဒကာ,ဒကာမတွေရဲ့ကြုံရတွေ့ရမယ့်အဖြစ်ဆိုးတွေမြင်ဖို့ သိဖို့ သနားလွန်းလို့ ဘုရားကလည်းအကြိမ်ကြိမ်ဟောခဲ့တယ်" ဘုန်းကြီးတို့ကလည်း ထပ်ခါတလဲလဲနဲ့ ဟောပြနေတယ်၊ တိုက်တွန်းနေတယ်ဆိုတာ ရိပ်မိကြ။

မိမိမှာကိုယ်ခံမပါရင် ကောင်းရာသုဂတိဆိုတာ ဝေလာ ဝေးပြီဆိုရင်မမှားဘူး၊ ဘာကြောင့်လည်းဆိုတော့ သေခါနီးကဲ့ အခါ နိမိတ်ထင်ပြီးသွားရာဘဝက ဒုဂ္ဂတိဆိုရင် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ပြီးသေရမယ်၊ သုဂတိပဲဆိုပါအုံး"သေမှာသိ တာနဲ့ တပြိုင်နက်လက်ရှိခန္ဓာနဲ့သားသမီးပစ္စည်းတွေနဲ့ခွဲခွာရ တော့မယ်ဆိုတဲ့ ဒေါသလာတယ်၊ ခန္ဓာရုပ်နာမ်အမှန်မသိတော့ ဘဏှာ၊ ဥပါဒါန်နဲ့စွဲထားတာကိုး၊ ဒီအမှန်မသိတဲ့ သဘောက မောဟအဝိဇ္ဇာပဲ၊ အလုပ်မလုပ်ပဲသေရင် ဒါတွေနဲ့သေရမှာ ဒိဋ္ဌိ မကွာသေးဘဲကိုး၊ ဒီတော့ငါကိုယ်၊ ငါဟာ၊ ငါ့ဥစ္စာ၊စွဲတွေနဲ့သေ

ရရင် ဒုဂ္ဂတိက ကိုယ်အိမ်ပိုင်လို့ ဆုံးဖြတ်ချက်ချကြ၊ သဘော ပေါက်ကြပြီလား။

ဒါကြောင့် ဒကာ၊ ဒကာမတွေအခုနှယ် အချိန်ကောင်းရ တုန်း အကြောင်းညီညွတ်တုန်းမှာ ဝိပဿနာလုပ်ကြ၊ ဝိပဿနာ မလုပ်ရင် စိတ်မချရဘူး။

စုတိပြီး ပဋိသန္ဓေလာတာပဲ၊ စုတိနဲ့ ပဋိသန္ဓေအကြားမရှိ ဘူး၊ ဒါကြောင့် "အနန္တရပစ္စယောတဲ့၊ အခြားမရှိ ကျေးဇူးပြု တယ်လို့ မှတ်ရမယ်၊ လက်ဖြစ်တစ်ကွက်၊ လက်ဖြစ်တစ်ခါ တီး မှာ အကုသိုလ်ဇောတွေ ဒီလောက်များနေရင် အခြားကုသိုလ်က ကယ်နိုင်ဖို့ မမြင်ကော့ဘူး၊ ဝိပဿနာကုသိုလ် မဂ်ကုသိုလ်မှသာ ကယ်နိုင်ပေမယ် ဆိုတဲ့အချက်ကို လေးလေးနက်နက်မှတ်လိုက် ကြ။

ဝိပဿနာအလုပ်လုပ်ရင် ပဌာမပဋ္ဌဂီကမဂ်ကို ရမယ်၊ နောက်မဂ္ဂင်ရှစ်ပါးလုံးရမယ်၊ အဲဒီအခါမှာ အကုသိုလ်ကြွေးအား လုံးကြေပြီ၊ အပေါသိကံတွေ ဖြစ်ကုန်ကြရမယ်၊ ဘုရားက ရာဟုလာသားကဲ့သို့ ချစ်သနားတော်မူလို့ အမွေထားခဲ့တဲ့ ဘုရားတော်လို့မှတ်ကြ။ အားကိုးဖို့များ မကောင်းကြဘူးလား၊ ဘယ်လောက်များတဲ့ကြီးတဲ့ အကုသိုလ်ပဲဖြစ်ဖြစ် မဂ်ရရင်အား လုံးကျေနိုင်တယ်ဆိုတာ မှတ်ယူကြ၊ သဘောပါကြပြီလား။

ဒုလ္လဘဒေသနာ

အတွဲ (၂) စာ (၂၁၁)

## သမ္မာဒိဋ္ဌိသုံးမျိုး

ဒကာ, ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ဒီသုံးမျိုးကို ထပ်ပြီးရှင်းလင်းပြောပြမယ်၊ဒီသုံးခုက လိုရင်းအချက်ပဲဆိုတာ မှတ်လိုက်ကြ။

"ဝိပဿနာ သမ္မာဒိဋ္ဌိ" အမြင်က ဖြစ်ပျက်ကိုသာ မြင်တယ်၊ ခန္ဓာကို မမြင်ဘူး၊ ခန္ဓာမမြင်လို့ ဒီဉာဏ်ကခန္ဓာစွန့်တယ်ဆိုတာမှတ်ရမယ်၊ ဝိပဿနာဉာဏ်က ခန္ဓာမမြင်ဘူးဆိုတာ ရိပ်မိကြပြီလား၊ ခန္ဓာမမြင်ရင်နောက်က ပဋိစ္စသမုပ္ပါဒ်ဆက်ဦးမလား၊ မဆက်တော့ဘူး၊ မဆက်တော့နောက်က တဏှာဥပါဒါန်ကံတွေကို စွန့်တာပဲ။

ဒါကြောင့် ဒီ–ဝိပဿနာဉာဏ်ဟာ အလွန်ကျေးဇူးများတဲ့ တရားပဲဆိုတာ မှတ်လိုက်ကြ။

"မဂ်သမ္မာဒိဋ္ဌိက သူကလည်းခန္ဓာစွန့်ပြီးသားဖြစ်တယ် နိဗ္ဗာန်လည်းမြင်တယ်၊ ကိလေသာတွေကိုလည်း ပယ်စွန့်တာမို့ သူက သုံးကိစ္စဆောင်ရွက်တယ်၊ ဝိပဿနာဉာဏ်က ခန္ဓာစွန့်၊ ကိလေသာစွန့်လို့နှစ်ကိစ္စဆောင်ရွက်တယ်၊ မဂ်ဉာဏ်ကသုံးကိစ္စဆောင်ရွက် တယ်၊ ရှင်းကြပြီလား၊ ဒကာ,ဒကာမ တွေ မိမိတို့ တရားအား ထုတ်တာ ဘယ်သမ္မာဒိဋ္ဌိရောက်ပြီလဲ ဆိုတာ ကိုယ်တိုင်သိကြဖို့ ရှင်းလင်း ပြပေးနေတယ်ဆိုတာ မှတ်ကြရမယ်။

ဝိပဿနာသမ္မာဒိဋ္ဌိရောက်နေရင် ရူဋ္ဌသောတာပန်ပဲ၊ ရူဋ္ဌသောတာပန်ဆိုတော့တစ်ဘဝ၊နှစ်ဘဝလောက်ပဲအပ္ပါယ်အတွက် စိတ်ချရတယ်၊ မသေချာလှသေးဘူး၊ ဒါလောက်နဲ့တင်းတိမ်နေလို့ မဖြစ်နိုင်သေးဘူး၊ ဆိုတာ မှတ်ရမယ်၊ မဂ်သမ္မာဒိဋ္ဌိရောက်ရင် မဟာ တာပန်ပဲ၊ အဲဒီရောက်မှ လုံးဝစိတ်ချရမယ်၊ ဒါကြောင့် ဒိဋ္ဌိကိုဖြင့် မရ အရ ကြိုးစားမှပဲလို့သာဆုံးဖြတ်ချက်ချကြ။

ဝိပဿနာသမ္မာဒိဋ္ဌိက နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာကို ကောင်းကောင်းမရသေးဘူး၊ မရသေးတော့ ကိလေသာကို စွန့်ဘယ်ဆိုပေမယ့် အမြစ်နှင့်တကွ မပြတ်သေးဘူး၊ ပြတ်အောင် မစွန့်နိုင်သေးဘူး၊ မဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်ကို ဆွဲကိုင်ပြီး ကိလေသာကို ဖြတ်တဲ့အတွက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတို့ကို အမြစ်ပါဖြတ်တယ်ဆိုတာမှတ်ထားကြ။

ဖလသမ္မာဒိဋ္ဌိဆိုတာက မဂ္ဂသမ္မာဒိဋ္ဌိနောက်က ကပ်ရက်လာတာပဲ၊ မဂ်ရပြီးရင် ဖိုလ်ကိုတောင့်တဖို့မလိုဘူး၊ မဂ်က အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အတွက် ဟဒယဝတ္ထုပေါ်မှာ မဂ်ပြီးတော့ ဖိုလ်လည်း လာတယ်ဆိုတာမှတ်ကြ၊ ဒါကြောင့် ဖိုလ်သမ္မာဒိဋ္ဌိအတွက် အထူးတလည် အားထုတ်ယူဖို့ မလိုတော့ဘူး၊ မဂ်ရအောင် အားထုတ်ဖို့သာ အဓိကပဲလို့ မှတ်လိုက်ကြ။

ဝိပဿနာလမ်းဆုံးကို တစ်ကြိမ်ရောက်သွားတယ်ဆိုရင်ပဲ ပုဂ္ဂိုလ်၊ သတ္တဝါရှိသလား၊ မရှိသလားဆိုတဲ့ သံသယက လွန်

မြောက်သွားတယ်၊ ဒီဓမ္မတွေအပေါ်မှာ ယုံမှားသံသယလုံးဝမရှိတော့ဘူး အဲဒီအခါမှာ ...

တိဏ္ဏဝိစိကိစ္ဆော – ယုံမှားခြင်းကို လွန်မြောက်သည်
ဝိဂတကထံကထော – သို့လောသို့လောတွေးတောခြင်းကင်းသည်၊
ဝေသာရဇ္ဇပ္ပတော – တရားတော်၌ ရဲရင့်ခြင်းသို့ရောက်သည်၊
အပရပ္ပစ္စယော – ဘုရားသာသနာမှတစ်ပါးအားထားကိုးစားရာမရှိသည်။

ဒကာ၊ဒကာမတို့ဘုရားရှင်ရဲ့ သာဝကအစစ်အမှန် ဖြစ်သွားတဲ့သူဟာ၊ ဘယ်အခါမှ မဖောက်ပြန်တော့ဘူးဆိုတာမှတ်ရမယ်၊သူကဉာဏ်နဲ့ခန္ဓာမှာဆိုက်တဲ့အခါမှာလည်းပုဂ္ဂိုလ်သတ္တဝါဆိုစရာမဟုတ်ဘူးဆိုတဲ့ အချက်ကို အမှန်သိတယ်၊ အမှန်မြင်တယ်ဆိုတာ မှတ်လိုက်ကြ၊ သူကိုယ်တိုင်ကိုယ်ပိုင်ဒိဋ္ဌိဉာဏ်နဲ့မြင်ပြီး သိပြီးသားဖြစ်လေတော့ ဘယ်သူပြောစရာမှလည်း မလိုတော့ဘူး၊ တစ်ခြားဘာသာအယူဝါဒကိုပြောင်းဖို့ မရှိတော့ဘူး။

ခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့ စိတ်ကိုပဲကြည့်ကြည့်၊ ဝေဒနာကိုပဲကြည့်ကြည့်၊ဘာကိုပဲကြည့်ကြည့်ဖြစ်တာနဲ့ပျက်တာပဲရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါဆိုစရာလုံးဝမရှိပါလားလို့ဆုံးဖြတ်နိုင်တဲ့အမြင်ဟာ "သောတာပန်အမြင်ပဲပေါ့ဟောတော်မူတယ်"။

ဒီဉာဏ်အမြင်ရရင် တဏှာဝိစိကိစ္ဆာယုံမှားခြင်းကို လွန်မြောက်သွားပြီ၊ ဖြစ်တာနဲ့ပျက်တာပဲ ဒီအထဲမှာ သူမပါ၊ ငါမပါလို့သိပြီးတော့၊ ဝိဂတကထံတော ထွေးတောခြင်းကင်းသွားပြီးဆိုတဲ့အချက်တွေကို ပြည့်စုံသွားတော့တယ်။

ဒီလိုဖြစ်ရင် "နိယတ" ဖြစ်ပြီ၊ မကောင်းတဲ့ဌာနဘက်ကို မသွားတော့ဘူး၊ နိဗ္ဗာန်ပဲအရောက်သွားတော့တယ်ဆိုတာ မှတ်ကြတော့။

ဒုလ္လဘဒေသနာ
တွဲ (၅) စာ (၁၃၈)

## သင်္ခါရ တရား

ဒကာ၊ ဒကာမတို့ကို သင်္ခါရတရားဆိုတဲ့အချက်ကိုရှင်းပြရမယ်၊ သင်္ခါရတရားဆိုတာဘာလဲလို့ဆိုရင် "ပြုပြင်ထားတဲ့တရား" ပဲလို့ ပထမအကျဉ်းချုပ်ပြီး မှတ်ထားကြရမယ်။

ယခုလက်ရှိခန္ဓာကြီးဟာ ပြုပြင်ထားကြလို့ ဖြစ်ပေါ်နေတာ၊ ဘယ်လိုပြုပြင်ထားလဲဆိုတော့၊ မြင်တတ်အောင်၊ ကြားတတ်အောင် ပြုပြင်ထားတယ်။

ဒကာ၊ ဒကာမတွေ မျက်လုံးကလေးကမြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းကနမ်းရှူတတ်တယ်၊ လျှာကလျက်တတ်၊

စားတတ်တယ်၊ ကိုယ်ကာယတွေကတွေ့ထိတတ်တယ်၊ မနော စိတ်က ကြံစည်တတ်တယ်၊ သိတတ်တယ်၊

အဲဒါတွေဟာအတိတ်ကံကပြုထားလို့ ဖြစ်နေကြတာပဲဆို တာမှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား ဒကာတို့၊ အတိတ်ကပြုလုပ် ခဲ့တဲ့ ကံတရားကပြုပြင်ထားလို့ ဖြစ်နေကြတာ ဒီတော့ခန္ဓာမှာ တို့ပိုင်တာမပါဘူး၊ ကံသင်္ခါရက ပြုပြင်ထားတာပဲဆိုတာ မှတ် လိုက်ကြရိပ်မိကြရဲ့လား၊ ဒကာတို့အတိတ်ကပြုလုပ်ခဲ့တဲ့ ကံ တရားက ပြုပြင်ထားလို့ ဖြစ်နေကြတာ။

ဒီတော့ ဒီခန္ဓာမှာ "ဒို့ပိုင်တာမပါဘူး" လို့မှတ်ကြရမယ်၊ "ကံသင်္ခါရ"တရားက ပြုပြင်ထားလို့သာ ဖြစ်ပေါ်နေရတာပဲ၊ ဒကာ,ဒကာမတို့လုပ်လို့ဖြစ်ချင်လို့ ဖြစ်တာတစ်ခုမှ မပါဘူး၊ ကံသင်္ခါရလုပ်လို့သူပြုပြင်ပေးလို့ ဖြစ်ကြရတာ၊ မြင်လောက် အောင်အားထုတ်ပေမယ့် မြင်လောက်တဲ့ ရုပ်ကလေးပါမှသာ မြင်နိုင်တယ်၊ မပါရင် မမြင်နိုင်ပါဘူး၊ အဲတာကံကပြုပြင်လို့ပဲ။

နောက်ပြီး ဥတုက ပြုပြင်ပေးတာလည်း ရှိသေးတယ်၊ တကယ်လို့ရာသီဥတုက ကြမ်းလာမယ်၊ ဆိုးရွားလာမယ်ဆိုရင် မကြိုက်နိုင်ဘူး၊ နှလုံးမသာမယာဒေါမနဿ စသည်ဖြစ်လာ မယ်။

အဲဒီလိုဖြစ်ရတာဟာ ဥတုက ပြုပြင်လို့ဖြစ်လာတာ၊ တစ်ချို့စိတ်တွေ၊ တစ်ချို့ရုပ်တွေကလည်း ဥတုကပြုပြင်လို့ ဖြစ်

ကြရတာပဲ၊အေးတဲ့အခါမှာအေးလို့စိတ်ကတစ်မျိုး၊ ရုပ်ကလည်း တစ်မျိုးမျိုးဖြစ်လာကြရတယ်၊ ပူတော့ပူလို့၊ အိုက်တော့လည်း အိုက်လို့တစ်မျိုးဖြစ်လာကြရတာပဲ၊ သဘောပါကြပါရဲ့လား။

အာဟာရကပြုပြင်လို့လည်း ဒီခန္ဓာတွေ ဖြစ်ကြရတယ်၊ အစာအာဟာရကပြုပြင်တော့ အသားအရေတွေ စိုစိုပြေပြေဖြစ်လာတယ်၊ စိတ်ကလည်း ပြုပြင်ပေးရတာပဲ၊ စိတ်သင်္ခါရက ပြုပြင်ပေးလို့ စိတ်တွေကြည်လင်လာတယ်၊ တက်ကြွလာတယ်၊ အဲဒီတော့ ဒီခန္ဓာတစ်ခုလုံးဟာ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရှယ် ဆိုတဲ့ ဒီသင်္ခါရတွေက ပြုပြင်ပေးလို့သာ ဖြစ်နေကြတာပဲလို့ မှတ်လိုက်ကြ။

အဲဒီတော့ကို "ပြုပြင်တဲ့တရားက ကံ၊ စိတ်၊ ဥတု၊ အာဟာရ" ပြုပြင်လို့ပေါ်လာတဲ့ တရားက သင်္ခါရဒီနှစ်ခုကို ခွဲခြား ပြီးမှတ်ထားလိုက်ကြ။

ဒကာ,ဒကာမတို့ ပြုပြင်လို့ပေါ်လာတဲ့ တရားတွေက -ဘာတွေလဲလို့ဆိုပြန်တော့ ခန္ဓာငါးပါးပါပဲ၊ အဲဒါကြောင့် ခန္ဓာငါးပါးဟာသင်္ခါရခန္ဓာ ငါးပါးပဲလို့ မှတ်လိုက်ကြ။

ဒီခန္ဓာငါးပါးဟာ အကြောင်းလေးမျိုးက ပြုပြင်ပေးလို့ ပေါ်လာရတာ၊ ကြီးပွားအောင်လည်း ဒီ ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းလေးပါးက ပြုပြင်ပေးတာပဲ၊ ဆုတ်ယုတ်အောင်လည်း ဒီလေးပါးပဲ ပြုပြင်ပေးတာပဲ။

အဲဒီတော့ကို ဒကာ, ဒကာမတွေရဲ့ ခန္ဓာငါးပါးဟာ သူများပြုပြင်ထားတဲ့ခန္ဓာငါးပါး၊ သူများပြုပြင်သမျှခံရတဲ့ ခန္ဓာငါးပါး၊ ဒီထဲမှာ ကိုယ်ပိုင်တာ၊ ကိုယ်ဆိုင်တာရယ်လို့ မပါပါဘူး။

ဒီခန္ဓာငါးပါးအပေါ်မှာစီမံတဲ့အရှင်သခင်ကလေးယောက်ပဲရှိနေတယ်၊ ဒီအရှင်သခင်လေးယောက်က စီမံသမျှကို ခံယူနေရတယ်ဆိုတာ သဘောပါကြပြီလား။

ဒီခန္ဓာငါးပါးဆိုတာ ကံ ကပြုပြင်တဲ့သဘောတရားတွေ၊ စိတ်ကပြုပြင်တဲ့သဘောတရားတွေ၊ ဥတုကပြုပြင်တဲ့သဘောတရားတွေ၊ အာဟာရက ပြုပြင်စီမံထားတဲ့ သဘောတရားအစုတွေပဲ၊ သူတို့ပြုပြင်ထားတဲ့ သဘောတရားတွေ စုနေတာဟာ ခန္ဓာငါးပါးပဲ။

သင်္ခါရတရားဟာ မမြဲဘူးဆိုတာ အခုဒကာ,ဒကာမတွေ လက်တွေ့ကြည့်ပါလား၊ မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့ လက်တွေ့သိကြရမယ်၊ သင်္ခါရတရားမမြဲလို့ အခုတရားနာနေရင်းကတောင် ငြိမ်ငြိမ်မနေနိုင်ဘူး၊ ဟိုဘက်ပြောင်းရ၊ ဒီဘက်ရွှေ့ရ၊ ယားလာလို့ဖျောက်ပေးရ၊ ယားပြီးတော့လည်းပျောက်သွားပြန်တာပဲ၊ ညောင်းလာလိုက်၊ ကိုက်ခဲလာလိုက်၊ ပျောက်သွားလိုက်နဲ့ တစ်မျိုးပြီးတစ်မျိုး ပြုပြင်ပြောင်းလွဲနေတာပဲ၊ မြင်ကြပြီလား။

ယခုတထိုင်ထဲမှာကိုပဲဉာဏ်နဲ့ကြည့်ရင်ထင်ရှားပါတယ်၊ ထိုင်နေရင်းက ဇက်ကတောင့်လာ၊ ပြုပြင်ပေးလိုက်တော့ပျောက်

သွား၊နောက်ခါးဆစ်ထဲက အောင့်လာပြန် ပြုပြင်ပေးလိုက်တော့ ပျောက်သွားပြန်တာပဲ၊ ကျောထဲက ယားယံလာတော့ ဒကာတို့က ဒီယားတာလေးကို ဖျောက်ပေးလိုက်ပြန်တော့ ပျောက်သွားတာပါပဲ။

ဒီလိုနဲ့ခန္ဓာထဲမှာ အမျိုးမျိုးဖြစ်ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ အမြဲတမ်းဖြစ်ပြီး ပျက်နေတာပဲ ရှိပါတယ်။

ရုပ်ကလည်းဖောက်ပြန်၊ ဝေဒနာကလည်း ဖောက်ပြန်၊ စိတ်ကလည်းဖောက်ပြန် ပျက်စီးနေတာပဲ၊ (ဥပမာ) စိတ်ကူးကလေးတစ်ခုပေါ်လာလည်း ပေါ်ပြီးပျက်တာပဲ၊ ဘာစိတ်ပေါ်ပေါ် ပေါ်တိုင်းပျောက်လိုက်ပဲ၊ အဲဒါဟာ သင်္ခါရမမြဲတာပြနေတာပဲ။ သဘောကျပြီလား၊ ဒီသင်္ခါရတရားရုပ်နာမ်တွေဟာ အကြောင်းပြုပြင်သလို ခံနေကြတာပဲဆိုတာမှတ်ကြ။

ဒါကြောင့် ကိုယ့်အလုပ်မဂ္ဂင်အလုပ်ကို လုပ်ကြရမယ်၊ လုပ်ရင်သင်္ခါရမမြဲတာကို ခန္ဓာကပြောလိမ့်မယ်၊ ကျေနပ်ပြီလား။

ဒုလ္လဘဒေသနာ
တွဲ (၆) စာ (၁၃၇)

## "ဖြစ်ပေါ်လာတာသင်္ခါရ၊ ပျက်သွားတာအနိစ္စ"

"ခမ္မလေးတစ်ခုပေါ်လာ မရှိ၊ ဒါသိအောင်လုပ်။ သိတော့ သင်္ခါရပျက်သွားတယ်" အားထုတ်ထားတာမို့ သင်္ခါရပဲဆိုတာ မှတ်ကြ။

မြင်လို့ကြည့်၊ ကြည့်တော့မြင်စိတ်ပေါ်ရတယ်၊ အဲဒီလို မြင်စိတ်ပေါ်အောင် အားထုတ်ယူရတာမို့ "ဒီမြင်စိတ်ဟာ သင်္ခါရလေးပဲ မြင်စိတ်ပေါ်မင်္ဂနဲ့ကြည့်တော့မရှိတာသိတယ်၊ အဲဒီတော့ သင်္ခါရသည် အနိစ္စရောက်သွားရာတယ်လို့ မြင်တယ်သိတယ်၊

အဲဒီတော့ "ဝိပဿနာဉာဏ်က သင်္ခါရအနိစ္စရောက်တာကို မြင်တယ်" ပဋိစ္စသမုပ္ပါဒ်စတဲ့ဝေဒနာက္ခန္ဓာကြီး အနိစ္စရောက်တာကို ဝိပဿနာဉာဏ်ကမြင်တယ်ဆိုရင် မမှားပါဘူး၊ ဒီလိုမြင်တော့ "ဩော် ပြုပြင်လိုက် အနိစ္စရောက်လိုက်၊ ပြုပြင်လို့ ပေါ်လာလိုက်၊ အနိစ္စရောက်သွားလိုက်နဲ့ဆိုတော့ နောက်ဆုံးမှာ ဖြစ်ပျက်တင် နိဂုံးချုပ်တာပါပဲလားလို့ သိမြင်လာတော့တာပဲ"

ဝိပဿနာဉာဏ်သည် သင်္ခါရတို့၏ ဖြစ်တာပျက်တာကို မြင်တယ်ဆိုတာဟာ သင်္ခါရတို့ရဲ့ မရှိတာကို သိတာပဲလို့ မှတ်ကြ၊ ဘုရားကဖြစ်ပြီး ပျက်သွားတာရှိလို့ရှိတယ် ဟောတာပါ၊ မြင်တဲ့ သူကတော့ မရှိတာပဲတွေ့တယ်လို့သာ မှတ်လိုက်

ကြ၊ ရှင်းကြရဲ့လား "ရှုတဲ့ဉာဏ်က သင်္ခါရလေးအနိစ္စရောက်သွားတာမြင်လိုက်ရတော့ "သဗ္ဗေသင်္ခါရာအနိစ္စာ"ဆိုတဲ့ ပါဠိတော် စကားနဲ့ ကိုက်ညီမနေဘူးလား၊ "အနိစ္စဝတသင်္ခါရာဆိုတဲ့ "ပါဠိတော်နဲ့လည်း ညီညွတ်တယ်ဆိုတာ မှတ်လိုက်ကြ"။

ဝိပဿနာဉာဏ်က အနိစ္စာဝတသင်္ခါရချည်းပဲ ဆိုတာ သဘောပါကြပြီလား၊ ဒီလိုမြင်တော့ အပ္ပါယ်သွားစေတဲ့ သက္ကာယဒိဋ္ဌိပြုတ်သွားပြီ "သင်္ခါရအနိစ္စတွေချည်းမြင်နေတော့ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမမစွဲတော့ဘူး၊ မစွဲတော့ ဒိဋ္ဌိပြုတ်တာပဲ။

"ဖြစ်ပေါ်လာတာက သင်္ခါရ၊ ပျက်သွားတာက အနိစ္စ၊ ဉာဏ်နဲ့ကြည့်တော့ မရှိတာကို ဉာဏ်ကမြင်ရတယ်၊ ဉာဏ်က မြင်တော့ ပျက်သွားတာလေးဟာ အနိစ္စလေးပဲလို့ ဆုံးဖြတ်ချက်ချလိုက်တယ်၊ ဒီတော့ပျက်သွားတဲ့ အနိစ္စလေးဟာ ငါမဟုတ်ပါပဲကလားလို့ သိလာတယ်၊ ဒီလိုသိတော့ သက္ကာယဒိဋ္ဌိပြုတ်တာပဲ၊ဒါကြောင့် ပေါ်လာတာသင်္ခါရ၊ ပျက်သွားတာအနိစ္စ၊ မရှိတာကို သိအောင်ဉာဏ်နဲ့ ကြည့်ပေးကြရမယ်"

(ဥပမာ)- မြင်စိတ်ကလေးဟာ မျက်လုံးအကြည်နဲ့ အဆင်းတို့က ပြုပြင်လို့ပေါ်လာတာမို့ သူ့ကို သင်္ခါရလေးပဲလို့ မှတ်ထား၊ ဒီမြင်စိတ်ဆိုတဲ့ သင်္ခါရလေးဟာ အကြောင်းနှစ်ခုက ပြုပြင်လို့ ပေါ်လာတာပဲ၊ ဒါကြောင့်သူတို့အကြောင်းတိုက်ဆိုင်လို့ပေါ်လာတာမို့ သင်္ခါရလို့ဆိုရတယ်၊ သူ့ကို ဉာဏ်နဲ့ကြည့်

လိုက်တော့ ပျက်သွားတယ်၊ ဒီသင်္ခါရလေးအနိစ္စရောက်သွားတယ်၊ ဘာကြောင့်ဒီသင်္ခါရလေးပျက်သွားရသလဲဆိုတော့ မပိုင်လို့မဆိုင်လို့ပဲ၊ ရိပ်မိကြပြီလား။

"အကြောင်းတိုက်ဆိုင်လို့ပေါ်လာတာသင်္ခါရ၊ မပိုင်မဆိုင်လို့ပျက်သွားတာအနိစ္စ၊ ဒီလိုဉာဏ်နဲ့သိရတယ်၊ အဲဒီလိုသိတော့ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့စွဲနေတဲ့ သက္ကာယဒိဋ္ဌိပြုတ်သွားတာပဲ၊ ဒီအချက်ဟာ အလွန်ပဲအရေးကြီးတယ်၊ သင်္ခါရပျက်တာ ပမြင်ရင် ဒိဋ္ဌိမကွာဘူး" ငါစွဲ၊ ငါ့ဉစ္စာစွဲ မပျောက်ဘူး၊ ဒီအစွဲမပျောက်ဘူး၊ ဒီအစွဲမပျောက်ရင် ဒကာတို့သေရင်လိုက်မပို့နဲ့တော့၊ အပါယ်တန်းသွားမယ်ဆိုတာ မှတ်ကြတော့။

"ဘယ်စိတ်ပေါ်ပေါ်ကြည့်ပေးရမယ်၊ ပေါ်လာတာသင်္ခါရပျက်သွားတာအနိစ္စ၊ ဒါကိုဉာဏ်နဲ့မြင်ဖို့အရေးကြီးတယ်၊ ဒွါရခြောက်ခုက ပေါ်လာသမျှ ဒီအတိုင်းမြင်အောင်ကြည့်ပေးကြ၊ ကြားစိတ်ကလေးပေါ်လာလည်း ဖြစ်ပြီးပျက်သွားတာမြင်အောင်ဉာဏ်နဲ့သာကြည့်ပေးကြ၊ နှာခေါင်းကနံ့စိတ်၊ လျှာကစားသိစိတ်၊ ကိုယ်ကလည်းတွေ့သိစိတ်၊ မနောကလည်း ကြံစည်စိတ်, တွေးတောစိတ်တစ်ခုခုတော့ပေါ်မှာပဲ၊ ပေါ်ရာကို မလွတ်အောင်ကြည့်ကြ"

ပေါ်လာတဲ့ တရားက သင်္ခါရ၊ ပျက်သွား တာက အနိစ္စ၊ ဉာဏ်နဲ့ကြည့်တဲ့အခါ မရှိဟာကို သိရမယ်၊ တစ်ခုမပေါ်ရင်တစ်

ခုပေါ်မှာပဲ၊ ပေါ်ရာကို မလွတ်တမ်းကြည့်ပေး၊ လွတ်သွား တာနဲ့ တပြိုင်နက် ကိလေသာတောထတာနဲ့ တစ်ချက်ထဲပဲ ဆို တာမှတ်ကြ၊ ဒီလိုဉာဏ်နဲ့ကြည့်တော့ ဒါဟာငါမဟုတ်ဘူး၊ သင်္ခါရတရားပဲလို့သိရမယ်၊ ဒီသင်္ခါရလေးရဲ့အဖြစ်ကို သိတော့ အပျက်ကိုလည်းသိတော့တာပဲ၊ ရှုတဲ့ဉာဏ်ကနောက်ကနေ ဒီ အတိုင်း သိသိနေဖို့ပါ၊ ဒီလိုနောက်ဉာဏ်ကတွေ့တာ သိမြင်တာ ဟာ ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်ပဲလို့မှတ်လိုက်ကြ။

"ဝိပဿနာရှုတယ်ဆိုတာ သင်္ခါရတရားပျက်တယ်လို့ သိအောင်လုပ်နေရတဲ့အလုပ်ပဲဆိုတာမှတ်ကြ၊ အဆင်းကြောင့် ပေါ်လာတဲ့စိတ်၊အသံကြောင့်ပေါ်လာတဲ့စိတ်၊ အနံ့ကြောင့် ပေါ်တဲ့စိတ်၊ အချိုအချဉ်ကြောင့် ပေါ်တဲ့စိတ်၊ အတွေ့ကြောင့် ပေါ်တဲ့စိတ်၊တစ်ခုခုကြောင့် ပေါ်လာတဲ့မွေလေးဟာသင်္ခါရ လေးပဲဆို တာမှတ်၊ အကြောင်းကြောင့်ပေါ်လာတဲ့ဟာသင်္ခါရ ချည်းပဲ၊ဒီလို ပေါ်လာသမျှ သင်္ခါရဟာ အပျက်မှာချည်းလမ်း ဆုံးတယ်၊ ပေါ် လာသမျှပျက်တာချည်းပဲလို့ မှတ်ကြတော့။

ဒါကြောင့် " သဗ္ဗေသင်္ခါရာ၊ ဒကာတို့သန္တာန်ပေါ်လာကြ တဲ့ သင်္ခါရဟူသမျှတွေသည် အနိစ္စာ၊ အပျက်ချည်းမှာသာ လမ်း ဆုံးကြရပေကုန်၏လို့ ဘုရားဟောတော်မူတာပဲဆိုတာ ဆုံးဖြတ် ချက်ချကြ၊ ဒီအခါ ဒကာတို့က "ယဒါပညာယပဿတိ" ဖြင့် အောင်လုပ်ကြရမယ်တဲ့၊ "ယဒါ= သင်္ခါရတရားက အပျက် ချည်းသာပြနေသည့် အကြင်အခါ၌ ပညာယ= ဝိပဿနာရှု

ဉာဏ်ဖြင့် ပဿတိ=ရှုမြင်ရ၏" သူ့သဘာဝအမှန်ကိုမြင်အောင် ကြည့်ပေး ကြရမယ့်တဲ့"

ဝိပဿနာဖြစ်ပျက်ကိုကြိုးစားရှုကြ၊ ဖြစ်တာပျက်တာမြင် အောင်ကြည့်၊ ဖြစ်ပြီးမရှိဘူးဆိုတာမြင်ရင်တော်ပြီ၊ ရှေ့ဆက်ပြီး ကြိုးစားသာရှုကြတော့။

ဒုလ္လဘဒေသနာ
တွဲ (၅) စာ (၁၁၀)

## နိဗ္ဗာန်လိုချင်အလုပ်–နှစ်လုပ်ပဲလုပ်ပါ

ယခုဘဝ၌ ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကြီးရောက်ချင်ပါ တယ်ဆိုလို့ရှိရင်ဖြင့် များများအလုပ်မလုပ်ရပါဘူးတဲ့၊အကြောင်း နှစ်ခုလုပ်လိုက်လို့ရှိရင်ပြီးပါတယ်လို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟာ အင်္ဂုတ္တိုရ်ပါဠိတော်မှာလည်း တစ်ခါဟောတယ်.. (မှန်ပါ) မဇ္ဈိမနိကာယ်ဖြစ်တဲ့ ပဏ္ဏာသပါဠိတော်မှာလည်း တစ်ခါ ဟောတယ် .. (မှန်ပါဘုရား)

ပြီးတော့မှရှင်မဟာကစ္စည်းက တစ်ခါပေဋကောပဒေသ မှာလည်း တစ်ခါဟောတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ဘယ်လိုဟောခဲ့ပါလိမ့်မလဲ ..လို့မေးတဲ့အခါကျတော့၊ မိစ္ဆာဒိဋ္ဌိကသမ္မာဒိဋ္ဌိဖြစ်အောင်အချက်နှစ်ချက်ပဲရှိတယ် .. တဲ့

နံပါတ် (၁)အချက်ကဘာတုံး .. ဆိုလို့ရှိရင်ဖြင့် ဒကာ, ဒကာမတို့သစ္စာနဲ့ပတ်သက်တဲ့တရားနာရမယ် (မှန်ပါ့ဘုရား)။

နံပါတ် (၂)အချက်က ကိုယ် ကိုယ်တိုင်နှလုံးသွင်းလိုက်တဲ့အခါ ဒါသစ္စာပဲလို့ နှလုံးသွင်းတည့်သွားလို့ရှိရင် သောတာပန်တည်တာပဲ .. (မှန်ပါ့ဘုရား)

(၁) အချက်က သစ္စာနဲ့ပတ်သက်တဲ့တရားနာဖို့ဗျ၊ (၂) အချက်ကကိုယ်–ကိုယ်တိုင်နှလုံးသွင်းလိုက်တဲ့အခါ ဒီသစ္စာတွေ့ဖို့ .. (မှန်ပါ့ဘုရား)

သစ္စာတရားဟောတတ်တဲ့ဆီကိုနာလိုက် .. (မှန်ပါ့) ပြီးတော့မှ ကိုယ့်ခန္ဓာထဲမှာ သစ္စာဟောထားတာက ကိုယ့်ခန္ဓာ၊ ကိုယ်ကနှလုံးသွင်းလိုက်တဲ့အခါ ခန္ဓာထဲမှာ သစ္စာတွေ့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပြီ သာဝက ဖြစ်ပါတယ် .. (မှန်ပါဘုရား)

အင်္ဂုတ္တိုရ်မှာ တစ်ချက်ဟောတယ်၊ ပဋ္ဌာသပါဠိတော်မှာ တစ်ချက်ဟောတယ်၊ တပည့်ဖြစ်တဲ့ရှင်မဟာကစ္စည်းက တစ်ခါဟောတယ် .. (မှန်ပါ့) သုံးခါဟောတယ်ဆိုတော့ ဒကာ,ဒကာမတို့ လုံလောက်ပြီလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့ဘုရား)

သစ္စာတရားနာလိုက်တော့ ဪ .. ' ခန္ဓာထဲမှာ ဘယ်ဟာက ဘာသစ္စာဆိုတာ ကိုယ့်ဉာဏ်နဲ့သိတယ် .. (မှန်ပါ့) နောက်ပြီး ကိုယ်တိုင်စေတနာသဒ္ဒါတရား ထက်သန်ပြီး၊ ခန္ဓာ

လှည့်ပြီး ဉာဏ်နဲ့ကြည့်လိုက်တော့၊ ဪ .. ဒါဒုက္ခသစ္စာတွေပဲ (မှန်ပါ) ဒီလိုတွေ့တဲ့တစ်နေ့မှာတဲ့နာထားတဲ့အတွေ့နဲ့ ကိုက်လို့ရှိရင်ဖြင့် သောတာပန်တည်တာပဲ.. (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့သောတာပန်တည်ရင် ပထမနိဗ္ဗာန်တော့ရောက်တော့မယ် .. (မှန်ပါဘုရား) ဒါဖြင့် ပထမနိဗ္ဗာန်ရောက်ဖို့အရေးဟာက ဘယ့်နဲ့ရေးပါလိမ့်မတုံး (နှစ်ရေးပါ ဘုရား)

နားက (သစ္စာတရားနာရပါမယ်) ဉာဏ်က..(ခန္ဓာလှည့်ရပါမယ်ဘုရား)။နားကလည်သစ္စာတရားနာပါပြီ၊ ဉာဏ်ကခန္ဓာလှည့်လိုက်လို့နှစ်ချက်ညီသွားလို့ရှိရင်ဖြင့် သာပကာပါရမီဉာဏ် ဒီအထဲတွင် ပြီးနိုင်ပါတယ် .. (ပြီးနိုင်ပါတယ်ဘုရား)။

ဘုရားက သာဝက ပါရမီဉာဏ်မှာ သစ္စာတရားနာပြီး နှလုံးသွင်းလိုက်လို့ သစ္စာတွေ့လို့ရှိရင် သောတာပန်တည်ပါကယ်ဆိုတော့ အပါယ်လေးပါး သွားမည့် တရားတွေအကုန်ပျောက်တယ်... (မှန်ပါ) တွေးနေစရာ လိုသေးသလား.... (မလိုပါဘုရား)

ကောင်းပြီ ဒါဖြင့် သစ္စာတရား ဂရုစိုက်ကြ.... (မှန်ပါ) သစ္စာတရားဟောတော့မယ်ဆိုတော့ ဒကာ, ဒကာမတို့ သစ္စာအရေးအကြီးဆုံး (မှန်ပါ)

မိုး (၁၈)ခါ (၁၀၃)

## "နှလုံးသွင်းတည့်ရမယ်"

ဒကာ၊ ဒကာမတို့ ဝိပဿနာ အလုပ်ကလုပ်ရင် မခက်ဘူး၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးဖို့ပဲလိုတယ်။ စိတ်ကလေးတစ်ခုပေါ်လာရင် ဉာဏ်နဲ့ကြည့်၊ ဖြစ်ပြီး ပျက်သွားတာပဲမြင်မယ်၊ ... ်တက်လာလာဆက်သာ ကြည့်အမြင်များသလောက်ဉာဏ် ထက်လာမယ်၊ ကြပ်ကြပ်ကြည့်လေဉာဏ်ထက်လေနိဗ္ဗာန်နဲ့ နီးလေ ပဲ ဆိုတာမှတ်ကြ။

"ပေါ်လာတဲ့ ဓမ္မအပေါ်မှာ နှလုံးသွင်းတည့်ဖို့ဟာ အရေးကြီးဆုံးပဲလို့ မှတ်လိုက်ကြ" ဒကာ၊ ဒကာမတို့ ပေါ်တာကိုနှလုံးသွင်း တည့်ဖို့ အရေးကြီးတယ်။

"(ဥပမာ)ဝေဒနာလေးပေါ်လာတယ်၊ပျက်မည့်တရားမို့ပျက်သွားတယ်၊ဒီလိုသိရင်နှလုံးသွင်းတည့်တာပဲ၊စိတ်ကလေးတစ်ခုပေါ်လာ ပျက်မည့်တရားပဲ၊ ဟော ... ပျက်သွားပြီလို့သိလိုက်ရမယ်"

အဲဒီလိုသိရင် နှလုံးသွင်းတည့်တာပဲ၊ဘာလာလာဓမ္မကပြတာနဲ့ နှလုံးသွင်းနဲ့ တည့်စေရမယ်၊ ဓမ္မက ဖြစ်ပျက်ပြရင်ဖြစ်ပျက်ကိုပဲသိရမယ်၊ရှင်းကြရဲ့လား"ရှေ့ကနှလုံးသွင်းတည့်ရင် နောက်က ဝိပဿနာဖြစ်တာပဲလို့မှတ်ကြဲ"

ဒါကြောင့် "အင်္ဂုတ္တုရ်ပါဠိတော်" ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူတဲ့အချက်က "ယောနိသောမနသိကာရော ဘိက္ခဝေ ဥပ္ပန္နာအကုသလာ ဓမ္မာပဟီယန္တိ" တဲ့။

ယောနိသောမနသိကာရဖြစ်ရင် အကုသိုလ်ဟူသမျှ ပယ်စွန့်ပြီးသား ဖြစ်တယ်လို့ဆိုရင်းဖြစ်တယ်၊ဒါကြောင့်ယောနိသောမနသိကာရ နှလုံးသွင်း မှန်ကန်ဖို့ အချက်ဟာအလွန်ရေးကြီးပါကလားလို့ ဆုံးဖြတ်ချက်ချကြ။

ဘုရားရှင် ရှေ့လက်ထက်တော်အခါက သူဖုန်းစား သုပ္ပဗုဒ္ဓဟာ ဘုရားတရားတော်ကို တော်ရာကချောင်းမြောင်းပြီး နာယူလို့သောတာပန်တည်သွားတယ်၊ သူကချောင်းပြီး နားယူတာဖြစ်ပေမဲ့၊ ခန္ဓာအရှိနဲ့ နှလုံးသွင်းနဲ့တည့်လို့ကိုက်ညီလို့သာ သောတာပန်တည်တာပဲ ဆိုတာမှတ်လိုက်ကြ။

"သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာအနတ္တာ" ဖြစ်ပေါ်လာသမျှ တရားအားလုံးဟာ အနိစ္စပဲ၊ တရားအလုံးစုံးဟာ အနတ္တာပဲ၊ ဓမ္မပေါ်ပြီးဓမ္မပျက်တာပဲရှိတယ်၊ ဓမ္မပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်သွားတာကို ဉာဏ်နဲ့မြင်ရမယ်" ဓမ္မပေါ်တယ်လို့ သိရင် ယောနိသောမနသိကာရ ဖြစ်တာပဲ" ဓမ္မပျက်သွားတာကို သိရင် ဝိပဿနာနောက်က လိုက်တာပါပဲ။

"ဒကာ, ဒကာမတို့ရေ့က ယောနိသောမနသိကာရ ဖြစ်မှသာ နောက်က ဝိပဿနာ ဖြစ်နိုင်တယ် မှတ်ထားကြ။

သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်က မဂ္ဂင်နဲ့ ဓမ္မလေးတွေကို မြင်နေတယ်၊ ဒီလို ဓမ္မလေးတွေ မြင်ရာက ဖြစ်ပျက်ရုပ်ပြီး နိရောဓသစ္စာဘက် ကူးသွားတယ်၊ သောတာပန်ပုဂ္ဂိုလ်က ရှုနေရင်းက ဒုက္ခသစ္စာချုပ်ပြီး နိရောဓသစ္စာပေါ်တာပဲ၊ ဝိပဿနာနောက်က ဖိုလ်ဇောတွေ အများကြီးလာတယ်၊ အဲဒီအခါမှာ မဂ်ဇောလုံးဝမပါဘူး၊ အဲဒီကျတော့ "နိဗ္ဗာန် ဖလဿနိဗ္ဗာန် ဖလဿအရမ္မဏ ပစ္စယေန ပစ္စယော" ချည်းပဲ နိဗ္ဗာန်အရေအတွက် မရှိအောင် တွေ့ရတယ်ဆိုတာ မှတ်ကြ။

ဒုလ္လဘဒေသနာ
တွဲ(၅) ဧ(၁၄၆)

## သစ္စာသိအောင်လုပ်ကြပါ

ဒကာ, ဒကာမတို့ သတ္တဝါတွေဟာ ဘာကြောင့်သံသရာဝဋ်ဒုက္ခက မလွတ်နိုင်ကြသလဲ။ ဘာကြောင့် သံသရာရှည်ရသလဲ၊ အမှန်တရားလေးခု၊ သစ္စာလေးပါးကို မသိကြလို့ သံသရာရှည်တယ်လို့ မှတ်ကြ။

ဘုရားဖြစ်တော်မူလာတာဟာ သတ္တဝါတွေကို သစ္စာတရား ဟောပြဖို့ ပွင့်လာရတာပဲလို့ ဟောတော်မူတယ်။

ဘုရားက သစ္စာ မသိခင်က သံသရာ တလျှောက်မှာ ပုံစံ

အမျိုးမျိုး၊ အဖြစ်အမျိုးမျိုးနဲ့ ကျင်လည်ခဲ့ရပြီ၊ သင်တို့တစ်တွေလည်း ဒီအတိုင်းပဲ အဖြစ်အမျိုးမျိုး၊ ပုံစံကလည်း အမျိုးမျိုး အထွေထွေနဲ့ ကျင်လည်ခဲ့ကြရတာပဲ။

အခုအခါမှာ ဘုရားရှင်ဟာ အမှန်တရား သစ္စာလေးပါး သိမြင်ပြီး၊ ဘုရားဖြစ်တော်မူခဲ့တယ်၊ ဒီအချိန်မှာ သံသရာဒုက္ခ အမျိုးမျိုးတွေက ကျွတ်လွတ်ခွင့်ရပြီ၊ သံသရာဇာတ်သိမ်းခဲ့ပြီ၊ ဒါကြောင့် သင်တို့ သတ္တဝါတွေရဲ့ သံသရာ ဒုက္ခမြင်လို့ သိလို့ ဒီဒုက္ခကလွတ်မြောက်နိုင်အောင် သစ္စာတရား ဟောပြဖို့ ဘုရား ပွင့် လာတာပဲလို့ ဟောတော်မူတယ်။

ဒီတော့သံသရာ ဒုက္ခက လွတ်ချင်ရင် သံသရာတိုချင်ရင် သစ္စာသိဖို့လိုတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်ကြပြီ၊ သစ္စာသိအောင် ဘာလုပ်ရမလဲ၊ မေးစရာရှိတယ်၊ ဝိပဿနာ အလုပ်လုပ်ရမည် လို့မှတ်လိုက်ကြ။

ဒါကြောင့် ဒကာ, ဒကာမတွေ သစ္စာသိချင်ရင် ဝိပဿနာ ရှုရမယ်၊ ဝိပဿနာမရှုရင် မသိနိုင်ဘူး၊ ဝိပဿနာရှုမှသာ သစ္စာသိနိုင်မှာ၊ မရှုရင် ပြောသံကြား သစ္စာပဲသိရမယ်ဆိုတာ မှတ်ကြ။

ဝိပဿနာရှုမှသာ သစ္စာကို အဟုတ်သိဖြစ်မယ်၊ အဲဒီလို သိမှသာ သမုဒယသေမှာ သမုဒယသေအောင် သိတဲ့အသိမှ သစ္စာအစစ်ပဲလို့ ဆုံးဖြတ်ချက်ချကြ။

တစ်ဆင့်ကြား အနုသာ၀အသိမျိုး၊ စာသိမျိုးမဟုတ်ဘူး၊ မဂ်ဉာဏ်နဲ့ ထိုးထွင်းပြီး သိတဲ့အသိမျိုးသာ လိုတယ်လို့ မှတ်လိုက်ကြ။

သစ္စာသိရမယ်ဆိုတော့ သစ္စာကို တစ်ခြားမှာ သွားသိဖို့ မဟုတ်ဘူး၊ သစ္စာက မိမိခန္ဓာထဲမှာ သိအောင်ရှိတယ်၊ ခန္ဓာထဲမှာရှိတဲ့ ရုပ်ကလေးနာမ်ကလေးတွေကို မြင်အောင်သိအောင် ကြည့်ရမှာပဲ။

"ခန္ဓာမှာ ရုပ်နာမ်ကလေး တစ်ခုခုပေါ်လာရင်ဘယ်လို ဖြစ်သလဲလို့ ဉာဏ်နဲ့အကဲခတ်ကြည့်ရင် ပေါ်လာတဲ့ရုပ်နာမ်ကလေး ဟာ ဖြစ်ပြီး ပျက်သွားတာကို တွေ့ရမြင်ရမယ်၊ အဲဒီလိုဉာဏ်နဲ့ ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်ရတွေ့ရမှသစ္စာ သိတာပဲလို့ မှတ် လိုက်ကြ"

ဒုလ္လဒေသနာ
တွဲ (၄) စာ (၃၉)

## ခန္ဓာအရှိနဲ့ဉာဏ်အသိနဲ့တိုက်ပါ

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျှော်စွာကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ။

ရှေးဦးစွာ သူတော်ကောင်းဆည်းကပ်ပါ... (မှန်ပါ့)၊ ပြီး

တော့မှသစ္စာနဲ့ ပတ်သက်တဲ့ တရားကိုနာလိုက်ပါဦး...(မှန်ပါ့) နာပြီး သကာလ လျော်စွာကျင့် ဆိုတာကလည်း သစ္စာတရား ဖြစ်ရမယ်၊ မြင်တာကလည်း သစ္စာလို့ မြင်ရမယ် (မှန်ပါ့)

သစ္စာတရားဆိုတာ ခန္ဓာကိုယ်ထဲကလည်း ဒုက္ခ သစ္စာ တွေ ရှိတယ် (မှန်ပါ့) ကိုယ့်အမြင်ကလည်း ဒုက္ခသစ္စာနဲ့ အမြင်ကိုက်သွားလို့ ရှိရင်ဖြင့် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်တွေ့ရမယ်... (မှန်ပါ့ဘုရား)

ဘုရားက မာဂဏ္ဍီပရိဗိုဇ်ကို မျက်စိနှစ်ကွင်းအလင်းရချင် လို့ နိဗ္ဗာန်မြင်ချင်လို့ ရှိရင်ဖြင့် ဒီသုံးချက်ညီအောင် လုပ်ပါတဲ့ ဆိုတာသေသေချာချာ ဟောထားပါတယ်... (မှန်ပါ့ဘုရား)

ဒကာ, ဒကာမတို့ မျက်စိနှစ်ကွင်းဆိုတဲ့ သမ္မာဒိဋ္ဌိ မျက် လုံးအလင်းရချင်ရင် ဘယ်နှစ်ချက်ပါလိမ့်...(သုံးချက်ပါဘုရား)

သူတော်ကောင်း ဆည်းကပ်တယ်ဆိုတာလည်း အခု ဆည်းကပ်နေကြတာ အထင်အရှား ဖြစ်နေသောကြောင့် သူ့ အတွက်လည်းလုံလောက်ပြီအောက်မေ့တာပေါ့(မှန်လှပါဘုရား)

မြတ်တရားနာဆိုတာ ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာတရားကို လည်း နာရပါပြီ...(မှန်ပါ့) ဒါဖြင့် နှစ်ချက်ကတော့ဖြင့် ပြည့်စုံ ပြီ ... (ပြည့်စုံပါပြီဘုရား)

လျော်စွာကျင့်ဆိုတာ ကလေးတချက်ဟာ ဒကာ,ဒကာမ တွေမှာ ယခု ခန္ဓာငါးပါး ရှိတယ်နော်... ရုပ်, ဝေဒနာ, သညာ,

သင်္ခါရ, ဝိညာဏ်ပါပဲ ... (မှန်လှပါဘုရား)

အဲဒီအရှိကို ကြည့်လိုက်တော့ ရုပ်ကဒါ ဖောက်ပြန်ပျက်စီးတာ...(မှန်ပါ့) ဝေဒနာကြည့်လိုက်ပြန်တော့လည်း တော်တော်ကြာ ဒုက္ခ၊ တော်တော်ကြာသုခ၊ တော်တော်ကြာ ဥပေက္ခာနဲ့ သူတို့ ဖောက်ပြန်ပျက်စီးနေတာပဲ... (မှန်ပါ့)

သညာကြည့်လိုက်ပြန်တော့လည်း တော်တော်ကြာ အဖြူမှတ်တဲ့သညာ၊ တော်တော်ကြာ အဝါမှတ်တဲ့သညာ၊ တော်တော်ကြာကျတော့ သားမှတ်တဲ့သညာ၊ သမီးမှတ်တဲ့သညာနဲ့ သညာတွေပြောင်းလိုက်, ပျက်လိုက်ပဲ... (မှန်ပါ့)

စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာကြည့်လိုက်ပြန်တော့လည်း ဒကာတို့ရေ၊ တစ်ခါတစ်လေ စေတနာကလေးက ထက်လာလိုက်၊ နုံ့လာလိုက်နဲ့ (မှန်ပါ့) တခါဘလေစေတနာကလေးက ပျက်သွားတယ်၊ (မှန်ပါ့) ဒါဖြင့် သင်္ခါရက္ခန္ဓာကလည်း ဖြစ်ပျက်ပဲ (ဖြစ်ပျက်ပါဘုရား) သဘောကျပြီလား .. (ကျပါပြီဘုရား)။

ဝိညာဏက္ခန္ဓာ(စိတ်)ဆိုတာ တစ်ခါတလေ မြင်စိတ်ပေါ်လိုက်၊ တစ်ခါတလေကြားစိတ်ပေါ်လိုက်၊ အင်း .. မြင်စိတ်ပျက်ပြီး ကြားစိတ်ပေါ်ချင်ပေါ်လိုက် .. (မှန်ပါ့) တော်တော်ကြာစားစိတ်ပေါ်ချင်ပေါ်လိုက်၊ တော်တော်ကြာကြံစိတ်ပေါ်ချင်ပေါ်လိုက်ကြံတဲ့အထဲမှာလည်း အမျိုးမျိုးပြောင်းတယ် .. (မှန်ပါ့)

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာရှိတာကတော့ ဒကာ, ဒကာမတို့ မမြဲတဲ့အနိစ္စပဲ (မှန်ပါ့) မရှိဘူးလား၊ (ရှိပါတယ်ဘုရား)

ဒကာ,ဒကာမတို့အနိစ္စရှိလို့အနိစ္စရယ်လို့ ဒကာ,ဒကာမ တွေကသိသွားလို့ရှိရင်လျော်ပါပြီ (မှန်ပါ့) အနိစ္စအရှိနဲ့ အနိစ္စ အသိကိုက်ရင် လျော်စွာကျင့်ဆိုတာဒါပဲ .. (မှန်ပါ့)

ဒကာ, ဒကာမတို့ အရှိနဲ့အသိကိုက်ရင် (လျော်စွာ အ ကျင့်ပါဘုရား) အရှိက ခန္ဓာငါးပါးမှာ ဘာရှိသတုံး .. (အနိစ္စ ရှိပါတယ်)

အသိကယောကျ်ား,မိန်းမ မဖြစ်ပဲနဲ့၊ ကျန်းမာချမ်းသာမ ဖြစ်ပဲနဲ့ သြော် .. အနိစ္စရှိလို့ဉာဏ်က ရှုလိုက်တဲ့အခါ အနိစ္စ သိလို့ရှိရင် လျော်စွာကျင့်ဖြစ်ပြီး (မှန်ပါ့)အရှိနဲ့အသိကိုက်ရင် လျှော်ပါပြီ...(မှန်ပါ့)

ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရမယ် .. (ကိုက်ပါ့မယ် ဘုရား) ဒါကလေးဟာဖြင့် နိဗ္ဗာန်မရမချင်း ဒီစကားဟာ ဒီဟာ ကလေးဟာ ပျောက်ဖျက်ပြစ်လို့ မဖြစ်ဘူး .. (မှန်ပါ) နိဗ္ဗာန် ရောက်ချင်တဲ့ပုဂ္ဂိုလ်ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရမယ် .. (မှန် ပါ့ )

ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်လို့ရှိရင်ဖြင့် ဓမ္မာနုဓမ္မာပဋိ ပတ္တိဖြစ်ပါတယ် .. (မှန်ပါ့) ခန္ဓာအရှိနဲ့ဉာဏ်အသိကိုက်လို့ရှိ ရင်ဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပါကယ် .. (မှန်ပါ့)

ဒါဖြင့် .. သူတော်ဆည်းကပ်၊ မြတ်တရားနာဟာလွယ်သကိုး (မှန်ပါ) ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ဘို့ရာက(ခက်ပါတယ်ဘုရား)ကိုက်လည်းကိုက်ရောတစ်ခါတည်း မျက်စိလင်းတာပဲ .. (မှန်ပါ) ဉာဏ်မျက်စိ လင်းလာတယ် .. (မှန်ပါ) အဝိဇ္ဇာမဖုံးနိုင်တော့ဘူး .. (မှန်ပါ)

ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်တဲ့အချိန်မှသာလျှင်ကျုပ်တို့ အဝိဇ္ဇာမျက်လုံးဆိုတဲ့ အကန်းကြီးဟာ ဝိဇ္ဇာဖြစ်ပြီး သကာလလာတော့ဘယ်ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ)

အဝိဇ္ဇာက ဘာဖြစ်လာသတုံး .. (ဝိဇ္ဇာဖြစ်ပါတယ်) ဒါကြောင့် "ဝိဇ္ဇာဥဒပါဒိ" ကျတော့မှဘုရားက အဲဒီကျမှ "အာလောကော ဥဒပါဒိ" ဟာ .. လင်းပြီတဲ့ .. (မှန်ပါ) မသိဘူးလား .. (ဆိုပါတယ်ဘုရား)

" အာလောကောဥဒပါဒိ "ဆိုတာ အလင်းရသွားပြီ .. ကောဏ္ဍညအလင်းရသွားပြီဆိုတာ ဒီပါဠိတော်က ကောဏ္ဍည သိကလာတာ (မှန်ပါ)

မိုး (၁၉) စာ (၇၃)

# သစ္စာ၄ချက်ပေါ်လျှက်ပေါ်လျှက်

"ဒကာ, ဒကာမတို့သစ္စာကို တခြားမှာ သွားရှာရမှာ မဟုတ်ဘူး၊ ကိုယ့်ခန္ဓာထဲမှာပဲရှာရမှာ"

"ဉပမာထမင်းဆာလာတယ်ဆိုကြပါစို့၊ ဆာလာတာဟာ သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) အေး .. ဆာလာတာဒုက္ခ ပေါ့၊ ဒုက္ခသစ္စာပြတာ (မှန်ပါ့) ရုပ်ပါ ညှိုးလာတယ် (မှန်ပါ့)

အဲဒီဆာတာကို "ဒုက္ခသစ္စာပဲ" လို့နောက်ကနေ ဉာဏ် လိုက်ပေး (မှန်ပါ) ဉာဏ်နဲ့သိလိုက်ပါ (မှန်ပါဘုရား) အဲဒီတော့ ဆာတာကဒုက္ခသစ္စာ၊ ဆာလောင်တဲ့သဘောကို (ဆာလောင်လို့ ဒုက္ခရောက်တဲ့သဘောကို) ပြောတာနော် (မှန်ပါ) ဒုက္ခသစ္စာပဲ လို့ သိတာက မဂ္ဂသစ္စာ (မှန်ပါဘုရား)

ဆာတာက ဘာတဲ့ (ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂ သစ္စာပါဘုရား) အေး အဲဒီလို ဆာလောင်မွတ်သိပ်တော့ "ကျွေး ဦးမှပဲဆိုတဲ့ ခန္ဓာကို ခင်တဲ့ သမုဒယ သစ္စာလာတယ် (မှန်ပါ့) အဲဒါလဲသိအောင် လုပ်ရမယ် (မှန်ပါ့ဘုရား)

"ငါ့မှာ သမုဒယသစ္စာ လာနေပြီ"လို့သိပေး၊မဂ်ကသိပေး (မှန်ပါ) သမုဒယကသစ္စာ၊ သိတာကဘာလဲ (မဂ်ပါဘုရား)

အေး .. အဲလိုသိနေတဲ့ အခိုက်အတန့် အချိန်ကလေးမှာ

ဆာလောင်မွတ်သိပ်တဲ့စိတ်ရှိသလား (မရှိတော့ပါဘုရား) နာမ်တရားတို့ မည်သည် တစ်ချိန်တည်းမှာ ၂–ခု ပြိုင် ဖြစ်ရိုး မရှိကြဘူး၊ တစ်ခုစီဖြစ်ကြရတာ (မှန်ပါ)

ဒါကြောင့် သိတဲ့နာမ်တရားပေါ်တဲ့အခိုက်မှာ ဆာလောင်တဲ့စိတ်ကလေး ပျောက်ကွယ်ပေးရတာ (မှန်ပါ့) ဟာအဲဒီပျောက်ကွယ်တာလေးက ဘာပါလိမ့် (နိရောဓပါဘုရား) အေး .. ဟုတ်တယ်၊ နိရောဓသစ္စာပေါ့ (မှန်ပါ့)

အဲဒီနိရောဓသစ္စာကိုလည်းသိပေးရမှာပဲ (မှန်ပါ့ဘုရား)၊ ချုပ်ပျောက်သွားတာက နိရောဓသစ္စာ၊ သိတာက (မဂ္ဂသစ္စာပါဘုရား)

အေး .. ဒကာဟို့တွေ ဣရိယာပုတ်တစ်ခုပေါ်တိုင်း ပေါ်တိုင်း သိနေမယ်ဆိုလို့ရှိရင် သစ္စာ ၄–ချက်ဖြစ်နေတော့တာပဲ (မှန်ပါဘုရား)

မိုး (၁၀) စာ (၃၅၂)

## သစ္စာရယ် – သိတာရယ် – ၂မျိုးကွဲပါစေ

နောက်တစ်ခေါက်ပြန်ပြောဦးမယ် (မှန်ပါ) ခန္ဓာထဲ အမူအရာပြောင်းတိုင်းသိပေး၊ အမူအရာပြောင်းတာက ဒုက္ခသစ္စာ၊ သိတာက ဘာလဲ (မဂ္ဂသစ္စာပါဘုရား)

လောဘတဏှာပေါ်တိုင်းလဲသိပေးပါ၊ လောဘတဏှာက သမုဒယသစ္စာ၊ သိတာက (မဂ္ဂသစ္စာပါဘုရား) ဒီလိုဆိုတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပေါ်တိုင်းသိပေးလို့ ဆိုရာရောက်တော့တာပေါ့ (မှန်ပါ)

ပြီးတော့ဒုက္ခချုပ်သွားတာနိရောဓ၊သမုဒယချုပ်တာလည်း နိရောဓပဲ၊ သူတို့(၂)ခု ချုပ်သွားတာဟာ နိရောဓသစ္စာပဲ(မှန်ပါ) အဲဒါကိုလည်းသိပေး (မှန်ပါဘုရား)

နိရောဓက နိရောဓသစ္စာ၊ သိပေးတာက (မဂ္ဂသစ္စာပါ ဘုရား) ဒီတော့ သစ္စာ၄-ချက်မစုံသေးဘူးလား၊ (စုံပါပြီဘုရား) အဲဒီလိုသိသိနေတာက ဘာတွေကိုသိနေရတာလဲ (သစ္စာတွေကို ပါဘုရား)

မိုး(၁၀) စာ (၃၅၄)

## နိဗ္ဗာန်ရောက်တဲ့အမြင်မျိုးဆိုတာ

အဲဒီရုပ်နဲ့နာမ် ၂ ခုကိုဉာဏ်တစ်ခုနဲ့ကြည့်ရမယ်(မှန်ပါ) အဲဒီလိုကြည့်တဲ့အခါမှာ ရုပ်နဲ့နာမ်ကပြောပါလိမ့်မယ် (မှန်ပါ) ကြမ်းကြမ်းတမ်းတမ်းပြောမလား၊ သိမ်သိမ်မွေ့မွေ့ပြောမလား ဆိုတာ ယနေ့ဝေဖန်ရမယ် (မှန်ပါဘုရား)

ရုပ်ကိုအတုံးအခဲကြီးမြင်နေသေးလို့ရှိရင်အဲဒါသည် ကြမ်းကြမ်းတမ်းတမ်းမြင်တာ (မှန်ပါ) အဲဒီအမြင်မျိုးဂ

နိဗ္ဗာန်ရောက်တဲ့အမြင်မျိုးမဟုတ်သေးဘူး (မှန်ပါဘုရား) သဘောကျရဲ့လား (ကျပါတယ်ဘုရား)

ရုပ်အတိုင်းအတုံးအခဲကြီး .. အစိုင်အခဲကြီးမြင်နေသေးလို့ရှိရင် နိဗ္ဗာန်ရောက်တဲ့အမြင်မျိုး မဟုတ်သေးဘူး (မှန်ပါဘုရား)

ဒါဖြင့်နိဗ္ဗာန်ရောက်တဲ့အမြင်မျိုးဆိုတာ ဘယ်လိုဟာလဲ၊ အေး .. ပျက်ပျက်သွားတာကလေးတွေ၊ ပျောက်ပျောက်သွားတာ ကလေးတွေမြင်ရမှာ (မှန်ပါ) အဲဒီလိုအမြင်မျိုးမှ နိဗ္ဗာန်ကို ရောက်နိုင်တာ (မှန်ပါဘုရား)

ရုပ်ကိုကြည့်ရင်လည်းပေါ့ပြီး ပျောက်သွားတာကလေးတွေကို မြင်အောင်ကြည့်ရမှာ (မှန်ပါ) နာမ်တရားတွေကို ကြည့်ရင်လဲပေါ့ပြီး ပျောက်သွားတာကလေးကိုမြင်အောင်ကြည့်ရမှာ (မှန်ပါ)အဲဒီလိုသိမ်မွေ့တဲ့ဖြစ်မှုပျက်မှုကလေးတွေကို မြင်အောင်ကြည့်ရမှာ (မှန်ပါ)

ဘုန်းကြီးကသိမ်မွေ့ခိုင်းတာမဟုတ်ဘူးနော်၊သူ့သဘောကကို သိမ့်မွေ့နေတာ (မှန်ပါဘုရား)

မိုး (၂၉) စာ (၅၀၃)

## ဉာဏ်နဲ့မြင်တဲ့အမြင်မျိုးဖြစ်ပါစေ

ဘယ်လိုသိမ်မွေ့သလဲဆိုတော့ ရုပ်ကလေးတစ်ခု၊ ပူတဲ့ ရုပ်ကလေးဆိုပါတော့၊ အခုနင်က ဒီနေရာပူတယ်၊ အခုမရှိတော့ဘူး၊ အေးတဲ့ရုပ်ကလေးလည်း အခုနင်က ဒီနေရာအေးတယ်၊ အခုမရှိတော့ဘူး၊ (မှန်ပါဘုရား)

အဲဒီအတိုင်းပဲ အခုနင်က ဒီနေရာစိတ်ကလေးပေါ်တယ်၊ အခုမရှိတော့ဘူး၊ အခုနင်က ကောင်းတဲ့စိတ်ကလေးပေါ်တယ်၊ အခုမရှိတော့ဘူး၊ အခုနင်ကဆိုးတဲ့စိတ်ကလေးပေါ်တယ်၊ အခု မရှိတော့ဘူး၊ (မှန်ပါဘုရား)

ရုပ်နာမ်အပေါ်အဲဒီလိုမြင်မှသာ နိဗ္ဗာန်ကိုမြင်နိုင်တဲ့အမြင် လို့မှတ်ပါ (မှန်ပါ) အဲဒီလို "အခုမရှိတော့ဘူး၊ အခုမရှိတော့ ဘူး" ဆိုတာကလေးတွေက သိမ်မွေ့နေတော့ ဉာဏ်မှပဲ ထိုး ဖောက်သိနိုင်တယ် (မှန်ပါ) ဘာလို့တုံးဆိုတော့ သိမ်မွေ့နေတာ ကို (မှန်ပါ)

အဲဒီသိမ်မွေ့တဲ့တရား ၂-ခုကို ထိုးဖောက်သိနိုင်စွမ်းရှိတဲ့ ဉာဏ်တစ်ခုနဲ့သာလျှင် ကြည့်လို့မြင်နိုင်မယ် (မှန်ပါဘုရား)

မျက်လုံးနဲ့မြင်သလိုမြင်မယ်၊ နားနဲ့ကြားသလိုကြားမယ်၊ နှာခေါင်းနဲ့ ရှုလို့ ရှိုက်လို့ ပြောသလို ဒီလိုမဟုတ်ဘူးနော် (မှန်ပါ ဘုရား)အဲဒီအမြင်မျိုးက နိဗ္ဗာန်မရောက်နိုင်ဘူး၊ ဉာဏ်နဲ့မြင်တဲ့

အမြင်မျိုးမှ နိဗ္ဗာန်ရောက်နိုင်တယ်။ (မှန်ပါဘုရား)

## ဒီဉာဏ်ရရင် ဒီဘဝကိစ္စပြီးစီးနိုင်တယ်

ဒီတော့ ရုပ်ကပြုပြန်လည်း သိမ်သိမ်မွေ့မွေ့နဲ့ ပေါ်ပြီး ပျောက်ပျောက်ပြမယ်(မှန်ပါ) နာမ်ကပြုပြန်လည်း သိမ်သိမ်မွေ့ မွေ့နဲ့ပေါ်ပြီး ပျောက်ပျောက်ပြမယ် (မှန်ပါ) အဲဒီလို သိမ်မွေ့ နေတော့ ဉာဏ်နဲ့ကြည့်မှပဲ ဒီဥစ္စာပေါ်ပြီးပျောက်သွားတယ်ဆို တာ သိမှာပဲ (မှန်ပါဘုရား)

ရုပ်မှာလည်း ပေါ်ပြီးပျက်၊ နာမ်မှာလည်းပေါ်ပြီးပျက် "ပေါ်ပြီးပျက်"ဆိုတာ ဖြစ်ပြီး ပျက်ပါပဲ၊ ဖြစ်ပျက်ပါပဲ (မှန်ပါ) အဲဒီဖြစ်ပျက်ကလေးတွေက သိမ်မွေ့တယ်၊ အဲဒီသိမ်မွေ့တာက လေးတွေကို မှန်အောင် ပစ်နိုင်ဖို့ဉာဏ်အရေးကြီးတယ် (မှန်ပါ ဘုရား)

ဩော် .. ဒါဖြင့်ရုပ်၏ဖြစ်ပျက်မှုကလည်း သိမ်မွေ့ပါက လား၊ နာမ်၏ဖြစ်ပျက်မှုကလည်း သိမ်မွေ့ပါကလား ဉာဏ်နဲ့ သာမြင်နိုင်တဲ့အရာတွေပဲ (မှန်ပါဘုရား)

ဒီပြင်မျက်လုံးနဲ့၊ နားနဲ့၊ နှာခေါင်းနဲ့၊ လျှာနဲ့၊ ကိုယ်နဲ့ ကြည့်လို့ဖြင့် မမြင်နိုင်ပေဘူး၊ ဦးခင်မောင်တို့ရ ..(မှန်ပါဘုရား) ထိုးထွင်းသိနိုင်တဲ့ ဉာဏ်ကလေးနဲ့ကြည့်မှပဲ မြင်နိုင်တယ်(မှန်ပါ

ဘုရား)

အဲဒီလိုမြင်လာပြီဆိုရင်ဖြင့် ဒကာ, ဒကာမတို့ အမြင်မှန် ရပေါ့ (မှန်ပါ့) ယထာဘူတဉာဏ်ရပေါ့လို့ ဆုံးဖြတ်ချက်ချ (မှန်ပါဘုရား) သိမ်မွေ့တဲ့ ဖြစ်ပျက်ကလေးတွေကို မြင်လာလို့ရှိရင်ဖြင့် ယထာဘူတဉာဏ်အမြင်မှန်ရပေါ့လို့ ဆုံးဖြတ်ချက်ချ (မှန်ပါဘုရား)

အမြင်မှန်ဆိုတာကို ပါဠိလိုသုံးနှုန်းတော့ ယထာဘူတဉာဏ်(မှန်ပါ)သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့မြင်တာ (မှန်ပါဘုရား)

ဒီအမြင်မှန်ရအောင် မဂ္ဂင်ဘယ်နှစ်ပါးပေါင်းရသလဲ၊(ငါးပါးပေါင်းရပါတယ်ဘုရား) အေး .. ဒီဉာဏ်ရရင် ဒကာ,ဒကာမတွေ .. ဒီဘဝမှာပင် ကိစ္စပြီးနိုင်တဲ့ ပုဂ္ဂိုလ်လို့မှတ်ပါ (မှန်ပါဘုရား)

## သောတာပန်အမြန်တည်တဲ့နည်းဟာ စိတ္တာနုပဿနာသတိပဋ္ဌာန်

ဒကာ,ဒကာမတို့ ဝိပဿနာအလုပ်လုပ်မှ အေးကွက်ရကြမှာပဲ၊ ဒီအလုပ်လုပ်ပြီးရင် အအေးအမြတ်ဆုံးဖြစ်တဲ့ ဒုက္ခချုပ်ရာ "နိဗ္ဗာန်" ကို ရမယ်ဆိုတာမှတ်ကြ၊ ငါသေရင် ဘယ်သွားရအုံးမလည်းဆိုတာ စဉ်းစားစရာမလိုတော့ဘူး၊ ဘယ်ရောက်မှာပါလိမ့်မတုံးလို့ မတွေးနဲ့တော့၊ အခုပြောတဲ့စကားဟာ ဒကာတို့ကိုယ်တိုင်ရတော့ ကိုယ်တိုင်ဆုံးဖြတ်နိုင်ကြပါလိမ့်မယ်၊ ဘယ်သူကမှ ပြောစရာမလိုဘူး။

၁။ ယထာဘူတဉာဏ်

၂။ နိဗ္ဗိန္ဒဉာဏ်၊ ဒီနှစ်ဉာဏ်က ဝိပဿနာဉာဏ်

၃။ သုံးနံပါတ်က မဂ်ဉာဏ်ပဲ၊ အေးကွက်ရဘို့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်ဘို့ ဒီဉာဏ်သုံးဆင့်နဲ့ တက်ရမှာ ခန္ဓာ ငါးပါးထဲက တစ်ပါးပါးမှာ ဖြစ်ပျက်နေတဲ့ သဘောကို ကျကျနန မြင်အောင် ပထမကြည့် ဒုတိယ ခန္ဓာ ဖြစ်ပျက်ကိုပဲမုန်းလာ အောင်ကြည့်၊ မုန်းလာတော့ တစ်ချက်ချက်မှာ ဆုံးသွားပါရော၊ အဲဒီဆုံးသွား ဒါဟာ မဂ်ဉာဏ်ဝင်လာဒါပဲ။

ကြည့်တဲ့အခါမှာ အစဉ်အတိုင်းကြည့်ရမှာ၊ ယထာဘူတဉာဏ်မရသေးဘဲ မရင့်သေးဘဲ နိဗ္ဗိန္ဒဉာဏ် ကူးလို့မရဘူး၊ နိဗ္ဗိန္ဒ

ဉာဏ်မရသေးဘဲနဲ့လည်း မဂ်ဉာဏ်မကူးနိုင်ဘူးဆိုတာ တထစ်ချ မှတ်ထားကြ၊ ဒီလိုသဘောမှန်၊ လမ်းမှန်အတိုင်းလုပ်သွားရင် ခုနစ်ရက်နဲ့တောင် ရနိုင်ပါတယ်၊ ရမှရပါ့မလားဆိုဟဲ့ ဝိစိကိစ္ဆာ ဘယ်တော့မှ မလာစေနဲ့၊ ကိုယ့်အညွန့်ကိုယ်သံသယရှိပြီး မချိုးလိုက်ကြမိနဲ့။

သတိပဋ္ဌာန် ပါဠိတော်မှာ ဘုရားရှင်ဟောထားတာ ထင်ရှားရှိပါတယ်။

ယောတိ ကောစိ ဘိက္ခုဝေ ဣမေစတ္တာရော သတိပဋ္ဌာန
ဓေဝံဘာဝေယျ သတ္တာဟံ တ သဒ္ဓိန္န ဖလာနံ အညတရံ
ဖလံပါဋိကင်္ခ ဒိဋ္ဌေဝ ဓမ္မေအညာ

လူဖြစ်ဖြစ် ၊ ရဟန်းဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် “ဒီသတိပဋ္ဌာန်လေးပါးကို ကျကျနနပွားရင် အခုမျက်မှောက်တွင်ပဲ ခုနစ်ရက်နဲ့ အရဟတ္တဖိုလ်ကိုရနိုင်တယ်”လို့ ဆိုလိုရင်းဖြစ်တယ်။

ဘုန်းကြီးကတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပိုပြီးအားရတယ်၊ ဒါကြောင့်လည်း စိတ္တာနုပဿနာကို အဓိကထားပြီး ဟောပြနေတာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ သက္ကာယဒိဋ္ဌိသဘောဟာ စိတ်မှာသာဖြစ်လေ့ရှိတယ်၊ ဒီတော့ ပထမဆုံး သက္ကာယ ဒိဋ္ဌိကို ပါယ်သတ်နိုင်ဘို့ရာ စိတ်ကိုရှုရမှာပဲ၊ ဒို့ဒကာတွေ သောတာပန်အမြန်တည်ချင်ရင် စိတ္တာနုပဿနာကို

ရှုကြရမယ်၊ သောတာပန်အမြန်တည်နိုင်တဲ့နည်းဟာ စိတ္တာနုပဿနာပဲလို့ မှတ်ကြ။

ဒီစကားဟာလည်း ကိုယ့်သဘောချည်း ပြောနေတာ မဟုတ်ဘူး၊ ပေဋကော ပဒေသပါဠိတော်နှင့် သမ္မောအဋ္ဌကထာမှာ ဒီအတိုင်း ဟောထားတာရှိတယ်လို့မှတ်ကြ၊ ဒီတော့ "သောတာပန်အမြန်တည်တဲ့နည်းဟာ စိတ္တာနုပဿနာပဲ" လို့ အရှင်ကစ္စာယနကလည်း ဟောတယ်၊ ဘုန်းကြီးကလဲ ဟောတယ်လို့ မှတ်ကြ။

ဒုလ္လဘဒေသနာ
တွဲ (၁)၊ စာ (၁၆၀)

## သက္ကာယဒိဋ္ဌိကွာချင်ရင်

သက္ကာယဒိဋ္ဌိကွာချင်လို့ရှိရင်ဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်၊ (မှန်ပါ့) သက္ကာယဒိဋ္ဌိဆိုတာ အပါယ်ငရဲမျိုးစေ့လို့ မှတ်ထားပါ... (မှန်ပါ့)။

ဘုန်းကြီးပြောတဲ့ ပဋိစ္စသမုပ္ပါဒ်တရားဟာဒကာ,ဒကာမတွေ သန္တာန်မှာ ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းစေတဲ့တရားလို့ မှတ်ပါ၊ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ အသိဉာဏ်တွေက သိပြီးတော့မှ

ဝိပဿနာနဲ့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကြောင်းကိုလည်း ဖြစ်ပျက်မြင်အောင်ရှုပါ... (မှန်ပါ့)။

ထိုကဲ့သို့ ရှုလို့အဖြစ်အပျက်မြင်လို့ အဖြစ်အပျက်မုန်းခဲ့သော် အဖြစ်အပျက်ဆုံးသည့်တိုင်အောင် ရောက်ခဲ့သော် သက္ကာယဒိဋ္ဌိပြုတ်ပြီလို့မှတ် ... (မှန်ပါ့)။

အဲဒီဒိဋ္ဌိပြုတ်ပြီးတဲ့ ဝိပဿနာသည် ... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား) မပြုတ်ပဲနဲ့ လုပ်နေလို့ရှိရင် ဝိပဿနာလုပ်စေကာမူ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရဘူး... (မှန်ပါ့)။

ဒကာ,ဒကာမတို့ ဒီဟာက ခင်ဗျားတို့ ဝတ်ချင်တဲ့အထည်အလိပ်ကအဝတ်စကလေးလို့မှတ်လိုက်တာပေါ့ (မှန်ပါ့) ဒီအထည်နဲ့ ကိုယ်နဲ့ထိတာက ဖဿ ... (မှန်ပါ့) အထည်နဲ့ ကိုယ်နဲ့ထိတာက (ဖဿပါဘုရား)။

ဩော်... ဒါဖဿကို ဖဿလို့ပဲမှတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး... (မှန်ပါ့) ဖဿကို (ဖဿလို့မှတ်ပါ) ပုဂ္ဂိုလ်သတ္တဝါ (မဟုတ်ပါဘူး)။

ဒါကို သေသေချာချာမှတ်ထားတော့မှ ဩော်... ဒါပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းတဲ့ သဘောပါလား၊ ငါ–ငါ့ဥစ္စာလို့ဆို စရာမရှိပါလားဆိုတော့မှ အသိနဲ့ပြုတ်တဲ့သက္ကာယဒိဋ္ဌိ ... (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိကသုံးမျိုးရှိတယ်၊ အသိနဲ့ပြုတ်ခြင်း၊ အပွားနဲ့ပြုတ်ခြင်း၊ အပယ်နဲ့ပြုတ်ခြင်း (မှန်ပါ့) သက္ကာယဒိဋ္ဌိ အပြုတ်ဘယ်နှစ်မျိုးရှိပါလိမ့် (သုံးမျိုးပါဘုရား)။

သုံးမျိုးရှိတယ်ဆိုတာ မှတ်ထားတော့မှ ကြော် ... ဒါက အသိနဲ့ပြုတ်အောင် ဆရာကပြနေတာ အလယ်ပိုင်းလောက်ကျတော့ အပွားနဲ့ပြုတ်အောင် ပြလိမ့်မယ်...(မှန်ပါ့) နောက်ဆုံးပိုင်းကျတော့ အပယ်နဲ့ပြုတ်အောင် ပြတော့မှ ဒကာ,ဒကာမတို့ ဝမ်းထဲရှိသည့် ငရဲမျိုးစေ့ဒိဋ္ဌာနုသယဆိုတဲ့ ဒိဋ္ဌိသည် ဒကာ, ဒကာမတို့ သန္တာန်၌ရှင်းလင်းသွားမှသာလျှင် ပထမ သောတာပန် အဖြစ်သို့ရောက်ပြီးသကာလ အပါယ်လေးပါးနဲ့ အိုးစားကွဲရတော့မယ်လို့ အောက်မေ့ပါ... (မှန်ပါ့)။

ဒီအတိုင်း ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက ရိုးရာအတိုင်းသာနေပြီး ကိုယ့်သန္တာန်ပေါ်တဲ့ ဖဿဖြစ်တာကိုလည်း ဖဿဖြစ်တယ်လို့မသိ... (မှန်ပါ့) ထိုကဲ့သို့ မသိတဲ့အခါကျလို့ ရှိရင် ဝေဒနာဖြစ်တာကိုလည်း သူသိတော့မှာ မဟုတ်တော့ဘူး (မှန်ပါ့ဘုရား)။

မသိတော့ ဒီပုဂ္ဂိုလ်ဟာ ငါနဲ့အထည်နဲ့တွေ့တယ်၊ ဒီအထည်ကလေး ငါ့စိတ်ထဲတွေ့လိုက်တာ ဒီအထည်ကလေး ဝတ် ရတာ ငါကောင်းလိုက်တာဆိုတော့ တွေ့တာလည်းငါ၊ ဝတ်တာ လည်းကောင်းလို့ ဝတ်တယ်ဆိုတော့ ငါကောင်းလို့

ဝတ်တာပဲ ဆိုလို့ရှိရင်ဖြင့် ဝေဒနာကို ငါစွဲ စွဲနေတယ်... (မှန်ပါ့)။

ဩော် ...ဒါ အထည် ကလေးနဲ့ ကိုယ်နဲ့ ထိမှုကလေး ဟာ ဖဿပါလားလို့ ဒကာ,ဒကာမတွေကဝတ်တိုင်း ဝတ်တိုင်း အောက်မေ့ပါ... (မှန်ပါ့ဘုရား)။

ဝတ်ရတာကောင်းလိုက်တာလို့ဆိုလို့ရှိရင် ဘယ်သူဆို ကြပါမတုံး (ဝေဒနာပါဘုရား) အင်း... ဝေဒနာက ခံစားမှု ကောင်းတာ၊ ပုဂ္ဂိုလ်သတ္တဝါမပါ-ပါဘူး (မှန်ပါ့) ဒီလိုသိတော့ မှ သက္ကာယဒိဋ္ဌိသည် အသိနဲ့ပြုတ်ပါတယ် (မှန်ပါ့)။

ဝတ်လို့ကောင်းလိုက်တာဒီအထည်ကလေးသည်ဆိုတော့ ဘာပါလိမ့်... (ဝေဒနာပါ) ကောင်းလို့လည်း ကျုပ်ကြိုက် တာပဲဆိုတော့ ဘာပါလိမ့်... (တဏှာပါ) ဒါပဲ တဏှာကို တဏှာလို့ပဲသိ... (မှန်ပါ့) ငါမရောစေနဲ့... (မှန်ပါ့ဘုရား)။

ငါကြိုက်တယ်, ငါနှစ်သက်တယ်ဆိုတဲ့ အပြောတော့ ရောချင်ရော၊ သဘောမရောစေနဲ့... (မှန်ပါ့) ရှင်းပြီးနော်... (ရှင်းပါပြီဘုရား)။

ကောင်းလို့ကြိုက်တယ်၊ ကြိုက်လို့ပဲ ပိုမိုနှစ်သက်တယ် ဆိုတော့ ဘာဖြစ်ပြန်ပါလိမ့်၊ (ဥပါဒါန်ပါဘုရား) ဥပါဒါန်ဖြစ် တယ်ဆိုတာ ဒကာ,ဒကာမတို့ အထည်ကလေးဝတ်လိုက်တာ

အခု တစ်,နှစ်,သုံး,လေး၊ ခင်ဗျားတို့လေးခုသာ ဓမ္မပေါ်ပြီ... (မှန်ပါဘုရား)။

(တစ်) ချုပ်ပြီး နှစ်ပေါ်တယ်နော် ... (မှန်ပါ) (နှစ်) ချုပ်ပြီးတော့ (သုံး) ပေါ်ပါတယ် သုံးချုပ်ပြီးတော့ ... (လေး ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီအထည်ကလေး ငါအလွန်နှစ်သက် တယ်ဆိုလို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိပါနေတယ်၊ (ပါနေပါတယ်) ဒါတွေ နားမလည်ပဲနဲ့ ဝိပဿနာရှုနေလို့ရှိရင် အကျိုးမများတဲ့ ဝိပဿနာလို့မှတ်လိုက်ပါ (မှန်ပါ) သူ့အနိစ္စရှုနေတာ အကျိုး မများတဲ့ အနိစ္စပဲ... (မှန်ပါဘုရား)။

ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ တစ်ခု၊ တစ်ခု ပေါ်တာမှ မသိပဲနဲ့ ရှုတော့အကျိုးမများတဲ့ အနိစ္စသာဖြစ်တယ်၊ ဉာဏ်အမြင် အနိစ္စမဖြစ်ပါဘူး... (မှန်ပါဘုရား)။

ဖဿပေါ်ရင် ဖဿသိဘို့ အရေးကြီးတယ်၊ ဝေဒနာ ပေါ်ရင် (ဝေဒနာသိဘို့ အရေးကြီးတယ်) တဏှာပေါ်ရင် (တဏှာသိဘို့ အရေးကြီးပါတယ်) ...ရှင်းပြီးနော်...(ရှင်းပါပြီ) ဥပါဒါန်ပေါ်ရင် (ဥပါဒါန်သိဘို့ အရေးကြီးပါတယ်ဘုရား)။

အဲဒီတော့ ဒါတွေဟာ စဉ်းစားလိုက်တဲ့အခါကျတော့မှ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် ... (မှန်ပါ) ခင်ဗျားတို့က နှလုံးမသွင်း

လည်း သူက ဒီအတိုင်း ဖြစ်တာပဲ (မှန်ပါ) ခင်ဗျားတို့က နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဒိဋ္ဌိကွာသွားတာပဲ...(မှန်ပါ)။

"ယောနိသောမနသိကာရ" နှလုံးသွင်းမှုအရေးကြီးတယ်ဆိုတာဖြင့် သေချာပြီ (သေချာပါပြီဘုရား) နှလုံးသွင်းတည့်တော့ ဒိဋ္ဌိကွာတယ်... (မှန်ပါ) နှလုံးသွင်းမတည့်တော့ (ဒိဋ္ဌိ မကွာပါဘုရား)။

အဲဒါကြောင့် အသိဉာဏ်ရှေ့ထားမှ အလုပ်က နောက်ကမှန်ပါတယ် (မှန်ပါ) အသိဉာဏ်ရှေ့မထားပဲနဲ့ အလုပ်က ရှေ့ထားနေမယ်ဆိုရင်ဖြင့် ဒီအလုပ်သည် အားလုံးဒကာတို့ မှတ်ကြပါအလွဲနဲ့အချော်ချည်းမှတ် (မှန်လှပါဘုရား)

အဲဒီ သက္ကာယဒိဋ္ဌိကို ဘယ်သူက ဖြုတ်ပြစ်ပါလိမ့်မတုံးမေးတော့ ပထမပေါ်တာ ပေါ်မှန်းသိတာက "သိပြုတ်" (မှန်ပါဘုရား)။

နောက်ကျတော့ သူကလေးရှုလိုက်တယ်...၊ ပေါ်တဲ့ဖဿ၊ ပေါ်တဲ့ဝေဒနာလေးကိုဖြစ်ပြီး ပျက်တာပဲ... အနိစ္စသဘောကလေးပဲလို့ ဉာဏ်က ရှုလိုက်ပြန်တော့ ဒါ "ပွားပြုတ်" လို့မှတ်ပါ... (မှန်ပါ) သဘောကျပြီလား ... (ကျပါပြီဘုရား)။

ဉာဏ်နဲ့ရှုလိုက်တော့(ပွားပြုတ်ပါ)ပထမတုန်းကတန်း

ပြတုန်းကတော့ သိပြတ်... (မှန်ပါ)နောက်တစ်ခု တစ်ခု ဖြစ်ပျက်မြင်အောင်ရှုတော့ (ပွားပြတ်ပါဘုရား)။ သေသေချာချာ မှတ်ပါ ဒကာ,ဒကာမတို့ ဘုရားတစ်ဆူတစ်ဆူမှ တစ်ခါပေါ်ပြီး သကာလ သက္ကာယတစ်ခါ ပြုတ်နိုင်တာပါ (မှန်ပါ)။

## ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိုခွါကြဦး

ဒီ( ၂ )ခုက (အာရုံနဲ့ဒွါရက) ရုပ်တရားတွေဆိုတော့ ရူပက္ခန္ဓာ (မှန်ပါ) ဒီ၄ခုကတော့ နာမ်တရားတွေမို့နာမက္ခန္ဓာ (မှန်ပါဘုရား)။

အာရုံနဲ့ဒွါရ ၂ ခုကအကြောင်း၊နာမက္ခန္ဓာ၄ပါး၊ ၄ ခု ကတော့ အကျိုး(မှန်ပါ)အကြောင်း၂မျိုးကပဋိစ္စသမုပ္ပါဒ်(မှန်ပါ) အကျိုး၄မျိုးကတော့ ပဋိစ္စသမုပ္ပန္န (မှန်ပါ)။

ဒီလိုဆိုတော့ ခန္ဓာငါးပါးဟာ အကြောင်းနဲ့အကျိုးပဲရှိ တယ်(မှန်ပါ)အကြောင်းအကျိုးပဲရှိတယ် (မှန်ပါ)ဒီအထဲငါမပါ ဘူး၊သူမပါဘူး၊ယောက်ျား၊မိန်းမမပါဘူး၊ပုဂ္ဂိုလ်သတ္တဝါမပါဘူး (မှန်ပါ)ပါရဲ့လား (မပါပါဘုရား)။

ဟောဒီအကြောင်း၂ပါး၊ဟောဒီအကျိုး၄ပါး၊ဒါပဲပါတယ် (မှန်ပါ)ဒီလိုဆိုရင်ဒီအထဲဒိဋ္ဌိဝင်နိုင်သေးသလား (မဝင်နိုင်ပါ)

ဒါကရုပ်တရားဖြင့်ရုပ်တရား၊ ငါဝင်မရှုပ်နဲ့(မှန်ပါ) ဒါက နာမ်တရားဖြင့်နာမ်တရား၊ ငါဝင်မရှုပ်နဲ့(မှန်ပါဘုရား) ဒါဆိုဒိဋ္ဌိ

သေပြီ (မှန်ပါ)။

"ဘယ်ဖန်ဆင်းရှင်ကမှလာပြီး ဖန်ဆင်းတာမဟုတ်ဘူး၊ အကြောင်းကြောင့်အကျိုးဖြစ်တယ် လို့သိရင်ဝိစိကိစ္ဆာစင်တယ် (မှန်ပါ့)

ဒါက ကံက ပေးတဲ့ စက္ခုပသာဒရုပ်၊မျက်စိ၊အကြည့် (မှန်ပါ)ဒါကဥတုကဖြစ်စေတဲ့အဆင်းရုပ်၊ အထည်အလိပ်တွေ (မှန်ပါ) ဒီကံနဲ့ဥတုပေါင်းလိုက်လို့သူတို့ကြောင့်ပဲ ဒီနာမ ကွန္ဓာ ၄ ပါးပေါ်လာရတယ် (မှန်ပါ)။

ဒီ၂ခုကအကြောင်း၊ဒီ၄ခုကအကျိုး (မှန်ပါ)"အကြောင်း ကြောင့်အကျိုးဖြစ်တယ်"လို့သိတော့ဝိစိကိစ္ဆာသေ(မှန်ပါ) "ဒါ ဟာ ရုပ်နဲ့နာမ်ပဲရှိတယ်" လို့သိတော့ဒိဋ္ဌိလဲသေတယ် (မှန်ပါ ဘုရား)ဒါဖြင့်ဒိဋ္ဌိနဲ့ဝိစိကစ္ဆာကွာနေပြီ (ကွာနေပါပြီဘုရား)။

ဒါပေမဲ့ ဒီမှာ"သိကွာပဲ" ရှိပါသေးတယ်၊(မှန်ပါ)ကွာပုံ ကွာနည်းက သိကွာ၊ ကျင့်ကွာ၊ ပယ်ကွာလို့ကျင့် ၃ မျိုးရှိတယ် (မှန်ပါ့) အခုသိကွာပဲရှိသေးတယ်(မှန်ပါ)။

နောက်တော့ကျင့်ကွာ၊ကျင့်လို့ကွာသွားတာ၊(မှန်ပါ)အဲဒီ နောက်"မလာနဲ့"ဆိုတဲ့အနေမျိုးအာဏာနဲ့ပယ်ကွာရှိသေးတယ် အားလုံး၃မျိုး (မှန်ပါဘုရား)

မိုး (၁) စာ (၃၃)

## ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကိုအသိနှင့်အရင်ဖြုတ်ပါ

သက္ကာယဒိဋ္ဌိပြုတ်ချင်ရင်ပဋိစ္စသမုပ္ပါဒ်သိမှသစ္စာသိမယ် (မှန်ပါ့)သစ္စာသိမှသံသရာပြတ်မယ်၊ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောခဲ့တယ်။

ဝိပဿနာအလုပ်ကိုလုပ်တော့မယ်ဆိုတော့သစ္စာဆိုက်အောင်လုပ်ရတဲ့အလုပ်ဖြစ်နေတော့သစ္စာမသိခင်ရှေးဦးစွာသက္ကာယဒိဋ္ဌိပြုတ်ရမယ်...(မှန်ပါ့)။

သက္ကာယဒိဋ္ဌိကဘယ်ပေါ်မှာစွဲမြဲကပ်ပြီးသကာလနေပါလိမ့်မတုံး ဆိုတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်မှာစွဲမြဲကပ်နေတယ်။ (မှန်ပါ့)။

ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်မှာ စွဲပြီးသကာလ သက္ကာယဒိဋ္ဌိက ကပ်တော့ ပဋိစ္စသမုပ္ပါဒ်သိလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း သက္ကာယဒိဋ္ဌိကပြုတ်ပါတယ်။

အဲဒီ သက္ကာယဒိဋ္ဌိ ပြုတ်တော့မှပဋိစ္စသမုပ္ပါဒ်ဟာဘာသစ္စာတွေလဲလို့တပ်ပြုကြီးကြည့်လိုက်တဲ့အခါကျမှ "ဝေမေတသသ ကေဝလဿဒုက္ခက္ခန္ဓဿ"ဆိုတဲ့ဒုက္ခအစုကြီးဆိုတဲ့ သစ္စာပေါ်လာတယ်...(မှန်ပါ့)။

အဲဒီဒုက္ခအစုကြီးသစ္စာပေါ်လာတော့မှနောက် ဒုက္ခသစ္စာကြီးဒုက္ခခန္ဓာကြီးလာရင်ဖြင့်မတော်တော့ပါလားဆိုတဲ့ဉာဏ်ပေါ်

ပေါက်လာတယ် (မှန်ပါ)။

ဒါကြောင့် ရှေးဦးစွာ သက္ကာယဒိဋ္ဌိ ခွာရမယ်..(မှန်ပါ့)ခွာချင်ရင်ဘာသိအောင်လုပ်ရမယ်...(ပဋိစ္စသမုပ္ပါဒ်သိအောင်လုပ်ရပါမယ်ဘုရား)။

ခန္ဓာပဋိစ္စသမုပ္ပါဒ်သိအောင်လုပ်ရမယ် (မှန်ပါ့)ခန္ဓာပဋိစ္စသမုပ္ပါဒ်သိမှ သာလျှင်သစ္စာကိုသိမယ်...(မှန်ပါ့)သစ္စာသိမှသာလျှင်သံသရာ၏ဒုက္ခတွေကိုမလိုချင်,မရချင်တဲ့မဂ်ဉာဏ်ပေါ်မယ် (မှန်ပါ့)။

ဒကာ,ဒကာမတွေကအနိစ္စတွေမြင်တယ်၊ ဒုက္ခတွေ့ မြင်တယ်၊ အနတ္တတွေမြင်တယ်၊ ဆိုငြားသော်လည်း သက္ကာယကိုဒကာ,ဒကာမတွေဉာဏ်ထဲမှာလည်း သုတမယဉာဏ် နဲ့မပြုတ်သေးလို့ရှိရင် ဝိပဿနာအားထုတ်ငြားသော်လည်း သက္ကာယဒိဋ္ဌိအပင်းခံလိုမင်္ဂ,ဖိုလ်မဆိုက်နိုင်ဘူး။

"သန္တောကာယောသက္ကာယော"ဆိုတဲ့ အတိုင်းသန္တော=ပရမတ္ထအားဖြင့်ထင်ရှားရှိတဲ့၊ ကာယော=ကိုယ်၊ သက္ကာယော=ပရမတ္ထ အားဖြင့်ထင်ရှားရှိတဲ့ကိုယ်၊သက္ကာယေဒိဋ္ဌိသက္ကာယဒိဋ္ဌိ၊ ဒီပရမတ္ထအားဖြင့်ထင်ရှားရှိတာကို ငါ့ငါ့ဥစ္စာထင်နေတယ်... (မှန်ပါ့)။

ပရမတ္ထအားဖြင့် ခန္ဓာထဲပေါ်တာကျေ့ကတော့ပရမတ်တွေ

ပေါ့ဗျာ... (မှန်လှပါ) အဲဒါငါ.ငါ့ဥစ္စာထင်ရင်သက္ကာယ ဒိဋ္ဌိပဲ၊ အဲဒီသက္ကာယဒိဋ္ဌိလို့ မှတ်လိုက်ပါ...(မှန်ပါ့)။ ပဋိစ္စသမုပ္ပါဒ် ပေါ်နေတာကို အကြောင်းနဲ့ အကျိုးနဲ့ဆက်နေတာကို ငါ.ငါ့ ဥစ္စာ ထင်နေလို့ ရှိရင်သက္ကာယဒိဋ္ဌိပဲ၊ အဲဒီသက္ကာယ ဒိဋ္ဌိ မပြုတ် ပဲနဲ့ ဖြစ်ပြီး ပျက်တဲ့အနိစ္စတွေပဲ၊ ဖြစ်ပြီးပျက်တဲ့အနိစ္စတွေ ပဲလို့ ရှုငြားသော်လည်း ဒိဋ္ဌိ အပင်းခံနေလို့ မဂ်ဉာဏ်မဝင်နိုင်ပါဘူး (မှန်ပါ့)မိစ္ဆာဒိဋ္ဌိခံနေလို့ သမ္မာဒိဋ္ဌိ ဝင်ခွင့် မရပါဘူး (မှန်ပါ့)။

ဒါကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဂ်ုတ္တိုရ်ပါဠိတော်ကြီးများမှာဓေါဝကဆိုပြီးဓေါဝကဆိုတာ ဆေးလျှော်တဲ့ သုတ်ပေါ့ဗျာ (မှန်ပါ့)သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ဝိပဿနာရှုရင် သမ္မာဒိဋ္ဌိဟာထွက်ပြေးနေတာပဲ၊ ဘယ်တော့မှသမ္မာဒိဋ္ဌိမဂ္ဂင်မရှိ နိုင်ဘူးကွ...တဲ့ (မှန်ပါ့)။

အဲဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ရောက်လာမှသာလျှင်သက္ကာယ ဒိဋ္ဌိက စင်ကြယ်တယ်တဲ့...(မှန်ပါ့)ဒီလိုဟောထားတဲ့ပါဠိတော် တွေကအထင်အရှားအမြင်သာဖြစ်ပြီး,သကာလနေသောကြောင့် အားလုံးတရားနာလာကြတဲ့ဒကာ,ဒကာမတွေဝိပဿနာမလုပ်မီ သက္ကာယဒိဋ္ဌိအရင်ပြုတ်ဖို့အရေးကြီးတယ်ဆိုတာအကြီးအကျယ် ဆုံးဖြတ်ချက်ချခဲ့ပါ...(မှန်ပါ့)။

သက္ကာယဒိဋ္ဌိပြုတ်မယ်ကြံပြန်တော့လည်း ခန္ဓာပဋိစ္စသမု ပ္ပါဒ်ပေါ်လာတာ၊မသိပြန်လည်းမပြုတ်တတ်ပါဘူး၊(မှန်ပါ့)ခန္ဓာ

ပဋိစ္စသမုပ္ပါဒ် ပေါ်လာတာကို သိမှသာလျှင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ဒါကြောင့်ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတာဒိဋ္ဌိခွာမှုဖြစ်တော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကိုသိမှခွာနိုင်တယ်...။ (မှန်ပါ့)ခန္ဓာပဋိစ္စသမုပ္ပါဒ် မသိရင်လည်း... (ဒိဋ္ဌိမခွာနိုင်ပါဘုရား) မခွာနိုင်ဘူး ဆိုတာ မှတ်ပါ...(မှန်ပါ့)။

ဒိဋ္ဌိမခွာနိုင်ပဲနဲ့ အားထုတ်တဲ့ ဝိပဿနာဆိုရင်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဘယ်နည်းနဲ့မှ မရောက်ဘူးဆိုတာ သေသေချာချာမှတ်ကြပါနော်...(မှန်ပါ့)။

ကဲ ...ဒါဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလည်အောင်အရင် လုပ်ကြ (မှန်ပါ့ဘုရား)။

မိုး (၁၄) စာ(၂)

## ဇာတ်ကိုအတ္တလုပ်ပြီးအားမကိုးသင့်ပုံ

ပဋိစ္စသမုပ္ပါဒ် နားလည်မှလည်း အနတ္တကိုနားလည်တယ် လို့မှတ်ကြပါ...(မှန်ပါ့)ဘယ်နဲ့ကြောင့်တုံးဆိုတော့ငါပြုတာက ဒီအထဲမှာတစ်ခုမှမရှိပါဘူးလို့မှတ်ထားကြပါ...(မှန်ပါ့)အဝိဇ္ဇာ ပြုလုပ်လိုက်တဲ့အတွက်အတိတ်ဘဝမှာသင်္ခါရဖြစ်တယ်၊(မှန်ပါ့) ငါ့ပြုတာပါသေးရဲ့လား (မပါ ့ပါဘုရား)။

သင်္ခါရပြုလုပ်တဲ့အတွက်စုတေမနေသေလွန်သွားတဲ့အခါ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ခန္ဓာ

ငါးပါး ဖြစ်တယ်...(မှန်ပါ့ဘုရား) ငါ, ပြုတာပါသေးသလား (မပါ,ပါဘုရား)။

ဒါကြောင့်သင်္ခါရပြုလုပ်လိုက်သဖြင့် ဝိညာဏ် (မှန်ပါ့ဘုရား) ဝိညာဏ်ကပြုလုပ်သဖြင့် နာမ်ရုပ် ငါ,ပြုလုပ်တာပါရဲ့လား...(မပါပါဘုရား)။

နာမ်ရုပ် ကပြုလုပ်လိုက်သဖြင့် သဠာယတန။ သဠာယတန ကပြုလုပ်သဖြင့်ဖဿ၊ ဖဿက ပြုလုပ်သဖြင့် ဝေဒနာ၊ ဝေဒနာကပြု လုပ်သဖြင့်တဏှာလို့ဆိုသဖြင့် ဒီအထဲမှာငါဝင်ပြီး မရှုပ်ကြနဲ့၊ သူ့အကြောင်းနဲ့သူ့အကျိုးဖြစ်တာ (မှန်ပါ့ဘုရား)။

စက်ဝိုင်းတစ်ခုလုံးဟာ... (ငါ,ပြုတာမပါ,ပါဘုရား) ငါ,ပြုတာမပါဘူးလို့ဒကာ,ဒကာမတွေသိထားတော့မှ... ဪ ... လောကကြီးထဲမှာ အနတ္တချည်းကိုးလို့ ဆိုတာပေါ်သွားတယ်။

ကိုယ်လုပ်တာတစ်ခုမှမပါသောကြောင့် အကြောင်းနဲ့အကျိုး၊ အကြောင်းပြုလုပ်လို့ အကျိုးပေါ်တယ်။ အဲ့ဒီအကျိုးက အကြောင်းဖြစ်ပြီး ပြန်လုပ်ပြန်တယ်။

အဲဒီတော့မိမိပြုတာပါရဲ့လား...(မပါ,ပါဘုရား)ဒါဖြင့် ခင်ဗျားတို့ပြောနေကြတာက ဘယ်သူမပြု မိမိမှုတဲ့။ ခင်ဗျားတို့ ဒီလိုယူထားတာရှိသေးတယ်လေ (ရှိပါတယ်ဘုရား) မိမိပြုခဲ့

တဲ့အမှုကြောင့် မိမိပြုမိမိခံကွ၊ မိမိပြုမိမိစံကွ။(မှန်ပါ့)..ဒါ.. လူကြီး လူကောင်းတွေပြောတဲ့စကားနော်.. (မှန်ပါ့)။ မိမိချည့်ပဲ၊ အဲဒီတော့ အဝိဇ္ဇာပြုလုပ်တဲ့ အတွက် သင်္ခါရခံ။ သင်္ခါရပြုလုပ်တဲ့အတွက် ဝိညာဏ်ကခံ..(မှန်ပါ့) ဆိုတော့ ဒီ... အတိုင်းသွားတော့ အမှန်သားပဲ။ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့လည်း အကြောင်းပြုလုပ်လို့ အကျိုးပေါ်တယ်...မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)

အဲဒါ...အကြောင်းတွေကို ခင်ဗျားတို့က မိမိလုပ်နေတာ (မှန်ပါ့) မိမိနဲ့ငါဟာ မထူးပါဘူး(မှန်ပါ့)၊ အဲဒီတော့ ငါပြု လို့ ငါ...ခံရတာကွ၊ သူပြုလို့သူစံရတာကွ၊ ဘယ်နဲ့တုံး... ဒကာတို့...ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ ပြောချင်တိုင်းပြောနေတယ် (မှန်ပါ့) ဒီအထဲ မိမိပြုတာ (မပါ-ပါဘူး)

ဒါခင်ဗျားတို့၏ဖြစ်စဉ်ဟာအကုန်ပဲမဟုတ်လား...(မှန်ပါ့ဘုရား)ဒီအထဲမိမိပြုတာကိုပါသေးသလား (မပါ,ပါ)မိမိပြု, မိမိ စံပေါ့ကွာ...သူတစ်ပါးပြုသူတစ်ပါးခံပေါ့ကွ၊ ဟာ...မိမိလည်းရှိတယ်။ သူတစ်ပါးလည်းရှိတယ်...(မှန်ပါ့)။

ဘယ်ဟာ...မိမိတုံးလို့ထောက်ပြစမ်းပါဆို...ဒီအထဲမိမိတစ်ခုမှမပါဘူ...(မပါ,ပါဘုရား)။ မိမိရှိနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာဘာပါလိမ့်...(ငါ,ပါဘုရား) ငါဟာသက္ကာယဒိဋ္ဌိ ...(မှန်ပါ့)။

ဒီနာမ်ရုပ်တွေကို ငါ့စွဲနေတာကိုး (မှန်ပါ့)သက္ကာယဦးစီး တယ်(မှန်ပါ့)လောကီလုပ်တဲ့သက္ကာယဒိဋ္ဌိဦးစီးတယ်၊လောကုတ္တ ရာဘက်လုပ်လည်း (သက္ကာယဦးစီးတာပါပဲဘုရား) အဲဒီတော့ သက္ကာ ယဒိဋ္ဌိဆိုတာမဂ်ဉာဏ်,ဖိုလ်ဉာဏ်နိဗ္ဗာန်တားတဲ့ တရား (မှန်ပါ့)။

မိုး (၁၄) စာ (၂၄၀)

## ပင့်ကူပမာဇာရားရှာ

တစ်နေ့သောအခါမှာ မိလိန္ဒမင်းကြီးကအရှင်နာဂသိန် မထေရ်ကို မေးမြန်းလျှောက်ထားတယ်တဲ့။

"အရှင်ဘုရား၊ အဘယ်မျှလောက်သော အင်္ဂါရပ်နဲ့ ပြည့် စုံမှအရဟာတ္တဖိုလ်ကိုမျက်မှောက်ပြုနိုင်ပါသလဲ"ဒီတော့အရှင်နာ ဂသိန်က "မင်းကြီး၊ပင့်ကူရဲ့အင်္ဂါရပ်တစ်ပါးနဲ့ပြည့်စုံရင်လည်း အရဟာတ္တဖိုလ်ကိုမျက်မှောက်ပြုနိုင်ပါတယ်"လို့ ဖြေကြားတော်မူ တယ်။

အဓိပ္ပါယ်က...ဝိပဿနာယောဂီပုဂ္ဂိုလ်ဟာပင့်ကူများလို ကျင့်သုံးရမယ်လို့ဆိုတယ်။ ပင့်ကူများဟာချက်ကျတဲ့ နေရာမှာ ဒွါရက အမျှင်ကလေးတွေ ထုတ်ပြီးကွန်ရက်အဝိုင်းကြီးလုပ်ထား ကြတယ်။ နောက်ကွန်ရက်ဝိုင်းအလယ်ချက်ကနေစောင့်တယ်၊ တောင်ဘက်ကြိုးကလှုပ်တော့တောင်ဘက်လိုက်သွားလိုက်၊မိတဲ့ ပိုးမွှား အကောင်ဖမ်းစားပြီး အလယ်ချက်ကနေစောင့်တယ်၊

မြောက်ဘက်ကြိုးကလှုပ်တော့ မြောက်ဘက်လိုက်သွားလိုက်၊ မိတဲ့ခြင်ကောင်၊ ယင်ကောင်ပိုးမွှားများစားသောက်ပြီး အလယ်ချက်ပြန်ထိုင်လိုက်၊ဒီအတိုင်းလှုပ်သမျှကြိုး ဘက်လိုက်လိုက်ပြီး အလယ်ချက်ပြန်ထိုင်လိုက်နဲ့နေထိုင်ကျင့် သုံးတတ်တဲ့အလေ့ရှိတယ်။

ဒီဥပမာလိုပဲ"တရားအားထုတ်တဲ့ယောဂီပုဂ္ဂိုလ်ဟာဒွါရခြောက်ခုမှာ သတိပဋ္ဌာန်ဆိုတဲ့ ကွန်ရက်ကြိုးခြောက်ကြိုးထားရမယ်"အဲဒီဒွါရခြောက်ကြိုးမှာငြိကပ်လာတဲ့"ခြောက်အာရုံကိလေသာခြင်ကောင်၊ယင်ကောင်တွေကိုမိအောင်ပညာနဲ့လိုက်သတ်ရမယ်၊ဒီလိုမလွတ်အောင်သတ်နိုင်ခဲ့ရင် မကြာခင်အရ ဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်"လို့ဆိုလိုရင်းဖြစ်တယ်။

ဒါကြောင့်ဘေးကပေါ်လာသမျှ အာရုံစိတ်တွေကိုမလွတ်စေရအောင် ဖြစ်ပျက်ရှုပေးရမယ်၊မနောဒွါရမှာအမြဲတိုင်းပေါ်လာတာ ပဉ္စဒွါရမှာလိုက်ရှု ပဉ္စဒွါရ ချုပ်နေတဲ့အခါ အလယ်ချက်မနောဒွါရမှာပြန်ထိုင် အဿာသ ပဿာသ ရှုစိတ်၊ ရှုကိစိတ်ဖြစ်ပျက်ရှု၊ဒီနည်းအတိုင်း ခန္ဓာမှာမပြတ်အောင်မလပ်အောင်ရှုပေကြရမယ်။

ဒီလိုအရှုအမှတ်များလာတော့ကြာရင်"ခန္ဓာမှာ ဖြစ်သမျှစိတ်တွေဟာခိုင်တာမြဲတာရယ်လို့ရှာမရဘူး၊ ဖြစ်ပြီးပျက်တာပဲပါကလား၊ ငါ့စိတ်လို့ထင်နေဒါဟာဘာမှမဟုတ်ပါလား၊ ဒုက

ကား ပါပဲလား၊ ငါ့စိတ်ဆိုဒါမရှိပဲပါလား” လို့ အဟုတ်အမှန်ကို ကိုယ်ပိုင်ဉာဏ်နဲ့မြင်လာတယ်၊ ဒီအခါမှာကိုယ်တိုင် ဆုံးဖြတ် ချက်ချနိုင်တယ်။ ဘယ်သူကမှ ပြောပြနေစရာ မလိုတော့ဘူး၊ ယထာဘူတဆိုတဲ့ ဟုတ်တိုင်းမှန်စွာမြင်သိလာတဲ့ ဉာဏ်ရပါပြီ၊ ရှင်းကြပြီလား။

ဒီနည်းလမ်းနဲ့ ဥပမာကိုအရှင်နာဂသိန်မထေရ်ကလည်း ဟောတယ်၊အရှင်အနုရုဒ္ဓါမထေရ်ကလည်းဒီအတိုင်းဟောတော် မူခဲ့တယ်လို့မှတ်ထားကြ

အဲဒီစကားက

စတ္တံနိယမေ ဆသုဒ္ဒါရေသု၊သတိပဋ္ဌာန ဝရတ္တမေ။

ကိလေသာတတ္ထလဂ္ဂါဝေ၊ဟဉ္ဉတ္တတေ ဝိပဿနာ။

ယောဂီသူမြတ်သည် အာရုံလပ်လျှားခြောက်တံခါးတို့၌ စိတ်အမှတ်ရှိမှုဖြင့်စောင့်ရှောက်ခြင်းပြုရာ၏ ထိုဒွါရခြောက်ပါး၊ ခြောက်တံခါးတို့မှာ ကိလေသာတရားငြိကပ်လာငြားဝိပဿနာ ယောဂီသည်မြတ်သောသတိပဋ္ဌာန်းလေးပါးတံခါးကွန်ရက်ကိုပြု ကာထိုငြိလာသည့်ကိလေသာတို့ကိုသတ်ဖြတ်အပ်သတည်း။

ဒါကြောင့်ထွက်လေဝင်လေစိတ်မှာ အမြဲထိုင်ထား မျက်စိ ကလှုပ်၊ မျက်စိလိုက်ပြီး အလယ်ပြန်ထိုင်၊ နားကကြားရင်ကြား ရာကိုဉာဏ်နဲ့ ဖြစ်ပျက်လိုက်၊ ဒီနည်းအတိုင်းဒွါရခြောက်ပါးမှာ ပေါ်လာသမျှစိတ်ကို ဖြစ်ပျက်လိုက်ရှု၊ ပြီးရင် အလယ်ချက်ထွက်

သိ ဝင်သိဖြစ်ပျက်ပြန် ထိုင်၊အဲဒါစိတ္တာနုပဿနာပဲ။

ခန္ဓာအတွင်းရှုးစိုက်ရှုတဲ့အခါ ဖြစ်ပျက်ကို တွေ့စေရမယ်၊ အာရုံခြောက်ပါးပေါ်ရာမှာ သိစိတ်နဲ့ဖြစ်ပျက်လိုက်ရှု၊ဖြစ်ပျက်သာ တွေ့စေရမယ်၊မြင်လို့ကောင်းတယ်၊ကြားလိုကောင်း တယ်နဲ့ ဆိုတာ မလိုက်တော့ တဏှာမဖြစ်တော့ဘူး၊ တဏှာအလိုလိုသေတယ်။ မြင်စိတ်၊ ကြားစိတ်ဖြစ်ပျက်ရှုတော့ ဝိပဿနာဖြစ်တာပေါ့။

ဒီယထာဘူတဉာဏ်ရလို့ရင်သန်လာရင် နိဗ္ဗိန္ဒဉာဏ် ကိုရလာမယ်၊ နိဗ္ဗိန္ဒဉာဏ် ကိုဘုန်းကြီးကတက်ပေးမည်ဆိုလို့လည်း မရ၊ ဒကာတို့တက်ပါ့မယ်ဆိုလို့လည်းမရပါဘူး၊ သူ့ဉာဏ်ရဲ့သဘာဝ အတိုင်းအလုပ်လုပ်သလောက်တက်နိုင်မယ်၊ ဒကာတို့သဒ္ဓါ၊ ဝီရိယ၊ ပညာ အားလျော်စွာအနေးအမြန်တက်မယ်ဆိုတာမှတ်၊ ရှုမှတ်တဲ့လုံ့လအား ဉာဏ်အားအလျောက်ဖြစ်ပေါ်လာမယ်။

ယထာဘူတဉာဏ် အမြင်များရင် နိဗ္ဗိန္ဒဉာဏ်တက်နိုင်တယ်၊ ဖြစ်ပျက်ကိုအတော်စိပ်စိပ်တွေ့လာရင် နိဗ္ဗိန္ဒဉာဏ် ဖြစ်တော့ ဒါပဲ၊ ဥပမာ ကိုယ့်အိမ်ရှေ့က ဖြတ်ဖြတ်ပြီး မသာတွေအလောင်း တွေတစ်လောင်းပြီး တစ်လောင်းသင်္ဂြိုလ်၊သင်္ဂြိုလ်သွားတာမြင်နေ ရတယ်ဆိုပါတော့၊တစ်လောင်းပြီး တစ်လောင်းဆက်တိုက်ကြီးမြင် နေရဖန်များတော့ စိတ်ထဲမှာရွံမုန်း စက်ဆုပ်

လာပြီး မကြည့်ချင် မမြင်ချင်တော့ဘူး။

ပထပမြင်ခါစတော့ဘယ်လိုပါလိမ့်ဆိုပြီး ပြူတင်းပေါက်ကထွက်ရပ်ပြီးကြည့်နေမိတယ်၊ မြင်ရဖန်များလာတော့မကြည့်ချင် လောက်အောင်မုန်းတီးစက်ဆုပ်လာတော့တယ်၊ ဒီသဘောဒီဥပမာလိုပါပဲ၊ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်တွေချည့်အမြင်များလာတော့ ရွံမုန်းငြီးငွေ့လာရတော့တယ်၊ ငြီးငွေ့ ရွံ့မုန်း ဆိုပေမဲ့၊ ဒေါသမျိုးတော့မဟုတ်ဘူးလို့မှတ်ရမယ်၊ ဖြစ်ပျက်အမြင်စိပ်လာမှ တက်လာမှဒီဉာဏ်ပေါ်ပြီလို့မှတ်။

ဖြစ်ပျက်ကျဲကျဲမြင်ရင်ယထာဘူတ၊စိပ်စိပ်မြင်ရင်နိဗ္ဗိန္ဒပဲ၊ ယထာဘူတဉာဏ်ကကျေးဇူးပြုလို့ဖြစ်ပျက်စိပ်၊ ဖြစ်ပျက်စိပ်တာနဲ့အာရုံက နိဗ္ဗိန္ဒဉာဏ်ပေါ်လာရော ရှင်းပြီးလား။

မသာချဒါ ကြည့်မှ ရွံ့မုန်းမှာမကြည့်ရင်မမုန်းဘူး၊ ဒီတော့ကိုယ်မသာကိုယ်ကြည့်ကြ၊ "ကိုယ့်ခန္ဓာမှာ အမြဲမပြတ်ဖြစ်ပြီးပျက်၊ ဖွားပြီးသေနေတဲ့ရုပ်မသာ၊ နာမ်မသာတွေကို ဂရုစိုက်ကြည့်ကြ" ကြည့်ဖန်များလာတော့၊မသာတွေဟာကြည့်လို့မဆုံးနိုင်အောင်မြင်ရလိမ့်မယ်။

အဲဒီအခါမှာအော်...ဒုက္ခပါပဲ မသာတွေဟာကြည့်လို့မဆုံးနိုင်ပါလားဆိုပြီး များများမြင်ရလေလေ ရွံ့မုန်းလေလေဖြစ်လေရော၊ အဲဒီလိုမြင်လာရင်ဒီနေရာမှာ မနေချင်တော့ဘူး၊ဒီအဖြစ်မျိုးလည်း မကြုံမတွေ့ချင်တော့ပါဘူး။

ဖြစ်ပျက် ကြည့်ပါများလေ အမြင်ကစိပ်လာလေရွဲ့မှန်းလေ၊ ဖြစ်ပျက်ကိုထပ်တလဲလဲကြည့်လေ စိပ်သထက်စိပ်၊မှန်းသထက်မှန်း၊ ကြာတော့ဒီအဖြစ်မျိုးမဖြစ်ချင်၊ ဒီဒုက္ခမလိုချင် ဒီဒုက္ခက လွတ်ချင်လာပြီလွတ်ရာကိုရှာပြီ။

ဒီလိုဖြစ်ပျက်ကြာကြာရှုတော့မလိုချင် လွတ်ချင်ရာက မဖြစ်ရာမပျက်ရာဘက်ကိုပြေးဝင်သွားတော့တယ်၊မဖြစ်ရာမပျက်ရာကိုမြင်ဒါဟာ"နိဗ္ဗာန်ကိုမဂ်က မြင်ဒါပါပဲ။"

ဝိပဿနာက၊သင်္ခါရတရားသစ္စာကို အာရုံပြုတယ်။ မဂ်ဉာဏ်က၊အသစ္စာတကို အာရုံပြုတယ်။

ယထာဘူတဉာဏ် နိဗ္ဗိန္ဒဉာဏ် နှစ်ပါးကဝိပဿနာ သမ္မာဒိဋ္ဌိအမြင်၊ ပုထုဇဉ်အမြင်၊ သစ္စာအမြင်ပဲ။

မဂ်ဉာဏ်က၊ မဂ်သမ္မာဒိဋ္ဌိအမြင်၊အရိယာအမြင် အသစ္စာတအမြင်။

(၁) ဖြစ်ပျက်ပွားလို့ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ်။

(၂) ဖြစ်ပျက်ပွားလို့ဖြစ်ပျက်မုန်းရင် နိဗ္ဗိန္ဒဉာဏ်။

(၃) ဖြစ်ပျက်ပွားလို့ဖြစ်ပျက်ဆုံးရင် မဂ်ဉာဏ်။

(၁) ယထာဘူတဉာဏ်၊နိဗ္ဗိန္ဒဉာဏ်နှစ်ပါးအမြင်က.. "ဖြစ်ပျက်"

(၂) မဂ်ဉာဏ်အမြင်က "မဖြစ်မပျက်"လို့မှတ်။

မဂ်ဉာဏ်က အေးငြိမ်းတာကိုမြင်တယ်၊ နိဗ္ဗာန်မြင်ရင် ဝမ်းထဲက သက်သက်အေးဒါပဲ၊ ရေအလုံးပေါင်း (၁၀၀၀)တစ်ထောင်နဲ့ အလောင်းခံရသလောက်မက အောင်ပဲအေးချမ်းပါတယ်။

တရားက "ဧဟိပဿိကောတဲ့" ကယ်တင်ဘုံ့အဆင့်သင့်စောင့်ပြီးနေဒါ၊ဒကာတို့ကပူရှာချင်ရှာကြတော့တရားနားကို မကပ်ချင်ကြဘူး၊ဒါလဲအဟုတ်မသိကြသေးလို့သာပါ၊သိအောင်ညွှန်ပြတဲ့ပုဂ္ဂိုလ်နဲ့ ကြုံကြိုက်တုန်းကြိုးစားယူကြ၊ စိတ္တာနုပဿနာ အကောင်းဆုံးပဲသောတာပန် မြန်မြန်တည်ချင်ရင် စိတ္တာနုပဿနာရှုကြ၊ဒီစကားကိုသတိပဋ္ဌာန်မှာဟောထားတယ်။

မိမိခန္ဓာမှာ ဖြစ်ပေါ်တဲ့စိတ်ကို စောင့်ကြည့်၊ ကြည့်တော့ဖြစ်ပြီးပျက်နဲ့ဖြစ်ပြီးပျက်သွားဒါတွေချည့်တွေ့ရမယ်၊ဒီလိုနဲ့ကြာကြာကြည့်တော့စိတ်မတွေ့ပဲဖြစ်တာရယ် ပျက်တာရယ်ဆိုတဲ့ဖြစ်ပျက်ဒုက္ခကိုသာတွေ့ရတော့တယ်။

ကိုယ့်သန္တာန်မှာ အိမ်ကို တွေးတဲ့ အတွေးစိတ်ကလေး တစ်ခုပေါ်လာတယ်ဆိုတော့ အိမ်တည်းဟူသော အကြောင်းကြောင့်တွေးစိတ်ပေါ်ရတာ၊ အိမ်ဆိုတဲ့အကြောင်းက ကျေးဇူးပြုလို့ပေါ်လာတဲ့ အိမ်တွေး စိတ်တွေဟာဝါလား၊ ဝိညာဏက္ခန္ဓာလားလို့ ဉာဏ်နဲ့ ကြည့်လိုက်တော့ "ဝိညာဏက္ခန္ဓာ" သာဖြစ်တယ်၊ ငါမဟုတ်ပါလား လို့သိမြင်လာမယ်တွေးစိတ်ဟာ ခန္ဓာလေးပဲလို့သိမြင်မယ်။

စိတ်ကလေးတစ်ခုပေါ်တိုင်း “ဝိညာဏက္ခန္ဓာ”ကလေး ပဲဆိုတာအမြင်မှန်အမြင်သန်လာမယ် ဒီလိုအမြင်မှန်လာရင် ဒိဋ္ဌိ ပြုတ်ပြီ။

မိမိသန္တာန်မှာ ဝိညာဏ်ပေါ်တိုင်း ပေါ်တိုင်း မြင်အောင် ကြည့်ပေးကြ၊ ပေါ်လာတဲ့ တရားလေးဟာ ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဒါ ကြောင့်ပဋိစ္စသမုပ္ပါဒ်အစလည်းမြင်အောင်ကြည့်ရမယ်၊ပဋိစ္စသမု ပ္ပါဒ်အဆုံးကိုလည်း မြင်အောင်ကြည့်ရမယ်ဆိုတာမှတ်ထားကြ၊ အဓိပ္ပါယ်ကတော့ ပေါ်လာတဲ့တရားလေးကိုပေါ်လာတဲ့အစကို လည်းသိအောင်လုပ်ရမယ်၊ပေါ်လာပြီးပျောက်ပျက်သွားတဲ့အဆုံး ကိုလည်းသိအောင်လုပ်ရမယ်၊ရှင်းကြရဲ့လား။

လိုရင်းအချုပ်ကို မှတ်ထားဖို့က တရားကလေးတွေ မိမိ သန္တာန်မှာဖြစ်လာလည်းသိရမယ်၊ပျက်သွားတာလည်းသိရမယ်၊ ရှင်းရှင်းပြောရရင်ဓမ္မလေးတွေရဲ့ဖြစ်ပျက်ကိုသိရမယ်၊ သိအောင် ဉာဏ်နဲ့ကြည့်ပေးရမယ်ဆိုတာမှတ်လိုက်ကြ၊ ဒကာ,ဒကာမတို့ ဖြစ်ပျက်တစ်လုံးနိုင်ရင်အကုန်နိုင်တယ်ဆိုတာမှတ်လိုက်ကြ။

ဒုလ္လဘဒေသနာ
တွဲ (၁) စာ (၁၆၄)

## အမှန်မြင်အောင်ရှု

ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ဖြတ်နိုင်တဲ့ဉာဏ်၊ အမြင်မှန်ကိုပြောပြမယ်၊အမြင်မှန်ဆိုတာဘယ်လိုမြင်မှအမြင်မှန်ဖြစ်သလဲလို့မေးခဲ့ရင် (ဥပမာ) – ခန္ဓာမှာတရားလေးတစ်ခုပေါ်လာတယ်၊ အမြင်ခံတရားလေးပဲဆိုပါစို့၊ အဲဒီအမြင်ခံရတဲ့ တရားကအဖြစ်ကလေးကိုပြတယ်၊ နောက်အချုပ်ကလေးကိုလည်း သူကပြတယ်၊ ရှုတဲ့ဉာဏ်ကသူပြတဲ့အတိုင်းမြင်ရင်အဲတာ လောကီမဂ်အမြင်ပဲလို့မှတ်။

အဖြစ်ကလေးမြင်တာဟာ မဂ်သမ္မာဒိဋ္ဌိနဲ့မြင်တာပဲ၊ မဂ်သမ္မာဒိဋ္ဌိနဲ့ မြင်တာပဲလို့မှတ်ကြ၊ အပျက်ကလေးမြင်တာဟာလည်းဒီမဂ်သမ္မာဒိဋ္ဌိနဲ့မြင်တဲ့အမြင်ပါပဲ၊အဖြစ်ပဲမြင်မြင်အပျက်ကို ပဲမြင်မြင်မဂ်သမ္မာဒိဋ္ဌိနဲ့မြင်တာပဲလို့ ဆုံးဖြတ်ချက်ချ၊ ဒီလိုအဖြစ်အပျက်ကိုမြင်တဲ့ အမြင်ဟာဘယ်သူမှမမေးနဲ့တော့ အမှန်မြင်ပဲ၊ မိမိခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ် အဖြစ်ကလေး နဲ့အချုပ်ကလေး ကိုမြင်တာပဲ။

မိမိရှေ့မှာ မြင်စရာအဆင်းနဲ့တဲ့လို့မြင်စိတ်ကလေး ပေါ်လာတယ်ဆိုပါတော့၊ အဲဒီပေါ်လာတဲ့ မြင်စိတ်ကလေးကို ဉာဏ်နဲ့မသတ်မိရင်ဒုက္ခရောက်ဖို့သာပြင်ကြတော့ပဲ၊ မြင်စိတ်ကလေးပေါ်လာတာဟာ ဒုက္ခပေးမလို့ ပဋိစ္စသမုပ္ပါဒ်ဆက်မလို့လာတာပဲ၊အမြင်နဲ့ကြည့်လိုက်တော့ပြတ်သွားတယ်၊ ဒီအမြင်စိတ်နောက်ကပဋိစ္စသမုပ္ပါဒ်မဖြစ်နိုင်တော့ဘူး။

ဒါကြောင့် ခဏ္ဍာမှာ အမြင်မှန်ပေါ်လာတဲ့ တရားကလေးကို လက်လွှတ်မခံကြနဲ့၊ ဘုရားပေးတဲ့ ဉာဏ်နဲ့ရှုဖြစ်အောင် ရှုပေးကြ၊ ရှုတော့ အမြင်ခံတရားကလေးက အဖြစ်ကိုလည်း ပြမယ်၊ အပျက်ကိုလည်းပြမယ်၊ သူပြရင် ပြတဲ့အတိုင်း ဉာဏ်က သိလိုက်နေဖို့အရေးကြီးတယ်

ခဏ္ဍာမှာ စိတ်ကလေးပေါ်လာလို့ ဖြစ်ပျက်မြင်ရင် ဖြစ်ပျက်နောက်ကမဂ်လာတာပဲ၊ ဖြစ်ပျက်မဂ်နဲ့၊ဖြစ်ပျက်နဲ့ မဂ်ကပ်လျက်နေအောင်လိုက်ပေး၊ ခြားထိုးတဲ့စိတ်တွေ အဝင်မခံရစေနဲ့ ရှင်းပြီးလား။

အမြင်ခံရတဲ့တရားက ပဋိစ္စသမုပ္ပါဒ်အစကလေးပဲ ဒါကို မသိလို့မရှုမိရင် ဆက်တိုက်လာတော့မယ်၊ ဒုက္ခစက်ရဟတ်ကြီး လည်တော့မယ်၊ ဒါကြောင့်ပေါ်လာရင်ရှုပြစ်၊ ရှုမိလျှင်မဂ်ဝင်လာမယ်၊ မဂ်ဝင်လာရင် ပဋိစ္စသမုပ္ပါဒ်ပြတ်ကရောမဂ်မလာရင် ပဋိစ္စသမုပ္ပါဒ်ဆက်သွားမှာပဲ။

ဒုလ္လဘဒေသနာ
တွဲ (၃) စာ (၁၆၇)

## ခဏ္ဍာမရှိတာသိရမယ်

စိတ်ကလေးပေါ်လာ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ကြည့်တော့ မရှိတာကိုသိမယ် "ဉာဏ်"ကမရှိတာကိုပဲ သိရမယ် မရှိတာကို

သိတာဟာ ကြားစိတ်ကိုသိတာ မဟုတ်ဘူး။ ခန္ဓာကိုသိတာလည်းမဟုတ်၊ မရှိတာကိုသာသိတာပဲလို့ မှတ်လိုက်ကြ”။

“ဒီလိုသိတော့ ဒကာ,ဒကာမတို့ ခန္ဓာကိုလည်း စွန့်တယ်” “ဒီဝိပဿနာဉာဏ်က ခန္ဓာကိုမတွေ့ဘူး၊ မရှိမှုပဲတွေ့တယ်၊ဒီတော့ဝိပဿနာသတ္တိဟာမရှိတာကိုသိတယ်ဆိုတာမှတ်လိုက်ကြ မရှိတာကဘာယ်သူလဲ၊ ဝိညာဏက္ခန္ဓာပဲ၊ ရှင်းပြီလား၊ ဝိပဿနာဉာဏ်နဲ့ကြည့်လိုက်တော့ ဝိညာဏက္ခန္ဓာလေးမရှိတော့ဘူးလို့သိတယ်၊ အဲဒါကြောင့် ခန္ဓာမရှိတာကို သိတာဟာ ဝိပဿနာပဲလို့မှတ်လိုက်ကြ။

ဝိညာဏက္ခန္ဓာမရှိတာ သိရင် သူနဲ့ တွဲတဲ့ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာတွေ ကိုလဲမရှိတာသိရတာပဲ သဘောပါကြပြီးလား။

“ဒါကြောင့် ခန္ဓာမရှိတာ သိအောင်လုပ်တဲ့ အလုပ်ဟာ ဝိပဿနာအလုပ်ပဲဆိုတာမှတ်ထားကြ”ဒကာ,ဒကာမတွေ ပြောလေ့ပြောထရှိကြတယ်၊လူတစ်ယောက်သေသွားတော့“ခြော်-အနိစ္စ အနိစ္စပဲကိုး အနိစ္စ၊အနိစ္စတဲ့၊ဆုံးမြောင့်ခလုတ်တိုက်မိတော့လည်း ခြော် ဒုက္ခဒုက္ခနဲ့ ယောင်ရမ်းပြီးပြောကြ ငြီးတွားကြတယ်၊ အဲဒီလိုပြောတာဟာ ရိုးရာအနိစ္စသိ၊ ရိုးရာဒုက္ခသိနဲ့ ပြောကြတာပဲ၊ ဒါဟာရိုးရာသိလေးနဲ့ ပြောတဲ့ရိုးရာ စကားပဲဆိုတာ မှတ်ကြ။

ခန္ဓာမှာကြည့်တော့ခန္ဓာမရှိတာသိတဲ့ သမ္မာဒိဋ္ဌိ အမြင်ရမှ အမှန်ကျမယ်ဆိုတာမှတ်ကြ "ခန္ဓာမရှိတာသိတဲ့ သမ္မာဒိဋ္ဌိ မှ ဝိပဿနာသမ္မာဒိဋ္ဌိ နိဗ္ဗာန်ရောက်မယ့်အသိပဲဆိုတာ ဆုံးဖြတ် ချက်ချကြ၊ ဒကာ,ဒကာမတွေယခုလက်ရှိ ခန္ဓာဟာ လိုချင်လို့ ရတဲ့ ခန္ဓာပဲ၊ ဒီခန္ဓာဟာနောက်ထပ်ပြီး လိုချင်သေးရင်ထပ်ပြီး ရအုံးမှာပဲ၊ ဝိပဿနာမရှုပဲနေရင်ခန္ဓာတွေရမှာပဲ။

အဲဒီတော့ ဒီခန္ဓာဟာလိုချင်လို့ရထားတာ၊ ဒီလိုခန္ဓာ ရသ ရွေ့နိဗ္ဗာန်နဲ့ဝေးသေးတယ်၊ ခန္ဓာကဒုက္ခသစ္စာ၊ နိဗ္ဗာန်ကနိရော ဓသစ္စာ၊ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာဆိုတော့ ဒကာတို့ပဲစဉ်းစား ကြည့်ကြ တစ်ခြားစီပဲ ဒုက္ခခန္ဓာမရှိရာချုပ်ဆုံးရာဟာ နိဗ္ဗာန်ပဲ၊ အဲဒီတော့ ခန္ဓာရသရွေ့နိဗ္ဗာန်နဲ့မနီးတော့ဘူး ဆိုတာပေါ်ကြ ပြီးလား။

ဒါကြောင့်ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ကိုရချင်ရင်၊ရောက်ဖို့ ရင်ခန္ဓာမရှိတာကိုသိအောင်လုပ်ရမယ်၊ဒီအကျင့်ကိုကြိုးစားရ မယ် ဆိုတာရိပ်မိကြပြီးလား။

ဒီခန္ဓာကို ငါမဟုတ်မှန်း အမှန်အကန် သိရအောင် ဝိပဿနာဉာဏ်နဲ့ကြည့်ရမယ်၊ ဒီဉာဏ်နဲ့ကြည့်ရင်သူများ ပြောမဟုတ်ပဲ ကိုယ်ပိုင်ဉာဏ်နဲ့ဆုံးဖြတ်နိုင်ကြမယ်ဆိုတာ မှတ်ကြ။

ဒီခန္ဓာငါးပါးကို ဉာဏ်နဲ့မကြည့်မိတော့ ခန္ဓာရဲ့အနိစ္စသဘော၊ဒုက္ခသဘောအနတ္တသဘောအမှန်ကိုမသိကြဘူး၊ဒီလိုအမှန်အကန်မသိတော့ "ငါ"လို့ထားမိကြတယ်။

ခန္ဓာကိုငါကိုယ်၊ ငါဟာ လို့ထားလို့ အမှန်အကန်မသိကြတာ၊ အခုဝိပဿနာဉာဏ်နဲ့ ကြည့်တော့ ကြားစိတ်၊ ကြားတဲ့ခန္ဓာ မရှိတာကိုယ်တိုင်သိရမယ်ရှင်းကြရဲ့လား၊ ဒီနည်းအတိုင်းပေါ်လာသမျှဉာဏ်နဲ့ကြည့်ပေး၊ကြည့်ပေးရင် "ဘယ်ခန္ဓာလာလာမရှိတာပဲသိရမယ်၊အဲဒီလိုမလွတ်တမ်းကြည့်ပေးတော့မိမိရထားတဲ့ခန္ဓာငါးပါးမရှိမှုသိရတဲ့အတွက် ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်တယ်" ဆိုတာမှတ် လိုက်ကြတော့။

ယခုတော့ ဒကာ ,ဒကာမတို့ဒီလိုသိတဲ့အသိဟာတန်ဖိုးမဖြတ်နိုင်ဘူး၊ဒီအသိမျိုးမသိသေးရင်သိအောင်၊သိရရင်လည်းတိုးတက်လာအောင်ကြိုးစားကြရမယ်၊ "ဒီအသိမျိုး၊တာရှည်သိရင် နိဗ္ဗာန်နားကပ်နေပြီလို့သာမှတ်လိုက်ကြ"

"ဒကာ, ဒကာမတို့ နိဗ္ဗာန်ဟာ ခန္ဓာမရှိတာပဲဆိုတာမှတ်ကြ၊ ဒီတော့ခန္ဓာမရှိတဲ့ အမြင်စိတ်ဟာ နိဗ္ဗာန်မြင်မယ့်အမြင်၊ နိဗ္ဗာန်နဲ့နီးဖို့ အမြင်ပဲဆိုတာမှတ်လိုက်ကြ"

ဝိပဿနာရှုတော့ ခန္ဓာမရှိတာမြင်ရတယ်၊ ဒီလိုခန္ဓာမရှိတာမြင်လို့ ဝိပဿနာဉာဏ်ဟာ နိဗ္ဗာန်ကို တစ်စိတ်တစ်ဒေသမြင်တယ်လို့မှတ်ရမယ်။

ပထမရေးဦးစွာဝိပဿနာဉာဏ်က ခန္ဓာမရှိတာမြင်တယ်၊ နောက်လာမယ့် မဂ်ဉာဏ်ကနိဗ္ဗာန်ကိုမြင်တယ်၊ အဲဒီတော့ ဝိပဿနာဉာဏ်က ခဏနိဗ္ဗာန်ကိုမြင်တာပဲလို့မှတ်ကြ။ "မဂ်ဉာဏ်ကခန္ဓာတွေ လုံးဝချုပ်ပျောက်သွားတာကို မြင်ရတယ်၊ ခန္ဓာလုံးဝမရှိတာကိုမြင်တော့ ခန္ဓာမရှိတာဟာ နိဗ္ဗာန်ဖို့ပဲဆိုတာ မှတ်ကြ"ရှင်းကြရဲ့လား၊ ဒကာ,ဒကာမတွေ ဒါကြောင့် "ဝိပဿနာဉာဏ်ရရင်၊ နိဗ္ဗာန်ရဖို့သေချာပြီ။

ဒီလိုကြည့်တဲ့အခါမှာ ဝိပဿနာဉာဏ်ကပေါ်လာတဲ့ စိတ်ကလေးမရှိတာချည်း မြင်နေရမယ်၊ ဒီလိုမြင်တာဟာနိဗ္ဗာန်ကို တစ်စိတ်တစ်ဒေသမြင်တာပဲလို့မှတ်ကြ၊ဝိပဿနာဉာဏ်ကဒီလို နိဗ္ဗာန်ကိုတစ်ဒေသမှ မမြင်ရင်မဂ်ဉာဏ်မပေါ်နိုင်ဘူး၊ဒါကြောင့် **ခန္ဓာငါးပါး ဘာပေါ်ပေါ် ၊မြင်စိတ်၊ ကြားစိတ် နံစိတ်၊စားစိတ်၊ တွေ့သိစိတ်၊ တွေးကြံစိတ်၊ ပေါ်ချင်တာ ပေါ်မလွတ်အောင်သာရှုပေးကြ၊ ရှုတဲ့အခါ ပေါ်လာပြီး မရှိတာကို သိစေရမယ် ရှင်းပြီးလား။**

**ဒကာ, ဒကာမတို့နည်းရကြပြီ၊ နည်းရရင်ကြိုးစားသာ ရှုကြတော့** ရှုတဲ့အခါ ကိုယ်ရှုနေတဲ့ ဝိပဿနာလုပ်ငန်းဟာ ခရီးရောက် မရောက် ဘယ်လိုသိရမလဲဆိုတော့ "မူလပဏ္ဏာသ အဋ္ဌကထာ" မှာ ဖွင့်ဆိုထားတဲ့ စကားက " ဝိပဿနာသမ္မာဒိဋ္ဌိ ခရီးရောက်မရောက် သိဖို့ရာမှ ခန္ဓာမရှိတာကို သိအောင် ကြည့်

နိုင်ရင် ခရီးရောက်ပြီးလို့ မှတ်ရမယ်။

"ဒကာ , ဒကာမတို့ ခန္ဓာ ငါးပါး ဖြစ်တဲ့ သဘော အစိပ္ပါယ်ကိုပြောမယ်၊(ဥပမာ)–ဒီဘက်ကအဆင်းရုပ်၊ ဒီကမျက်လုံးရုပ်၊ ဒီနှစ်ခုတည့်လိုက်တော့ မြင်စိတ်ပေါ်လာတယ်၊ ဒီမြင်စိတ်ဟာ စက္ခုဝိညာဏ် စိတ်ကလေးပဲ၊ ဒီဝိညာဏ်စိတ်ကလေးဟာ မျက်လုံးထဲမှာပေါ်တဲ့ ခန္ဓာငါးပါးဆိုတာမှတ်ကြ၊ ဝိပဿနာဉာဏ်ကဒီဝိပဿနာဉာဏ်ကလေးကို ကြည့်လိုက်တဲ့အခါ မရှိတာကို သိရမယ်။ မရှိတာက ခန္ဓာငါးပါးပဲလို့ မှတ်ကြ။

ခန္ဓာငါးပါးဆိုတာက စက္ခုဝိညာဏ် စိတ်ကဝိညာဏက္ခန္ဓာ၊ မျက်လုံး ရုပ်က ရူပက္ခန္ဓာ၊ စက္ခုဝိညာဏ်နဲ့အတူတူကွဖြစ်တဲ့ ဥပေက္ခာ ဝေဒနာကဝေဒနက္ခန္ဓာ၊ သူနဲ့တွဲရက်ပါကဲ့ မှတ်သားမှုက သညာက္ခန္ဓာ စေတနာ လေးက သင်္ခါရက္ခန္ဓာ၊ ရှင်းကြရဲ့လား၊ အဲဒါကြောင့် ဝိညာဏ်လေးတခုဖြစ်ကော့ ကျန်ခန္ဓာလေးခုလည်းပါတယ်ဆိုတာ မှတ်လိုက်ကြ။

ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို ဝိပဿနာနဲ့ကြည့်တော့ ဝိညာဏ်နှင့်တကွခန္ဓာငါးပါးမရှိတာကိုသိရမယ်ဆိုဟာပေါ်ကြပြီလား၊ ဒီလို "ဉာဏ်နဲ့မရှုမိလေတော့မြင်တဲ့ဟာ မကြိုက်တာနဲ့တွေ့တော့(ဒေါသ)ဖြစ်တယ်၊ ကြိုက်တာနဲ့တွေ့တော့ (လောဘ) ဖြစ်တယ်၊ (ဒေါသ)ဖြစ်တော့ ဒီနောက်ကလောဘ၊ ပရိဒေဝဒုက္ခ၊ ဒေါမနဿစတဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် စက်ကြီး တန်းလာမယ်၊

(လောဘ)ဆို ပြန်တော့(လောဘ)က ကဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိစတဲ့ ပဋိစ္စ သမုပ္ပါဒ်ဒုက္ခစက် ကြီးအလယ်ကဖောက်လာ မယ်။

ဒီလိုပေါ်လာတဲ့ ဝိညာဏ်စိတ်ကလေးကို ဝိပဿနာ ဉာဏ်ဝင်လိုက်တော့ နောက်ကလာမယ့်ခန္ဓာပဋိစ္စသမုပ္ပါဒ်တွေမ လာတော့ဘူး၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်တန်းပြတ်သွားတယ်၊ မြင်သိ စိတ်ကလေးကဖြစ်ပျက် ရှုဉာဏ်ကမဂ်၊ ကြားကမဂ်ဝင်လိုက် တော့ ဒုက္ခစက်ပြတ်သွားတာပဲ၊ ပြတ်သွားတော့နောက်ခန္ဓာပဋိစ္စ သမုပ္ပါဒ်တွေ မလာဘူး၊ မလာတော့ ဝိပဿနာဉာဏ်က ခန္ဓာ လည်းစွန့်တဏှာလည်းစွန့်လိုက်တော့တယ်။

ခန္ဓာစွန့်တော့ နိဗ္ဗာန်မြင်တယ်၊ တဏှာစွန့်တော့ နောက် သံသရာ ပြတ်တယ် "ဘဏှာသခ်ယသုတ်"မှာ ဘုရားရှင်ကို သိကြားကမေးတဲ့အချက်မှာဒီအတိုင်း ဖြေဆိုတော်မူတယ်ဆိုတာ မှတ်ကြရမယ်။

ဒုလဘသာသနာ
တွဲ (၅)၊ စာ (၁၂၂)

## ခန္ဓာဖြစ်စဉ်က အသေချင်းဆက်နေတယ်

ဒကာ, ဒကာမတို့ သံသရာရှည်လေ ဒုက္ခရှည်လေပဲ ဆိုတာ မှတ်ကြရမယ်၊ သံသရာဆိုတာ ဒကာ, ဒကာမတို့ သန္တာန်မှာ အခုစိတ်တွေ "တစိတ်ပြီး တစိတ်၊ ဖြစ်လိုက် ချုပ်လိုက်နဲ့ ဖြစ်ချုပ်အစဉ်တွေ တန်းနေတာဟာ "သံသရာ" ပဲလို့ မှတ်လိုက်ကြ၊ ဒကာတို့ သန္တာန်မှာ ရုပ်တွေနာမ်တွေအစဉ်တန်းပြီးပျက်နေတာဟာ သံသရာပဲလို့ မှတ်လိုက်ကြ။

မိမိမွေးပြီး သေသေနေတာကို ဉာဏ်နဲ့သိကြရင် အမှန်ကြောက်လာကြမယ်၊ မသိလို့သာ မကြောက်ကြသေးတာပါ၊ ဒီက ရှေ့သံသရာ မရှည်ချင်ကြပါနဲ့တော့လို့ သတိပေးလိုက်ပါတယ်၊ သံသရာ ရှည်ချင်တဲ့စိတ်ကို ဖျောက်ကြတော့ "ခန္ဓာအာယတန ဓာတ်တို့ရဲ့ မပြတ်လယ်နေတာဟာ သံသရာပဲ"

ကိုယ်တွေ့ဉာဏ်မြင်သိချင်ရင် ခန္ဓာမှာ ပြန်ကြည့်၊ အမှန်သိအမှန်မြင်ကြရမယ်၊ ဘဝကူးမှ မဟုတ်ဘူး ယခုဘဝထဲ တွင် အသေချင်းဆက်နေတာကို ပြောတာ၊ မယုံရင် ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးကြ၊ မြင်စိတ်ကလေးပေါ်လာ၊ ဖြစ်ပြီးပျက်သွား၊ ကြားစိတ်ပေါ်လည်း ဖြစ်ပြီး ပျက်၊ စားစိတ်၊ သောက်စိတ်၊ ကြံစိတ်၊ တွေးစိတ် ဘာလာလာ ဖြစ်ပြီး ပျက်တာချည်းပဲလို့ မှတ်ကြ။

ခန္ဓာဖြစ်စဉ်က အသေချင်း ဆက်နေတယ်၊ တစ်သေ ပြီး၊ တစ်သေ၊ ဒီအသေပြီးနောက် အသေနဲ့အသေတွေဟာ ဆက်နေတယ်၊ အနေတစ်ခုမှ မပါဘူး၊ ထိုင်ဆဲရုပ်နာမ်ဟာ ထရာမှာ မပါလာဘူး၊ ရပ်ဆဲရုပ်နာမ်ကလည်း သွားရာကို မပါလာဘူး၊ သွားဆဲရုပ်နာမ်ဟာလည်း ရပ်တဲ့ဆီကို မလာပါဘူး၊ ရပ်ဆဲရုပ်နာမ် ကလည်း ထိုင်လိုက်တော့ အကုန်ချုပ်ပျောက်ကုန်တာပဲ၊ ရုပ်နာမ်အစဉ်တွေဟာ အသေချင်းသာ ဆက်နေတယ်လို့ မှတ်လိုက်ကြ။

"ဧကစိတ္တသမာယုကာ"ဆိုတဲ့အတိုင်း တစ်စိတ်ဟာ တစ်သက်ပဲ၊ စိတ်အစဉ်ကလေးတွေ ဝမ်းထဲမှာ ဖြစ်ပျက် ဖြစ်ပျက်နဲ့ တစ်စိတ်တစ်ခါ သေနေတာပဲ။

ဒီအသေဇာတ်ကို သိမ်းဘို့ဆိုတော့ သိမ်းချင်တဲ့စိတ်ရှိရင် ငွယ်ပါတယ်၊ ဘုရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးက ညွှန်ပြတဲ့အတိုင်း လိုက်နာပြီး အားထုတ်ဘို့ပဲရှိမယ်။

ဒုလ္လဘဒေသနာ
တွဲ (၁) စာ (၂၈၈)

## ကိုယ့်မသာကိုယ်လိုက်ပို့ကြ

ခန္ဓာတစ်ခုပေါ်ပြီး ပျောက်သွားတာကို နောက်ကနေ တစ်ဉာဏ်လိုက် (မှန်ပါ) မှီနိုင်သရွေ့ပေါ့ (မှန်ပါ)။

အကုန်မှီရမယ်မဆိုပါဘူး၊ ဘယ်မှီနိုင်လိမ့်မလဲ၊ လက်ဖျောက်တစ်ချက်အတွင်း ရုပ်ကကုဋေငါးထောင်ကျော် နာမ်က ကုဋေတစ်သိန်းကျော်ဖြစ်ပြီး ပျက်ကြတယ်ဆိုတာကို ဘယ်လိုမှီအောင် လိုက်နိုင်ပါလိမ့်မလဲ (မှန်ပါ)။

အဲဒါက ဘုရားဖြစ်ပြီးမှ သဗ္ဗညုတဉာဏ်ကြီးနဲ့ မြင်တဲ့အမြင်ပါ၊ သဗ္ဗညုတဉာဏ်ကြီးနဲ့ မြင်တာကိုပြောတာ၊ မှီအောင်လိုက်ရမယ်လို့ ပြောတာမဟုတ်ဘူး (မှန်ပါဘုရား)။

အဲဒီ ပစ္စုပ္ပန်ခန္ဓာတွေပေါ်ပြီး ပျောက်ကုန်တာကို နောက်ကနေ ဉာဏ်နဲ့လိုက်၊ မှီနိုင်သမျှလိုက် (မှန်ပါဘုရား) ကိုယ့်ခန္ဓာတွေသေတာတွေ့မယ်၊ကိုယ့်အသေကိုယ်မြင်မယ် (မှန်ပါ)။

သူများ သေတာကော့ မသာလိုက် လိုက်ပို့ဖူးကြတယ် (မှန်ပါ) ကိုယ်သေတာကျတော့ မပို့ဖူးကြဘူး (မှန်ပါ) ဉာဏ်နဲ့လိုက်ပို့ရမှာလေ (မှန်ပါဘုရား) အေး... ကိုယ့်မသာကိုယ်လိုက်ပို့ကြ (မှန်ပါ)

ကိုယ့်အသေ ကိုယ်လိုက်လိုက်ကြည့်တာ၊ ဉာဏ်နဲ့ ကြည့်တာ၊ ကိုယ့်အသေကိုမြင်အောင်ကြည့်တာ ဝိပဿနာပေါ့ (မှန်

ပါဘုရား) ဝိပဿနာဆိုတာ ဘာပါလိမ့် (ကိုယ့်အသေကိုယ် မြင်အောင်ကြည့်တာပါဘုရား)

အေးမြင်ဖန်များရင် နောက်ထပ် ဒီအသေမျိုးမလိုချင်တော့ဘူး (မှန်ပါ) မုန်းလာမယ်၊ မုန်းလာလဲ ဆက်ရှုဆက်ရှု (မှန်ပါ) ကြာတော့ ဆုံးသွားတာကို တွေ့လိမ့်မယ် (မှန်ပါ)အေး ...အဲဒီအသေတွေ ဆုံးသည့်တိုင်အောင်ဉာဏ်နဲ့လိုက်ပါ (မှန်ပါဘုရား)

မိုး (၁) စာ (၃၈)

## ဒုက္ခနောက်က မဂ္ဂသစ္စာလိုက်ပါ

ဒကာ, ဒကာမတို့ ... "မဂ်ဆိုတာ သိလုံး ကလေးကိုပြောတာ (မှန်ပါ) မဂ်ဆိုတာဘာပါလိမ့် (သိလုံးက လေးကိုပြောတာပါဘုရား) အေး...သိတဲ့အသိကလေးကို ပြောတာပါ" (မှန်ပါဘုရား)

သိရမှကတော့ ဒုက္ခသစ္စာ (မှန်ပါ) သိရမှာက ဘာပါလိမ့်ဗျာ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ ဘယ်ဟာတွေလဲဆိုတော့ ခန္ဓာပေါ်တာ (မှန်ပါ) ခန္ဓာငါးပါးထဲက တစ်ပါးပါးထင်ထင်ရှားရှားပေါ်တာကို ဆိုတာ (မှန်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာဆိုတာ ခွေးကိုက်လို့နာတာကို ပြော တာမဟုတ် (မှန်ပါ) တုတ်နဲ့ ရိုက်လို့နာတာလဲ မဟုတ် (မှန်ပါ) ကျောက်ပေါက်လို့ ဝေဒနာရတာကိုဆိုတာလဲမဟုတ် (မှန်ပါ) လက်မှာ၊ ခြေထောက်မှာရှနာကြီးတွေပေါက်တာကို ဆိုတာလဲမ ဟုတ် (မှန်ပါဘုရား)

အေး...“ ဒုက္ခသစ္စာဆိုတာ ခန္ဓာပေါ်တာ (မှန်ပါ) ခန္ဓာငါးပါးထဲက တစ်ပါးပါး ပေါ်တာ” (မှန်ပါ ဘုရား)

အေး...အဲဒီတော့ ဒုက္ခသစ္စာကို ဒကာ,ဒကာမတွေက ကျောပေးပြီး မနေလိုက်ကြပါနဲ့၊ သိစရာသူကလာပေးတာကို သိ လုံးကလေးနဲ့ သိလိုက်ကြစမ်းပါ (မှန်ပါဘုရား)။

အဲဒီလို သိလိုက်လို့ရှိရင် “ အညာသိ=သိသွားပြီး” ဆို တာလို ဖြစ်သွားမယ် (မှန်ပါ) အဲဒါကြောင့် ဒုက္ခသစ္စာနောက် က မဂ္ဂသစ္စာလိုက်ဖြစ်အောင် လိုက်ကြစမ်းပါ (မှန်ပါ) သူက “ဟော... ကြည့်ပါဗျ”လို့ လာပြောတာကို ကိုယ်က ကြည့်ဖြစ် အောင်ကြည့်လိုက်ကြစမ်းပါ (မှန်ပါဘုရား)

မိုး (၂) ခါ (၄၅၃)

# ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ ကူးပုံ

ကိုယ်စရိုက်နဲ့လိုက်တဲ့ ကမ္မဋ္ဌာန်းကို ရွေးရှုပါ၊ (မှန်ပါ) ရုပ်ကြုံက်ရုပ်ရှု၊ ဝေဒနာကြုံက်ဝေဒနာရှု၊ စိတ်ကြုံက်စိတ်ရှု (မှန်ပါဘုရား) ရှုဖန်များလာရင် ခန္ဓာထဲမှာ ဖျပ်ဖျပ် ဖျပ်ဖျပ် နဲ့ လာမယ်(မှန်ပါ) ဟိုကရွရွ ဒီကရွရွနဲ့လာမယ် (မှန်ပါ) ဟိုစိတ်ကလေးပေါ်လာ၊ ဒီစိတ်ကလေးပေါ်လာနဲ့ မလာပေဘူးလား (လာပါမယ် ဘုရား)

အဲဒါလေးတွေက ဘာလဲဆိုရင် အနိစ္စကလေးတွေ၊ ဒုက္ခကလေးတွေ အနတ္တကလေးတွေပဲ (မှန်ပါ) အကျဉ်းချုံးယင် ဖြစ်ပျက်ပဲ (မှန်ပါ ဘုရား) "ဖြစ်ပျက်ကို ရှုပါ"လို့ ဆရာဘုန်းကြီးက သတိပေးတယ် (မှန်ပါ)

ရှုဖန်များလာတော့ ဉာဏ်ရင့်လာမယ် ၊ဝိပဿနာဉာဏ်ရင့်လာမယ် (မှန်ပါဘုရား) ရင့်လာလဲ ဆက်ရှုမရပ်နဲ့ ဆက်ရှု (မှန်ပါ) ရှုဖန်များတော့

| | |
|---|---|
| ပရိပက္ကာ | ကမေနေဝံ |
| ပရိဘာဝိတာ | ဘာဝနာ |
| ပရိစ္စဇန္တိ | သင်္ခါရေ။ |
| ပက္ခန္ဒတိ | အသင်္ခတေ။ |

ဖေ- ဤနည်းအားဖြင့် ကမေန အစဉ်အတိုင်း ပရိဘာဝိ တဘာဝနာပွားများအားထုတ်အပ်သည့် ဝိပဿနာ ဘာဝနာဉာဏ်သည် ပရိပက္ကာ ရင့်ကျက်လာသည်။ သမာနှာ= ဖြစ်လတ်သော် သင်္ခါရေ ဖြစ်ပျက် ဖြစ်ပျက် သင်္ခါရ တရားတို့ကို ပရိစ္စ ဇန္တိ-စွန့်ခွာလျက် ၊အသင်္ခတေ=ဖြစ်ပျက်ဖြစ်ပျက်တွေမရှိရာ အသင်္ခတ နယ်ထဲသို့ ၊ ပက္ခန္ဒတိ ပြေးဝင်သွားတော့၏ တဲ့။

ဒါဟာ နာမရူပ ပရိစ္ဆေဒကျမ်းက လာတာ (မှန်ပါဘုရား) ဖြစ်ပျက်တွေ ပြင်ဖန်များတော့ဉာဏ်တွေရင့်လာမယ် (မှန်ပါ) အဲဒါဆက်ရှုတော့ ဉာဏ်တွေက ဖြစ်ပျက်တွေကို စွန့်ခွာလိမ့်မယ် (မှန်ပါ) ဖြစ်ပျက်တွေကို တွန်းခွာလိုက်သလို လုပ်ပြီးတော့ အဲဒီဉာဏ်ဟာ " ပက္ခန္ဒတိအသင်္ခတေ" တဲ့ ဖြစ်ပျက်တွေမရှိတဲ့ နယ်ထဲသို့ ပြေးဝင်သွားလိမ့်မယ်တဲ့ (မှန်ပါဘုရား)

"ဖြစ်ပျက်မရှိတဲ့ နယ်"ဆိုတာ နိရောဓသစ္စာ နိဗ္ဗာန် ကို ပြောတာ (မှန်ပါ) အဲဒီနိရောဓသစ္စာနယ်ထဲသို့ ဉာဏ်ကပြေးဝင်သွားတယ် (မှန်ပါ) အဖြောင့်ပြောရရင်တော့ အဖြစ်အပျက်မရှိတဲ့ နိရောဓသစ္စာ (နိဗ္ဗာန်)နဲ့ဉာဏ်နဲ့သွားတည့်နေတယ် (မှန်ပါဘုရား) ရှေ့ပိုင်းမှာ ဖြစ်ပျက်တွေမြင်နေတုန်းက လောကီဝိပဿနာဉာဏ် (မှန်ပါ့) နောက်ကျတော့ ဉာဏ်တွေရင့်လာပြီး အဖြစ်အပျက်မရှိတဲ့ နိရောဓသစ္စာကို မြင်နိုင်လာတယ်။ (မှန်ပါဘုရား) အဲဒီကျတော့ လောကုတ္တရာ မဂ်ဉာဏ် (မှန်ပါ) အဲဒါ

ဟာ ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ကူးပြောင်းသွားခြင်းပဲ (မှန်ပါဘုရား)

မိုး(၅) ဓာ (၃၁၆)

# မဂ္ဂင်ငါးပါးနဲ့ ရှုရမှာ

"ဝိပဿနာ ရှုတယ်" ဆိုတာ အရှုခံတရားပေါ်မှာ ရှုဉာဏ်များနဲ့ ရှုရတာပါပဲ (မှန်ပါ ) အဲဒီလိုရှုတဲ့ အခါမှာ "မဂ္ဂင်ဘယ်နှစ်ပါးနဲ့ရှုရမှာလဲ" တဲ့ (မှန်ပါ )အဖြေကတော့ ငါးပါးနဲ့ရှုရမယ် (မှန်ပါဘုရား)

အဲဒီ"အရှုခံတရား"ဆိုတာက အကျဉ်းအားဖြင့်ပြောရရင် ရုပ်နဲ့နာမ်ပဲ (မှန်ပါ့) ရုပ်ကြိုက်ရင် ရုပ်ရှု၊ နာမ်ကြိုက်ရင် နာမ်ရှု (မှန်ပါဘုရား)။

အဲဒီရုပ်နဲ့ နာမ်ကို နည်းနည်းချဲ့ ပြောရင်ခန္ဓာငါးပါး၊ (မှန်ပါ) ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ပေါ့ (မှန်ပါဘုရား) ဒါတွေဟာအရှုခံတရားတွေပဲ (မှန်ပါ)။

တကယ်ရှုပြီဆိုရင်တော့ ငါးပါးလုံးကို တစ်ပြုံကြီး၊ တစ်အုံကြီး ရှုရမှာမဟုတ်ပါဘူး (မှန်ပါ) ကြိုက်ရာတစ်ခုခုရွေးရှု

ရတာပါ (မှန်ပါဘုရား)။

အဲ... ရှုညာဏ်များအကြောင်းကတော့ အမြဲတမ်းငါးပါးပဲ (မှန်ပါ) ဘယ်သူတွေလဲဆိုရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ ငါးပါးပဲ (မှန်ပါဘုရား)။

ဒီငါးပါးကို လောကီမဂ္ဂင်ငါးပါးလို့ခေါ်တယ်၊ ဝိပဿနာညာဏ်လို့လည်းခေါ်တယ်၊ ယထာဘူတညာဏ်လို့လည်း ခေါ်တယ်၊ ပုဗ္ဗဘာဂမဂ်လို့လဲခေါ်တယ်၊ ပဋ္ဌဂိက မဂ်လို့လဲခေါ်တယ် (မှန်ပါ) ဒီငါးပါးနဲ့ရှုကြရပါမယ် (မှန်ပါဘုရား)။

မဂ္ဂင်ဆိုတာက ရှစ်ပါးရှိတယ် မဟုတ်လားတဲ့၊ အဲဒီလိုစာဒက တက်ကြတယ် (မှန်ပါ) အိုး... ရှစ်ပါးရှိပေမယ့် ရှစ်ပါးလုံးအလုပ်လုပ်ကြတာမဟုတ်ဘူး၊ နိဗ္ဗာန်ရဖို့အလုပ်လုပ်တာကဒီငါးပါးပဲ (မှန်ပါ) အဲဒါကြောင့် ဒီငါးပါးကို အဋ္ဌကထာဆရာများက **"ကာရကမဂ္ဂင်"** လို့တောင် နာမည်ပေးကြတယ် (မှန်ပါ) အေး... ဒီကာရက မဂ္ဂင်ငါးပါးနဲ့ရှုကြရပါမယ် (မှန်ပါဘုရား)။

နောက်တစ်နည်းအားဖြင့် တရားရှုခါစ ပုထုဇဉ်များသန္တာန်မှာ ဒီငါးပါးပဲ ကိန်းနိုင်ပါတယ် (မှန်ပါ) မဂ္ဂင်ရှစ်ပါးလုံး မကိန်းနိုင်ပါဘူး (မှန်ပါ)။

အဲဒါကြောင့် မဂ္ဂင်ရှစ်ပါး ရှိပေမယ့် ရှစ်ပါးလုံးနဲ့ မရှုရ၊

ဒီငါးပါးနဲ့ပဲရှုကြရပါမယ် (မှန်ပါဘုရား)။

(ပစ္စုပ္ပန်ကမ္မဋ္ဌာန်းနှင့်အဗ္ဘင်္ဂကမ္မဋ္ဌာန်းအခန်း)

## အရှုခံပေါ်ခိုက် ရှုဉာဏ်မပေါ်နိုင်

"အဖြစ်"ကို မမိလိုက်ပေမဲ့ ရှိစေတော့၊ "အပျက်"ကိုတော့ ဖြင့်မိအောင်ရှုရပါမယ် (မှန်ပါ) ဘာဖြစ်လို့တုံးဆိုတော့ "အဖြစ်ကိုမမိချင်ရှိပါစေတော့" ဆိုတာ၊ (အရှုခံတရား) ဖြစ်ပေါ်နေတုန်းမှာ (ရှုဉာဏ်တရားများ) ဖြစ်ခွင့်မရဘူး (မှန်ပါ)။

ဝေဒနာအရှုခံတရားကလဲ (နာမ်) မဂ္ဂင်ငါးပါးရှုဉာဏ်များကလဲ (နာမ်) ဆိုတော့ (နာမ်) တရားတို့မည်သည် တစ်ချိန်တည်း တပြိုင်နက် ၂ ခုပြိုင်၍ ဖြစ်ရိုးမှမရှိဘဲ (မှန်ပါ)။

ဒါကြောင့် သူက (အရှုခံတရားများက) ပျက်သွားလို့မရှိတဲ့အချိန်ကျမှ ဒီရှုဉာဏ်ပေါ်လာရတာကိုး (မှန်ပါဘုရား) အရှုခံတရားဝေဒနာလေးကဖြစ်ပြီးပျက်သွားတော့မှရှုတဲ့ဉာဏ်ကပေါ်လာခွင့်ရတာကိုး (မှန်ပါ) ဒီတော့မရှိတာကိုဘဲ တွေ့ရတော့မှာပေါ့ (မှန်ပါဘုရား)။

ရှုဉာဏ်ပေါ်လာတဲ့အချိန်မှာ ညှော်သည်ဖြစ်တဲ့ဝေဒနာကမရှိဘူး (မှန်ပါ) အဲဒီမရှိတာကိုပဲသိရမှာ (မှန်ပါ)အဲဒီမရှိတာကို သိရင်ပဲတော်ပြီ (မှန်ပါဘုရား)။

ဒါဖြင့်ညွှဲသည်မရှိတာက အနတ္တ၊ မရှိမှန်းသိတာက မဂ္ဂ၊ (မှန်ပါ) မင်ဆိုတာ ဒီလိုယူရမှာ၊ မရှိတာကိုသိမှ မဂ် ပေါ်တယ် (မှန်ပါ)။

## ရှေ့ပိုင်းကသိရုံမျှ၊ နောက်ပိုင်းကျမှဝိပဿနာ

ဒကာ,ဒကာမတို့... ညွှဲသည်လာတိုင်း ညွှဲသည် လာတိုင်း သိ သိနေရမှာ (မှန်ပါ) မသိရင် မဂ်မဖြစ်ဘူး (မှန်ပါ) မဂ်မဖြစ်သင် ပဋိစ္စသမုပ္ပါဒ်ဆက်လိမ့်မယ် (မှန်ပါဘုရား)။

သုခဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာဥပါဒါန်၊ ဥပါဒါနပစ္စယာကမ္မဘဝေါ လို့ပဋိစ္စသမုပ္ပါဒ် တန်းသွားလိမ့်မယ် (မှန်ပါဘုရား)။

ညွှဲသည်ဝေဒနာကွန္ဒာလာတာကို မသိတဲ့အတွက် ဝေဒနာပစ္စယာ တဏှာ ဥပါဒါန်ကံတွေဆိုပြီးတော့ အနာဂတ် အကြောင်းတွေ ဖြစ်ကုန်မယ် (မှန်ပါဘုရား) ဒါကြောင့်မြတ်စွာ ဘုရားက–

သုခံဝါ ဝေဒနံ ဝေဒယာမာနော–

"သုခံဝါ ဝေဒနံ ဝေဒယာမိ" တိ ပဇာနာတိ။

သုခဝေဒနာ ညွှဲသည်ပေါ်လာတဲ့အခိုက်မှာ "သုခဝေဒနာညွှဲ သည်ကလေးပေါ်နေတယ်" လို့ သိပေးတဲ့၊ ပထမရှေ့ပိုင်းအဖြေ နဲ့ သိရုံသိပေးပါတဲ့။ အလားတူပဲ

ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော–

"ဒုက္ခံ ဝေဒနံ ဝေဒယာမိ" တိပဇာနာတိ။

"ဒုက္ခဝေဒနာ ခံစားသည်လေးပေါ်လာတဲ့အခါမှာလည်း ဒုက္ခဝေဒနာခံစားသည်ကလေးပေါ်နေတယ် လို့သိပေးတဲ့၊ ထို့အတူ

ဥပေက္ခံ ဝါ ဝေဒနံ ဝေဒယမာနော–

"ဥပေက္ခံ ဝေဒနံ ဝေဒယာမိ" ပဇာနာတိ။

ဥပေက္ခာဝေဒနာ ခံစားသည်ပေါ်တာကိုလဲ "ဥပေက္ခာဝေဒနာခံစားသည်ကလေးပေါ်တာ" လို့ သိပေးပါတဲ့၊ ပထမပိုင်းအနေနဲ့ သိရုံပဲသိပေးပါ (မှန်ပါ) နောက်ပိုင်းကျတော့မှ–

သမုဒယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟာရတိ၊

ဝယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟာရတိ တဲ့။

အဲဒီခံစားသည်ဝေဒနာကလေးတွေ ဖြစ်ပေါ်လာတာ ပျောက်ပျက်ကုန်တာ၊ မွေးဖွားလာတာသေသေကုန်တာကိုပါ သိအောင်လုပ်ပြီးနေပါတဲ့။

အဲဒီကျမှ ဝိပဿနာဖြစ်တယ် (မှန်ပါ) သုခ၊ဒုက္ခ၊ ဥပေက္ခာ ဝေဒနာကိုမတွေ့ရတော့ဘဲ အဖြစ်အပျက်ကိုသာတွေ့အောင်ရှုရမယ် (မှန်ပါ) အဲဒီကျမှ ဝိပဿနာဖြစ်တယ် (မှန်ပါ ဘုရား)။

အဖြစ်အပျက်ကို တွေ့နေပြီဆိုရင် ဆက်ရှု၊ ကြာတော့ မုန်းလာလိမ့်မယ် (မှန်ပါ) မုန်းလာလဲဆက်ရှုနောက်တော့

အဖြစ်အပျက်တွေဆုံးသွားတဲ့ နိဗ္ဗာန်ကိုတွေ့ရလိမ့်မယ် (မှန်ပါ) အဲဒီကျမှပဲ သောတာပန် အဆင့်အောင်မြင်ပြီလို့ ဆိုရမယ် (မှန်ပါဘုရား)။

(မိုး ၂၄ စာ ၄၀၈)

## ကိုယ်ဉာဏ်နဲ့ထိုးထိုးထွင်းထွင်း သိတာယူ

ခန္ဓာငါးပါးတစ်ပါးပါးကို ဘာလုပ်ရမယ် (ဝိပဿနာ ရှုရပါမယ်ဘုရား) ခန္ဓာငါးပါးဘာသစ္စာ (ဒုက္ခသစ္စာပါ)။

အို ... ဒါကဆရာပြောလို့ သိတာပဲ ရှိသေးတယ်၊ ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်းမသိသေးပါဘူး (မှန်ပါ) ဘယ်လိုသိရမလဲ (ကိုယ့်ဉာဏ်နဲ့ထိုးထိုးထွင်းထွင်းသိရပါမယ်)။

အေး ... လက်တွေ့ပြပါမယ်၊ ကိုယ့်လက်မောင်းကို ကိုယ့်လက်သည်းနဲ့ ဆိတ်ကြည့်ပါ (မှန်ပါ) ကဲ... အခုပဲဘယ်ဘက်လက်မောင်းကို တန်းလိုက် (မှန်ပါ) ညာဘက်လက်သည်းနဲ့ ဆိတ်ကြည့်ပါ( မှန်ပါ)။

နာကျင်တဲ့ ဝေဒနာမပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား) ဒုက္ခဝေဒနာပေါ့ဗျာ (မှန်ပါ) မဆိတ်ခင်တုန်းက သုခ ဝေဒနာ (မှန်ပါ) ဆိတ်လိုက်တော့ (ဒုက္ခဝေဒနာပေါ်ပါတယ် ဘုရား)။

သုခဝေဒနာလဲဖြစ်ပြီးပျက်၊ ဒုက္ခဝေဒနာလဲဖြစ်ပြီး ပျက်ပဲ (မှန်ပါ) ဒီတော့သူတို့ဟာ အသုဘ (မှန်ပါ) ခင်ဗျားတို့က

ပုပ်ညှီနေမှ အသုဘလို့ ထင်ကြတာ (မှန်ပါ)၊ ဒီလိုမယူလိုက်ပါနဲ့တဲ့ (မှန်ပါဘုရား) "အံမယ်လေးနာလှချည့်ရဲ့"လို့ အော်နေရမှ ဒုက္ခလို့ ဒုက္ခသစ္စာလို့၊ ဒီလိုမယူလိုက်ပါနဲ့တဲ့...(မှန်ပါ)

ဖြစ်ပျက်နေတာသည်ပင် ဒုက္ခ၊ သူတို့သည်ပင် မတင့်တယ် လို့ အသုဘ (မှန်ပါ) သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ် ဥပေက္ခာဖြစ်ဖြစ်၊ သူတို့တွေဟာဖြစ်ပျက်နေကြတယ်ဆိုရင် ဒုက္ခပေါ့ (မှန်ပါ) အဲဒီဒုက္ခဟာ အသုဘပေါ့ (မှန်ပါ) အဲဒီလိုယူပါ (မှန်ပါဘုရား) ဒါဆိုရင် ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း သိတာပဲ (မှန်ပါဘုရား)။

မိုး (၅)စာ (၅၂၂)

## စိတ္တာနုပဿနာရှုပုံ

ဒကာ, ဒကာမတွေ ဒီနေ့အလုပ်တရားကိုရှေ့ပိုင်းကပေးရမယ်၊ ပြီးတော့မှ အလုပ်တရားပေးပုံကို ရှင်သာရိပုတ္တရာ ဆိုတဲ့ ရဟန္တာကြီး၊ ရှင်ကောဏ္ဍညဆိုတဲ့ ရဟန္တာကြီးနှစ်ပါးက ဒီလို လုပ်လို့ရှိရင်မအို,မသေ,အမြဲနေတဲ့ နိဗ္ဗာန်ရောက်ပါတယ်ဆိုတာ သူတို့ကရဟန္တာနှစ်ပါးအမေးအဖြေလုပ်ပြီး သကာလထောက်ခံ ချက်ပေးမယ်... (မှန်ပါ့)။

အဲဒီတော့ ဒကာ, ဒကာမတွေ နိဗ္ဗာန်ရောက်တရားဟာ ရောက်ပြီးသား ကိုယ်တော်နှစ်ပါးက ထောက်ခံချက်ပေးပြီး ဒီလို လုပ်ရင်ရပါတယ်ဆိုတာ သေသေချာချာပြောတယ် (မှန်ပါ)။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်ဆိုတော့ ခင်ဗျားတို့သိပြီးသား ကိုယ်တော်တိုင်ပြောတာကိုခေါ်တယ်နော်... (မှန်ပါ့) ကိုင်းဒါဖြင့်ပြောကြပါစို့၊ဒကာ,ဒကာမတွေသန္တာန်မှာစိတ်ဆိုတာ ရှိ ပါတယ်။ စိတ်ဆိုတာသည်.. ဒကာ, ဒကာတွေမှာ တခါ တလေလည်း မြင်စိတ်ပေါ်တယ်လို့မရှိဘူးလား (ရှိပါတယ် ဘုရား) ဒီ မြင်စိတ်လည်း ဂရုစိုက်ရလိမ့်မယ်နော်... (မှန်ပါ့)။

တခါတလေလည်း ကြားစိတ်ပေါ်တယ်ဆိုတာလည်း ရှိ တယ်၊ မရှိပေဘူးလား... (ရှိပါတယ်ဘုရား) တခါတလေကျ တော့ မွှေးတာ၊ နံတာကလေးသိတဲ့ စိတ်ကလေး၊ နှာခေါင်းအစုံ

ပေါ်တဲ့ စိတ်ကလေး (ရှိပါတယ်ဘုရား)။ ဒါလည်းတရားလို့ မှတ်ကြနော်၊ ပေါ်တာကိုသိမှ ပျက်တာသိမှာကိုး (မှန်ပါ့)။

လျှာအလယ်မှာချိုတယ်၊ ချဉ်တယ်၊ ဖန်တယ်၊ ငန်တယ် ဆိုတဲ့ စားစိတ်ကလေးဟာ လျှာအလယ်မှာပေါ်တယ်၊ ဒါကစား စိတ်ကလေးပေါ့ဗျာ (မှန်ပါ့) ကိုယ့်ကျတော့ကို ဆံဖျားခြေသီး ဖျား၊ အရေချောက်ချန်ပြီး ကျန်တဲ့နေရာမှာလည်း တခါတလေ နာကျင်ကိုက်ခဲတဲ့ စိတ်ကလေးလည်း၊ ယားနာတဲ့စိတ်ကလေး လည်း ပေါ်တတ်တယ် (မှန်ပါ့ဘုရား)။

တခါတလေကျတော့ ချမ်းသာတဲ့စိတ်ကလေးတွေ လေပြေ လေညှင်းတိုက်လို့၊ မီးလှုံလို့ချမ်းသာတဲ့ စိတ်ကလေးတွေလည်း ကိုယ်ပေါ်မှာ ပေါ်တတ်တယ်... (မှန်ပါ့) ကိုယ်ပေါ်မှာတော့ ချမ်းသာတဲ့စိတ်၊ ဆင်းရဲတဲ့စိတ်နှစ်မျိုးပေါ်တယ်... (မှန်ပါ) ငါး မျိုးရှိသွားပြီနော်... (မှန်ပါ့)။

ချမ်းသာလည်းရှုပေါ့လေ... ဆင်းရဲလည်းရှုပေါ့၊ အလုပ် သမား ဒကာ, ဒကာမတွေသေသေချာချာ မှတ်ရလိမ့်မယ်။ အခု ပြောပြီးတာမြင်စိတ်ရယ်၊ ကြားစိတ်ရယ်၊ နံစိတ်ရယ်၊ စား စိတ်ရယ်၊ ယားယံကောင်းစိတ်ရယ်၊ (မှန်ပါ့)ဒါအပြင်ဘက်မှာ ပေါ်သောကြောင့်၊ အပြင်ဥည့်သည်ငါးယောက် (မှန်ပါ့)။

အပြင်ဧည့်သည် ငါးယောက်လို့ ဘုရားဘုန်းကြီးက ဆိုင်း ဘုတ်ဆွဲပေးလိုက်တယ်ဆိုတော့ ဒါဟာပေါ်ချင်တဲ့အချိန်မှာပေါ်

တာဖြစ်သောကြောင့် အမြဲပေါ်တာမဟုတ်ဘူး... (မှန်ပါ့)။ အရှုခံတရားတွေသိအောင်လို့ ပြောပေးနေပါတယ် (မှန်ပါ့)။

တစ်ခါဒါကဝမ်းထဲပေါ်တဲ့ ညှော်သည်ပြောကြဦးစို့၊ ဝမ်းထဲပေါ်တဲ့ ညှော်သည်ကတော့ တခါတလေကျတော့လည်း လိုချင်တဲ့လောဘစိတ်ကလေးပေါ်တယ်၊ ဒါလည်းတစ်ခါတလေကျမှပေါ်တာ... (မှန်ပါ့) ဝမ်းထဲမှာတစ်ခါတလေကျတော့လည်း အလိုမကျတဲ့ ဒေါသစိတ်ကလေးများလည်း ပေါ်ချင်ပေါ်နေတာ (မှန်ပါ့) တခါတလေကျတော့ သံသယရှိတယ်၊ စိတ်ပျံ့လွင့်တယ်ဆိုတဲ့မောဟကော... (ပေါ်ပါတယ်ဘုရား)။

ဝမ်းထဲမှာ အကုသိုလ်ဘက်ကသုံးခုပေါ့ဗျာ ... (မှန်ပါ့) ကုသိုလ်ဘက်ကတော့ တစ်ခါတလေကျတော့ပေးချင်၊ ကမ်းချင်တဲ့အလောဘစိတ်ကလေးလည်းပေါ်တယ်၊ ပေးချင်ကမ်းချင်တဲ့စိတ်ဟာအလောဘစိတ်လို့ သိလိုက်(မှန်ပါ့) တစ်ခါတလေကျတော့ မေတ္တာရှိတဲ့စိတ်ကလေးကောမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒါကအဒေါသစိတ်လို့ သိလိုက်ပါ၊ အဒေါသစိတ်ဆိုတာသူများမပြစ်မှားတဲ့ စိတ်ပေါ့လေနော် ... ကရုဏာထားတဲ့စိတ်၊ မေတ္တာထားတဲ့စိတ်ဟာ အဒေါသစိတ်ပဲ... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဝမ်းထဲမှာ ခြောက်မျိုးပေါ့ဗျ၊ ဒါလည်းအတွင်းညှော်သည်ခြောက်ယောက်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)အပြင်

ညှော်သည်ကလည်း ခြောက်ဆိုလည်းဟုတ်တာပဲ၊ ငါးဆိုလည်း ဟုတ်တာပဲ နော် ...(မှန်ပါ) ကိုယ်ပေါ်မှာ သုခ,ဒုက္ခနဲ့ဆိုတော့ အပြင်ညှော်သည်က ခြောက်ထားလိုက်ပါဦးတော့ ... (မှန်ပါ) အတွင်းက ခြောက်ဆိုတော့ ညှော်သည် ဆယ့်နှစ်ယောက်မရှိ ဘူးလား (ရှိပါတယ်ဘုရား)။

ကျုပ်တို့က ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ခြော် ... ကြုံတဲ့ အခါရှုဘို့ပဲ၊ ဒီဆယ့်နှစ်ခုကို ရှင်းကြပြီလား...(ရှင်းပါပြီဘုရား) ဆယ့်နှစ်ခုကတော့ ကြုံတဲ့အခါရှုဘို့ပဲ(မှန်ပါ)။

ဒါဖြင့်မကြုံတဲ့အခါကျတော့ ဘယ်လိုရှုရမလဲဘုရား ... လို့ဆိုတော့ အို... သက်စောင့်ရှိသေးတယ်လို့ပြောရမယ် (မှန် ပါ) သက်စောင့်ကဘာပါလိမ့်မတုံးဆိုတော့ လေကိုထုတ်တဲ့စိတ် ကလေး၊ အဲဒါမသေအောင် စောင့်တာပဲ၊ သတ္တဝါတို့ သုဿန် မပို့ရအောင်စောင့်နေတဲ့စိတ်မှတ်မိပြီလား (မှတ်မိပါပြီဘုရား)။

တခါ...လေပြန်ရှုတဲ့စိတ်၊ ဒီစိတ်ကလေး နှစ်ခုကတော့ ခုနကညှော်သည်ဆယ့်နှစ်ယောက် မရှိလို့ရှိရင် သူတို့နှစ်ခုက အသက်စောင့်နေတယ် ... (မှန်ပါ) ဒါဖြင့်အားလုံး ဆယ့်လေး ယောက်ကျသွားတယ်၊ ရှင်းကြပြီလား (ရှင်းပါတယ်ဘုရား)။

ဒါသေသေချာချာမှတ်ပါနော်...၊အရှုခံတရားကအပြင်ညှော် သည်ခြောက်၊ အတွင်းညှော်သည်က (ခြောက်ယောက်ပါဘုရား) အိမ်သည်က (နှစ်ယောက်ပါဘုရား)။ ကောင်းပြီ... ဒါတွေက

စိတ်တရားချည်းလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)ဒီစိတ် တွေကို ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက အပြင်ဆွဲသည်လာလို့ရှိရင် လည်း...ဒါစိတ်လို့ပဲ ရှေးဦးစွာမှတ်လိုက်တဲ့ စိတ်ဆိုတာ နာမ် ဓမ္မလို့မှတ်တော့ဒြော် ...နာမ်ပဲဆိုတာသေချာတယ်...(မှန်ပါ့)။

စိတ်ဟူသည်ဟာလည်း ရုပ်ပေါ်မှာ ပေါ်ရသည်ဖြစ်သော ကြောင့် ဒြော် ... စိတ်ဟာဘယ်သူ့အပေါ် ပေါ်ပါလိမ့်မတုံးဆို တော့၊ ရုပ်ပေါ်မှာပေါ်ရတယ်... (မှန်ပါ့)။ ဒါဖြင့်စိတ်ကနာမ်၊ အောက်ကသူ့အခံက ရုပ်ပေါ့ဗျာ... (မှန်ပါ့) နာမ်ရုပ်လည်း ရှင်း တယ်နော် (ရှင်းပါတယ်ဘုရား)။

မျက်လုံးစိတ်ဆိုလို့ရှိရင် မျက်လုံးရုပ်ပေါ်မှာပဲ (မှန်ပါ့) အဲဒီတော့ နာမ်ရုပ်ပေါ့ဗျာ။ နားစိတ်ဆိုလို့ရှိရင်လည်း နားရုပ် ပေါ်မှာနားကြားတဲ့ စိတ်ပေါ်မှာပဲ (မှန်ပါ့)ဒီတော့ နာမ်ရုပ်ခွဲစရာ လိုသေးသလား... (မလိုပါဘုရား)။

သူ့နေရာနဲ့သူတွဲလျှက် တွဲလျှက်ပေါ်နေတယ်ဆိုတာ သိ ပြီးသားပဲ (သိပြီးသားပါဘုရား) ရှင်းသွားတယ်၊ (မှန်ပါ့-ရှင်း ပါတယ်ဘုရား) သေသေချာချာမှတ်ပါနော်... (မှန်ပါ့) အဲဒီ တော့ အခုဆယ့်နှစ်ခုဟာဟဒယဝတ္ထုပေါ်မှာချည့်အလှည့်ကျနဲ့ ပေါ်နေကြတာပဲ(မှန်ပါ့) ဒီတော့ရုပ်ပေါ်မှာ နာမ်ပေါ်တာပဲဆိုတာ မသေချာဘူးလား ... (သေချာပါတယ်ဘုရား)။

ကောင်းပြီ ... ရှုစိတ်နဲ့ ရှုံက်စိတ်ကကောလို့ မေးတော့

လည်းသူလည်း ဟဒယဝတ္ထုပေါ်မှာ ပေါ်ကြတယ်ဆိုတော့ ဩော် ... ရုပ်ပေါ်မှာ နာမ်ပေါ်တယ်ဆိုတာသေချာပြီ... (သေချာပါပြီ ဘုရား)ဒါဖြင့် ဒကာ,ဒကာမတွေသန္တာန်မှာဘာသာလျှင်ရှိသတုံး လို့မေးတဲ့အခါ ဘာပေါ်ပေါ်ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့် နာမ်ရုပ်ပေါ်တာပဲ... (မှန်ပါ့) နာမ်ရုပ်ပဲရှိတယ်။

ဘာပေါ်ပေါ်ဘယ်နဲ့ဆိုမလဲ...(နာမ်ရုပ်ပဲရှိပါမယ်ဘုရား) ဒါဖြင့် မြင်တာလည်း နာမ်ရုပ်ကမြင်တာ၊ ကြားတာကော (နာမ်ရုပ်ကကြားတာပါဘုရား)။ ဒါဖြင့်နာမ်ရုပ်အထူးခွဲစရာလို သေးသလား (မလိုပါဘုရား) ရှင်းသွားပြီးတဲ့၊ ဒါ စိတ္တာနုပဿ နာ ဟောမလို့ ရှေးဦးစွာနာမ်ရုပ်ကို ဝေဖန်လိုက်တာ...(မှန်ပါ့)။

ဒါဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ရပြီ (မှန်ပါ့) နာမ်ရုပ်ပိုင်း ခြားသိတဲ့ ဉာဏ်မရသေးဘူးလား (ရပါပြီ) ရပြီလို့ဒကာ,ဒကာမ တွေကမှတ်လိုက်တာပေါ့။ ဒါဟာဒကာ,ဒကာမတွေနောက်တော့ အလုပ်တွေချည်းပြောမှာ ဖြစ်နေတော့ဒါဟာ ဩော် ... ရှုစရာ တွေဟာဒီဆယ့်လေးခုထက် ပိုမရှိပါကလားဆိုတာမှတ်ရုံပေါ့... (မှန်ပါ့) ဒါသေသေချာချာမှတ်ထားကြပါ(မှန်ပါ့)။

ကိုင်းဒါဖြင့်နာမ်ရုပ်ခွဲပြီးတော့အကြောင်းအကျိုးခွဲရဦးမယ် လို့မဆိုရပေဘူးလား ... (ဆိုပါတယ်ဘုရား)။

အကြောင်း အကျိုးခွဲတော့ ဒီမှာသိသာနေဟာပဲ၊ မျက်လုံး စိတ်ကလေးဟာအဆင်းနဲ့မျက်လုံးရုပ်နဲ့ မပေါင်းမိပဲနဲ့မြင်စိတ်

ပေါ်ပါ့မလား ... (မပေါ်ပါဘုရား)။

ဒါဖြင့်ဒီမြင်စိတ်ကလေးဟာ ဒကာ,ဒကာမတို့အာရုံရယ်၊ ဒွါရဆိုတဲ့ အကြည်ရုပ်ကလေးနှစ်ခု တိုက်ဆိုင်မိလို့ပေါ်လာတာ...(မှန်ပါ့)နားကျတော့ကော... (နှစ်ခုတိုက်ဆိုင်မိလို့ကြားစိတ်ပေါ်တာပါဘုရား) အသံကကြားရုပ်နဲ့ တိုက်မိလို့ (မှန်ပါ့ဘုရား)။ နာမ်ရုပ်အကြောင်းအကျိုးသိပြီ (မှန်ပါ့ဘုရား)။

ဒီအတိုင်းသွားလိုက်တော့..ဩော်..စိတ်ဖြစ်ခြင်းအကြောင်းလည်းဒို့သိပြီ၊ နှစ်ခုတိုက်လို့ ပေါ်တဲ့စိတ်တွေပဲဆိုတော့ ဒါကဝိစိကိစ္ဆာသတ်လိုက်တာ၊ ခုနကနာမ်ရုပ်ခွဲလိုက်တာက ဒိဋ္ဌိသတ်လိုက်တာ(မှန်ပါ့)။

နာမ်နဲ့ရုပ်သာရှိတယ်ဆိုတော့ ဒိဋ္ဌိမသေသေးဘူးလား ... (သေပါတယ်ဘုရား) အလိုလိုပေါ်တာလား၊ အကြောင်းနှစ်ခုတိုက်ဆိုင်လို့ပေါ်တာလား...(အကြောင်းနှစ်ခုတိုက်ဆိုင်လို့ပေါ်တာပါဘုရား)။

ဒါကျတော့သူ့အလိုလိုပေါ်တာလား၊ ဘယ့်နဲ့ကြောင့်ပေါ်ပါလိမ့်မတုံးဆိုတဲ့ သံသယလာသေးရဲ့လား (မလာပါ)။ ဒါဖြင့်ဝိစိကိစ္ဆာက သေသောကြောင့် ဒါသည်ဒကာ,ဒကာမတွေ မှတ်လိုက်ပါ၊ နှစ်ဉာဏ်ရသွားပြီ... (မှန်ပါ့)။

ပွားဉာဏ်မပါသေးဘူး...(မပါသေးပါဘုရား) ဒါသိဘို့

ဟောနေတယ် အလုပ်လုပ်မည့်ပုဂ္ဂိုလ်တွေက သေသေချာချာ မှတ်...(မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား) ကောင်းပြီ... ဒါ ဖြင့်နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ နှစ်ဉာဏ် ရ သွားပြီ (မှန်ပါ့)။

နှစ်ဉာဏ်ရပြီး နောက်ကျတော့ဖြစ်ပျက်ရှုတဲ့သမ္မသန ဥဒ ယဗ္ဗယလို့ ဆရာဘုန်းကြီးကသင်ဘို့လိုတယ်နော်... (မှန်ပါ့) ဒကာ, ဒကာမတွေမှတ်ထားဘို့ပါပဲ...တဲ့၊ မိလိန္ဒမင်းကြီးက မေးကယ်၊ ဝိပဿနာရှုနည်းကလေး တပည့်တော်အမိန့်ရှိစမ်း ပါ၊ တပည့်တော်လည်း နိဗ္ဗာန်ရောက်ကြောင်းလုပ်ချင်တဲ့ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်အပါအဝင်ပါပဲလို့ရှင်နာဂသိန်ကိုမေးတယ် (မှန်ပါ့)။

မိလိန္ဒမင်းကြီး မေးလိုက်တဲ့အခါကျတော့ ရှင်နာဂသိန်က ဒကာကြီး တောထဲမှာသစ်တွေ ကျူးတွေမရှိဘူးလား...တဲ့ (ရှိ ပါတယ်ဘုရား)အဲ...သစ်တွေ ကျူးတွေဟာ သူတို့စားချင်တဲ့ သမင်,ဒရယ်,ဂျီငယ်,စိုင်,ဆတ် အစရှိသည်တို့ကို အပြေးလိုက် ဖမ်းသလား၊ ချောင်းပြီးဖမ်းသလားမေးတယ်... (မှန်ပါ့ဘုရား)။

ဒကာ,ဒကာမတွေက ဘယ့်နဲ့ထင်ကြသလဲ...(ချောင်းပြီး ဖမ်းပါတယ်ဘုရား) ချောင်းပြီးဖမ်းရတယ် အပြေးလိုက်ဖမ်းရင် သူ့ထက်အပြေးသန်တဲ့ သတ္တဝါမိပါ့မလား... (မမိပါဘုရား)။

ထို့အတူပဲဒကာ,ဒကာမတွေက သမာဓိကောင်းကောင်းနဲ့

ချောင်းနေပါ၊ ချောင်းနေတဲ့အခါ မြင်စိတ်ပေါ်ရင်မြင်စိတ်ဖြစ်ပျက်ရှုပေး…(မှန်ပါ့)ဉာဏ်နဲ့နော်…(မှန်ပါ့ဘုရား)။ ချောင်းနေပါသမာဓိကောင်းကောင်းနဲ့ စောင့်နေပါ၊ ကြားစိတ်ပေါ်ရင် (ကြားစိတ်ဖြစ်ပျက်ရှု) နံ့စိတ်ပေါ်ရင် (နံ့စိတ်ဖြစ်ပျက်ရှု)။

ဒီအတိုင်းရှုလို့မရဘူးနော်…(မှန်ပါ့) ချောင်းဖမ်းရမယ်ဆိုတဲ့ အဓိပ္ပါယ်ကောရှင်းကြပြီလား…(ရှင်းပါပြီဘုရား)။ ဒါဖြင့်သမာဓိကောင်းကောင်းနဲ့ သမာဓိတည်းဟူသော ချုံထဲမှာအောင်းပြီး သကာလဉာဏ်တည်း ဟူသောကျားက ဖြစ်ပျက်တည်းဟူသော သားကောင်ကိုဖမ်းရမယ်…(မှန်ပါ့) ရှင်းပြီလား … (ရှင်းပါပြီဘုရား)။

အလုပ်ကိုရှင်းရှင်းပေးနေတယ်ဆိုတာသေသေချာချာမှတ်ပါ(မှန်ပါ့ဘုရား) အေး… သမာဓိတည်းဟူသောခြုံထဲမှာအောင်းပြီးသကာလ ကျားနဲ့တူတဲ့ဉာဏ်သည် သားကောင်နဲ့ တူတဲ့ဝိညာဏ်စိတ်တွေကို ဖမ်းရမယ်… (မှန်ပါ့) မမိပေဘူးလား … (မိပါတယ်ဘုရား)။

သမာဓိတည်းဟူသောချုံထဲမှာ ဉာဏ်တည်းဟူသောကျားကအမြဲတမ်းစောင့်ပြီး သကာလနေတော့မှ မြင်စိတ်ပေါ်လည်းမြင်စိတ်စားလိုက် (ဖြစ်ပျက်ရှုလိုက်) ကြားစိတ်ပေါ်ရင် (ကြားစိတ်ဖြစ်ပျက်ရှုရပါ့မယ်ဘုရား)။

ကြားစိတ်ရှုလိုက်ပါဆိုတော့ဉာဏ်နဲ့သားကောင်းနဲ့ဟာမိလျှက်ချည့်နေတယ်... (မှန်ပါ့)ထို့အတူပဲ ဖြစ်ပျက်နဲ့မဂ်နဲ့ဟာကိုက်လျှက်ချည့်နေတယ်... (မှန်ပါ့)မကိုက်ပေဘူးလား ... (ကိုက်ပါတယ်ဘုရား)လုပ်နည်းဟာ ဒီအတိုင်းပဲမှတ်ရမယ် ... (မှန်ပါ့) ချောင်းဖမ်းမှ နေရာကျမယ်ဆိုတာပေါ်ပြီလား... (ပေါ်ပါပြီ)။

အေး ... ဒါကို ဘုန်းကြီးကစကားတတ်လို့ပြောဆိုတဲ့ အသွားရယ်လို့လည်း ဒကာ,ဒကာမတွေက မမှတ်ပဲနဲ့ရှင်နာဂသိန်ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးကို မိလိန္ဒမင်းကြီးက မေးလို့ "ယထာပိဒိပိကောနာမနိလီယိတွာဂဏှေ" လို့ ပါဠိတော် မှာ သေသေချာချာ ဟောထားတဲ့အတွက်တစ်နေရာပုန်းအောင်းပြီး ချောင်းဖမ်းရသလိုပါပဲ၊ ဝိပဿနာရှုရင် ဒီလိုပဲ သမာဓိချုံထဲမှာ ဉာဏ်အောင်းပြီး သကာလသားကောင်းနဲ့တူတဲ့ ခုနက ဆယ့်လေးခုကိုဖမ်းပါ၊ ရှင်းပြီလား...(ရှင်းပါပြီ)။

သမာဓိကဘာနဲ့တူသတုံး..(ခြုံနဲ့တူပါတယ်ဘုရား)ဉာဏ်ကဘာနဲ့တူသတုံး (ကျားနဲ့တူပါတယ်ဘုရား) ခုနက ဆယ့်လေးခုက ဘာနဲ့ဘူသတုံး (သားကောင်နဲ့တူပါတယ် ဘုရား)။

ချောင်းဖမ်းလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ... တခါထဲ အသေကလေးတွေချည့်မိတယ်... (မှန်ပါ့) အပျက်ကလေးတွေ ချည်းမိပါလိမ့်မယ်...(မှန်ပါ့) သဘောကျပြီလား...(ကျပါပြီ)။

အပျက်ကလေးတွေချည့်မိတဲ့အခါကျတော့ဖြင့် အပျက်နဲ့မင်္ဂနဲ့ ကိုက်တယ်လို့ဆိုရတော့မယ် (မှန်ပါ့)။

အဲဒါအလုပ်မလုပ်တတ်သေးတဲ့ ပုဂ္ဂိုလ်တွေအတွက်သော် ၄င်းအလုပ်လုပ်ပြီးသား ပုဂ္ဂိုလ်တွေအတွက်သော်၄င်း ဒီနေ့ သေသေချာချာ ပြောတယ်လို့မှတ်ပါ...(မှန်ပါ့)။

ဝိပဿနာရှုနည်း နိဿယည်း ကိုရှင်နာသိန်ကမိလိန္ဒ မင်းကြီးကိုသင်တာပါပဲ(မှန်ပါ့) "ယထာပိဒီပိကောနာမ"ဆိုတဲ့ အတိုင်းဒီပိကောဆိုတာ သစ်ကိုဆိုတာပါပဲနော်... နိုလီယိတ္ထာ ဆိုတာပုန်းအောင်းရမယ်၊ ဒီအတိုင်းဆိုတာပဲနော်... (မှန်ပါ့)။

ထို့အတူပဲတဲ့ ယောဂါဝစရပုဂ္ဂိုလ်လည်း သမာဓိခြုံထဲ မှာဉာဏ်အောင်းပြီး သင်္ကာလသားကောင် ဆယ့်လေးကောင်ပေါ် ရာဖမ်းပါ...(မှန်ပါ့)ရှင်းပြီးလား...(ရှင်းပါပြီ)။သို့သော်ခင်ဗျား တို့ ဆယ့်လေးခုစလုံးပြိုင်တူဘယ်တော့မှမပေါ်ဘူး...(မှန်ပါ့) တစ်ခုသာပေါ်မယ်ဆိုတော့ မမိစရာရှိသေးရဲ့လား (မရှိပါဘုရား)

ကိုင်းဖမ်းတတ်ပြီးလား ..., (ဖမ်းတတ်ပါပြီ) ဒါဘာအနု ပဿနာလည်း ... လို့ အခုသင်ဒနတာ စိတ်ကို အဖမ်းခိုင်းတဲ့ အတွက် စိတ္တာနုပဿနာ (မှန်ပါ့) စိတ္တကစိတ်၊ အနုပဿနာက ချောင်းဖမ်းတာ ခုနက ဆယ့်လေးခု ပေါ်ရာကို အနုပဿနာ ဆို တာက ဘာတုံး (ချောင်းဖမ်းတာပါဘုရား)။

ချောင်းဖမ်းကာ...တဲ့၊ သမာဓိပညာနဲ့ချောင်းဖမ်းတာကို အနုပဿနာလို့ခေါ်ပါတယ်၊ ပေါင်းလိုက်တော့ဘယ့်နဲ့ဆိုကြမလဲ...(စိတ္တာနုပဿနာပါဘုရား)။ ဒါဖြင့်မနဲ့အိနဲ့ပေါင်းလိုက်တော့မအိ – ဆိုသလိုပေါ့၊ ခလေးတုန်းကစားပေါင်းသလိုနော်(မှန်ပါ့)။

စိတ္တနဲ့အနုပဿနာတွဲပေး၊ စိတ္တကဘာပါလိမ့်...(စိတ်ကိုခေါ်ပါတယ်) ဆရာဘုန်းကြီးပြထားတဲ့ စိတ်ဆယ်လေးမျိုးကို စိတ်လို့ခေါ်လိုက်ပါ...(မှန်ပါ့)အနုပဿနာက ဘာပါလိမ့်မလဲလို့မေးတဲ့အခါ သူ့ကိုအဖန်ဖန်တလဲလဲရှုဘို့ပါပဲ ... (မှန်ပါ့) သမာဓိနဲ့ ပညာဆိုပါတယ်၊ ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဩော် ... ဆရာဘုန်းကြီးကဒိဋ္ဌိကိုခွာပြီးပြီ၊ ဝိစိကိစ္ဆာလဲသတ်ပြီးပြီ၊ အခုအနုပဿနာရောက်လာပြီ၊ သမ္မသနဉာဒယဗ္ဗရောက်လာပြီ...(မှန်ပါ့) သားကောင် ဆယ့်လေးကောင်ကို တစ်ကောင်စီပေါ်နေလေတော့ ခင်ဗျားတို့မလွတ်အောင်ဖမ်းယူပါ...(မှန်ပါ့)ဖမ်းလိုက်တဲ့အခါကျတော့ အဖမ်းခံရတာက စိတ်၊ ဖမ်းတာကအနုပဿနာ ရှင်းပြီးလား (ရှင်းပါပြီဘုရား)။ အဖမ်းခံရတာက (စိတ်ပါဘုရား)ဖမ်းတာက (အနုပဿနာပါဘုရား)။

အနုပဿနာဆိုတာ အဖန်တလဲလဲရှုတာကိုဆိုပါတယ်၊ဒါကြောင့်စိတ္တာနုပဿနာ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား) စိတ္တာနုပဿနာဆိုတာသဘောကျကြပြီလား (ကျပါပြီ) စာသံပါနေသေး

သလား ဒို့ဉာဏ်ထဲရှင်းသွားပြီလား (ရှင်းသွားပါပြီဘုရား)။

စိတ်ကို ... (အဖန်တလဲလဲရှုတာပါဘုရား) အဲဒါပါဠိလို သုံးတော့ ဘယ်လိုဖြစ်သွားသတုံး ...(စိတ္တာနုပဿနာပါ) မြန်မာလိုပြန်လိုက်တော့... (စိတ်ကိုအဖန်တလဲလဲရှုတာပါဘုရား)။

ဒီလောက်ရှင်းလို့ရှိရင်းဖြင့် ဘယ့်နဲ့ကြောင့် အရှင်ဘုရား ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာဟောပါလိမ့် မလဲလို့မေးတဲ့အခါကျတော့မှ သောတာပတ္တိမဂ်ဆိုတာဒိဋ္ဌိသတ်တာတဲ့ (မှန်ပါ့) သောတာပတ္တိမဂ်လိုချင်ရင် ဒိဋ္ဌိသတ်ရမယ်၊ အထက်မဂ်လိုချင်ရင် တဏှာသတ်ရမယ်မှတ်မိကြပြီလား (မှတ်မိပါပြီဘုရား)။

အောက်ဆုံးမဂ်လိုချင်ရင်...(ဒိဋ္ဌိသတ်မှရပါတယ် ဘုရား) အထက်မဂ်တွေလိုချင်ရင်... (တဏှာသတ်မှရပါတယ် ဘုရား)။

တဏှာသတ်ရမယ်ဆိုပြီး ဒီနေရာမှာဆရာတွေကမှားသွားကြမယ်ဆိုလို့ရှိရင်ဖြင့် တဏှာသတ်ဟောထားလို့ ရှိရင်ဖြင့် အရင်သတ်ရမှာ မသတ်ပဲနဲ့နောက်သတ်ရမှာ အရင်သတ်နေလို့ရှိရင် မှားနေမှာပဲ...(မှန်ပါ့) မှားနေလို့ရှိရင်လိုရာခရီးအပြီးအပိုင်ရောက်ပါ့မလား...(မရောက်ပါဘုရား)။

အားလုံး အဌကထာ ဋီကာ တွေကဒီဟာအရင်လုပ်ပါတဲ့၊ စိတ်မှာဒိဋ္ဌိအများဆုံးပဲတဲ့၊ ဒါကြောင့်ဒိဋ္ဌိသတ်မှ သောတာပန်

တည်တယ်၊ သောတာပတ္တိမဂ်မရပဲနဲ့ အထက်မဂ်ရချင်လို့.. (မရပါဘုရား)။

ဒါကြောင့် ဒိဋ္ဌိသတ်တဲ့အလုပ်ကို ရှေ့ထားပါ...(မှန်ပါ့) စိတ္တာနုပဿနာကို ဘာကြောင့် ဆရာဘုန်းကြီးလမ်းခင်းပြီး အကျယ်တဝင့်ပြောဆိုနေပါလိမ့်မလဲ ...လို့ ဆိုတော့ ဘာသတ်တာတုံး ... (ဒိဋ္ဌိသတ်တာပါဘုရား)။

သောတာပတ္တိမဂ်ဟာ ဘာပယ်တာတုံး...(ဒိဋ္ဌိပယ်တာပါဘုရား) ဒိဋ္ဌိပယ်တဲ့ သောတာပတ္တိမဂ်ကို ရချင်ရင် ဒိဋ္ဌိကို အရင်သတ်မှ ရမယ်ဆိုတာနည်းမှန်ကျပြီလား(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာတို့ စိတ္တာနုပဿနာကိုအရင်လုပ်ရတော့မယ်နော်....(လုပ်ရပါမယ်ဘုရား)။ ကဲ .... ဒါဖြင့် ဒီလိုလုပ်နည်းပေးလိုက်တော့ စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံးမို့ ဉာဏ်ကလေးနဲ့ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်ကို စိတ္တာနုပဿနာပေးရင်သူနဲ့ သင့်လျော်ဆုံး ပဲတဲ့ (မှန်ပါ့) အနာနဲ့ ဆေးသင့်အောင် ပေးတာပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။

သောတာပတ္တိမဂ်ဆိုတာ ဒိဋ္ဌိနိရောဓေ နိဗ္ဗာနံကဲ့၊ ဒိဋ္ဌိသတ်မှနိဗ္ဗာန်ရတာကို၊ ပထမနိဗ္ဗာန်လိုချင်ရင်ဒိဋ္ဌိသတ်ရတယ် (မှန်ပါ့) ဒီစိတ်ဆယ့်လေးခုကိုရှုပေးပါဆိုတော့ ဩော် ... ဒိဋ္ဌိပြုတ်လွယ်လိမ့်မယ်ဆိုတာ စိတ်ထဲဆုံးဖြတ်ချက်ချလိုက်ပါ .... (မှန်ပါ့)၊ ရှင်းပြီးနော်... (ရှင်းပါပြီဘုရား)။

နို့ ... စာမှာတော့ဘုရား၊ သရာဂစိတ်, ဝိရာဂစိတ်ဆိုတဲ့ အို...စာသံပါနေပါတယ်၊ မင်းသိတဲ့စိတ်မင်းရှု၊ သဘောကျပြီး လား....(ကျပါပြီဘုရား)စာထဲမှာပါတဲ့စိတ်တွေအကုန်ပဲ ဆရာ ဘုန်းကြီးသင်ထားတဲ့ဥစ္စာအတူတူပဲ... (မှန်ပါ့) သဘောကျပြီး လား (ကျပါပြီဘုရား)။

စာထဲမှာ နာမည်ပေးထားတာနဲ့ အခုဆရာဘုန်းကြီးပေး တာနဲ့ဟာအတူတူပဲလို့မှတ် (မှန်ပါ့) သို့သော် စာမှာပိုနေတာ တွေကရှိသေးတယ် (မှန်ပါ့)စာမှာက အရိယာဖြစ်ပြီးမှ ရှုရမည့် စိတ်တွေပါနေတယ်....(မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ်ဟာဟောဒီစိတ် တွေ ဒီစိတ်တွေနည်းတာတွေ မဟုတ်ဘူးဘုရားဟောထားတာ၊

အဲဒီစိတ်တွေပါ ရှုရမယ်ဆိုတော့ ကျုပ်တို့ကအရိယာမှ မဟုတ်သေးပဲတဲ့၊ အရိယာရတဲ့စိတ်ကို ကျုပ်တို့ ရှုလို့ဖြစ်ပါ့ မလား... (မဖြစ်ပါဘုရား)။

မဖြစ်နိုင်တော့ ပုထုဇန်သန္တာန် ပေါ်တဲ့စိတ်ဟာဖြင့် ဒီ ဆယ့်လေးမျိုးပဲရှိတယ် .... (မှန်ပါ့) ရှင်းပြီးလား။ (ရှင်းပါပြီ ဘုရား) ပုထုဇန်အဖြစ်က လွန်မြောက်မှ သောတာပန် အဖြစ် ရောက်ရမှာကိုး (မှန်ပါ့)။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဘုရားက ဟောတာကတော့ပုထုဇန် အတွက်ရော အရိယာအတွက် ရော ဟောထားတာ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ကျုပ်တို့က အရိယာစိတ်တွေကို ကျုပ်တို့က ရှုချင်လို့ ရှိရင် မရှိတာရှုသလိုဖြစ်နေမယ်... (မှန်ပါ) ဒါကြောင့် ကျုပ်တို့သန္တာန်ပေါ်တဲ့စိတ်ကဖြင့် ဒီဆယ့်လေးမျိုးပဲ(မှန်ပါ) ဒီဆယ့်လေးမျိုးကို နိုင်သွားရင်ပြီးတာပဲ၊ အရိယာတက်မှာပဲ၊ ရှင်းပြီမဟုတ်လား ... (ရှင်းပါပြီဘုရား)။

ကဲ ... အခုကိုယ်နဲ့ထိုက်တန်တဲ့စိတ်ရှိတယ်ဆိုတာလဲ ပေါ်ပြီလား ... (ပေါ်ပါပြီ) ကိုယ်နဲ့ထိုက်တန်တဲ့စိတ်က ကိုယ့်သန္တာန်ဘယ်နှစ်မျိုးပေါ်သလဲ ... (ဆယ့်လေးမျိုးပေါ်ပါတယ်ဘုရား) ။

ဒါ... ဘယ်သူကသင်တာတုံး ... မေးတော့ ရှင်နာဂသိန်ရဟန္တာကသင်တာ.. (မှန်ပါ) ပေါ်ပြီလား (ပေါ်ပါပြီဘုရား) ကိုယ်ကလိုက်ပြီးရှာမနေနဲ့ (မှန်ပါ) ရှာပြီးရှုရင်ပညတ်ဖြစ်ပါတယ် ... (မှန်ပါ) ရှာပြီးရှုရင် ... (ပညတ်ဖြစ်ပါတယ်ဘုရား) စောင့်ပြီးပေါ်ရာကိုရှုရင် ... (ပရမတ်ဖြစ်ပါတယ်ဘုရား) ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ, ဒကာမတွေ ခုနက ရဟန္တာကြီးနှစ်ပါးကို သူတို့အလုပ်ပေးတာကို ရှင်းကြစို့ရဲ့နော် ...(မှန်ပါ) ရဟန္တာကြီးနှစ်ပါးဟာ ဒီစိတ္တာနုပဿနာကို သူတို့ပြောကြတယ်၊ ရဟန္တာတွေက ရဟန္တာဖြစ်ပြီးသား၊ သူတို့ဒီအလုပ်က တက်ခဲ့ပြီးသား၊ ဘာဖြစ်လို့ စိတ္တာနုပဿနာတွေကိုပြန်ပြီးတစ်ပါးကမေး

တစ်ပါးက အဖြေထုတ်ပါလိမ့်မတုံးမေးတော့ ဒိဋ္ဌိပြုတ်ပြီးသား တဏှာပြုတ်ပြီးသားရဟန္တာပုဂ္ဂိုလ်တွေက အမေးအဖြေလုပ်ထား တာဖြစ်လို့သူတို့ကပြောတာ အမှန်ချည့်ပဲဆိုပြီး နောင်လာ နောက်သားတွေအတည်ပြုရစ်ပါစေလို့ ပြောတာ (မှန်ပါ့)။

နောင်လာနောက်သားတွေ အတည်ပြုရစ်ပါစေတော့၊ ဒို့ နှစ်ပါးပြောတာကိုဆိုတော့ သိပြီးသားပုဂ္ဂိုလ်က ပြောတာလား၊ စ, လုပ်မည့်ပုဂ္ဂိုလ်ကပြောတာလား ... (သိပြီးသားပုဂ္ဂိုလ်က ပြောတာပါဘုရား) ဒို့ဒီလမ်းကတက်ခဲ့လို့ မင်းတို့ ဒီလမ်း လိုက်ရစ်ပါလို့ ပြောတဲ့စကား (မှန်ပါဘုရား)။

ဒကာ, ဒကာမတို့ ကိုယ်တော်ကြီးနှစ်ပါးက ကရုဏာ ရှေ့ထားပြီးသကာလ ရဲရဲတင်းတင်းလုပ်စမ်းပါတဲ့၊ ဒီလိုကျင့် ၎င်း ဒီလိုစိတ်ပေါ်မှာ မစွဲလန်းလို့ငြိးငွေ့ပြီး မစွဲလန်းတော့ပါဘူး ဆိုလို့ရှိရင်ဒီဘဝမှာ ဒီခဏမှာနိဗ္ဗာန်ရမယ်လို့ ဟောထားတယ် (မှန်ပါ့ဘုရား)။

"စိတ္တေန နီယျတေ လောကော၊ စိတ္တသသပရိကဿတိ" လောကော = လောကကို၊ စိတ္တေန = စိတ်က၊ နီယျတေ = ဆောင်ယူ၏၊ စိတ်ဆောင်နေတာ ၊ ဟိုဘုံရောက်သွား ဒီဘုံ ရောက်သွားဆိုတာ ဘာတွေပါလိမ့် (စိတ်ဆောင်တာပါဘုရား)

"စိတ္တသသပရိကဿတိ" သူပဲတဲ့ ဟိုဆောင်ဒီဆောင်နဲ့ ကြံစည်ပြီးသကာလ သူလုပ်နေတာ၊သူ့ကို မနိုင်ကြတာနဲ့ဒကာ,

ဒကာမတို့ ခင်ဗျားတို့ ဟိုဘုံရောက်၊ ဒီဘုံရောက်ရောက်နေတာ (မှန်ပါ့)နတ်ပြည်ရောက်သွားတယ်ဆိုတာလည်းဒီစိတ်ကပို့လိုက်တာ(မှန်ပါ့) ငရဲရောက်သွားတယ်ဆိုတာကော ... (ဒီစိတ်ကပို့တာပါဘုရား)အကုသိုလ်စိတ်ကပို့ချလိုက်တယ် (မှန်ပါ့ဘုရား) သဘောကျပြီလား (ကျပါပြီဘုရား)။

အကုသိုလ်စိတ်ကနေပြီး တစ်ခါတစ်လေ တိရစ္ဆာန်ခင်တော့တိရစ္ဆာန်ဖြစ်သွားတာတွေလည်း ဘယ်သူက ဆောင်သွားတာတုံး (စိတ်ကဆောင်သွားတာပါဘုရား)။ ဒီစိတ်ဟာ ဒို့ကိုသတ္တဝါအမျိုးမျိုး အရုက်တကွဲအထွေးနည်းလုပ်နေတဲ့စိတ်ပဲ (မှန်ပါ့)။ ဒါဖြင့် ဒီစိတ်ပေါင်းထိုက် မပေါင်းထိုက် (မပေါင်းထိုက်ပါဘုရား)။ ဒီစိတ်သည်ကားလို့ဆိုရင် ဒို့အပေါ်မှာ ကိုယ့်စိတ်ကိုယ်မနိုင်တာ ဆိုလိုတယ်... (မှန်ပါ့)။

ဒါကြောင့် "ဝိစိတ္တကရဏစိတ္တံ" ဘုရားကဆန်းကျယ်အောင်လုပ်လိုက်တတ်သောကြောင့် စိတ်တဲ့ရှင်းပြီးလား (ရှင်းပါပြီဘုရား)။ စိတ်များလုပ်လိုက်ပြီဆိုမှဖြင့် ဟိုကြည့်သစ်ပင်ကြီးဟာဒုတ်တိုကြီး ခါးတိုင်းလည်းရှိတာပဲ၊ စိတ်ကလုပ်လိုက်ကဲ့အခါကျမှ သူရဲကြီးဖြစ်ပြီမှ တစ်ခါတလေတက်ပြီး သေတာများရှိသေးတယ်...(မှန်ပါ့) ဘယ်သူသတ်လိုက်တာလည်း (စိတ်ပါဘုရား) ကိုယ့်စိတ်ကကို လုပ်ပြီးသတ်တာ... (မှန်ပါ့) တစ်ခါကိုယ့်စိတ် ကိုယ်မနိုင်တာနဲ့ ကြိုးဆွဲချသေတာ.. (မှန်ပါ့) ကံက

ကြိုးဆွဲချတာလား... (စိတ်ကကြိုးဆွဲချတာပါဘုရား)။

ကဲ...ဒါဖြင့် ဒကာ,ဒကာမတို့ စိတ်ဟာဖြင့် ကျုပ်တို့ကို နှိပ်စက်နေတာ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။ စိတ် ဘယ်လောက်နှိပ်စက်တယ် မနှိပ်စက်တယ်ဆိုတော့ မယုံရင် စဉ်းစားကြည့် ါ၊ အပ်ကလေးနဲ့ ထိုးမိတာကို မြွေပွေးကိုက် တယ်ဆိုရင် ချက်ချင်းတက်တယ်.. (မှန်ပါ့) ဒါဘယ်နဲ့ကြောင့် ဆိုမလဲ... (စိတ်ကြောင့်ပါဘုရား) အပ်ကလေးခြစ်မိတာ မင်း ကိုမြွေပွေးကိုက်တယ်လို့သာပြောကြည့်၊ ဟိုပုဂ္ဂိုလ်ဟာ အတော် ကုယူရမယ်... (မှန်ပါ့)။

အဲဒီတော့အပ်နာလား၊ စိတ်နာလား ... မေးကြည့် (စိတ်နာ ပါဘုရား) ဒါဖြင့် စိတ်ကြောက်စရာ ကောင်းတယ်... (မှန်ပါ့) ရှင်းပြီလား...(ရှင်းပါပြီဘုရား)။ ဒါဖြင့် ဒီစိတ်သည် ကျုပ်တို့ ကို သုံးဆယ့်တစ်ဘုံမှာ သဏ္ဍာန်အမျိုးမျိုး၊ ခြေအမျိုးမျိုး၊ နား ရွက်အမျိုးမျိုး၊ ဂျိုကားဂျိုထောင် အမျိုးမျိုး လုပ်တာဘယ်သူ တုံး ... (စိတ်ပါဘုရား)။ ကျုပ်တို့ကို အရှက်ခွဲပြီး သေခြင်းဆိုး အသေခိုင်းတာ ဘယ်သူတုံး ... (စိတ်ပါဘုရား)။ သူ့ကို ပေါင်း သင်းလို့ တော်မတော် ... (မတော်ပါဘုရား) စိတ်ကိုငြီးငွေ့ပါ တော့ဆိုတာအထူးပြောစရာလိုသေးသလား... (မလိုပါဘုရား)။

စိတ်ကို ရှုကြပါစို့ (မှန်ပါ့ဘုရား) ရှုကြပါစို့ဆိုတော့ ရှု စရာဆယ့်လေးခုကို ဆရာဘုန်းကြီးကချောင်းပြီး ဖမ်းပါ၊ သမာဓိ

တည်းဟူသော ခြုံထဲမှာ ဉာဏ်တည်းဟူသော ကျားအောင်းပြီး သကာလပေါ်ရာလိုက်ပြီး ရှုစမ်းပါ၊ ဘာမှ မရှိလို့ရှိရင် ထွက်လေ...အားထုတ်တဲ့စိတ်၊ဝင်လေအားထုတ်တဲ့စိတ် ကိုရှုပေးပါ၊ မသင်ဘူးလား (သင်ပါတယ်ဘုရား)။

အပြင်ညွှသည်လာရင်(အပြင်ညွှသည်ရှုရပါမယ်)အတွင်းညွှသည်လာရင် (အတွင်းညွှသည်ရှုရပါမယ်) ရှုလိုက်တဲ့အခါကျတော့ကိုတဲ့ စိတ်ဟာနှစ်ခုနဲ့ အသက်ရှင်သလား၊ တစ်ခုနဲ့အသက်ရှင်သလား ... (တစ်ခုနဲ့ရှင်ပါတယ်ဘုရား)

စိတ်တစ်ခုပျက်သွားတဲ့အသေကို နောက်အသစ်ပေါ်တဲ့ဉာဏ်စိတ်နဲ့ ရှုပေး(မှန်ပါ့) ဒီတော့ အသေကို အရှင်နဲ့ရှု၊ ပေါ်ပြီလား ... (ပေါ်ပါပြီဘုရား) အသေကို အရှင်နဲ့ရှုလိုက်တယ်ဆိုတော့ ဟင် ... ဘယ်သူ့အသေပါလိမ့်မတုံး... လို့မေးတော့ဘယ်နဲ့ပြောမလဲ၊ ကိုယ့်အသေ (မှန်ပါ့)။

ဒကာ, ဒကာမတို့ ဘယ်သူ့အသေတုံး... (ကိုယ့်အသေပါဘုရား) ဒီစိတ်နဲ့ အသက်ရှင်နေတာကိုး၊ ဒီစိတ်သေသွားတယ်ဆိုတော့ကိုယ်အသေမဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)။ ကိုယ့်အသေကို ကိုယ်က ကံမကုန်သေးလို့ ရှင်တဲ့စိတ်နဲ့ပြန်ရှု.. (မှန်ပါ့) သဘောကျပြီလား ... (ကျပါပြီဘုရား)။ အသေကို အရှင်နဲ့ရှု... (မှန်ပါ့) သဘောပါပြီလား... (ပါပါပြီဘုရား) ဘယ်လိုရှုကြမယ်... (အသေကို အရှင်နဲ့ပြန်ရှုရပါ့မယ်ဘုရား)။

ကေစိတ္တသမာယုတ္တာ၊ သဘောကျပြီလား...(ကျပါပြီ) အသက်ရှိတဲ့ ပုဂ္ဂိုလ်တို့သည် တစ်ခုတည်းနဲ့ အသက်ရှင်နေ၏။ (မှန်ပါ့) စိတ်တစ်ခုတည်းနဲ့ အသက်ရှင်တယ်တဲ့...(မှန်ပါ့) ဒီစိတ်ချုပ်သွားရင် ဒီလူတစ်ယောက်သေတာပဲ၊ သဘောကျပြီလား... (ကျပါပြီဘုရား)။

နောက်စိတ်မလာရင် ဘယ်နဲ့တုံး (သေတာပါပဲဘုရား) သုသာန်ပို့ရုံပဲ။ အခုဘယ်နဲ့ကြောင့် သုသာန်ကို မပို့ရသေးပါလိမ့်မတုံး မေးရင်ဘယ်နဲ့ပြောမလဲ... (နောက်စိတ်နဲ့ အသက်ရှင် နေလိုပါဘုရား) အသေကို ဘာနဲ့ကြည့်မလဲ... (အရှင်နဲ့ ကြည့်ရပါမယ်ဘုရား) အသေကို အရှင်နဲ့ရှုဆိုတာ ဝိပဿနာစခန်းလို့မှတ်လိုက် (မှန်ပါ့) အသေကို အရှင်နဲ့ရှုဆိုတာ (ဝိပဿနာစခန်းပါဘုရား)ဝိပဿနာဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့ရှုတာကို ဝိပဿနာလို့မှတ်နေတယ်၊ အခု သေသေချာချာ ခရေစေ့တွင်းကျ စစ်လိုက်တော့မှ ကိုယ့်အသေကို အရှင်ကနေကြည့်တာ၊ သဘောကျပြီလား (ကျပါပြီဘုရား)။

ကြည့်ဖန်များလာတော့ ဆရာဘုန်းကြီးကလဲ နည်းပေးထားတယ်၊ ကိုယ့်အသေကိုကြည့်တာ ... ဆိုတော့သေတာတွေက မများပေဘူးလား (များပါတယ်ဘုရား) များလာတော့ မှန်းမလား၊ မမှန်းဘူးလား (မှန်းပါတယ်ဘုရား)။

ဒါအခုတော့ မကြည့်တော့ မမှန်းသေးဘူး (မှန်ပါ့) ကြည့်

ဖန်များလာတော့ အသုအသေ အတွေ့ကများလာတယ်၊ များ လာတော့ ဘယ်နဲ့ဆိုမလဲ... (မုန်းပါတယ်ဘုရား)၊ မုန်းလာ တော့ကိုတဲ့ မုန်းအောင်ကြည့်လို့ရှိရင် နောက်ဒီအသေမျိုး၊ ဒီလို ဆုတောင်းလို့ရှိရင် ဒီစိတ်တွေဒီလိုသေနေဦးမှာဆိုတော့ စိတ်... ဆိုတဲ့ (ဝိညာဏက္ခန္ဓာ)ကိုလိုချင်သေးရဲ့လား (မလိုချင်ပါဘုရား) အဲ... မလိုချင်အောင် ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ...တဲ့၊ မုန်းအောင် ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ်ဖြစ်ပြီး... (မှန် ပါ့)။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိဆိုတာပေါ်ပြီလား၊ (ပေါ်ပါပြီ ဘုရား) စိတ်ကိုမလိုချင်အောင် မုန်းအောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ် ဟာဘာတုံး ... (ဓမ္မာနုဓမ္မပ္ပဋိပတ္တိပုဂ္ဂိုလ်ပါဘုရား)။ ကဲဒီတွင် တော်ကြစို့။ ။

မိုး(၁၁) စာ (၃၃၆)

♦--♦--♦--♦

# ဝိပဿနာရှုပွားနည်း

## (၁၁.၁၁.၆၁) နေ့ဟောတော်မူသော အလုပ်ပေး တရားတော်

ဒကာ, ဒကာမတွေ သိကြားမင်းအကြောင်း မဟောခင် ဝိပဿနာရှုနည်းကို ရှေးဦးစွာ ပြောမယ်–ဝိပဿနာရှုနည်းက ရှင်သာရိပုတ္တရာက ဟောထားတယ်။

ကာယမိမံ သမ္မသထ၊ ပရိဇာနာထ၊ ပုနပ္ပုနံ၊
ကာယေသဘာဝံ၊ ဝိဒိတွာန၊ ဒုက္ခဿန္တကရိဿထ။

ဤကဲ့သို့ဟောထားတော့ဒကာ,ဒကာမတွေသည်ဘုရား ရှေ့မှာ ဖြစ်စေ၊ ကိုယ့်အိပ်ရာထဲမှာ ဖြစ်စေထိုင်ပြီး သကာလ မိန်းမဖြင့် ဒူးတုပ်၊ ယောကျ်ားဖြင့် တင်ပျဉ်ခွေပြီး သကာလ ထိုင်ချင်သလိုထိုင်၊ အိပ်ချင်သလိုအိပ် ကိစ္စမရှိပါဘူးတဲ့။

သို့သော် အသက်မှန်မှန်ရှူပြီး သကာလ လေလေးထွက် တာလဲသိလို့၊ လေလေးဝင်တာလည်း သိလို့ ဒီလိုချည်းသိပြီး သကာလ နေရာမှ ပထမရှေးဦးစွာတော့ဖြင့် ထွက်တာသိ ဝင် တာသိပဲလုပ်နေပါ၊ ဒီထဲကမှ ဟိုနေရာက အောင့်သလိုလို လာ လို့ရှိရင် ထွက်တာသိဝင်တာသိဖြုတ်လိုက်ပါ။

ထွက်တာသိ ဝင်တာသိ ဖြုတ်ပြီး အောင့်တဲ့ နေရာ ကလေးကို ဉာဏ်က လှည့်လိုက်၊ နဂိုကမအောင့်ဘူး၊ ခုမှ ဒီနေ

ရာလေးက အောင့်လာတယ်၊ အဲဒီ ဖောက်ပြန်တဲ့ နေရာကလေး ကြည့်လိုက်ပြီဆိုမှဖြင့် ဖောက်ပြန်တာကလေးက ပျက်စီးသွားတယ်။

ခြေသလုံးကအောင့်ရင်ခြေသလုံး၊ပေါင်ကအောင့်ရင်ပေါင်၊ ခါးကအောင့်ရင်ခါး၊ နောက်ကျောက အောင့်လို့ရှိရင်လည်း အောင့်တဲ့နေရာကလေးဉာဏ်လှည့်လိုက်ပါ။

အဲဒါကလေးဘာပါလိမ့်မလဲဆိုတော့ပင်ကိုသဘောမှဖောက်ပြန်လာတာ၊ အဲဒီဖောက်ပြန်တဲ့နေရာကလေးကို ဉာဏ်ထည့်လိုက်ပြီဆိုမှဖြင့် ဉာဏ်ပေါ်နေတဲ့အတွက် သတ္တဝါသန္တာန်မှာ အောင့်တဲ့စိတ်ကလေးကချုပ်သွားပြီးဉာဏ်စိတ်ကလေးကပေါ်နေတယ်၊ဉာဏ်စိတ်ကလေးပေါ်နေတော့အောင့်တာလေးကဖောက်ပြန်ပြီးသကာလ ပျက်စီးသွားတာတွေ့ပါလိမ့်မယ်။

ဤကဲ့သို့ ဖောက်ပြန်ပျက်စီးသွားတာတွေတွေ့တဲ့ အခါကျတော့ ဒီခန္ဓာကိုယ်ကြီး စိုက်ကြည့်နေလို့ ဖောက်ပြန်ပျက်စီးတာတွေ့တာလို့ မှတ်လိုက်ပါနော် (မှန်လှပါဘုရား)။

အဲဒီတော့ ဖောက်ပြန် ပျက်စီးတာက အနိစ္စ၊ ဒုက္ခသစ္စာ အနိစ္စဆိုလည်းဟုတ်တာပဲ၊ဒုက္ခသစ္စာဆိုလည်းဟုတ်တာပဲ၊ ဩော် ဒါက ဒုက္ခသစ္စာဖောက်ပြန်ပျက်စီးပြီလို့ သိနေတာကလေးက လောကီမဂ္ဂသစ္စာ၊ ဒါဒီနေရာကလေးက အောင့်တာကလေးက ပျောက်သွားလို့ ဟိုနေရာက အောင့်တာပေါ်လာ

တယ်၊ ဟိုစိတ်ကလေးစားချင်တဲ့ စိတ်ကလေးပေါ်လာတယ်၊ အဲတာကိုလည်းစားချင်တဲ့စိတ်ကလေးကိုလည်း ရှိမရှိကြည့်ပေးပါ၊ ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကြည့်တဲ့ ဉာဏ်ပေါ်လာလို့ရှိရင်ဖြင့် သတ္တဝါသန္တာန် နှစ်စိတ် မပေါ်ကောင်းတဲ့ အတွက် စားချင်တဲ့ စိတ်ကလေးက ဖြစ်ပြီး ပျက်သွားတယ်၊ သူလဲ ခုမှ ဖောက်ပြန်ပြီး လာတော အခုပဲ ပျက်စီးသွားတယ်၊ အဲဒီတော့ ဖောက်ပြန်ပျက်စီးသွားတာဘာသစ္စာခေါ်ကြမလဲ (ဒုက္ခသစ္စာပါဘုရား)။

အင်း–ဒုက္ခသစ္စာကို ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ က သိလိုက်တော့ အသိခံရတာက ဒုက္ခသစ္စာ၊ အသိဉာဏ်ကမဂ္ဂသစ္စာလို့အောက်မေ့ကြပါ၊ (မှန်လှပါဘုရား) ဒီလိုချည်းပဲခန္ဓာကိုယ်ထဲလှည့်လိုက်ပြီးသကာလနေတော့အသိခံတာကဒုက္ခသစ္စာ အသိဉာဏ်က မဂ္ဂသစ္စာလို့ဆိုတော့ ဪ ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာရယ်... သိနေတဲ့မဂ္ဂသစ္စာရယ် ဤသစ္စာနှစ်ခုသာရှိပြီး သကာလနေတော့ သမုဒယ သစ္စာဆိုတဲ့ လောဘချုပ်ငြိမ်း ရုပ်သိမ်းပြီး သကာလနေတော့တယ်၊ ဒီလောဘချုပ်ငြိမ်းနေတော့ လောဘ တဏှာ ချုပ်တော့ ဥပါဒါန်မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ။

ဥပါဒါန်ချုပ်တော့ ကံချုပ်တယ်၊ ကံချုပ်တော့ အနာဂတ်ဘဝလာလတ္တံ့ဖြစ်တဲ့ ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုရော... (ချုပ်

ပါတယ်ဘုရား)။

ဩော်… ဒါဘယ့်နှယ်ကြောင့် ချုပ်ပါလိမ့်လဲလို့ မေး လို့ရှိရင်ဖြင့် ဖောက်ပြန် ပျက်စီးတာမြင်နေတဲ့ မဂ်က ချုပ်စေ တာဆိုတာ သေချာပြီလား။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကို ဝိပဿနာရှုဆိုတာခန္ဓာ ကိုယ် စောင့်ကြည့်တဲ့အလုပ်လို့မှတ်လိုက်စမ်းပါ။

ဒါကြောင့် "ကာမမိမံသမ္မသထ"ဣမံကာယံ၊ ဤခန္ဓာ ကိုယ်ကြီးကို၊ သမ္မသထ၊ စောင့်ကြည့်ပြီး သုံးသပ်ပါလို့ အရှင် သာရိပုတ္တရာကမှာရှာတယ်၊ ခန္ဓာကိုယ်ကြီးကို စောင့်ကြည့် ပြီးသုံးသပ်စမ်းပါ၊ ဆင်ခြင်စမ်းပါဆိုတော့ ဖြစ်ပျက်မဂ်မလာပေ ဘူးလား (လာပါတယ်ဘုရား)။

ပျက်စီးသွားတာ ဖြစ်ပျက်၊ စောင့်ကြည့်တာ (မဂ်ပါ ဘုရား) ဩော် မဂ်ဆိုတာက ဒကာ, ဒကာမတို့ စောင့်ကြည့်မှ ရတယ်လို့ မှတ်လိုက်စမ်းပါ။

စောင့်မကြည့်ရင် (မရပါဘုရား) ရှာ၍ရင်သည်း မရဘူး၊ စောင့်ကြည့်ရင်တော့ (ရပါတယ်ဘုရား) တော ထဲက ကျားတွေ အပြေးတော့ မသန်ပါဘူးတဲ့ အဖမ်းတော့ မြန်သလိုမိလိန္ဒပဉှာ က စောင့်ဖမ်းပါလို့လဲ သေသေချာချာဟောထားတယ် (မှန်လှ ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ဒကာ ဒကာမက အိမ်ရောက်ရှိလို့ ရှိရင် ဘုန်းကြီးပြောတဲ့ အတိုင်းလုပ်ကြစမ်းပါ၊ ခန္ဓာကိုယ်စောင့်ကြည့်နေ၊ ဘာနဲ့စောင့်ရမလဲဆိုတော့ ရှုမှုလေးမှန်မှန်ရှု၊ ရှိုက်မှုမှန်မှန်ရှိုက်၊ရှိုက်ရာကမှအထူးတရားလေးပေါ်လာလို့ရှိရင်ဖြော် ... ဒါ ဝိပရိနာမလက္ခဏာဒုက္ခသစ္စာပါလားလို့ စောင့်ကြည့်လိုက် (မှန်လှပါဘုရား)။

ဒါဖြင့် ဝိပရိနာ မလက္ခဏာဒုက္ခသစ္စက ဒုက္ခသစ္စာ၊ စောင့်ကြည့်တာကလေးက မဂ္ဂသစ္စာပါဘုရား၊ သေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာမလာတာ က နိရောဓဆိုတော့ ဖြော် .. ဒို့သစ္စာ အလုပ်လုပ်နေပါကလားဆိုတာ ပေါ်မလာဘူးလား (ပေါ်ပါတယ်ဘုရား)။

ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်... (စောင့်ကြည့်တဲ့အလုပ်ပါဘုရား) စောင့်ကြည့်တဲ့အလုပ်ဆိုတော့ တပည့်တော်တို့ဖြင့် မလုပ်တတ်သေးပါဘူးဘုရား ဆိုရင်စောင့်မကြည့်တတ်လို့သာ မှတ်ပေတော့ (မှန်လှပါဘုရား)။

စောင့်ကြည့်တော့ ခန္ဓာကိုယ်ကြီးက ဟိုနေရာကပြ၊ ဒီနေရာကပြ၊ ဟိုနေရာကပြလိုက်နဲ့၊ ဒီနေရာကပြလိုက်နဲ့ ပြတဲ့နေရာကိုပဲစောင့်ကြည့်နေတဲ့အခါကျလို့ရှိရင် ပြတာကဒုက္ခသစ္စာသိတာကမဂ္ဂသစ္စာ၊ သေတာက (သမုဒယသစ္စာပါဘုရား)။

နောက် ခန္ဓာ မလာတာက – (နိရောဓ သစ္စာပါ ဘုရား)

နိရောဓသစ္စာဆိုတော့ ဩော် ... တို့တစ်တွေ သစ္စာလေးပါး အလုပ်လုပ်နေပါကလား ဆိုတာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒကာကြွယ်ရေ ... ဒကာကြွယ်တို့လုပ်တော့လည်းစောင့်ကြည့်ရတယ်မဟုတ်လား (မှန်ပါ့ဘုရား) လိုက်ဖမ်းရင် မိပါ့မလား (မမိပါဘုရား)။

အေး ... ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ စောင့်ကြည့်လို့ရှိရင် ခန္ဓာကိုယ်ကြီးက ပင်ကိုယ်အနာခန္ဓာကိုယ်ကြီးကိုး (မှန်လှပါဘုရား)။

အနာတွေပဲ မပြရပေဘူးလား (ပြပါတယ်ဘုရား) အနာခန္ဓာကိုယ်ကြီးမို့အနာခန္ဓာတွေပြတော့ ဒီအနာခန္ဓာတွေကလည်း ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ ပြနေတော့ ဩော် ... ဒီဥစ္စာ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ပါလားဆိုတာ အခုအချိန်မှာ ဉာဏ်ထဲမှာ ပေါ်လာတယ်... (မှန်လှပါဘုရား)

ထိုကဲ့သို့ပေါ်လာတဲ့ အခါကျလို့ရှိရင်ဖြင့် ကိလေသာကြားမညှပ်လို့ရှိရင် ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာ ကိလေသာကြား မခြားလို့ရှိရင် ခုနစ်ရက်နဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပါတယ် ... (မှန်လှပါဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာ ကိလေသာ မခိုရင် (ခုနစ်ရက်နဲ့ရနိုင်ပါတယ်ဘုရား) ဒကာကြွယ် မမြန်လား

(မြန်ပါတယ်ဘုရား)။

ဘုန်းကြီးကဟောတာလား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတာလားလို့ဆိုတော့ သတိပဋ္ဌာန်ပါဠိတော်မှာ သေသေချာချာရှိလေသောကြောင့် ဒကာ, ဒကာမတွေ စောင့်ကြည့်တဲ့ အလုပ်မလုပ်ခဲ့သောကြောင့် သံသရာရှည်ရပါတယ်ဆိုတာ သဘောကျပြီလား (ကျပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဝိပဿနာဆိုတာ ကားစိုက်ရှုရတာလား၊ စောင့်စားပြီး ရှုရတာလား၊ (စောင့်စားပြီး ရှုရပါတယ် ဘုရား) သေသေချာချာ ပြောနေပါတယ်၊ ဒကာ, ဒကာမ တို့ (မှန်ပါ့ဘုရား) လေးလေးစားစားနဲ့မှတ်စမ်းပါ (မှန်ပါ့ဘုရား)။

လေးလေးစားစားနဲ့ မှတ်လိုက်တဲ့အခါကျတော့ စောင့်ကြည့်တဲ့အလုပ်တွေက ခန္ဓာကိုယ်ထဲမှာ ဘာမှကြည့်စရာမရှိလို့ ရှိရင်ဖြင့် ဩော် ... လောကလေးထုတ်တဲ့ စိတ်ကလေးလည်း ထုတ်ပြီး ပျက်တာပဲ... (မှန်လှပါဘုရား)။

လောကလေးပြန်သွင်းတဲ့ စိတ်ရော (သွင်းပြီး ပျက်ပါတယ်ဘုရား) အဲဒါကလေးဘယ်ကမှ မရှိတော့ဘူးဆိုရင် သူ့ပြန်ထိုင်လိုက်– (မှန်လှပါဘုရား) သဘောကျပြီလား...(ကျပါတယ်ဘုရား။)

သူ့ ပြန်ရင်းမတ္တနဲ့ပဲ ဟို နေရာကယ်သား သလို ဒီနေရာက

အောင့်သလို၊ ဒီနေရာက ကောင်းသလိုလို လာပြန်လို့ရှိရင်သူ့ ဖြုတ်ပစ်လိုက်... ခုနကယားနေတဲ့နေရာ၊ အောင့်တဲ့နေရာတွေ လှည့်လည်ပြီး ဩော်...ဒါတွေ ဒုက္ခသစ္စာပါလား၊ ဒါတွေ ဒုက္ခ သစ္စာ၊ ဒါတွေဒုက္ခသစ္စာပါလားလို့ ရှုပါ ... (မှန်လှပါဘုရား)။

ကောင်းတဲ့ စိတ်ကလေးလဲ ဖြစ်ပြီးပျက်တော့ ဒုက္ခရောက် တာပဲ. (မှန်လှပါဘုရား) ဆိုတဲ့ စိတ်ကလေးလဲ ဖြစ်ပြီး ပျက် တော့ ... (ဒုက္ခရောက်တာပါပဲဘုရား)။ အလယ်အလတ် စိတ် ကလေးလည်း ဖြစ်ပြီးပျက်တာ (ဒုက္ခရောက်တာပါပဲဘုရား)။

အဲဒီဒုက္ခသစ္စာတွေချည်းပဲ ပိုင်ပိုင်နိုင်နိုင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာလို့ ဒကာ ဒကာမတွေ ကြိုးစား နေကြမယ်ဆိုလို့ရှိရင် ကြာတော့ ဒုက္ခသစ္စာတွေ့တာကို ဘုရား က–

"သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ" လို့ ဟောသော ကြောင့် ခန္ဓာငါးပါးစလုံးပြတဲ့ ဥစ္စာတွေ အနိစ္စလဲ မပြ၊ ဒုက္ခလဲ မပြ၊ အနတ္တလဲ မပြ၊ အသုဘလည်းမပြပဲနဲ့ ဒကာကြွယ်၊ ဒကာ သစ်တို့ ဒုက္ခသစ္စာပဲပြတယ် (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ပြလာပြီဆိုမှဖြင့် ဩော်... လူ့ဘဝရတာဒုက္ခ သစ္စာရတာကိုးလို့ ပေါ်ပေါ်လွင်လွင်ကြီး သိမလာပေဘူးလား၊ (သိလာပါတယ်ဘုရား) လူ့ဘဝရတာ ဘာရတာပါလိမ့် (ဒုက္ခ သစ္စာကြီးရတာပါဘုရား) ဒုက္ခသစ္စာကြီးရတယ်ဆိုတာ မသေချာ

ဘူးလား (သေချာပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာကြီးရဟာကို ပိုင်ပိုင်နိုင်နိုင်သိနေတော့တယ် တစ်ကိုယ်လုံးမှာ ဟိုကယား၊ ဒီကနာ၊ ဒီကအောင့်၊ ဟိုကကိုက်၊ ဒီကခဲ ဟိုကတစ်မျိုးတစ်ဖုံပေါ်၊ ပေါ်လာတာဟူသရွေ့ ပျောက်တာပဲတွေ့ရတာ စောင့်ကြည့်တဲ့ ပုဂ္ဂိုလ်မတွေ့ရဘူးလား (တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ဘယ်လိုလုပ်ရမှာပါလိမ့်လဲလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ .... (စောင့်ကြည့်ရပါတယ်ဘုရား) စောင့်ကြည့်တာပဲတဲ့၊ အကြည့်ခံရတာက ဒုက္ခသစ္စာ၊ ကြည့်ဉာဏ်က မဂ္ဂသစ္စာ၊ အကြည့်ခံရတာက (ဒုက္ခသစ္စာပါဘုရား) ကြည့်ဉာဏ်က (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ ဆိုတော့ ဩော် ... မဂ်ဟာ ဆုတောင်းအလုပ်လား၊ စောင့်ကြည့်တဲ့ဉာဏ်အလုပ်လား (စောင့်ကြည့်တဲ့ဉာဏ်အလုပ်ပါဘုရား)။

စောင့်ကြည့်တဲ့ ဉာဏ်အလုပ်လို့ ဒကာ ဒကာမ တွေက အသိကြီး သိလာပြီဆိုမှဖြင့် ဩော် ... ခန္ဓာကိုယ်ကြီးဟာ သုခကြားမညှပ် ဒုက္ခသစ္စာတရစပ်ပါလားဆိုတာပေါ်ပါလိမ့်မယ်။

ထိုကဲ့သို့ပေါ်လာတဲ့အခါကျတော့မှ ဩော်... ဒုက္ခသစ္စာကြီးပါလား သုခဆိုတာဘာမှ မပေါ်လာပါလားဆိုတော့ ဒု ာတွေမြင်ပြီး ငြီးငွေ့လာပါလိမ့်မယ် (မှန်လှပါဘုရား) ဒါဖြင့် ပြစ်ပုက်မြင်တာသည် ယထာဘူတဉာဏ် (မှန်လှပါဘုရား) ဖြစ်

ပျက် ဒုက္ခသစ္စာကြီး မှန်းလာတာသည် (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား)။

ကြာတော့ ဉာဏ်က ထက်ထက်၊ ထက်ယက်၊ ပြီးကြည့်ပါများလာတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေရှိတဲ ဒီ ဒုက္ခကြီးနဲ့ဖြင့် မနေချင်ပါဘူးဆိုဟာ၊ မနေချင်တဲ့ဉာဏ်မလာပေဘူးလား၊ လာပါတယ်ဘုရား။

မနေချင်တဲ့ ဉာဏ်လာတဲ့အခါကျတော့ ခုနကဒုက္ခတွေအကုန်ပျောက်သွားပါလိမ့်မယ်– (မှန်လှပါဘုရား) မနေချင်တဲ့ဉာဏ်လာတော့ ဘာတွေပျောက်သလဲ၊ (ဒုက္ခသစ္စာတွေပျောက်ပါတယ်ဘုရား)ဒါဖြင့် ဒုက္ခပျောက်၍ ဒုက္ခဆုံးတာက နိရောဓသစ္စာ၊ ဒုက္ခအဆုံးသိတာက (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဆိုတော့မဂ်စစ်ပေါ်လာလိမ့်မယ်(မှန်ပါဘုရား) ဒုက္ခပျောက်ရင်မဂ်စစ်ပေါ်လာလိမ့်မယ်၊ ဒုက္ခတွေ့ရင်ဝိပဿနာမဂ်ပေါ်လိမ့်မယ်၊ (မှန်လှပါဘုရား) ဒုက္ခတွေ့ရင် (ဝိပဿနာမဂ်ပေါ်လိမ့်မယ်ဘုရား)။

ဒုက္ခတွေမရှိဘူးဘုရား၊ ရှုစရာကိုမရှိဘူးဘုရား ဆိုရင်ဖြင့်ဘာပေါ်လာမလဲ––(မဂ်စစ်ပေါ်လာလိမ့်မယ်ဘုရား)မဂ်စစ်ပေါ်လာလို့ဒုက္ခ မရှိတာက နိရောဓသစ္စာ (မှန်လှပါဘုရား) မဂ်စစ်ပေါ်လာလို့ ဒုက္ခမရှိတာက နိရောဓသစ္စာ (မှန်လှပါ ဘုရား) မရှိမှန်းသိတာက (မဂ္ဂသစ္စာပါဘုရား)။

အဲဒီကျအောင် စောင့်ကြည့်ရင်းမတ္တာနဲ့ ဆုံးသွားအောင် လိုက်လိုက်လို့ရှိရင်ဖြင့် "ဒုက္ခဿန္တံ ကရိဿထ"ဒုက္ခဿဒုက္ခ၏၊ အဆုံးကို၊ကရိဿထ၊မဂ်ဉာဏ်ကမျက်မှောက်ပြုလိမ့်လတ္တံ့ လို့ရှင် သာရိပုတ္တရာကလဲဟော၊ ဘုရားကလဲဟောသည် ဖြစ်လေသော ကြောင့်ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ယနေ့ကစပြီး စောင့် ကြည့်တဲ့အလုပ်လုပ်စမ်းပါ။

ဖြစ်ပျက်တွေလာသရွေ့ကို စောင့်သာ ကြည့်ပါလို့ သတိ ပေးလိုက်တယ်၊ (မှန်လှပါဘုရား) ဖြစ်ပျက်တွေလာသရွေ့ကို စောင့်သာကြည့်ပါတယ်ဘုရား) စောင့်ကြည့်ပါ ဒီပြင်ဘာမှ လုပ်ပါနဲ့ စောင့်ကြည့်တော့ ကြာတော့ ဖြစ်ပျက်တွေ ဒကာ ကြွယ်တို့ ငြီးလှဘူးတို့ စိပ်လာလိမ့်မယ်- – (မှန်လှပါဘုရား)။

စိပ်လာပြီ ဆိုမှဖြင့် စိပ် ပေမယ့်မပျင်းနဲ့၊ ဩော် –– အသေတယ်များပါကလား၊ ဩော်–– ဒုက္ခတွေတယ်များပါလား လို့ ဘယ်လောက်ပဲများများ ကိုယ်က ဒုက္ခများတယ်လို့သာ မြင်အောင်ကြည့်နေ (မှန်လှပါဘုရား) ကြာတော့ ဩော် – ဖြစ် လာတာကလည်း ဒုက္ခ၊ ပျက်သွားတာကလည်း ဒုက္ခ၊ အဲဒီ ကဲ့ သို့ ဒုက္ခက အဖြစ်လဲ မသာယာ၊ အပျက်လဲ မသာယာ၊ အဖြစ် ရော (မသာယာပါဘုရား)။ အပျက်ရော (မသာယာပါ ဘုရား)။

မသာယာပါဘူးတဲ့၊ ထိုကဲ့သို့ မသာယာတဲ့အခါ ကျတော့

ဖြစ်ပျက်ကိုသာယာတဲ့ တဏှာ ကလဲချုပ်ပါရော ဒိဋ္ဌိလည်းချုပ်ရော၊ ဖြစ်ပျက်လဲချုပ်တာပ (မှန်လှပါဘုရား) ဖြစ်ပျက်လဲချုပ်သွားတာပဲဆိုတော့ဖြစ်ပျက် ချုပ်တာနိဗ္ဗာန်၊ ချုပ်မှန်းသိတာ မဂ်ဉာဏ်၊ ဖြစ်ပျက်ချုပ်တာက (နိဗ္ဗာန်ပါဘုရား) ချုပ်မှန်းသိပြီးဆိုတာက (မဂ်ဉာဏ်ပါဘုရား)။

ဩော်--ဒါဖြင့်ဒကာကြွယ်တို့၊ ဒကာဦးလှဘူးတို့၊ ဒကာသစ်တို့ (နိဗ္ဗာန်ဝေးသလား-နီးသလား) (နီးပါတယ်ဘုရား) နီးလျက်နဲ့ မရောက်တာက ဘာကြောင့်ပါလိမ့်မလဲလို့ မေးတော့စောင့်ကြည့်တဲ့အလုပ်လဲ မလုပ်ဘူး၊ (မှန်လှပါဘုရား) စောင့်ကြည့်တဲ့အလုပ်ကို (မလုပ်ပါဘုရား)။

ဖြစ်ပျက်တွေရှုရင်းမတ္တနဲ့ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမှတစ်ပါးဘာမှ မရှိဘူးလို့ လိုချင်စရာရချင်စရာဘာမှမရှိဘူးလို့ ဒီခန္ဓာကိုဆုံးဖြတ်ချက်ချလို့ရှိရင်လည်းအဲဒါဒုက္ခသစ္စာအပိုင်းခြင်းသိတာပဲ (မှန်လှပါဘုရား)။

ထိုကဲ့သို့ပိုင်းခြားသိလိုက်တဲ့အခါကျလို့ရှိရင်ဒုက္ခတွေ ဒကာကြွယ် ဘာဖြစ်သွားသလဲ(ချုပ်သွားပါတယ်ဘုရား) ဒုက္ခတွေဆုံးသွားတယ်၊ (မှန်လှပါဘုရား)။

ဒုက္ခဆုံးတာ ဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) ဆုံးပေါ့လို့သိတာက (မဂ်ဉာဏ်ပါဘုရား)။

ယောဘ် -- ဒါဖြင့်ဘုန်းကြီးတို့ဒကာ ဒကာမတွေနိဗ္ဗာန် သည်ဤခန္ဓာအဆုံးမှာ ရှိတယ်ဆိုတာ ယနေ့တစ်ထစ်ချမှတ်ဖို့ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်သည် အထက်မှာရှိသလား၊ အောက်မှာရှိသလား၊ ဘေးမှာရှိသလားလို့မေးရင် ဘယ်နှယ့်ဖြေကြမလဲ၊ (ခန္ဓာအဆုံး မှာရှိပါတယ်ဘုရား)။

အဲ--ခန္ဓာဆိုတာဖြစ်ပျက်ပဲ-(မှန်လှပါဘုရား) အဲဒီဖြစ် ပျက်အဆုံးမှာ နိဗ္ဗာန်ရှိတယ်ဆိုတာ ယနေ့ကစပြီး ဘုန်းကြီးတို့ ဒကာ့,ဒကာမတွေကြိုးစားရှိရင်ဖြင့်တဲ့အပါယ်လေးပါးတံခါးတွေ တင်မဟုတ်ပါဘူး၊ ငရဲမီးငြိမ်း၍ ငရဲအိုးသိမ်းပါတယ်ဆိုတာကို ကိုယ့်ဉာဏ်က မဂ်ဉာဏ်ကနေသိမ်းလိုက်တယ်လို့ဆုံးဖြတ်ချက် ချလိုက်- - (မှန်လှပါဘုရား)

♦--♦--♦--♦--♦

# စိတ္တာနုပဿနာရှုပွားနည်း

## အပြင်ဉည့်သည် (၅)ယောက်ဆိုတာ

ဒကာ,ဒကာမတို့ သန္တာန်ဖြစ်နိုင်တဲ့စိတ်တွေ ဘယ်နေရာတွေကဖြစ်နိုင်သလဲဆိုရင် မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ်၊စိတ်တို့မှဖြစ်နိုင်တယ် (မှန်ပါ)

မျက်စိနဲ့အဆင်းနဲ့ဆုံတဲ့အခါမြင်စိတ်ပေါ်တယ်၊ (မှန်ပါဘုရား) နားနဲ့ အသံနဲ့ ဆုံတဲ့အခါ ကြားစိတ်ပေါ်တယ် (မှန်ပါ) နှာခေါင်းနဲ့အနံ့နဲ့ဆုံတဲ့အခါ နံစိတ်မွှေးစိတ်ပေါ်တယ် (မှန်ပါ)။

လျှာနဲ့အရသာနဲ့ဆုံတဲ့အခါစားစိတ်ပေါ်တယ်၊ (မှန်ပါ) ကိုယ်ခန္ဓာနဲ့ တွေ့ထိစရာနဲ့ဆုံရင်တွေ့ထိစိတ် ယားနာကောင်း စိတ်ပေါ်တယ် (မှန်ပါဘုရား)။

ဒီ(၅)မျိုးဟာ တစ်ခါတစ်ရံမှအကြောင်း တိုက်ဆိုင်မှပေါ်လာတတ်ကြတာဆိုတော့ တစ်ခါတစ်ရံမှ ပေါ်လာတတ်တဲ့ ဧည့်သည်လို့မှတ်ပါ၊ ဒါကြောင့် ဧည့်သည်စိတ် (၅)မျိုးလို့ခေါ်တယ် (မှန်ပါ)။

ဒီဧည့်သည်တွေကဝမ်းတွင်မှာ ပေါ်တာမဟုတ်ဘူး၊ ကိုယ်ပေါ်အပြင်ဘက်မှာပေါ်ကြတာ (မှန်ပါ)ဒါကြောင့် "အပြင်ဧည့်သည်စိတ် (၅)မျိုးလို့ခေါ်တယ် (မှန်ပါဘုရား) မျက်စိ၊ နား၊ နှာ

ခေါင်း၊ လျှာ၊ ကိုယ်တို့မှာ ပေါ်တာဆိုတော့ အပြင်ဘက်ပေါ့ (မှန်ပါဘုရား)အပြင်ဇည့်သည် (၅)ယောက်ဆိုပါတော့။ (မှန်ပါ့)

မိုး (၁၁) စာ (၃၃၆)

## အတွင်းဧည့်သည်-(၆)ယောက်ဆိုတာ

တစ်ခါဝမ်းထဲ ဟဒယဝတ္ထုပေါ်မှာပေါ်တဲ့စိတ်များလဲရှိသေးတယ်(မှန်ပါ)တစ်ခါတလေလိုချင်မက်မောတဲ့လောဘစိတ်ပေါ်တယ်(မှန်ပါ)တစ်ခါတလေ အလိုမကျဒေါသဖြစ်တဲ့စိတ်များလဲပေါ်တယ် (မှန်ပါ့) တစ်ခါတစ်လေတွေဝေ မိုက်မှောင်တဲ့မောဟစိတ်လဲဖြစ်တယ်(မှန်ပါဘုရား) ဒါကအကုသိုလ်ဘက်က ၃ခု။

တစ်ခါတလေကျတော့ ပေးချင်ကမ်းချင်၊ လှူချင်၊ တန်းချင်၊ဝေချင်၊မျှချင်တဲ့ အလောဘစိတ်ကလေးများ လဲပေါ်တတ်တယ်။ (မှန်ပါ) ။

တစ်ခါတလေကျတော့ မေတ္တာရှိတဲ့ အဒေါသစိတ်လဲပေါ်တတ်တယ်(မှန်ပါ)တစ်ခါတလေကျတော့ကိုယ်ရဲ့လုပ်ငန်းအပေါ်တွေးတောကြံစည်တဲ့စိတ်လဲဖြစ်တယ်(မှန်ပါဘုရား)ဒါကကုသိုလ်ဘက်က (၃)ခု။

ဒီ (၆)မျိုးဟာလဲ တစ်ခါတစ်ရံမှ အကြောင်း တိုက်ဆိုင်မှ

ပေါ်ကြတာဆိုတော့ တစ်ခါတစ်ရံမှ ပေါ်လာတတ်တဲ့ဧည့်သည် လို့ပဲ ဒီဧည့်သည်ကအတွင်းမှာပေါ်သည့် ဧည့်သည်ပဲ၊ (၆)မျိုးရှိ တယ်၊ "အတွင်းဧည့်သည် (၆)ယောက်"ပေါ့ (မှန်ပါဘုရား)

အပြင်ဧည့်သည်စိတ်(၅)မျိုး၊ အတွင်းဧည့်သည်စိတ် (၆) မျိုး၊ ပေါင်း(၁၁)မျိုး၊ ဒီ(၁၁)မျိုးကဧည့်သည် စိတ်တွေဆိုတော့ ဧည့်သည်ဟာ ပေါ်ချင်တဲ့အခါပေါ်လာသလို ဒီစိတ်တွေလည်း ပေါ်ချင်တဲ့အခါမှပေါ်တယ်(မှန်ပါ)အကြောင်းတိုက်ခိုက်တဲ့အခါ မှ ပေါ်လာတယ် (မှန်ပါဘုရား)။

ပေါ်လာတဲ့အခါကြုံတဲ့အခါရှုလိုက်ဖို့ပဲ(မှန်ပါ) ဒီလိုဆို ရင်သူတို့မပေါ်လာတဲ့အခါမကြုံတဲ့အခါ ဘယ်လိုလုပ်မလဲ။

## အိမ်သည်စိတ် (၂)မျိုး ဆိုတာ

အို... သက်စောင့်ရှိပါသေးတယ်၊သက်စောင့်ဆိုတာလေ ကိုထုတ်သောစိတ်၊လေကိုသွင်းသောစိတ်၊ဒီစိတ်(၂)ခုက သတ္တဝါ တွေမသေအောင်စောင့်ပေးတဲ့စိတ်၊ အမြဲရှိတယ် (မှန်ပါ) အမြဲရှိ တယ်ဆိုတော့အိမ်မှာ အမြဲနေတဲ့သူလိုပေါ့၊ဒါကြောင့်သူ့ကို"အိမ် သည်စိတ်"လို့ ခေါ်ရတယ် (မှန်ပါဘုရား) အဲ ... သူကိုရှု၊ ဧည့် သည်တွေမပေါ်ရင်အိမ်သည်ကိုရှု (မှန်ပါ)။

ဒီတော့ အရှုခံစိတ်ဟာအပြင်ဧည့်သည် (၅)မျိုး၊ အတွင်း ဧည့်သည်(၆)မျိုး၊ အိမ်သည်(၂)မျိုးပေါင်း (၁၃) မျိုးရှိတယ် (မှန်

ပါဘုရား)။

ဩည့်သည်လာတဲ့အခါ ဩည့်သည်ကို ဦးစားပေးလိုက်ပေါ့ (မှန်ပါ)ဧည့်သည်မလာတဲ့အခါ အိမ်သည်ပဲရှိတာ၊အိမ်သည်ကိုရှု (မှန်ပါဘုရား)။

လေကိုဝင်အောင်လုပ်တဲ့စိတ်၊ လေကိုထွက်အောင်လုပ်တဲ့စိတ်သူတို့၂-ခုက အမြဲတမ်းမျှင်မျှင်ကလေးတော့ ရှိနေတတ်တာပဲ (မှန်ပါ)။

"စိတ်ကိုရှု" ဆိုတဲ့နေရာမှာလဲ စိတ်ကိုတွေ့ရမှာမဟုတ်ဘူး၊စိတ်ကလေးတွေ ပြောင်းလွဲပြောင်းလွဲသွားတာကို တွေ့ရမှာ (မှန်ပါ)။

အဖြောင့်ပြောရရင် စိတ်ကလေးတွေရဲ့အပျက်ကိုတွေ့ရမှာ (မှန်ပါ)အဖြစ်ရော အပျက်ရောတွေ့ရင်တော့အကောင်းဆုံး ပေါ့ (မှန်ပါဘုရား)။

## နာမ်ရုပ်ကိုခွဲခြားသိတဲ့နာမရူပ ပရိစ္ဆေဒ

ကောင်းပြီ၊ အဲဒီအရှုခံစိတ် (၁၃)မျိုးလုံးဟာ နာမ်တရားတွေချည်းပဲ (မှန်ပါဘုရား) အဲဒီနာမ်တရားစိတ်တွေဟာ ဘယ်ပေါ်မှာ ပေါ်တာလဲဆိုရင်ရုပ်ပေါ်မှပေါ်တာ (မှန်ပါ)ဒါဖြင့် စိတ်ကနာမ်၊အောက်ခံကရုပ် (မှန်ပါ) နာမ်နဲ့ရုပ်ပေါ့ (မှန်ပါဘုရား) နာမ် နဲ့ရုပ်ပေါ်တာပဲ (မှန်ပါဘုရား)။

မြင်စိတ်ဆိုလိုရင် မျက်လုံးရုပ်ပေါ်ရတာပဲ(မှန်ပါဘုရား) ဒီတော့နာမ်ရုပ်ပေါ်တာပဲပေါ့ဗျာ(မှန်ပါဘုရား)။

ကြားစိတ်ဆိုလို့ရှိရင်လဲ နားအကြည်ရုပ်ပေါ်မှာ ပေါ်ရတာပဲ (မှန်ပါဘုရား) ဒီတော့နာမ်ရုပ်နှင့်ရုပ်ပဲပေါ့ (မှန်ပါဘုရား) အလားတူပဲ နံစိတ်၊စားစိတ်၊ယားနာကောင်းစိတ်တို့ပေါ်တဲ့အခါမှာလဲ ရုပ်ပေါ်မှာနာမ်ပေါ်ကြရတာပဲ (မှန်ပါ)ဒါကြောင့်နာမ်နဲ့ ရုပ်ပေါ်ခြင်းလို့ဆိုရတာပဲ (မှန်ပါဘုရား)။

ဒါဟာ"စိတ္တာနုပဿနာ"ဟောမယ်လို့ရှေးဦးစွာ နာမ်နဲ့ ရုပ်ကိုဝေဖန်လိုက်တာ(မှန်ပါဘုရား)အတွင်းဍေ့သည်ဖြေယောက်ဆိုတဲ့နာမ်တရားများပေါ်တဲ့အခါမှာလဲ ဟဒယဝတ္ထုရုပ်ပေါ်မှာ ပေါ်ကြရတာပဲ (မှန်ပါဘုရား) ရုပ်နဲ့နာမ်ပေါ်တယ်ပေါ့ (မှန်ပါ့ဘုရား)။

ပြီးတော့အိမ်သည်စိတ်၂ခု၊လေကိုသွင်းသောစိတ်၊လေကိုထုတ်သောစိတ်၊သူတို့၂ခုလဲဟဒယဝတ္ထုပေါ်မှာပဲပေါ်ကြရတာ၊ (မှန်ပါဘုရား) ဩော် ... ဒီလိုဆိုတော့ရုပ်ပေါ်မှာ နာမ်ပေါ်ကြရတာပဲပေါ့ (မှန်ပါ့ဘုရား)။

ဒါဖြင့်"ဘာပေါ်ပေါ်၊ရုပ်ပေါ်မှာနာမ်ပေါ်တာပဲ" (မှန်ပါဘုရား)ရုပ်နဲ့နာမ်ပေါ်တာပဲ၊ရုပ်နာမ်ပေါ်တာပဲ(မှန်ပါ)ယောကျ်ားမိန်းမ ပေါ်တာလား၊ ရုပ်နာမ်ပေါ်တာလား (ရုပ်နာမ်ပေါ်တာပါ

ဘုရား)ဟုတ်တယ်ရုပ်နာမ်ပဲရှိတာ (မှန်ပါ)။

ဒါဖြင့်မြင်တာလဲ ရုပ်နာမ်ပေါင်းစပ်မှုမြင်တာ (မှန်ပါ) ကြားတာလဲ(ရုပ်နဲ့နာမ်ပေါင်းစပ်မှုကြားရပါတယ်ဘုရား) ဒါဖြင့် ရုပ်နဲ့နာမ်ရောက်ထပ်ပြီး အထူးခွဲစရာလိုသေးလား (မလိုတော့ ပါဘူးဘုရား) ရှင်းသွားပြီနော်(ရှင်းပါပြီဘုရား) ဒါဆိုရင်"နာမ ရူပ ပရိစ္ဆေဒဉာဏ်"ရသွားပြီ (မှန်ပါ)နာမ်နဲ့ရုပ်ကိုပိုင်းခြားသိတဲ့ ဉာဏ်ပေါ့ (မှန်ပါဘုရား)။

## အကြောင်းနဲ့အကျိုးခွဲခြားခိတ်ပြာ

ကိုင်း...ရုပ်နဲ့နာမ်ခွဲပြီးတော့ အကြောင်းနဲ့အကျိုးခွဲကြ ဦးစို့ (မှန်ပါ)ဒီမှာမြင်စိတ်ကလေးဟာ မျက်စိအကြည်နဲ့အဆင်း နဲ့တိုက်လို့ပေါ်လာတာ(မှန်ပါဘုရား)ဒ္ဒါရနဲ့အာရုံတိုက်ဆိုင်လို့ ပေါ်လာတယ်ဆိုပါတော့ (မှန်ပါဘုရား) ဒီတော့မျက်စိ အကြည် နဲ့ အဆင်းကအကြောင်း၊ မြင်စိတ်ကလေးကအကျိုး။ (မှန်ပါ)။

ကြားစိတ်ကလေး ပေါ်တဲ့နေရာမှာလဲအတူတူပဲ၊ နားအ ကြည်ရုပ်နဲ့အသံရုပ်ကအကြောင်း၊ကြားစိတ်ကအကျိုး(မှန်ပါ)နံ့ စိတ် မွှေးစိတ်ပေါ်တဲ့နေရာမှာလဲ နှာခေါင်းအကြည်ရုပ်နဲ့အနံ့ရုပ် က အကြောင်း၊နံ့စိတ်မွှေးစိတ်က အကျိုး(မှန်ပါဘုရား)။

စားစိတ်ကလေးပေါ်တဲ့နေရာမှာလည်း လျှာအကြည်ရုပ် နဲ့ အရသာရုပ်တို့ကအကြောင်း၊ စားစိတ်၊ နာမ်ကလေးက

အကျိုး(မှန်ပါ့) ယားနာကောင်းစိတ်ပေါ်တဲ့နေရာမှာလည်း ခန္ဓာကိုယ်အကြည်ရုပ်နဲ့တွေ့ထိစရာရုပ်တို့ကအကြောင်း၊ ယားနာကောင်းစိတ်ကအကျိုး။ (မှန်ပါ့ဘုရား)။

တွေးတောကြံစည်စိတ်ဖြစ်ပေါ်တဲ့နေရာမှာလဲမနောဒွါရနဲ့ကြံတွေးစရာအာရုံတို့ကအကြောင်းတွေးတောကြံစည်စိတ်ကအကျိုး (မှန်ပါဘုရား)။

ဒီတော့ တို့တစ်တွေစိတ်ဖြစ်ခြင်းရဲ့အကြောင်းကို သိရပြီ၊ အာရုံနဲ့ဒွါရတိုက်ဆိုင်ကြလို့ ပေါ်လာတဲ့စိတ်ပဲ (မှန်ပါ့) သိကြားဖြဟ္မာ၊ ဘုရားလာပြီးထည့်သွင်းတဲ့စိတ်မဟုတ်ဘူး (မှန်ပါ့)။

အဲလိုအကြောင်းရင်းကိုသိလိုက်ရတဲ့အတွက် ဝိစိကိစ္ဆာသေတယ်၊(မှန်ပါဘုရား)စောစောကရုပ်နဲ့နာမ်ကိုခွဲပြလို့သိသွားရတဲ့အတွက်ဒိဋ္ဌိသေတယ်၊ (မှန်ပါဘုရား) ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာသေဖို့အရေးကြီးတယ်။

## ဉာတပရိညာနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာကိုခွာပုံ

ယောကျ်ား၊ မိန်းမဆိုတာတွေ ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူး လူနတ်ဖြဟ္မာဆိုတာလဲမရှိဘူး၊ပေါ်လာသမျှနဲ့ နာမ်ချည်းပဲလို့ဆိုတော့ဒိဋ္ဌိမသေဘူးလား(သေပါတယ်)

ပြီးတော့ စိတ်ဆိုတဲ့ နာမ်တရားကြွေဟာ အသိုလိုပေါ်လာ

တာလား၊အကြောင်းတိုက်ဆိုင်လို့ပေါ်လာတာလား(အကြောင်း တိုက်ဆိုင်လို့ပေါ်လာတာပါဘုရား)။

အဲဒီလို အကြောင်းရင်းကိုသိလာရတော့ "ဘယ်လိုဖြစ်ပြီး ဘယ်လိုပေါ်လာတာပါလိမ့်"ဆိုတဲ့သံသယဝိစိကိစ္ဆာရှိသေးလား (မရှိတော့ပါဘုရား) ဒါဖြင့် အကြောင်းရင်းကို သိတဲ့အတွက် ဝိစိကိစ္ဆာသေတယ် (မှန်ပါ)။

ဒီအထိ(၂)ဉာဏ်ရသွားပြီ၊ နာမ်ရုပ်ကို ခွဲခြားသိတဲ့အ တွက်နာမရူပပရိစ္ဆေဒဉာဏ်ရယ်၊အကြောင်းရင်းတရားကိုသိမ်း ဆည်းပြီးသိတဲ့အတွက် ပစ္စယပရိ ဂ္ဂဟဉာဏ်ရယ်၊(၂)ဉာဏ်ရပြီ (မှန်ပါ) ဒါဟာသိဉာဏ်ပဲရှိသေးတယ်၊ ပွားဉာဏ်မပါသေးဘူး (မှန်ပါဘုရား)ဉာတပရိညာနဲ့ဒိဋ္ဌိဝိစိကစ္ဆာခွာရုံပဲ ရှိသေးတယ်။ (မှန်ပါ)။

## ခေါင်ပြီး ဉာဏ်နဲ့ဖမ်းယူပါ

ရှေ့ပိုင်းမှာဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတို့ကို (ဉာတပရိညာ) အသိ သဘောနဲ့ ခွာပြီးတဲ့နောက် ဖြစ်ပျက်ရှုတဲ့သမ္မာသန ဥဒယဗ္ဗယ တို့လာကြတော့မယ် (မှန်ပါဘုရား) လက်တွေ့ရှုတဲ့ အခန်းကို ရောက်လာပြီ (မှန်ပါဘုရား)။

လက်တွေ့ရှုပုံရှုနည်းကိုဒီလိုလုပ်ကြပါစို့၊ မိလိန္ဒမင်းကြီး ကမေးလို့၊ အရှင်နာဂသိန်ရဟန္တာမထေရ်မြတ်၏ ဖြေကြားပုံဖြေ

ကြားနည်း၊ ရှုပုံရှုနည်းကိုပြောမယ် (မှန်ပါဘုရား)။

မိလိန္ဒမင်းကြီးက "အရှင်ဘုရား...ဝိပဿနာရှုပုံရှုနည်း ကလေးမိန့်ကြားပါ"တဲ့။ ဒီတော့ အရှင် နာဂသိန်မထေရ်က "ဒကာကြီး...တောအုပ်မြိုင်လျှိုတို့မှာ သစ်တွေကျားတွေမရှိဘူး လား" ရှိပါတယ်ဘုရား။

အဲဒီသစ်တွေကျားတွေက သူကို့စားချင်တဲ့သမင်ဒရယ် ဂျီ ငယ်စိုင်ဆတ်တို့ကိုအပြေးလိုက်ဖမ်းသလား၊ ချုံထဲကနေစောင့် ပြီးချောင်းဖမ်းသလား။

(စောင့်ပြီးချောင်းဖမ်းပါတယ်ဘုရား)ဟုတ်တယ်၊ လိုက် ဖမ်းနေလို့ဘယ်မှီလိမ့်မလဲ၊သတ္တဝါကလေးတွေကအပြေးမြန်တာ ပဲ၊ (မှန်ပါဘုရား)။

ဒီမှာလဲဒီအတိုင်းပဲ၊စောင့်ပြီးဖမ်းပါ၊ဉာဏ်နဲ့ဖမ်းပါ (မှန် ပါ)သမာဓိထူထောင်ပြီးတော့တည်ငြိမ်စွာနဲ့သမာဓိ ချုံထဲကနေ ပြီးတော့ဉာဏ်ကျားကြီးက စောင့်ဖမ်းပါ (မှန်ပါ)။

သားကောင်နဲ့တူတဲ့ ဖြစ်ပျက်ကလေးတွေပေါ်လာပြီးဆို ရင်ဉာဏ်ကျားက ချောင်ဖမ်းပါ(မှန်ပါ)ဒါဟာဝိပဿနာရှုတာပဲ" (မှန်ပါ)။

မိုး (၁၁) ခါ (၃၄၄)

## ဆောင့်ပြီးဖမ်းတာဝိပဿနာ

ကဲ...ဒါဆိုရင်လုပ်တတ်ပြီ၊သမာဓိတည်းဟူသောချုံထဲ မှာ အောင်းပြီးဉာဏ်တည်းဟူသော ကျားကြီးကဖြစ်ပျက်တည်း ဟူသောသားကောင်ကလေးများကိုဖမ်းရမယ် -(မှန်ပါ) အဲဒါကို စာထဲမှာ—

"ယံထာပိ ဒီပိကော နာမ၊
နိလီယိတွာ ဂဏှာတိမိဂေ"

လို့ဆိုတယ်၊အဓိပ္ပါယ်ကတော့"တောထဲကသစ်တွေကျားတွေဟာ ချုံထဲကအောင်းပြီး ချောင်းပြီးတော့ သားကောင်ကလေးတွေကို ဖမ်းသလို"ဟု ဆိုလိုပါသည်။

သမာဓိချုံထဲကစောင့်နေပါ၊ ဉာဏ်ကျားကြီးက အသင့် ချောင်းနေပါ၊ မြင်စိတ်ကလေးပေါ်လာဖမ်းစားလိုက် (မှန်ပါ)ဖြစ် ပျက်ရှုလိုက်လို့ပြောတာပါ။ (မှန်ပါ့)။

ကြားစိတ်ကလေးပေါ်လာလဲ"ဖျတ်"ခနဲ့ဖမ်းယူပြီး ဖြစ် ပျက်ရှု (မှန်ပါ) အခြားစိတ်တွေလဲဒီနည်းအတိုင်းရှု (မှန်ပါ) ဒီတော့ဖြစ်ပျက်နဲ့မဂ်နဲ့ဟာကိုက်လျှက်ကိုက်လျှက်ချည်းနေမယ် (မှန်ပါဘုရား)။

ဒါဟာစောင့်ပြီးဖမ်းတာပဲ၊ ဒါဟာ ဝိပဿနာ ရှုတာပဲ (မှန်ပါ့ဘုရား) ဒါအရှင်နာဂသိန်နည်း (မှန်ပါ့)။

## ဖမ်းတိုင်း အသေလေးတွေချည်းမိ

ဒီလို ဖမ်းပါများတော့ အသေကလေးတွေချည်းမိမယ် (မှန်ပါ)အပျက်ကလေးတွေချည်းမိမယ်ပြောတာ (မှန်ပါဘုရား) အပျက်နဲ့မဂ်နဲ့ကိုက်ကိုက်သွားလိမ့်မယ်(မှန်ပါ)။

စောစောကဒိဋ္ဌိကိုခွာထားပြီးပြီ၊ ဝိစိကိစ္ဆာကိုလဲသတ်ပြီးပြီ၊အခုဟာကအနုပဿနာအခန်းကိုရောက်နေတယ် (မှန်ပါ)သမ္မသန ဥဒယဗ္ဗယအခန်းကိုရောက်နေတယ်... (မှန်ပါဘုရား)။

အဖမ်းခံရတာကစိတ်၊ ဖမ်းတာကအနုပဿနာ၊ ပေါင်းလိုက်တော့ "စိတ္တာနုပဿနာ" (မှန်ပါဘုရား)ဘယ်စိတ်ပေါ်ပေါ်၊ ပေါ်လာတဲ့စိတ်ကိုဖမ်းပြီးဖြစ်ပျက် ရှုပါ (မှန်ပါ) ရှုဖန်များလာတော့ အပျက်ကလေးတွေ များများတွေ့မယ်၊ အသုဘကလေးတွေများများတွေ့မယ် (မှန်ပါ)။

အသုဘလေးတွေများများတွေ့လာရင်မုန်းလာမှာပဲ (မှန်ပါ) မုန်းလည်းဆက်ရှုဆက်ရှု၊ ကြာတော့ဆုံးသွားတာကိုတွေ့လိမ့်မယ်(မှန်ပါ) အဖြစ်အပျက်ကလေးတွေ ဆုံးသွားတာကိုတွေ့မယ် (မှန်ပါ)။

အဲဒါဟာ နိရောဓသစ္စာ (နိဗ္ဗာန်)ပဲ (မှန်ပါ)အဲဒီရောက်သည်အထိရှုရမှာပဲ (မှန်ပါဘုရား)။

# အသေကို အရှင်နဲ့ ကြည့်တာဝိပဿနာ

"ကမ္မဋ္ဌာန်းတွေကတော့အစုံရှိတာပဲ၊ ဒါပေမယ့် ခင်ဗျားတို့နဲ့ အလျော်ဆုံးက ကိုယ့်စိတ်ကိုယ်ရှုတာ အလျော်ဆုံး (မှန်ပါ့) စိတ္တာနုပဿနာပေါ့" (မှန်ပါ)။

စိတ်ဆိုတာဖြစ်ပြီးပျက်သွားတဲ့စိတ်ကတစ်မျိုး၊ (မှန်ပါ) အဲဒါကို သိတဲ့ စိတ်ကတစ်မျိုး၊ (မှန်ပါ) ဘယ်နှစ်မျိုးတုံး (နှစ်မျိုးပါဘုရား) ဒါဖြင့် ဖြစ်ပျက်ကို သိတယ်ဆိုပါတော့ (မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်ကအသေ (မှန်ပါ) မဂ်ကအရှင် (မှန်ပါ) သူက နောက်မှ ပေါ်ရတာကိုး (မှန်ပါ) ဒါဖြင့် အသေကို အရှင်နဲ့ သိပေးတယ် (မှန်ပါ) ဒါ-ဝိပဿနာပဲ၊ (မှန်ပါဘုရား)။

အသေကို အရှင်နဲ့သိတာဘာခေါ်မယ်၊ (ဝိပဿနာပါဘုရား) ဟော ဒီလိုဆိုတော့ ဒကာ, ဒကာမတို့ ...ဝိပဿနာဆိုတာအလွယ်ကလေးပါလား (မှန်ပါဘုရား)။

အသေကိုအရှင်နဲ့သိရင် ဝိပဿနာဖြစ်နေပြီ၊ စာလိုသုံးနှုန်းနေလို့ အဟန့်ကြီးဖြစ်နေတာ၊ ပြီးတော့ ခင်ဗျားတို့က နားယောင်နေတာ (မှန်ပါ) တကယ်တော့ ကိုယ့်အသေကို ကိုယ့်အရှင်စိတ်နဲ့ သိရင်ပြီးတာပဲ (မှန်ပါ့ဘုရား) ကြည့်ပါ ဒီအထဲမှာ စိတ်ကလေးတစ်ခုပေါ်လာတယ်၊ စိတ်အသက် ၁ နှင့် ၂ ပဲ ရှိတယ်၊ ၁ ဆိုရင် ဖြစ်တယ်၊ ၂ ဆိုရင် ပျက်တယ် (မှန်ပါ)။

အဲဒါလေးကို နောက်သိလုံးကလေးနဲ့ နောက်စိတ်နဲ့ သိပေးလိုက်တာပေါ့(မှန်ပါ) နောက်စိတ်နဲ့ အသက်ရှင်နေတယ် (မှန်ပါ့) ဒီရှေ့စိတ်ကသေသွားပြီကိုး (မှန်ပါ) လူ တစ်ယောက်သေသွားပြီ၊မောင်ဘအေးဖြင့် မောင်ဘအေး သေသွားပြီ၊ကိုသန်းမောင်ဖြင့် ကိုသန်းမောင်သေသွားပြီ (မှန်ပါ)။

မိုး (၂) စာ (၄၅၆)

## ကမ္မဋ္ဌာန်းကျောင်းကကိုယ့်ခန္ဓာမှာ

အသေဟာဘာသစ္စာခေါ်ကြမလဲ (ဒုက္ခသစ္စာပါ) အသိက (မဂ္ဂသစ္စာပါ) ကိုယ့်ဉာဏ်နဲ့ ကိုယ့်အသေကိုယ်သိတာ ဝိပဿနာခေါ်တယ် (မှန်ပါ) ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

ကိုင်း...ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ကြည့်တာလို့မှတ် (မှန်ပါ) ဝိပဿနာဆိုတာ (အသေကို) အရှင်နဲ့ကြည့်တာပါဘုရား) ခင်ဗျားတို့က တောကျောင်း တောင်ကျောင်း သွားပြီးရှုမှ ဝိပဿနာထင်ကြတာကိုး မဟုတ်ပါဘူးတဲ့ (မှန်ပါဘုရား)။

ကိုယ့်အသေက ဘယ်မှာရှိတာတုံး (ကိုယ့်ခန္ဓာထဲမှာပါဘုရား) ကိုယ့်အသိကရော (ကိုယ့်ခန္ဓာထဲမှာပဲဘုရား) ဒါကမ္မဋ္ဌာန်းကျောင်းပေါ့ဗျ (မှန်ပါ)ဒီခန္ဓာဟာ ကမ္မဋ္ဌာန်းကျောင်းပဲပေါ့ (မှန်ပါ့ဘုရား)။

တောမထွက်ချင်အောင်လို့ ဘုန်းကြီးကပြောနေတာလို့ မထင်လိုက်ကြနဲ့၊ ခင်ဗျားတို့ လူစုတွေက တောထွက်မှာလည်း မဟုတ်ပါဘူး (မှန်ပါဘုရား)။

ကဲ ... လိုရင်းကတော့ ကိုယ့်အသေကိုယ်သိနေရင် ပြီးတာပဲ၊ တောထဲသွားနေပေမယ်လို့ မြို့စိတ်ပေါက်နေမယ်၊ ရွာ စိတ်ရောက်နေမယ်ဆိုရင် အလကားပါပဲ (မှန်ပါဘုရား) ကိုယ့်အသေကိုယ်မရှုဘူး၊ မမြင်ဘူးဆိုရင် အလကားပါပဲ (မှန်ပါဘုရား)။

တောကျောင်း၊ တောင်ကျောင်းဆိုတာတွေက သမထ အတွက်ပြောတာ၊ (မှန်ပါ) သမထက တိတ်ဆိတ်ဖို့လိုအပ် တယ် (မှန်ပါ) ဒါကသုတ္တန်နည်း။

ဝိပဿနာအတွက်ကတော့ မြင်စိတ်၊ ကြားစိတ်၊နံစိတ်၊ စားစိတ်စတဲ့စိတ်တွေကို ရှုတာဆိုတော့ နေရာမရွေးဘူး၊ (မှန်ပါ) ဘယ်နေရာရှုရှုရတာပေါ့ (မှန်ပါဘုရား)။

ဝိပဿနာအတွက်ကတော့ လေ့ကားခုံက ခြေတစ်လှမ်း ဆင်းရင်တောကျောင်း တောင်ကျောင်းပဲတဲ့၊ ဒါကအဘိဓမ္မာ နည်း (မှန်ပါဘုရား)။

ဝိပဿနာအတွက်ကတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်စတဲ့ စိတ်တွေကို ရှုတာဆိုတော့ နေရာမရွေးဘူး၊ (မှန်

ပါ) ဘယ်နေရာရှုရှုရတာပေါ့ (မှန်ပါဘုရား)။

## စိတ်ကိုသိရမှာမဟုတ် စိတ်ရဲ့ အပျက်ကိုသိရမှာ

ဒကာ, ဒကာမတို့ "ကိုယ့်စိတ်ကိုယ်ရှုပါ" ဆိုတာ "ကိုယ့်စိတ်ကိုယ်သိပါ" လို့ ပြောတာ (မှန်ပါ့) "ကိုယ့်စိတ်" ဆိုတာရယ်" ကိုယ်သိ" ဆိုတာရယ် ၂ ခုပဲ (မှန်ပါ) စိတ် စိတ်ချင်းရှုရမယ့်ကိစ္စ။ အရေးကြီးတယ် (မှန်ပါဘုရား)။

"စိတ် စိတ်ချင်းရှု" ဆိုပေမယ့်တကယ်တော့ရှုတဲ့စိတ်ပေါ်တဲ့အချိန်မှာအရှုခံစိတ်ကမရှိတော့ပါဘူး(မှန်ပါ)ဘာပြုလို့လဲဆိုတော့ တစ်ချိန်တည်းမှာ၂စိတ်ပြိုင်၍အသက်ရှင်ရိုးထုံးစံမရှိလိုပါပဲ (မှန်ပါ) "ဧကစိတ္တသမာယုတ္တာ" ဆိုတဲ့အတိုင်း တစ်ချိန်မှာ တစ်စိတ်စီနဲ့သာ အသက်ရှင်ရတာမဟုတ်လား (မှန်ပါဘုရား)။

အဲဒီတော့ "ကိုယ့်စိတ်ကိုယ်သိပါ"ဆိုပေမယ့်တကယ်တော့စိတ်ကိုသိရမှာမဟုတ်ဘူး၊ အပျက်ကို သိရမှာ (မှန်ပါဘုရား) စိတ်ကိုသိရမှာလား၊ စိတ်ရဲ့အပျက်ကိုသိရမှာလား (စိတ်ရဲ့အပျက်ကိုသိရမှာပါဘုရား) အေး...ဟုတ်တယ်။

ဒါဖြင့် အရှုခံစိတ်ကလေးက အပျက်၊ဒီဘက်ရှုဉာဏ်စိတ်ကလေးကမင်၊ အဲဒီလိုသွားကိုက်တယ် (မှန်ပါဘုရား) ဒါကလေးကတော်တော်အရေးကြီးတဲ့ အချက်ကလေးတွေနော် (မှန်ပါဘုရား)။

ခင်ဗျားတို့ကတော့ထင်မယ်၊ ဘုရားက "စိတ္တာနုပဿနာ" လို့ ဟောတော့ စိတ်ကို အရှုခိုင်းတယ်လို့ ထင်ကြမှာ (မှန်ပါ) ဘယ်ဟုတ်လိမ့်မှာလဲ၊ စိတ်ကို အရှုခိုင်းတာမဟုတ်ဘူး၊ "စိတ်၏ ပျက်မှုကိုရှုပါ" လို့ပြောတာ (မှန်ပါဘုရား)။

## ဝိပဿနာရှုပုံ အစစ်အမှန်က

ထပ်မံပြောဦးမယ်စိတ်ကို ရှုခိုင်းတာမဟုတ်၊ စိတ်၏ မရှိမှုကို အရှုခိုင်းတာ (မှန်ပါဘုရား) ရှုတဲ့ အချိန်မှာမရှိတာဘဲ တွေ့ရမယ် (မှန်ပါ) ရှိပြီးမှ မရှိပဲဖြစ်သွားတဲ့ သဘောကိုတွေ့ရမှာ (မှန်ပါ) စောစောက ဒီနားရှိတယ်၊ အခုမရှိတော့ဘူး၊ အဲဒီ သဘောကိုတွေ့ရမှာ (မှန်ပါဘုရား)။

ရှိတာရှုနေလို့ရှိရင် ခိုင်တာမြဲတာ ရှုနေသောကြောင့် သဿဟဒိဋ္ဌိဖြစ်တယ်၊ (မှန်ပါ) မရှိတာရှုမှသာလျှင်သဿတဒိဋ္ဌိ ကလွတ်တယ် (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ, ဒကာမတို့ " အသေကိုအရှင်နဲ့ရှုပါ" ဆိုတာအမှန်ဆုံးဘဲ (မှန်ပါ) ဘာပြုလို့လဲဆိုတော့ တစ်ခုသေပြီးမှ တစ်ခုဖြစ်ရမှာကိုး (မှန်ပါ)။

ခင်ဗျားတို့က "စိတ်ကို အရှုခိုင်းတယ်" ဆိုပြီး "ကျုပ် ကတော့စိတ်တွေလာတိုင်းရှုနေတာပဲ" ဆိုရင် ဒါ ဝိပဿနာ မ

ဟုတ်ဘူး၊ ဝိပဿနာအပါးမဝသေးဘူး၊ ဆရာကရင်လည်းလိုနေမယ်၊ ကိုယ်ကရင်လည်းလိုနေမယ် (မှန်ပါဘုရား)။

စိတ်ကတစ်ချိန်တည်းမှာ၂ခုပြိုင်၍ပေါ်ကောင်းရဲ့လား (မပေါ်ကောင်းပါ) ဒါကြောင့် ရှေ့စိတ်ကို နောက်စိတ်နဲ့ မြင်လို့မရနိုင်ဘူး (မှန်ပါ) ရှေ့စိတ်အပျက်ကိုသာနောက်စိတ်နဲ့ မြင်လို့ရနိုင်မယ် (မှန်ပါဘုရား)။

ရှေ့က ပထမစိတ်ပျက်ပြီးမှ နောက်က ဒုတိယစိတ် ပေါ်နိုင်မယ် (မှန်ပါ) ပထမစိတ်ကအသေ၊ ဒုတိယစိတ်က ရှင်ဆဲပါ (မှန်ပါ) အသေကိုရှင်တဲ့စိတ်နဲ့ရှု၊ ရှင်တဲ့စိတ်ထဲမှာ ဉာဏ်ပါတယ် (မှန်ပါ) အသေကို ဘာနဲ့ရှုရမယ်(အရှင်နဲ့ရှုရမယ်) အဲဒါမှ ဝိပဿနာအစစ်ပါ (မှန်ပါဘုရား)။

အပျက်မပါပဲနဲ့စိတ်သက်သက်ကိုသာရှုနေရင်ဝိပဿနာအစစ်မဟုတ်သေးဘူး၊ ဖြစ်လဲမဖြစ်နိုင်ဘူး (မှန်ပါ) ဘာလို့လဲဆိုတော့နောက်ရှုတဲ့စိတ်ပေါ်တဲ့အချိန်မှာရှေ့ကစိတ်က ရှိမှမရှိနိုင်ပဲ (မှန်ပါဘုရား) ပျက်သွားရပြီ၊ ပျက်သွားပြီးမှသာ နောက်ကစိတ်ပေါ်နိုင်ခွင့်ရတာကိုး (မှန်ပါဘုရား)။

မိုး(၂) စာ (၄၆၄)

## သမုဒယ– ဝယ ဓမ္မာနုပဿီဝါ

"စိတ္တာနုပဿနာ = စိတ်ရှုတယ်" ဆိုတာ အပြောက ပြော ချင်ပြောပါ၊ ဒါပေမယ့် အမှန်စင်စစ်ကတော့ "ကိုယ့်အသေကို အရှင်နဲ့ရှုတာပါ" ဒါမှအမှန်ဗျ (မှန်ပါ့ဘုရား)။

ဝိပဿနာ ဘာဘာပါငေဒိမ့် (အသေကိုအရှင်နဲ့ကြည့်တာပါ) အသေမတွေ့သေးလို့ဆိုရင်လည်း အနိစ္စမတွေ့သေးဘူး (မှန်ပါ့)ဒါကြောင့် ဝိပဿနာဆိုတာ... (အသေကိုအရှင်နဲ့ကြည့်တာပါဘုရား) ... အေး ... ဟုတ်တယ်။

"စိတ္တာနုပဿနာလား၊ အသေကိုအရှင်နဲ့ကြည့်တာလား (အသေကိုအရှင်နဲ့ကြည့်တာပါဘုရား) ဝေဒနာနုပဿနာလား၊ အသေကို အရှင်နဲ့ကြည့်တာလား၊ (အသေကိုအရှင်နဲ့ ကြည့်တာပါဘုရား)။ ဒါမှလမ်းမှန်ကျတယ် (မှန်ပါ့ဘုရား)။

ဒါဖြင့် စိတ်ရှုရှု၊ ဝေဒနာရှုရှု၊ ရုပ်ရှုရှု၊ အပျက်ကို မြင်စေရမယ်လို့ပြောတာ (မှန်ပါဘုရား) ဒါဟာ ဘုရားဟော အထောက်အထားရှိလို့ပြောတာ (မှန်ပါ)။

"သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ" တဲ့၊ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးမှာပါတယ်၊ မြတ်စွာဘုရားဟောထားတာ (မှန်ပါ)။

သမုဒယ ဆိုတာ ဖြစ်တာ၊ မွေးလာတာ၊ (မှန်ပါ) ဝယ

ဆိုတာ ပျက်တာ၊ သေတာပေါ့ (မှန်ပါ) အဲဒီမွေးလာပြီး သေသွားလိုက်၊မွေးလာပြီးသေသွားလိုက်တွေကို ရှုရမှာ၊ ဉာဏ်နဲ့ရှုရမှာ (မှန်ပါဘုရား)။

ပြောနေကျစကားလုံးနဲ့ပြောရရင်တော့၊ ဖြစ်လာပြီးပျက်သွားလိုက်၊ဖြစ်လာပြီးပျက်သွားလိုက၊ အတိုကောက် "ဖြစ်ပျက်" ပေါ့၊ အဲဒါတွေကို ဉာဏ်နဲ့ရှုရမှာ (မှန်ပါဘုရား)။

မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အတိအလင်းဟောထားတာပဲ (မှန်ပါ) "သမုဒယ-ဝယ" မွေးလာပြီးသေသွားတာကို မြင်အောင်ကြည့် ရမယ်ဆိုတာလေ (မှန်ပါ) အဲဒီထိအောင်သွားရမှာ အဲဒီကျတော့ မှဝိပဿနာဖြစ်တာ (မှန်ပါ)။

ခုတော့မဟုတ်ဘူး၊ ခင်ဗျားတို့က စာကိုရှေ့ပိုင်းတွင်ပဲ ဖတ်ပြီး ရှေ့ပိုင်းတွင်ပဲပြောနေကြတာ၊ ဒီနောက်ပိုင်း (သမုဒယ ဓမ္မာနုပဿီဝါ-ဝယဓမ္မာနုပဿီဝါ) ထိအောင်လာရမှာ (မှန်ပါဘုရား)။

ကဲ ဒါဖြင့် ပြန်မေးမယ်၊ ဝိပဿနဆိုတာဘာပါလိမ့် (အသေကိုအရှင်နဲ့ရှုတာပါဘုရား) ဟုတ်တယ်၊ အရှင်အရှင်ချင်း ကြည့်လို့ဖြစ်မလား (မဖြစ်ပါဘုရား) ဒအး...မြဲမြဲမှတ်ထားကြ (မှန်ပါဘုရား)။

မိုး (၂) စာ (၄၆၇)

# ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သည်

ပထမဦးစွာ ဖြစ်ပျက်ကို မြင်အောင်ရှု (မှန်ပါ) ပြီးတော့မှန်းအောင်ရှု ဒကာကြွယ်ရ (မှန်ပါဘုရား) ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာတွေ၊ ဒါကြောင့်မို့လိုကိုမလိုချင်ဘူး (မှန်ပါ)။

မလိုချင်တော့ဘူး ဆိုရင် "ဖျတ်" ခနဲ ဒီဖြစ်ပျက်တွေချုပ်ကုန်ရတယ် (မှန်ပါ)။

မလိုချင်တဲ့ ကိုယ့်ဉာဏ်ကလေးက နိဗ္ဗာန်ဘက်ကိုလှည့်သွားတယ် (မှန်ပါဘုရား) ခန္ဓာဘက်ကို မလှည့်တော့ဘူး(မှန်ပါ)

ဒါဖြင့် ဒကာ, ဒကာမတို့ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့သာရှုသာနေ၊ (မှန်ပါ) ရှုရင်း ရှုရင်းနဲ့ ဖြစ်ပျက်တွေဟာ "ဖျတ်" ခနဲ ချုပ်ကုန်ကြပါလိမ့်မယ် (မှန်ပါဘုရား)။

ချုပ်သွားကုန်ကြသော်လည်း၊ မျက်လုံး ဖွင့်မကြည့်နဲ့ (မှန်ပါ)ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာတွေမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အဲ့ဒီဒုက္ခသစ္စာတွေကို ကြည့်ရင်းကြည့်ရင်းနဲ့ "ဖျတ်"ဆိုပျောက်ကုန်မယ်(မှန်ပါ)၊ ပျောက်သွားတဲ့အခါကျတော့ဘာနဲ့နေရစ်သတုံးဆိုရင် ခုနင်ကရှုတဲ့ ဉာဏ်ကလေးနဲ့နေရစ်တယ်.. (မှန်ပါဘုရား)။

အဲဒီဉာဏ်ကလေးနဲ့ ဒုက္ခပျောက်တဲ့နေရာနဲ့ တည့်နေတယ်(မှန်ပါ့ဘုရား)ဒုက္ခပျောက်တဲ့နေရာက နိဗ္ဗာန်ပဲ(မှန်ပါ့) ဒီဉာဏ်ကလေးကမဂ်ဉာဏ် (မှန်ပါ့ဘုရား)။

## ဒုက္ခနိရောဓကို ရုပ်ရှင်ကြည့်သလိုမှတ်ပါ

ဒါဖြင့် နိဗ္ဗာန် ဝေးသလား၊ နီးသလား (နီးပါတယ်) အေး... အေး ... ဒုက္ခသစ္စာရဲ့ အဆုံးမှာပဲ နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့ဘုရား) ဒုက္ခသစ္စာဖြစ်တဲ့ ဖြစ်ပျက်တွေရဲ့အဆုံးမှာ နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့ဘုရား)။

ဒုက္ခဿန္တံ ကရိဿတိ ဆိုတာလေ (မှန်ပါ) ဒုက္ခဿန္တံ ဒုက္ခသစ္စာရဲ့အဆုံး (ဖြစ်–ပျက်တွေရဲ့အဆုံး) ဖြစ်တဲ့ နိဗ္ဗာန်ကို၊ ကိရိဿတိ (သစ္ဆိကရိဿတိ) မျက်မှောက်ပြုရလတ္တံ့ ဆိုတာဒါပေါ့ (မှန်ပါဘုရား)။

ရုပ်ရှင်ကြည့်တဲ့အခါ မျက်လုံးနဲ့နောက်ခံဘက်ဂရောင်းပိတ်ကားပေါ်မှာ ကြည့်ရတာမဟုတ်လား(မှန်ပါ) ရုပ်ရှင်ပြီးသွားတော့လဲ နောက်ခံဘက်ဂရောင်းပိတ်ကားပေါ်မှာပဲ မျက်လုံးကရောက်တာပဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အေး...ရုပ်ရှင်ပြနေတုန်းက ပိတ်ကားပေါ်မှာ အရုပ်တွေသွားလာ လှုပ်ရှား နေကြတာ ဒုက္ခသစ္စာတွေနဲ့ တူတယ် (မှန်ပါ

ဘုရား)။

ရုပ်ရှင်ပြီးသွားတဲ့အခါ ပိတ်ကားပေါ်မှာ အဖြူထည်ကိုပဲ တွေ့နေရတာက နိဗ္ဗာန သစ္စာကို မြင်နေရတာနဲ့ တူတယ် (မှန်ပါဘုရား)။

# ဆရာကြီးဦးသံဒိုင်ရှင်းလင်းပြောပြသော စိတ္တာနုပဿနာရှုနည်း ပွားနည်း

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ကြီး၏ ဥက္ကဋ္ဌဦးသံဒိုင်က စိတ္တာနုပဿနာရှုပွားပုံ ရှုပွား နည်းများကို ပြောပြရာမှာ ဆရာကြီးက

ဒီရိပ်သာမှာလာပြီးတော့ တရားနာတရားအားထုတ်ကြ တဲ့ပုဂ္ဂိုလ်များစေတနာသဒ္ဓါတရားနဲ့အားထုတ်ကြသူများမှာ မိမိ ခန္ဓာမှာ တကယ်ရှိတာကို မိမိဉာဏ်အသိနဲ့ တကယ်သိကြစေလို ပါတယ်၊ အရှိနဲ့အသိနဲ့ကိုက်ကြစေလိုပါတယ်။

မိမိတို့ခန္ဓာမှာလည်း တကယ်ရှိတာက အနိစ္စပဲရှိတယ်၊ ဒုက္ခပဲရှိတယ်၊ အနတ္တပဲရှိတယ်၊ အသုဘပဲရှိတယ်၊ ဒုက္ခသစ္စာပဲ ရှိတယ်ဆိုတာအားလုံးသိကြပါတယ်။

ဒါတွေကို အကျဉ်းချုပ်လိုက်ရင်လည်း ဖြစ်ပျက်ဒုက္ခ သစ္စာသာရှိတယ်ဆိုတာ အမှန်တကယ်အရှိဖြစ်လေတော့ အဲဒီ အမှန်တကယ်ရှိတာကို မဂ်နဲ့ တကယ်သိပြီး ရက်တိုတိုနဲ့ခရီး ပေါက်ကြပြီးတော့ ပွားများ အားထုတ်ရကျိုး နပ်ကြစေလိုပါ တယ်၊ ပင်ပန်းကျိုးနပ်ကြစေလိုပါတယ်၊ အောက်ထစ်စူဠ သောတာပန်၊ အဲဒီစူဠသောတာပန်တောင်မဟုတ်ပဲ မဟာ သောတာပန်အဆင့်လောက်ကိုရည်မှန်းချက်ပန်းတိုင်တစ်ခုအနေ

နဲ့ ရည်မှန်းထားကြစေလိုပါတယ်။

မဟာသောတာပန်အဆင့်ကို အောင်မြင်ခြင်းသို့ရောက်ဖို့ဆိုတာမှာလည်း ပထမအနေနဲ့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို ပယ်ရသတ်ရပါလိမ့်မယ်၊ အဝိဇ္ဇာနဲ့တဏှာကို အရင်သတ်စရာ မလိုသေးပါဘူး။

ပထမအဆင့်အနေနဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်သတ်ဖို့ ဆိုတော့လည်း သူတို့နေရာ သူတို့ ကိန်းနေတဲ့နေရာကို သိဖို့လိုပါတယ်၊ အရေးကြီးပါတယ်။

ဒိဒိဋ္ဌိက ဘယ်နေရာမှာ အများဆုံးကိန်းပါသလဲဆိုတော့ ခန္ဓာငါးပါးရှိတဲ့အနက် ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်မှာ အများဆုံးကိန်းပါတယ်၊ (ဥပမာ)-ငါ့,ငါ့ဥစ္စာဆိုတဲ့ အတ္တနဲ့ အတ္တနိယဆိုတဲ့ ငါစွဲဟာစိတ်မှာ အစွဲဆုံးဖြစ်တော့ ဥပမာမယ် ငါ့စိတ်လာမစမ်းကြနဲ့ သိသွားကြမယ်၊ ငါ့စိတ်ကသိပ်မြန်မယ်၊ ငါ့စိတ်ထင်တိုင်းလုပ်လိုက်ရရင်ခက်ကုန်ကြမယ်စသည်ဖြင့်စိတ်ကို ငါထင်ကြတယ်၊ ငါ့စိတ်ငါပိုင်တာပေါ့ကွ ဆိုပြီး စိတ်ကို ငါစွဲ, စွဲကြတယ်၊ ငါလို့လုပ်ဖြစ်ကြတယ်၊ ငါ့စိတ်လို့လုပ်ဖြစ်ကြတယ်၊ တဏှာ, မာန, ဒိဋ္ဌိ သုံးမျိုးနဲ့ စိတ်ကို ငါလုပ်နေကြတယ်။

ဘယ်မှာ ငါ့စိတ် ဟုတ်မလဲ၊ အကြောင်း နှစ်ခု တိုက်ဆိုင်

လို့ပေါ်တာပဲ၊ မျက်စိနဲ့အဆင်းရူပါရုံ၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ ဒါတွေအကြောင်းနှစ်ခုတိုက်ဆိုင်တိုင်း, တိုက်ဆိုင်တိုင်း မြင်စိတ်, ကြားစိတ်, နံစိတ်စသည်တို့ပေါ်တာပဲ။

ဒီမြင်စိတ် ဆိုတာကလည်း မျက်စိပေါ်မှာပဲ ပေါ်တာပဲ၊ ကြားစိတ်ဆိုတာ လည်း နားပေါ်မှာ ပေါ်တာပဲ၊ နံစိတ်ဆိုတာလည်း နှာခေါင်းပေါ် မှာပေါ်တာပဲ၊ ပေါ်ပြီးပေါ်တဲ့နေရာမှာ ချုပ်ပျောက်သွားကြတာပဲ၊ ဒီမြင်စိတ်ကလည်း နားမှာ မပေါ်ပါဘူး၊ ကြားစိတ်ကလည်း နှာခေါင်းပေါ်မှာမပေါ်ဘူး၊ ဒီနေရာမှာ ပေါ်ပြီး ဒီနေရာမှာပဲချုပ် ပျောက်သွားကြတာပဲ၊ စိတ်ကလေး တစ်ခုချုပ်ပျောက်သွားလိုက်၊ နောက်အစားထိုးတဲ့စိတ်ကလေး တစ်ခုပေါ်လိုက်၊ ဒီလိုပဲ ဝမ္မနိယာမအတိုင်းပေါ်လိုက်ချုပ်လိုက်၊ နောက်အစားထိုးတဲ့ စိတ် လာလိုက်ဆိုပြီး ဖြစ်နေတာသည် ငါလို့ဆိုလို့ ရပါမလား၊ ငါ့ စိတ်လုပ်လို့ရပါ့မလား၊ ဒါပေမယ့် ဒိဋ္ဌိက ဝင်ပြီး နှောင့်ယှက်နေ တော့ ငါ, ငါ့စိတ်လိုလုပ်နေကြတယ်။

အဲဒီတော့ ဒိဋ္ဌိစွဲက စိတ်မှာ အများဆုံး စွဲတာဖြစ်တဲ့ အတွက် သောတာပန်ဖြစ်ချင်ရင် ဘာလုပ်ရမလဲ၊ သောတာပန် ဖြစ်ချင်ရင် ဒိဋ္ဌိကို အရင်ပြုတ်အောင် ဖြုတ်ရပါလိမ့်မယ်။

ဒိဋ္ဌိပြုတ်ရင်လည်း ဝိစိကိစ္ဆာဟာအလိုလိုပြုတ်ပြီးသား ပါပဲ၊ အဲဒါကြောင့် စိတ္တာနုပဿနာဆိုသော်လည်း သမ္မပဿနာ ဓမ္မဖြစ်လို့ သတိပဋ္ဌာန်လေးပါးစလုံး အားလုံးအကျုံးဝင်တယ်၊

သို့သော် ပြဌာန်းရာကိုသာ ပြောဆိုခြင်းဖြစ်ပါသောကြောင့် စိတ္တာနုပဿနာလို့ပဲခေါ်ဆိုကြစို့။

အချို့အချို့က စိတ္တာနုပဿနာ ဆိုတာ ထင်ဖို့မြင်ဖို့မလွယ်ဘူးတဲ့၊ ပါရမီရှင်များရဲ့ အလုပ်သာဖြစ်တယ်လို့ ပြောကြပါတယ်၊ အဲဒါသူများပါးစပ်လမ်းဆုံးတယ်လို့ ခေါ်ပါတယ်၊ ကိုယ်တိုင်မိမိရရလုပ်မကြည့်သေးတော့ ဒီလိုပဲပြောချင်ပြောကြပါလိမ့်မယ်၊ မဟုတ်ပါဘူးတဲ့ "သတိထား၊ ဝီရိယစိုက်,ပညာနဲ့ရှု"လို့ ဆရာတော်ဘုရားကြီး မကြာခဏဆုံးမတော်မူထားတာလည်းရှိပါတယ်၊ ပါရမီအလုပ်မဟုတ်ပါဘူး၊ ပါရမီမလိုပါဘူး၊ အလုပ်မှန်ဖို့နဲ့နှလုံးသွင်းဖို့သာလိုပါတယ်။

အလုပ်မှန်ဖို့ဆိုတာရှေ့ကဖြစ်ပျက်နဲ့နောက်ကမဂ်နဲ့ကိုက်တာကိုဆိုပါတယ်၊ နှလုံးသွင်းမှန်ဆိုတာ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာဦးစီးပြီးတော့မဂ္ဂင်ငါးပါးနဲ့လိုက်ခြင်း,ရှုခြင်း,ပွားခြင်းများကိုဆိုလိုပါတယ်။

ဤနေရာ၌ ထပ်၍လေးနက်စွာပြောပါဦးမယ်၊ ဝိပဿနာအလုပ်ဆိုတာ သမာဓိဦးစီးသော အလုပ်မဟုတ်ပါ၊ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ပညာ (သို့မဟုတ်) ပညာ (သို့မဟုတ်) ဝိဇ္ဇာဦးစီးသော အလုပ်ဖြစ်ပါတယ်။

ဒါကြောင့် စိတ္တာနုပဿနာ ဆိုတာ မိမိ သန္တာန်မှ ပေါ်

လာတဲ့စိတ်ကလေးကို ဉာဏ်နဲ့အကဲခတ်ရတဲ့အလုပ်ပဲဆိုတာ မှတ်သားတော်မူကြပါ။

မြတ်စွာဘုရားသခင်ကလည်း သစိတ္တ ပရိယာယသုတ်မှာသူတစ်ပါး စိတ်အကဲခတ်ရတာ မှားသော်ရှိ, မှန်သော်ရှိ မိမိစိတ်ကိုအကဲခတ်ရတာအမှန်ဆုံးလို့ဟောတော်မူပါတယ်။

ဒါကြောင့် စိတ္တာနုပဿနာဆိုတာ မခက်ပါဘူး၊ ကိုယ့်စိတ်ကိုသမ္မာဒိဋ္ဌိခေါ်တဲ့ ဉာဏ်နဲ့ပညာနဲ့အကဲခတ်တဲ့ အလုပ်ပါပဲ၊ ခက်ခဲတဲ့အလုပ်မဟုတ်ပါဘူး။

ကဲ...ဝိပဿနာအလုပ်ကိုစ၍ပြောကြပါစို့၊ မပြောသေးခင်အရေးတကြီးပြောချင်တာက ယောဂီပုဂ္ဂိုလ်များဟာ ပုဂ္ဂိုလ်တိုင်း,ပုဂ္ဂိုလ်တိုင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အထူးလေ့လာကြစေလိုပါတယ်၊ ဒီပဋိစ္စသမုပ္ပါဒ်ကို သဘောကျနားလည်မှ သက္ကာယဒိဋ္ဌိ အရင်းခံဖြစ်တဲ့ သဿတနဲ့ဉစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိနှစ်ပါးဟာသိမှုနဲ့ပြုတ်ပါမယ်။

သိမှုနဲ့ ပြုတ်တယ်ဆိုတာလည်း တခြားမဟုတ်ပါဘူး၊ ဓမ္မသဘောတွေ တစ်ခုပြီးတော့ တစ်ခုအကြောင်းနဲ့ အကျိုးတွေဆက်နေတာပဲ၊ ဒီအထဲမှာ ပုဂ္ဂိုလ်သတ္တဝါ,ယောက်ျား,မိန်းမ,မပါဘူး၊ ငါမပါဘူး၊ သူမပါဘူး။

ဒီလိုမိမိဉာဏ်မှာ ရှင်းနေရင် သက္ကာယဒိဋ္ဌိ သိမှု နဲ့ ပြုတ်

ပါတယ် အကြောင်းကြောင့် အကျိုးဖြစ်တာပဲ၊ ဤအကြောင်း တရားချုပ်ခဲ့သော် ဤအကျိုးတရားလည်းချုပ်တာပဲလို့ မိမိ ဉာဏ်မှာ သိမှုနဲ့ရှင်းပြီးတော့နေဖို့ကိုဆိုလိုပါသည်၊ ဒါကြောင့် အကြောင်းကြောင့်ဖြစ်တယ်လို့ဆိုပြီး အပြစ်သိရင် ဥစ္ဆေဒဒိဋ္ဌိ သေပါတယ်၊ အကြောင်းချုပ်ခဲ့သော် အကျိုးချုပ်တာပဲလို့ပျက် ပြယ်သွားတာသိရင် သဿတဒိဋ္ဌိသေပါတယ်၊ ဒီဒိဋ္ဌိနှစ်ပါးသေမှ အလယ်လမ်းရောက်ပါတယ်၊ ဒီတော့ ဒိဋ္ဌိနှစ်ပါးကို သိမှုနဲ့ဖြုတ် ထားဖို့အရေးကြီးပါတယ်၊ ဒီဒိဋ္ဌိနှစ်ပါးခံနေရင်အချိန်ကြာပါလိမ့် မယ်၊ ဒုဗ္ဗလဝိပဿနာခေါ်ပါတယ်၊ အားနည်းတယ်လို့ဆိုပါ တယ်၊ ကုသိုလ်တော့ရပါတယ်။

ဘုရားလက်ထက်က ရှင်ဆန္နဆိုတာကြားဖူးကြပါလိမ့် မယ်၊ တရားရဖို့ ၄၅ နှစ်ကြာပါတယ်၊ ဒီလိုမကြာရအောင်ပဋိစ္စ သမုပ္ပါဒ်ကို နားလည်ထားကြစေလိုပါတယ်။

တရားမထိုင်ခင် လုပ်ရမယ့် ပုဗ္ဗကရဏကိစ္စ ဆိုတာ တ ခြားမဟုတ်ပါဘူး၊ ယခုကဲ့သို့ ဒိဋ္ဌိတွေကို သိမှုနဲ့ ရှင်းပြီးတော့ ထားခြင်းဟာ ပဋိစ္စသမုပ္ပါဒ်နားလည်ထားခြင်းဟာဒါအရေးကြီး ဆုံးပါပဲ။

ထပ်ပြောပါဦးမယ်၊ ဒီရိပ်သာမှာဒိဋ္ဌိပြုတ်မှုကို ရှေ့ထား ပါတယ်၊ ဒိဋ္ဌိကိုသိမှုနဲ့ပြုတ်ပြီးမှပွားမှုနောက်ကလိုက်ရပါတယ်။

ကဲ အလုပ်,လုပ်ကွက်ကိုပြကြပါစို့။

ကျွန်တော်တို့အားလုံးဟာ လေကို ရှုရှိုက်နေကြတယ် မဟုတ်လား၊ ဒီလိုလေကိုရှုရှိုက်နေကြတာဟာ အားထုတ်တဲ့ စိတ်လေးတွေနဲ့ ရှုနေတာရှိုက်နေတာဖြစ်ပါတယ်။

အကိုးအကားနဲ့ ပြမယ်ဆိုရင် သင်္ဂြိုလ်ကျမ်း၌ ဝင်သက်, ထွက်သက်ဟာ စိတ်ကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။

မီးပါစကာ ကမ္မဇာ... သာသာစိတ္တဇ လို့ဆိုလိုပါတယ်၊ ဝင်သက်, ထွက်သက်ဟာ စိတ်ကြောင့်ဖြစ်တယ်ဆိုတာ ထင်ထင်ရှားရှားကြီးပြပါတယ်၊ သာသာဆိုတာ အဿသ, ပဿသ ဝင်သက်, ထွက်သက်ကိုဆိုပါတယ်။

လေကိုရှုတဲ့ စိတ်လေကိုရှိုက်တဲ့ စိတ်ဆိုပြီးတော့ခေါ်ကြပါစို့ "သတိထား ဝီရိယစိုက်ပညာနဲ့ရှုလို့" ဆရာတော်ကြီး သွန်သင်ဆုံးမတော်မူခဲ့သည့် အတိုင်းသတိထားပြီးရင် ဝီရိယကလေးစိုက်ပြီးတော့ လေကိုရှုတဲ့အခါ၊ ရှုတဲ့စိတ်ကလေးတွေ ပေါ်ပေါ်လာတာ၊ လေကိုရှိုက်တဲ့အခါ ရှိုက်တဲ့စိတ်ကလေးတွေ ပေါ်ပေါ်လာတာကို ရှုဖို့ပါပဲ၊ လူသစ်များအဖို့ဆိုရင် မိနစ် ၂၀၊ အစိတ်ဆိုသလို အစကနဦးမှာ စိတ်စိုက်ပြီးတော့ကို ရှုဖို့လိုပါတယ်၊ ရှုရမှာသည် ဝင်သက်,ထွက်သက်မဟုတ်ဂါ၊ ဝင်လေကို ဖြစ်စေတဲ့စိတ်၊ ထွက်လေကိုဖြစ်စေတဲ့စိတ်ဆိုတာ အထူးဂရုပြုကြပါ။

ထပ်ပြီးတော့ ပြောရဦးမယ်၊ စိတ္တာနုပဿနာဆိုတာ စိတ်

ကို ရှုရမှာဖြစ်တဲ့အတွက် ရှုရမှာသည် ဝင်သက်ထွက်သက် မဟုတ်ပါ၊ ဝင်လေကိုဖြစ်စေတဲ့စိတ်၊ ထွက်လေကိုဖြစ်စေတဲ့ စိတ်ဆိုတာ အထူးဂရုပြုကြပါ စိတ္တာနုပဿနာဆိုတဲ့ အတိုင်း စိတ်ကိုရှုရမှာဖြစ်ပါတယ်။

အဲဒီလိုစိတ်ရှုလို့ စိတ်တွေပေါ်ပေါ်လာတာတွေ တွေ့ပါလိမ့်မယ်၊ ဒီစိတ်တွေကိုရှုလို့ စိတ်တွေ့နေရင် ပထမအဆင့်တော့အတော်နေရာကျပြီလို့အောက်မေ့ပါ၊ဝမ်းမြောက်စရာတော့ မဟုတ်သေးပါဘူး၊အောက်ဉာဏ်ပဲရှိပါသေးတယ်လို့ဆိုပါတယ်။

ဘယ့်နှဲ့...စိတ္တာနုပဿနာ လုပ်ပါဆိုပြီး စိတ်တွေ့ နေသေးရင် ဝမ်းမြောက်စရာမဟုတ်သေးဘူးတဲ့၊ ဒီတော့ပရိသတ်က မေးဖို့လိုမလာဘူးလား...လိုလာပါတယ်၊ အခုရှင်းပြီးတော့ပြပါဦးမယ်။

စိတ်ကိုအရှုခိုင်းပြောသော်လည်း စိတ်ရဲ့မရှိမှုကိုတွေ့ မှ အထက်ဉာဏ်လိုခေါ်ပါတယ်၊ စိတ်ကိုရှုလို့ စိတ်တွေ့နေသေးတယ်ဆိုရင် နာမပရိစ္ဆေဒဉာဏ်ပဲခေါ်ပါသေးတယ်၊ ဝေဒနာကို ရှုလို့ဝေဒနာကို တွေ့နေသေးလို့ရှိရင်လည်း နာမပရိစ္ဆေဒဉာဏ် လို့ပဲခေါ်ပါသေးတယ်၊ ရုပ်ရှုလို့ရုပ်တွေ့နေသေးလို့ရှိရင် ရူပပရိစ္ဆေဒဉာဏ်လို့ပဲခေါ်ပါသေးတယ်၊ အထက်ဉာဏ်တော့ မရောက်သေးပါဘူး၊ ပေါ်လာပြီးတော့ပျက်သွားတာတွေ့မှ အထက်ဉာဏ်လို့ ခေါ်ပါတယ်၊ ယထာဘူတဉာဏ်လို့ လည်း

ခေါ်ပါတယ်၊ ဓမ္မဋ္ဌိတိဉာဏ် လို့လည်းခေါ်ပါတယ်။

မိုးကုတ်ဝိပဿနာ၊စိတ္တာနုပဿနာ ရှုနည်း၊ ပွားနည်း၊ ဒီနေရာမှာ ထူးခြားချက်ရှိကြပါတယ်၊ ပေါ်တိုင်းပေါ်တိုင်းမှတ်နေရတာမဟုတ်ပါဘူး၊ ပေါ်၊ပေါ်လာပြီးတော့ကို ပျောက်၊ ပျောက်သွားတာကိုသာဉာဏ်နဲ့သိအောင်ရှုခြင်း အကဲခတ်ရခြင်းဖြစ်ပါတယ်။

ထပ်ပြီးတော့ တစ်ခါပြောပါဦးမယ်၊ ပေါ်တိုင်းပေါ်တိုင်း မှတ်နေရတာ မဟုတ်ပါဘူး၊ ပေါ်လာပြီးပျက်သွားတာ ပျောက်သွားတာ ဒါကိုသာဉာဏ်နဲ့မိအောင်ရှုရခြင်း၊ အကဲခတ်ရခြင်း ဖြစ်ပါတယ်၊ ယခုပရိသတ်ထဲမှာ အခြားအခြားသော ရိပ်သာများမှ လာကြတဲ့ ယောဂီပုဂ္ဂိုလ်များပါချင်ပါကြပါလိမ့်မယ်၊ ဂုဏ်တော်ရှင်းပြတဲ့ စိတ္တာနုပဿနာ ရှုနည်း ပွားနည်းများကို စမ်းသပ်ပြီးကြည့်ကြစေလိုပါတယ်။

မိမိတို့သန္တာန်မှာ လေကို ရှုတဲ့စိတ်ကလေးတွေပေါ် ပါတယ်၊ဒီရှုတဲ့စိတ်ကလေးတွေကို နောက်စိတ်နဲ့ရှိမရှိအကဲခတ် လိုက်ပါတဲ့၊ အဲဒီလိုနောက်စိတ်နဲ့ အကဲခတ်တာကို ပထမ ရှုတဲ့စိတ်ကလေးရှိတာတွေ့သလား၊မရှိတာတွေ့သလား၊ မရှိတာပဲတွေ့မှာပဲ၊ စဉ်းစားပါ၊ စဉ်းစားကြည့်ပါ မရှိတာ တွေ့မှအမှန်ရောက်မယ်၊ အထက်ဉာဏ်ရောက်မယ်။

ဘာကြောင့်လည်း ဆိုတော့ "ဟုတွာအဘာဝဋ္ဌေနအနိစ္စ"

ကို၊ ရှိတာကနေပြီးတော့ ပျောက်ပျောက်သွားတာကို ရှုရမှာဖြစ်ပါတယ်၊ လုံးဝမရှိရာကိုရှုရမှုမဟုတ်ပါ၊ မရှိရာကိုရှုနေရင်အဘာဝပညတ်ကိုရှုရရောက်မှာပေါ့၊ ရှိရာက မရှိရာကို ပျောက်ပျက်သွားတာကို ရှုမှသာအနိစ္စကိုရှုရာရောက်ပါလိမ့်မယ်၊ ရှိတာကိုရှုနေရင်၊ ရှိတာကိုတွေ့နေသေးတယ်ဆိုရင် အနိစ္စကိုရှုတာမဟုတ်ပါ၊ နိစ္စကိုရှုနေရာရောက်ပါလိမ့်မယ်၊ တရားတွေ့တယ်၊ တရားတွေ့တယ်ဆိုတာ အနိစ္စတွေ့မှ တရားတွေ့တယ်ခေါ်နိုင်ပါတယ်။

လောကိုဝင်စေတဲ့စိတ်ကလေးတွေ၊ လောကိုထုတ်တဲ့စိတ်ကလေးတွေကို အကဲခတ်နေရင်း, ရှုနေရင်းရှုနေဆဲမှာ မိမိတို့ပုထုဇဉ်သန္တာန်မှာပေါ်ရိုး ပေါ်စဉ်ဖြစ်တဲ့စိတ်တွေ ပေါ်နေကျစိတ်တွေပေါ်လာလိမ့်မယ်၊ အရိယာမဟုတ်တော့ အရိယာစိတ်တွေမပေါ်နိုင်ဘူး၊ ပုထုဇဉ်ဆိုတော့ပုထုဇဉ်စိတ်ပဲပေါ်မှာပဲ။

ပုထုဇဉ်စိတ်ဆိုတာလည်း(၃၇)ပါးပဲရှိပါတယ်၊ ဒီ(၃၇)ပါးကိုများတယ်ထင်ရင် ဆရာတော်ရဲ့ ကျမ်းကြီးက ဘုရားဟောကျမ်းဂန်များနဲ့ ညှိနှိုင်းပြီးသကာလအပြင် သွယ်သည် ၅၊ အဘွင်း ညှိသည် ၆၊ ခုနကပြောတဲ့လောကို ဝင်စေတဲ့စိတ်၊ လောကိုထွက်စေတဲ့စိတ်၊ အဲဒီရှုစိတ်–ရှုက်စိတ်ဆိုပါတော့ခင်ဗျား၊ အဲဒီရှုစိတ်, ရှုက်စိတ်ဆိုတဲ့သက်စောင့်စိတ်ဆိုတာ ၂ အားလုံး (၁၃) ပါးကို အကျဉ်းချုံးပြီးတော့ ပေးထားပါတယ်။

စိတ္တာနုပဿနာ ရှုပွားပုံ,ရှုပွားနည်းစာရွက်ကိုကြည့်ပါ၊ အပြင်ဉ္ဖြည့်သည်ဆိုတာ မြင်စိတ်၊ ကြားစိတ်၊ နစိတ်၊လျှာပေါ်မှာပေါ်တဲ့စားစိတ်,လျက်စိတ်၊ ကိုယ်ပေါ်မှာပေါ်တဲ့ယားယံကောင်းစိတ်၊ သုခဝေဒနာကလေးပေါ်လာလို့ရှိရင် ကောင်းတဲ့စိတ်မနာယတနခေါ်တဲ့တွေးတောစိတ်၊အတွင်းစိတ်ဉ္ဖြည့်သည်ကတော့လောဘစိတ်,ဒေါသစိတ်,မောဟစိတ်,အလောဘစိတ်,အဒေါသစိတ်,ကြံစည်တွေး တောစိတ်၊ ပေါင်း ၆ပါး၊ ဒီစိတ်တွေဟာလည်း တပြိုင်တည်း ပေါ်တာမဟုတ်ပါဘူး၊ တခုချုပ်ပြီးမှတခုပေါ်တာဖြစ်ပါတယ်၊အဲဒီတော့ပေါ်ရာစိတ်ကိုရှုဖို့ပါပဲ။

တရားထိုင်နေတဲ့အခါမှာမြင်စိတ်,စားစိတ်ကတော့မပေါ်နိုင်ကြပါဘူး၊ ကြားစိတ်၊ နံစိတ်ကတော့အာရုံဒွါရတိုက် ဆိုင်ရင်ပေါ်နိုင်ပါသေးတယ်။

အဲဒီတော့ အတွင်း ဉ္ဖြည့်သည် လောဘစိတ်ပေါ်မယ်၊ ဒေါသ စိတ်ပေါ်မယ်၊ တွေဝေတဲ့စိတ်တွေပေါ်မယ်၊ ပျံ့လွင့်တဲ့စိတ်ပေါ်မယ်၊ နာကျင်ကိုက်ခဲတဲ့ ဒုက္ခသဟဂုတ်, ကာယဝိညာဉ်စိတ်တွေဆိုကာတွေပေါ်မယ်၊ အတွင်းဉ္ဖြည့်သည်စိတ်တွေ လှည့်ပြီးတော့ ပေါ်တာများပါလိမ့်မယ်၊ ပေါ်ချင်ရာပေါ်ပေါ်တာကိုဖမ်းပြီးတော့ အကဲခတ်ဖို့ပါပဲ။

ဉ္ဖြည့်သည်ပေါ်ရင် ဉ္ဖြည့်သည်ကို ရှုကြပါ၊ ဉ္ဖြည့်သည်မပေါ်

လို့ရှိရင် ရှုစိတ်,ရှိုက်စိက်ဆိုတဲ့ အိမ်သည်စိတ်ကို ရှုကြပါ၊ အမြဲ ရှုရမှာကတော့ အိမ်သည်စိတ်ကိုအမြဲရှုရမှာပဲ၊ သူတို့ကသက် စောင့်လို့လည်းခေါ်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ရှုစိတ် ပေါ်လာပြီးတဲ့နောက် ရှိုက်စိတ်မလာရင်နောက်ရှိုက်စိတ်ပေါ်ပြီး တဲ့ နောက်ရှုစိတ်ပြန်မလာရင်သေတယ်ခေါ်ပါတယ်၊ အဲဒီတော့ ဘာစိတ်မှမပေါ်ရင်ဒီသက်စောင့်စိတ်ဆိုတဲ့ ရှုစိတ်,ရှိုက်စိတ်ကိုပဲ အခါခပ်သိမ်းရှုရမှာပါပဲ။

ဆရာတော်ဘုရားကြီးကပင့်ကူကြီးဥပမာလိုလည်းဟော ပြောပြသခဲ့ပါတယ်၊ဒါလည်းနာကြားဖူးကြပါလိမ့်မယ်၊ဒီပင့်ကူ ကြီးက အစာရတဲ့နေရာသွားပြီးတဲ့နောက် စားတဲ့သောက်တဲ့ ကိစ္စပြီးတဲ့အခါကျတော့ကို သူ့ဗဟိုမှာပြန်ပြီးတော့ထိုင်သလိုပဲ ဘယ်ဂိတ်ပေါ်ပေါ်,ပေါ်ရာကိုလိုက်ပြီးတော့ ရှုရမှာပဲ၊ ဘာစိတ်မှ မပေါ်ဘူးဆိုလို့ရှိရင် ဝင်စိတ်ထွက်စိတ်ကိုပဲပြန်ရှုရမှာပဲ၊ ပင့်ကူ ကြီး အလယ်ကောင်မှာ ပြန်ထိုင်သလိုပါပဲ၊ ဝင်စိတ်ထွက်စိတ်ကို ပဲပြန်ရှုရမှာပါပဲ။

အဲဒီလို ရှုတိုင်း, ရှုတိုင်းပေါ်ပေါ်ပြီးတော့ ပျက်ပျက်သွား တာပျောက်ပျောက်သွားတာတွေကို တွေ့အောင်ရှုဖို့အရေးကြီးပါ တယ်၊ အပျက်ကိုတွေ့မှ အနိစ္စကိုတွေ့တယ်လို့ ဆိုနိုင်ပါတယ်၊ မှတ်ပြီးနေရုံနဲ့တော့ အနိစ္စတွေ့ဖို့ အင်မတန်ခဲယဉ်းပါတယ်၊ အနိစ္စတွေ့မှာလည်းလမ်းမှန်ပါတယ်၊ခန္ဓာကိုယ်တခုလုံးကလည်း

ဖောက်ပြန်တာနဲ့ ပျက်စီးတာပဲရှိပါတယ်။

ပျက်ပျက်သွားတဲ့အပျက်တွေကိုတွေ့မှ အနိစ္စတွေ့ပါတယ်၊ရှုမှတ်နေရုံနဲ့ အနိစ္စတွေ့ဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်၊ အနိစ္စတွေ့မှသာလမ်းမှန်ပါတယ်၊ အဲဒီတော့မှအရှိနဲ့ အသိကိုကိုယ်တယ်လို့ဆိုနိုင်ပါတယ်။

မှတ်နေရုံမျှနဲ့ဆိုလို့ရှိရင်လည်း ငါရှု,ငါမှတ်သာဖြစ်နေလို့ ငါဆိုတဲ့အတ္တဒိဋ္ဌိပြုတ်ဖို့ အင်မတန်ခဲယဉ်းပါတယ်၊ အနိစ္စလည်းမြင်ဖို့ခဲယဉ်းပါတယ်၊ .အနိစ္စမမြင်ရင်ဒုက္ခဆိုတာလည်းမြင်ဖို့ဝေးပါတယ်၊ ဒုက္ခမမြင်ရင် ဒုက္ခသစ္စာတွေ့ဖို့ သိပ်ခဲယဉ်းပါတယ်၊ ဒါကြောင့်အနိစ္စသာမြင်အောင် ကြိုးစားပြီးတော့ကို ရှုဖို့လိုပါတယ်၊ ခန္ဓာကလည်း သူ့မှာ အနိစ္စပဲရှိတယ်၊ ဒုက္ခပဲရှိတယ်၊ အနတ္တပဲရှိတယ်၊ ဒုက္ခသစ္စာပဲရှိတယ်ဆိုတာပြောနေတာပါပဲ၊ အကျဉ်းချုံးလိုက်တဲ့အခါကျတော့ ဖြစ်ပြီးပျက်တဲ့ ဖြစ်ပြီးတော့ကိုပျက်တယ်ဆိုတဲ့ ဓမ္မသဘောပဲရှိတယ်ဆိုတာ ခန္ဓာကပြပါလိမ့်မယ်၊ ခန္ဓာကပြတာကိုအမှန်ယူပါ... မြတ်စွာဘုရားကလည်း ခန္ဓာငါးပါးကိုအနိစ္စလို့ရှုပါ၊ အနိစ္စမြင်မှအဝိဇ္ဇာပျောက်ပြီးတော့ ဝိဇ္ဇာရောက်ပါလိမ့်မယ်တဲ့။

ဝိဇ္ဇာသိ, ပညာသိ, ပရိညာသိဖြစ်ရန် အရေးကြီးပါသည်၊ မြတ်စွာဘုရားသခင်ကလည်း စားချင်တာ၊ သွားချင်တာတွေမှတ်နေတာထက် မိမိတို့ခန္ဓာငါးပါးဖြစ်ပြီး ပျက်နေတဲ့ အနိစ္စ

မြင်အောင်ရှုဖို့ပိုပြီးတော့ လေးလေးနက်နက်ဟောကြားထားပါ တယ်၊ အဝိဇ္ဇာကနေပြီးတော့ ဝိဇ္ဇာရောက်ဖို့ဆိုတာလည်း အနိစ္စ ကိုရှုမှအနိစ္စကိုမြင်မှ အဝိဇ္ဇာက ပျောက်ပြီးတော့ဝိဇ္ဇာရောက်နိုင် ပါတယ်။

သတိပဋ္ဌာန်မှာလည်း အပိုင်းတိုင်းအပိုင်းတိုင်းမှာ သမုဒ ယဓမ္မာနုပဿီဝါ,ဝယဓမ္မာနုပဿီဝါ၊ သမုဒယဝယဓမ္မာနုပဿီ ဝါဖြစ်တာကိုလည်း ရှုပါ၊ ပျက်တာကိုလည်းရှုပါ၊ ဖြစ်တာရော, ပျက်တာရောရှုပါလို့ ဟောတော်မူပါတယ်၊ ဒါကိုသတိမမူကြပဲ အာနာပါနသမထလောက်နဲ့လမ်းခုလတ်လောက်မှာ သောင် တင်ပြီနေတာ များပါတယ်၊ ဒါကြောင့်သမုဒယ,ဝယထိအောင် လိုက်တော်မူကြပါဟုတိုက်တွန်းပါတယ်။

အဲဒီတော့ ယခုကျွန်တော်ပြောနေတာဟာလည်းဝိပဿနာ အလုပ်မှာတော့ကို ဆရာတော်ကြီးသင်ကြားတော် မူခဲ့သည့် အတိုင်း တော်တော်ကလေး အရင်းကျတာကို မိမိကိုယ့် တွေ့နဲ့ ထပ်ပြီးတော့ပြောနေပါတယ်။

အဲဒီတော့ ဖြစ်ပေါ်ပြီးပျက်ပျက်သွားတာဟာ အနိစ္စပဲ၊ နောက်ဉာဏ်ကသိလိုက်တာဟာ မဂ္ဂပဲဆိုတော့ ရှေ့ကဖြစ်ပျက်, နောက်ကမဂ်နဲ့သွားပြီးတော့ ကိုက်ပါတယ်၊ ရှေ့ကပျက်ပျက် သွားတာဟာအနိစ္စ၊ နောက်သိလိုက်တာကလေးဟာမဂ္ဂ၊ အဲဒီလို သွားကိုက်ပါတယ်။

ဒီအတိုင်းသာ ရှေ့ကဖြစ်ပျက်နောက်ကမက်၊ ဖြစ်ပြီး ပျက်ပျက်သွားတာဟာ အနိစ္စ၊ နောက်ကသိလိုက်တာက မဂ္ဂဆိုတော့ ဖြစ်ပျက်နဲ့မက်ကိုက်သွားပြီးကြားထဲမှာ ကိလေသာမခိုဘူးလို့ဆိုနိုင်ပါတယ်၊ အဲဒီလို ရှေ့ကဖြစ်ပျက်နောက်ကမက်နဲ့သာကိုက်နေရင်ဖြင့် မိမိတို့၏ဝမ်းထဲမှာပဥ္စင်္ဂိကမဂ်ပေါ်နေပြီလို့ဆိုနိုင်ပါတယ်။

ဤကဲ့သို့ ရှေ့ကဖြစ်ပျက်နောက်ကမက်နဲ့ ကိုက်နေတဲ့အခါမှာတစ်ဆင့်တက်ပေးပါ၊ ဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်းဒုက္ခ၊ ဒုက္ခမှတစ်ပါးဘာမှမရှိဘူး၊ သုခဆိုတာလုံးဝမရှိဘူး၊ ဒုက္ခသစ္စာသာအမှန်ရှိတယ်လို့ ဉာဏ်နဲ့နာနာရှုပေးပါ၊ ဒီလိုရှုပေးရင်ဒါတွေဟာ ဒုက္ခသစ္စာတွေပဲ ဒုက္ခသစ္စာတွေပဲလို့ အသိဉာဏ် ဝိဇ္ဇာဉာဏ်ဝင်လာရင် ဒုက္ခသစ္စာနဲ့မဂ္ဂသစ္စာကို တဒင်္ဂဝိက္ခမ္ဘနအားဖြင့်ပိုင်းခြားနေပြီလို့ဆိုနိုင်ပါတယ်။

ဒါကြောင့် ဒုက္ခသစ္စာကိုတဒင်္ဂဝိက္ခမ္ဘနအားဖြင့် ပိုင်ပိုင်နိုင်နိုင်သိနေပြီဆိုရင် မိမိတို့ရည်ရွယ်ချက်ပန်းတိုင်တော့နီးပြီဆိုတာသိနိုင်ကြပါပြီ။

မိမိ သန္တာန်မှာ ပေါ်လာတဲ့ စိတ်ကလေးတွေဟာအရင်စိတ်မရှိတော့ဘူး၊ အရင်စိတ်တွေမရှိတော့ဘူး၊ ချုပ်ပျက်သွားပြီမရှိတော့ဘူး၊ ချုပ်ပျက်သွားပြီးနောက် အစားထိုးတဲ့စိတ်အသစ်, အသစ်ဖြစ်တယ်ဆိုတာ အကဲခတ်မှုပဲဖြစ်ပါတယ်၊ တနည်းအား

ဖြင့်ဆိုသော် ၁ စိတ်ကို ၂ စိတ်နဲ့ အကဲခတ်ခြင်းဖြစ်ပါတယ်၊ သို့မဟုတ် ၁ စိတ်ကို ၂ ဉာဏ်နဲ့ အကဲခတ်ခြင်းဖြစ်ပါတယ်။

ဒီ ၁ စိတ်ကို ၂ စိတ်နဲ့ အကဲခတ်လိုက်တော့ ၁ စိတ်မရှိဘူးဆိုတော တွေ့ပါလိမ့်မယ်၊ အဲဒီမရှိတော့ဘူးဆိုတာ ကိုယ်တိုင်သိအောင်လုပ်တဲ့အလုပ်ပါပဲ၊ ဒီ ၁ စိတ်ကလေးရဲ့အသက်ကလည်း ၁,၂ ဆိုရင်မရှိတော့ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားက သန္ဒိဋ္ဌိကော...တဲ့။ မိမိကိုယ်တိုင်မိမိကိုယ်ပိုင်ဉာဏ်နဲ့ သိအောင်လုပ်ပါ။ သာမံမိမိကိုယ်တိုင်၊ ပဿိတဗ္ဗော၊ မြင်အောင်ကြည့်ပါ...တဲ့။

ကိုယ်တိုင်သိဖြစ်ရင် အကာလိကော၊ အခါမလင့်အကျိုးပေးပါလိမ့်မယ်၊ ဒါကြောင့်မှာချင်တာက ဥဒယဗ္ဗယဉာဏ်ဖြစ်ပျက်မြင်အောင်ကြည့်၊ နိဗ္ဗိန္ဒဉာဏ်ဖြစ်ပျက်ကို မုန်းဉာဏ်ဝင်အောင်ကြည့်ပါ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြစ်ပျက်တွေအဆုံးရောက်အောင်ကြည့်ပါဟု အားလုံးသော ယောဂီများအားတိုက်တွန်းလိုပါသည်။

ဝိပဿနာအလုပ်မှာ အများကြီး အရေးကြီးတဲ့ အချက်တစ်ခုဆရာတော်ကြီးဟောတော်မူခဲ့တာရှိပါသေးတယ်၊ ဝတ္ထုကြောင်းနဲ့ လည်းထုတ်ပြီးပြခဲ့တာမှတ်မိကြပါလိမ့်မယ်၊ သုသိမပရိဗိုဇ်ဆိုတာရှိပါတယ် တရားခိုးလာရင်း ရဟန္တာဖြစ်တဲ့ဝတ္ထုပါပဲ။

ဒီ...သုသိမပရိဗိုဇ်ကို မြတ်စွာဘုရားကဉာဏ်,နှစ်ဉာဏ် ပဲဟောတော်မူပါတယ်။ "ပုဗ္ဗေခေါ သုသိမဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာနိဗ္ဗာနေဉာဏံ"တဲ့ ဉာဏ်နှစ်ဆင့်နဲ့ ဟောတော်မူပါတယ်၊ ရှေ့က ဖြစ်ပျက်ကိုသိတဲ့ ဉာဏ်,နောက်ကနိဗ္ဗာန်ကိုမြင်တဲ့ဉာဏ်ပဲ။

ဆိုလိုတာက ဖြစ်ပျက်ကို အရင်ပိုင်အောင်လုပ်ကြပါတဲ့၊ နောက်... ဖြစ်ပျက်အဆုံးမှာနိဗ္ဗာန်မြင်တဲ့ ဉာဏ်ပေါ်လာလိမ့် မယ်တဲ့။

ဓမ္မစကြာသုတ်မှာလည်း အားလုံးသိရှိတော်မူပြီးဖြစ်ကြ တဲ့အတိုင်း ဉာဏ်သုံးဆင့်ပဲမြတ်စွာဘုရားရှင် ဟောတော်မူခဲ့ပါ တယ်၊ ဉာဏ်ဆယ်ပါးတို့ ဆယ့်ခြောက်ပါးတို့ဆိုတာကတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဉာဏ်ကြီးလွန်းလို့ နောင်လာ,နောက်သားများအတွက် သူ့အမြင်နဲ့သူဟောတော်မူ ခဲ့တာဖြစ်ပါတယ်၊ အရှင်မြတ်ကသူလိုပုဂ္ဂိုလ်ကသူတစ်ပါးတည်း သာ ရှိတယ်ခဲ့တာအမိန့်ရှိပါတယ်...တဲ့။

အဲဒီတော့ဘုရားအောက်က ပညာအရာမှာ တစ်ပါးသာရှိ တဲ့ပုဂ္ဂိုလ်ကြီးနောက်လိုက်ပြီးတော့ ဉာဏ်ရှည်လိုက်နေစရာမလို ပါဘူးဆိုလိုပါတယ်၊ဖြတ်လမ်းကသာလိုက်ဖို့လိုပါတယ်။

ဆရာတော်ကြီးက အသက်တမ်းတိုတဲ့ခေတ် ဖြစ်နေတဲ့ အတွက်တဲ့၊မင်းတို့ဉာဏ်ရှည်ကြီးတွေ မလိုက်ကြပါနဲ့ကွာ...တဲ့

ဉာဏ်ရှည်ကြီးလိုက်နေရင် လမ်းမှာအမောဆို့ပြီး နေကြပါလိမ့်
မယ်ဆိုပြီး တပည့်ရင်းများကို ဆုံးမခဲ့ပါတယ်။ ဉာဏ်ဖြင့်သိမြင်
နိုင်တဲ့ ဖြစ်ပျက်အဆုံး အသင်္ခတဘက်သို့ပြေးဝင်နိုင်ပါတယ်။

ဆရာတော်ကြီးက ဝါးနှစ်လုံးမီးထွက်အောင် ပွတ်တဲ့သူ
လိုနာနာပွတ်၊ မနေမနားပွတ်ရင်မီးထွက်သလိုပဲတဲ့၊ ယောဂီများ
ဟာလည်းမနေမနားဖြစ်ပျက်မြင်အောင်အားထုတ်ကြပါ၊ဖြစ်ပျက်
တွေစိပ်စိပ်မြင်လာအောင်အားထုတ်ကြပါ၊ နောက်ဖြစ်ပျက်မုန်း
ဉာဏ်ဝင်လာအောင် အားထုတ်ရင်ဖြစ်ပျက်တွေ အဆုံးမြင်တဲ့
ဉာဏ်ရောက်တာပါပဲတဲ့။ သင်္ခတဆုံးတာဟာ နိဗ္ဗာန်လို့ခေါ်ပါ
တယ်။

အဲဒီတော့ ပွတ်တာကယောဂီအလုပ်၊ မီးထွက်တာက ဝါး
အလုပ်ဆိုတဲ့ အတိုင်း အားထုတ်မှုသာ ယောဂီကလိုပါတယ်၊
ဒါမှရင့်ကျက်ပါလိမ့်မယ်၊ ရင့်ကျက်လာမှသာ မဂ်ဉာဏ်၊ ဖိုလ်
ဉာဏ်ဖြင့် သိမြင်နိုင်တဲ့ ဖြစ်ပျက်အဆုံး အသင်္ခတ ဘက်သို့ပြေး
ဝင်နိုင်ပါတယ်။

ဒါကြောင့်ဆရာတော်ကြီးက သံပေါက်တစ်ခု ရေးထား
တာ ကလေးရှိပါတယ်၊အဲဒီသံပေါက်ကလေးကို ကျွန်တော် အခု
ဖတ်ပြပါ့မယ်။

ယုံကြည်ကျန်းမာ၊စိတ်ဖြောင့်စွာနှင့် လွန်စွာအားထုတ်၊
နာမ်နှင့် ရုပ်ကို ဖြစ်ချုပ် ဉာဏ်မြင်၊ ဤငါးအင်၊ မုန်ပင် မဂ်ရ

ကြောင်း ... တဲ့။

ဒီအတိုင်း မိမိတို့ ကျန်းမာရေးကိုလည်း ဂရုပြုကြပြီးတော့ မိမိတို့အခုအားထုတ်နေတဲ့ အလုပ်ဟာအလုပ်မှန်ပဲ။ တရားမှန်ပဲ၊ဘုရားဟောတဲ့အတိုင်းပဲဆိုပြီတော့ယုံယုံကြည်ကြည်နဲ့အားထုတ်ကြပါ။ ပြီးတော့ယောဂီအချင်းချင်းလည်းစိတ်ထားဖြောင့်မတ်စွာ ထားပြီးတော့ မလျှော့သောလုံ့လဖြင့်ရေ့က ဖြစ်ပျက်၊ နောက်က မဂ်နဲ့ကိုက်သွားအောင်ကိလေသာကြားမခိုပဲ အားထုတ်ကြမယ်ဆိုရင်နံ့နက်အားထုတ်ရင်ည၊ညအားထုတ်ရင်နံ့နက်ဆိုသလိုတစ်မဂ် တစ်ဖိုလ်ကိုသေသေချာချာကြီးရရက်,ရလ, ရနှစ်အတွင်းရနိုင်ပါတယ်လို့၊ဘုရားဟောကျမ်းဂန်များမှာအထင်အရှားရှိပါတယ်၊အားထုတ်ကြပါဆိုတာ တိုက်တွန်းရင် နိဂုံးချုပ်လိုက်ခြင်းဖြစ်ပါတယ်ခင်ဗျား

ҧ ҧ ҧ ҧ ҧ

# စိတ္တာနုပဿနာရှုနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံ့စိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ညှော့သည် ၅ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးတောစိတ် | အတွင်းညှော့သည် ၆ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂ခု |

သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊

သမ္မာသမာဓိ

ငါး (၅) ခုသည်ရှု့တတ်သောတရားများဖြစ်၏။ ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ဖြစ်ပျက်ရှုပါ၊အိမ်သည်

မရှိကအပြင်ညှော်သည်၊ အတွင်းညှော်သည်ပေါ်ရာကိုရှုပါ၊ ညှော်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ။

## စိတ္တာနုပဿနာရှုပွားနည်း



# နောက်ဆက်တွဲသိမှတ်စရာများ

## ဝေဒနာကျော်တယ်ဆိုတာ

ဝေဒနာကိုမတွေ့တော့ဘဲ ဖြစ်ပျက်ကလေးတွေချည်း တွေ့နေတော့တာကို "ဝေဒနာကျော်တယ်"လို့ခေါ်ရတယ် (မှန်ပါ ဘုရား)။

"ဖြစ်ပျက်ကလေးတွေ တွေ့နေတယ်"ဆိုတော့ အတွေ့ ခံတာက အနိစ္စ၊တွေ့တဲ့ဉာဏ်က မဂ္ဂ(မှန်ပါ)မဂ္ဂဆိုတော့ဝေဒနာ ရှုရင်းနဲ့မဂ္ဂင် (၅)ပါးနဲ့လဲသေနိုင်တယ် (မှန်ပါ)။

ဖဂ္ဂုန ရဟန်းကျတော့သိပ်ကောင်းတယ်၊အနိစ္စတွေ့တဲ့ အပြင်အနိစ္စကိုမုန်းသေးတယ်၊ (မှန်ပါ) ပြီးတော့ အနိစ္စဆုံးသွား ပါလေရော...(မှန်ပါ့ဘုရား)။

ဒီနည်းနဲ့အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံး (၃)ခါဆုံး တော့ အနာဂါမ်ဖြစ်သွားတာပေါ့ (မှန်ပါ့)အောက်သံယောဇဉ် ၅–ပါးကို ဖယ်ရှားသွားနိုင်တဲ့အတွက် ဖဂ္ဂုနရဟန်း အနာဂါမ် ဖြစ်သွားတယ်...(မှန်ပါ့ဘုရား)

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေလည်း နံပါတ် (၁)အနိစ္စမြင်၊နံပါတ် (၂) အနိစ္စမုန်း၊ နံပါတ်(၃)အနိစ္စ ဆုံးသွားတာကို မြင်အောင်ဉာဏ်နဲ့ ကြည့်ကြရမှာ (မှန်ပါ) ကြည့်ကြပါလို့ တိုက်တွန်းပါတယ် (မှန်ပါဘုရား)။

## သေရမှာမကြောက်သူ(၄)ဦး

၁။ ငါးဖြာအာရုံကာမဂုဏ်တို့၌ တွယ်တာမှု ကင်းနေသူ ဖြစ်၏။ လက္ခဏာရေးသုံးပါးတင်၍ မြင်ထားသူဖြစ်သည်။ ထို ပုဂ္ဂိုလ်တို့ သန္တာန်သို့ရောဂါဝေဒနာ ရောက်လာသော်လည်း ထို ပုဂ္ဂိုလ်တို့ကသေရမှာမကြောက်၊အဘယ်ကြောင့်ဆိုသော်သုဂတိ၊ (သို့မဟုတ်) နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ် သည်။

၂။ ခန္ဓာကိုယ်ပေါ်၌ တွယ်တာမှုကင်းနေသူဖြစ်၏ လက္ခဏာရေး သုံးပါးထင်၍ မြင်ထားသူဖြစ်သည်၊ ထိုပုဂ္ဂိုလ် မျိုး သန ္တာန်သို့ ရောဂါဝေဒနာ ရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့ က သေရမှာ မကြောက်၊ အဘယ်ကြောင့် ဆိုသော်သုဂတိ၊ သို့ မဟုတ်နိဗ္ဗာန် နိကိုမြင်ထားသော ကြောင့်ဖြစ်သည်။

၃။ အကုသိုလ်နည်းပါး၍၊ ကုသိုလ်တွေများသူဖြစ်သည်၊ လက္ခဏာရေးတင်၍ ဝိပဿနာဖြင့် နေသူလည်း ဖြစ်၏။ ထို ပုဂ္ဂိုလ်မျိုးတို့သန္တာန်သို့ ရောဂါဝေဒနာ ရောက်လာသော်လည်း ထိုပုဂ္ဂိုလ်တို့ကသေရမှာမကြောက်၊အဘယ့်ကြောင့်ဆိုသော်သုဂ တိ၊ သို့မဟုတ်နိဗ္ဗာန်ကိုမြင်ထား သောကြောင့်ဖြစ်သည်။

၄။ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဖြစ်ပုံကိုသဘောပေါက်ထား ၍၊ သံသယဝိစိကိစ္ဆာမရှိ၊ ဝိပဿနာဖြင့်နေသူလည်း ဖြစ်သည်။ ထို ပုဂ္ဂိုလ်မျိုးတို့သန္တာန်သို့ ရောဂါဝေဒနာ ရောက်လာသော် လည်း ထိုပုဂ္ဂိုလ်တို့က သေရမှာမကြောက်၊ အဘယ်ကြောင့်ဆို

သော် သုဂတိ၊ သို့မဟုတ် နိဗ္ဗာန်ကို မြင်ထားသောကြောင့် ဖြစ်သည်။(အထက်ပါတို့၏ ဆန့်ကျင်ဘက်မှာ သေမှာကြောက်သူတို့ ဖြစ်ပါသည်။)

## သေခါနီးမှာ မဂ္ဂသစ္စာနဲ့ နေပါ

သေခါနီးမှာ ဝေဒနာရောက်လာမှာကတော့ သေချာတယ် (မှန်ပါ) အဲဒီဝေဒနာကို ဉာဏ်နဲ့ခွာထားပြီး ဝေဒနာကို ကျော်လွန်ပြီး၊ သေခါနီးမှာဝေဒနာနောက်က မဂ္ဂလိုက်ပြီးနေပြပါလို့ ဘုန်းကြီးကမှာနေတယ် (မှန်ပါဘုရား)။

တော်တော် အရေးကြီးတဲ့ စကားနော် (မှန်ပါဘုရား) သာမညနားနဲ့မထောင်ပါနဲ့လို့ လေးလေးနက်နက်သတိပေးပါတယ် (မှန်ပါဘုရား)။

"ဒါကဘယ်လိုပုဂ္ဂိုလ်မျိုးမှရမတုံးဘုရား" လို့မေးရင် အခုကတည်းက အနိစ္စပိုင်ထားတဲ့ပုဂ္ဂိုလ်မျိုးမှရမယ် (မှန်ပါ) မီးလောင်ခါမှ ရေရှာလို့ကတော့ (မရပါဘုရား)။

မီးမလောင်ခင်ကတည်းမင်တည်း ဟူသောရေစင် ရေအေးကို ရှာထားတဲ့သူမှရမယ်နော် (မှန်ပါ) အဲလိုပုဂ္ဂိုလ်မျိုးမှ သေခါနီးမှာ မဂ္ဂသစ္စာဖြစ်ပြီး သေလို့ရမယ် (မှန်ပါ)။

သေနည်းသင်ပေးနေတယ်နော်(မှန်ပါ)မြတ်စွာဘုရားကပဂ္ဂုနရဟာန်းအား "သေနည်းသင်ပေးတဲ့တရား"လို့ မှတ်လိုက်

ကြစမ်းပါ (မှန်ပါ)။

ဝေဒနာကိုမတွေ့စေဘဲနဲ့ ဝေဒနာရဲ့အဖြစ်အပျက်တွေချည်း ဉာဏ်တဲ့နေပါစေ(မှန်ပါဘုရား) ဆိုလိုရင်းက အဖြစ်အပျက်နှင့် ဉာဏ်နှင့်တည့်နေပါစေ၊ ဘယ်သူမှကြားမဝင်စေနဲ့ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့တွဲနေပါစေ (မှန်ပါ)။

ဒါ–ဆိုရင်ဒုက္ခသစ္စာကိုမဂ္ဂသစ္စာနဲ့သိနေခြင်းပဲ(မှန်ပါ) အဖန်ဖန်သိနေပါ၊ကြာတော့မှန်းလာမယ်၊ (မှန်ပါ) နောက်တော့ ဒုက္ခသစ္စာတွေအဖြစ်အပျက်တွေဆုံးသွားတာကို မြင်ရပေမယ်။ (မှန်ပါဘုရား)။

## ဝေဒနာကို ကျော်အောင်ကြိုးစား

လူမိုက်များက ပြောတတ်ကြတယ် "သေတာများ အခ ဆန်းလုပ်လို့၊ သင်နေရအုံးမှာလား" "သေတစ်နေ့မွေးတစ်နေ့ပဲ ဟာ"တဲ့၊အဲဒီအပြောကလားရာဂတိကိုထည့်ပြောတာမဟုတ်ပါ ဘူး (မှန်ပါ)။

အခုဟာကတော့ လားရာဂတိကောင်းတာလဲဖြစ်ချင် ဖြစ်မယ်၊လားရာဂတိကိုမရှိတဲ့ အခြေအနေလဲရောက်ချင်ရောက် သွားမယ် (မှန်ပါဘုရား)။

ဝေဒနာပေါ်တာကို ဝေဒနာကိုကျော်၍ အနုစ္စတွေ့ အောင်ရှာရတဲ့နည်း၊သေခါနီးမှာပေါ်လာတဲ့ ဝေဒနာကို "ဒါဟာ

ဝေဒနာလား၊ အနိစ္စလား”လို့ဉာဏ်နဲ့ကြည့်၊အဲဒီအချိန်မှာဝေဒနာ ပျောက်သွားတာတွေ့ရမယ် (မှန်ပါ)အဲဒါအနိစ္စပေါ့ (မှန်ပါဘုရား)။

ဒါကြောင့်နားလည်တဲ့သူတွေကျတော့ “ဖြစ်တာကဝေဒနာ၊ ပျက်တာအနိစ္စ”လို့ခွဲခြားတတ်တယ် (မှန်ပါ) သစ္စာဖြစ်အောင်လုပ်ပြီး အသေတတ်ကြတာပေါ့ (မှန်ပါဘုရား)။

ဉာဏ်နဲ့ကြည့်တဲ့အခါ ဝေဒနာကိုမတွေ့ရတော့ပဲ၊ ဖြစ်ပျက်ကလေးတွေချည်းတွေ့နေတော့တာကို “ဝေဒနာကျော်တယ်” လို့ပြောတာ (မှန်ပါ)။

ဒီတော့ “ဝေဒနာကျော်တယ်”ဆိုတာ အနိစ္စကိုတွေ့တာပဲ၊ အနိစ္စနဲ့ဖြစ်ပျက်ကလည်း အတူတူပဲဆိုတော့ “ဝေဒနာကျော်တယ်”ဆိုတာ ဖြစ်ပျက်မြင်တာပဲလို့လည်း ပြောလို့ရတယ် (မှန် ပါ)။

ဝေဒနာကျော်လွန်အောင်ရှုထားနိုင်မှ စိတ်ချရတာမို့ဤကိစ္စကိုမမေ့ကြနဲ့ (မှန်ပါဘုရား)။

အင်္ဂုတ္တရ်၊ ဆတ္တနိပါတ်၊ဖဂ္ဂုနသုတ် (၃၃၃)

## ဝေဒနာကတခြား အနိစ္စကတခြားပဲ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ သေခါနီး **ဝေဒနာ**လာရင်ရှေးဦးစွာ ဘာလုပ်ရမလဲ၊ နံပါတ်(၁) ဉာဏ်နဲ့ **ဝေဒနာ**ကို ရှုပါ၊ (မှန်ပါ) ရှုတဲ့အခါဝေဒနာတခြား၊ အနိစ္စတခြား **မြင်ပါစေ** (မှန်ပါဘုရား) ဒါဟာ ဝေဒနာချာတာပဲ၊ ဝေဒနာဟာ **ဝေဒနာ**ပါပဲ၊ အနိစ္စက အနိစ္စပဲ (မှန်ပါ)။

ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ "ဒါဟာဝေဒနာမဟုတ်ဘူး၊ ဖြစ်ပြီးပျက်သွားတဲ့အနိစ္စကလေးတွေပဲ"လို့တွေ့စေရမယ် (မှန်ပါဘုရား) ဝေဒနာကလေးတွေဖြစ်ပြီး ပျက်သွားတဲ့သဘောကိုတွေ့အောင်ရှာရမယ် (မှန်ပါ) ဝေဒနာကိုမတွေ့စေနဲ့ (မှန်ပါ)

ဒီတော့ "ဝေဒနာကလေးတွေကတစ်ခြား၊ဖြစ်ပျက်ကတစ်ခြား"ဆိုတာပေါ်လာမယ် (မှန်ပါ) ဖြစ်ပျက်ဆိုတာနဲ့ အနိစ္စဆိုတာအတူတူပဲနော်(မှန်ပါ) ဒီတော့–

(က) ဝေဒနာ မတွေ့စေနဲ့၊ ဖြစ်ပျက်တွေ့ပါစေ။

(ခ) ဝေဒနာမတွေ့စေနဲ့၊အနိစ္စတွေ့ပါစေ။

အတူတူပဲ (မှန်ပါဘုရား)။

## ပုဂ္ဂိုလ် (၄)မျိုး

(၁) ဥဂ္ဃာဋိတညူ.... ဘုရားရှင်နှင့်တွေ့၍တစ်ခုသော တရားကိုဟောရာအကျဉ်းဥဒ္ဒေသစကား၏အဆုံး၌မဂ်ဖိုလ် ကိုရနိုင်သူ။

(၂) ဝိပဉ္စိတညူ..... အကျဉ်းဟောကာမျှဖြင့်မဂ်ဖိုလ်ကိုမရပဲ အကျယ်ဟောမှ မဂ်ဖိုလ်ကိုရနိုင်သူ။

(၃) နေယျ .... အကျဉ်းအကျယ်အားဖြင့် ဟောသော်လည်းမဂ်ဖိုလ်မရပဲ ဘုရားဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ်ရနိုင်သူ

(၄) ပဒပရမ... ပရိယတ်၊ပဋိပတ်တို့ကိုမည်သို့ပင် အားထုတ်သော်လည်း ယခုဘဝမဂ်ဖိုလ် မရနိုင်ပဲ ဝါသနာ ဘာဂီမျှသာရထိုက်သူ။

(အဂုံတ္တရ်၊ စတုက္ကနိပါတ်)

# ဉာဏ်စဉ်များ

ဉာဏ်စဉ် ဉာဏ်စဉ်နှင့် ပြောကြခြင်းသည် ဆရာက မှန်း၍ ပြောခြင်းသာဖြစ်ပါသည်။ အားထုတ်သည့် ယောဂီ ကသာလျှင် ကိုယ်တွေ့ဉာဏ်မြင် အစစ်အမှန်ကို ဘယ်လိုမြင်သည်၊ ဘယ် ဉာဏ် ရောက်နေပြီဆိုသည်ကို ဧကန်သိမြင်သူ ဖြစ်၍ အားထုတ် သူကသာပြောနိုင်ပါသည်။ ဘေးကပြောပေးသည် ဆိုခြင်းမှာ ဘုရားရဟန္တာတို့၏ အရာမို့ ဘေးက ပြောသူအနေနဲ့ အလုံးစုံ သိနိုင်ကြမည် မဟုတ်ပါ။

ထို့ကြောင့် ဧဟိပဿိကော = တရားကခေါ်ရာကိုသန္နိဋ္ဌိကော ကိုယ့်ဉာဏ်နဲ့လိုက်ရပါမည်။ ကိုယ့်ဉာဏ်နဲ့ကိုယ် ကိုယ်တိုင် သိသွားမှ ကိစ္စပြီးကြောင်းသိပါသည်။ ဉာဏ်စဉ်များအနေဖြင့်

(၁) ပဋိသမ္ဘိဒါမဂ်မှာအရှင်သာရိပုတ္တရာကတစ် ဆယ့်ခြောက်ဉာဏ်ဟောပါသည်။

(၂) မြတ်စွာဘုရားသည် ဝိပဿနာဉာဏ် ကျတော့ ဆယ်ဉာဏ်ဟောပါသည်။

(၃) မြတ်စွာဘုရားသည် ဓမ္မစကြာ၊ အနတ္တလက္ခဏ သုတ်တွင်သုံးဉာဏ်သာဟောပါသည်။

(၄) သုသိမပရိဗိုဇ်အား (နှစ်ဉာဏ်)သာ ဟောပါ

## ဝိပဿနာဉာဏ် ၁၀ပါး အတိုချုပ်ပုံမှာ

| ဝိပဿနာဉာဏ်၁၀ပါး | ဉာဏ်၃ပါးကား | ဉာဏ်၂ပါးကား |
|---|---|---|
| ၁။ သမ္မသနဉာဏ် | (က)ယထာဘူတဉာဏ် | ၁။ ဝိပဿနာဉာဏ် |
| ၂။ ဥဒယဗ္ဗယဉာဏ် | | |
| ၃။ ဘင်္ဂဉာဏ် | | |
| ၄။ ဘယဉာဏ် | (ခ) နိဗ္ဗိန္ဒာဉာဏ် | |
| ၅။ အာဒီနဝဉာဏ် | | |
| ၆။ နိဗ္ဗိန္ဒာဉာဏ် | | |
| ၇။ မုစ္စိတုကမျတာဉာဏ် | (ဂ) မဂ်ဉာဏ် | ၂။ မဂ်ဉာဏ် |
| ၈။ ပဋိသင်္ခါဉာဏ် | | |
| ၉။ သင်္ခါရုပေက္ခာဉာဏ် | | |
| ၁၀။ အနုလောမဉာဏ် | | |

## သောတာပန်အကြောင်း

သောတာပန်သည် “သောတာပန္န” ဆိုသော ပါဠိပုဒ်က စကား ဖြစ်ပါသည်။ မဂ္ဂသံယုတ် အဋ္ဌကထာများတွင် သောတံ (နာမ်ရုပ်ကို ပိုင်းခြားသိ၍ သက္ကာယဒိဋ္ဌိကို ဖြုတ်နိုင်သော ရုပ်နာမ် ကွဲသော ဉာဏ်နှင့် ရုပ်နာမ်ဖြစ်ကြောင်းသည် အဝိဇ္ဇာသင်္ခါရ ကြောင့်ပဲဟု အကြောင်းအကျိုးသိမ်းဆည်းသိ၍ ဝိစိကိစ္ဆာသော

သော ဉာဏ်၊ ထိုဉာဏ်(၂)ပါးနှင့် ပြည့်စုံလျက် မဂ္ဂရှစ်ပါးတည်း ဟူသော) ရေအလျှင်သို့။

| | | |
|---|---|---|
| အာဒိတောအာပန္နံ သုပါပုဏ်သူတိ | = | ဝိသုဒ္ဓာဉာဏ် အမြင်ဖြင့် စတင်၍ ရောက်ရှိနေကြကုန်ပြီ ထို့ကြောင့် |
| သောတာပန္နာ | = | သောတာပန်မည်၏ဟု မြန်မာလို အဓိပ္ပါယ် ရပါသည်။ |

## သောတာပန်အမျိုးအစား

၁။ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရား၊သတိပဋ္ဌာန်တရားတို့နှင့် ရုပ်နာမ်ဓမ္မဖြစ်ကြောင်းကို သိမ်းဆည်းသိပြီး ယုံမှားခြင်းကင်းကာအလုပ် မဂ္ဂင်ဖြင့် ရှုမှတ်ပွားများပြီးတစ်ဘဝ၊နှစ်ဘဝ အပါယ်မလားသောဝိပဿနာ ယောဂီကိုတော့ စူဠသောတာပန် ဟုခေါ်ပါသည်။

၂။ ရုပ်နာမ်စသော တရားများပေါ်၌ (ဖြစ်ပျက်) မြင်မှု၊ (ဖြစ်ပျက်) မုန်းမှု၊ ဖြစ်ပျက်အဆုံးမြင်၍ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို မဂ်ဉာဏ်နှင့် အပြီးအပိုင်ပယ်ပြီး၊ အပါယ်ဓာတ်သိမ်း ၍ ဒုက္ခငြိမ်းမှုချမ်းသာကိုသိလိုက်ပြီး၊ အရိယာဘက်ရောက်လာခြင်း ကို မဟာသောတာပန်ဟုခေါ်ပါသည်။

## သောတာပန်လေးပါး

၁။ သတ္တက္ခတ္တုပရမ သောတာပန် – လူဘဝ၊ နတ်ဘဝတို့၌ ခုနစ်ကြိမ်သာ ဖြစ်ပြီး ရဟန္တာ ဖြစ်ကာ ပရိနိဗ္ဗာန်စံခြင်းတစ်ပါး၊

၂။ ကောလံကောလ သောတာပန်– လူ့ဘဝ၊ နတ်ဘဝ ၌ နှစ်ဘဝမှ ခြောက်ဘဝ အထိ နေပြီး ရဟန္တာ ဖြစ်ကာ ပရိနိဗ္ဗာန် စံဝင်ခြင်း တစ်ပါး၊

၃။ ဧကဗီဇီသောတာပန် – လူ့ဘဝ၊ နတ်ဘဝ၌ နှစ်ကြိမ်သာနေပြီး၊ရဟန္တာ ဖြစ်ကာပရိနိဗ္ဗာန်ဝင်စံခြင်းတစ်ပါး၊

၄။ သောတာပန်ရိုးရိုး – သုဒ္ဓါဝါသဘုံ ကို ချန်ထားပြီးကျန်တဲ့သုဂတိဘုံဘဝတွေမှာ နေချင်သလောက်ဘုံစဉ်စံပြီး ဝိသာခါ အနာထပိဏ် တို့လို အမျိုး အစားသည် တစ်ပါးရယ်လို့ (၄) ပါးရှိပါသည်။

## သောတာပတ္တိမဂ်ရကြောင်း အင်္ဂါလေးပါး

၁။ သပ္ပုရိသသံသေဝေါ – ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာတို့၌ ကျွမ်း ကျင် လိမ္မာသော၊ သစ္စာလေးပါးကို ဟော တတ် သော (ဝါ) အယုတ်သစ္စာ ၂ ပါး (ဒုက္ခ သစ္စာနှင့် သမုဒယသစ္စာ) ကို မလိုချင် အောင် အမြတ်သစ္စာ (၂)ပါး (နိရောဓ သစ္စာနှင့် မဂ္ဂသစ္စာ) သစ္စာဆိုက်၊ ဉာဏ်သက်ဝင်အောင်ဟောပြောတတ် သောသူတော်ကောင်းနှင့် ပေါင်းဖေါ် ခြင်း၊

၂။ သဒ္ဓမ္မဿဝနံ – ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့နှင့် စပ်သော တရားတို့ကို စာတွေ့(သစ္စာဉာဏ်)နှင့်သာမဟုတ် ထိုးထွင်း၍ ဉာဏ်တွေ့သိပြီးသော ပုဂ္ဂိုလ်၏ ဟောကြား ဆုံးမသော တရားများကိုနာကြားခြင်း၊

၃။ ယောနိသောမနသိကာရော – နှလုံးသွင်းမှန်ခြင်း။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ — မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရားကိုရခြင်း၏ အကြောင်းဖြစ်သော၊သက္ကာရဒိဋ္ဌိကိုပါယ်ရှားသော ဓမ္မဒိဋ္ဌိဉာဏ်ဟု ဆိုအပ်သောပရမတ္ထသစ္စာတရားအမြင်ဖြင့် ဝိပဿနာ မဂ္ဂင်အလုပ်ကို အားထုတ် ခြင်း။

ဤ ၄ ပါးတို့သည်သောတာပတ္တိမဂ်၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄ ပါးတို့ ဖြစ်သည်။

အကျဉ်းမှတ်ရန်

(သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား မဂ်အား လျော်ဘိ၊ ဒိဋ္ဌိကိုခွာ၊ ဤလေးဖြာ၊ သောတာပန် အစစ်ဖြစ်ကြောင်းတည်း)။

## ပုထုဇဉ်နှင့် သောတာပန်ကွာခြားပုံ ၇ ချက်ဆိုတာ

၁။ ပုထုဇဉ်က ဖြစ်ကြောရှည်တယ်၊ သောတာပန်က ဖြစ်ကြော တိုတယ်။ လောဘ၊ဒေါသ၊မောဟ ထတိုင်းသိတာ ပေါ်တိုင်းသိတာက သောတာပန်တို့အသိ။

၂။ အဲဒီလိုပေါ်,ပေါ်လာတာချက်ချင်းသိလို့ သိတာနဲ့တစ်ပြိုင် နက်တည်ငြိမ်အေးအောင် လုပ်နိုင်ခြင်းသည် သောတာပန် တို့၏အသိ။

၃။ ဤဘုရားသာသနာတော်မှတစ်ပါး အခြားသော သာသနာ မှာထွက်ရပ်လမ်းမရှိဘူးလို့သိနေတဲ့အသိဟာလဲ သောတာ ပန်၏အသိပါပဲ။

၄၊ ကိုယ့်မှာကျူးလွန်ထားတဲ့ အပြစ်ကလေးတွေရှိနေတယ်။ မပယ်နိုင်သေးတဲ့ကိလေသာထကြွသောင်းကျန်လာတဲ့အခါ မှာချက်ချင်းပဲ ကုသိုလ်စိတ်ဖြစ်ပေါ်အောင် လုပ်နိုင်တာ သောတာပန်တို့၏ အသိပါပဲ။

၅။ ကိစ္စကြီးငယ်ရှိလို့ သူတစ်ပါးအတွက်ရုံးတို့၊ ဂါတ်တို့၊ လိုက်ရငြားသော်လည်းမိမိသီလ၊ သမာဓိ၊ ပညာ၊ အပျက် မခံဘဲ လိုက်သွားခြင်းသည် သောတာပန်တို့အသိပါပဲ။

၆။ မြတ်စွာဘုရားဟောစဉ်၊ဘုန်းကြီးများတရားဟောစဉ်ဖြစ် စေ၊ စိတ်သည် အာရုံတစ်ပါးသို့မသွားပဲ သစ္စာတရားကို ဖူးစူးစိုက်စိုက် အနက်အဓိပ္ပါယ်သိပြီး သကာလနာနေနိုင် ခြင်းသည် သောတာပန်တို့၏ တရားနာနည်းပဲ။

၇။ ဒီလိုတရားနာပြီးနောက်ခန္ဓာဉာဏ်ရောက်တဲ့တရားတွေပါ လာလို့ ဝမ်းမြောက်ဝမ်းသာလို့မဆုံး၊ ကြည်ညိုလို့မဆုံး၊ ကျေးဇူးတင်လို့မဆုံးတဲ့ သတ္တိတွေဟာလဲ သောတာပန်တို့ ၏သတ္တိပဲ။ ပုထုဇဉ်တို့ကတော့ ဒီအသိတရားမျိုးနဲ့ ကွာခြား ပါတယ်။

## တရားလက်ဆောင်မွန်

စာရေးသူ ခံယူရရှိသည့် တရားသဘောကို လက်ဆောင် မွန်အဖြစ် နောက်ဆုံးပေးလိုသည်မှာ–

(ဝိပဿနာ) အားထုတ်ရာမှာ မဂ္ဂင်ငါးပါး ရှုဉာဏ်တရား ဖြင့် (**ဖြစ်ပျက်**) မြင်အောင် အားထုတ်ရပါမည်။ (မဂ္ဂင်ငါးပါး) ကို ဆရာတော်ဘုရားကြီး ဟောကြားချက်အတိုင်း ခွဲခြားသိနိုင် နိုင်အောင် ဖော်ပြရပါလျှင် ဆရာတော်ကြီးက–

(ဝိပဿနာ) အားထုတ်တဲ့ ပုဂ္ဂိုလ်များ (သမာဓိ) တည် ချင်လို့ရှိရင် (သတိ) ကို လက်မလွှတ်နဲ့၊ (ဝီရိယ) မလျှော့နဲ့ ဒီသုံးခုပေါင်းမှ (သမာဓိ) ဖြစ်မယ်၊ (သမာဓိ) ဟာ ဖြစ်ပျက် ဆီသို့ ဦးတည်လိမ့်မယ်။

(သမာဓိ)က လိုချင်တဲ့ဘက်ကို စိုက်ထားတာကလေးက သမာဓိ (မှန်ပါ့)၊ ဖြစ်ပျက်ကို သူမြင်သလားဆိုတော့(ဖြစ်ပျက်) ကို (ဉာဏ်) ကမှ မြင်ရမှာ၊ သူနဲ့ဘာမှ မဆိုင်ဘူး (မှန်ပါ့)။

မိုး (၉) စာ (၅၂၀-၅၂၂)

(သမာဓိ)က တည်ကြည်မှု တစ်ခုကိုသာလျှင် ဒီအာရုံရှိရာသို့ တည့်ပေးတာပဲ ရှိတာပဲ၊ ဟောဒါက ဖြစ်မှု (သင်္ခါရ)၊ ဟောဒါက ပျက်မှု (အနိစ္စ) ပဲဆိုတာ (သမာဓိ) နဲ့ မဆိုင်ဘူး၊ (သမာဓိ)ဟာ (ပညာမဂ္ဂင်) ရဲ့ အကူအညီပဲလို့ မှတ်ရမယ် (မှန်ပါ့ဘုရား)၊

မိုး(၉) စာ(၅၂၃)

ပညာမဂ္ဂင်မှာ (သမ္မာသင်္ကပ္ပ) က မျက်မှန်နဲ့ တူပြီး၊ (သမ္မာဒိဋ္ဌိ)က မျက်လုံးနဲ့တူတယ်၊ မျက်လုံးနဲ့တူတဲ့ (သမ္မာဒိဋ္ဌိ) က မြင်ကွက်ကို အများကြီး ဖော်ပေးလိုက်ရင် (သမ္မာသင်္ကပ္ပ) မျက်မှန်ကြောင့် မြင်စရာရှိတာ အကုန်မြင်တာပဲ(မှန်ပါ့)၊

မိုး (၉) စာ (၅၂၆-၅၂၇)

ထို့ကြောင့် (ဖြစ်ပျက်) မြင်ဖို့အရေးမှာ (သမာဓိ) ကောင်းရုံဖြင့် မရပဲ ရှုတတ်သော (သတိ)၊ မြင်တတ်သော မျက်လုံး အရိယာသစ္စာတရား၊ အမြင်မှန် (ပညာဉာဏ်) ထက်သန်မှ ရပါမည်(ဖြစ်ပျက်) မြင်ဘို့ရာ (သတိ)နှင့် အမြင်မှန် (သမ္မာဒိဋ္ဌိ) ပညာကလိုရင်းဖြစ်ပါသည်၊ (သတိ+ပညာ)ပါမှ (ဉာဏ်)ပါမည်၊ (သတိ+ပညာ)ရှိမှ (ဉာဏ်)ရှိပါမည်။

အလုပ်လုပ်ရင် တုံးတိချည်းမလုပ်ကြနဲ့ (ဉာဏ်)နဲ့လုပ်ကြ၊အလုပ်လုပ်တာ(ပညာ)မပါဘူး၊(ဉာဏ်)မပါဘူးနဲ့ပြောတတ်ကြပါတယ်၊(ပညတ်)အပေါ်ထူထောင်သည့်(သမာဓိ)မျိုးသာရှိပြီး၊(သတိပညာဉာဏ်) မရှိရင်တုံးကိအားထုတ်ခြင်းမျိုးသာဖြစ်ပါလိမ့်

မယ်၊ထို့ကြောင်(စိတ်)ကိုသတိပဋ္ဌာန်နဲ့စရှုပြီး(ပညာ)မဂ္ဂင် (၂) ပါးပါဝင်သော(သတိ)ပညာဉာဏ်နဲ့ဆက်ရှုဘို့လိုအပ်ပါတယ်။

အချို့က(သီလ၊သမာဓိ၊ပညာ)လို့လာတဲ့အတွက်(သမာဓိ) ရှိရင် (ပညာ)က အလိုအလျှောက် လာလိမ့်မည်ဟုထင်နေတတ်ကြပါသည်။ ပညတ်အပေါ်မှာ (သမာဓိ) ထူထောင်ပြီး(သတိ) (အသိ) မပါပဲ (သမာဓိ)တည်ကြည်မှုသက်သက်ဖြင့် ခန္ဓာကိုယ်လှည့်ပြီး(ဝိပဿနာ)ရှု ရုံဖြင့်(ဝိပဿနာဉာဏ်)ရသည်ဟု ထင်နေကြပါသည်။ (သတိ) အသိနှင့်(သမ္မာဒိဋ္ဌိ)(ပညာ မဂ္ဂင်) မျက်လုံးမပါ၍ (မြင်ကွက်)မရှိပဲ ဘယ်လိုမှ မမြင်နိုင်ပါ၊ မြင်မဲ့မြင်ရင် ပညတ်အပေါ်မှရသည့် နိမိတ် (သမာဓိ) အစွမ်းကြောင့် (သမထနိမိတ်)ဖြင့်သာ ထူးထူးထွေထွေ အာရုံများကိုသာမြင်ဘို့ရှိပါသည်။ ထိုအမြင်မျိုးသည်(ဝိပဿနာဉာဏ်)အမြင်မဟုတ်ပါ။

(ဉာဏ်)ဆိုသည်မှာသတိဖြင့်သိတတ်သောအမြင်မှန်(ပညာ) နှင့်ပြည့်စုံပြီးသောရှုတတ်သည့်သတိဉာဏ်(သမ္မာသင်္ကပ္ပ)။

(ပညာ)ဆိုသည်မှာလည်း(အဝိဇ္ဇာ)ကင်းပျောက်၍(ဉာဏ်) အလင်းရောက်စေသည့် အရိယာသစ္စာတရား၊ တစ်နည်း ဆိုသော် ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်)ကို သိတတ်သော အမြင်မှန် (သမ္မာဒိဋ္ဌိ) သာ ဖြစ်ပါသည်။

ဝိပဿနာဉာဏ်(ဖြစ်ပျက်) မြင်ဘို့ အရေးမှာ (အဝိဇ္ဇာ) မှ ဝိဇ္ဇာဉာဏ် (ဝါ) သိတတ်သော အမြင်မှန် (ပညာ)နှင့် ပြည့်စုံပြီး၊ပေါ်လာသော(ဓမ္မ)လေးတွေအပေါ် (နှလုံးသွင်းမှန်အောင်)

သတိဖြင့်ရှုတတ်သော (ဝါ) စိတ်အရှိကို အသိနှင့်ကိုက် အောင် လုပ်တတ်သော သတိ(ဉာဏ်)နှင့်မှ (ဖြစ်ပျက်) မြင်ပါ သည်။

ဝိပဿနာအားထုတ်ချိန်မှလွဲ၍လည်း တတ်နိုင်သမျှ (ငါ) နှင့် မနေပဲ (ဉာဏ်)သတိနှင့် နေပေးရန် တိုက်တွန်းပါသည်။ (ဉာဏ်)ဖြင့် နေခြင်းဆိုသည်မှာ သတိဖြင့်ရှုရသည့် (ရှုဉာဏ်) ဖြင့် စိတ်ကလေးပေါ်တိုင်း၊ ပျက်တိုင်း စောင့်ကြည့်မှုဖြင့် ယှဉ်နေ သော(ဉာဏ်)၊ အသိလိုက်ပေးသည့် (ဉာဏ်)ဖြင့် နေခြင်းဖြစ်ပါ သည်၊(စိတ်)မပေါ်သည့်အခါ (ရှုစိတ်)(ရှိုက်စိတ်)ဖြင့် နေပေး ခြင်း၊ (စိတ်)ပေါ်သည့်အခါတိုင်း သိပေးခြင်း ဖြစ်ပါသည်၊ သိ လိုက်ခြင်းမရှိပဲ အသိလွတ်သွားသည့် (ကိလေသာ) မျိုး မဝင် အောင် သတိ (ဉာဏ်) ဖြင့် အချိန်များများ နေတတ်အောင် လေ့ ကျင့် နေပါက ကိုယ်တိုင် ချမ်းသာမှုကို တွေ့နေပါမည်။

(ဉာဏ်) နှင့် နေပါက (အဝိဇ္ဇာ)လည်း ပြုတ်၊ (တဏှာ) လည်းပြုတ်၊ (ဒိဋ္ဌိ)ကိုလည်း ဖြုတ်ပေးနေသော အလေ့အကျင့် မျိုးရနေပါ၍ ပဋိစ္စသမုပ္ပါဒ် ဖြတ်နေကြောင်း သဘောပေါက် ပါ လေ၊ (ဉာဏ်)နှင့် နေပါလျှင် (မဂ္ဂင်) ဖြစ်နေသောကြောင့် ပြင်ပ အာရုံ (ကိလေသာ) များ ပါးသွားပြီး ( ဖြစ်ပျက် ) ကျဲကျဲ မြင်ရာမှ (ဖြစ်ပျက်) စိတ်စိတ်မြင်မှု (သမ္မာဒိဋ္ဌိ) ကို ရရှိပြီး (ဝိပဿနာသမ္မာဒိဋ္ဌိ)မှ(မဂ္ဂသမာဒိဋ္ဌိ) ပန်းတိုင်ကို ဆွတ်ယူမဲ့နိုင် တော့မည်ဖြစ်ပါကြောင်း တရား လက်ဆောင်မွန်ဖြင့် တရားနိဂုံး ကမ္မအဆုံးသတ်လိုက်ရပါတော့သည်။

ဦးကံညွှန့်

## ၅၁၄ ၂[illegible] တရား၊ အနှစ်သာရ၊ ရှုပွားနည်း

## ★ကျမ်းကိုးစာရင်း


မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ အတွဲ (၁)မှ (၆)
၂။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၂)
၃။ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ် တရားတော် အတွဲ (၃)
၄။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၄)
၅။ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ် တရားတော် အတွဲ (၅)
၆။ မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော် အတွဲ (၆)
၇။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါး တရားတော် အတွဲ (၁၀)
၈။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါး တရားတော် အတွဲ (၁၁)
၉။ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ် တရားတော် အတွဲ (၁၂)
၁၀။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၁၄)
၁၁။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၁၅)
၁၂။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၁၈)
၁၃။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၁၉)
၁၄၊ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၂၄)
၁၅။ မိုးကုတ်ဝိပဿနာ သစ္စာလေးပါးတရားတော် အတွဲ (၂၉)

**ဓမ္မမိတ်ဆွေ**

သာသနာတွင်း၌ လူဖြစ်ခိုက်မို့
အလွန်ရခဲလှသော
**မိုးကုတ်ဆရာတော်ဘုရားကြီး**
ဟောကြားတော်မူခဲ့သည့်

**နိဗ္ဗာန်ရောက်ကြောင်းတရားဟောက်**
(အနှစ်ချုပ်)
ကို
(ညတပရိညာ) အနုဗောဓဉာဏ်တို့ဖြင့်
**သိရအောင်ဖတ်ပြီးပြီလား?**
လောကီ၊ လောကုတ္တရာ၌
အလွန်အကျိုးထူးပါ၍ အမြန်ဆုံးဖတ်သင့်ပါသည်။

အမှတ်စဉ် ..၂၄၈၈... ၁၃၂၄ - ခုနှစ်တွင် တည်ထောင်သည်။ ဖုန်း - ၅၄၁၈၆၊

သေ၀% ၂၂၂၇ ဆေးပဒေသာပင်(ငွေပင်/ငွေရင်း)

# မိုးကုတ်ဝိပဿနာတရားစခန်းနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်

## သာဓုအနုမောဒနာ ဂုဏ်ပြုလွှာ

ရန်ကုန်မြို့၊ရန်ကင်း မြို့နယ်၊.....ရန်ကင်းလမ်းမကြီး၊ အမှတ် ......နေ
အလှူရှင် ..တိုက် (၂၉၁) နဘာန်း (၅)..................
..............................ဦးကံညွန့်..........တို့ထံမှ
ဆေးပဒေသာပင် အတွက် အလှူတော်ငွေ ............၅၀၀၀၀/-.....ကျပ်
တနင့်" (............ငါးသောင်း...............) ကျပ်တိတိကို ရန်ကုန်မြို့၊
အမှတ်-၈၂၊ နတ်မောက်လမ်းတွင် တည်ရှိသော အထက်ဖော်ပြပါ အဖွဲ့ချုပ်သို့ ဘဝဘောဂ
တောင့်တကင်းကွာ အဝိဇ္ဇာနှင့် တဏှာတို့၏ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ရည်မှန်းလျက်
လှူဒါန်းသော အလှူတော်ငွေအတွက် ဤကုသိုလ်ကောင်းမှုကို အစဉ်ကြည်နူး ဝမ်းမြောက်
နိုင်ကြစေရန် မှတ်တမ်းတင် သာဓုအနုမောဒနာ ဂုဏ်ပြုလွှာဖြင့် လေးစားစွာ ချီးမြှင့်အပ်ပါသည်။

နေ့စွဲ ..၂၀.၁၂.၉၈...

| | | |
|---|---|---|
| ..................... | ..................... | ..................... |
| နာယကကြီး | ဥက္ကဋ္ဌ | အကျိုးဆောင်အတွင်းရေးမှူး |

ခေတ်မြန်ပုံနှိပ်တိုက်၊ ၁၅၁၊ ၃၇-လမ်း ရန်ကုန်မြို့။

# ဦးကံညွန့် ပူဇော်ထားသော တရားစာအုပ်များ

၁၉၉၅




၁၉၉၆




၁၉၉၇




၁၉၉၈




၁၉၉၉




၁၉၉၉




၂၀၀၀




၂၀၀၀

